၂၉၂၂

ဘဂဝါအဟုလ သုဂတဟု လူ့ဘမြတ်စွာ စိန္တေယျာသည်
များမှာ သောင်းသောင်း သတ္တဝါ အပေါင်းတို့၏
ကောင်းကျိုးချမ်းသာ မင်္ဂလာတရား ပွါးများကြစေ
ကရုဏာရေ မိုးသို့စွေ၍ သချာဂန
ဟောပြဖေါ်ထုတ်
မင်္ဂလသုတ်ဟု သာမုက္ကံသိကာ ဓမ္မဒေသနာ
နက်နဲစွာကို ခွဲဖြာဝေခြမ်း ကျမ်းအတန်တန် ဝေဖန်ဆုံးဖြတ်
အရပ်ရပ်ကို တပ်အပ်သေချာ ပေါင်းရုံး၍ပြရာဖြစ်သော
မင်္ဂလတ္ထ ဂဏာကွန္တ မည်ရတွင်ဆန်း

# သုံးဆဲ့ရှစ်ဖြာ
# မင်္ဂလာပေါင်းချုပ်ကျမ်း


စီစဉ်ရေးသားသူ–ဦးသိန်းမောင်
တရားမဝန်ထောက်မင်း
ချောင်းဦးမြို့


☆


ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၃


H,211-A

"အလင်္ကာကျော်စွာဘွဲ့ရ"
သခင်ကိုယ်တော်မှိုင်းအမည်ခံ ဆရာကြီးဦးလွန်း
၏

# ထောက်ခံစာ

အလုံမုံရွာခရိုင် ချောင်းဦးဆယ်ရွာဇာတိ ပဝတ္တိရေနံချောင်းမြို့ ရာဘက်ဦးသိန်းမောင် စီရင် ရေးသားအပ်သော ၃၈-ဖြာမင်္ဂလာ ပေါင်းချုပ်ကျမ်းကြီးကို ကျွန်ုပ်ကိုယ်တိုင် ကြည့်ရှုသုံးသပ်ရာ ရှေးအခါဆရာကြည့်ရှုဘူးသည့် မင်္ဂလာအဘွင့်ကျမ်းများထက်ပင် ခေတ်ကာလနှင့် သင့်တော်ကြောင်းကို တွေ့ရှိရပေကြောင်း။

ယခုကာလ လူငယ် လူရွယ်တို့မှာ ကွန်မြူနစ် ဆိုရှယ်လစ် စသော အယူဝါဒတို့ဖြင့် မှောက်မှောက်မှားမှား ဖြစ်နေရာ၊ အဆိုပါ၃၈-ဖြာ မင်္ဂလာ ပေါင်းချုပ်ကျမ်းကြီးမျိုးကို မသင်ကြား မဘတ်ရှုဘူး၍သာဖြစ်ကြောင်း။

သို့အတွက် အဆိုပါကျမ်းကြီးကို အမြန်ဆုံးပုံနှိပ်၍ ပြည်ထောင်စု မြန်မာတပြည်လုံး၌ ကျောင်းသုံးစာအုပ် အမြန်ဆုံး ဖြစ်နိုင်ပါစေသောဟုဆုတောင်း ဆုယူပြုလိုက်ပါ၏။

(ပုံ) သခင်ကိုယ်တော်မှိုင်း
(အလင်္ကာကျော်စွာ)
၁၃၁၁—ခုနှစ်၊ တပေါင်းလဆန်း ၁၀—ရက်နေ့

# နိဒါန်း

## ဗုဒ္ဓဘာသာမြန်မာပြည်

ယခု ကျွန်ုပ်တို့ နေထိုင်လျက်ရှိသော ပြည်သည် ဗုဒ္ဓသာသနာ ထွန်းကားရာဖြစ်သော ဗုဒ္ဓဘာသာ မြန်မာပြည် ဖြစ်ပေ၏၊ ကျွန်ုပ်တို့လူမျိုး ရာခိုင်နှုန်း ကိုးဆယ်မှာလည်း ဗုဒ္ဓဘာသာ အယူကို ကိုးကွယ်လျက်ရှိပေ၏၊ ထိုဗုဒ္ဓဘာသာအယူနှင့် သက်ဆိုင်သော ကျမ်းအပေါင်းတွင် တဆဲ့နှစ်နှစ်ကကြို့တင်၍ ကောလာဟလဖြစ်ပွါးလျက် လူနတ်ဗြဟ္မာ သတ္တဝါအများတို့လည်း တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး ကြိုဆ ပြောကြား အငြင်းပွါး ကြပြီးမှ ဗုဒ္ဓမြတ်စွာ ဟောကြားကာ ထားတော်မူခဲ့သော **သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ**တရားတော်သည်လည်း ထင်ရှားစွာ ကျမ်းတဖြာ အဖြစ်ဖြင့်တည်ရှိပေ၏။

## အခြေခံအုတ်မြစ်

ထိုသို့တည်ရှိပေသော မင်္ဂလသုတ်တရားတော်မှာ ဗုဒ္ဓဘာသာ မှန်သမျှတို့၏ မူလအုတ်မြစ်ချ အခြေခံ ဧကန်စင်စစ်ဖြစ်ပေသည်၊ သို့ဖြစ်သောကြောင့် အာစရိယပရံပရာဆရာစဉ်ဆက်ရှေးအထက် ကျော်ကာလကပင် ကလေးသူငယ် လူရွယ်များကို စာပေသင် ကြားရာ၌ သင်ပုန်းကြီးကုန်ပြားက မင်္ဂလသုတ် ဒေသနာတရား ကို ပဌမစတင် သင်ကြားကြသော ဥပဒေသမှ ယခုတိုင် ထင် ရှားလျက် ရှိပါကြောင်း။

## နိဗ္ဗာန်တံခါး

ဤမင်္ဂလသုတ် တရားတော်မှာ နတ်လူတို့၏ စည်းစိမ်တွင်မက အမတသုခ၏ အရင်းအနှစ် နိဗ္ဗာန်ချမ်းသာစစ်သို့ ဝင်ရာတံခါး နိဗ္ဗာန်ချမ်းသာမြတ်သို့ တက်ရန် စောင်းတန်းနှင့်တူလတ်၍ အဘိုး မပြတ်နိုင်ရှိလှပေ၏၊ ထိုသုံးဆဲ့ရှစ်ဖြာမင်္ဂလာတရားတော်၏ ဂုဏ်

ပုဒ်တို့ကို ထုတ်ဖော်ရေးသားခြင်းဌါ မစွမ်းနိုင်လောက်အောင် ခြားမြောင်လှပေ၏။

## နှစ်ပြားတန်မဂ်လသုတ်

ထိုမျှလောက် အဘိုးအနဂ္ဃထိုက်တန်လှ၍ မြတ်စွာဘုရားရှေ့ နှုတ်တော်မှ ထုတ်ဖော်ဟောကြားသည့် မင်္ဂလသုတ်မှာ တိမ် မြုပ်လုနီးပါး မြန်မာတို့လျစ်လျူရှုထားခဲ့ကြပေပြီ၊ ဤသည်ကြောင့် Independent ဒေါ်စန်းက ရန်ကုန်ရှေ့ယို ထွေရာစိတ်ကူးအ ခန်းမှ "ယခုအခါ မင်္ဂလသုတ်မှာ နှစ်ပြားတန် မင်္ဂလသုတ် ဖြစ်နေပြီ" ဟူသော ဟောပြောချက်ကို ကြားလိုက်ရသော ကျွန်တော်မှာ စိတ်မသက်သာဖြစ်ရှိနေစဉ် သုဝဏ္ဏဝတီဦးပန်းမောင် က ရန်ကုန်တွင်တွေ့စဉ်"ဦးသိန်းမောင်—ကျမ်းတစောင်လောက် ရေးစမ်းပါ" ဟူသောတိုက်တွန်းချက်ကို သတိပြန်လည်ရလာပြီး နှစ်ပြားတန် မင်္ဂလသုတ်မဟုတ်စေဘဲ နှစ်သိန်းတန် နှစ်သန်းတန် မက အဘိုးအနဂ္ဃထိုက်တန်သော မင်္ဂလသုတ် ဖြစ်ကြောင်း ပြည်သူအပေါင်း ကောင်းကောင်းကြီး သိစေရမည် ဟူ ၍ အဓိ ဋ္ဌာန်ပြုလျက် ဤ"**သုံးဆဲ့ရှစ်ဖြာမင်္ဂလာပေါင်းချုပ်ကျမ်း**" ကိုတခမ်းတနား ရာဇသတ် ဋီကာ, ပုံပမာ, အဖြာဖြာသောကျမ်း ကြီးကျမ်းငယ်,အသွယ်သွယ်သော မှတ်စုမှတ်ရာတို့မှ ပဋ္ဌမတန်း အဆီအနှစ်တို့ကို ထုတ်နုတ်စုပေါင်း၍ ကောင်းသည်ထက် ကောင်းအောင် ရေးသားစီစဉ်လိုက်ခြင်းဖြစ်ပါသည်။

## ပတ္တမြားကုန်သည်

ဤကျမ်းစီစဉ်ပုံမှာ ပတ္တမြားကုန်သည်သည် (၁) ပုလဲ (၂) သန္တာ (၃) နီလာ (၄)စိန် (၅) ကြောင် (၆) မြ (၇) ဥဿဖယား (၈)ပတ္တမြား (၉)ဂေါ်မုတ်ဟူသော နဝရတ်ကိုးပါး တို့နှင့်တကွ ဓာတုဗေဒစိန် အရှိန်တောက်ပသည့် ပြင်သစ်ကျောက်အံလှတို့ ကို ရသမျှစုဆောင်း ကောင်းသမျှရှာဖွေ၍ အများသူတကာတို့ လိုချင်ရာရနိုင်ရန် ခင်းကျင်းပြသဘိသကဲ့သို့ ပရိတ်ကြီးဋီကာ,

နိဿယ,ဂဏ္ဌိနှင့် မဂ်လာသုတ်မှစ၍ ကျမ်းပေါင်း(၂၄) ခုပ်မှ ကောင်းနိုးရာရာနှင့် ငယ်စဉ်အခါကစ၍ နှစ်ပေါင်းသုံးဆယ်ကျော် ရှုဆောင်းခဲ့သော ဗဟုသုတတို့ပါမကျန် အခြားကျမ်းဂန်ပေါင်း မြောက်မြားစွာတို့မှ ထုတ်နုတ်ချက် အဖြာဖြာတို့ကို စာဖတ်သူ လူထု ကြိုက်နှစ်သက်ရာရွေးချယ်အသုံးပြုနိုင်စိမ့်သော၄ါ ရပေါင်း စီစဉ် စက်တင်ပုံနှိပ်ရခြင်းဖြစ်ပါသည်။

## စားတော်ကဲ

တနည်း ပုံဆိုရသော်– စားတော်ကဲသည် အသားဟင်း, ငါးဟင်း, အသီးဟင်း, အရွက်ဟင်း, အပွင့်ဟင်း, အဥဟင်းအမျိုး မျိုးနှင့်တကွ အပြုတ်, အဖုတ်, အသုပ်,အကြော်,အလှော်, အဖျော်, အထောင်း, အပေါင်း, အကင်, အထု, အနှပ်နည်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ထားသည့် အချို,အချဉ်,အစပ်,အခါး,အငန်, အဖန်, အအီ, အဆိမ့်စသည့်ရသာတို့ဖြင့် မွှေးကြိုင်သင်းပျံ့စွာ ခင်းဖြန့်ထားသည့် အလား ဤစာအုပ်တွင် စကားပြေ,သံပေါက်,ပျို့,လင်္ကာ, ကဗျာ, တေးထပ်နှင့် ဝတ္ထုများပါ မြိုင်မြိုင်ဆိုင်ဆိုင် ခမ်းခမ်းနားနားကြီး စီစဉ်ထားရာ အစပ်, အခါး မစားနိုင်သော ကလေးကို အဖုတ်, အကင်,အကြော်စသည်တို့နှင့်ကျွေးသည့်အလား ပါဠိဘာသာနှင့် ပျို့,ကဗျာ မနိုင်သေးသော သူများအတွက် စကားပြေသက်သက် နှင့် သံပေါက်များကို သင်ကြားမှတ်သား လွယ်ကူနိုင်ရန်နှင့် အချို, အအီများမလိုလားသူတို့အတွက် အပြုတ်, အသုပ်တို့ကို သုံး စားနိုင်သည့်အလား မိမိတို့နှစ်ခြိုက်ရာ ပျို့,လင်္ကာ,ကဗျာအသွယ် သွယ်တို့ကို ရွေးချယ်သုံးစွဲရန်နှင့် အထက်တန်းစား ပုဂ္ဂိုလ်များ အတွက် ပါဠိအကိုးအကားနှင့် တမျိုးလေးစားစွာ အသုံးပြု နိုင်ရန် ဖြစ်ပါသည်။

## သုံးပိုင်းခွဲကာ

ဤစာအုပ်မှာ လူကြီး,လူငယ်,လူရွယ်,လူလတ်,ကျောင်းသား, သူငယ်ကအစ သာမဏေ, ရဟန်းအထိ ကြည့်ရန်, မှတ်ရန်,သင်

ရန်, ဖတ်ရန်ဖြစ်သည့်အတွက် သုံးပိုင်း ပိုင်းထားရာ ပဌမပိုင်းမှာ ပညာနုနယ် ငယ်ရွယ်သူတို့အတွက် ဖြစ်၍ ဒုတိယပိုင်းမှာ ပညာရင့်သန်သော ပုဂ္ဂိုလ်များနှင့် ဗဟုသုတလိုလား လိုက်စားသူများအတွက် ဖြစ်ပေ၏၊ တတိယပိုင်းမှာမူ ကျမ်းအလာကို နှစ်နှစ်ကာကာ သေသေချာချာ စုံစုံလင်လင် ခိုင်ခိုင်မင်မင် ကတ်ကတ်သတ်သတ် လိုက်စားလိုသော ပုဂ္ဂိုလ်များ အလို့ငှါ စီစဉ်ထားပါသည်။

## တောင်းပန်စကား

ကာရန်, ဝါကျ,သတ်ပုံ, သတ်ညွှန်းနှင့်တကွ အသုံးအနှုန်းတို့မှာ မူလကျမ်းရင်းများအတိုင်းဖြစ်၍ 'သဘောချင်းမတူက လျစ်လျူရှုကြပါကုန်။

တနှစ်အတွင်း ငြိမ်းချမ်းရေး အမှီ တက်သုတ်ရိုက် စီစဉ်ကာ ထုတ်ဝေရခြင်း ဖြစ်၍ အနည်းငယ် အချွတ် အတိမ်း အယိမ်း အမှားများတွေ့ကြလျှင်လည်း သည်းခံကြ စေလိုပါကြောင်း။

## ကျေးဇူးတင်စကား

ဤကျမ်းရေးသားစီစဉ်ရာတွင် အမျိုးမျိုးပါဝင်ကူညီ ဆောင်ရွက်ကြသော လူ, ရှင်, ရဟန်းတို့အား ကျေးဇူးတင်ပါ၏။

စစ်ဆေးခြင်း, ဝေဖန်ခြင်း, ပြုပြင်ခြင်းတို့ကို စိတ်ရောကိုယ်ပါ ကူညီ ဆောင်ရွက်တော်မူပေသော ရေနံချောင်းမြို့ သာသနာ့တံခွန်တိုက် **"အဂ္ဂမဟာပဏ္ဍိတ ဦးပညာဝံသာဘိကဝိဓဇ ဆရာတော်"** ဘုရားနှင့် ဖွှေတောင်တိုက် **"သာသနဓဇ သိရိပဝရ ဓမ္မာစရိယ တံဆိပ်တော်ရဦးဝဏ္ဏဆရာတော်"**ဘုရား၊ ရင်းပြင် ချောင်းဦးမြို့ ကန်ကြီးတိုက် **"ဆရာတော် ဦးကောသလ္လ"**နှင့် စလင်းမြို့ အနောက်ကန်စွယ်တိုက် ကန်ဦးကျောင်း **"ဆရာတော်ဦးပညာဝံသ"** တို့အား အထူးကျေးဇူးတင်ပါ၏။

## နိဒါန်း

မိတ္တူများ အကြမ်းအနု ရေးကူးခြင်း,ပြင်ဆင်ခြင်း, စီစဉ်ခြင်း တို့တွင် လက်ရေးလက်သား ကောင်းမွန်စွာနှင့် ပါဝင် ကူညီ ဆောင်ရွက်ပေးသော သ္မီးဖြစ်သူ **"ညောင်လေးပင်မေ"** ဘွဲ့ခံ **ခင်လှသီ** အားလည်း အံများကြီး ကျေးဇူးတင်ပါ၏။

## ပူဇော်ပါ၏

ဤကျမ်းရေးသားရာတွင် အားကိုး အားထား ပြုရသော ပရိတ်ကြီး ဋီကာနှင့် မင်္ဂလသုတ်ဝိနိစ္ဆယကျမ်း နိဿယ ဂဏ္ဌိအမျိုးမျိုး တို့ကို ရေးသားစီရင်တော်မူသော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ် ထို ထိုနှင့်တကွ မွေးသည့်မိခင်, ဘခင်, ဆရာသခင် အရှင်သူမြတ်တို့ အား ရှိခိုးပါ၏၊ ဤကျမ်းဖြင့်ပူဇော်ပါ၏။

## ဥဒါန်း

နှစ်ပြားတန် မဟုတ်ဘဲ နှစ်သိန်းနှစ်သန်းမက အဘိုး မပြတ်နိုင် သော ဤ**"သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ ပေါင်းချုပ်ကျမ်း"** ကို ပရိသတ်လေးပါး လူရှင်အများနှင့် နောင်လာနောက်သားတို့အပြစ် ခပ်သိမ်း တို့မှ ကင်းငြိမ်းပပျောက်လျက် ရှေးအစဉ်အဆက် ထုံး တမ်းစဉ်လာအတိုင်း နှစ်ဖြာသောလောကဝတ် ဓမ္မဝတ်တို့၌ လိမ္မာ ယဉ်ကျေးသဖြင့် လောကီလောကုတ္တရာ ချမ်းသာများကို ရကြ စေရန် ရေးသားအောင်မြင်သည့် အတွက် နှစ်သက်ခြင်း ပီတိ စိမ့်အိန့်စေ၍ အပေါ်ရေချဉ်းနင်း အတွင်းရေဖြတ်ချိုး အရိုးကို ဖေါက်သိမ့်ခြင်ဆီသို့သွင်းလျက် ကိုယ်တွင်းပီတိ ဖြန့်ချိရစ်ထုံး နှလုံး ချမ်းမြေ့ကြောင်း ဥဒါန်းစကား ကျူးရင့်ရေးသား လိုက်ရပေ သတည်း။

**ဦးသိန်းမောင်**
တရားမဝန်ထောက်မင်း
ချောင်းဦးမြို့။

# မာတိကာ

**အကြောင်းအရာ** **ပဌမပိုင်း** **စာမျက်နှာ**


နိဒါန်း ......

ပဏာမ ...... ၁

သုံးဆဲ့ရှစ်ဖြာမင်္ဂလာတရားတော်များကို ဟောကြားတော်မူခြင်းအကြောင်းရင်း ...... ၅

သုံးဆဲ့ရှစ်ဖြာမင်္ဂလာသရုပ် ...... ၉

သုံးဆဲ့ရှစ်ဖြာမင်္ဂလာသံပေါက်များ ...... ၁၁

သုံးဆဲ့ရှစ်ဖြာမင်္ဂလာအမေးအဖြေ ...... ၁၃

သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ ကဗျာများ ...... ၂၂

သုံးဆဲ့ရှစ်ဖြာမင်္ဂလာရှစ်လုံးဘွဲ့ကဗျာများ ...... ၂၇

သုံးဆဲ့ရှစ်ဖြာ-လေးဆစ်ကဗျာများ ...... ၃၁

သုံးဆဲ့ရှစ်ဖြာမင်္ဂလာတေးထပ်များ ...... ၃၄

သုံးဆဲ့ရှစ်ဖြာမင်္ဂလာအကျဉ်း ...... ၃၈

တနေ့တည်းမှာ သုံးဆဲ့ရှစ်ဖြာမင်္ဂလာ ...... ၃၉

သုံးဆဲ့ရှစ်ဖြာမင်္ဂလာ ပါဠိ-အနက်-စကားပြေ ...... ၄၂

သုံးဆဲ့ရှစ်ဖြာမင်္ဂလာသုတ်ပျို့ [မုံရွေးဇေတဝန်ဆရာတော်] ...... ၅၃

သုံးဆဲ့ရှစ်ဖြာမင်္ဂလာပျို့ [သံတော်ဆင့်မင်းဦးကျော်ဇေ] ...... ၅၈

သုံးဆဲ့ရှစ်ဖြာမင်္ဂလာ အင်္ဂလိပ်ဘာသာဖြင့် ...... ၆၃


## ဒုတိယပိုင်း

### ၁—အသေဝနာစဗာလာနံ


ဗာလဝိဂြိုဟ် ...... ၆၉

ရင်းအနက်အဓိပ္ပါယ် ...... ၇၁

ရင်းသံပေါက်များ ...... ၇၂

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၇၂ |
| လူမိုက်လက္ခဏာသုံးပါး | ...... | ၇၅ |
| လူမိုက်တို့၏မှားသောသဘော | ...... | ၇၆ |
| မရောင့်ရဲ | ...... | ၇၆ |
| ဖျက်ဆီးတတ်၏ | ...... | ၇၇ |
| မိုက်သူထက်-မိုက်သောသူ | ...... | ၇၇ |
| မိုက်သောသူတို့၏ အပြုအမူ | ...... | ၇၇ |
| လူမိုက်၏ဖြစ်အင် | ...... | ၇၈ |
| သူယုတ်မာတို့သည် သူတော်ကောင်းတို့ကို အကြောင်းမဲ့ ရန်သူထင်တတ်ကြောင်း | ...... | ၇၉ |
| လူမိုက်တို့ကို တိုင်ပင်သောသူအား ကြက်သရေ မင်္ဂလာသည် စွန့်ပစ်သွားတတ်၏ | ...... | ၇၉ |
| လူမိုက်ကိုပေါင်းဖော်ရခြင်းသည် လဆုတ်ပက္ခနှင့်တူ၏ | | ၈၀ |
| ဗာလကြောင့်-ဘေးဖြစ်ရ၏ | ...... | ၈၁ |
| နစ်မွန်းတတ်၏ | ...... | ၈၁ |
| လူမိုက်နှင့်ဖက်စည်းစိမ်ပျက်၏ | ...... | ၈၁ |
| လူမိုက်တို့နှင့်ပေါင်းဖော်ရခြင်း၏အပြစ် | ...... | ၈၁ |
| မမှီဝဲသင့်သောသူ | ...... | ၈၂ |
| လူမိုက်နှင့်မပေါင်းသင်းအပ် | ...... | ၈၂ |
| ဝေးဝေးခွါလော့ | ...... | ၈၂ |
| လူမိုက်ကိုဖဲကြဉ်လော့ | ...... | ၈၃ |
| လူမိုက်ကိုမပေါင်းနှင့် | ...... | ၈၃ |
| လူမိုက်ကိုရှောင်ခွါ | ...... | ၈၄ |
| လူမိုက်ကိုမဆည်းကပ်ရာ | ...... | ၈၄ |
| လူမိုက်ကိုရှောင်ကြဉ် | ...... | ၈၅ |
| လူမိုက်ကိုမချစ်နှင့် | ...... | ၈၅ |
| မမြင်ရကချမ်းသာရ၏ | ...... | ၈၅ |

အကြောင်းအရာ | စာမျက်နှာ


အကိတ္တိရသေ့၏"လူမိုက်နှင့်မပေါင်းဖော်ရလို"
ဆုတောင်း ...... ၈၆
အသေဝနာခ သံပေါက်များ ...... ၈၆
မင်္ဂလာပျို ...... ၈၇
ဝတ္ထုသက်သေသာဓကများ ...... ၈၉

## ၂–ပဏ္ဍိတာနဉ္စသေဝနာ

ပဏ္ဍိတပိုဂြိုဟ် ...... ၉၃
ပညာရှိဆိုသည်ကား ...... ၉၄
ပဏ္ဍိတအဓိပ္ပါယ်သံပေါက်များ ...... ၉၅
၅၂မင်္ဂလာ၏အဓိပ္ပါယ်များ ...... ၉၅
ပညာရှိလက္ခဏာ ...... ၉၀
ရင်းတနည်းတဖြာ ...... ၉၉
ရင်းတနည်းကား ...... ၉၉
ပညာရှိနှစ်မျိုး ...... ၁၀၀
ပညာရှိကပိလေးမျိုး ...... ၁၀၀
အရသာသုံးမျိုး ...... ၁၀၁
ပညာရှိစွမ်းရည် ...... ၁၀၁
ပညာရှိအခြင်းအရာ ...... ၁၀၁
ပညာရှိအမူအရာ ...... ၁၀၁
ပညာရှိပင် ...... ၁၀၂
ယဉ်ကျေးအောင်ဆုံးမနိုင်၏ ...... ၁၀၂
ပညာရှိကယဉ်ကျေးစွ ...... ၁၀၃
ပညာရှိကားတည်ကြည်ခန့်ညား၏ ..... ၁၀၃
သံကောင်း–မီးခတ် ...... ၁၀၄
ကောင်းသောစကားကိုဆိုတတ်၏ ...... ၁၀၄
သည်းခံရာ၏ ...... ၁၀၄

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပညာရှိ–လူယုတ် | ...... | ၁၀၅ |
| ပညာရှိတို့ပြုမှုပုံ | ...... | ၁၀၅ |
| ပညာရှိတန်းခိုး | ...... | ၁၀၆ |
| ပညာရှိကြောင့်ရန်ကင်း၏ | ...... | ၁၀၆ |
| ပညာရှိနှင့်နေရခြင်းသည်အေးမြချမ်းသာ၏ | ...... | ၁၀၆ |
| ပစ္စုပ္ပန်သံသရာ ကျိုးများစွာတည့် | ...... | ၁၀၇ |
| ပညာရှိနှင့်ပေါင်းဖော်ရခြင်းသည် ဩွန်းပဏ္ဍုနှင့်တူ၏ | | ၁၀၇ |
| အကျိုးစီးပွါးကို ဆောင်တတ်၏ | ...... | ၁၀၇ |
| ပညာရှိတို့၏ အနည်းငယ်မျှသော ဥစ္စာသည် အများ တကာတို့၏မှီခိုအားထားဘွယ်ရာဖြစ်၏ | ...... | ၁၀၈ |
| စီးပွါးခြင်းသို့ရောက်စေ၏ | ...... | ၁၀၈ |
| အတုခိုးပါလေ | ...... | ၁၀၉ |
| ပညာရှိတို့ကိုဆည်းကပ်သင့်၏ | ...... | ၁၀၉ |
| ပညာရှိကိုပေါင်းအပ်သင့်ကြောင်း | ..... | ၁၀၉ |
| ပညာရှိနှင့်ပေါင်း | ...... | ၁၁၀ |
| ပညာရှိကိုမှီခိုလော | ...... | ၁၁၀ |
| ပညာရှင်ကိုချစ်ခင်လေလော | ..... | ၁၁၁ |
| အကိတ္တိရှင်ရသေ့၏“ပညာရှိနှင့်ပေါင်းရလိုကြောင်း” ဆုတောင်း | ...... | ၁၁၁ |
| ပဏ္ဍိတာနဥ္စသေဝနာ မင်္ဂလာသံပေါက်များ | ...... | ၁၁၂ |
| မင်္ဂလာပျို့ | ...... | ၁၁၂ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၁၃ |


## ၃-ပူဇာစပူဇနေယျာနံ


| | | |
|---|---|---|
| ပူဇနေယျ ၀ိဂြိုဟ် | ...... | ၁၁၅ |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၁၁၅ |
| ပူဇာ ၂-မျိုး | ...... | ၁၁၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အပူဇော်ခံထိုက်သောသူများ | ...... | ၁၁၉ |
| ရဟန်း ၇-ဦး | ...... | ၁၂၀ |
| တနည်း-၁၁-ဦး | ...... | ၁၂၀ |
| ပူဇော်ခြင်း၌ါထိုက်၏ | ...... | ၁၂၀ |
| ဆိုင်ရာဆိုင်ရာပူဇော်ထိုက်သောပုဂ္ဂိုလ်များနှင့် ပူဇော်ပုံကို ပြဆိုခြင်း | ...... | ၁၂၁ |
| သက်ကြီးဝါကြီးတို့အားပူဇော်ခြင်း၏အကျိုး | ...... | ၁၂၁ |
| မပူဇော်၍အပြစ် | ...... | ၁၂၂ |
| သူယုတ်မာကိုမပူဇော်ထိုက် | ...... | ၁၂၂ |
| ပူဇော်ထိုက်သောသူကို ပူဇော်၍ အကျိုးများပုံတို့ကား | ...... | ၁၂၃ |
| သက်ကြီးဝါကြီးပူဇော်ပွဲ | ...... | ၁၂၄ |
| ပူဇော်ခြင်းသည်မင်္ဂလာမည်၏ | ...... | ၁၂၄ |
| ပူဇာစပူဇနေယျာ မင်္ဂလာသံပေါက်များ | ...... | ၁၂၅ |
| မင်္ဂလာပျို့ | ...... | ၁၂၅ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၂၇ |

## ၄–ပတိရူပဒေသဝါသောစ

| | | |
|---|---|---|
| ပတိရူပဒေသ ဝိဂြိုဟ် | ...... | ၁၂၉ |
| ယခုခေတ်သင့်တင့်လျောက်ပတ်သောအရပ်များ | | ၁၃၃ |
| နိတိကျမ်းအရ အပ္ပတိရူပ | ...... | ၁၃၃ |
| အပ္ပတိရူပ ၁၆-ရပ် | ...... | ၁၃၃ |
| မင်္ဂလာမည်ပုံကား | ...... | ၁၃၄ |
| နေအပ်မနေအပ် ထို ၂-ရပ် | ...... | ၁၃၆ |
| သင့်တင့်လျောက်ပတ်ဆုံးသောအရပ် | ...... | ၁၃၆ |
| သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်း၏အကျိုး | | ၁၃၆ |
| ပတိရူပဒေသဝါသောစ မင်္ဂလာသံပေါက်များ | ...... | ၁၃၇ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မင်္ဂလာပျို့ | ...... | ၁၃၈ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၃၈ |
| **၅–ပုဗ္ဗေစ ကတပုညတာ** | | |
| ဤမင်္ဂလာ၏ အဓိပ္ပါယ်များ | ...... | ၁၄၁ |
| ရှေးကပြုဘူး ကုသိုလ်ထူး | ...... | ၁၄၃ |
| ဝမ်းမြောက်၏ | ...... | ၁၄၃ |
| ကောင်းမှုရှိသောသူ | ...... | ၁၄၄ |
| ကောင်းမှုမရှိသောသူ | ...... | ၁၄၄ |
| အနာထပိဏ်သူဌေးအား ဟောကြားတော်မူသည့် ပြုခဲ့ဘူးသော ကောင်းမှု၏အကျိုးများ | ...... | ၁၄၅ |
| ပုဗ္ဗေစကတပုညတာ မင်္ဂလာသံပေါက်များ | ...... | ၁၄၆ |
| မင်္ဂလာပျို့ | ...... | ၁၄၆ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၄၇ |
| **၆–အတ္တသမ္မာပဏိဓိစ** | | |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၁၄၉ |
| ဒီး ၁၁–ပါး | ...... | ၁၅၄ |
| စိတ်ထားကောင်းလျှင် စည်းစိမ်ရ၏ | ...... | ၁၅၅ |
| စိတ်ထားမှားက ဆင်းရဲရ၏ | ...... | ၁၅၅ |
| စိတ်ထားမမှားပါစေနှင့် | ...... | ၁၅၅ |
| မိမိကိုယ်ကို စိတ်ကချမ်းသာပေး၏ | ...... | ၁၅၆ |
| ပျက်စီးခြင်းကို စိတ်သည်သာလျှင်ပြု၏ | ...... | ၁၅၆ |
| စည်းစိမ်ကိုစိတ်သာလျှင် ပေးစွမ်း၏ | ...... | ၁၅၆ |
| စိတ်သည် မိခင် ဘခင်ထက်ကောင်းကျိုးပေးနိုင်၏ | | ၁၅၆ |
| မင်္ဂလာမည်ပုံ | ...... | ၁၅၇ |
| အတ္တသမ္မာ ပဏိဓိမင်္ဂလာသံပေါက်များ | ...... | ၁၅၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မင်္ဂလာမှို | ...... | ၁၅၈ |
| ဝတ္ထုသက်သေ သာဓကများ | ...... | ၁၅၉ |

## ၇—ဗာဟုသစ္စဥ္ဆ

| | | |
|---|---|---|
| ဗာဟုဝိဂြိုဟ် | ...... | ၁၆၁ |
| သစ္စဝိဂြိုဟ် | ...... | ၁၆၁ |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၁၆၁ |
| ဗာဟုသစ္စ ၂-မျိုး | ...... | ၁၆၄ |
| သုတ ၂—မျိုး | ...... | ၁၆၄ |
| ဗဟုသုတ ၃—မျိုး | ...... | ၁၆၄ |
| သုတ ဂုဏ် | ...... | ၁၆၅ |
| ဗဟု သုတများသူ၏အဖြစ် | ...... | ၁၆၅ |
| အကြားအမြင်များက-အလိမ္မာတိုး၏ | ...... | ၁၆၅ |
| သုတပညာယုတ်မြတ်မရွေးရာ | ...... | ၁၆၆ |
| သေနက၏ ဥဒါန်းဂါထာ | ...... | ၁၆၆ |
| ဗာဟုသစ္စမင်္ဂလာသံပေါက်များ | ...... | ၁၆၇ |
| မင်္ဂလာမှို | ...... | ၁၆၇ |
| အကြားအမြင်နည်းသူ လေးဆစ်ချိုး | ...... | ၁၆၈ |
| ၎င်းအနက်အဓိပ္ပါယ် | ...... | ၁၆၈ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၆၈ |
| ဒေဝဓမ္မတရား ၂-ပါး | ...... | ၁၇၀ |
| သေနကသုခမိန်ဝတ္ထု | ...... | ၁၇၀ |
| မင်္ဂလာမည်ပုံ | ...... | ၁၇၂ |

## ၈—သိပ္ပဥ္ဆ

| | | |
|---|---|---|
| သိပ္ပ ဝိဂြိုဟ် | ...... | ၁၇၃ |
| ၎င်းသံပေါက်များ | | ၁၇၃ |

## မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၁၇၃ |
| သိပ္ပ ၂-မျိုး | ...... | ၁၇၄ |
| တနည်း ၂-မျိုး | ...... | ၁၇၅ |
| တနည်း ၂-မျိုး | ...... | ၁၇၅ |
| တနည်း ၂-မျိုး | ...... | ၁၇၅ |
| မကောင်းသောအတတ်လေးမျိုး | ..... | ၁၇၅ |
| ဘုရားမတင် နတ်မဝင် လူတွင်ဆယ်ပွင့်ပန်း | ...... | ၁၇၅ |
| အတတ် ၁၈-မျိုး | ..... | ၁၇၇ |
| ဗဟုသိပ္ပရှာမှီးကြ | ...... | ၁၇၇ |
| အတတ်နှင့်တူရာမရှိ | ...... | ၁၇၇ |
| အတတ်ပင် ငယ်သော်လည်း | ...... | ၁၇၇ |
| အဋ္ဌာရသ တတ်သင့်လှ | ...... | ၁၇၈ |
| ငယ်ကသိပ္ပ သင်ချေမှတည်း | ...... | ၁၇၈ |
| ငယ်ကပညာ မတတ်ပါမူ | ...... | ၁၈၀ |
| သိပ္ပဉ္စမင်္ဂလာသံပေါက်များ | ...... | ၁၈၂ |
| မင်္ဂလာပျို့ | ...... | ၁၈၂ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၈၃ |

### ၉-ဝိနယောစ သုသိက္ခိတော

| | | |
|---|---|---|
| ဝိနယဝိဂြိုဟ် | ...... | ၁၈၅ |
| သုသိက္ခိတောဝိဂြိုဟ် | ...... | ၁၈၅ |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၁၈၅ |
| ဝိနယ၂-မျိုး | ...... | ၁၈၈ |
| သုစရိုက်၁၀-မျိုး | ...... | ၁၈၉ |
| သတိပေးစကားများ | ...... | ၁၈၉ |
| မင်္ဂလာမည်ပုံ | ...... | ၁၉၀ |
| ဝိနယောစသုသိက္ခိတောမင်္ဂလာသံပေါက်များ | ...... | ၁၉၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မင်္ဂလာပျို | ...... | ၁၉၂ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၁၉၃ |
| ဇာတာဒင် | ...... | ၁၉၄ |

## ၁၀-သုဘာသိတာစယာဝါစာ

| | | |
|---|---|---|
| သုဘာသိတာဝိဂြိုဟ် | ...... | ၁၉၅ |
| ဝါစာဝိဂြိုဟ် | ...... | ၁၉၅ |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၁၉၅ |
| စကားအရာအင်္ဂါလေးတန် | ...... | ၁၉၇ |
| တနည်း အင်္ဂါလေးတန် | ...... | ၁၉၇ |
| ၎င်းလက္ခဏာ | ...... | ၁၉၈ |
| သုဘာသိတာ-ဝါစာငါးရပ် | ...... | ၁၉၉ |
| စကားခြောက်ခွန်း၊လျှို့ထွန်း၊လေးခွန်းကိုပယ်၊နှစ်ခွန်းတွယ် | ...... | ၁၉၉ |
| စကားကြီး ၁၀-ခွန်း | ...... | ၂၀၀ |
| ကောင်းစွာဆိုအပ်သောစကား | ...... | ၂၀၀ |
| ဝစီဒုစ္စရိုက်တို့၏အပြစ်များကား | ...... | ၂၀၂ |
| မုသာဝါဒ | ...... | ၂၀၃ |
| ပိသုဏာဝါစာ | ...... | ၂၀၃ |
| ဖရုသဝါစာ | ...... | ၂၀၃ |
| သမ္ဖပ္ပလာပ | ...... | ၂၀၄ |
| ချစ်ဖွယ်သောစကား | ...... | ၂၀၄ |
| သစ္စာစကား | ...... | ၂၀၄ |
| ယဉ်ကျေးသောစကား | ...... | ၂၀၄ |
| မြေသောစကား | ...... | ၂၀၅ |
| ၎င်းလေးဆယ် | ...... | ၂၀၅ |
| ပျော့ပျောင်းသောစကား | ...... | ၂၀၆ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သုဘာသိတာမင်္ဂလာစကား | …… | ၂၀၆ |
| ဆုံးမစကားငါးရပ် | …… | ၂၀၇ |
| စကားရေးရာလိမ္မာပ က | …… | ၂၀၈ |
| လခင်းနေစကြာသို့ | …… | ၂၀၈ |
| တခွန်းပင်ဖြစ်သော်သည်း | …… | ၂၀၈ |
| မနေမနားမပြောကြားနှင့် | …… | ၂၀၉ |
| ကိုယ်နှင့်မဆိုင်မပြောဖိုင် | …… | ၂၀၉ |
| ငင်းဆောင်ပုံ | …… | ၂၀၉ |
| အသာယာဆုံးသောအသံ | …… | ၂၁၀ |
| ဆိုရေးရှိက ဆိုအပ်လှ | …… | ၂၁၀ |
| ပုန်းဘွယ်စကား-မဆိုငြားနှင့် | …… | ၂၁၀ |
| အကျိုးမရှိသောစကား—မပြောကြားနှင့် | …… | ၂၁၀ |
| မုသားစကား-ဆိုဉ်ငြာမှု | …… | ၂၁၀ |
| အင်္ဂါလေးပါးနှင့်ညီအောင်ပြောပါ | …… | ၂၁၀ |
| ဘုရားစသောသူတော်ကောင်းတို့၏စကားသည် ချွန်း၏ | …… | ၂၁၂ |
| စကားပုံများ | …… | ၂၁၂ |
| မင်္ဂလာမည်ပုံ | …… | ၂၁၃ |
| သုဘာသိတာမင်္ဂလာသံပေါင်းများ | …… | ၂၁၄ |
| မင်္ဂလာပွဲ | …… | ၂၁၄ |
| ဝဏ္ဏသက်သေသာဓကများ | …… | ၂၁၅ |


## ၁၁—မာတာပိတုဥပဋ္ဌာန်


| | | |
|---|---|---|
| မာတာဂုဏ်ဟပ် | …… | ၂၁၉ |
| ပိတုဂုဏ်ဟပ် | …… | ၂၁၉ |
| ဥပဋ္ဌာန် | …… | ၂၁၉ |
| အနက်သဘောတချို့များ | …… | ၂၁၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၂၂၁ |
| မိဘ၏ကျေးဇူးများ | ...... | ၂၂၃ |
| သားသမီးလိုချင်သောအခါ ဆောင်ရွက်ပုံ | ...... | ၂၂၃ |
| သန္ဓေရှိသောအခါ | ...... | ၂၂၃ |
| ဖွားမြင်ပြီးသောအခါ | ...... | ၂၂၄ |
| ကြီးပြင်းလာသောအခါ | ...... | ၂၂၄ |
| မိဘများသားသမီးတို့ကိုချစ်ခင်ပုံ | ...... | ၂၂၄ |
| မိဘတို့စောင့်ရှောက်ပုံ | ...... | ၂၂၅ |
| မိဘဂုဏ်ရည် | ...... | ၂၂၅ |
| ရင်းလင်္ကာ | ...... | ၂၂၅ |
| ရင်းသံပေါက်များ | ...... | ၂၂၆ |
| မိဘတို့၏ဂုဏ်ကိုချီးကျူးထားပုံ | ...... | ၂၂၆ |
| သားသမီးဝတ်ငါးပါး | ...... | ၂၂၆ |
| ရင်းလင်္ကာ | ...... | ၂၂၇ |
| ရင်းသံပေါက် | ...... | ၂၂၇ |
| ရင်းလင်္ကာသံပေါက် | ...... | ၂၂၇ |
| ရင်းမြန်မာဂါထာ | ...... | ၂၂၇ |
| မိဘလုပ်ကျွေးနည်း | ...... | ၂၂၈ |
| မွေးကျေးဇူးဆပ်ပါ | ...... | ၂၂၈ |
| နိဗ္ဗာန်ဆုတောင်း၍ကျွေးမွေးပါ | ...... | ၂၂၉ |
| တိရစ္ဆာန်ပင် မိဘကျေးဇူးကို သိတတ်သေး၏ | ...... | ၂၃၀ |
| ကျေးဇူးကြီးလှသောမိဘနှစ်ပါးအား လုပ်ကျွေးကြကုန် | | ၂၃၀ |
| မိဘကျေးဇူးသည်ဆပ်၍မကုန် | ...... | ၂၃၁ |
| မိဘကျေးဇူး-ကျေအောင်ဆပ်နည်း | ...... | ၂၃၁ |
| ရင်းသံပေါက်များ | ...... | ၂၃၁ |
| ရင်းလင်္ကာ | ...... | ၂၃၂ |
| မိဘတို့ကိုလုပ်ကျွေးခြင်း၏ အကျိုးကျေးဇူးများ | ...... | ၂၃၃ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရင်းလက်သံပေါက်များ | ...... | ၂၆၂ |
| ရင်းမြန်မာဂါထာ | ...... | ၂၆၃ |
| ရင်းတေးထပ် | ...... | ၂၆၃ |
| ရင်းပျို | ...... | ၂၆၃ |
| မယားကိုဆုံးမပုံ | ...... | ၂၆၄ |
| ယောက်ျားကောင်းတို့၏တာဝန် | ...... | ၂၆၄ |
| မယား-တာဝန် | ...... | ၂၆၄ |
| မယားဝတ်-ငါးပါး | ...... | ၂၆၅ |
| ရင်းသံပေါက်များ | ...... | ၂၆၅ |
| ရင်းလက်သံပေါက် | ...... | ၂၆၆ |
| ရင်းမြန်မာဂါထာ | ...... | ၂၆၆ |
| ရင်းတေးထပ် | ...... | ၂၆၆ |
| မသားအလိမ္မာဘွဲ့တေးထပ် | ...... | ၂၆၆ |
| မိ၊ ၂-မိး | ...... | ၂၆၇ |
| သိကြားမင်းရှိခိုးခံရသောပုဂ္ဂိုလ်များ | ...... | ၂၆၇ |
| သားနှင့်မယားအထူးတလည်မမြှောက်စားနှင့် | ...... | ၂၆၇ |
| ရင်းမြန်မာဂါထာ | ...... | ၂၆၈ |
| မင်္ဂလာမည်ပုံ | ...... | ၂၆၈ |
| ပုဏ္ဏဒါရသမင်္ဂလာသံပေါက်များ | ...... | ၂၆၉ |
| ဝဏ္ဏုသက်သေသာကေများ | ...... | ၂၆၉ |


## ၁၃-အနာကုလာစကမ္ဘာ


| | | |
|---|---|---|
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၂၇၁ |
| အနှောင့်အရှက်လေးပါးမှကင်းပါစေ | ...... | ၂၇၄ |
| ဌာနနှင့် ထကြွခြင်းရှိသူအဘို့ | ...... | ၂၇၅ |
| လုံ့လထကြွရှိသူအဘို့ | ...... | ၂၇၆ |
| လုံ့လရှိကစည်းစိမ်ရ၏ | ...... | ၂၇၆ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ဝိရိယအကျိုးငါးပါး | ...... | ၂၇၆ |
| ရင်းလင်္ကာ | ...... | ၂၇၇ |
| လုံ့လဝီရိယရှိသူအတွက် အလုပ်ရှိသည် | ...... | ၂၇၇ |
| လုံ့လမမှု-နတ်မကျူ | ...... | ၂၇၈ |
| လုံ့လဝီရိယ | ...... | ၂၇၈ |
| ပျင်းရိခြင်း၏အပြစ် | ...... | ၂၇၈ |
| ပျင်းရိသူအားအိမ်ရာများ တည်နားမရှိကုန် | ...... | ၂၇၉ |
| အနှောင့်အယှက်မကောင်းသောအမှု | ...... | ၂၇၉ |
| ဆင်ခြေများသူအားစီးပွါးဥစ္စာတို့လွန်ကုန်၏ | ...... | ၂၈၀ |
| စည်းစိမ်ကိုလိုလျှင် | ...... | ၂၈၀ |
| ချမ်းသာကိုလိုမူ | ...... | ၂၈၀ |
| မင်္ဂလာမည်ပုံ | ...... | ၂၈၁ |
| အနာကုလာစမင်္ဂလာသံပေါက်များ | ...... | ၂၈၁ |
| မင်္ဂလာမျို | ...... | ၂၈၁ |
| ဝတ္ထုသက်သေသာခကများ | ...... | ၂၈၂ |

## ၁၄—ဒါနဋ္ဌ

| | | |
| --- | --- | --- |
| ဒါနဝိဂြိုဟ် | ...... | ၂၈၅ |
| ဒါနမမည် | ...... | ၂၈၅ |
| အဓိပ္ပါယ်များ | ...... | ၂၈၅ |
| ဒါနနှစ်မျိုး | ...... | ၂၈၇ |
| စေတနာသုံးမျိုး | ...... | ၂၈၉ |
| လှူခြင်းသုံးမျိုး | ...... | ၂၉၀ |
| ဒါနလေးမျိုး | ...... | ၂၉၂ |
| စွန့်ခြင်းကြီးငါးပါး | ...... | ၂၉၂ |
| အလှူငါးမျိုး | ...... | ၂၉၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကောင်းမှုဟုဆိုအပ်သော်လည်း မကောင်းမှုသာ ဖြစ်သောဒါနများ | ...... | ၂၉၃ |
| ဒါနနှစ်မျိုးနှင့်အပွါးခြောက်မျိုး | ...... | ၂၉၄ |
| သုသီလဒါနသုံးမျိုး | ...... | ၂၉၄ |
| ဒုသီလဒါနသုံးမျိုး | ...... | ၂၉၅ |
| အလှူခြောက်မျိုး | ...... | ၂၉၅ |
| သူတော်နည်းအလှူဆယ်မျိုး | ...... | ၂၉၆ |
| ခေတ်အလှူဆယ်မျိုး | ...... | ၂၉၆ |
| အလှူပေးသောဒါနရှင်တို့၏အင်္ဂါသုံးပါး | ...... | ၂၉၇ |
| အလှူခံပုဂ္ဂိုလ်-တကျိပ်လေး | ...... | ၂၉၇ |
| အလှူခံပုဂ္ဂိုလ်၏အဆင့်အတန်း | ...... | ၂၉၈ |
| တနည်း-အလှူခံပုဂ္ဂိုလ်တို့၏ အဆင့်အတန်း | ...... | ၂၉၈ |
| အလှူခံပုဂ္ဂိုလ်မြတ် | ...... | ၂၉၈ |
| အလှူခံပုဂ္ဂိုလ်စိစစ်ပါ | ...... | ၂၉၉ |
| အလှူခံပုဂ္ဂိုလ်ကြိုက်ရာစိစစ်၍လှူပါ | ...... | ၂၉၉ |
| အလှူခံပုဂ္ဂိုလ်ကိုလိုက်၍အကျိုးပေးပုံ | ...... | ၂၉၉ |
| လှူဘွယ်ဝတ္ထုနှင့်အကျိုးကျေးဇူးများ | ...... | ၂၉၉ |
| အလှူ၏အကျိုး | ...... | ၃၀၀ |
| ပညာအလှူ | ...... | ၃၀၂ |
| ဓမ္မအလှူ | ...... | ၃၀၂ |
| ရင်းအဓိပ္ပါယ် | ...... | ၃၀၂ |
| ဒါနနှင့်တူသောဥပမာများ | ...... | ၃၀၃ |
| ဒါန၏သတ္တိ | ...... | ၃၀၄ |
| သဒ္ဒါမွဲကြ | ...... | ၃၀၄ |
| သတိသွား၍လှူပါ | ...... | ၃၀၄ |
| စစ်ရှုံးသော်လည်း ဒါနကိုမမေ့ | ...... | ၃၀၅ |
| မင်္ဂလာမည်ပုံ | ...... | ၃၀၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒါနဉ္စမင်္ဂလာသံပေါက်များ | ...... | ၂၀၅ |
| မင်္ဂလာပျို့ | ...... | ၂၀၆ |
| ဝတ္ထုသက်သေသာဓကများ | ...... | ၂၀၇ |
| **၁၅—ဓမ္မစရိယာ စ** | | |
| “ဓမ္မ”ဝိဂြိုဟ် | ...... | ၂၀၉ |
| “စရိယ”ဝိဂြိုဟ် | ...... | ၂၀၉ |
| “ဓမ္မ”၏အဓိပ္ပါယ် | ...... | ၂၀၉ |
| ဓမ္မစရိယ၏အနက်ကား | ...... | ၂၁၀ |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၂၁၀ |
| ကုသလကမ္မပထတရား ၁၀-ပါးကိုကျင့်ခြင်းသည် | | |
| သေခြင်းကင်းရာနိဗ္ဗာန်ရောက်ခြင်းမည်၏ | ...... | ၂၁၂ |
| မကျင့်ကအသက်တရာနေသော်လည်း မမြတ် | ...... | ၂၁၂ |
| အကျိုးအတွက်အဘိုးမဖြတ်နိုင် | ...... | ၂၁၂ |
| ကောင်းစွာကျင့်ကအကျိုးရကြောင်း | ...... | ၂၁၃ |
| အသက်ကိုမငဲ့ဘဲကျင့်အပ်၏ | ...... | ၂၁၃ |
| ကောင်းစွာကျင့်ကြကုန်လော့ | ...... | ၂၁၃ |
| တရားစောင့်သောသူကိုတရားသည်စောင့်ရှောက်၏ | | ၂၁၄ |
| မင်္ဂလာမည်ပုံ | ...... | ၂၁၄ |
| ဓမ္မစရိယမင်္ဂလာသံပေါက်များ | ...... | ၂၁၅ |
| မင်္ဂလာပျို့ | ...... | ၂၁၅ |
| မိလကမထေရ်ဝတ္ထု | ...... | ၂၁၆ |
| **၁၆—ဉာတကာနဉ္စ သင်္ဂဟော** | | |
| “ဉာတကာနံ”၏အဓိပ္ပါယ် | ...... | ၂၁၉ |
| ဆွေ ၇-ဆက်သံပေါက် | ...... | ၂၁၉ |
| ဆွေ ၅-မျိုးသံပေါက် | ...... | ၂၂၀ |
| ဆွေ ၆-မျိုးသံပေါက် | ...... | ၂၂၀ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဆွေ ၆-မျိုးရိုးရိုး | ...... | ၃၂၀ |
| "သင်္ဂဟောစ"အဓိပ္ပါယ် | ...... | ၃၂၀ |
| သင်္ဂဟတရားလေးပါး | ...... | ၃၂၁ |
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၃၂၁ |
| အရေးကြီးက-သွေးနီးရာ | ...... | ၃၂၂ |
| သစ်တပင်ကောင်း-ငှက်တသောင်းနိ | ...... | ၃၂၃ |
| မင်္ဂလာမည်ပုံ | ...... | ၃၂၃ |
| ဉာတကာနဉ္စမင်္ဂလာသံပေါက်များ | ...... | ၃၂၃ |
| မင်္ဂလာပျို | ...... | ၃၂၄ |
| ဉာတတ္ထစရိယ | ...... | ၃၂၅ |
| အထောက်အထား ဝတ္ထုသာဓကများ | ...... | ၃၂၅ |

## ၁၇—အနဝဇ္ဇာနိကမ္မာနိ

| | | |
|---|---|---|
| ဤမင်္ဂလာ၏အဓိပ္ပါယ်များ | ...... | ၃၂၆ |
| ခင်ပွန်းကြီး ၁၀-ပါး | ...... | ၃၃၂ |
| ဥပုသ်လေးပါး | ...... | ၃၃၂ |
| အဋ္ဌင်္ဂသီလ | ...... | ၃၃၃ |
| သီလတန်းခိုးများမြောင်အကျိုး | ...... | ၃၃၃ |
| သီလမှာနတ်ပြည်သွားရာစောင်းတန်းပမာ | ...... | ၃၃၃ |
| သီလစောင့်ထိန်းသူတို့မှာနတ်ရွာသို့ရောက်ကြောင်းမှတ် | | ၃၃၄ |
| သီလဖြူမှ | ...... | ၃၃၄ |
| သီလကင်းငြား-ကျိုးမများ | ...... | ၃၃၄ |
| မင်္ဂလာမည်ပုံ | ...... | ၃၃၅ |
| အနဝဇ္ဇကမ္မမင်္ဂလာသံပေါက်များ | ...... | ၃၃၆ |
| မင်္ဂလာပျို | ...... | ၃၃၇ |
| ဝတ္ထုသက်သေသာဓကများ | ..... | ၃၃၇ |

# သုံးဆဲ့ရှစ်ဖြာမင်္ဂလာပေါင်းချုပ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ

ဝဏ္ဏုဏ္ဏယံ နမဿိတွာ၊
မင်္ဂလဿ ဂဏက္ခန္ဓံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ပဝက္ခာမိ ယထာသတ္တိံ။ ။

နာနာဂန္ထာ ဟရိတွာန၊
ဝိနိစ္ဆယံ ဝိဘူတဋ္ဌ။
လိခိဿာမိ ယထာသဉ္ဇိံ၊
ရူဠှိတတ္တံဝ မေဓိဋ္ဌာ။ ။

အဟံ-အကျွန်ုပ်သည်၊ ဝါ-ခန္ဓာငါးဝ၊ ရုပ်နာမ်မျှကို၊ အတ္တခေါ်မှု၊ သုံးစွဲပြုထ၊ တရားမဝန့်ထောက်မင်း၊ မည်သင်းထွန်းပြောင်၊ ဦးသိန်းမောင်ဟု၊ခေါ်ဆောင်သမုတ်၊ အကျွန်ုပ်သည်၊ ဝဏ္ဏုဏ္ဏယံ-ဝဏ္ဏုတို့၏ သုံးပါးတို့၏ အပေါင်းကို၊ ဝါ-ဇာသဿရိယ၊ ဓမ္မစသား၊ ဘဂဝတောက်ဟုန်၊ ဘုန်းခြောက်ဂုဏ်နှင့်၊ ပြည့်စုံတော်မူတတ်၊ဘုရားမြတ်နှင့်၊ခေါ်မှတ်သညာ၊ ဓမ္မာတဝ၊ သုပ္ပဋိပန္န၊ ဂုဏ်

ပေါင်းခသည့်၊ သံဃာခေါ်ပြု၊ ဝဋ္ဋုတို့၏ သုံးပါးတို့၏ အပေါင်းကို၊ နမသိတွာ နမာမိ-ဘယလာဘာ၊ ကုလာစာရ၊ ကင်းဝေးပ၍ ဘဂမည့်ရှောင်း၊ ဂုဏ်တော်ပေါင်းကို၊ အောက်မေ့ရှင်ကြည်၊ အဋ္ဌလိကမ္မ၊ သက္ကစ္စဖြင့်၊ တုပ်ကွဝပ်လျှိုး၊ လက်စုံမိုး၍၊ ရှိခိုးပါ၏။

နမသိတွာ-ဘယလာဘာ၊ ကုလာစာရ၊ ကင်းဝေးပ၍၊ ဘဂမည့်ရှောင်း၊ ဂုဏ်တော်ပေါင်းကို၊ အောက်မေ့ရှင်ကြည်၊ အဋ္ဌလိကမ္မ၊ သက္ကစ္စဖြင့်၊ တုပ်ကွဝပ်လျှိုး၊ ရှိခိုးဦး၍၊ သဗ္ဗလောက ဟိတတ္ထာယ-ခပ်သိမ်းဥဿုံ၊ အလုံးစုံသော သတ္တလောက၏ အကျိုးစီးပွား၊ များကြစေခြင်းအလို့ငှါ၊ ဝါ-ဇမ္ဗူတလွှား၊ လူအများတို့၊ ကျော်ကြားအံ့ချီး၊ ကျောင်းကြီး ကျောင်းငယ်၊ အသွယ်သွယ်၌၊ မှတ်ဘွယ်ပညာ၊ တတ်ကြောင်းရှာယူ၊ ကျောင်းသူကျောင်းသား၊ အစထား၍၊ မျိုးသားမျိုးသွေး၊ လူကြီးလူငယ်၊ အသွယ်သွယ်နတ်၊ အရပ်ရပ်ဗြဟ္မာ၊ သတ္တဝါမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံသော သူတို့၏ အကျိုးစီးပွား၊ များကြစေခြင်း အလို့ငှါ။

ဝါ-ကလိယုဂ်ဆန်း၊ ခေတ်သရမ်း၌၊ ကြမ်းတန်းလှစွာ၊ ဆရာမိဘ၊ ဂုဏ်ပြည့်ဝသည့်၊ စိုးရသခင်၊ ကျေးဇူးရှင်ပုဂ္ဂိုလ်၊ ပေါင်းထိုထိုတို့ကို၊ မရိုမသေ၊ ပုန်ကန်လေ၍၊ အခြေမကြီး၊ အချည်းနှီးပ၊ ပျက်စီးကြသည့်၊ ဗာလခေါ်တမ်း၊ လူသရမ်းလူပျက်၊ တက်လူဘွဲ့ခံ၊ နာမတောက်လျှမ်း၊ လူတစောက်ကန်းနှင့်၊ လူနှမ်းလူအ၊ လူအန္ဓဟု၊ ကင်းပမင်္ဂလာ၊ လူဗာလချာတို့မှ၊ အာဒိစသား၊ များလှသောင်းသောင်း၊ သတ္တဝါအပေါင်းတို့အား၊ အကျိုးနှစ်ပါး၊ တိုးပွားရည်သန်၊ အမြင်မှန်ကို၊ ဧကန်မသွေ၊ ရပါစေခြင်း အလို့ငှါ။

မင်္ဂလတ္ထဂဏ္ဌကွန္တံ့-သမန္တစက္ခု၊ သဗ္ဗညုဟု၊ လူထုထိပ်ထား၊ တို့ဘုရားသည်၊ မြွက်ကြားထုတ်ဖော်၊ ဟောတော်မူရာ၊ သုံးဆဲ့ရှစ်ဖြာ၊ မင်္ဂလာ၏၊ သိသာနာလွယ်၊ ဝိပ္ပါယ်အတ္ထ၊ ဝိနိစ္ဆယကို၊ ထိုထိုကျမ်းမှ၊ ပေါင်းစုပြုတတ်၊ ယင်းသကတ်ကြောင့် **"မင်္ဂလတ္ထဂဏ္ဌကွန္တ"** မည်ရတွင်ဆန်း၊ သုံးဆဲ့ရှစ်ဖြာ **"မင်္ဂလာပေါင်းချုပ်"**

ကျမ်းကို၊ ယာထာသတ္တိ-ကိုယ်အား ဉာဏ်အား၊နှစ်ပါးဗလ၊ ထာမ သတ္တိ၊ ရှိသည့်အားလျော်စွာ၊ ပဝက္ခာမိ-လူရှင်အများ၊အမျိုးသား တို့၊ မှတ်သားအသင့်၊ ကျင့်ဆောင်ကြစေ၊ မြွက်ဆိုပေအံ့။

နာနာဂန္ထာ-ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သုတ္တနိပါတ အဋ္ဌကထာ၊ ပရိတ်ကြီးဋီကာ၊ များစွာတန်တန်၊ မြတ်ကျမ်းဂန်မှ၊ ဟာရိတ္တာန- ပေါင်းရုံးသမှု၊ ထုတ်ဆောင်ပြု၍၊ ဝိဘူတဉ္စ ဝိဘူတံဇဝ—လက်ပေါ် တင်ထား၊ ပတ္တမြားတသွယ်၊ လယ်ပြင်ကွင်းဝယ်၊ 'ဆင်' ဆင်း သွားသို့၊ ထင်ရှားလှသည်သာလျှင် ဖြစ်သော၊ ဝိနိစ္ဆယံ-ပညာရှိ များ၊ ဆုံးဖြတ်ထားသည့်၊မမှားအတ္ထ၊ ဝိနိစ္ဆယကို၊ယာထာသန္တိ— ဤကျမ်းကဤလို၊ ဤအဆိုကဤသို့၊ ဤအချုံကဤနှယ်၊ သွယ်သွယ် တင့်လှိုင်း၊ စဉ်တိုင်းမပျက်၊ အရေအတွက် အားလျော်စွာ၊ လိဓိဿာမိ-အကန့်အကန့်၊ ဌက်ခါးတောင်ဖြန့်သလို၊ တသန့်သန့် ခွဲခြား၊ တတန့်တတန့်ကွဲပြားအောင်၊ ရေးသား၍ထားပါအံ့။

ဇာနန္တုတဗ္ဗံဝ-အဆိုအပြ၊ အလိုကျသော၊ အတ္ထသွယ်သွယ်၊ နက်ဓိပ္ပါယ်ကိုသာလျှင်၊ မေဓိဋ္ဌာ- ပစ္စုပ်သံသာ၊ ကျိုးနှစ်ဖြာကို၊ သေချာမြင်သိ၊ ပညာရှိဟု၊ ကဝိထွတ်တင်၊ဉာဏ်ထူးရှင်တို့သည်၊ ဂဏ္ဍဘုံ—ဝေပုလ်တောင်မြတ်၊ ချဉ်းကပ်ရောက်ငြား၊ ကဲ့အလား သို့၊ မပြားထို့တူ၊ ကြိုက်ရာရွေးပြီး၊ မနှေးလွယ်ကူ၊ အလေးမူ၍၊ မှတ်ယူလိုက်ကြပါကုန်လော။

**ကျမ်းဦးပဌာဝမ ၂ ဂါထာ ပါဠိအနက်ပြီး၏။**

# သုံးဆဲ့ရှစ်ဖြာမင်္ဂလာတရားတော်များ ဟောကြားတော်မူခြင်း အကြောင်းရင်း

## မင်္ဂလာကောလာဟလ

"မောနေယျ-ချနှစ်နှစ်၊ ဆဲ့နှစ်နှစ်-မင်္ဂလာ၊ တရားမှာ- စကြဝဠာ၊ ဆိုရေးစကား၊ ဘုရားမှာ-တထောင်မြွက်၊ ကမ္ဘာပျက်-တသိန်း"ဆိုသည့် လင်္ကာအရ ဆဲ့နှစ်နှစ်ကကြိုတင်ကာ မင်္ဂလာတရားတော်မြတ် ပေါ်ပေါက်လိမ့်မည် ဟု သုဒ္ဓါဝါသဗြဟ္မာသည် လူ့ရွာသို့ သက်ဆင်းပြီးသကာလ လမ်းဆုံ လမ်းမ လမ်းလေးခွတို့မှ ကြွေးကြော်လေ၏။

ဤသို့ကြွေးကြော်ပြီးသည်ကစ၍ လူ့ပြည်တွင် မင်္ဂလာစကားများ ပြောကြားစ ပြုခဲ့ကြ၏၊ လူအများ စုဝေးမိကြသည့် အခါ အချို့က စောစောထလျှင်ထခြင်း ပိန့်ညှင်းငှက်,(အချို့ကျမ်းတွင် တိန့်ညှင်းငှက်ဟုဆိုသည်၊)ကိုယ်ဝန်ဆောင်မိန်းမ,နွားလားဥသဘ, တန်ဆာဆင်သော မိန်းမငယ်, လုလင်ပျိုနှင့် ထိုထို မြားမြောင်သောအရာကို မြင်ရခြင်းသည်**"ဒိဋ္ဌမင်္ဂလာ"**ဟု ဆိုကြကုန်၏။

တစုသော သူတို့ကား စောစောစီးစီး ကြားရသော "တွေ့၏" "ပွား၏""ကြား၏" "ကြက်သရေရှိ၏" ဟူသောစကားများနှင့် စောင်းငြှင်း ပတ်သာ တူရိယာသံ သာယာသော အသံတို့ကို ကြားရခြင်းသာလျှင် **"သုတမင်္ဂလာ"** ဟုဆိုကြကုန်၏။

တဖွဲ့သောသူတို့ကား မြင်ခြင်းကြားခြင်းမှာ မင်္ဂလာ မမည်၊ စောစောအထမှာ ပန်းနံ့သာ အစုံ အမွှေးအထုံ တည်းဟူသော အနံ့, အရသာ, အတွေ့တို့သာလျှင် **"မုတမင်္ဂလာ"** ဟု ဆိုကြကုန်၏။

ဤသို့လျှင် အရပ်လေးမျက်နှာတွင် မင်္ဂလာစကား အတွက် ဒိဋ္ဌသာလျှင်မင်္ဂလာ,သုတသာလျှင်မင်္ဂလာ,မုတသာလျှင် မင်္ဂလာ ဟု သူ့ဟာသာအမှန် ငါ့ဟာသာအဟုတ် စသည်ဖြင့် အုတ်အုတ် ကျက်ကျက်ငြင်းခုံကြကာ သုံးရသုံးဖြာ ပါတီကွဲပြား၍ ထင်ရှား စွာ ဇမ္ဗူဒိပ်ကျွန်းလုံး၌ ဖြစ်ကြကုန်၏။

ထိုလူအများတို့ အငြင်းပွါးကြရုံမှုမရပ် ကိုယ်စောင့်နတ်တို့ပါ အငြင်းပွါး၍ လာကြကုန်၏၊ ထိုတွင်မှုမရပ်သေး တဖြေးဖြေးသာ ဆင့်ကာဘက်တိုး အမျိုးမျိုးသော ဘုမ္မစိုး,ရုက္ခစိုး, အာကာသစိုး, စတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ ဝသဝတ္တီ မည်သော နတ်တို့နှင့်တကွ အကနိဋ္ဌ ဖြဟ္မာ တို့ပါမကြွင်း ဒိဋ္ဌ, သုတ, မုတ, အချင်းချင်းငြင်း၍မဆုံး ရှိကြ ဘော၏။

ဤတွင်မှ တာဝတိံသာ နတ်အပေါင်းတို့သည် “အသင်တို့ ငါတို့ ဒိဋ္ဌ, သုတ,မုတဟူ၍ ငြင်းခုံနေကြမှုအသူမှုပင်မသိနိုင်ချေ၊ ကာလတာရှည်ကြာတော့မည်၊ တထိုင်ထည်းတွင် တထောင် သောသူတို့၏ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုခြင်းငှါ စွမ်းအင် လက္ခဏာ ရှိသော သိကြားမင်းအား သွား၍ တစေ မေးကြ လေမှ ရှင်းကြတော့မည် လင်းကြတော့မည်”ဟု အညီအညွှာ ဆို ကြကုန်၏။

ထိုသို့ညီညွှာ စည်းလုံးကာဖြင့် တာဝတိံသာနတ်များ သိကြား ထံမှောက်ဝင်ရောက်ကြကာ “အကျွန်ုပ်တို့လာရခြင်းမှာ မင်္ဂလာ စကား ဒိဋ္ဌ, သုတ, မုတ, အားဖြင့် သုံးပါးသုံးစုံ ငြင်းခုံကြရာ တေဇာထင်ရှားအရှင်သိကြားသာလျှင် မင်္ဂလာကို စိတ်ဖြာခွဲခြမ်း သိနိုင်စွမ်းမည် ထင်ကြသည်အတွက် အရှင်မျက်မှောက် ရောက် ကြပါသည်”ဟု စိကာပတ်ကုံး ပြောသည့်အဆုံးတွင် မာဃ မည်သင်း သိကြားမင်းက “အိုအိုများစွာ၊ နတ်ဒေဝါတို့……ဤသို့ ဖြစ်ရာ မင်္ဂလာဟု၊ စကားရဝယ်၊အဘယ်သူက အစပြုကာ ကြား ပါသနည်း”ဟုမေးလေ၏။

နတ်တို့ထွတ်ဖျား ရှင်သိကြား…အောက်ခွင်တသွား လူတို့များ ကား၊အစဖြစ်လာ၊ ဆင့်၍သာလျှင်၊ ကိုယ်တွင်စောင့်ငြား၊ နတ်များ အစ၊ ဘုမ္မ, ရုက္ခ, အာကာသဟု၊ စတုမဟာရာဇ်၊ နတ်ပေါင်းစစ်မှန်စွာ တာဝတိံသာ,ဗြဟ္မာဘုံထိ ငြင်းခုံဘိ၏။

“ဒိုနတ်ဒေဝါ အပေါင်း သူတော်ကောင်းတို့……မီးပုံကြီးသာ၊ ရှိတုံပါလျက်၊ပေါ်ပျက်ရောင်မြူး၊ပိုးစုန်ကြူးကို၊ မီးရှူးရောင်လင်း၊ မှတ်ပုံလျှင်းသို့၊ ခဲယဉ်းလှစွာ၊ မင်္ဂလာကို၊ ဘယ်မှာငါကာ၊ သိနိုင် ပါမည်၊ အညီအညာ၊ သွား၍သာလျှင်၊ စည်ပင်လှစွာ၊ ခေါ်မည် သာသည့်၊ သာဝတ္ထိမည်၊ ထိုလူ့ပြည်ဝယ်၊ ဆန်းကြွယ်လှစွာ၊ အနာထပိဏ်၊ကျော်ရှိန်ပျံ့မွှေး၊ ရှင်သေဌေးမှာ၊ စေတနာသုံးတန်၊ ဇောကန်မြတ်သား၊ ဆောက်လုပ်ထားလျက်၊ တုဘက်မရ၊ ထွန်းပ ပြောင်ပြောင်၊ ရွှေရောင်, ငွေရောင်, မှန်ရောင်ကျူးလွန်၊ ဇေတဝန် ခေါ်၊ ထိုကျောင်းတော်တွင်၊ မာန်အောင်မြင်လျက်၊ လေးချက် သစ္စာ၊မှန်စွာမယွင်း၊သိမြင်ခြင်းကြောင့်၊ခပင်းများစွာ၊သတ္တဝါတို့၊ ခိုရာမှီရာ၊ တည်ရာအမှန်၊ ဇောကန်လွယ်ကူ၊ဖြစ်တော်မူသော၊သုံးလူ့ ထွတ်ထား၊ဘုရားထံပါး၊ယခုသွား၍၊ ထင်ရှားသိအောင်၊ အမောင် နတ်သား၊ သင်ရွှေဖျားက၊ လျှောက်ထားမေးလေ၊ တို့တတွေမူ၊ အတူတကွ၊ သင့်နောက်ကသာ၊ နာကြပါမည်”ဟု ပြောကာ တာ ဝတိံသာမှ လူ့ရွာသို့ ဆင်းသက်ကာ လာကြကုန်၏။

ဇေတဝန်ကျောင်းတော်သို့ သန်းခေါင်ကျော် အချိန်လောက် တွင် မထင်ရှားသော နတ်တပါးက ခြောက်ပြစ်ကင်းရာ ထိုရပ် သာမှ၊ ကိုယ်ရောင်ကိုယ်ဝါ၊ ထွန်းတောက်ကာဖြင့်၊ ပုဇ္ဇာသေဠ၊ ငါးဝအင်္ဂါ၊စုံလင်စွာလျက်၊ လက်အုပ်တင်ချီပြီး “ထွန်းတောက် တေဇာ၊ အာဘာတန်ခိုး၊ မြေမိုးပေါင်းနှံ့စွာ၊ ကြော်ငြာနှံ့စပ်၊ အလွန် မြတ်သည့်၊ဉာသရိယာ၊ဓမ္မ,ယသ၊သိရိ,ကာမ၊ပယတ္တဟု၊ခြောက်ခု အစုံ၊ ဘုန်းတော်ဂုဏ်ဖြင့်၊ နှိုင်းတုံဖက်ရှားရှင်ဘုရား……လောက သုံးဘုံ၊ လုံးစုံသောသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါတို့၊ ပူဆာဒုက္ခ၊

ဝဲပြဲလယမှ၊ လွတ်ရအမှန်၊ ပြည်နိဗ္ဗာန်ကို၊ ဧကန်မုချ၊ တောင့်တ ကြလျက်၊ သူ့ထက်ငါသာ၊ မင်္ဂလာကို၊ ကြံရှာဘိက၊ အရောကျကျ၊ ရရမိမိ၊ မသိနိုင်ကုန်၊ သုံးဘုံထိပ်နန်း၊ ရဟန်းများမင်း၊ တန်ခိုး ချဉ်းသည်၊ ရှင်ရင်းမြတ်စွာ၊ ကိုယ်တော်သာလျှင်၊ ထင်ထင် ရှားရှား၊ ခြားနားသေချာ၊ သိနိုင်ရာသား၊ နှလုံးထား၍၊ မြတ်လှလေ စွာ၊ နတ်ဖြဟ္မာတို့၊ ညီညာစုပုံ၊ ခြေတော်စုံကို၊ လက်စုံ ချီမြှောက်၊ ဖူးမျှော်ရောက်လာ၊ မေးလျှောက်ပါသည်၊ ထိပ်ချာဘုရား၊ သုံးလူ့ များက၊ ခြားနားထင်စွာ၊ မင်္ဂလာကို၊ မေတ္တာရှေ့ထား၊ မိန့်မြွက် ဟောကြားတော်မူပါဘုရား”ဟု လျှောက်ထားလေရာ-

အောင်သူတကာတို့၏ မုနိ၊ သိရိန္ဒြာဘိဓေ၊ အတုလဓိပတိ၊ သိရိမကုဋ၊ ဒွိပဒုတ္တမ၊ အတိဥက္ကဋ္ဌဟု၊ သကျမုနိန်၊ အနုတ္တရ မာရဇိန်၊ နရာတိနရိန်၊ ဒေဝါတိဒေဝိန်၊ ဖြဟ္မာတိဖြဟ္မိန်၊ အသမ္ဘိန် နွယ်ရိုး၊မင်းမျိုးအစစ်၊ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူမြတ်စွာ၊ဧောသဣ္ဏာ သည်၊ ဝေနေယျာအများ၊ ရင်ဝယ်သားသို့၊ မခြားတူညီ၊ စိတ်က ရည်လျက်၊ သိဂီ သွန်းလုပ်၊ ရွှေကြုတ်ပမာ၊ ကောင်းစွာသန့်ရှင်း၊ ရွှေခံတွင်းမှ၊ထင်လင်းမှန်စွာ၊“အသေဝနာစ ဗာလာနံ”အရင်းခံ၍၊ ဆယ်တန်ဂါထာ “သုံးဆဲ့ရှစ်ဖြာသော မင်္ဂလာတရား” သုတ်ထူး ခြားကို၊ ဟောကြားမိန့်မြွက်တော်မူလေသတည်း။

## သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားတော်များ ဟောကြားတော်မူခြင်း အကြောင်းရင်းပြီး၏။

# သုံးဆဲ့ရှစ်ဖြာ မင်္ဂလာသရုပ်

(၁) သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ရခြင်းတပါး။
(၂) ပညာရှိသော သူတို့ကို မှီဝဲဆည်းကပ်ရခြင်းတပါး။
(၃) ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရခြင်းတပါး။
(၄) သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်းတပါး။
(၅) ရှေးရှေးသော ကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှုရှိသော သူ၏အဖြစ်တပါး။
(၆) မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်းတပါး။
(၇) အကြားအမြင်များသော်သူ၏အဖြစ်တပါး။
(၈) အပြစ်မရှိသော အတတ်ကို တတ်ရခြင်းတပါး။
(၉) ကောင်းစွာ သင်အပ်သော ဝိနည်းတရားရှိခြင်းတပါး။
(၁၀) ကောင်းစွာ ဆိုအပ်သော စကားရှိခြင်းတပါး။
(၁၁) အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းတပါး။
(၁၂) သားမယားတို့ကို သင်္ဂြိုဟ်ထောက်ပံ့ရခြင်းတပါး။
(၁၃) အနှောင့်အရှက်မရှိသော အမှုတို့ကို ပြုရခြင်းတပါး။
(၁၄) အလှူပေးရခြင်းတပါး။
(၁၅) တရားနှင့်အညီ မြတ်သော အကျင့်ကို ကျင့်ရခြင်းတပါး။
(၁၆) အဆွေအမျိုးတို့ကို သင်္ဂြိုဟ်ထောက်ပံ့ရခြင်းတပါး။
(၁၇) အပြစ်မရှိသောအမှုတို့ကို ပြုရခြင်းတပါး။
(၁၈) မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ရခြင်းတပါး။
(၁၉) မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရခြင်းတပါး။
(၂၀) သေအရက်ကို သောက်ခြင်းမှ ကောင်းစွာ ရှောင်ကြဉ်ရခြင်းတပါး။
(၂၁) ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းတပါး။
(၂၂) ရိုသေအပ်သော သူတို့ကို ရိုသေရခြင်းတပါး။
(၂၃) မိမိကိုယ်ကို နှိမ့်ချရခြင်းတပါး။

(၂၄) ရောင့်ရဲလွယ်ရခြင်းတပါး။
(၂၅) သူပြုဘူးသောကျေးဇူးကို သိရခြင်းတပါး။
(၂၆) လျောက်ပတ်သော အခါ၌ တရားတော်ကို နာရခြင်း တပါး။
(၂၇) သည်းခံတတ်ရခြင်းတပါး။
(၂၈) သူတော်ကောင်းတို့ ဆုံးမစကားကို လိုက်နာ လွယ်ရ ခြင်းတပါး။
(၂၉) ရဟန်းမြတ်တို့ကို ဖူးမြင်ရခြင်းတပါး။
(၃၀) လျောက်ပတ်သော အခါ၌ တရားစကားကို ဆွေးနွေး မေးမြန်းရခြင်းတပါး။
(၃၁) မြိုးခြံစွာ ကျင့်ရခြင်းတပါး။
(၃၂) မြတ်သော အကျင့်ကို ကျင့်ရခြင်းတပါး။
(၃၃) အရိယာသစ္စာတရားတို့ကို မဂ်ဉာဏ်ဖြင့် သိမြင်ရခြင်း တပါး။
(၃၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းတပါး။
(၃၅) လောကဓံ တရား ရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း ရဟန္တာ ပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိခြင်း တပါး။
(၃၆) စိုးရိမ်ခြင်း မရှိခြင်းတပါး။
(၃၇) ကိလေသာဟူသော မြူမှ ကင်းခြင်းတပါး။
(၃၈) ဘေးမရှိခြင်းတပါး။

သုံးဆဲ့ရှစ်ဖြာမင်္ဂလာသရုပ်ပြီး၏။

# ၃၈-ဖြာ မင်္ဂလာသံပေါက်

(၁) အသေဝန၊ ဗာလာန၊ ရှောင်ကြဝေးဝေးခွါ။
(၂) ပဏ္ဍိတာနဉ္စ၊ သေဝန၊ ပေါင်းကြမိဝဲရာ။
(၃) ပူဇနိယ၊ ပူဇာစ၊ ပြုအပ်လှသည့်သာ။
(၄) ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
(၅) ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ။
(၆) ကိုယ်ကိုစောင့်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗူတာ။
(၇) အကြားအမြင်၊ မြားမြောင်စင်၊ ကြည်လင်အားထုတ်ပါ။
(၈) အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကျန်ရာ။
(၉) ဝိနယောစ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။
(၁၀) သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စွာ။
(၁၁) မာတာပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးပါ။
(၁၂) မယားသားအား၊ သင်္ဂြိုဟ်ငြား၊ တပါးမင်္ဂလာ။
(၁၃) အနာကုလ၊ ကမ္မန္တာ၊ ပြုကြမှုကိစ္စာ။
(၁၄) အလှူဒါန၊ ပေးဝေ၍၊ ထက်လှစေတနာ။
(၁၅) အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မဆွသူတော်စွာ။
(၁၆) ဉာတကာနဉ္စ၊ သင်္ဂဟ၊ မ,စ,သင်္ဂြိုဟ်ပါ။
(၁၇) အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည့်သာ။
(၁၈) အာရတီစ၊ အဓမ္မ၊ နေ့ညကြဉ်ကုန်ပါ။
(၁၉) ဝိရတီစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါပါ။
(၂၀) မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ။
(၂၁) ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နေ့ညမမေ့ရာ။
(၂၂) ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ။
(၂၃) နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ။
(၂၄) သန္တုဋ္ဌီစ၊ ရောင့်ရဲကြ၊ နိစ္စအလွယ်သာ။
(၂၅) သူ၏ကျေးဇူး၊ မထိမ်ပြူး၊ ကြည်နူးသိကုန်ပါ။

(၂၆) လျှောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြားအပ်သည်သာ။
(၂၇) သည်းခံနှုလုံး၊ သူတော်ထုံး၊ ရွှင်ပြုံးကျင့်အပ်စွာ။
(၂၈) ကောင်းသောစကား၊ ဆိုတတ်ငြား၊ အများကြည်မေတ္တာ။
(၂၉) ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းချွတ်မရှိရာ။
(၃၀) သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ညဆွေးနွေးရာ။
(၃၁) ခြိုးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်စရိယာ။
(၃၂) ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြပတ္တိတာ။
(၃၃) အရိယာသစ္စ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
(၃၄) နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်မင်္ဂလာ။
(၃၅) လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
(၃၆) စိုးရိမ်သောက၊ စိတ်မရှ၊ ကင်းကြလွယ်သည်သာ။
(၃၇) ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
(၃၈) အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။

သုံးဆဲ့ရှစ်ဖြာမင်္ဂလာသံပေါက်များပြီး၏။

# သုံးဆဲ့ရှစ်ဖြာမဟာမင်္ဂလာအမေးအဖြေ

မေး-ယခု အဘယ်စာကို သင်ပါသနည်း?။

ဖြေ-မဟာမင်္ဂလာသုတ်ကို သင်ပါသည်။

မေး-မဟာမင်္ဂလာသုတ်၌ မင်္ဂလာအပြား အဘယ်မျှရှိပါသနည်း?။

ဖြေ-သုံးဆဲ့ရှစ်ပါး အပြားရှိပါသည်။

မေး-အဘယ်ပါဠိကို ထောက်၍ သိရပါသနည်း?။

ဖြေ-ဒေသနာ နိဒါန်းဖြစ်သော အဋ္ဌတိံသဉ္စ မင်္ဂလံ......ဟူသော ပါဠိကိုထောက်၍သိရပါသည်။

မေး-အဘယ်မျှသော ဂါထာဖြင့် ဟောတော် မူပါသနည်း?။

ဖြေ-ဆယ်ဂါထာဖြင့် ဟောတော်မူပါသည်။

မေး-အဘယ်ပြည်တွင် ဟောသနည်း?။

ဖြေ-သာဝတ္ထိပြည်တွင် ဟောတော်မူပါသည်၊

မေး-သာဝတ္ထိပြည်တွင် အဘယ်အရပ်၌ ဟောတော်မူသနည်း?။

ဖြေ-ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည်။

မေး-ဇေတဝန်ကျောင်းတော်ဟု အဘယ်ကြောင့် ခေါ်သနည်း?။

ဖြေ-ဇေတမင်းသား၏ ဥယျာဉ်မြေကို ရွှေအသပြာအတိခင်းပြီးလျှင် မြေဘိုးပေး၍ ဆောက်သောကြောင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ဆိုပါသည်။

မေး-အဘယ်သူ ဆောက်သနည်း?။

ဖြေ-အနာထပိဏ်သေဋ္ဌေး ဆောက်ပါသည်။

မေး-အဘယ်သူ တောင်းပန်၍ ဟောတော်မူသနည်း?။

ဖြေ-အမျိုးအမည် မထင်ရှားသော နတ်သား တောင်းပန်၍ ဟောတော်မူပါသည်။

မေး-အဘယ်အခါ ဟောသနည်း?။

ဖြေ-သန်းခေါင်အခါ ဟောပါသည်။

မေး–ဤသို့ ဟောကြားခြင်းကို အရှင်အာနန္ဒာသည် အဘယ် ကြောင့် သိပါသနည်း?။

ဖြေ–မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်အား နတ်သား ကို ဟောကြားပြီးနောက် နှစ်ရက်မြောက်သောနေ့၌ ဤ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရား ဒေသနာတော်ကို အလုံးစုံ ဟောကြားတော်မူသည့်အတွက် သိပါသည်။

မေး–အရှင်အာနန္ဒာသည် ဤကဲ့သို့သိကြောင်း အဘယ်သူအား ပြောကြားသနည်း?။

ဖြေ–သက္ကရာဇ် ၁၄၈–ခု ဝါခေါင်လပြည့်ကျော် ၅–ရက်နေ့ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ရံဝယ် စရည်းပင်ရောက် ရာလိုဏ်၌ အဇာတသတ္တုမင်းကို အမှီပြု၍ ရှတင်အရာ တေဒဂ်ရ အရှင်မဟာကဿပအား အမှူးထားလျက် ရဟန္တာငါးရာတို့အား ပဌမ သင်္ဂါယနာ တင်ရာတွင် ပြောကြားပါသည်။

မေး–အရှင်မဟာကဿပဟု အဘယ်ကြောင့် ခေါ်သနည်း?။

ဖြေ–လယ်လုပ်ခြင်း အစရှိသော အမှုတို့ဖြင့် မွေးလျှော်တတ် ခြင်းရှိလေသောကြောင့် ထိုအမျိုးကို ကဿပ ဟူ၍ခေါ် ဝေါ်ရ၏၊ ထို "ကဿပ" ဟူသော အနွယ်အမျိုးမှ လယ် လုပ်ခြင်းစသည့်၌ ထိတ်လန့်သော သံဝေဂဉာဏ်ကို ရ၍ "ရဟန်း" ပြုလေသော ကြောင့်လည်း ထိုပုဂ္ဂိုလ်ကို "ကဿပ" ဟူ၍ပင်ခေါ်ဝေါ် သမုတ်ရပါ၏။

မေး–မင်္ဂလာသုံးဆဲ့ရှစ်ပါးဆိုသော် အဘယ်သည်တို့နည်း?။

ဖြေ–အသေဝနာစ ဟူသော ဂါထာ၌ မင်္ဂလာ–၃ ပါး။
ပတိရူပ ဟူသော ဂါထာ၌ မင်္ဂလာ–၃ ပါး။
ဗာဟုသစ္စဉ္စ ဟူသော ဂါထာ၌ မင်္ဂလာ–၄ ပါး။
မာတာပိတု ဟူသော ဂါထာ၌ မင်္ဂလာ–၃ ပါး။
ဒါနဉ္စ ဟူသော ဂါထာ၌ မင်္ဂလာ–၄ ပါး။

အာရတိ ဟူသော ဂါထာ၌ မင်္ဂလာ—၄ ပါး။
ဂါရဝေါစ ဟူသော ဂါထာ၌ မင်္ဂလာ—၅ ပါး။
ခန္တီစ ဟူသော ဂါထာ၌ မင်္ဂလာ—၄ ပါး။
တပေါစ ဟူသော ဂါထာ၌ မင်္ဂလာ—၄ ပါး။
ဖုဋ္ဌဿ ဟူသော ဂါထာ၌ မင်္ဂလာ—၄ ပါး။
ဤသို့အားဖြင့် သုံးဆဲ့ရှစ်ပါးရှိပါသည်။ —၃၈ ပါး။

မေး—အသေဝနာစ အစရှိသော ပဌမဂါထာ၌ မင်္ဂလာသုံးပါး ဆိုသော် အဘယ်သည်တို့နည်း?။

ဖြေ—(၁) လူမိုက်တို့ကို မမှီဝဲမဆည်းကပ် ရခြင်းသည်လည်း မင်္ဂလာတပါး။

(၂) ပညာရှိသော သူတို့ကို မှီဝဲဆည်းကပ်နှီးနှော ရခြင်းသည်လည်း မင်္ဂလာတပါး။

(၃) ဘုရား အစရှိသော ပူဇော် ထိုက်သော သူတို့အား ပူဇော်ခြင်း အရိုအသေ အလေးအမြတ်ပြုခြင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် အသေဝနာစ အစရှိသော ပဌမဂါထာ၌ မင်္ဂလာသုံးပါးရှိပါသည်။

မေး—ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဂါထာ၌ မင်္ဂလာသုံးပါး ဆိုသော် အဘယ်သည်တို့နည်း?။

ဖြေ—(၁) တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတပါး။

(၂) ရှေးကပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်းသည်လည်း မင်္ဂလာတပါး။

(၃) မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ရခြင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် ပတိရူပဒေသဝါသောစ အစရှိသော ဒုတိယဂါထာ၌ မင်္ဂလာသုံးပါးရှိပါသည်။

**မေး**–ဗာဟုသစ္စ အစရှိသော တတိယဂါထာ၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း?။

**ဖြေ**–(၁) ကျမ်းဂန်တရား အကြား အမြင် များရခြင်းသည်လည်း မင်္ဂလာတပါး။

(၂) အပြစ်ခပ်သိမ်းကင်းသော အတတ်တို့ကို တတ်ရခြင်းသည်လည်း မင်္ဂလာတပါး။

(၃) ကောင်းစွာ သင်အပ်သော ဝိနည်း တရား တို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာတပါး။

(၄) အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို ပြောဆိုရခြင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် ဗာဟုသစ္စ အစရှိသော တတိယ ဂါထာ၌ မင်္ဂလာလေးပါးရှိပါသည်။

**မေး**–မာတာပိတု အစရှိသော စတုတ္ထ ဂါထာ၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း?။

**ဖြေ**–(၁) အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည်လည်း မင်္ဂလာတပါး။

(၂) သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။

(၃) အနှောင့်အရှက်မရှိသော လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစသော အမှုတို့ကို ပြုရခြင်းသည်လည်းမင်္ဂလာတပါး။

ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထဂါထာ၌ မင်္ဂလာသုံးပါးရှိပါသည်။

**မေး**–ဒါနဥ္စအစရှိသော ပဥ္စမဂါထာ၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း?။

ဖြေ–(၁) အလှူပေးခြင်းသည်လည်း မင်္ဂလာတပါး။
(၂) တရားကိုကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး။
(၃) အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်း မင်္ဂလာတပါး။
(၄) အပြစ် မရှိသော အကြောင်း အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် ဒါနဉ္စ အစရှိသော ပဉ္စမဂါထာ၌ မင်္ဂလာလေးပါးရှိပါသည်။

မေး–အာရတိ အစရှိသော ဆဋ္ဌမဂါထာ၌ မင်္ဂလာလေးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ–(၁) မကောင်းမှုကို မပြုမူ၍ ဝေးစွာ ကြဉ်ရှောင် ရခြင်းသည်လည်း မင်္ဂလာတပါး။
(၂) ကိုယ်၏ အသက်ကို ငဲ့ကွက်ခြင်းကင်းသောစိတ်ဖြင့် ငါသည် မကောင်းမှုကို မပြုပြီ၊ ငါ၏အသက် သေသော်လည်း သေပါစေ၊ သူ၏အသက်ကိုမသတ်, သူ့ဥစ္စာကို ခိုးယူခြင်း အစရှိသော အမှုကို မပြုပြီဟု အထူးသဖြင့် ကြဉ်ရှောင်ရခြင်းသည်လည်း မင်္ဂလာတပါး။
(၃) သေမျိုးယစ်မျိုးငါးပါးကို သောက်စားခြင်းမှ စောင့်စည်းရခြင်းသည်လည်း မင်္ဂလာတပါး။
(၄) ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ, တည်းဟူသော ကုသိုလ်တရား ၁၀-ပါးတို့၌ မမေ့မလျော့ရခြင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် အာရတိ အစရှိသော ဆဋ္ဌမဂါထာ၌ မင်္ဂလာတရားလေးပါးရှိပါသည်။

မေး–သုရာငါးပါးဆိုသည်ကား အဘယ်နည်း။

ဖြေ–(၁) ဝိဋ္ဌသုရာ–မှုန့်ညက်ဖြင့် ပြုအပ်သော သေ။
(၂) ပူဝသုရာ–မုန့်ဖြင့် ပြုသော သေ။
(၃) ဩဒနသုရာ–ထမင်းဖြင့် ပြုသော သေ။
(၄) ကိဏ္ဏပက္ခိတ္တသုရာ–တဆေးထည့်၍ ပြုသော သေ။
(၅) သမ္ဘာရသံယုတ္တာ–များစွာသော အဆောက် အဦး တို့ဖြင့်ပြုသောသေ။

ဤသည်ကား သုရာငါးပါး ဖြစ်ပါသည်၊ ဤသုရာ ငါးပါးကို သေမျိုးဟု ခေါ်ပါသည်။

မေး–မေရယငါးပါး ဆိုသည်ကား အဘယ်နည်း?။

ဖြေ–(၁) ပုပ္ဖါသဝေါ– အပွင့်အရည်တို့ဖြင့် ပြုသော အရက်။
(၂) ဖလာသဝေါ–သစ်မည်စည်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်။
(၃) မဓွာသဝေါ–မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်။
(၄) ဂုဠ္ဓာသဝေါ–ကြံရည်စသည်တို့ဖြင့် ပြုသောအရက်။
(၅) သမ္ဘာရ သံယုတ္တော–များစွာသော အဆောက်အဦးတို့ဖြင့် ပြုသော အရက်။

ဤသည်ကား မေရယငါးပါး ဖြစ်ပါသည်။

မေး–ဂါရဝေါစ အစရှိသော သတ္တမဂါထာ၌ မင်္ဂလာငါးပါးဟူသည်ကား အဘယ်သည်တို့နည်း?။

ဖြေ–(၁) အရွယ်,ဇာတ်,ဂုဏ်ကြီးသောသူတို့အား အရိုအသေ အလေးအမြတ်ပြုရခြင်းသည်လည်း မင်္ဂလာတပါး။
(၂) မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာတပါး။
(၃) ရရသမျှသော ပစ္စည်းအသုံးအဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်းသည်လည်း မင်္ဂလာတပါး။
(၄) သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာတပါး။

(၅) လျှောက်ပတ်သော အခါ တရားတော်ကို နာရခြင်း သည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် ဂါရဝေါစ အစရှိသောသတ္တမဂါထာ၌ မင်္ဂလာ တရားငါးပါးရှိပါသည်။

**မေး**–ခန္တီစ အစရှိသော အဋ္ဌမ ဂါထာ၌ မင်္ဂလာတရားလေးပါး ဟူသည်ကား အဘယ်နည်း?။

**ဖြေ**–(၁) သည်းခံရခြင်းသည်လည်း မင်္ဂလာတပါး။

(၂) သူတော်ကောင်းတို့ ဆိုလွယ်သောသူ၏ အဖြစ် သည်လည်း မင်္ဂလာတပါး။

(၃) ရဟန်း ပုဏ္ဏားတို့အား ဖူးမြင် ရခြင်းသည်လည်း မင်္ဂလာတပါး။

(၄) လျှောက်ပတ်သော တရားစကားကို နှီးနှောပြောဆို ဆွေးနွေးမေးမြန်းရခြင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် ခန္တီစ အစရှိသော အဋ္ဌမဂါထာ၌ မင်္ဂလာ တရားလေးပါးရှိပါသည်။

**မေး**–တပေါစ အစရှိသော နဝမဂါထာ၌မင်္ဂလာတရားလေးပါး ဟူသည်ကား အဘယ်သည်တို့နည်း?။

**ဖြေ**–(၁) ခြိုးခြံစွာကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး။

(၂) မြတ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ တည်းဟူသော ဖြဟ္မစိုရ် တရားတို့ကို ကျင့်ရခြင်း သည်လည်း မင်္ဂလာတပါး။

(၃) အရိယာသစ္စာ တရားမှန်တို့ကို သိရခြင်းသည်လည်း မင်္ဂလာတပါး။

(၄) အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် တပေါစ အစရှိသော နဝမဂါထာ၌ မင်္ဂလာ တရားလေးပါးရှိပါသည်။

**မေး**–ဗုဒ္ဓသာ အစရှိသော ဒသမဂါထာ၌ မင်္ဂလာတရားလေးပါးဟူသည်ကား အဘယ်သည်တို့နည်း။

**ဖြေ**–(၁) လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ, ပသံသာ, သုခံ, ဒုက္ခံ တည်းဟူသော လောကဓံတရားရှစ်ပါးတို့နှင့် တွေ့သော ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး။

(၂) ထိုလောကဓံတရား ရှစ်ပါးတို့နှင့် တွေ့သောအခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတပါး။

(၃) ကိလေသာဟူသော အညစ်အကြေးမှ သန့်ရှင်းခြင်းသည်လည်း မင်္ဂလာတပါး။

(၄) ကြောက်မက်ဘွယ် ဘေးရန် ကင်းသည်လည်း မင်္ဂလာတပါး။

ဤသို့အားဖြင့် ဗုဒ္ဓသာ အစရှိသော ဒသမဂါထာ၌ မင်္ဂလာတရားလေးပါးရှိပါသည်။

**မေး**–ဤသုံးဆဲ့ရှစ်ဖြာ မင်္ဂလာ တရားတော်ကို ကြားနာရသည့်အတွက် နတ်သားအပေါင်းမည်မျှ မဂ်တရား ဖိုလ်တရား ရကြကုန်သနည်း။

**ဖြေ**–ဤသုံးဆဲ့ရှစ်ဖြာ မင်္ဂလာ တရားတော်၏ အဆုံး၌ ကုဋေတသိန်းကုန်သောနတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏၊ အောက်ဖိုလ်သုံးပါးသို့ ရောက်ကုန်သော နတ်တို့သည်ကား ရေတွက်ခြင်း၏လမ်းကို လွန်ကုန်၏။

**မေး**–ဤသုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားတော်ကို မှတ်သား နာယူရသည့်အတွက် မည်သည့်အကျိုး ကျေးဇူးများ ခံစားရပါသနည်း။

**ဖြေ**–ဤသုံးဆဲ့ရှစ်ဖြာ မင်္ဂလာအပေါင်း တရားကောင်း တရားမြတ်ကို အထပ်ထပ်ဘတ်သောသူ, ကျက်သောသူ, ကြား

သောသူ, ကျင့်သောသူ, ကြားသောသူ, နာသောသူ, မှတ်သောသူ, ဆွေးနွေးမေးမြန်းသောသူ, ထိုသူအပေါင်းတို့မှာ မည်သည့်အရပ်၌မဆို ထိုထိုတွင်းပ ဘေးဘယတို့မှ ဖြေလွှတ်ကင်းလျက် နှိပ်စက်ခြင်း ကင်းကွာကုန်သည်ဖြစ်၍ ပဋ္ဌပြုန်သံသရာ ဖြစ်လေရာဝယ် ကာယစိတ္တသုခနှစ်ပါး ပွားထက်ပွား၍ စိတ်သွားတိုင်းကိုယ်ပါလိုရာပြီးမြောက် ချမ်းသာခြင်းသို့ ရောက်ခြင်းစသော အကျိုးထူးဝိသေသတို့ကို ခံစားစံစားကြရပါသည်။

သုံးဆဲ့ရှစ်ဖြာမဟာမင်္ဂလာအမေးအဖြေပြီး၏။

---

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာ့အေး

၂၇၂၂

# ၃၈–ဖြာ မင်္ဂလာကဗျာများ

## အသေဝနာစ

၁– လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို၊
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## ပတိရူပ

၂– ကုသိုလ်ပညာ ဥစ္စာရဘို့၊
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဘူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို၊
မတိမ်းစေနှင့် ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## ဗာဟုသစ္စဉ္စ

၃– တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။

ဒိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဘို့ အတတ်သင်လေ။
လူ့နှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး၊
ဆိုရေး တတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## မာတာပိတု

၄— မြင့်မိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကြွေးသစ်ချကာ သားနှင့်မယား၊
မြောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## ဒါနဥ္စ

၅— သုံးတန်စေတနာ ပြုစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မရိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနှင့် ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုကျိုး၊
သည်ပိုး ရွက်ဆောင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## အာရတိ ဝိရတိ

၆– မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊
တရား မမေ့စေ။
အဲဒါမှ ဇမ္ဗူဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## ဂါရဝေါစ

၇– အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရှိသေသေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုယ်နှိမ့်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ၊
ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူး၊
အထူး သိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊
နာကြား မပြတ်ပေ။
အဲဒါမှ ဇမ္ဗူဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## ခန္တီစ

၈– ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။

ကျိုးကြောင်းပြည့်ွန် ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊
ဆွေးနွေး မပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

တပေါင်း

၉— လောကီအာရုံ ဖိမ်ယစ်မှုးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာ ဖြပ်ဗွမိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အသင်း ပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

မုဋ္ဌသ

၁၀—ဆင်းရဲချမ်းသာ သဘာဝ၊
တွေ့ကြုံနေကျ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊
တလဲစိတ်ကွဲ့ အမြဲနေ။
လောကဓံကြို မဖြုံတမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမ္မက်သိမ်း၊
အေးငြိမ်း ချမ်းသာနေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့ မင်္ဂလာတွေ။ ။

## မင်္ဂလာ၏အကျိုး

က– သုံးဆဲ့ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကြွက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးကင်းရန်ကွာ ချစ်သူပေါ်လို့၊
စိတ်ရော ကိုယ်ရော ချမ်းသာမလေး။
ပြောဆိုကြံဆ ဆောင်သမျှ၊
အောင်ရမည် ကိန်းသေ။
အဲဒါကြောင့် ပန်ကြ ဆင်ကြ၊ မင်္ဂလာ့ ပန်းခိုင်တွေ။ ။

ဒဂုန်-ဦးထွန်းမြင့်

မုံရွာမြို့နယ်အတွင်းက

# မိုးညှင်းဆရာတော်ဘုရားကြီး

ရေးသားအပ်သည့်

## သုံးဆဲ့ရှစ်ဖြာမင်္ဂလာ ရှစ်လုံးဘွဲ့ကဗျာများ

(၁) ဗာလံ လူမိုက်—မပေါင်းထိုက်ပေ၊
ပညာရှိအား—ပေါင်းဖြားမသွေ။
ပူဇော်ထိုက်က-ပြုကြပူဇေ၊
ဤသုံးပါး—မှတ်သားနာယူလေ။ ။

(၂) တင့်အပ် လျောက်ပတ်-အရပ်မှာနေ၊
ကုသိုလ်ဟိုရှေး-ပြုရေးမသွေ။
လောကီ လောကုတ်—မယုတ်အောင်လေ၊
မိဋ္ဌာန်ထား—မှတ်သားဤသုံးထွေ။ ။

(၃) ဗဟုသုတ—များလှကျမ်းဂန်၊
အပြစ်ကင်းတဲ့-တတ်ခြင်းတဖန်။
ဝိနည်းအတတ်-ထပ်ထပ်သင်ပြန်၊
စကားကောင်း-မစောင်းဆိုလေမှန်။ ။

(၄) မိဘဘိုးဘေး—လုပ်ကျွေးတသွယ်၊
သားနှင့်မယား-ထောက်ထားရမယ်။
နှောင့်ရှက်ကင်းလို—လယ်ဆင်းကုန်သွယ်
ဤသုံးပါး—မှတ်သားနာယူလွယ်။ ။

(၅) အလှူဒါန—ပြုကြသုံးတန်၊
တရားမယိမ်း-ထိန်းသိမ်းကျင့်ကြံ။
ဆွေမျိုးအပေါင်း—ကောင်းကောင်းထောက်ပန့်၊
ပြစ်မရှိ—ပြုဘိမှုဖန်ဖန်။ ။

(၆) မကောင်းမှုများ-ပယ်ရှားတွန်းလှန်၊
နှုတ်မှုကိုယ်မိုက်-ရှောင်လိုက်မြန်မြန်။
သေရည်သေရက်-မဖက်တန်တန်၊
ကုသိုလ်ရေး-နှောင့်နှေးမမေ့ပြန်။ ။

(၇) ရှိသေထိုက်က-ပြုကြရှိသေ၊
ကိုယ့်ကိုယ်ကိုယ်နှိမ့်-သိုသိမ့်ထွေထွေ။
ပစ္စည်းရောင့်ရဲ-မလွဲနိုင်ပေ၊
သူ့ကျေးဇူး-ပြုဘူးသိကြလေ။
တရားပေး-နာရေးလိုက်ကြလေ။ ။

(၈) သုခဒုက္ခ-နှစ်ဝသည်းခံ၊
ရဟန်းပုဏ္ဏား-ဖူးမြှားဖန်ဖန်။
ဆုံးမစကား-မှတ်သားနာခံ၊
တရားရေး-ဆွေးနွေးတိုင်ပင်ပြန်။ ။

(၉) မြိုးခြံသဘော-လိုက်လျောအောင်နေ၊
မေထုန်တရား-ရှောင်ရှားပါလေ။
သစ္စာလေးဝ-သိကြပါလေ၊
နိဗ္ဗာန်ရောက်-မျက်မှောက်ပြုကြစေ။ ။

(၁၀) လောကဓံများ-ရှစ်ပါးတွေ့သည်၊
ရဟန္တာမြတ်-စိတ်ဓာတ်တည်ကြည်။
စိုးရိမ်မြူကင်း-လွတ်ကင်းလေပြီ၊
ဘေးအတိ-မရှိစုံအညီ။ ။

[၁၂၉၆-ခုတပို့တွဲလ]

# ၃၈-ဖြာ မင်္ဂလာ ရှစ်လုံးဖွဲ့ကဗျာ

(က) ဆဲ့နှစ်နှစ်မျှ—ကာလရှည်ကြာ၊
နတ်လူခပင်း—အငြင်းဖြစ်ခါ။
ဒိဋ္ဌသုတ—မုတမင်္ဂလာ၊
အယူများ—မှန်မှားမသိရှာ။

(ခ) ဝတိ ဘုံသား—သိကြားဒေဝါ၊
ဘုရားထံမှောက်— လာရောက်သေချာ။
လျှောက်မေးကာလ—လျှ့ဘမြတ်စွာ၊
သုံးဆဲ့ရှစ်—ဟောလစ်မင်္ဂလာ။

(၁) လူမိုက်ဗာလ—ဝေးကရှောင်ခွာ၊
ပညာရှိနှင့်—ပေါင်းသင့်လေတာ။
ဂုဏ်လျှံမြင့်မောက်— ချီးမြှောက်ပူဇာ၊
ဤသုံးရပ်—မြင့်မြတ်မင်္ဂလာ။

(၂) လျှောက်ပတ်ဒေသ—နေကြလေရာ၊
ရှေးကဆည်းပူး—ကျိုးထူးဝေဆာ။
စိတ်ရင်းစိတ်ထား—ဖြောင့်သားစေပါ၊
ဤသုံးရပ်—မြင့်မြတ်မင်္ဂလာ။

(၃) ဗဟုသုတ—သိပ္ပဖြာဖြာ၊
ဆိုင်ရာဝိနည်း—တတ်သည်းလိမ္မာ။
ကောင်းမြတ်စကား—ပြောကြားပေရာ၊
ဤလေးရပ်—မြင့်မြတ်မင်္ဂလာ။

(၄) မိဘကျေးဇူး—အထူးဆပ်ခါ၊
သားမယားများ—မြှောက်စားလေပါ။
နှောင့်ရှက်လွှတ်ကင်း-လုပ်ခင်းဆောင်ဟာ၊
ဤသုံးရပ်--မြင့်မြတ်မင်္ဂလာ။

(၅) ဒါနလှူပြား–တရားကျင့်ရာ၊
ဉာတိဆွေမျိုး–အကျိုးဆောင်ပါ။
အပြစ်ကင်းပ–ကမ္မကိစ္စာ၊
ဤလေးရပ်–မြင့်မြတ်မင်္ဂလာ။

(၆) မကောင်းမှုမှ–ဝေးကရှောင်ခွာ၊
သေသောက်ခြင်းဖြုတ်–ကိုယ်နှုတ်စောင့်ပါ။
ကောင်းမှုဟူသရွေ့–မမေ့စေရာ၊
ဤလေးရပ်–မြင့်မြတ်မင်္ဂလာ။

(၇) ရိုသေတုပ်ကွ–မာနနှိမ်ကာ၊
တင်းတိမ်ရောင့်ရဲ–လက်ထဲရရာ။
ကျေးဇူးသိပြား–တရားကိုနာ၊
ဤငါးရပ်–မြင့်မြတ်မင်္ဂလာ။

(၈) သည်းညည်းခံရ–ဆုံးမလွယ်ရာ၊
ရဟန်းအများ–ဖူးပြားပန်ထွာ။
တရားဆွေးနွေး–ပြုရေးရံခါ၊
ဤလေးရပ်–မြင့်မြတ်မင်္ဂလာ။

(၉) ပြိုးခြိတပ–ဗြဟ္မစရိယာ၊
သစ္စာလေးဝ–သိရမှန်စွာ။
နိဗ္ဗာန်ထုတ်ခြောက်–မျက်မှောက်ပြုရာ၊
ဤလေးရပ်–မြင့်မြတ်မင်္ဂလာ။

(၁၀) လောကဓံတွေ့–မရွေ့တည်ပါ၊
စိုးရိမ်ကင်းပ–ရာဂမြူကွာ။
ဘေးရန်မခ–အေးမြချမ်းသာ၊
ဤလေးရပ်–မြင့်မြတ်မင်္ဂလာ။

(ဂ) ဤသုံးဆဲ့ရှစ်–စင်စစ်မင်္ဂလာ၊
လုံးစုံပြည့်ဝ–ရှိကြသူမှာ။
ဆင်းရဲဟူက–မြူမျှမလာ၊
သုခမျိုး–ပြည့်ဖြိုးနိဗ္ဗူတာ။

(ဃ) ရေချိုကုတ်ကရ–နာမခေါ်တွင်၊
ဆရာအိက-ဝတ်စတည်ထွင်။
တရားဓမ္မ–ဟောပြနေ့စဉ်၊
တပည့်များ–သိကြားစေဘို့ပင်။

ဆရာအိ
စကုမြို့။

---

မင်္ဂလာပုံပြင်မှ

# ဤသုံးဆဲ့ရှစ်ပါးနှင့် အညီကျင့်ပါ ကြိုးပွားရမည်

## လေးဆစ်ကဗျာ

မင်္ဂလာ ကျင့်ဝတ်များကိုဖြင့်၊ မှတ်သား၍ ကျင့်ကြံလျှင်။ ။ အောင်ရမယ် အမှန်သာပ၊ သံသရာ တလျှောက်လုံးမှာ၊ ရှုံး ဘို့ မမြင်။ ။ဘယ်ရပ်တဲ့ဘယ်ခါပင်၊ဘယ်မှာပင်နေအုံး။ ။ခနွှေငွေနဲ့၊ ဂုဏ်သရေ ချမ်းသာ တိုးလိမ့်မယ်၊ ကြိုး၍ကျင့်သုံး။ ။

## ဂတိပြုချက်

ထောင့်သုံးရာတဆယ်တွင်း၊သစ်ဆင်းလ ဆန်းချိန်ခါ။ ။ဗုဒ္ဓ ဘာသာတို့၊မင်္ဂလာ ကျင့်ဝတ်များကို၊ နားဝင်ဘို့ရာ။ ။ခေတ်နှင့် သာညီစွာပစီကုံး။ ။အမှန် ကျင့်လျှင်ဖြင့်၊ တန်းမြင့်မယ် သေအာ ချာမို့၊ ချမ်းသာမည်ဂတိပေးလိုက်မယ်၊ တွေးဉာဏ်နှင့်သုံး။ ။

## နိဒါန်း

မန္တန်းတန် ဝိဇ္ဇာယျ၊ သုံးလောက မြတ်ဆရာ။ ။သာဝတ္ထိ သရေလျှန်တဲ့၊ ဇေတဝန် မြတ်ရွှေကျောင်းမှာ၊ ကိန်းအောင်း သည့်ခါ။ ။နတ်များစွာ အခါမဲ့ညကြီး။ ။လျှောက်ထား တောင်း ပန်လို့၊ မင်္ဂလာ သည်တရားကို၊ ဟောခဲ့အပြီး။ ။

## ပဌမ ကျင့်ဝတ် ၃ ပါး

လူမိုက်များ ကိုဖြင့်၊ ရှောင်ရှားမှ တော်လိမ့်မယ်။ ။ပညာ ရှိပါတဲ့၊ ကဝိ သူတော်ကောင်းကို၊ ပေါင်းကြအလွယ်။ ။ဘုရား နှင့် သံဃာရယ်၊မိဘကွယ် နှစ်မျိုး။ ။ပူဇော်ထိုက်သူမို့၊စိတ်လိုက် မာန်ပါနှင့်၊သံသရာအစဉ်ကောင်းဖို့အောင်၊ခေါင်းချရှိခိုး။ ။

## ဒုတိယ ကျင့်ဝတ် ၃ ပါး

သင့်တော်စွာနေရာကောင်းပါမှ၊အပေါင်းတို့ ကြီးပွားမယ်။ ။ ကိုယ်ပြု ကိုယ်ခံမို့၊ သမ္မာကံ ရောင်ဝါ တောက်ခဲ့လျှင်၊ ဖြိုးမောက် တင့်တယ်။ ။ကမ္ဘာလုံး လူအလယ်၊ ထယ်ဝါဘို့ မှတ်သား။ ။ ကိုယ့်ကိုယ်ကို ကိုယ်စောင့်ထိန်းပါက၊ ခပ်သိမ်းလူ ချမ်းသာ မြင့်မယ်၊ဘုန်းရှင့်တရား။ ။

## တတိယ ကျင့်ဝတ် ၄ ပါး

ဘာသာစုံ အတတ်များ၊သင်ကြားကြ ကြိုးစားကာ။ ။လက် မှုပညာနဲ့၊ စက်မှုပါ တတ်ကျင်ကျွမ်းအောင်၊ ကြိုးပမ်းကြပါ။ ။ ကိုယ်ကျင့်မှာ တရားသာထပ်လောင်း။ ။အပြောအဆိုဟာ၊နှုတ်ချို သာ လိမ္မာတွဲဘို့ရယ်၊ခဲကြစေကြောင်း။ ။

## စတုတ္ထ ကျင့်ဝတ် ၃ ပါး

ကျေးဇူးရှင်မိနှင့်ဘ၊မြဲနိစ္စ လုပ်ကျွေးပါ။ ။ရင်သွေးရတနာနဲ့၊ ချစ်လှစွာ ကြင်ဇနီးကို၊ ပြီးစောင့်ရှောက်ရာ။ ။လုပ်ကိုင်မှု အ ဖြာဖြာ၊ တာဝန်ကိုသိရေး။ ။ဝတ္တရားကိုလ၊ ပျက်ပြား သွေမ မတိမ်းအောင်၊ ထိန်းရမယ်လေး။ ။

## ပဉ္စမကျင့်ဝတ် ၄ ပါး

စေတနာ ပြဋ္ဌာန်းလို့၊ လှူဒါန်းကြ သင့်သလို။ ။ရှစ်ပါးအင်္ဂါနဲ့၊ မြင့်မြတ်စွာ ထိုသီလကို၊ ထိန်းကြဘို့ဆို။ ။ဆွေမျိုးကို ငြိုငြင်စေမှုနှင့်ရှောင်မ။ ။မှုတမျိုးသာပ၊ သူ့ကျိုးကို သယ်ဆောင်လို့၊ နောင်အခါ နာမည်မွှေးအောင်၊ တွေးပြု ပါကြ။ ။

## ဆဋ္ဌမကျင့်ဝတ် ၄ ပါး

မကောင်းရာ ဟူသမျှ၊ စိတ်တွင်မှုမကြံရာ။ ။စက်ဆုပ်ဘွယ် ယုတ်မာခြင်းကို၊ ကွင်းရှောင် ကြပါ။ ။အရက်တဲ့ သေစာ၊ သောက်ပါနဲ့ ရှောင်ရှား။ ။မြတ်ဓလေ့ရယ်နဲ့၊ မမေ့ရာကုသိုလ်ရေးကို၊ လေးမြတ်လိုက်စား။ ။

## သတ္တမကျင့်ဝတ် ၅ ပါး

အသက်ဂုဏ်ကြီးပါက၊ ရိုသေကြလေပါ။ ။မမောက်ကြွားပါနှင့်၊ တရား ကိုယ်မှာ သွင်းလို့၊ တင်းတိမ့် လွယ်ရာ။ ။သူ့ကျေးဇူးကိုလ၊ အထူးပသိတတ်ပါ၊ ဘယ်ခါမှမမေ့ကောင်း။ ။အချိန် အားစေ၍၊ တရား တွင်တွင် နာရမည်၊ ချမ်းသာ ရကြောင်း။ ။

## အဋ္ဌမကျင့်ဝတ် ၄ ပါး

အမျက်နည်းစေဘို့၊ သည်းညည်းတဲ့ ခံကြပါ။ ။မာန်မကြွပါနဲ့၊ ဆုံးမသွန်သင်က၊ ကြည်လင်စွာနာယူရမယ်၊ ရှေးကတံထွာ။ ။မြတ်သံဃာ ဖူးမြင်ပါကွဲ့ အမြဲ။ ။တရားရေးကိုလ၊ ဆွေးနွေးကာ ဉာဏ်မြင်ကြီးအောင်၊ မှီးကြ ခပဲ။ ။

## နဝမကျင့်ဝတ် ၄ ပါး

ဈာန်ခြေ ချုပ်တည်းလို့၊ စောင့်စည်းမှ တော်မယ်။ ။ဗြဟ္မစာရိယာ၊ မြတ်ဝသီ အကျင့်များကို၊ အားထုတ် သွယ်သွယ်။ ။

သစ္စာမြတ်အင်လေးသွယ်ကို၊ အကယ်ပင်သိရေး။ ။အရဟတ္တ ဖိုလ်ဟု၊ နိဗ္ဗာန်ကိုမြင်စေမှုငယ်၊ တွေးရှုနက်လေး။ ။

ဒသမကျင့်ဝတ် ၄ ပါး

မှုအရာ သေးနုပ်လို့၊တုန်လှုပ်မှု မရှိရာ။ ။တွေးတော မပူပန်နဲ့၊ လောကဓံ သည်တရားမှာ၊ များမလွတ်သာ။ ။တွေ့သမျှ အာရုံမှာ၊ ကင်းပါက မက်မောှ ။ငြိမ်းချမ်း သာယာတဲ့၊ မြင့်မြတ်စွာ စိတ်နှလုံးကို၊ သုံးကြစေသော။ ။

**သုစမ္မဝတီ-ဦးပန်းမောင်။**
**ဓမ္မာစရိယဦး အောင်မိုး။**

---

# သုံးဆဲ့ရှစ်ဖြာမင်္ဂလာတေးထပ်

(၁) ဗာလာနံလူမိုက်ဖျင်း၊ ကွေကွင်းမှတော်မည်၊ နေရင်းပအဖော်ညီလျှင်၊ မလျော်ပြမှတ်ထား။ ။ပညာရှိနှင့်ပေါင်းဖက်ပါလျှင်၊သောင်းစကြဝဠာ ကောင်းမည်မမှား။ ။ဆန်းပက္ခ လအသွင်လို၊ ဘဝတွင်ထင်ရှား၊ များသူငါခင်ပြေးလျက်၊ အစဉ်သားကျော်တာ။ ။ထိုက်သူကိုပူဇော်ကြ၊ ပူဇာစ ပူဇနေယျာ။ ။သုံးဆဲ့ရှစ်မြတ်မင်္ဂလာ၊ တတ်ဆင်ကာ ကျင့်သွားက၊ လူအများ ကြည်ညိုကြသည်-မှိုရိုရမည်။ ။ပြည်ဗဟိုအမတ မြတ်ဌာနီကို၊ ထပ်ခါတလီ ရောက်ကြောင်းပလေး။

(၂) ပတိရူပ ရပ်ဒေသ၊ ဖြစ်အခြေကျနေပါ၊ မြတ်ပရမေဘဂဝရွှေစာ၊သေအချာ မှတ်စမ်း။ ။ရှေးဘဝ ပြုခဲ့တာ၊ ချန့်ခါပေးတဲ့ကံစွမ်း။ ။ကိုယ်နှင့်စိတ် နှစ်ပါးလုံအောင်၊ တအားကုန်ကြိုးပမ်း၊ အလကားတဖုံ မဆိုးမသွမ်း ရအောင်၊ တမျိုးတမ်းရှောင်ပါ။ ။ကောင်းဘက်မှာ စိတ်သန်စွမ်းလျှင်ဖြင့်၊ နိဗ္ဗာန်နန်းနီးပေါ့သေချာ။ ။စောသတ္တတို့မြတ်စွာ၊ ဟောကြားကာ အစဉ်

အလာ ပွားစေဘို့၊မင်္ဂလာတရား သုံးဆဲ့ရှစ်ဖြာ-ဘုန်းရဲ့မေတ္တာ။ ။ ထုံးဖွဲ့၍လှစ်ပါပျော်၊ ရှစ်ကမ္ဘာမေ့ဘူးကွဲ့လေး။

(၃) ကြားအမြင် သုတ၊ ဗာဟုစ မင်္ဂလာ၊ ပြစ်မရှိပညာကို၊ တတ်မြောက်စွာ သင်ငြား။ ။ဝိနယ နှစ်ဖြာကို၊မှန်စွာပင် မှတ်ကြအများ။ ။သုဘာသိတာမှာ၊မုသာကိုကြဉ်ထား၊ ပိသုဏာဝါစာ များ၊ ရှောင်ရှားကြဝေးစွာ။ ။မင်္ဂလာ ဤလေးရပ်၊ မှတ်ပါကြ များရှင်လူသာ။ ။မြတ်ဗုဒ္ဓ မိန့်မှာသည်၊ မင်္ဂလာ မှတ်သားလို၊ မြတ်တရားဒေသနာ-ကျင့်လိုက်ကြပါ။ ။ငြိမ်းချမ်းရေး ရိပ်သာ ကို၊ ခုမကြာ ရောက်ကြောင်းပလေး။

(၄) မိန္နှစ်ဖြာ ပိတု၊လုပ်ကျွေးမှုမင်္ဂလာ၊ သားမယား ထောက်ပံ့တာမှာ၊ မင်္ဂလာတပါး။ ။ပြစ်မရှိ ကုသလာကို၊ ဆည်းပူးကာ ကျင့်ကြအများ။ ။နှောင့်ရှက်ခြင်း ကင်းရာ၊ ကုသလာ မှတ်သား၊ ပြုစရာ တရားမတော့၊ မြတ်ဘုရားမိန့်လာ။ ။မင်္ဂလာ ‘ဟူသမျှ၊ ဆောင်ရွက်ကြ များလူတကာ။ ။သုံးဆဲ့ရှစ် ဒေသနာကို၊ သွေမကွာ ကျင့်ငြားက၊ မလားကြ ပယ်လေးတန်-ထက်နတ်ပြည်မှန်။ ။ခုမျက်မှောက် ဘေးဒဏ်မှာ၊ ဝေးလံစွာ ရှိကြောင်းပ လေး။

(၅) မြတ်ကုသိုလ် ဒါန၊ပြုကုန်ကြ ဓမ္မာ၊မြတ်ပုညဆယ်ဖြာကို၊ ကျင့်ကုန်ရာအများ။ ။ဆွေမျိုးများ ထောက်ပံ့ရာဝယ်၊ မင်္ဂလာ မှတ်ကြတပါး။ ။ပြစ်မရှိကုသလာ၊မြတ်ဆယ်ဖြာ တရား၊များ လူရှင် ကျင့်ငြားက၊ ထင်ရှားလှ မင်္ဂလာ။ ။ဥတ္တမာ လွန်မြတ်လှ၊ မြတ်ဗုဒ္ဓမိန့်ဟာပေတာ။ ။မင်္ဂလ မြတ်ဓမ္မာကို၊ လူတကာ လိုက်စားက၊မမှားပ မြတ်နိဗ္ဗာန်—ရောက်လိမ့်အမှန်။ ။ငြိမ်းချမ်းရေး ရပ်ဌာနကို၊ခုအမြန်ရောက်ကြောင်းပလေး။

(၆) အာရတီအကုသလ၊ အဝေးကရှောင်ပါ၊ မနေသဇ္ဇမှတ်ရာသည်၊ မင်္ဂလာတပါး။ ။ကိုယ်နှုတ်နှလုံး တွေ့ရာဝယ်၊ ရှောင်ကြဉ်တာထူးဟုမှတ်သား။ ။သေအရက် သောက်တာကို၊ ထူးခြား

စွာ ရှောင်ရှား၊ဘာဂဝါမြတ်ဘုရားက၊သနားလှ ကရုဏာ။ ။မြတ်ဓမ္မ ဆယ်တရား၊ အများပ မမေ့ကြရာ။ ။မင်္ဂလ အဖြာဖြာကို၊ သွေမကွာ ကျင့်ဖြားက၊ အများပ ဒုက္ခကင်းကွာ– မချ ရှင်းမှာ။ ။ရုပ်သမ္မ ယင်းသတ္တဝါတွေ၊ မယွင်းတခါလေ ပျောက်သွားလိမ့်လေး။

(၇) ဂါရဝါ ရှိသေက၊ ဗုဒ္ဓနှင့် ဓမ္မာ၊မြတ်သံဃာ မိန္နစ်ဖြာ၊ဆရာ ပါ တပါး။ ။နိဝါတ တိုးပွားပါလျှင်၊ကျိုးများမှာ မချမမှား။ ။ကိုယ်နှိမ့်ချ ရှိသေစွာ၊ရှိပန်ထွာညွှတ်တွား၊သိစရာ တရားမတော့၊ မှတ်သားကြသူငါ။ ။သန္တု႙ြိသလ္လေခ၊ မြဲနိစ္စရောင့်ရဲကြပါ။ ။သူ့ကျေးဇူးရှိရာဝယ်၊ပြန်လှန်ကာသိတတ်မှ၊ကဝိမြတ်လူသူတော်-ဟောပြဖွက်ဖော်။ ။ကာလေန တရားတော်ကို၊ အများနော်နာကြောင်းပလေး။

(၈) လူတကာ နှိပ်စက်၊ မျက်မထွက် သည်းခံ၊ခန္တီစ ဓမ္မကို၊ လိုက်နာရန် မှတ်သား။ ။ပဏ္ဍိတ ညွှန်ပြရာဝယ်၊ နာခံကာ ကျင့်ကြအများ။ ။သူတော်မြတ် သံဃာကို၊ ဝန္ဒနာ ညွှတ်တွား၊ရှိပန်ထွာ ခစား၍၊ အခါအားလျော်စွာ။ ။ဒေသနာ မြတ်ဓမ္မကိုလ၊ ဆွေးနွေးကြ များလူတကာ။ ။ဤလေးရပ်မင်္ဂလာကို၊ ရှိသေစွာ ကျင့်ဖြားက၊ မမှားပငြိမ်းချမ်းရာ - ရောက်လိမ့်မှန်စွာ၊ မင်္ဂလ ဒေသနာကို၊ ရှိသေစွာကျင့်ကြောင်းပလေး။

(၉) မင်္ဂလာ တပ၊ရသမ္ဘိုးခြံ၊ မြတ်ဓမ္မအဘိုးတန်ကို၊ကျင့်ကြရန်တရား။ ။လေးသစ္စတရားမှန်ကို၊ သိကြရန်ကြိုးကြအများ။ ။မျက်မှောက်ပြု မြတ်နိဗ္ဗာန်၊မင်္ဂလံတပါး၊ဆင်ခြင်ရန် တရားမတော့၊ အမှားကိုပယ်ခွါ။ ။မင်္ဂလာ မြတ်ဓမ္မ၊ ကျင့်ဆောင်ကြ များသူငါသာ။ ။ငြိမ်းချမ်းရေး အေးရိပ်သာကို၊ မင်္ဂလာ ကျင့်ဖြားက၊ မမှားပ လူထုတွေ– ရောက်လိမ့်မသွေ။ ။မင်္ဂလ ကြက်သရေ၊ တက်နေလိုပွင့်ကြောင်းပလေး။

(၁၀) လောကဓံရှစ်ဝ၊ ဖုဋ္ဌသသတွေ့လာ၊ မတုန်လှုပ်ရှဲဟန္တာ၊ မိတ်ိမှာ စိတ်တွင်း။ ။စိုးရိမ်ခြင်း ကင်းကွာသည်၊ ဝိရဇာ ဝေး ကရှောင်ကွင်း။ ။သံသာရ ဘေးဘယာ၊ ဝေးပစွာထင်လင်း၊ အေး မြစွာရန်ကင်းလို့၊ ခေမံတွင်း ရောက်လာ။ ။မင်္ဂလာမြတ်တရားကို၊ ထင်အရှား ဟောခဲ့ပေတာ။ ။မြတ်တရားမင်္ဂလာကို၊ စဉ်အလာ ကျင့်ငြားက၊မမှားပငြိမ်းချမ်းရာ–ရောက်လိမ့်မှန်စွာ။ ။သုံးဆဲ့ရှစ် မင်္ဂလာကို၊လူတကာ ကျင့်ကြောင်းပလေး။

(၁၁) မင်္ဂလာ သုံးဆဲ့ရှစ်၊ မလစ်အောင် ကျင့်ပါ၊ တွေ့သမျှ ရန်တကာငယ်၊ ဝေးကသာ ရှောင်ကွင်း။ ။မိမိအား ရန်သူဟာ၊ မအောင်ပါဒိဋ္ဌလက်ငင်း။ ။ရောက်သမျှ ရပ်ဒေသာမှာ၊ချမ်းသာစွာ ရန်ကင်း၊ နန်းအမတာ ဖောက်ထွင်းလို့၊လွတ်မြောက်ခြင်း ရောက် မှာ။ ။မင်္ဂလာသုံးဆဲ့ရှစ်၊ မလစ်အောင်အားထုတ်ကြပါ။ ။မှန် မချလူတကာငယ်၊ ပူအဆာ ပြေပျောက်လို့၊ ချမျက်မှောက် ငြိမ်း ချမ်းရာ– ရောက်လိမ့်မှန်စွာ။ ။သောင်းကျန်းတဲ့ လူမသမာကို၊ ချမြန်စွာ အောင်ကြောင်းပလေး။ ။အမတနိဗ္ဗူတာကို၊စိတ်ဖြူစွာ ရောက်ကြောင်းပလေး။

**ဦးသင်**
**အမိန့်တော်ရဆွေနေ**
**စလေမြို့**

# သုံးဆဲ့ရှစ်ဖြာမင်္ဂလာအကျဉ်း

ပစ္စက္ခတမလွန်၊ နှစ်တန်သော ဘဝမှာ၊ ချမ်းသာ ဗလဝ၊ ရပါစေခြင်းငှါ၊ ပညာရှိကိုမှီဝဲ၊ ပညာမဲ့သူ လူမိုက်ကိုကြဉ်ဖဲ၍၊ ဂုဏ်လွန်ကဲသူကို ပူဇော်လျက်၊ သင့်လျော်သောအရပ်သို့ ကပ်ချဉ်း၍၊ အရင်းမူလ ပုညထိုထိုဖြင့်၊ မိမိကိုယ်ကို ဖြောင့်သားစေလျက်၊ အကြားအမြင်၊သင်အင်ပြီးသော အတတ်၊ သင့်မြတ်သော ဝိနယအလာ၊ သာယာသော စကားကို ဆို၍၊ လူ၏အဖြစ်ကို မစွန့်နိုင်သမျှ မိဘနှစ်ပါး၊ သားမယားတို့အား တရားနှင့်လျော်စွာ ဂရုဂါရဝသင်္ဂဟကို ဖြစ်စေလျက်၊ အပြစ်မဘက် နှောင့်ယှက်သန့်ရှင်း၊ သိတင်းကိုကျင့်သုံးလျက်၊ အလုံးစုံသောဒုစရိုက်တို့ကို ကြဉ်စေ၍၊ သေအရက်ကို မမက်စောင့်စည်း၊ သည်းစွာသော သတိဖြင့်၊ ဂုဏ်ထူးရှိသောသူတို့ကို ရိုသေ နှိမ့်ချ၊ တောင့်တမရှိဘဲ ရောင့်ရဲစင်ပြူ၊ သူ၏ကျေးဇူးကို ချီးကျူးတတ်စွာ၊ သင့်တင့်သောအခါ၌ တရားတော်ကို နာခံ၍၊ သည်းခံ ချိုသာ၊ နာလွယ် ရွှင်လန်း၊ ရဟန်းတော်တို့ကို ကြည်ညိုဖူးမြင်၊ ဒေဋ္ဌကအခါ၌ စင်ကြယ်အောင် မေးမြန်းလျက်၊ ခြောက်ခန်းသောဒွါရကို၊ ငြိမ်စေသောအစွမ်းအားဖြင့်၊ ရဟန်းကိစ္စ၊ ဗြဟ္မစရိယအမှု၊ စတုသစ္စာကို၊ သမုခ ရှုပြီးမှ၊ ပဏီတအမှန်၊ နိဗ္ဗာန်တိုင်ရောက်၊ မျက်မှောက်ပြုနိုင်သောအခါ၊ မဟာသိနေရုကို၊ လေအရတိုးမွှေလည်း၊ မငြေ့ရှုမချုန်၊ မတုန်လှုပ်သကဲ့သို့၊ ယုတ်မာသောလောကဓံကြောင့်၊ဖောက်ပြန်ခြင်းမရှိ၊တာဒိဂုဏ်ရသဖြင့် အမတသုခ၊ ပြည့်မနိဗ္ဗူ၊ စံယူခြင်းကို၊ မယွင်းထုတ်ခြောက်၊ ရောက်လေသည့်သာဟု၊ မင်္ဂလာဓမ္မတို့၏ ပုဗ္ဗ အပရ သမ္ဗန္ဓနှင့် သင်္ခေပအဓိပ္ပါယ်လာသည်။

ဒိပဲရင်းမြို့ ရွာရှည်ရွာတွင် သီတင်းသုံးတော်မူသော
ကံဖြူတိုက် ဆရာတော်ဘုရားကြီး ဦးနေမိန္ဒအရှင်သူမြတ်
ရေးသားစီရင်တော်မူအပ်သည့်

**ကဝိသာရကျမ်း။**

## တနေ့တည်းမှာ
# သုံးဆဲ့ရှစ်ဖြာမင်္ဂလာ

သုံးဆဲ့ရှစ်ပါးသော မင်္ဂလာတရားတော်အစဉ် အဓိပ္ပါယ်ကို သိကျွန်သော သူတော်ကောင်း အပေါင်းတို့သည် တနေ့တည်း၌ ပင် သုံးဆဲ့ရှစ်ပါးသော မင်္ဂလာတရားတော်ကို ဆောက်တည်မိ ဟန်ကို ဤသို့မင်္ဂလာအစဉ် အဓိပ္ပါယ်ကိုပြ၍ ဟောတော်မူသည်။

ထိုသို့ ဟောတော် မူအပ်သော မင်္ဂလာ တရားတော်၏ အဓိပ္ပါယ်ကား–အကြွင်သူသည် ဥပုသ်နေ့၌ ရတနာသုံးပါးအထံ၌ ဆည်းကပ်ခြင်းသည်–

သူယုတ်ကို ကြဉ်ရရောက်သောကြောင့် အသေဝနမင်္ဂလာ မည်၏။

သူတော်ကောင်းသို့ ဆည်းကပ်မိသောကြောင့် ပဏ္ဍိတသေဝန မင်္ဂလာမည်၏။

ရတနာသုံးပါးတို့အား ပူဇော်ခြင်းသည် ပူဇာစမင်္ဂလာမည် ၏။

ရတနာသုံးပါးရှိရာအရပ်ကိုရခြင်းသည် ပတိရူပဒေသမင်္ဂလာ မည်၏။

ကောင်းမှုရှိခြင်းကြောင့် လူအဖြစ်ကို ရခြင်းသည် ပုဗ္ဗေကတ ပုညမင်္ဂလာမည်၏။

ကိုယ်စိတ်ကို မြိုးခြံ၍ စောင့်ရှောက်ခြင်းသည် အတ္တသမ္မာ ပဏိဓိမင်္ဂလာမည်၏။

အကြားအမြင်ကို ဆည်းပူးခြင်းသည် ဗာဟုသစ္စမင်္ဂလာမည် ၏။

သူတော်ကောင်းတို့ လေ့လာအပ်သော တရားတို့ကို ဆောင် ရွက်မှတ်သားခြင်းသည် သိပ္ပမင်္ဂလာမည်၏။

အကုသိုလ်တရားတို့၌ မစွန်းမငြိစေမူ၍ ကိုယ်,နှုတ်,နှလုံး,သုံးပါးလုံးတို့ကို ဆုံးမခြင်းသည် ဝိနယသုသိက္ခိတမင်္ဂလာမည်၏။

ထိုတရားတို့ကို စောင့်သောနေ့၌ သူတော်ကောင်းတို့ဆိုသော စကားကို ဆိုခြင်းသည် သုဘာသိတ မင်္ဂလာမည်၏။

ထိုနေ့၌ အမိအဘတို့အား အရိုအသေပြု၍ လုပ်ကျွေးခြင်းသည် မာတာပိတုဥပဋ္ဌာန မင်္ဂလာမည်၏။

သားမယားတို့အား တရားနှင့်အညီ ပွဲပြင်ဆုံးမခြင်း,သူတော်ကောင်းတရားကို လေ့ကျက်စေခြင်းသည် ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာမည်၏။

ထို ဥပုသ်စောင့်သော နေ့၌ အကုသိုလ်နှင့် စပ်သောအမှုကို မပြု၊ ကုသိုလ်နှင့် စပ်သော အမှုကိုသာ ပြုခြင်းသည် အနာကုလ မင်္ဂလာမည်၏။

အလှူပေးခြင်းသည်ကား ဒါနမင်္ဂလာ မည်၏။

တရားကို ကျင့်ဆောက်တည်ခြင်းသည် ဓမ္မစရိယ မင်္ဂလာမည်၏။

ဆွေမျိုးဉာတကာတို့အား တရားနှင့်အညီ ပြောဟောသင်ကြားပေးကမ်းခြင်းသည် ဉာတိသင်္ဂဟမင်္ဂလာမည်၏။

အသက်မွေးမှုကို ထောက်၍ မှသာဝါဒ အစရှိသော အပြစ်တို့နှင့် မရောစေမူ၍ တရားနှင့်အညီ ရောင်းဝယ်ခြင်းသည် အနဝဇ္ဇမင်္ဂလာမည်၏။

ပဉ္စသီလကို လွန်ကျူး အပ်သော ဝဋ္ဋုရောက်မှ ကြဉ်ခြင်းသည် အာရတီမင်္ဂလာမည်၏။

ဝဋ္ဋု မရောက်မီ အမိဋ္ဌာန်ပြု၍ စောင့်ရှောက် ခြင်းသည် ဝိရတိမင်္ဂလာမည်၏။

သုရာမေရယ စသော ယစ်မျိုးကို ရှောင်ခြင်းသည် သံယမ မင်္ဂလာမည်၏။

ကုသိုလ်ကမ္မပထတရားတို့၌ မမေ့မလျော့ခြင်းသည် အပ္ပမာဒ မင်္ဂလာမည်၏။

ရတနာသုံးပါး စသော အသက်ဂုဏ် ကြီးသော သူတို့အား အရိုအသေပြုခြင်းသည် ဂါရဝမင်္ဂလာမည်၏။

ထိုရတနာသုံးပါး လူကြီးမိဘတို့အား နေခြင်း, သွားခြင်းတို့၌ နှိမ့်ချခြင်းသည် နိဝါတမင်္ဂလာမည်၏။

ထိုဥပုသ်စောင့်သောနေ့၌ ဝတ်ခြင်း, စားခြင်း, ပလွှားခြင်းမရှိ ရောင့်ရဲခြင်းသည် သန္တုဋ္ဌိမင်္ဂလာ မည်၏။

ကျေးဇူး ရှိပေသော သူတို့အား ကျေးဇူးတုံ့ကို အောက်မေ့ခြင်းသည် ကတညုတမင်္ဂလာမည်၏။

တရားနာခြင်းသည် ဓမ္မဿဝနမင်္ဂလာမည်၏။

သူတပါး နှိပ်စက်သော်လည်း သည်းခံခြင်းသည် ခန္တီစမင်္ဂလာမည်၏။

သူတော်ကောင်းစကားကိုနာလွယ်ခြင်းသည် သောဝစဿမင်္ဂလာမည်၏။

ရဟန်းသံဃာတို့အား ဖူးမြင်ခြင်းသည် သမဏာဒဿနမင်္ဂလာမည်၏။

လျောက်ပတ်သော တရားစကားကို ပြောဆိုခြင်းသည် ဓမ္မသာကစ္ဆာမင်္ဂလာမည်၏။

မြိုးမြံ၍ဥပုသ်ဆောက်တည်ခြင်းသည် တပမင်္ဂလာမည်၏။

ဘုရား,တရားကို နှလုံးသွင်း၍ မြတ်သော အကျင့်တို့ကို ကျင့်ခြင်းသည် ဗြဟ္မစရိယ မင်္ဂလာမည်၏။

သစ္စာတရားကို နှလုံးသွင်း၍ ရှုခြင်းသည် အရိယသစ္စဒဿနမင်္ဂလာမည်၏။

အရဟတ္တဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ကျင့်ခြင်းသည် သစ္ဆိကိရိယမင်္ဂလာမည်၏။

လောဘ,ဒေါသ,မောဟ,အာရုံ၌ တပ်စွန်းခြင်းမရှိ မတုန်မလှုပ်ခြင်းသည် နကမ္ပတိမင်္ဂလာမည်၏။

စည်းစိမ်ဥစ္စာ, သားမယားတို့၌ စိုးရိမ်ခြင်း မရှိခြင်းသည် အသောက မင်္ဂလာမည်၏။

ကာမရာဂ အစရှိသည်တို့၌ တပ်စွန်းခြင်း မရှိခြင်းသည် ဝိရဇ မင်္ဂလာမည်၏။

ထို့ဥပုသ်နေ့၌ တဏှာတည်းဟူသော ဘေးမှ ကင်းခြင်းသည် ခေမ မင်္ဂလာမည်၏။

ဤသို့ ၃၈ပါးသော မင်္ဂလာ တရားတော်ကို ဥပုသ်ဆောက်တည်သောနေ့ပင် ပြည့်စုံ၏ဟု ဟောတော်မူ၏၊ထို့ကြောင့် ဥပုသ်ဆောက်တည်ခြင်း, အလှူပေးခြင်းတို့၌ မသိသောသူတို့သည် တပါးမျှသာအကျိုးရမည်ဟု မှတ်ထင်တတ်ကုန်သည်၊ သူတော်ကောင်းတို့၏တရားအနေစသည်တို့ကို သိသောသူသာလျှင် ယနေ့ ဤမျှလောက်သော မင်္ဂလာတရားတော်ကို ကျင့်မိ၏ဟု အသင့်နှလုံးသွင်းထားကုန်ရာသည်။

## သုံးဆဲ့ရှစ်ဖြာ မင်္ဂလာ

ယံမင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတိံသဉ္စ မင်္ဂလံ။ ။

**အနက်**-သဒေဝကာ-နတ်နှင့်တကွကုန်သော လူတို့သည်၊ ယံမင်္ဂလံ-အကြင်သုံးဆဲ့ရှစ်ဖြာ မင်္ဂလာကို၊ ဒွါဒသဟိ- ဒွါဒသဝေ-တဆဲ့နှစ်နှစ်တို့ ကာလ ပတ်လုံးလျှင်၊ စိန္တယိံသု- ကြံကြကုန်ပြီ၊ စိန္တယန္တာပိ-ကြံကြကုန်သော်လည်း၊ သောတ္ထာနံ-ချမ်းသာခြင်း၏ အကြောင်းဖြစ်သော၊ အဋ္ဌတိံသဉ္စ-သုံးဆဲ့ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော၊မင်္ဂလံ-မင်္ဂလာကို၊နာဓိဂစ္ဆန္တိ-မသိနိုင်ကုန်။

**စကားပြေ**-နတ်နှင့် လူတို့သည် မင်္ဂလာ တရားတော်ကို တဆဲ့နှစ်နှစ် ပတ်လုံး၊ ကြံစည်တွေးဆကြ ကုန်၏၊ ထိုသို့ကြံစည်တွေးဆ ကြသော်လည်း စီးပွား ချမ်းသာခြင်းကို ဖြစ်စေတတ်သော မင်္ဂလာတရားသုံးဆဲ့ရှစ်ပါးတို့ကို မသိနိုင်ကြကုန်။

ဒေသိတံ ဒေဝဒေဝေန၊
သဗ္ဗ ပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။ ။

**အနက်**–သဗ္ဗလောကဟိတတ္ထာယ-အလုံးစုံသော လောက၏ အစီးအပွားအလို့ငှါ၊ဒေဝဒေဝေန-နတ်တကာတို့ထက် မြတ်သော နတ်မြတ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဒေသိတံ-ဟော ကြားတော် မူအပ်သော၊ သဗ္ဗ ပါပ ဝိနာသနံ- အလုံးစုံ သော မကောင်းမှုကို ဖျက်ဆီးတတ်ထသော၊ တံမင်္ဂလံ-ထိုသုံးဆဲ့ရှစ်ဖြာ မင်္ဂလာကို၊ဟေ-သူတော်ကောင်းတို့၊မယံ-ငါတို့သည်၊ဘဏာမ-ရွတ်ကြကုန်အံ့။

**စကားပြေ**–မြတ်စွာဘုရားသည် သတ္တဝါအလုံးတို့၏ အကျိုး စီးပွား အလို့ငှါ ဟောတော်မူသော မကောင်းမှု အလုံးတို့ကို ပယ်ဖျောက်တတ်သော မင်္ဂလာတရားတော်ကို အကျွန်ုပ်တို့ရွတ် ကြပါကုန်အံ့။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလ ကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧက မန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

**အနက်**–ဘန္တေ မဟာကဿပ- အရှင်မဟာကဿပ၊ ဣဒံ သုတ္တံ-ဤမဟာမင်္ဂလသုတ်ကို၊ မေ-အကျွန်ုပ်သည်၊ ဘဂဝတော- မြတ်စွာဘုရား၏၊ သမ္မုခါ-အထံတော်မှ၊ ဧဝံ-ဤသို့၊ သုတံ-ကြား လိုက်ရ၏၊ ဧကံ-တပါးသော၊ သမယံ-အခါ၌၊ ဘဂဝါ-မြတ်စွာ ဘုရားသည်၊ သာဝတ္ထိယံ-သာဝတ္ထိပြည်၏အနီး၌၊ အနာထပိဏ္ဍိ ကဿ-အနာထပိဏ်သေဌ္ဌေး၏၊ အာရာမေ-နှလုံးမွေ့လျော်ပျော်

ဘွယ်ရာရှိသော၊ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ဝိဟာရတိ-
နေတော်မူ၏၊အထခေါ-ထိုသို့နေတော်မူသောအခါ၌၊အညတရာ-
အမျိုးအမည်အားဖြင့် မထင်ရှားသော၊အဘိက္ကန္တဝဏ္ဏာ-အလွန်
နှစ်လိုဘွယ်သော အဆင်းရှိသော၊ ဒေဝတာ-နတ်သားသည်၊အ
ဘိက္ကန္တာယ-ညဉ့်ဦးယံ ကုန်ပြီးသော၊ ရတ္တိယာ-သန်းခေါင်အခါ၌၊
ကေဝလကပ္ပံ-အလုံးစုံ အကြွင်းမရှိသော၊ ဇေတဝနံ၊ ဇေတဝန်
ကျောင်းတော်ကို၊ ဩဘာသေတွာ- ကိုယ်ရောင် ကိုယ်ဝါဖြင့်
ထွန်းလင်းစေ၍၊ ယေန-အကြင် အရပ်၌၊ ဘဂဝါ-မြတ်စွာဘုရား
သည်၊ အတ္ထိ-ရှိတော်မူ၏၊တေန-ထိုဘုရားရှိတော်မူရာ အရပ်သို့၊
ဥပသင်္ကမိ-ကပ်လေ၏၊ဥပသင်္ကမိတွာ-ကပ်လေပြီး၍၊ဘဂဝန္တံ-
မြတ်စွာဘုရားကို၊အဘိဝါဒေတွာ-ရှိသေစွာ ရှိခိုးဦး၍၊ ဧကမန္တံ-
အပြစ်ခြောက်ပါး လွတ်၍ လျောက်ပတ် သဖြင့် သင့်တင့်စွာ၊
အဋ္ဌာသိ-ရပ်လေ၏၊ ဧကမန္တံ-အပြစ်ခြောက်ပါး လွတ်၍ သင့်
တင့်စွာ၊ဌိတာခေါ-ရပ်ပြီးသော်၊သာဒေဝတာ-ထိုနတ်သားသည်၊
ဘဂဝန္တံ-မြတ်စွာဘုရားကို၊ဂါထာယ-ဂါထာဖြင့်၊ အဇ္ဈဘာသိ—
ဤသို့နားတော်လျှောက်ပေ၏။

**စကားပြေ—** မြတ်စွာ ဘုရားသည် သာဝတ္ထိပြည် ဇေတ
မင်းသားဥယျာဉ်မြေဝယ်ဆောက်လုပ်စေအပ်သော အနာထပိဏ်
သဋ္ဌေး၏ ပျော်ဘွယ်ကောင်းသော ကျောင်း၌ နေတော်မူသော
အခါ အမျိုးအမည် မထင်ရှားသော နတ်သား တပါးသည်
နှစ်လိုဘွယ် အဆင်းရှိသည် ဖြစ်၍ သန်းခေါင်အခါ ဇေတဝန်
ကျောင်းတိုက်တခုလုံးကို ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းစေ
ပြီးလျှင် မြတ်စွာဘုရားရှိရာသို့ ချဉ်းကပ်လေ၏၊ ထို့နောက် နတ်
သားသည် မြတ်စွာဘုရားကို အလွန်ရိုသေစွာ ရှိခိုးပြီးသော် သင့်
တော်သော အရပ်၌ မတ်တတ်ရပ်လျက် ဂါထာစကားဖြင့် နား
တော်လျှောက်သည်ကို တပည့်တော်သည် မြတ်စွာဘုရားထံမှ
ဤသို့ကြားနာမှတ်သားလိုက်ရပါသည်ဟု အရှင်အာနန္ဒာက အရှင်
မဟာကဿပအား လျှောက်၏။

ဗဟူ ဒေဝါ မနုဿာစ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလမုတ္တမံ။ ။

**အနက်**—ဘန္တေ ဘဂဝါ-ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဗဟူ-များစွာကုန်သော၊ ဒေဝါစ-နတ်တို့သည်၎င်း၊ မနုဿာစ-လူတို့သည်၎င်း၊ သောတ္ထာနံ-နိဗ္ဗာန် ချမ်းသာကို၊ အာကင်္ခမာနာ-လိုချင် တောင့်တကုန်သည် ဖြစ်၍၊ မင်္ဂလာနိ-စီးပွားချမ်းသာ၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတို့ကို၊ အစိန္တယုံ-ကြံကြကုန်ပြီ၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-မင်္ဂလာတရားတော်ကို၊ ဧနာနံ-သတ္တဝါ အပေါင်းတို့အား၊ တွံ-အရှင်ဘုရားသည်၊ ဗြူဟိ-ဟောတော် မူပါလော့။

**စကားပြေ**—များစွာသောနတ်နှင့်လူတို့သည် ချမ်းသာခြင်းကို လိုချင်ကြ၍ စီးပွားချမ်းသာကို ဆောင်တတ်သော တရားတို့ကို ကြံကြကုန်၏၊စီးပွားချမ်းသာကို ဆောင်တတ်သောတရားမြတ်ကို ဟောတော်မူပါအရှင်ဘုရား။

အသေဝနာစ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာစ ပူဇနေယျာနံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**—ဒေဝပုတ္တ- နတ်သား၊ ဗာလာနံ-သူမိုက်တို့ကို၊ ယာ အသေဝနာစ-အကြင်မမှီဝဲ မဆည်းကပ်ရခြင်းသည်၎င်း၊ ပဏ္ဍိတာနံ-ပညာရှိသောသူတို့ကို၊ ယာသေဝနာစ-အကြင်မှီဝဲဆည်းကပ်ရခြင်းသည်၎င်း၊ ပူဇနေယျာနံ-ပူဇော်ထိုက်သော သူတို့ကို၊ ယာပူဇာစ-အကြင်ပူဇော်ရခြင်းသည်၎င်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤ တရားသုံးပါးကို၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော။

**စကားပြေ**—လူမိုက်တို့ကိုမမှီဝဲမဆည်းကပ်ရခြင်း၊ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်း၊ ရိုသေမြတ်နိုး ရှိခိုး ပူဇော်ထိုက်သူတို့ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ခြင်း၊ ဤသုံးပါးသည် ကြီးပွားချမ်းသာကြောင်း တရားမြတ်မည်၏။

ပတိရူပ ဒေသ ဝါသောစ၊
ပုဗ္ဗေစ ကတ ပုညတာ။
အတ္တသမ္မာ ပဏိဓိစ၊
ဧတံ မင်္ဂလမုတ္တမံ။ ။

**အနက်**—ဒေဝပုတ္တ-နတ်သား၊ယောပတိရူပ ဒေသဝါသောစ—အကြင် တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်၎င်း၊ ပုဗ္ဗေ-ရှေးဘဝ၌၊ ယာ ကတပုညတာစ- အကြင် ပြုခဲ့ ဘူးသော ကောင်းမှု ရှိသောသူ၏ အဖြစ်သည် ၎င်း၊ ယော အတ္တ သမ္မာ ပဏိဓိစ-အကြင်စိတ်ကို ကောင်းစွာ ဆောက်တည် ရခြင်းသည် ၎င်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤတရားသုံးပါးကို၊ ဥတ္တမံ—မြတ်သော၊ မင်္ဂလံ-မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော။

**စကားပြေ**—သင့်တော်သော မြို့ရွာ၌ နေခြင်း၊ ရှေးဘဝက ကောင်းမှုရှိခြင်း၊ စိတ်ကို ကောင်းစွာ ဆောက်တည် ထိန်းသိမ်းခြင်း၊ဤသုံးပါးသည် ကြီးပွားချမ်းသာကြောင်းတရားမြတ်မည်၏။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယောစ သုသိက္ခိတော။
သုဘာသိတာစ ယာဝါစာ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**—ဒေဝပုတ္တ-နတ်သား၊ယံဗာဟုသစ္စဉ္စ-အကြင်အကြားအမြင်များသောသူ၏ အဖြစ်သည်၎င်း၊ ယံသိပ္ပဉ္စ-အကြင် အပြစ်မရှိသော အတတ်ကို တတ်ရခြင်းသည်၎င်း၊ ဝိနယောစ—ဝိနည်း

တရားတော်ကို၊ ယောသုသိက္ခိတောစ-အကြင်ကောင်းစွာ သင်ရခြင်းသည်ရင်း၊ သုဘာသိတာ- ကောင်းစွာ ဆိုအပ်သော၊ ယာဝါစာစ-အကြင် စကားသည်ရင်း၊အတ္တိ-ရှိ၏၊ဧတံ-ဤတရားလေးပါးကို၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-မင်္ဂလာ ဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော။

**စကားပြေ**–အကြားအမြင် များခြင်း၊ အပြစ်မရှိသော အတတ်တို့ကို တတ်ရခြင်း၊ ကျင့်ဝတ်တရားနှင့်ပြည့်စုံခြင်း၊ ကောင်းသော စကားကို ကောင်းစွာပြောဆိုခြင်း၊ ဤလေးပါးသည် ကြီးပွားချမ်းသာကြောင်းတရားမြတ်မည်၏။

မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာစ ကမ္မန္တာ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**– ဒေဝပုတ္တ- နတ်သား၊ ယံမာတာပိတု ဥပဋ္ဌာနဉ္စ- အကြင်အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းသည်ရင်း၊ ပုတ္တဒါရဿ–သားမယားအား၊ ယောသင်္ဂဟောစ- အကြင် သင်္ဂြိုဟ် ထောက်ပံ့ ရခြင်းသည် ရင်း၊ အနာကုလာ- နှောင့်ရှက်ခြင်း ကင်းကုန်သော၊ ယာကမ္မန္တာစ- အကြင် အမှုတို့သည်ရင်း၊ သန္တိ– ရှိကုန်၏၊ ဧတံ-ဤတရားသုံးပါးကို၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ- မင်္ဂလာဟူ၍၊တွံ–သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော။

**စကားပြေ**–အမိအဘကို လုပ်ကျွေးမွေးမြူရခြင်း၊ သားမယား တို့ကို ထောက်ပံ့ခြင်း၊ ပြုဘွယ်အမှုကိစ္စတို့ကို အနှောင့်အရှက် မရှိအောင် ပြုလုပ်ခြင်း– ပြုလုပ်စေခြင်း၊ ဤတရား သုံးပါးသည် ကြီးပွားချမ်းသာကြောင်း တရားမြတ်မည်၏။

ဒါနဉ္စ ဓမ္မစရိယာစ၊
ဉာတကာနဉ္စ သင်္ဂဟော။

အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလမုတ္တမံ။ ။

**အနက်**— ဒေဝပုတ္တ-နတ်သား၊ ယံဒါနဉ္စ-အကြင် အလှူပေးရခြင်းသည်၎င်း၊ ယာဓမ္မစရိယာစ-အကြင် ကုသိုလ်တရား ဆယ်ပါးတို့ကို ကျင့်ရခြင်းသည်၎င်း၊ ဉာတကာနံ-အဆွေ အမျိုးတို့အား၊ ယော သင်္ဂဟောစ-အကြင် သင်္ဂြိုဟ် ထောက်ပံ့ရခြင်းသည်၎င်း၊ အနဝဇ္ဇာနိ- အပြစ်မရှိကုန်သော၊ ယာနိကမ္မာနိစ- အကြင်အမှုတို့သည်၎င်း၊ သန္တိ-ရှိကုန်၏၊ ဧတံ-ဤတရားလေးပါးကို၊ ဥတ္တမံ- မြတ်သော၊ မင်္ဂလံ- မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ-မှတ်လေလော။

**စကားပြေ**—အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစသော သုစရိုက်တရားတို့ကို ကျင့်ခြင်း၊ အဆွေအမျိုးတို့အား ပေးကမ်းချီးမြှင့်ခြင်း၊ အပြစ်မရှိသော အမှုတို့ကိုပြုခြင်း၊ ဤလေးပါးသည် ကြီးပွားချမ်းသာကြောင်း တရားမြတ်မည်၏။

အာရတိ ဝိရတိ ပါပါ၊
မဇ္ဇပါနာစ သံယမော။
အပ္ပမာဒေါစ ဓမ္မေသု၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**— ဒေဝပုတ္တ-နတ်သား၊ ပါပါ-မကောင်းမှုမှ၊ ယာ အာရတိစ—အကြင်စိတ်ဖြင့် ဝေးစွာ ကြဉ်ရခြင်းသည်၎င်း၊ ယာ ဝိရတိစ-အကြင်ကိုယ်နှုတ်ဖြင့် အထူးသဖြင့် ကြဉ်ရခြင်းသည်၎င်း၊ မဇ္ဇပါနာ—သေအရက်ကိုသောက်ခြင်းမှ၊ ယော သံယမောစ—အကြင်ကောင်းစွာ ကြဉ်ရှောင်ရခြင်းသည်၎င်း၊ အတ္ထိ—ရှိ၏၊ ဧတံ—ဤတရား လေးပါးကို၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ—မင်္ဂလာဟူ၍၊ တွံ—သင်နတ်သားသည်၊ ဂဏှာဟိ—မှတ်လေလော။

**စကားပြေ**—မကောင်းမှုတို့မှ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ဖြင့် ဝေးစွာကြဉ်ရှောင်ခြင်း၊ ယစ်မျိုး သောက်စား ရူရိုက် ထိုးနှံ့ လိမ်းကျံခြင်းတို့မှ ကိုယ်ကို စောင့်စည်းခြင်း၊ ကောင်းမှုကုသိုလ်ဟာရေးတို့၌ မမေ့မလျော့ခြင်း၊ ဤလေးပါးသည် ကြီးပွားချမ်းသာကြောင်းတရားမြတ်မည်၏။

ဂါရဝေါစ နိဝါတောစ၊
သန္တုဋ္ဌီစ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**—ဒေဝပုတ္တ-နတ်သား၊ ယောဂါရဝေါစ- အကြင်ရိုသေထိုက်သောသူတပါးကို ရိုသေခြင်းသည်ရင်း၊ ယောနိဝါတော စ-အကြင် မိမိကိုယ်ကို နှိမ့်ချရခြင်းသည်ရင်း၊ ယာသန္တုဋ္ဌီစ- အကြင်ရောင့်ရဲလွယ်ရခြင်းသည်ရင်း၊ ယာကတညုတာစ-အကြင် သူ့ကျေးဇူးကိုသိသောသူ၏အဖြစ်သည်ရင်း၊ ကာလေန-သင့်တင့်လျောက်ပတ်သောအခါ၌၊ ယံဓမ္မဿဝနဥ္စ- အကြင်တရားတော်ကိုနာရခြင်းသည်ရင်း၊ အတ္ထိ-ရှိ၏၊ ဧတံ-ဤတရားငါးပါးကို၊ ဥတ္တမံ- မြတ်သော၊ မင်္ဂလံ- မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ—မှတ်လေလော။

**စကားပြေ**—ရိုသေထိုက်သူကို ရိုသေခြင်း၊ မာနကိုနှိမ့်ချခြင်း၊ ရသမျှနှင့်ရောင့်ရဲခြင်း၊ သူ့ကျေးဇူးကို သိခြင်း၊ သင့်တင့်သောအခါ၌ တရားနာခြင်း၊ ဤငါးပါးသောတရားသည် ကြီးပွားချမ်းသာကြောင်းတရားမည်၏။

ခန္တီစ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**–ဒေဝပုတ္တ- နတ်သား၊ ယာခန္တီစ- အကြင်သည်းခံရခြင်းသည်၎င်း၊ ယာသောဝစဿတာစ- အကြင် ဆိုဆုံးမလွယ်သောသူ၏အဖြစ်သည်၎င်း၊ သမဏာနံ- ရဟန်းတို့အား၊ ယံဒဿနဉ္စ-အကြင်ဖူးမြင်ရခြင်းသည်၎င်း၊ ကာလေန- သင့်တင့်လျောက်ပတ်သောအခါ၌၊ ယာဓမ္မသာကစ္ဆာစ- အကြင်တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်၎င်း၊ အတ္ထိ-ရှိ၏၊ ဧတံ–ဤတရားလေးပါးကို၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ- မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ- မှတ်လေလော။

**စကားပြေ**–သည်းခံခြင်း၊ ဆုံးမစကားကို နာလွယ်ခြင်း၊ ရဟန်းတို့ကိုဖူးမြင်ခြင်း၊ သင့်တင့်သောအခါ၌ တရားစကားပြောဆိုမေးမြန်းခြင်း၊ ဤတရားလေးပါးသည်ကြီးပွားချမ်းသာကြောင်းတရားမြတ်မည်၏။

တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယ သစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာစ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**– ဒေဝပုတ္တ– နတ်သား၊ ယောတပေါစ– အကြင်ခြိုးခြံစွာ ကျင့်ရခြင်းသည်၎င်း၊ ယံဗြဟ္မစရိယဉ္စ– အကြင်မြတ်သော အကျင့်ကို ကျင့်ရခြင်းသည်၎င်း၊အရိယသစ္စာနံ-မြတ်သောသစ္စာလေးပါး တို့ကို၊ ယံဒဿနဉ္စ–အကြင်ပညာစက္ခုဖြင့် ရှုမြင်ရခြင်းသည်၎င်း၊နိဗ္ဗာနံ–အရဟတ္တဖိုလ်ကို၊ယာ သစ္ဆိကိရိယာစ–အကြင် မျက်မှောက်ပြုရခြင်းသည်၎င်း၊အတ္ထိ-ရှိ၏၊ဧတံ-ဤတရားလေးပါးကို၊ဥတ္တမံ-မြတ်သော၊မင်္ဂလံ-မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ဂဏှာဟိ–မှတ်လေလော။

**စကားပြေ**–ခြိုးခြံစွာ ကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်း၊ အရဟတ္တဖိုလ်ကို

မျက်မှောက်ပြုခြင်း၊ ဤတရား လေးပါးသည် ကြီးပွားချမ်းသာ ကြောင်း တရားမြတ်မည်၏။

ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ နကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။ ။

**အနက်**–ဒေဝပုတ္တ–နတ်သား၊ လောကဓမ္မေဟိ – လောကဓံ တရား ရှစ်ပါးတို့သည်၊ ဖုဋ္ဌဿ–နှိပ်စက်အပ်သော၊ ယဿ– အကြင်ရဟန္တာပုဂ္ဂိုလ်၏၊စိတ္တံ-စိတ်သည်၊နကမ္ပတိ–မတုန်မလှုပ်၊ အသောကံ–စိုးရိမ်ခြင်းလည်းမရှိ၊ဝိရဇံ-ရမ္မက်ဟူသော မြူလည်း မရှိ၊ခေမံ- ဘေးလည်းမရှိ၊ ဧတံ-ဤတရားလေးပါးကို၊ဥတ္တမံ–မြတ် သော၊မင်္ဂလံ–မင်္ဂလာ ဟူ၍၊တွံ–သင်နတ်သားသည်၊ ဂဏှာဟိ– မှတ်လေလော၊။

**စကားပြေ**–တစုံတယောက်သော ရဟန္တာ ပုဂ္ဂိုလ်သည် လူတို့၌ဖြစ်ပေါ်သောတရားတို့နှင့်တွေ့ကြုံရာ စိတ်မတုန်မလှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ မညစ်ညူး မပူပန်ခြင်း၊ အယူမှောက်မှားတွေဝေခြင်း တည်းဟူသော ဘေးမရှိခြင်း၊ ဤတရားလေးပါးသည် ကြီးပွား ချမ်းသာကြောင်း တရားမြတ်မည်၏။

ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မပ္ပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလမုတ္တမံ။ ။

**အနက်**–ဒေဝပုတ္တ–နတ်သား၊ဧတာဒိသာနိ– ဤသို့ သဘော ရှိကုန်သော သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတို့ကို၊ ကတွာန–ပြုရသော ကြောင့်၊ သဗ္ဗတ္ထ-အရာခပ်သိမ်းတို့၌၊အပ္ပရာဇိတာ–တွင်းပမကျန် ဘေးရန်နှစ်ရပ်တို့သည် မအောင်အပ်ကုန်သည် ဖြစ်၍၊ သဗ္ဗတ္ထ-

ခပ်သိမ်းသော ဣရိယာပုထ်တို့၌၊ သောတ္ထိံ - ချမ်းသာခြင်းသို့၊ ဂစ္ဆန္တိ-ရောက်ကုန်၏၊ တံ-ထိုသုံးဆဲ့ရှစ်ပါးအပြားရှိသော တရားကို၊ တေသံ-ထို နတ်လူတို့၏၊ ဥတ္တမံ-မြတ်သော၊ မင်္ဂလံ-မင်္ဂလာဟူ၍၊ တွံ-သင်နတ်သားသည်၊ ဂဏှာဟိ--မှတ်လေလော။

**စကားပြေ**—ဤသို့ ဟောအပ်ခဲ့ပြီးသော မင်္ဂလာတရား သုံးဆဲ့ရှစ်ပါးတို့ကို ပြုကျင့်သော သူတို့သည် မည်သည့် အရပ်၌မဆို ရန်သူတို့ မအောင်နိုင်ကုန်သည် ဖြစ်၍ အရာခပ်သိမ်း၌ ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ထိုတရားသုံးဆဲ့ရှစ်ပါးတို့သည် နတ်လူတို့၏ ကြီးပွားချမ်းသာကြောင်း တရားမြတ်မည်၏ ဟူ၍ သင်နတ်သား မှတ်ယူလေလော။

[ဆရာတော်ဦးဗုဓ်မှု]

## ဇာနိန္ဒဝဇီရာဘိလင်္ကာရသီရိဓဇမဟာဓမ္မရာဇာဓိ

## ရာဇဂုရုဘွဲ့ခံ

## မုံရွေးဆရာတော်ဦးအရိယဝံသ အာဒိစ္စရံသီ ရေးသားသော

# မင်္ဂလသုတ်ပျို့

### ပဌမပုဒ်

ဤသို့လျှောက်လျှင်၊ သုံးလူ့ရှင်လည်း၊ ရှစ်အင်စုံညီ၊ သံတော်ချီ၍၊ ရွှေသီဟာထုံး၊စွဲနှုံးဖြင့်၊ မသုံးသပ်လှ၊ စိတ်ကမငြိ၊ ရှင်ပီတိဖြင့်၊မိန့်ရှိသည့်မှာ၊ဝတိန်သာက၊ ဇာန္တာဒေဝ၊သိကြား့တမန်၊ မောင်နတ်မွန်။ ။လျှောက်ဟန်အရ၊မင်္ဂလအပြား၊ ငါမိန့်ကြားအံ့၊တရားမသိ၊ ဒိဋ္ဌိအယူ၊အမူယွင်းချို၊ သူ့ဘို့ကိုယ့်အား၊စီးပွားမရှု၊ခဝတ္တမာန်၊ပစ္စုပ္ပန်နှင့်၊နောင်ဖန်ကောင်းကျိုး၊မြတ်နိုးမပြု၊မကောင်းမှုကို၊ ပြုမည်သာပ၊ အားထုတ်ကြသည့်၊ ဗာလခေါ်ထိုက်၊ ထိုလူမိုက်ကို၊ ယဉ်ပိုက်ယှဉ်တွဲ၊ မမှိဝဲလင့်၊ ငရဲရှောင်ကွာ၊ ပြိတ္တာကင်းဘွယ်၊ အပါယ်ကင်းလွတ်၊ လူနတ်နိဗ္ဗာန်၊သုံးတန်ချမ်းသာ၊ ရရာမှတ်သိ၊ မြတ်ဉာဏ် ရှိသား၊ ပဏ္ဍိတ်ကို၊ မှီတွဲခိုလော၊ လူမိုလ် တကာ၊ ကိုးကွယ်ရာသား၊ သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကနှင့်၊ သာဝကသဃ်ာ၊ ဆရာမိဘ၊ ဂုဏထင်ပေါ်၊ ပူဇော်ထိုက်ငြား၊ သူမြတ် များကို၊ တရားပစ္စည်း၊ ထိုနှစ် နည်းဖြင့်၊ သိပ်သည်း ကော်ရော်၊ ပူဇော်ရခြင်း၊ အရင်းအဖျား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ် လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်–ရှာလေလော။

### ဒုတိယပုဒ်

ရွှေဝတိန်သာ နတ်တို့ ရွာက၊ ဇာန္တာ ဒေဝ၊ သိကြား့တမန်၊ မောင်နတ်မွန်။ ။လေးတန်စက္က၊ ဝမ္မ ဖြန့်ချီ၊ ခေါ်အပ်ဘိသည့်၊

ပတိရူပ၊ သင့်လျှလျောက်ပတ်၊ မြင့်မြတ်ဒေသ၊ နေရခြင်းသည်၊ မှတ်ခင်းတသွယ်၊ ရှေးဝယ်ကာလ၊ ရှေးဘဝက၊ ပုညဝတ္ထု၊ ပြုရခဲ့ဘူး၊ အထူးရှိလစ်၊ ထိုအဖြစ်လည်း၊ စင်စစ်တသွယ်၊ စင်ကြယ်သီလ၊ အတ္တသမ္မာ၊ ကိုယ်ကိုသာလျှင်၊ ကောင်းစွာ ညစ်ကြေး၊ ကွာဝေးသန့်ရှင်း၊ စောင့်စည်းခြင်းတည်း၊ ယင်းလည်း တသွယ်၊ မှတ်ဖွယ် ထင်ရှား၊ ဤသုံးပါးကို၊ ယုံမှား ကင်းလွတ်၊ စိတ်နေ ညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်-ရှာလေလော။

## တတိယပုဒ်

ငွေဝတိန်သာ၊နတ်တို့ရွာက၊ ဇာနဒ္ဓာဒေဝ၊ သိကြွားတမန်၊ မောင်နတ်မွန်။ ။အလွန်ကဲမှု၊ ဗာဟုသစ္စ၊ သုတစိန္တာ၊ ဘာဝနာဟု၊ များစွာ မှတ်သား၊ အကြားအမြင်၊ ဉာဏ်အင်တိုးပွား၊ များသည် ဂုဏ်ကြောင်း၊ မကောင်းတုံလတ်၊ ပါပဝဇ္ဇမှ၊ ကင်းလွတ်သမျှ၊ သိပ္ပကဲမြတ်၊ အတတ်ထူးလည်း၊ တတ်သည်တကြောင်း၊ ပြော့ပျောင်းနူးလုံး၊ ကိုယ်နူတ်သုံး၍၊ ဆုံးမနိုင်သည်၊ တွင်မည်တကြောင်း၊ လူအပေါင်းတို့၊ နတ်စောင်းတီးလာ၊ထိုပမာသို့၊ နားမှာဝင်စေ၊ အနေသင့်ရာ၊ ကောင်းစွာမိုင်းခြား၊ စကားသံချို၊ပြောဆိုရခြင်း၊ အခင်းတကြောင်း၊ ပေါင်းလတ်တုံငြား၊ ဤလေးပါးကို၊ ယုံမှား ကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဒါကဲလွန်၊နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်-ရှာလေလော။

## စတုတ္ထပုဒ်

မြဝတိန်သာ၊ နတ်တို့ရွာက၊ ဇာနဒ္ဓာဒေဝ၊ သိကြွားတမန်၊ မောင်နတ်မွန်။ ။ယုဂန်တောင်ညို၊မြင်းမိုရ်မက၊ဂုဏ်ကြီးလှသား၊မိဘမည်သာ၊မာတာပိတု၊ဤနှစ်ခုကို၊ဥပဋ္ဌာန၊ တုပ်ကွမြတ်လေး၊စားဦးပေး၍၊ ကျွေးမွေးနိုင်စေ၊ လူဖြစ်လေမူ၊ သူတော်တကာ၊ ကျင့်ရာမှတ်သား၊ဝတ်ငါးပါးဖြင့်၊ သားမယားကို၊ ဆဲဆိုစောင်းရိပ်၊ မနှိပ်

မစက်၊ရိုက်နှက်ပဋ္ဌာ၊ ပြစ်မရှာဘဲ၊ ကောင်းစွာကျင့်လေ၊ စိတ်နေ ဖြောင့်ဖြောင့်၊ သတိစောင့်လျက်၊ နှောင့်ရှက်လေဘွယ်၊ မှုကြီး ငယ်ကို၊ လွှဲဖယ်ခွါမှု၊ ရှောင်ရှားရှုလျက်၊ ပြုရခြင်းသည်၊ ကြံစည် မှတ်သား၊ ဤသုံးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဗ္ဗါကဲလွန်၊ နတ်တမန်သည်။ ။မှန် မှန်စွဲမှတ်—ရှာလေလော။

## ပဉ္စမပုဒ်

ဖလ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဇာနွှာဒေဝ၊ သိကြွားတမန်၊ မောင်နတ်မွန်။ ။အန္နံ ပါနံ၊ ဃရံ ဝတ္ထံ၊ ယာနံ မာလံ၊ ဝိလေပနံ၊ ဂန္ဓော သေယျော၊ ပဒီပေါ၁၊ ဒသဝတ္ထု၊ ကောင်းမှုဟူသည်၊ အလှူကံကျွေး၊ ပေးရခြင်းသည်၊ တပါးမည်၏၊ ငါးမည်သီလ၊ သုံးဝသုစရိုက်၊ နှစ်ခြိုက်မှတ်သား၊ တရားကောင်းမြင့်၊ ကျင့်ရခြင်း သည်၊တပါးမည်၏၊မျိုးမည်စပ်လေ၊အဆွေရင်းချာ၊ဉာတကာကို၊ ဥစ္စာနှီးရင်း၊ပေးခြင်းထောက်ပံ့၊ ချီးမြှင့်ခြင်းသည်၊ တပါးမည်၏၊ လူ့ပြည်ရပ်ဆစ်၊ အပြစ် ရောက်ဖွယ်၊ ငယ်စေ ကြီးစေ၊ နီးဝေး စေတော့၊ ရှောင်သွေကွာမှု၊ ဉာဏ်ဖြင့်ရှု၍၊ ပြုရခြင်းသည်၊ တပါး မည်၏၊ လူ့ပြည်ထင်ရှား၊ဤလေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ် နေညွှတ်လျက်၊လွန်မြတ်လှစွာ၊မင်္ဂလာဟု၊သဗ္ဗါကဲလွန်၊နတ်တမန် သည်။ ။မှန်မှန်စွဲမှတ်—ရှာလေလော။

## ဆဋ္ဌမပုဒ်

ရွှေရောင်ဂိရိန်၊ မြတ်ဝတိန်သာ၊ နတ်တို့ရွာက၊ ဇာနွှာဒေဝ၊ သိကြွား တမန်၊ မောင်နတ်မွန်။ ။ဆယ်တန် ပါပ၊ သာဝဇ္ဇမှ၊ ကာယ ဝစီ၊ ဤနှစ်ပါးဖြင့်၊ ရှောင်ရှား ခြင်းသည်၊ တပါးမည်၏၊ ဆယ်မည် သဘော၊ ပါပဓောမှ၊ မနော ဒွါရ၊ ရက္ခိတ ဖြင့်၊ ဝေးစွာဖဲကြဉ်၊ မယှဉ် ပါးခြင်း၊ ရှောင်ကွင်း ကျင့်ရိုး၊ လုံ့လကြိုး လော့၊ ယစ်မျိုးဆယ်ပါး၊ သောက်စားယွင်းလစ်၊ ထိုကျင့်ညစ်ကို၊ ပယ်ပစ်ရှောင်ကွင်း၊စောင့်ရှောက်ခြင်းကား၊တပါးခေါ်ဆို၊ကုသိုလ်

မပြို၊ထိုပုဂ္ဂိုလ်၏၊နဂိုရ်တည်ကြည်၊ စိတ်မြတ်သည်လည်း၊ တမည့်မင်္ဂလာ၊ ရောက်ရာ ရောက်ဆဲ၊ ဘေးရန်ဖြစ်လည်း၊ မညစ်မညှိုး၊ မစိုးမရိမ်၊ ချမ်းငြိမ်ပေသူ၊ စိတ်ကိုမူလည်း၊ မှတ်ယူမင်္ဂလာ၊ ရေတွက်ရာ၏၊ တဆဲ့သုံးပွဲယှက်၊ ရမ္မက်ကွာကင်း၊ ထိုအခြင်းလည်း၊ သန့်ရှင်းမင်္ဂလာ၊ဘေးမှကွာ၍၊ ချမ်းသာရဟန်၊ နိဗ္ဗာန်ရသူ၊ နတ်လူဖြာပွ၊ မင်္ဂလာမည်ရ၊ မြွက်ဟာမိုင်းခြား၊ ၅၂လေးပါးကို၊ ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ၊ မင်္ဂလာဟု၊ သဒ္ဓါကဲလွန်၊ နတ်တမန်သည်။ ။မှန်မှန်စွဲမှတ်–ရှာလေလော။

---

## မန္တလေးမြို့နေမျိုးမင်းကျော်ဇေယျာ့ဘွဲ့ခံ သံတော်ဆင့်မင်း ဦးကျော်ဇ-ရေး

# မင်္ဂလာပျို့

---

### ပဌမပုဒ်

ဗာလလူမိုက်၊ ဒုစရိုက်ကို၊ မကြိုက်ရှောင်ခွါ၊ မပေါင်းရာတည့်၊ ဆယ်ဖြာသုစရိုက်၊ ဝမ်းအင်ခိုက်လျက်၊ ကောင်းမြိုက်သိလာ၊ ကျင့်သိက္ခာနှင့်၊ အရာသိသိ၊ ပညာရှိကို၊ ညွတ်ဘိကျိုးနွံ၊ ဆုံးမခံလျက်၊ မိန့်သံမှတ်သား၊ ဆည်းကပ်ငြားလော့၊ ဘုရားအတုလ၊ သုံးလူ့ဘလျှင်၊ မြွတ်ဟာတရား၊ မြတ်ဆယ်ပါးတည့်၊ ရှစ်ပါးရိယာ၊ ရတနာနှင့်၊ ဆရာမိဘ၊ စသည်ကျေးဇူး၊ အထူးမြတ်မြင့်၊ ပူဇော်သင့်ရာ၊ ပူဇော်ပါလော့၊ ပူဇာနှုဂ္ဂဟာ၊ ပြုကုန်ကြရာ၊ အကျိုးမှာကား၊ ဘဝါဘဝေ၊ ကျင်လည်လေရာ၊ မင်္ဂလာကျိုး၊ တိုင်းထက်တိုး၍၊ လေးမျိုးအပါယ်၊ ကပ်သုံးသွယ်လည်း၊ မတွယ်မငြိ၊ သုဂတိဖြင့်၊ လားဘိသန္ဓေ၊ ကျင်လည်လေ၏၊ ကျင့်ထွေတရား၊ ဆင့်ဆင့်ပွားလျက်၊ လေးပါးသစ္စာ၊ ပွင့်လင်းရာသည်။ ။မင်္ဂလာတရား–ကျင့်မြတ်တည်း။

## ဒုတိယပုဒ်

ပတိရူပ၊ သင့်တင့်လှသည်၊ဒေသပညတ်၊ ထိုထိုရပ်သာ၊ နေအပ်ရာ၏၊ တဖြာထိုမှ၊ ပုဗ္ဗကမ္မ၊ ရှေးကဆည်းပူး၊ ကုသိုလ်ထူးလည်း၊ ကျေးဇူးနှ႑သ၊ ရွှေအိုးရသို့၊ ကိစ္စပြီးပြီး၊ လိုတိုင်းပြီးလိမ့်၊ တသီးထိုမှ၊ အတ္တသမ္မာ၊ ဤအရာတွင်၊ စိတ်သာယူဘိ၊ ကောင်းစွာသိလေသော်၊ မိမိစိတ်ကို၊ စောင့်စည်းသို၍၊ ရှိသေကျင့်ဝတ်၊ စောင့်ရှောက်လတ်မူ၊ လူနတ်နိဗ္ဗာန်၊ ကောင်းရာဆန်သည်၊ ဧကန်မချို၊ခံစားမြို့တည့်၊ နှစ်လိုမပျက်၊ နာမက္ခန္ဓာ၊ ထိုသုံးဖြာတွင်၊ စိတ်သာပြဋ္ဌာန်း၊ မိန့်တော်ခွန်းတည်း၊ တည်ထွန်းထင်ရှား၊သုံးပါးမင်္ဂလာ၊သုံးဖြာသမ္မတ်၊စက်ဟုမှတ်သည်။ ။ဆတ်ဆတ်အင်္ဂါ်း–ကဲလွန်တည်း။

## တတိယပုဒ်

ဘုရားမုခပါဌ်၊ ပိဋကတ်ကို၊ ကျက်မှတ်သင်အံ၊ သူ့နည်းခံ၍၊ နာကြားစိစစ်၊ သိမှု ရေးကို၊ မေးမေး မြန်းမြန်း၊ ရဟန်း သုတ၊ မှတ်ကုန်ကြလေသော်၊ ထိုမှတဖြာ ၊လူတို့မှာကား၊ များပြားကျမ်းဂန်၊ ဂန္ထတ္ထရ။ ။သဏ္ဍာဒ္ဓ–မဂဓ၊ ရောမစသည်၊ တည်တည်ဝေဘန်၊ ဘာသန္တရ။ ။ဌာနတိုင်းပြည်၊ လှည့်လည်ရောက်ပေါက်၊ မှတ်လောက်သမျှ၊ ထုံးဓလေ့ကို၊ စုံစေ့မကျန်၊ သိမှတ်ရန်ကား၊ ဒေသန္တရ၊လူ့သုတတည့်။ ။ထိုမှတဖြာ၊ သေနာသေန၊ ကျောင်းကိစ္စနှင့်၊သမဏသာရုပ်၊အပ်ချုပ်သင်္ကန်း၊ ဖန်ရည်စွန်းနှင့်၊ ရဟန်းချင်းချင်း၊ အခင်းဆောင်လတ်၊လူ့အတတ်ကား၊နည်းအများတည့်၊ စီးပွားရှာမှု၊ တတ်ကောင်းစုကို၊ ငယ်နုစဉ်ခါ၊ သင်ကြားရာ၏၊ ကောင်းစွာသင်ခန်း၊ ရဟန်းဝိနည်း၊ လူ့ဝိနည်းဟု၊ ဖြင်ပည်းများစွာ၊သင်ကောင်းရာတည့်၊သုဘာသိတ၊စကားအရာ၊ သုကထာကို၊ ကောင်းစွာပြောကြား၊ အင်္ဂါ်းများ၏၊ လေးပါးမင်္ဂလာ၊မှတ်ကုန်ရာသည်။ ။ချမ်းသာသုခ–ပွားကြောင်းတည်း။

## စတုတ္ထပုဒ်

ကြီတက်ပညာ၊ လူလိမ္မာကား၊ နှစ်ဖြာအမြွက်၊ ဒိဋ်ဦးနတ်ကို၊ ရှိညွှတ်ခယ၊ လုပ်ကျွေးရတည့်၊ ထိုမှတုံလည်း၊ ဆွေမယ်နည်းမူ၊ သားသည်းအရှုကို၊ ပေးမှုဥစ္စာ၊ ချိုသာနှာလွှယ်၊ ချစ်ဘွယ် တည်တည့်၊ ထရထည်မှု၊ ကိုယ်တူပြုလျက်၊ မြှော်ရှုစီးပွား၊ ခိုင်ဖြိုးများအောင်၊ လေးပါးသင်္ဂဟ၊ ညီညွတ်ကြ၍၊ မ စ သဖြင့်၊ ထောက်ပင့်ကျွေးမွေး၊ ကြည်ဧသဒ္ဓါ၊ ပြုရရာ၏၊ အနာကုလ၊ ကမ္မထိုထို၊ ပြုလိုကိစ္စ၊ ဆောင်ရွက်ကလည်း၊ လုံ့လမပျက်၊ နှောင့်ရှက်ကင်းလတ်၊ ကျင့်ဆောင်တတ်နှင့်၊ အမြတ်သုံးပါး၊ တရားမင်္ဂလာ၊ မှတ်သားရာသည်။ ။ချမ်းသာသုံးတန်–ပွားများတည်း။

## ပဉ္စမပုဒ်

ဒါနပဟူသား၊ အကြောင်းအားဖြင့်၊ သုံးပါးစေတနာ၊ ဝတ္ထုမှာကား၊ လေးပါးခြောက်ပါး၊ဆယ်ပါးသိမှု၊ ပုဂ္ဂိုလ်ရကား၊ ဆဲ့လေးပါးလျှင်၊ လှူသားစေတနာ၊ ဒါနသာတည့်၊ တဖြာဓမ္မ၊ စရိယဟု၊ ပုညအကျင့်၊ ဟောဘွင့်ကျမ်းလာ၊ ဆယ်ဖြာစရိယ၊ တနည်းပြုမူ၊ ဓမ္မလေးအင်၊မင်္ဂစိတ်တွင်ဝယ်၊မဂ္ဂင်ရှစ်ပါး၊တရားဓမ္မ၊စရိယတည့်၊ သတ္တစဉ်ဘက်၊ မပျက်အရိုး၊ ဆင့်ဆင့်တိုးသည်၊ အမျိုးများကို၊ လေးပါး သင်္ဂဟ၊ မပျက်ရအောင်၊ မ စ ချီးမြှင့်၊ နှိုင်းချိန်ချင့်၍၊ ထောက်ပင့်ကုန်ကြ၊ အနဝဇ္ဇ ပြစ်မရသား၊ အမှုများကို၊ ကြိုးစားစီမံ၊ ကျင့်ကြံလေ့လာ၊ ပြုအပ်ရာသည်။ ။နတ်ရွာနိဗ္ဗာန်–စီးပွားတည်း။

## ဆဋ္ဌမပုဒ်

ဝိတိက္ကမ၊ ဝတ္ထုမှုလျှင်၊ မရမိခါ၊ မျိုးစဉ်လာဖြင့်၊ ကောင်းစွာသဘော၊ယောနိသောလျှင်၊ မနေဘကံညီ၊အာရတီတည့်၊ဝိရမိတဗ်၊ ဝတ္ထုရပ်ကို၊ရအပ်ကာလ၊ ကာယဝစီ၊ ကံနှစ်သီဖြင့်၊အညီတရား၊ စောင့်ငြားအခွင့်၊ကျင့်တိုလတ်က၊သီလဝိရတီ၊တလီထိုမှ၊မဇ္ဇပါန၊

သံယမဟု၊ယုတ်စွတရား၊ သောက်စားယစ်မူး၊ မလွန်ကျူးရော၊ အပ္ပမာဒ၊ဒွါနသီလာ၊ဘာဝနာဟု၊ ဆယ်ဖြာပုည၊ကိရိယာကို၊ နိစ္စမမေ့၊ ကျင့်ကြံလေ့လော့၊ စေ့စေ့မှတ်ရာ၊ မင်္ဂလာဟု၊ လေးဖြာတရား၊ ဟောညွှန်ကြားသည်။ ။မှတ်သားသေချာ–ယူကျုံးတည်း။

## သတ္တမပုဒ်

သဏ္ဌာ့ဓမ္မ၊ဂါရဝဟု၊စသည်အပြား၊ ခုနစ်ပါးကို၊ မှတ်သားလေ့လာ၊ရှိသေစွာဖြင့်၊ သံသာချိုမြတ်၊ လောကဝတ်ကို၊ မချွတ်စေရ၊ ပြုကုန်ကြလော့၊ မာနဟူသား၊ ထောင်လွှားတံခွန်၊ ပြင်းဟုန်မာန်ကို၊ မလွန်ယုတ်ကျ၊ ပြုကုန်ကြလျက်၊ နှိမ့်ချဘိသား၊ ဝပ်တွားရိုကျိုး၊ မြတ်နိုးခြင်းမှ၊နိဝါတတည်း၊ပဉ္စယလေးပါး၊ လှူခံစားတို့၊ ရဖြားသမျှ၊ရောင့်ရဲရတည့်၊ထိုမှတဝ၊ရှေးပြုကမှု၊ပုဗ္ဗကာရီ၊ကျေးဇူးညီအပ်၊တုံ့ကြားဆပ်ကား၊ ကတညုတာ၊ကတဝေဒီ၊ မြို့ရှင်မြို့စား၊တဏှာအား ဖြင့်၊နှစ်ပါးပုဂ္ဂလ၊ရခဲစွတည်း၊နိဝရဏငါး၊သုံးပါးဝိတက်၊ ပျောက်ပျက်စိမ့်ငှါ၊ အခါအခါ၊ တရားနာသည်။ ။ကောင်းစွာမှတ်အပ်– ငါးပါးတည်း။

## အဋ္ဌမပုဒ်

အယုတ်အလတ်၊ သမုတ်မှတ်သည်၊ အမြတ်သုံးပါး၊ သီးခံခြားလော့၊ ညွှန်ကြားပညာ၊ ဆရာမိဘ၊ဩဝါဒကို၊ဆုံးမလွယ်စွာ၊အရိယာတရား၊ လေးပါးနွယ်မှန်၊ ပုထုဇန်လျှင်၊မြတ်မွန်သဃ်ာ၊ ထေရ်မဟာကို၊ ပူဇာနုဂ္ဂဟာ၊ပြုကုန်ကြလော့၊ ထိုမှတဖြာ၊ခက်ခဲစွာလျှင်၊ သဒ္ဒါအနက်၊ဆဲ့နှစ်ချက်ဖြင့်၊မပျက်စုံလင်၊အာဝင်ငါးပါး၊ဆရာများကို၊တွေ့ကြုံသော်ဘိ၊အခွင့်သိလျက်၊ပါဠိသုဒ္ဓိ၊ပါဠ္ဌဝုတ်ကို၊ဘွေထုတ်ဘျမ်းလာ၊မသိသာမှု၊ကောင်းစွာသဘော၊ ယောနိသောဖြင့်၊ စောကြောသုံးသပ်၊မေးအပ်သင့်ရာ၊မေးမြန်းရာသည်။ ။လေးဖြာကျင့်ဝတ်-မှတ်ထုံးတည်း။

## နဝမပုဒ်

ဤသို့တပ၊ ခြိုးခြံရလျက်၊ လုံ့လဆင့်ဆင့်၊ လေးဖင့်ဆုံးခြွေ၊ လုံခြုံစေသား၊ ရှစ်ပါးဝိရိယာ၊ သမ္မပ္ပဓာန်၊ အမွန်မြတ်လှ၊ ဖြဟ္မစရိယာ၊ သူတော်စွာတို့၊ ကျင့်ရာလမ်းကောင်း၊ တမျဉ်းကြောင်းဖြင့်၊ ထုံးဟောင်းနည်းယူ၊ ဟူဘုံရကား၊ လေးပါးသစ္စာ၊ အရိယာတို့၊ ကောင်းစွာသိမြင်၊ လျင်တောက်တပြီ၊ ရောက်လိုရကား၊ တရားနိဗ္ဗာန်၊ တောင်းဆုပန်လျက်၊ ကြေနပ်မျက်မှောက်၊ ရောက်အံ့ရှေးရှု၊ အာရုံပြုသည်။ ။လွတ်မှုတရား-သံသာတည်း။

## ဒသမပုဒ်

လာဘာလာဘ၊ စသည့်တရား၊ ရှစ်ပါးလောကဓံ၊ ခါနိုယံလျှင်၊ ဆက်ဆံသဖြင့်၊ သည်းခံလင့်လေ၊ မြင့်ထက်မြင့်စွာ၊ သံသရာဝန်၊ ကျော်ကွင်းညွတ်မှ၊ ထွက်လွတ်ကုန်ရာ၊ ဇ္ဈာဉ္ဈာနိဗ္ဗ၊ မတောင့်တသည်၊ ဘဝဆုံးချုပ်၊ မတုန်လှုပ်ရ၊ လောဘဒေါသ၊ မောဟပဟူသား၊ မြူသုံးပါးကင်း၊ စိတ်သန့်ရှင်း၍၊ ကိုယ်တွင်းတရား၊ လေးပါးသစ္စာ၊ ယထာဘူတ၊ အမှန်ကျအောင်၊ သိစွမ်းဆောင်ဘိ၊ ခိဏာသဝ၊ ဝိရာဂဟု၊ ဘဝမကြို၊ ဇာတိမြို့လတ်၊ ဘေးလွတ်ရန်ရှင်း၊ မှောင့်ရောင့်ကင်းသား၊ လေးပါးမင်္ဂလာ၊ ဟောညွှန်ပြသည်။ ။ချမ်းသာ ထွတ်မြတ်–တရားတည်း။

[၁၂၇၈-ခု၊ ဝါဆိုလဆန်း-၁၅-ရက်]

## THE SONGS OF BLESSING.

One night a spirit came to the BLESSED ONE and addressed him thus in verse :-

Many devas and men have pondered on blessings Longing for goodly things. O tell me Thou the greatest blessing.

THE LORD REPLIED :-

( 1 ) - Not to follow afterfools,
But to follow after the wise;
The worship of the worshipful,
This is the greatest blessing.

( 2 ) - To dwell in a pleasant spot.
To have done good deeds in former births.
To have set oneself in the right path,
This is the greatest blessing.

( 3 ) - Much learning and much science,
And a discipline well learned,
Yea and a pleasant utterance,
This is the greatest blessing.

( 4 ) - To support of mother and father,
The cherishing of child and wife,
To follow a peaceful livelihood,
This is the greatest blessing.

( 5 ) - Giving alms, the righteuos life,
To cherish kith and kin,
And to do deeds that bring no blame,
This is the greatest blessing.

( 6 ) - To cease and to abstain from sin,
To shun intoxicants;
And steadfastness and righteousness,
This is the greatest blessing.

(7) - Reverence, humility,
Content and gratitude,
To hear the Law at proper times,
This is the greatest blessing.

(8) - Patience, the soft answer,
The sight of those controlled,
And points talk in season due,
This is the greatest blessing.

(9) - Restraint, the holy life,
Discernment of the Noble Truth,
Of one's ownself to know the Goal,
This is the greatest blessing.

(10) - A heart untouched by worldly things,
A heart that is not aware:
By sorrow, a heart passionless, secure,
This is the greatest blessing.

Invincible on every side, they go who do these things, On every side they go to bliss, theirs is the greatest blessing.

25. 10. 50.
Minbu.

F. L. Woodward, O. U. P.
The World's Classics.

## THE SONG OF GREAT BLESSING.

Thus have I heard,

Once when the Blessed one was at Jetavana in Anathapindika's Park, there drew rear, as night came on, a beautiful god, lighting up the whole place with his presence. He greeted the Blessed One and then, standing on one side, addressed him in his verse:-

" What many men and deities
Desiring Bliss have sough to find-
Come, tell me Master, what it is
That brings most blessing to mankind."

To whom the SAGE made answer:-

1\. "To quit the fools, to court the wise,
This is the highest Paradise.
To pay respect where it is due,
So shall true blessing wait on you."

2\. "Seek a fit place and there remain,
And strive self-knowledge to attain.
If in past lives you've stored up merit,
The fruit thereof you'll now merit."

3\. "Let wisdom, skill and discipline
And gracious, kindly words be thine."

4\. "Tend parents, cherish wife and child,
Pursue a blameless life and mild."

5\. "Live thou devout, give ample alms,
Protect thy kin from life's alarms."

6\. "Do good, shun ill, and ever shrink
From share of spirituous drink.
So do thou preserve in good,
This is the true Beatitude."

7\. "Be humble, with thy lot content,
Grateful and ever reverent.
Study the Law of Righteousness.
This is the paid that leads to bliss."

8\. "Patience, kind speech, as chance affords,
With holy men, religious words."

9\. "The Noble Truth, austerity,
Nirvana here, and chastity,
This is ture happiness."

10\. "To live from all attachment free,
From sorrow and impurity,
This is the ture security,
This is the highest Bliss."

Minbu.
25-10-50

**H.211-9**

## BUDDHIST BEATITUDES.

When yearning for good, many devas and men
have held divers things to be blessing;

Do thou then informs, O Master,

What is the greatest blessing?

1. Not to serve the foolish,
But to serve the wise,
To honour those worthy of honour;
This is the greatest blessing.

2. To dwell in a pleasant place,
To have done good deeds in a former birth,
To have a soul with right desires;
This is the greatest blessing.

3. Much insight and much education,
Self-control and a well-trained mind,
Pleasant words that are well-spoken;
This is the greatest blessing.

4. To support father and mother,
To cherish wife and child,
To follow a peaceful calling,
This is the greatest blessing.

5. To bestow alms and live righteously,
To give help to one's kindred,
To do deeds which cannot be blamed,
This is the greatest blessing.

6. To abhor and cease from sin,
To abstain from strong drink,
Not to be weary in well-doing,
This is the greatest blessing.

7. Reverence and lowliness,
Contentment and gratitude,
The hearing on the Law at due seasons,
This is the greatest blessing.

8. To be long-suffering and meek,
To associate with the tranquil,
Religious talk at due seasons,
This is the greatest blessing.

9. Selfrestraint and purity,
The knowledge of the Four-Great Truths,
The realization of Nirvana,
This is the greatest blessing.

10. Beneath the stroke of life's changes,
The soul that stands unshaken,
Passionless, unsorrowing, secure;
This is the greatest blessing.

Invincible on every side,
Is he who acteth thus,
On every side he walks in safety,
And this is the greatest blessing.

THURIYA KANTI.

# ဒုတိယပိုင်း

## ၁-အသေဝနာစဗာလာနံ

မပေါင်းဘက်ရ၊ လူ့ဗာလ၊ ရှောင်ကြဉ်ဝေးဝေးခွါ။

[လူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်း]

"ဗာလာနံ" ဟု "လာ" မှာ အာဒီဃနှင့်ရွတ်မှ သင့်သည်။

[ပကိဏ္ဏက ဝိသဇ္ဇနာကျမ်း တတိယတွဲ-၃၂]

### "ဗာလ" ဝိဂြိုဟ်

၁-ဒိဋ္ဌဓမ္မိက သမ္ပရာယိက သံခါတေ ဒွေ အတ္ထေ ဒေဝဒတ္တ ကောကာလိကာဒယောဝိယ လာတိ ဂဏှာတီတိ ဗာလော။

ဒေဝဒတ္တ ကောကာလိကာဒယော-ဒေဝဒတ်,ကောကာလိက အစရှိကုန်သော ပုဂ္ဂိုလ်ယုတ်တို့သည်၊ ဒိဋ္ဌဓမ္မိက သမ္ပရာယိက သံခါတေ-မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘော၌ဖြစ်သော မကောင်းကျိုး, ရှေးရှု ရောက်အပ် လတ္တံ့သော တမလွန်လောက၌ဖြစ်လတ္တံ့သော မကောင်းကျိုးဟု ဆိုအပ်ကုန်သော၊ ဒွေ-နှစ်ပါးကုန်သော၊ အတ္ထေ-သွေးအန် မြေမျိုခြင်း အစရှိသောအကျိုး, အဝီစိငရဲ၌ အတိဒုက္ခခံရခြင်း အစရှိသောအကျိုးတို့ကို၊ လန္တိဂဏှန္တိဝိယ-ယူတတ်ကုန်သကဲ့သို့၊ တထာ-ထို့အတူ၊ ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိက သံခါတေ-မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘော၌ ဖြစ်သောမကောင်းကျိုး, ရှေးရှု ရောက်အပ်လတ္တံ့သော တမလွန်လောက၌ ဖြစ်လတ္တံ့သော မကောင်းကျိုးဟုဆိုအပ်ကုန်သော၊ ဒွေ-နှစ်ပါးကုန်သော၊ အတ္ထေ-သွေးအန် မြေမျိုခြင်း အစရှိသောအကျိုး, အဝီစိငရဲ၌ အတိဒုက္ခခံရခြင်း အစရှိသောအကျိုးတို့ကို၊ လာတိ ဂဏှာတိ-ယူတတ်၏၊ ဣတိတသ္မာ-ထိုသို့ ဒေဝ

ဒတ်, ကောကာလိကအစရှိကုန်သော ပုဂ္ဂိုလ်ယုတ်တို့ကဲ့သို့ ဒိဋ္ဌိမဋ္ဌိက သမ္ပရာယိကအားဖြင့် နှစ်ပါးကုန်သော မကောင်းကျိုးတို့ကို ယူတတ်သည်၏ အဖြစ်ကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ဗာလော-ဗာလမည်၏။

[မင်္ဂလာဒီပနီ ဋ္ဌ ယ—၁၀၆]

၂—ဗလန္တိ ဇီဝန္တိ အဿာသ ပဿာသ
မတ္တေန န ပညာ ဇီဝိတေနာတိ ဗာလာ။

အဿာသ ပဿာသ မတ္တေန-ထွက်သက် ဝင်သက်ရှိကာမျှဖြင့်၊ ဗလန္တိ ဇီဝန္တိ-အသက် ရှင်တတ်ကုန်၏၊ ပညာဇီဝိတေန-ပညာဖြင့် အသက်ရှင်ခြင်းဖြင့်၊ နဇီဝန္တိ-အသက် မရှင်ကုန်၊ ဣတိ တသ္မာ-ထို့ကြောင့်၊ ဗာလာ-ဗာလမည်ကုန်၏။

## လူမိုက်ဆိုသည်

ပညာဖြင့် အသက်ရှင်ခြင်းကိုမပြုမူ၍ ထွက်သက် ဝင်သက်ကို ရှူရှိုက်တတ်ရုံမျှဖြင့် အချိန်အခါကို ကုန်လွန်စေလျက် အကောင်း အဆိုး အကြောင်းအကျိုး အရိုးအဆန်း ကုသိုလ်မှန်း အကုသိုလ်မှန်းမသိ၊ ထင်မိထင်ရာ ပညာဗဟုသုတ နည်းပါး သဖြင့် ကိုယ်ကျင့်တရားနှင့် မပြည့်စုံသူ, လောကီ လောကုတ္တရာ အကျိုး နှစ်ပါးကို ရအောင် အားမထုတ်နိုင် သဖြင့် နှစ်ဘက်ကန်းနှင့်တူ သောသူ, လောကီကျိုးတခုမျှသာ ရအောင်အားထုတ်နိုင်သဖြင့် တဘက်ကန်းနှင့် တူသောသူ, ဒုစရိုက်ဆယ်ပါးကို ပြုကျင့်ကျူး လွန်သူတို့ကို"လူမိုက်"ဟုခေါ်ပါသည်။

## ရင်းသံပေါက်များ

ကောင်းဆိုးနှစ်ပါး၊ မသိပြား၊ မှတ်သား"လူမိုက်" သာ။
ဒုစရိုက်ဆယ်ပါး၊ ကျူးလွန်ငြား၊ မှတ်သား"လူမိုက်" သာ။
နှစ်ဘက်စုံကန်း၊ တဘက်ကန်း၊ မှတ်စမ်း "လူမိုက်" သာ။

[မဃဒေဝ ကာရံ-မင်္ဂလာအလင်းပြ-၈]

၃–အတ္တဟိတပရဟိတာသမိ ါတေ–
နွေ အနတ္တေ့ လက္ခိဂဏှန္တိ ဗာလာ။
ဒသအာကုသလ ကမ္မပထသမ္ဗန္နာ သတ္တာ–
ပုရောဏကာကဿပါဒယော ဝါ။

အတ္တဟိတ ပရဟိတာသမိ ါတေ–ကိုယ်၏စီးပွား သူ၏ စီးပွား ဟုဆိုအပ်ကုန်သော၊ နွေ–နှစ်ပါးကုန်သော၊ အနတ္တေ–အကျိုးမရှိသည်တို့ကို၊ လက္ခိ ဂဏှန္တိ–ယူတတ် ကုန်၏၊ ဇာတိတသ္မာ–ထို့ကြောင့်၊ ဗာလာ–ဗာလမည်ကုန်၏၊ ဒသ-ဆယ်ပါး ကုန်သော၊ အကုသလ ကမ္မပထသမ္ဗန္နာ–အကုသလကမ္မပထနှင့် ပြည့်စုံကုန်သော၊သတ္တာ-သတ္တဝါတို့ကို၊ လက္ခန္တိ-ရအပ်ကုန်၏၊ ဝါ-တနည်းကား၊ ပုရောဏကာကဿပါဒယော-ပုရောဏကာကဿပ အစရှိသောသူတို့ကို၊ လက္ခန္တိ-ရအပ်ကုန်၏။

[ပရိတ်ကြီးဋီကာ-၁၉]

၄–ဝိပါကဒွေါသံ နဇာနာတီတိ ဗာလော။

ယောပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ ဝိပါကဒွေါသံ-ပစ္စုပ္ပန်မကောင်းကျိုး, သံသရာမကောင်းကျိုးနှစ်ပါးကို၊နဇာနာတိ-မသိ၊ ဇာတိ–ထို့ကြောင့်၊ သောပုဂ္ဂလော–ထိုပုဂ္ဂိုလ်သည်၊ ဗာလော–ဗာလမည်၏။

[မင်္ဂလာဂဏ္ဌိ-၁၉]

## ရင်းအနက်အဓိပ္ပါယ်

ဗာလာနန္တိ အဇာနနလက္ခဏော။
အဇာနနလက္ခဏောတိ ဝိပါက–
ဒွေါသံ နဇာနာတီတိ အတ္ထော။

ဗာလာနန္တိ-ဗာလာနံဟူသည်ကား၊အဇာနနလက္ခဏော-မသိခြင်းလက္ခဏာရှိ၏၊အဇာနန လက္ခဏောတိ-အဇာနန လက္ခဏော ဟူသည်ကား၊ ဝိပါကဒွေါသံ-ပစ္စုပ္ပန် သံသရာတည်းဟူသော

အကျိုးမဲ့နှစ်ပါးကို၊ နခေါနာတိ—မသိ၊ ဇာတိအယံ—ဤသည်လျှင်၊ အဝေ္တာ-ဗာလာနံဟူသော ပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၅၉]

## ရှင်းသံပေါက်များ

(၁)—သုံးပါးဒုစရိုက်၊ အမှုကြိုက်၊ အမိုက် "ဗာလ" ခေါ်။

(၂)—ကြံ,ပြော,ပြုကြောင်း၊ သုံးမျိုးပေါင်း၊ မကောင်း "ဗာလ" ခေါ်။

(၃)—ကျိုးကြောင်းအရှိ၊ ဆိုးကောင်းညှိ၊ မသိ "ဗာလ" ခေါ်။

(၄)—ပညာဉာဏ်ဝင်း၊ မှန်မလင်း၊ အဖျင်း "ဗာလ" ခေါ်။

[မင်္ဂလဒ္ဒီပက—၈]

## ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁) ဗာလာနံ—ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တည်းဟူသော သုံးပါးသောဝဋ်တို့၏ လည်ရာလည်ကြောင်းဖြစ်သော ပါဏာတိပါတ,အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစရိုက်လေးပါး၊ အဘိဇ္ဈာ, ဗျာပါဒ,မိစ္ဆာဒိဋ္ဌိ တည်းဟူသော မနောဒုစရိုက် သုံးပါး၊ဤဆယ်ပါးသော ဒုစရိုက်တို့၌ လိုလိုက်ပျော်ပါး ကျင့်ကြံမှားသော လူမိုက်တို့ကို၊ယာအသေဝနာစ—အကြင်မမှီဝဲ မဆည်းကပ်ရခြင်း သည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ—၆၃]

(၂) ဗာလာနံ-အကြောင်းမှန်း အကျိုးမှန်း၊ ဂုဏ်မှန်း အပြစ်မှန်း၊ သူပေးဘူး သူကျွေးဘူးသော ကျေးဇူးမှန်း မသိသော လူမိုက်တို့ကို၊ ယာ အသေဝနာစ—အကြင် မပေါင်းဘော် ရခြင်း သည်လည်းကောင်း။

[မင်္ဂလသုတ်နိဿ-၁၄]

(၃) ဗာလာနံ-မကောင်း ဒုစရိုက်၊ သူအမိုက်တို့ကို၊ ဝါ-ကာယ ဝစီ မနသီဖြင့်၊ ဆယ်လီအမိုက်၊ ဒုစရိုက်ကို၊ နှစ်မြိုက်ကုန်ကြ၊ ဇာကေန္တာဟု၊ ဗာလအသင်း၊ လူအဖျင်းတို့ကို၊ အသေဝနာစ-ဆရာ အမှတ်၊ မိတ်အမှတ်ဖြင့်၊ မဆည်းကပ် မပေါင်းဘော်ရခြင်းသည် လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာ-၇]

(၄) ဗာလာနံ-ပဋ္ဌပြုန် သံသရာ၊ နှစ်ဖြာ ကျိုးကြောင်း၊ ဆိုးကောင်းယုတ်မြတ်၊ တပ်အပ်မသိ၊ ဒိဋ္ဌိအမှူ၊ အယူသို့လိုက်၊ ဒုစရိုက်၌၊ အလွန်ကြိုက်သော သူမိုက်တို့ကို၊ ယာအသေဝနာစ- တခဏမျှ၊ တကွမယှဉ်၊ အကြင်ဝေးစွာ၊ ရှောင်ကြဉ်ရခြင်း သည် လည်းကောင်း။

[မင်္ဂလာသာရဒီပနီသစ်-၇]

(၅) ဗာလာနံ-မကောင်း ဒုစရိုက် လောကီ လောကုတ္တရာတို့၌ မိုက်သောသူတို့ကို၊ အသေဝနာစ—ဆရာအမှတ် မိတ်အမှတ်ဖြင့် မဆည်းကပ် မပေါင်းဘော်ရခြင်း သည်လည်းကောင်း။

[မိုးညှင်းဆရာတော်၏
မဟာမင်္ဂလာတရားတော်ကြီး-၆]

(၆) ဗာလာနံ—ပညာမဘာက် ရှိက်ရှူသက်မျှဖြင့် အသက်ရှင် တတ်ကုန်သည်၏ အဖြစ်ကြောင့် ဗာလဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်ကုန်သော သူမိုက်တို့ကို၊ ယာအသေဝနာစ—အကြင်ဝေး စွာကြဉ်၍ မမှီဝဲ မဆည်းကပ်ရခြင်း သည်လည်းကောင်း။

[မင်္ဂလာဒိဝနိစ္ဆယ-၃၈]

(၇) ဗာလာနံ—ထွက်ဝင်သက်ကို၊ ရှုရှိုက်ရုံမျှ၊သုံးဝသင်္ခါရာ၊ ကြောင်းမွှာကို၊ သေချာဂန၊ မသိကြ၍၊ ပြုမိကြသူ၊ မိုက်သ သူတို့ကို၊ အသေဝနာစ—ဝေးက ရှောင်လွှဲ၊ မပေါင်းဘော် မမှီဝဲ မယှဉ်တွဲ မဆည်းကပ်ရခြင်း သည်လည်းကောင်း။

[ဗုဒ္ဓဝါဒ မင်္ဂလာခွဲကျမ်း-၂၀]

(ဂ) ဗာလာနံ–အာရုံ၌ ငြိသောအားဖြင့် တပ်ခြင်းလက္ခဏာ ရှိသောလောဘ, မှားသော အယူဖြင့် နှလုံးသွင်းခြင်းလက္ခဏာ ရှိသောဒိဋ္ဌိ, ကောင်းသောအာရုံ၏ သဘောကိုဖုံးလွှမ်းခြင်း လက္ခဏာရှိသောမောဟ, စိတ်၏မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း လက္ခဏာရှိသော ဥဒ္ဓစ္စ, ဤလောဘ ဒိဋ္ဌိ မောဟ ဥဒ္ဓစ္စတရားလေးပါးတို့သည် မိမိကိုယ်တွင်း သန္တာန်၌ဖြစ်၍ တပြောင်းပြန်ပြန် အတန်တန် နှစ်မွှန်းရခြင်းသည် ဝဋ်အားဖြင့် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် သုံးပါးတို့တည်း၊ ထိုသုံးပါးတို့တွင် လောဘတဏှာကြောင့် လောကတွင် ရှာကြံပြုပြင် လုပ်ဆောင်သော ကိစ္စဟူသမျှသည် ကိလေသဝဋ်၊ ကံကြောင့်လူဖြစ်သည်ကိုပင် ကမ္မဝဋ်၊ အနာရောဂါအပေါင်းတို့နှင့် တွေ့ကြုံခိုက်တိုက် ခံစားသမျှသည် ဝိပါကဝဋ်၊ ထိုဝဋ်သုံးပါးတို့၏ လည်ရာဖြစ်သော ပါဏာတိပါတ–သူ၏အသက်ကို သတ်ခြင်း၊ အဒိန္နာဒါန-သူ၏ဥစ္စာကိုခိုးခြင်း၊ ကာမေသုမိစ္ဆာစာရ-သူ၏ သားမယား အိမ်ရာတို့၌လွန်ကျူးဖြစ်မှားခြင်းစသော သုံးပါးသော တရားတို့သည် ကိုယ်၌လွန်ကျူးသောကြောင့် ကာယ ဒုစရိုက် မည်ကုန်၏၊ မုသာဝါဒ-မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊ ပိသုဏာဝါစာ– သူနှစ်ယောက်တို့၏ အကြား၌ အချစ်ပျက်အောင် ကုန်းတိုက်သော စကားကိုပြောဆိုခြင်း၊ ဖရုသဝါစာ-ကြမ်းထမ်း ရုန့်ရင်းသော စကားကိုပြောဆိုခြင်း၊ သမ္ဖပ္ပလာပ-အကျိုးမဲ့သော အခြင်းအရာကို ဖြစ်စေတတ်သောတေးဆိုခြင်း၊ အဲ၊ အံ၊ ရတု၊ ရကန် ဆိုခြင်း၊ ဒုစရိုက်စကားမျိုးတို့ကိုပြောဆိုခြင်း၊ ဤလေးပါးတို့သည် နှုတ်၌ဖြစ်သောကြောင့် ဝစီဒုစရိုက်မည်ကုန်၏၊ အဘိဇ္ဈာ-သူတပါး တို့၏ စည်းစိမ်ဥစ္စာတို့ကို လိုချင်တောင့်တ မက်မောခြင်း၊ အဆင်း အသံ အနံ့ အရသာ အတွေ့ဟူသော ကာမဂုဏ် ငါးပါးတို့ကို အလွန်တောင့်တမက်မောခြင်း၊ ဗျာပါဒ - သူတပါးတို့ကို ရန်ငြိုး ဖွဲ့ခြင်း၊ အမျက်ထွက်ခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ မိစ္ဆာဒိဋ္ဌိ-နတ် မိစ္ဆာ ဗေဒင်၊ ယာယီ၊ တိတ္ထုံ၊ နိမိတ်၊ တံဘောင်တို့ကို မြဲစွာ စွဲလမ်း၍ ယုံကြည်ခြင်း၊ ဤသုံးပါးသည် နှလုံး၌ဖြစ်၍ မနော ဒုစ

ရိုက်မည်၏၊ ဤဒုစရိုက် ဆယ်ပါးတို့ကို ပြုသောသူမိုက်တို့အား၊ ယာအသေဝနာစ-အကြင် လောကီ လောကုတ္တရာ စီးပွားပျက်အောင် မမှိဝဲ မပေါင်းဘော် မဆည်းကပ်ရခြင်းသည်လည်း၊ မင်္ဂလံ-မင်္ဂလာမည်၏။

[ဆင်ပေါင်ဝဲဦးကလျာဏ၏မင်္ဂလတ္ထဒီပနီ–၆]

## လူမိုက်လက္ခဏာသုံးပါး

(၁) မကောင်းသော အမှုကို ပြုလေ့ရှိခြင်း။
(၂) မကောင်းသော စကားကို ဆိုလေ့ရှိခြင်း။
(၃) မကောင်းသော အကြံကို ကြံလေ့ရှိခြင်း။
ထိုလူမိုက်တို့၏ လက္ခဏာသုံးပါးကို အကျယ်ဆိုသော် ဆယ်ပါးရ၏။ ရဟန်ကား–

## မကောင်းသောအမှုကိုပြုလေ့ရှိခြင်းဟူရာ၌

(၁) သူတပါးအသက်ကို သတ်ခြင်း။
(၂) သူတပါး ဥစ္စာ ခိုးယူခြင်း။
(၃) သူတပါး သားမယား ပြစ်မှားခြင်း။ ဤသုံးပါးရ၏။

## မကောင်းသော စကားကိုဆိုလေ့ရှိခြင်းဟူရာ၌

(၁) မဟုတ်မမှန် ပြောဆိုခြင်း။
(၂) သူနှစ်ဦးစပ်ကြား ကုန်းတိုက်ခြင်း၊
(၃) ကြမ်းထမ်းသောစကားကို ပြောဆိုခြင်း။
(၄) သီတာရာမ၊ ခင်မြင့်ကြီးဝတ္ထု အစရှိသောမဟုတ်မမှန် လုပ်ဇာတ်စကားဖျင်းတို့ကို ပြောဆိုဖတ်ရွတ်ခြင်း။ ဤလေးပါးရ၏။

## မကောင်းသောအကြံကို ကြံလေ့ရှိခြင်းဟူရာ၌

(၁) သူ့ဥစ္စာသည် ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွဟု အောက်မေ့ခြင်း။

(၂) မည်သူမည်ဝါသေမူ ပျက်စီးဆုံးရှုံးမူ ကောင်းလေစွဟု အောက်မေ့ခြင်း။

(၃) မှားသောဉာဏ်အမြင်ဖြင့် မမှန်သောအယူကို ယူခြင်း။ ဤသုံးပါးရှိ၏။ ဤဆယ်ပါးသော တရားတို့ကို ဒုစရိုက် ဆယ်ပါး ဟူ၍လည်းကောင်း, အကုသလကမ္မပထတရား ဆယ်ပါးဟူ၍လည်းကောင်း အရောသို့လိုက်၍ခေါ်၏။ သူ မိုက်တို့သည် ဤဒုစရိုက် ဆယ်ပါးကိုကျင့်လေ့ရှိကုန်၏။

[မင်္ဂလာအလင်းကျမ်း–၁၇]

## လူမိုက်တို့၏မှားသောသဘော

(၁) မကောင်းမှုတို့သည် အစပဌမ၌ လူမိုက်တို့၏ စိတ်တွင် ချိုမြိန်သောအရသာကို ဖြစ်စေသည် ထင်ရသော်လည်း နောက်ဆုံး၌ ကြီးစွာသောဒုက္ခကို ဖြစ်စေသည်သာလျှင်။

(၂) သံသရာဆင်းရဲကို မသိသောလူမိုက်သည် မိမိ၏ဘဝကို အပတ်ကြီးထင်၍ နေတတ်၏၊ အကြောင်းမူကား ထိုသူ၏ သန္တာန်တွင်ဝိဇ္ဇာခေတ်ခံနဲ၍ တဏှာ,မာန,ဒိဋ္ဌိတို့နှင့်တကွ အဝိဇ္ဇာ ခေတ်ခံလွန်ကဲသောကြောင့်ဖြစ်လေသည်။

[မြန်မာ့အလင်း]

## မရောင့်ရဲ

မိုက်သောသူသည် ယုတ်မာသောအမှု၌ မရောင့်ရဲ။

[သဏ္ဍနိပါတ်၊ ကုဏ္ဍလဝဂ်၊ သဏ္ဍဘဗ္ဗဇာတ်]

## ဖျက်ဆီးတတ်၏

လူမိုက်တို့မှာ မိမိသည် ဖွဲ့လမ်းအပ်သော မကောင်းသည့် အယူဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ မိမိစကား လိုက်နာကျင့် သော သူတို့ကိုလည်းကောင်း ဖျက်ဆီးတတ်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ–၂၁]

## မိုက်သူထက်မိုက်သောသူ

အကြင်သူမိုက်သည် မိမိ မိုက်မှန်းကို သိ၏၊ ငါသူမိုက်ပါ တကားဟု ဟုတ်တိုင်းမှန်ရာကို ထင်နိုင် မြင်နိုင်၏၊ ထိုကဲ့သို့သော သူမိုက်သည် မိုက်ပင်မိုက်သော်လည်း၊ တကဲ့လူမိုက်မမည်သေး၊ အကြင်သူမိုက်သည် မိမိမိုက်မှန်းကိုမသိ၊ငါလူတော် ငါလူကောင်း ဟုသာ ထင်မြင်လျက်ရှိနေ၏၊ ထိုကဲ့သို့သော သူမိုက်သည်သာ တကဲ့လူမိုက် အစစ်ဖြစ်၏။

[ဓမ္မပဒ]

## မိုက်မဲသောသူတို့၏အပြုအမူ

မိုက်သောသူသည် မိမိပြုသောမကောင်းမှုကြောင့် မိမိအလို မရှိအပ်သော အကျိုးကို ရသောအခါ၊ ဤမကောင်းကျိုးသည် တပါးသူတို့ပြုကုန်၏ဟုရင်း၊ ဤမည်သောသူသည် ပြုလုပ်စေ၏ ဟူ၍ရင်း၊မသင့်မတင့်သောနှုတ်လုံးကိုသွင်း၍ သူတပါးတို့၌ ဖြစ်များ သော မကောင်းမှုကိုပင် ထပ်မံ၍ ပြုတတ်လေသည်။

[မဟာရဟနီတိ]

## အဘယ်ကြောင့်လူမိုက်ကိုမဆည်းကပ်ရသနည်း

အဘယ်ကြောင့် မိုက်သောပုဂ္ဂိုလ်တို့ကို မမှီဝဲမဆည်းကပ်ရ သနည်းဟူမူ၊ သူမိုက်တို့မည်ကုန်သည် ပါဏာတိပါတ အစရှိ သော အကုသလကမ္မပထ တရားတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ မိမိသည် မကောင်းသဖြင့် ယူအပ်သောအယူဖြင့် မိမိကိုယ်ကို

လည်း ဖျက်ဆီးတတ်၊ မိမိစကားကို လိုက်နာပြုလုပ်သူတို့ကို လည်း ဖျက်ဆီးတတ်ကုန်သည်၏ အဖြစ်ကြောင့်ရင်း၊ မိုက်သော ပုဂ္ဂိုလ်၏ ငါးပုပ်နှင့်တူသည်၏အဖြစ်၊သူမိုက်ကိုမှီဝဲသော ပုဂ္ဂိုလ်၏ ငါးပုပ်ထုပ်သော ဖက်ရွက်နှင့်တူသည်၏အဖြစ်၊ ၎င်းတို့၏ ၎င်းတို့ နှင့်တူသည့်အတွက် ပညာရှိတို့သည် စွန့်ပစ်ပယ်ရှားအပ်၊ စက် ဆုပ်ရွံရှာအပ်သည်၏အဖြစ်ကြောင့်ရင်း၊ ကျူရိုးအိမ် သက်ငယ် မြက်မိုးအိမ်မှ တောက်လောင်သော မီးသည် ဥလ္လိတ္တာဝလိတ္တ ကူဋာဂါရကို ကူးစက်လောင်ကျွမ်းစေတတ်သကဲ့သို့ ကြောက် မက်ဘွယ် ဘေးဟူသမျှတို့၏ သူမိုက်တို့မှသာ ဖြစ်ပေါ်လာတတ် ကုန်သဖြင့် သူမိုက်ကိုမှီဝဲသူတို့၌လည်း ကူးစက်ဖြစ်ပေါ်လာတတ် ကုန်သည်၏ အဖြစ်ကြောင့်ရင်း မိုက်သောပုဂ္ဂိုလ်တို့ကို မမှီဝဲမ ဆည်းကပ်ရဟုဆိုလိုသည်။

[မင်္ဂလာဒီပနီ ဋ္ဌယ–၁၂၆]

## လူမိုက်၏ဖြစ်အင်

အနယံ နယတိ ဒုမ္မေဓော၊
အဓုရာယံ နိယုဉ္ဇတိ။
ဒုန္နယော သေယျသော ဟောတိ၊
သမ္မာ ဝုတ္တောပိ ကုပ္ပတိ။
ဝိနယံ သော န ဇာနာတိ၊
သာဓု တဿ အဒဿနံ။ ။

ဒုမ္မေဓော-လူမိုက်သည်၊ အနယံ—ပျက်စီးခြင်းသို့၊ နယတိ—ဆောင်တတ်၏၊အဓုရာယံ—မပွားစေအပ်သောအရာ၌၊နိယုဉ္ဇတိ—အမြဲယှဉ်တတ်၏၊ သေယျသော-မြတ်သောအားဖြင့်၊ ဒုန္နယော—သိနိုင်ခဲသည်၊ ဟောတိ—ဖြစ်၏၊ သမ္မာ-ကောင်းစွာ၊ ဝုတ္တောပိ—ဆိုဆုံးမအပ်သော်လည်း၊ပကုပ္ပတိ—အမျက်ထွက်တတ်၏၊ဝိနယံ—

အာစာရဝိနည်းကို၊ သော- ထိုသူရိုက်သည်၊ နဇာနာတိ- မသိ၊ တသ - ထိုလူရိုက်ကို၊ အဒ္ဒသနံ– မမြင်ရခြင်းသည်၊ သာရ- ကောင်း၏။

[တေရသနိပါတ်၊အကိတ္တိဇာတ်]

## သူယုတ်မာတို့သည် သူတော်ကောင်းတို့ကိုအကြောင်းမဲ့ ရန်သူထင်တတ်ကြောင်း

အကာရဏံ၀ မညန္တိ၊
အဝေရိမ္ပိ အရိံ ဇုတိ။
သာရဇနံ မိဂမန္တံ၊
ဒုဋ္ဌာ လုဒ္ဒါ၀ မိရဝါ။ ။

ဒုဋ္ဌာ-လူဆိုး လူသွမ်း လူသရမ်းတို့သည်၊ သာရဇနံ–သူတော်ကောင်းကို၊ အဝေရိမ္ပိ–ရန်သူပင်မဟုတ်သော်လည်း၊ အကာရဏံ၀-အကြောင်းမရှိဘဲသာလျှင်၊အရိံဇုတိ-ရန်သူကြီးဟူ၍၊မညန္တိ- မှတ်ထင်ကြကုန်၏၊ လုဒ္ဒါ–မုဆိုးတို့သည်၊ မိဂံ–သမင်ကို၊ အဝေရိမ္ပိ–ရန်သူမဟုတ်ဘဲ လျက်လည်း၊ အကာရဏံ၀–အကြောင်းမရှိဘဲသာလျှင်၊အရိံဇုတိ-ရန်သူကြီးဟူ၍၊မညန္တိ-မှတ်ထင်ကြကုန်၏၊ မိရဝါ-တံငါတို့သည်၊ မန္တံ–ငါးကို၊ အဝေရိမ္ပိ–ရန်သူမဟုတ်ဘဲ လျက်လည်း၊ အကာရဏံ၀–အကြောင်းမရှိဘဲလျက် သာလျှင်၊ အရိံဇုတိ–ရန်သူကြီးဟူ၍၊မညန္တိ–မှတ်ထင်ကြကုန်၏။

[ ]

## လူမိုက်တို့ကိုတိုင်ပင်သောသူအား ကြက်သရေ မင်္ဂလာသည် စွန့်ပစ်သွားတတ်၏။

အသံဝိဟိတကမ္မန္တံ၊
ဗာလံ ဒုမ္မတိမန္တိနံ။
သိရီ ဟောတိ ဒုမ္မေဓံ၊
ဇိဏ္ဏံ၀ ဥရဂေါ တစံ။ ။

အသံ့ဝိဟိတကမ္မန္တံ- ထိုးထွင်းသော ဉာဏ်ဖြင့် စီမံပြုလုပ်အပ်သော အလုပ်မရှိသော၊ ဒုမ္မေဓံ-ကောင်းဆိုး ယုတ်မြတ် သိတတ်သော ဉာဏ်မရှိသော၊ဒုမ္မတိမန္တိနံ-ဉာဏ်ပညာမရှိသော သူယုတ်နှင့်သာ အခါခါ တိုင်ပင်လေ့ရှိသော၊ ဗာလံ-ပြုလုပ်စီမံ ကြံဖန်တတ်သော ဉာဏ်ပညာ မရှိသောလူမိုက်ကို၊ သိရီ-ကြက်သရေမင်္ဂလာ၊ကောင်းမြတ်သောစည်းစိမ်ချမ်းသာသည်၊ဇဟာတိ-မချစ်မနှစ် စွန့်ပစ်၍သွားတတ်၏၊ ယထာ-ဥပမာပုံအဘယ်ကဲ့သို့ နည်းဟူမူကား၊ ဥရဂေါ-မြွေသည်၊ဇိဏ္ဏံ-ဟောင်းမြင်း ဆွေးမြေ့လေပြီးသော၊ တစံ-အရေဟောင်းကို၊ ဇဟာတိဣဝ-မချစ်မနှစ် စွန့်ပစ်၍သွားဘိသကဲ့သို့တည်း။

[တိံသနိပါတ်ဇာတ်ပါဠိတော်]

## လူမိုက်ကိုပေါင်းဘော်ရခြင်းသည်လဆုတ်ပက္ခနှင့်တူ၏

ကာလပက္ခေ ယထာစန္ဒော၊
ဟာယတေဝ သုဝေ သုဝေ။
ကာလပက္ခူပမော ရာဇ၊
အသတံ ဟောတိ သမာဂမော။ ။

ရထေသဘ- ရထားစီးခြင်း မင်းတကာ တို့ထက် အာသဘ မြောက်တော်မူသော၊ ရာဇ- မင်းမြတ်၊ ကာလပက္ခေ-လဆုတ်ပက္ခ၌၊ စန္ဒော- လသည်၊သုဝေသုဝေ-နေ့တိုင်းနေ့တိုင်း၊ ဟာယတေဝ ယထာ-ယုတ်သည်သာလျှင် ဖြစ်သကဲ့သို့၊ ဧဝမေဝ-ဤအတူသာလျှင်၊ အသတံ အသပ္ပုရိသာနံ-သူတော် မဟုတ် သူယုတ်မာတို့နှင့်၊သမာဂမော-ပေါင်းဘော်ယှဉ်တွဲမှီဝဲဆည်းကပ်ရခြင်းသည်၊ ကာလပက္ခူပမော- လဆုတ်ပက္ခ၌ လပမာရှိသည်၊ ဟောတိ- ဖြစ်ရချေ၏။

[သုတသောမဇာတ်]

## ဗာလကြောင့်ဘေးဖြစ်ရ၏

ခပ်သိမ်းသော သတ္တဝါတို့၌ ဘေးဥပဒ္ဒဝေါ အန္တရာယ် ဖြစ်ခြင်း၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းကို ရခြင်းတို့သည် ဗာလကြောင့်သာဖြစ်ကုန်၏၊ ပဏ္ဍိတကြောင့် မဖြစ်ကုန်။

[အင်္ဂုတ္တိုရ်]

## နစ်မွန်းတတ်၏

သူမိုက်တို့ကို ဝေးဝေးကြီးကရှောင်ကြဉ်ရမည်၊ မရှောင်ကြဉ်လို့ ရှိခဲ့ပါလျှင် လောကီ လောကုတ္တရာမှာ များစွာဘဲနစ်မွန်းတတ်သည်။

သူမိုက်တို့ကို ပေါင်းဘော်ခြင်းကြောင့် ခပ်သိမ်း ကုန်သော ဥပဒ္ဒဝေါ ပြုတွယ်ခြင်းတို့သည် ဖြစ်တတ်ကုန်၏။

[မင်္ဂလာသာရလက်စွဲ-၂၂]

## လူမိုက်နှင့်ဘက် စည်းစိမ်ပျက်၏

အသေဝနာ၊ လူ့ဗာလ၊ ပေါင်းကဆက်ဆက်၊ စည်းစိမ်ပျက်။

## လူမိုက်တို့နှင့်ပေါင်းဘော်ရခြင်း၏အပြစ်

ဗာလသင်္ဂတိစာရီဟိ၊
ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊
အမိတ္တေနေဝ သဗ္ဗဒါ။ ။

ဟိသစ္စံ- မှန်၏၊ ဗာလသင်္ဂတိစာရီ-သူမိုက်နှင့် တကွ ပြုလေ့ကျင့်လေ့ ရှိသောသူသည်၊ ဒီဃံ-ရှည်စွာသော၊ အဒ္ဓါနံ—ကာလပတ်လုံး၊သောစတိ—စိုးရိမ်ရ၏၊ အမိတ္တေန-ရန်သူနှင့်၊ သံဝါသော-ပေါင်းဘော်ခြင်းသည်၊ သဗ္ဗဒါ— အခါ ခပ်သိမ်း၊ ဒုက္ခော္ဂဝ-

ဆင်းရဲသကဲ့သို့၊ ဗာလေဟိ–လူမိုက်တို့နှင့်၊ သံဝါသော–ပေါင်းဘော်ခြင်းသည်၊ဒုက္ခော–ဆင်းရဲ၏။

[ဓမ္မပဒသုခဝဂ်၊သက္ကဝဏ္ဏ]

## မမှီဝဲသင့်သောသူ

အကြင်သူသည် ပဒုမ္မာကြာပန်းကဲ့သို့ မျက်နှာရွှင်၏၊ ပျားသကာကဲ့သို့ ချိုသာသောစကားကိုဆို၏၊ နှလုံး၌ကား လျှင်စွာသေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏၊ ထိုကဲ့သို့သော သူကိုမပေါင်းသင်း မမှီဝဲသင့်ပေ။

[လောကနီတိ]

## လူမိုက်ကိုမပေါင်းသင်းအပ်

မိမိထက်သာသူကိုရင်း၊ မိမိနှင့်တန်းတူသူကိုရင်း၊ ရှာ၍မတွေ့သော် မိမိ တယောက်ထည်းသာ စွဲမြဲလေ့ကျင့်ရာ၏၊ သူမိုက်နှင့် အဆွေခင်ပွန်း မဖွဲ့ရာ။

[ပညာရှိ]

## ဝေးဝေးခွါလော့

အကျိုးလိုလား၊ ပေါင်းသင်းငြားလည်း၊ ပြစ်မှားသမျှ၊ တကြိမ်ပြုက၊လူ့ဓာတိဓာတ်၊ ယုတ်အမြတ်ကို၊ အတတ်သိသာ၊ ဝေးဝေးခွါလော့၊ မေတ္တာကြည်ဖြူ၊ ထိုသသူကို၊ နောက်မူတဖန်၊ ပေါင်းသင်းပြန်က၊ မွေးရန်ငြင်ငြို၊ အဿတိုရ်လျှင်၊ ကိုယ်ဝန်ရငြား၊ပုံမခြားဘဲ၊ဆိုးဝါးနိုင်လျှင်း၊ရှင်သေမင်းကို၊ထံရင်းခေါ်ယူ၊ သိမ်းပိုက်ဟူသို့၊ လောင်ပူဒုက္ခ၊ ရောက်တတ်လှ၏၊ စိတ်ကမိုးဝါး၊ မစဉ်းစားဘဲ၊ ရှောင်ရှားကြရန်၊ နီတိညွှန်သည်။ ။မလွန်မိက တားခြင်းတည်း။

[ယုဝတီ]

## လူမိုက်ကိုဖဲကြဉ်လော့

ပညာမျက်စိ၊ မြင်မရှိ၍၊ မသိတရား၊ အယူမှားလျက်၊ စီးပွား မမြော်၊ ကျိုးမပေါ် သား၊ သူတော်မဟုတ်၊ ယုတ်သည့်စရိုက်၊ လူသူမိုက်ကို၊ မကြိုက်မချစ်၊ ရန်သူစစ်သို့၊ မနှစ်သက်ဘဲ၊ ဝေးစွာ ရှဲ၍။ ။အမြဲခွါရှင်းပဲကြဉ်မင်း။

[လောကသာရပျို]

## လူမိုက်ကိုမပေါင်းနှင့်

ဟိမဝန္တာတောနေ ဘုရား အလောင်း ရသေ့က မြို့သို့သွား လိုသော မိမိသားငယ်ကို မှာကြားသည်ကား-

(၁) နံ့ခွင်းရည်ဆိုးဘိသကဲ့သို့ မမြဲသောစိတ်ရှိသူ။
(၂) ရာဂစိတ်ဖြင့် ချစ်လွယ်မုန်းလွယ် စိတ်ရှိသူ။
(၃) မျှောက်ကဲ့သို့ လျှပ်ပေါ် တုန်လှုပ်သောစိတ်ရှိသူ။
(၄) လျှင်သော အဆိပ်ရှိသည့် မြွေကဲ့သို့ ဒေါသ အမျက် ထွက်တတ်သူ။
(၅) မစင်လိမ်းကျံသော ခရီးလမ်းမနှင့်တူသည့် မသန့်ရှင်းသူ များနှင့်မပေါင်းဘော်လေနှင့်။

ထိုပြင်တဝဆိုဆုံးမသောဂါထာကား-

အနဝတ္ထာ တာတ ဝဇ္ဇန္တိ၊
ဗာလံ ပစ္စုပသေဝတော။
မာဿု ဗာလေန သင်္ဂ္ဆိ၊
အမိတ္တေနေဝ သဗ္ဗဒါ။ ။

တာတ-ချစ်သား၊ ဗာလံ-လူမိုက်ကို၊ ပစ္စုပသေဝတော-မှီဝဲ သောသူအား၊အနဝတ္ထာ- အကျိုးမဲ့တို့သည်၊ဝဇ္ဇန္တိ- ပွားကုန်၏၊ တွံ- သင်သည်၊ ဗာလေန- လူမိုက်နှင့်၊ မာဿု သင်္ဂ္ဆိ- မပေါင်းဘော်လေနှင့်၊ တာတ-ချစ်သား၊ အမိတ္တေန-ရန်သူနှင့်၊

သမာဂမော–ပေါင်းဘော်ခြင်းသည်၊ သဗ္ဗဒါ– အခါခပ်သိမ်း၊ ဒုက္ခောဇ္ဇဝ– ဆင်းရဲရသကဲ့သို့၊ ဗာလေဟိ- လူမိုက်တို့နှင့်၊ သမာဂမော-ပေါင်းဘော်ခြင်းသည်၊ဒုက္ခော-ဆင်းရဲ၏။

[နဝနိပါတ်၊ဟလိဒ္ဒိရာဂဇာတ်]

## လူမိုက်ကိုရှောင်ခွါ

ရှင်တော်ဘုရားကလည်း လူမိုက်တို့မှာ သက်ကယ်မိုးသော တဲငယ်ကို မီးလောင်သည့်အခါ အိမ်ကြီးရခိုင်ကို ကူးတတ်သည့် အလား လူမိုက်တို့မှ ဥပဒ္ဒဝေါနှင့် ငြိတွယ်ခြင်းများ ဖြစ်တတ်သောကြောင့် လူမိုက်ကိုရှောင်ခွါကြဟု ရဟန်းများအား ဟော ကြားတော်မူ၏။

[အင်္ဂုတ္တိုရ်ပဌမသုတ်]

## လူမိုက်ကိုမဆည်းကပ်ရာ

မြတ်စွာဘုရားက ဆန္ဒမထေရ်ကို ဆုံးမတော်မူသောဂါထာ-

နဘဇေ ပါပကေ မိတ္တေ၊
နဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊
ဘဇေထ ပုရိသုတ္တမေ။ ။

ပါပကေ-ယုတ်မာကုန်သော၊ မိတ္တေ-အဆွေခင်ပွန်းတို့ကို၊ နဘဇေ-မဆည်းကပ်ရာ၊ ပုရိသာဓမေ- ယောကျ်ားယုတ်တို့ကို၊ နဘဇေ-မဆည်းကပ်ရာ၊ ကလျာဏေ-ကောင်းကုန်သော၊ မိတ္တေ-အဆွေခင်ပွန်းတို့ကို၊ ဘဇေထ– ဆည်းကပ်ကုန်ရာ၏၊ ပုရိသုတ္တမေ-ယောကျ်ားမြတ်တို့ကို၊ ဘဇေထ-ဆည်းကပ်ကုန်ရာ၏။

[ဓမ္မပဒ၊ပဏ္ဍိတဝဂ်]

## လူမိုက်ကို ရှောင်ကြဉ်

(၁) လူမိုက်ကိုလျှင်၊ချစ်ကျွမ်းဝင်၊ ကိုယ်လျှင်မိုက်မည့်တာ။
(၂) အမဲသားပုပ်၊ ပုဝါထုပ်၊နှိုင်းလုပ်ပုံပမာ။
(၃) ထိုကြောင့်မှတ်ထိုက်၊ လူအမိုက်၊ မလိုက်ရှောင်ကြဉ်ခွါ။

[စလင်း–ဦးပညာဝံသ]

## လူမိုက်ကို မချစ်နှင့်

ဩဝါဒေယျာနုသာသေယျ၊
အသဗ္ဘာစ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။ ။

ဩဝါဒေယျ-အမှုပေါ်သောအခါ အမှုအားလျော်စွာ ဆုံးမရာ၏၊ အနုသာသေယျ–အမှုမပေါ်လာမီက တားမြစ် ပိတ်ပင်ရာ၏၊ စ-ဆက်ဦးအံ့၊အသဗ္ဘာ-မသူတော်တို့၏တရားမှ၊နိဝါရယေ-တား မြစ်ရာ၏၊ သောဟိ-ထိုဆုံးမတတ်သော သူကိုသာလျှင်၊ သတံ-ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ပိယော-ချစ်အပ် သည်၊ဟောတိ-ဖြစ်၏၊ အသတံ-သူတော်မဟုတ် သူယုတ်မာတို့ သည်၊ အပ္ပိယော– မချစ်မနှစ်သက်အပ်သည်၊ ဟောတိ–ဖြစ်၏။

[ဓမ္မပဒ၊ပဏ္ဍိတဝဂ်၊အဿဇိပုနဗ္ဗသုကဝတ္ထု]

## မမြင်ရက ချမ်းသာရ၏

သူမိုက်ကို မမြင်ရခြင်းသည် ချမ်းသာခြင်းရှိပုံကို ရှင်တော် ဘုရားက ဟောကြားခဲ့သည်မှာ-

အဒဿနေန ဗာလာနံ၊
နိစ္စမေဝ သုခီသိယာ။

ဗာလာနံ-လူမိုက်တို့ကို၊ အဒဿနေန-မမြင်ခြင်းကြောင့်၊ နိစ္စမေဝ-အမြဲသာလျှင်၊ သုခီ-ချမ်းသာခြင်းရှိသည်၊ သိယာ-ဖြစ်ရာ၏၊

[ဓမ္မပဒ၊သုခဝဂ်၊သက္ကဝတ္ထု၊]

## အကိတ္တိရသေ့၏လူမိုက်နှင့်မပေါင်းဘော်ရပါလိုဟု ဆုတောင်း

ဗာလံ နပဿေ န သုဏေ၊
နစ ဗာလေန သံဝသေ။
ဗာလေနာလ္လာပသလ္လာပံ၊
နကာရေ နစ ရောစယေ။ ။

ဗာလံ-လူမိုက်ကို၊နပဿေ-မမြင်ရလို၊ နသုဏေ-လူမိုက်အသံကိုမကြားရလို၊ ဗာလေန-လူမိုက်နှင့်၊ နစသံဝသေ- အတူတကွလည်းမနေရလို၊ဗာလေန-လူမိုက်နှင့်၊အလ္လာပသလ္လာပံ-ရှေးဦးစွာပြောဆိုခြင်းအဘန်တလဲလဲပြောဆိုခြင်းကိုလည်း၊နကာရေ-မပြုရလို၊နစရောစယေ-လူမိုက်နှင့်ပြောဆိုခြင်းကိုလည်း မနှစ်သက်လို၊

[တေရသနိပါတ်၊အကိတ္တိဇာတ်]

## အသေဝနာစ–သံပေါက်

က-(၁) သူမိုက်ကိုရှောင်၊ လူတို့ဘောင်၊ အခေါင် ထိုသင့်ကြောင်း။
(၂) ဇမ္ဗူဒီပါ၊ သောင်းမြေခြာ၊ ပေါင်းရာမရှိတောင်း။
(၃) ပေါင်းခွင့်မရ၊ဤဘဝ၊ဗာလဝေးရာရှောင်း။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၁၀]

ခ-(၁) ဗာလလူမိုက်၊မပေါင်းထိုက်၊ စရိုက်ကူးခဲ့သော်။
(၂) ပစ္စုပ္ပန်ပါ၊သံသရာ၊နှစ်ဖြာရှုံးမြဲနော်။
(၃) လူမိုက်စင်ကွာ၊ မင်္ဂလာ၊ နှစ်ဖြာဖြစ်မြဲနော်။

(၄) ငါးပုပ်ထုပ်ပြု၊ ဖက်ဝတ်ရ၊ ကြည့်ရှု တွေးထောက်မြွှော်။
(၅) ခွေးတောက်မြစ်ရှက်၊ စိုက်ရောဘက်၊ သရက်ခါးမြနေဉ်။
(၆) ထိုကြောင့် လူမိုက်၊ မပေါင်းထိုက်၊ စရိုက်ဝေးစေနေဉ်။
(၇) လူမိုက်ဖယ်ရန်၊ မိပ္ပါယ်ပြန်၊ အမှန်မှတ်ကြနေဉ်။

[မင်္ဂလတ္ထဒီပကကျမ်း]

## မင်္ဂလာပျို

(၁) မှတ်သားကုန်ဘိ၊ ဒုစိန္တိတ၊ စိန္တိစသား၊ ဗာလလက္ခဏာ၊ သုံးပါး သာတည့်၊ လေးဖြာသန္ဓေ၊ စွဲယူနေသည်၊ သဗ္ဗေသတ္တာ၊ သတ္တဝါကို၊ နှစ်ဖြာဇာန္ဓြေ၊ ဇီဝိန်ခြွေလျက်၊ ပျက်ကြွေခြင်းမှ၊ ဝဓကစေနာ၊ ပါဏာတိပါတ်၊ အမြဲမှတ်လော့။ ။မပြတ်သိမ်းဆည်း၊ လူ့ပစ္စည်းကို၊ နည်းနှစ်ဆဲ့ငါး၊ ပြစ်မှားတတ်ရာ၊ အဒိန္နာတည့်။ ။မာတာအစ၊ မဟုတ္တဆုံး၊ ပေါင်းရုံးနှစ်ဆယ်၊ ထိုဝယ်မိန်းမ၊ သေဝနဖြင့်၊ ပြုကြလွန်မှု၊ ကာမေသုတည့်။ ။ဝတ္ထုမမှန်၊ ဖောက်ပြန်စကား၊ ဆိုမှသားရှင့်။ ။ငါးပါးသူရ၊ မေရယငါး၊ ဆယ်ပါးအထူး၊ ယစ်မူးမဇ္ဇ၊ သောက်ထစေနာ၊ ပမာဒဋ္ဌာန၊ လေးဝရုံးပေါင်း၊ ခေါ်ကြောင်းသညာ၊ သုရာမေရယ။ ။ထိုမှလွန်ကျူး၊ ယစ်မူးတတ်စွာ၊ ကံငါးဖြာတွင်၊ မဟာသာဝဇ္ဇ၊ မှတ်ကုန်ကြလော့။ ။ယင်းမှတဖြာ၊ သုရာမေရယ၊ သဘာဝမူ၊ ရသတဏှာ၊ ခံစားရာမှ၊ ကြောင်းပေါ်တုဖြင့်၊ ကာမေသုမိစ္ဆာ၊ သွင်းကုန်ရာသည်၊ ငါးဖြာသီလ ကျင့်ဝတ်တည်း။

(၂) ပရဘိန္ဒနာ၊ ကိုယ့်ကိုသာလျှင်၊ ညွှတ်စေချင်၍၊ များဖြင်စိတ်တူ၊ နှစ်ဦးလူကို၊ မပြုစိတ်ဓော၊ မရောနှော၍လျက်၊ သဘောကွဲပြား၊ ခိုက်ရန်ပွား၍၊ ခြားနားစေဟု၊ ချောသွေးပြုသည်၊ ပိသုဏာ

ဝါစာ။ ။အာဒါသဟု၊ ပြင်းစွာကောဓ၊ အကြောသဖြင့်၊ သံပ
ငေါင်ကပ်၊မနှစ်သက်အောင်၊ အမျက်ဟူးဟူး၊သားရဲမြူးသို့၊ ဆူးဆူး
ရားရား၊ ဒေါသပွားလျက်၊ ဆတ်မြား ကြမ်းကြုတ်၊ စကားယုတ်
သည်၊ ဖရုသဝါစာ။ ။ဟောမဝါလျှင်၊ သေလာရဂုံ၊ သာမျိုးစုံ
သည်၊ မှော်ရုံကြဌန်း၊ မြိုင်စခန်းမှ၊ မင်းရာမ၏၊ သက်မျှကြင်ယာ၊
မယ်သီတာကို၊ဒသာလူဆိုး၊ဆောင်ယူခိုးနှင့်၊စစ်ထိုးစစ်ဝင်၊ ဒဏ္ဍာ
ဆင်သည်၊ ပုံပြင်တွေ့တွေ့၊ ကြိဘန်ဝေ၍၊ ပလေလက်ခြား၊ ကျိုးမ
မျှားလျက်၊ စကားပေါ့သွပ်၊ မိပ္ပါယ်လပ်သည်၊ သမ္ဖပ္ပလာ။ ။
သူ့ဥစ္စာကို၊ ငါ့မှာဖြစ်က၊ ကောင်းလေစွဟု၊ စိတ်ကညစ်ကျူ၊
မကောင်းမှုဖြင့်၊ ရှေးရှုကြံရာ၊ အဘိဇ္ဈာတည့်။ ။သတ္တဝါကို၊
သေပါစေလျက်၊ နှိပ်စက်ကလူ၊ ဘွဉ်းဆဲမှုဖြင့်၊ရှေးရှုကြံက၊ဗျာပါ
ဒတည့်။ ။ကမ္မသကတ၊ ဒသဝတ္ထု၊ စတုသစ္စာ၊ သမ္မာအယူ၊
စင်ကြယ်မှုမှ၊မတူပြင်ပ၊တွေးကြံဆ၍၊ သဿတဥစ္ဆေ၊ တွေ့တွေ့
ဝိပလ်၊ ကျင့်ဖောက်ပြန်လျက်၊ ဆယ်တန်ဒုစရိုက်၊ ဝမ်းအင်ခြိုက်
သည်။ ။လူမိုက်တရား မှတ်လတ်တည်း။

( ၃ ) ဟိရိဩတ္တပ်၊ မြကိုယ်ကျပ်လျှင်၊ စောင့်ကြပ်မထား၊
ဆယ်ပါးဒုစရိုက်၊ဝမ်းအင်ခြိုက်သည်၊သူမိုက်အပေါင်း၊တွေ့လတ်
ရှောင်းမူ၊ မကောင်းပြုလွယ်၊ လွန်ချုတ်ချယ်၏၊ မပြယ်ဆိပ်
တောက်၊ တောမြွေဟောက်လျှင်၊ကိုက်ပေါက်လတ်ငြား၊ ဆေးသ
မားသည်၊ ဆေးဝါးဖြင့်သာ၊ ကုနိုင်ရာ၏၊ မိုက်စွာလူပျက်၊ အကု
ခက်သည်၊ ဆေးချက်မရှိ၊ ဉာဏ်ကင်းဘိသား၊ သူတပါးတို့၊ မိုက်
မှားအပြစ်၊တနည်းဖြစ်လျှင်၊မှတ်လစ်မျှားယောင်၊မြားမြောင်အပြစ်၊
ကိုယ်၌ဖြစ်လျှင်၊ ကိုယ်မမြင်တည့်၊ အကြင်ရောခါ၊ လူလိမ္မာတို့၊
ကောင်းစွာအခွင့်၊ ခန့်မသင့်၍၊ အကျင့်မိစ္ဆာ၊ ကျင့်မိပါလည်း၊
နောင်ခါသတိ၊ မိုက်မှန်းသိက၊ နောက်ပြို့တဘန်၊ မပြုရန်ရေး၊
မြော်ချင့်တွေး၏၊ ကင်းဝေးသတိ၊ ဉာဏ်ခရှိ၍၊ မိမိပြုရ၊ ဒုက္ခမှကို၊
အားရနှစ်ထောင်း၊ဝမ်းမြောက်ကြောင်းဖြင့်၊ အကောင်းချည်းသာ၊

ငါလိမ္မာ၍၊ငါသာအတတ်၊ငါအမြတ်ဟု၊ ထင်မှတ်အယူ၊ ထိုသသူ ကား၊ မိုက်မူလွှမ်းဖုံး၊ အမိုက်ဆုံးဟု၊ ဆိုထုံးပြုသည်။ ။မိုက် သူအကျင့်မမြတ်တည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဧ]

## ဝတ္ထုသက်သေသာဓကများ

(၁) မင်းတရားဗွေထီး (ဝါ) တပင်ရွှေထီးသည် မပေါင်း အပ်သော မိစ္ဆာဒိဋ္ဌိပေါ်တူဂီလူမျိုးနှင့်ပေါင်းဘော်၍ သေအရက် သောက်စားသဖြင့်၊ တိုင်းရေးပြည်မှုလစ်ဟင်းရုံမျှမက၊ အသက် ပါဆုံးရှုံးရလေသည်။

(၂) မြန်မာရတုတံခွန်စိုက်သော တောင်ငူဘုရင် နတ်ရှင် နောင်သည် ပေါ်တူဂီလူမျိုး ငဇင်္ကာနှင့် ပေါင်းဘော်သဖြင့် အနောက်ဘက်လွန်မင်းတရား၏ ကွပ်မျက်ခြင်းကိုခံရ၏။

[မြန်မာရာဇဝင်]

(၃) အဇာတသတ်မင်းသည် ဒေဝဒတ်နှင့် ပေါင်းဘော်၍ ပိတုဃာတကကံကိုပြုခြင်းကြောင့် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ရအပ်သော သောတာပတ္တိမဂ်၏ ဥပနိဿယကို မြစ်၍ ကြီးစွာသောပျက်စီးခြင်းသို့ရောက်၏။

(၄) ရှေးအခါက ဒီဃပိတ၏ အကိုသည်လည်း မိမိ မကောင်းသဖြင့် စွဲလမ်းသောအယူကြောင့် ဘုရားလေးဆူတို့၏ အကြားပတ်လုံး ယူဇနာ (၆၀) အတိုင်းအရှည်ရှိသောကိုယ်ဖြင့် ပက်လက်ပြိုတ္တာဖြစ်၍ ငရဲကြီး၌ခံရ၏။ ၎င်း၏အယူကိုနှစ်သက် လိုက်နာကုန်သော ငါးရာသောအမျိုးတို့သည်လည်း ကြီးစွာ သောဆင်းရဲရှိသောငရဲ၌ခံရကုန်၏။

[သုတ္တနိပါတ် မင်္ဂလသုတ်အဋ္ဌကထာဝတ္ထု]

(၅) သတ္တိဂုမ္ဗနှင့် ပုပ္ဖကကျေးညီနောင် ဝတ္ထုတွင်၊ ပဉ္စာလ မင်းကြီး–သူခိုးနားနီးသူခိုး၊ တံငါနားနီးတံငါ၊ ငါးပုပ်ကိုထုပ်သော

သမန်းမြက်သည်လည်း ပုပ်စေ်နံ၏။ တောင်ဇလပ်ပန်းကို ထုပ်သော ဖက်မူကား မွှေးကြိုင်တော့၏။

[ဣတိဝုတ်ပါဠိ၊ သတ္တိကနိပါတ်၊ ပူတိမစ္ဆဇာတ်]

(၆) ဗာရာဏသီပြည် ဒရိဝါဟဏ မင်းကြီးစိုက်ပျိုးသော အလွန်ချိုမြိန်သော အရသာကို ဆောင်သည့် သရက်ပင်သည် တမာပင်နှင့် ရောယှက်ကာ ပေါက်သဖြင့် သရက်သီး ခါးရကြောင်း ဘုရားအလောင်းအမတ်ကလျှောက်ထား၏။

[ခွေးတောက်သရက်၊ စိုက်ရောဘက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏။]

[ဒုကနိပါတ်၊ အသဒိသဝဂ်]

(၇) လူမိုက်တို့နှင့်ပေါင်းဘော်၍ ပျက်စီးရသောဝတ္ထုပေါင်းမြောက်မြားစွာရှိရာ၊ အောက်ပါဝတ္ထုအနည်းငယ်ကိုသာ ခေါင်းစဉ်မျှဖော်ပြလိုက်ပါဦးအံ့၊ အကျယ်ကို ဆိုင်ရာစာအုပ်များတွင် ကြည့်ရှုကြစေလိုပါကြောင်း။

(က) ဗြဟ္မဒတ်မင်း၏ မင်္ဂလာဆင်တော်ဝတ္ထု။

[ဧကနိပါတ်၊ မဟိဠာမုခဇာတ်]

(ခ) ဂိရိဒတ္တမြင်းကိုင်သမားဝတ္ထု။

[ဒုကနိပါတ်၊ ဂိရိဒတ္တဇာတ်]

(ဂ) အကိတ္တိပညာရှိဝတ္ထု။

[တေရသနိပါတ်၊ အကိတ္တိဇာတ်]

(ဃ) ဂါဿပမထေရ်၏တပည့် လူထွက်ရဟန်းဝတ္ထု။

[ဓမ္မပဒ၊ တဏှာဝဂ်]

(င) ဆာသဏ္ဍာရ တိတ္ထိဝတ္ထု။

[ဆာသဏ္ဍာရဝတ္ထု]

## အပေါင်းမတတ်၍အသတ်ခံရသောဝန်ပိုင်ငှက်

တခါသော် လယ်သမား တယောက်သည် သူ၏လယ်တွင်းသို့ ဝင်ရောက်၍ စိုက်ပျိုးကာစ ပြောင်းပင်များကို စားသောက်

ဖျက်ဆီးလေ့ရှိသော ဝမ်းဘဲနှင့် ငှက်ကျားများကို ဘမ်းရန်ပိုက်တခုကို ထောင်၍ထားလေ၏၊ များစွာသောငှက်အပေါင်းတို့သည် ပိုက်ကွန်အတွင်းသို့သက်ဆင်း၍ ပျက်စီးခြင်းသို့ ရောက်ကြရလေတော့၏။

တနေ့သော် ဝန်ပိုငှက်တကောင်သည်လည်း အခြား ဝမ်းဘဲငှက်ကျားစသည်တို့နှင့် လိုက်ပါသွားမိသည့်အတွက်၊ လယ်သမား၏ပိုက်တွင် ဘမ်းမိသွားတော့၏။ ပိုက်တွင်းရှိ ငှက်များကို လယ်သမားအယူလာသည့်အခါ၊ ဝန်ပိုငှက်က အသက်မှ ချမ်းသာစေခြင်းငှါ အောက်ပါအတိုင်း တောဒကတက်လေ၏။

"အချင်းလယ်သမား–ငါသည် ဝမ်းဘဲလည်းမဟုတ်၊ ငှက်ကျားလည်းမဟုတ်ပါ၊ သင့်အား မည်သို့မျှလည်း အနှောင့် အယှက်မပေးသည့် ဝန်ပိုငှက်မျှသာလျှင် ဖြစ်ပါသည်၊ ယခုလည်းငါသည် သင်၏ ပြောင်းပင်တို့ကို ဖျက်ဆီးရန် လာသည်မဟုတ်၊ အခြားသော ဝမ်းဘဲငှက်ကျားများ၏အဘော်အဖြစ် သက်သက် လိုက်ပါလာခြင်းမျှသာ ဖြစ်ပါသည်။"

ထိုအခါ လယ်သမားသည် "အဘယ်ငှက်- သင်ပြောသည့်စကားတို့သည် မှန်ကောင်း မှန်ပေလိမ့်မည်၊ သို့ရာတွင် ငါသည် သင့်အား အခြားသော ပြောင်းသူခိုးတို့နှင့်အတူတကွ ဘမ်းဆီးရမိခြင်းဖြစ်၍ သင်သည်လည်း သူတို့နည်းတူပင် ညီမျှသော အပြစ်ဒဏ်ကို ခံရလိမ့်မည်သာတည်း"ဟု ဆိုလိုက်ကာ၊ ဂေဟာသို့ယူဆောင် သွားလေတော့သတည်း။

**ဥပဒေသ။** ။လူဆိုးလူမိုက်နှင့် ပေါင်းက၊ လူဆိုးလူမိုက်ဟု အထင်ခံရတတ်ပြီးလျှင်၊ ထိုသူတို့နှင့် ထပ်တူထပ်မျှသော အပြစ်ဒဏ်ကိုခံရတတ်လေသည်။

[အီစွတ်ပုံပြင်များမှ]

# ၂–ပဏ္ဍိတာနဉ္စ သေဝနာ

ပညာရှိထံ၊နည်းနာခံ၊ဆက်ဆံပေါင်းသင်းရာ။
[ပညာရှိသောသူတို့ကိုမှီဝဲဆည်းကပ်ရခြင်း]

## ပဏ္ဍိတ-ဝိဂြိုဟ်

(က)–ပဏ္ဍာဗုဒ္ဓိ သဉ္ဇာတာ အဿာတိ ပဏ္ဍိတော။

အဿပုဂ္ဂလဿ- ထိုပုဂ္ဂိုလ်အား၊ ပဏ္ဍာဗုဒ္ဓိ- ဉာဏ်သည်၊ သဉ္ဇာတာ-ဖြစ်၏၊ဣတိတသ္မာ-ထိုသို့ဖြစ်ရာဖြစ်သောသတ္တိကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ပဏ္ဍိတော-ပဏ္ဍိတမည်၏၊

[မင်္ဂလတ္ထသုတ္တဝိဂ္ဂဟဒီပနီ-၃၄]

(ခ)–ပဏ္ဍတိ ဇာနာတီတိ ပဏ္ဍာ၊ ပညာ လဗ္ဘတိ။

ပဏ္ဍတိဇာနာတိ-သိတတ်၏၊ဣတိတသ္မာ-ထို့ကြောင့်၊ ပဏ္ဍာ-ပဏ္ဍာမည်၏၊ပညာ-ပညာကို၊လဗ္ဘတိ-ရအပ်၏၊

[ပရိတ်ကြီးဋီကာ-၂၀]

(ဂ)–ဂမ္ဘီရဋ္ဌာနေသု ပဏ္ဍတိ ဂစ္ဆတီတိ ပဏ္ဍာ။
တာယ ဣတော ဂတောတိ ပဏ္ဍိတော။

ဂမ္ဘီရဋ္ဌာနေသု- နက်နဲခက်ခဲသောအရာဌာနတို့၌၊ ပဏ္ဍတိ ဂစ္ဆတိ-ရောက်တတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ပဏ္ဍာ-ပဏ္ဍာမည်၏၊ တာယ-ထိုပဏ္ဍာမည်သောပညာဖြင့်၊ ဣတော ဂတော-ရောက်တတ်၏၊ဣတိတသ္မာ-ထို့ကြောင့်၊ပဏ္ဍိတော-ပဏ္ဍိတမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၃၀]

(ဃ)–သန္ဒိဋ္ဌိကသမ္ပရာယိကေ အတ္ထေ ပဏ္ဍတိ ဇာနာတီတိ ပဏ္ဍိတော။

သန္တိဋ္ဌိက သမ္ပရာယိကေ- ပစ္စုပ္ပန် သံသရာ၌ ဖြစ်ကုန်သော၊ အတ္ထေ- အကျိုးစီးပွားတို့ကို၊ ပဏ္ဍန္တိ ဇာနန္တိ- သိတတ်ကုန်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ပဏ္ဍိတာ-ပဏ္ဍိတမည်ကုန်၏။

[ပရိတ်ကြီးဋီကာ-၂၀]

## ပညာရှိဆိုသည်ကား

( ၁ ) ဒိဋ္ဌေဓမ္မေစ ယော အတ္ထော၊
ယောစတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊
ပဏ္ဍိတောတိ ပဝုစ္စတိ။ ။

ဒိဋ္ဌေဓမ္မေ-ယခုပစ္စက္ခမျက်မှောက်၌၊ယောအတ္ထောစ-အကြင် အကျိုးစီးပွားသည်၎င်း၊ သမ္ပရာယိကော-တမလွန်ဘဝ၌ခံစားအပ်သော၊ ယောစတ္ထော-အကြင် အကျိုးစီးပွားသည်၎င်း၊ အတ္ထိ-ရှိ၏၊ ဣတိ-ဤသို့၊ အတ္ထာဘိသမယာ- ပစ္စုပ္ပန်သံသရာအကျိုးစီးပွား နှစ်ပါးကိုသိသောကြောင့်၊ဓီရော-ပညာရှိကို၊ပဏ္ဍိတောတိ- ပညာရှိသောသူဟူ၍၊ပဝုစ္စတိ-ဆိုအပ်၏။

[ပါရာဇိကဏ်အဋ္ဌကထာ]

(၂) ပဏ္ဍိတာတိ ကုသလာကုသလ ဗန္ဓံ ဇာနနလက္ခဏော၊ ဇာနနလက္ခဏောတိ ပစ္စုပ္ပန္နာတီတာနာဂတကာလေ သံသယကာလေစ ဇာနာတီတိ အတ္ထော။

ပဏ္ဍိတာတိ-ပဏ္ဍိတာ ဟူသည်ကား၊ ကုသလာကုသလဗန္ဓံ- ကုသိုလ် အကုသိုလ်တည်းဟူသော အထုံးအဖွဲ့ကို၊ ဝါ-ဤကား ကောင်းသောအကျိုးကို ပေးတတ်သောကုသိုလ်တရား၊ ဤကား မကောင်းသောအကျိုးကို ပေးတတ်သော အကုသိုလ်တရား ဟူသောအမြွေးအယှက်ကို၊ဇာနနလက္ခဏော-သိခြင်းလက္ခဏာရှိ၏၊

ဓာနုနုလက္ခဏောတိ- ဓာနုနုလက္ခဏာ ဟူသည်ကား၊ ပစ္စုပ္ပန္နာ တီတာနာဂတကာလေစ-ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟုဆိုအပ် သော ကာလသုံးပါး၌ရင်း၊ သံသယကာလေစ- ယုံမှားသံသယ ဖြစ်ပေါ်သောအခါ၌ရင်း၊ဓာနာတိ-သိတတ်၏၊ဣတိအယံ-ဤသည် လျှင်၊အဋ္ဌော-ပဏ္ဍိတဟူသောပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ–၅၉-၆၀]

(၃) ပညာရှိဟူသည်ကား ယခုဘဝ နောင်ဘဝတို့ အတွက် အကျိုးအကြောင်း အဆိုးအကောင်းတို့ကို ရွေးချယ်တတ်သော အသိအလိမ္မာ ရှိ၍၊ အကျိုးစီးပွား ဖြစ်ထွန်းသော အမှုတို့ကိုသာ ပြောဆိုကျင့်ကြံသောသူဖြစ်သတည်း။

[မင်္ဂလာအလင်း-၁၈]

## (၄) ပဏ္ဍိတအဓိပ္ပါယ်သံပေါက်

(က) ပညာကျော်လို့၊ မဟောသ်ဓို့၊ မချိုပဏ္ဍိတာ။
(ခ) ကျိုးကြောင်း ထင်မြင်၊ ဆိုးကောင်းမြင်၊ အစဉ် ညာဏ်ရှိစွာ။
(ဂ) သုံးပါး သုစရိ၊ ပြုလေ့ရှိ၊ သိလေ ပဏ္ဍိတာ။
(ဃ) ညာဏ်ရောင်ဝင်းတောက်၊အလင်းရောက်၊အမောက် ပဏ္ဍိတာ။

[မင်္ဂလတ္ထဒီပကကျမ်း-၉]

## ဤမင်္ဂလာ၏အဓိပ္ပါယ်

(၁) ပဏ္ဍိတာနံ- ပစ္စုပ္ပန်သံသရာ ဝဋ်ဆင်းရဲ အပေါင်းတို့မှ လွတ်ရာလွတ်ကြောင်းဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ တည်းဟူသော အဓိသီလ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ တည်းဟူသော အဓိစိတ္တ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ တည်းဟူသော အဓိပညာ သိက္ခာသုံးပါးနှင့် လျော်ညီစွာ ကျင့်

သော သူတော်ကောင်းတို့ကို၊ ယာ သေဝနာစ – အကြင် မှီဝဲ ဆည်းကပ် ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၆၃]

(၂) ပဏ္ဍိတာနံ-အကြောင်းမှန်း အကျိုးမှန်း ဂုဏ်မှန်း အပြစ်မှန်း သူပေးဘူး ကျွေးဘူးသော ကျေးဇူးမှန်းသိသော ပညာရှိတို့ကို၊ သေဝနာစ-ပေါင်းဘော်ရခြင်းသည်ဂုဏ်း။

[မင်္ဂလသုတ်နိဿယ-၁၄]

(၃) ပဏ္ဍိတာနံ-ဒုစရိုက်အပေါင်း၊ ကင်းလွတ်ရှောင်းလျက်၊ ကျိုးကြောင်းသိမြင်၊ ပညာရှင်တို့ကို၊ သေဝနာစ- ဆရာအမှတ်၊ မိတ်အမှတ်ဖြင့်၊ဆည်းကပ်ပေါင်းသင်းရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၇]

(၄) ပဏ္ဍိတာနံ-ပစ္စုပ္ပန် သံသရာ၊ကျိုးကြောင်း ဆိုးကောင်း ယုတ်မြတ်၊ အတပ်သိမြင်၊ သွန်သင်ပြသ၊ ဆုံးမနိုင်ဘိ၊ ပညာရှိတို့ကို၊ ယာ သေဝနာစ- ကောင်းစွာနေ့ညာ၊ နှိမ့်ချရိုသေ၊ မကွေမကွာ၊ နည်းနာအမှန်၊ ဆုံးမခံလျက်၊ ပေါင်းဘက်ကျွမ်းဝင်၊ အမြဲယှဉ်၍၊ အကြင်မှီဝဲ၊ မလွဲစေအပ်၊ ဆည်းကပ်ရခြင်း သည်လည်းကောင်း။

[မင်္ဂလာသာရဒီပနီ-၇]

(၅) ပဏ္ဍိတာနံ-ပစ္စုပ္ပန် သံသရာ ဝဋ်ဆင်းရဲအပေါင်းတို့၏၊ ဝါ-တို့မှ၊တိုရာတိုကြောင်း၊ထွက်မြောက်ရာထွက်မြောက်ကြောင်းဖြစ်သော ဘုရားဟောတော်မူသော တရားတော်ကို၊ ကြားတိုင်းမြင်တိုင်း၊ သိသောအတိုင်း၊ ဟုတ်သောအတိုင်း၊ မှန်သောအတိုင်းတို့ကို ပြောရဆိုရခြင်းသည်လျှင် သမ္ဘာဝါစာမည်၏။ သူ၏အသက်ကိုသတ်ခြင်း၊ သူ၏ဥစ္စာကိုခိုးယူခြင်း၊ သူ၏သားမယားအိမ်ရာတို့ကို သွားလာ လွန်ကျူး ပြစ်မှားခြင်း တည်းဟူသော ကာယဒုစရိုက်သုံးပါးတို့မှ ဝေးစွာ ကြဉ်ရှောင်ကုန်သည် ဖြစ်၍ ကောင်းသောအမှုကိုပြုခြင်းသည် သမ္ဘာကမ္မန္တမည်၏။ ကာယဒု

စရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး၊ ဤဒုစရိုက်ဆယ်ပါးတို့မှ ဝေးစွာကြဉ်ရှောင်ကုန်သည်ဖြစ်၍၊တရားတော်နှင့်လျော်ညီစွာ လုပ်ကြံရှာမှီး၍ရသော ဓမ္မိယလဒ္ဓပစ္စည်းတို့ဖြင့် အသက်မွေးရခြင်းသည် သမ္မာအာဇီဝမည်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတည်းဟူသော ဤသုံးပါးသည် အဓိသီလသိက္ခာမည်၏။ ဖြစ်လေ ကုန်ပြီးသော အကုသိုလ် တရားတို့ကို ပယ်စိမ့်သောငှါ လုံ့လပြုခြင်း၊ မဖြစ်ကုန်သေးသော အကုသိုလ် တရားတို့ကို မဖြစ်စိမ့်သောငှါ လုံ့လပြုခြင်း၊ အားထုတ်ခြင်း၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို ပွားများစေခြင်းငှါ လုံ့လပြုခြင်း၊ အားထုတ်ခြင်း၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင် လုံ့လပြုခြင်း အားထုတ်ခြင်းသည်လျှင် သမ္မာဝါယာမ မည်၏။ ရူပကာယ၌၊ ပထဝိ၊တေဇော၊အာပေါ၊ဝါယော၊ အစရှိသောရုပ်(၂၈)ခုတည်း၊ နာမကာယ၌လောကီစိတ် (၈၁)ခု၊စေတသိက်(၅၂)ခုတည်း၊ထိုခန္ဓာငါးပါးတို့ကိုသတိပြဋ္ဌာန်း၍အနိစ္စသာ ဖြစ်သည်၊ ဒုက္ခသာဖြစ်သည်၊ အနတ္တသာ ဖြစ်သည်ဟူ၍ ခန္ဓာငါးပါးကို လက္ခဏာရေး သုံးပါးသို့တင်၍ နေ့ညဉ့် မပြတ် အောက်မေ့ခြင်းသည်လျှင် သမ္မာသတိ မည်၏။ အလှူပေးခြင်း သီလဆောက်တည်ခြင်း အစရှိသော ကုသိုလ်ဓမ္မတို့၌ မတုန်မလှုပ် နိုင်ခံ့ တည်ကြည်စွာ ရွက်ဆောင်ရခြင်းသည်လျှင် သမ္မာသမာဓိ မည်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ဤသုံးပါးသည် အဓိစိတ္တသိက္ခာမည်၏။ (၆၂)ပါးသောဒိဋ္ဌိ အယူတို့မှ ဝေးစွာခွာရှောင်၍ ကောင်းသော အယူကို ယူရခြင်း သည်လျှင် သမ္မာဒိဋ္ဌိမည်၏။ တဏှာ ကာမမှ ထွက်စေခြင်းငှါ ကြံခြင်းတည်းဟူသော နေက္ခမဝိတက်၊ သူတပါးတို့ကို မပျက် ပြားစေခြင်းငှါ ကြံခြင်းတည်းဟူသောအဗျာပါဒဝိတက်၊သူတပါး တို့ကို မညှဉ်းဆဲခြင်း မနှိပ်စက်ခြင်းငှါ ကြံခြင်း တည်းဟူသော အဝိဟိံသ ဝိတက်၊ ဤသုံးပါးသော အကြံအစည်တို့ကို ကြံခြင်း သည်လျှင် သမ္မာသင်္ကပ္ပမည်၏။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤ

နှစ်ပါးသည် အဓိပညာ သိက္ခာမည်၏။ ဤသိက္ခာ သုံးရပ် တို့နှင့် လျော်ညီစွာကျင့်သော ပညာရှိ သူတော်ကောင်းတို့ကို၊ ယာသေဝနာ၁စ-အကြင် လောကီ လောကုတ္တရာ စီးပွားတိုးတက်အောင် မှီဝဲပေါင်းဘော်ဆည်းကပ် ရခြင်းသည်လည်း၊ မင်္ဂလံ-မင်္ဂလာမည်၏။

[မင်္ဂလတ္ထဒီပနီ-၈-၁၀]

(၆) ပဏ္ဍိတာနံ မကြီးပောဒ့ရမ်း၊ နှုတ်မသွမ်းနှင့်၊ ကြော့ကြမ်းမမှု၊ မှတ်ယူလက္ခဏာ၊ တနည်းမှာလည်း၊ သံသရာမျက်မှောက်၊ ကျိုးရောက်စီးပွား၊အမှုများကို၊ပြုပြောကြံ၊ မြဲမြံစိတ်နေ၊သည် သုံးထွေနှင့်၊ ညီပေစွာဘိ၊ ပညာရှိတို့ကို၊ သေဝနာ၁စ-တုပ သူ့နည်း၊ဆည်းဆည်းကပ်ကပ်၊ယှဉ်စပ်တွဲတွဲ၊မှီဝဲခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၆၉]

## ပညာရှိလက္ခဏာ

(၁) ကောင်းသောအမှုကို ပြုလေ့ရှိခြင်း။
(၂) ကောင်းသောစကားကို ဆိုလေ့ရှိခြင်း။
(၃) ကောင်းသောအကြံကို ကြံလေ့ရှိခြင်း။

ဤပညာရှိ လက္ခဏာသုံးပါးကို အကျယ်ဆိုသော် ဆယ်ပါးရ၏။ရဟန်ကား —

## ကောင်းသောအမှုကို ပြုလေ့ရှိခြင်းဟူရာ၌

(၁) သူတပါးအသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း။
(၂) သူတပါးဥစ္စာကိုခိုးယူခြင်းမှ ကြဉ်ရှောင်ခြင်း။
(၃) သူတပါးသားမယားပြစ်မှားခြင်းမှ ကြဉ်ရှောင်ခြင်း။

ဤသုံးပါးရ၏။

## ကောင်းသောစကားကို ဆိုလေ့ရှိခြင်းဟူရာ၌

(၁) မဟုတ်မမှန်ပြောခြင်းမှ ကြဉ်ရှောင်ခြင်း။
(၂) သူနှစ်ဦးစပ်ကြား ကုန်းတိုက်ခြင်းမှ ကြဉ်ရှောင်ခြင်း။

(၃) ကြမ်းထမ်းသောစကားကို ပြောခြင်းမှ ကြဉ်ရှောင်ခြင်း။

(၄) သိတာရာမ၊ ခင်မြင့်ကြီး အစရှိသော မဟုတ်မမှန် လုပ်ဇာတ်စကားဖျင်းတို့ကို ပြောဆို ဖတ်ရွတ်ခြင်းမှ ကြဉ်ရှောင်ခြင်း။ ဤလေးပါးရ၏။

## ကောင်းသောအကြံကိုကြံလေ့ရှိခြင်းဟူရာ၌

(၁) သူ့ဥစ္စာသည် ငါ့ဥစ္စာ ဖြစ်မူ ကောင်းလေစွဟု အောက်မေ့ခြင်းမှကြဉ်ရှောင်ခြင်း။

(၂) မည်သူမည်ဝါသေမူ ဆုံးရှုံးပျက်စီးမူ ကောင်းလေစွဟု အောက်မေ့ခြင်းမှကြဉ်ရှောင်ခြင်း။

(၃) ကောင်းသော ဉာဏ်အမြင်ဖြင့် မှန်သော တရားကိုယူခြင်း။ ဤသုံးပါးရ၏။

ဤဆယ်ပါးသော တရားတို့ကို သုစရိုက် ဆယ်ပါး ဟူ၍ လည်းကောင်း၊ ကုသလ ကမ္မပထ တရားဆယ်ပါးဟူ၍ လည်းကောင်း အရသို့လိုက်၍ခေါ်၏၊ ပညာရှိတို့သည် ဤသုစရိုက် ဆယ်ပါးကိုပြုလေ့ရှိ၏။

[မင်္ဂလာအလင်းကျမ်း-၁၉]

## ပညာရှိလက္ခဏာတနည်းတဖြာ

မျက်မှောက်ဘဝ၌ ရသောအကျိုး၊ တမလွန်ဘဝ၌ ရသော အကျိုး၊ ဤအကျိုးနှစ်ပါး၌ မြဲမြံတည်ကြည်သော စိတ်ရှိခြင်းသည် ပညာရှိလက္ခဏာမည်၏။

[သံယုတ်ပါဠိတော်]

## ရင်းတနည်းကား

မိမိနှင့်မထိုက်တန်သော စည်းစိမ်ကို မတောင့်တ၊ ပျက်စီးလေပြီးသော ဥစ္စာအတွက်လည်း ပူဆွေး ကြောင့်ကြခြင်း မရှိ၊

ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်သောအခါ၌လည်း တွေဝေ ထိုင်းမှိုင်းခြင်းမရှိ၊ ဉာဏ်ဂုဏ်နှင့် ပြည့်စုံသော သူသည် ပညာရှိ မည်၏။

[ဓမ္မနီတိ]

## ပညာရှိနှစ်မျိုး

ပညာရှိသည် ပကာသနပညာရှိ၊ သဘာဝပညာရှိဟူ၍ နှစ်မျိုး ရှိလေသည်၊ မိမိကိုယ်ကို ပညာရှိထင်မှတ်အောင် ပယောဂ အမျိုးမျိုးနှင့် ကူပံ့၍ ပကာသနအမျိုးမျိုးပြုလုပ်ရသော ပညာ ရှိသည် ပဌမပညာရှိမျိုးဖြစ်၏။ ပယောဂလည်းမပါ၊ ပကာသန လည်း မပါဘဲ၊ ငြုတ်သီးမှန်လျှင် ခုနစ်လံရေမှာငုပ်၍ စားသော် လည်း စပ်ရမည် ဆိုသောစကားကဲ့သို့ သဘာဝအရ တတ်သိ လိမ္မာခြင်းရှိသောပညာရှိသည် ဒုတိယပညာရှိမည်၏။

[ပညာရှိ]

## ပညာရှိ ကဝိလေးမျိုး

(၁) စိန္တာကဝိ။
(၂) သုတကဝိ။
(၃) အတ္ထကဝိ။
(၄) ပဋိဘာဏကဝိ။

(၁) အကြံအစည်ကို အားကိုးသောပညာရှိ။

(၂) အကြားအမြင်၊ ဗဟုသုတ၊ အမှတ်အသားကို အားကိုး အားထားပြုလုပ်သောပညာရှိ။

(၃) သဘော အဓိပ္ပါယ်၊ အကျယ် အဝန်း၊ ခင်းခင်း ကျင်း ကျင်း၊ ပြန့်ပြန့်ပြူးပြူး၊ အထူးလိုက်စားလေ့ရှိသော ပညာရှိ။

(၄) အကြံနှင့် အကြားကို အလေးမပြုဘဲ၊ အရေးတိုက်ဆိုင် လာသောအခါ၊ ဟုတ်တိုင်းမှန်ရာ ဉာဏ်ဖြင့် ထင်မြင် လာတတ် သဖြင့်၊ဉာဏ်၏ထင်မြင်ချက်ကို အားကိုးလေ့ရှိသောပညာရှိ။

## အရသာသုံးမျိုး

(၁) နာရီ—သွီးကညာအရွယ်၌ တည်သောမိန်းမ။
(၂) ဥစ္စာ—မနှမရင့် အချိန်သင့်သောကြာ။
(၃) သာရဝါကျ-သူတော်ကောင်း ပညာရှိတို့၏ စကား။

[နီတိကျမ်း]

## ပညာရှိစွမ်းရည်

(၁) မြော်မြင်ပညာ၊ လုလိမ္မာကား၊ ခြင်းရာဖွင့်က၊ သိတတ်လှ၏။
(၂) မျက်မှောက်အကျိုး စီးပွားကိုရရှိအောင် ရွက်ဆောင်နိုင်ခြင်း။
(၃) နောင်တမလွန် အကျိုးစီးပွားကို ရရှိအောင် ရွက်ဆောင်နိုင်ခြင်း။

[ရှင်အဂ္ဂသမာဓိ]

## ပညာရှိအခြင်းအရာ

ပညာရှိသောပုဂ္ဂိုလ်သည် လာမည့်ဘေးကို ကြည့်၍ရှောင်ကွင်းရာ၏။ မရှောင်မကွင်းသာ၍ ဘေးရောက် လာသောအခါ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ၊ ကြံကြံခံ၍ တွန်းလှန်ဖြိုဖျက်ရာ၏။

[မြန်မာ့အလင်း]

## ပညာရှိတို့အမူအရာ

သုစိန္တိတ၊ စိန္တိစသား၊ ဓိရလက္ခဏာ၊ ကံသုံးဖြာဖြင့်၊ ကောင်းစွာကျင့်လတ်၊ သူ့သက်သတ်က၊ စသည်အပြား၊ ကြဉ်ရှောင်ခြားလျက်၊ဆယ်ပါးသုစရိုက်၊ ဝမ်းအင်ခြိုက်တည့်။ ။ထို၌ဆင့်သား၊ သူတော်များမူ၊ ဆယ်ပါးပုညာ၊ ကိရိယာကို၊ ပွားထမယုတ်၊ ပတ်တကုတ်ဖြင့် မဟာသာဟာ၊ ကြိုးပမ်းရာတည့်။ ။တဖြာထိုမှ၊သုစနေကား၊ မပလွှားတည့်။ ။စိတ်ထား ၇ည်စွာ၊ လုလိမ္မာတို့၊ သည်း

စွာအမျက်၊ ပြင်မထွက်တည့်။ ။ဂုဏ်တက် မာန၊ နိမ့်ကျမထောင်။ ။ကိုယ်ကျိုးဆောင်၍၊မြားမြောင်ကျေးဇူး၊ တင်ရှိဘူးမူ၊ အထူးဆပ်မှု၊လုံ့လပြု၏။ ။ဂုဏ်တုမပြိုင်။ ။ကိုယ်တိုင်ကျိုးသာ၊ မရှာပေလစ်။ ။သူ့အပြစ်ကို၊ မှတ်ဆစ်မထား။ ။သူတပါးကို၊ စော်ကားပြစ်ပို၊ တုံ့မဆိုဘဲ၊ မလို ကြည်ရှောင်း။ ။မကောင်းမကြိုက်။ ။ကောင်းမြိုက်သာယာ။ ။သည်းခံကာဖြင့်။ ။သနားချွာ ထွက်ဘွဲ့၊ တဆယ့်နှစ်ပါး၊ ထိုတရားကို၊ မှတ်သားစွဲသုံး၊ သူတော်ထုံးကို၊ နှလုံးတမူ၊ တမျဉ်းယူလော့။ ။နည်းမူတပါး၊ မြဲမှတ်သားလော့၊ ထင်ရှားပန်းထူး၊ စန္ဒကူးသည်၊ ချိန်ကျူးရက်များ၊ သွေ့ခြောက်ငြားလည်း၊ ပန်းကားရနံ့၊ သင်းထုံပျံ့ကာ၊ ချမ်းမွှေးတည့်၊ ထောင်ရာမက၊ ထွန်းဝင်းပသည်၊ ကြယ်များသနင်း၊ မြူတိမ်ကင်းသည့်၊ လမင်းရောင်ဝါ၊ ပန်းထက်သာ၏၊ တဖြာထို့ထက်၊ ရေးရာခက်ကို၊ ဆထက်မြင်မြော်၊ သူတော်တရား၊ ချမ်းသာများ၏၊ တပါးဆိုဘိ၊ ပညာရှိတွေး၊ ဘေးမရောက်ခင်၊ ရေးရာမြင်၍၊ ဆင်ခြင်ကုန်လင့်၊ ရေးခွင့်ရောက်က၊ ခွဲကြောက်မရှိ၊ တည်တံ့ဘိသည်။ ။ကဝိကြီးသိုင်း ကျင့်မြတ်တည်း။

[မင်္ဂလာပျို-၂၀]

## ပညာရှိပင်

ပညာရှိတို့ဆိုတိုင်း၊ လိုက်နာသောသူသည်၊ ပညာရှိပင်ဖြစ်၏။

[မဏိရတနာပုံကျမ်း]

## ယဉ်ကျေးအောင်ဆုံးမနိုင်၏

အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

ပဏ္ဍိတာ–အသိအလိမ္မာ၊ ဉာဏ်ပညာရှိကုန်သောသူတို့သည်၊ အတ္တာနံ–မိမိကိုယ်ကို၊ဒမယန္တိ–ယဉ်ကျေးအောင် ဆုံးမနိုင်ကုန်၏။

[ဓမ္မပဒ]

## ပညာရှိကယဥ်ကျေးစွ

ပညာသုတ--ပြည့်ဝသူမှာ။
လိမ္မာယဥ်ကျေး—ဆိုရေးစုံစွာ။
ပညာကင်းသုဉ်း—ထင်းတုံးပမာ။
ဝင့်ဘုံတွင်း—ချန်ဆင်းမိုးလောင်စာ။ ။

## ပညာရှိကား တည်ကြည်ခံ့ငြား၏

ချောင်းငယ် မြောင်းငယ်တို့သည် အသံကြီးစွာ မြည်လျက် စီးဆင်း ကြ၏။ မြစ်ကြီးတို့မှာမူ အသံမမြည်ဘဲ ငြိမ်သက်စွာ စီးဆင်းကြလေသည်။ ထို့အတူ ပညာ ဗဟုသုတ ကင်းမဲ့သော သူတို့သည် ပရိသတ်အလယ်တွင်“ငါတတ်သည် ငါလိမ္မာသည်” ဟု ဝင့်ဝါ ပလွှားလေ့ရှိ၏။ ပညာဗဟုသုတ ရှိသောသူတို့သည် ကား ထိုကဲ့သို့ ဝင့်ဝါပလွှားလေ့မရှိဘဲ ပြောကြားသင့်သောအခါ တို့၌ တည်ကြည်ခံ့ငြားစွာ ပြောကြား၍၊ မပြောကြားသင့်သော အခါတို့တွင် နှုတ်ကိုပိတ်၍ ဆိတ်ဆိတ်နေလေ့ရှိပေ၏။

[မြန်မာ့အလင်း]

## အဘယ်ကြောင့်ပညာရှိကိုဆည်းကပ်ရသနည်း

ပညာရှိပုဂ္ဂိုလ်တို့ကိုအဘယ်ကြောင့် မှီဝဲဆည်းကပ်ရသနည်း ဟူမူ၊ပညာရှိပုဂ္ဂိုလ်တို့၏ တောဇဓလပ်ပန်း အစရှိသည်တို့၏ မွှေး ကြိုင်သင်းပျံ့သောရနံ့ရှိသော နံ့သာမျိုးနှင့် တူကုန်သည်၏အဖြစ်၊ ပညာရှိသောပုဂ္ဂိုလ်တို့ကိုမှီဝဲဆည်းကပ်ရသူတို့၏ တောဇဓလပ် ပန်း အစရှိသည်တို့၏ ရနံ့ရှိသော နံ့သာမျိုးကို ဖွဲ့ထုပ် ရစ်ပတ် ကြောင်းဖြစ်သော ဖက်ရွက်ထုပ်နှင့်တူသည်၏အဖြစ်၊ ၎င်းတို့၏ ၎င်းတို့နှင့်တူသည့်အတွက် ပညာရှိတို့သည် မေတ္တာဘာဝနာဖြင့် ဖြစ်ပွားစေသည်၏အဖြစ်၊ ပညာရှိတို့၏စိတ်ကို နှစ်သက်စေတတ် သည်၏အဖြစ်သို့ ရောက်တတ်သည်၏ အဖြစ်ကြောင့်၎င်း၊ ပညာရှိ

ဗွာအမျက်၊ ပြင်မထွက်တည့်။ ။ဂုဏ်တက် မာန၊ နိမ့်ကျ မထောင်။ ။ကိုယ်ကျိုးဆောင်၍၊ပြားပြောင်ကျေးဇူး၊ တင်ရှိဘူးမှု၊ အထူးဆပ်မှု၊လုံ့လပြု၏။ ။ဂုဏ်တုမပြိုင်။ ။ကိုယ်တိုင်ကျိုးသာ၊ မရှာပေလစ်။ ။သူ့အပြစ်ကို၊ မှတ်ဆစ်မထား။ ။သူတပါးကို၊ စော်ကားဖြစ်ပို၊ တုံ့မဆိုဘဲ၊ မလို ကြည်ရှောင်း။ ။မကောင်းမ ကြိုက်။ ။ကောင်းမြိုက်သာယာ။ ။သည်းခံကာဖြင့်။ ။သနှိုက် တွက်ဘွဲ့၊ တဆယ့်နှစ်ပါး၊ ထိုတရားကို၊ မှတ်သားစွဲသုံး၊ သူတော် ထုံးကို၊ နှလုံးတမူ၊ တမျဉ်းယူလော့။ ။နည်းမူတပါး၊ မြဲမှတ်သား လော့၊ ထင်ရှားပန်းထူး၊ စန္ဒကူးသည်၊ ချိန်ကျူးရက်များ၊ သွေ့ ခြောက်ငြားလည်း၊ ပန်းကားရနံ့၊ သင်းထုံပျံ့ကာ၊ ချမ်းဖွေ့တည့်၊ ထောင်ရာမကာ၊ ထွန်းဝင်းပသည်၊ ကြယ်များသနင်း၊ မြူတိမ်ကင်း သည့်၊ လမင်းရောင်ဝါ၊ ပန်းထက်သာ၏၊ တဖြာထို့ထက်၊ ရေးရာ ခက်ကို၊ ဆထက်မြင်မြော်၊ သူတော်တရား၊ ချမ်းသာများ၏၊ တ ပါးဆိုဘိ၊ ပညာရှိတွေး၊ ဘေးမရောက်ခင်၊ ရေးရာမြင်၍၊ ဆင် ခြင်ကုန်လင့်၊ ရေးခွင့်ရောက်က၊ ရွံကြောက်မရှိ၊ တည်တံ့ဘိ သည်။ ။ကဝိကြီးသိုင်း ကျင့်မြတ်တည်း။

[မင်္ဂလာပျို-၂၀]

## ပညာရှိပင်

ပညာရှိတို့ဆိုတိုင်း၊ လိုက်နာသောသူသည်၊ ပညာရှိပင်ဖြစ်၏။

[မဏိရတနာပုံကျမ်း]

## ယဉ်ကျေးအောင်ဆုံးမနိုင်၏

အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။

ပဏ္ဍိတာ–အသိအလိမ္မာ၊ ဉာဏ်ပညာရှိကုန်သောသူတို့သည်၊ အတ္တာနံ–မိမိကိုယ်ကို၊ဒမယန္တိ–ယဉ်ကျေးအောင် ဆုံးမနိုင်ကုန် ၏။

[ဓမ္မပဒ]

## ပညာရှိကယဉ်ကျေးစွ

ပညာသုတ--ပြည့်ဝသူမှာ။
လိမ္မာယဉ်ကျေး--ဆိုရေးစုံစွာ။
ပညာကင်းသဉ်း--ထင်းတုံးပမာ။
ဝင့်ဘုံတွင်း--ချန်ဆင်းမီးလောင်စာ။ ။

## ပညာရှိကား တည်ကြည်ခံ့ငြား၏

ချောင်းငယ် မြောင်းငယ်တို့သည် အသံကြီးစွာ မြည်လျက်စီးဆင်း ကြ၏။ မြစ်ကြီးတို့မှာမူ အသံမမြည်ဘဲ ငြိမ်သက်စွာစီးဆင်းကြလေသည်။ ထို့အတူ ပညာ ဗဟုသုတ ကင်းမဲ့သောသူတို့သည် ပရိသတ်အလယ်တွင်“ငါတတ်သည် ငါလိမ္မာသည်” ဟု ဝင့်ဝါ ပလွှားလေ့ရှိ၏။ ပညာဗဟုသုတ ရှိသောသူတို့သည်ကား ထိုကဲ့သို့ ဝင့်ဝါပလွှားလေ့မရှိဘဲ ပြောကြားသင့်သောအခါတို့၌ တည်ကြည်ခံ့ငြားစွာ ပြောကြား၍၊ မပြောကြားသင့်သောအခါတို့တွင် နှုတ်ကိုပိတ်၍ ဆိတ်ဆိတ်နေလေ့ရှိပေ၏။

[မြန်မာ့အလင်း]

## အဘယ်ကြောင့်ပညာရှိကိုဆည်းကပ်ရသနည်း

ပညာရှိပုဂ္ဂိုလ်တို့ကိုအဘယ်ကြောင့် မှီဝဲဆည်းကပ်ရသနည်းဟူမူ၊ပညာရှိပုဂ္ဂိုလ်တို့၏ တောင်ဇလပ်ပန်း အစရှိသည်တို့၏ မွှေးကြိုင်သင်းပျံ့သောရနံ့ရှိသော နံ့သာမျိုးနှင့် တူကုန်သည်၏အဖြစ်၊ ပညာရှိသောပုဂ္ဂိုလ်တို့ကိုမှီဝဲဆည်းကပ်ရသူတို့၏ တောင်ဇလပ်ပန်း အစရှိသည်တို့၏ ရနံ့ရှိသော နံ့သာမျိုးကို ဖွဲ့ထုပ် ရစ်ပတ်ကြောင်းဖြစ်သော ဖက်ရွက်ထုပ်နှင့်တူသည်၏အဖြစ်၊ ၎င်းတို့၏ ၎င်းတို့နှင့်တူသည့်အတွက် ပညာရှိတို့သည် မေဓာဝီဘာဝနာဖြင့်ဖြစ်ပွားစေသည်၏အဖြစ်၊ ပညာရှိတို့၏စိတ်ကို နှစ်သက်စေတတ်သည်၏အဖြစ်သို့ ရောက်တတ်သည်၏ အဖြစ်ကြောင့်၎င်း၊ ပညာရှိ

ပုဂ္ဂိုလ်တို့၏ ကြောက်မက်ဘွယ်ဘေးနှင့် ရင်ဆိုင် တွေ့ရာအခါ၌ မှိဝဲဆည်းကပ်သူ၏စောင့်ရှောက်ကာကွယ်ရေး၊ ကျုံးမြောင်း မြေကတုတ်နှင့်တူကုန်သည်၏အဖြစ်၊ မှောင်မိုက်သောအခါ၌ မိုက်မှောင်ကိုဖျောက် အလင်းရောက်စေတတ်သော ဆီမီး ရောင်နှင့် တူကုန်သည်၏အဖြစ်၊ ရေဆိပ်ခြင်း ထမင်းငတ်ခြင်း အစရှိသော ဆင်းရဲဒုက္ခတို့၏ ဘိစိ နှိပ်စက်ရာအခါ၌ အဆင်သင့်ရအပ်သော ထမင်းအဖျော် အစရှိသည်တို့နှင့် တူကုန်သည်၏အဖြစ်၊ မိမိ၏ စကားကို လိုက်နာပြုလုပ်သူတို့၏ ခပ်သိမ်းသော ဘေးဟူသမျှတို့ကို ဟန့်တားဖျက်ဆီးခြင်း၌ စွမ်းနိုင်ကုန်သည်၏ အဖြစ်ကြောင့် ပညာရှိပုဂ္ဂိုလ်တို့ကိုမှီဝဲဆည်းကပ်ရသည်ဟုဆိုလိုသည်။

[မင်္ဂလာဒီပနီ ဋ္ဌ-၁၂၇]

## သံကောင်း-မီးခတ်

ကလျာဏမိတ်ဆွေ ပညာရှိသူတော်ကောင်းသည် သံကောင်းသောမီးခတ်နှင့်တူ၏။

## ကောင်းသောစကားကိုဆိုတတ်၏

သဖလံ ပဏ္ဍိတော လောကေ၊
သကာရဏံ ဝစံ ဘဏေ။

လောကေ–လောက၌၊ ပဏ္ဍိတော–ပညာရှိသည်၊ သဖလံ-အကျိုးရှိသော၊သကာရဏံ- အကြောင်းနှင့် တကွဖြစ်သော၊ ဝစံ-စကားကို၊ဘဏေ-ပြောဆိုတတ်၏။

[နရဒက္ခ-၄၆၇]

## သည်းခံရာ၏

ပညာရှိသောသူသည် မိမိအခွင့်အခါမသင့်၍ သိမ်ငယ်သောအဖြစ်ဖြင့် မထင်မပေါ် ဆင်းရဲငြိုငြင်ကာနေရသောအခါ၌ မိမိ၏

ကျွန်မျှလောက်သောသူက ကြိမ်းမောင်း စော်ကားသော်လည်း အမျက်မထွက်ဘဲသည်းခံရာ၏။

[ဓမ္မနီတိ]

## ပညာရှိလူယုတ်

ခေတ်ပညာနှင့်တကွ လောကဩရာစာပေကျမ်းဂန် လေ့လာတတ်မြောက်၍ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသူတို့သည် အများအပြားရှိကုန်၏၊ သို့သော်အကြားအမြင်များလျက် အကျင့်တရား မရှိသောကြောင့် အကျင့်အကြံ အပြုအမူ ယုတ်မာသော ပညာရှိလူယုတ်များကား များလှချေ၏။

[ပညာရှိ]

## ပညာရှိတို့ပြုမှုပုံ

နယံ နယတိ မေဓာဝီ၊
အဓုရာယံ နယုဉ္ဇတိ။
သုနယော သေယျသော ဟောတိ၊
သမ္မာ ဝုတ္တော နကုပ္ပတိ။
ဝိနယံ သော ပဇာနာတိ၊
သာဓု တေန သမာဂမော။ ။

မေဓာဝီ–ပညာရှိသည်၊နယံ–အစီးအပွားကို၊ နယတိ–ဆောင်တတ်၏၊ အဓုရာယံ–မပွားစေ အပ်သည့်၌၊ နယုဉ္ဇတိ–မယှဉ်၊ သေယျသော- မြတ်သောအားဖြင့်၊ သုနယော- သိလွယ်သည်၊ ဟောတိ-ဖြစ်၏၊သမ္မာ-ကောင်းစွာ၊ဝုတ္တော-ဆိုအပ်သည်ရှိသော် နကုပ္ပတိ-အမျက်မထွက်၊သော–ထိုပညာရှိသည်၊ဝိနယံ-အာစာရ ဝိနည်းကို၊ ပဇာနာတိ-သိ၏၊ တေန-ထိုပညာရှိနှင့်၊ သမာဂမော– ပေါင်းဘော်ရခြင်းသည်၊ သာဓု- ကောင်း၏။

[တေရသနိပါတ်၊ အကိတ္တိဇာတ်]

## ပညာရှိတန်ခိုး

မင်းစိုးရာဇာတို့သည် မိမိတို့အုပ်ချုပ်သော တိုင်းပြည်အတွင်း၌သာ ရိုသေပူဇော်ခြင်းခံရ၏။ပညာရှိတို့သည်ကား ရောက်လေရာ နေရာတိုင်းမှာပင် ရိုသေပူဇော်ခြင်းကိုခံယူရကြ၏။

[ပညာရှိ]

ကြေနံ စင်စစ်ပ၊ ဉာဏ်သစ်ကယ် မှတ်ယူ။ ။ဗိုးရ သခင်နှင့်၊ ပညာရှင် သည်နှစ်ဦး၊ ထူးကြ မတူ။ ။ပြည့်ရှင် ဂုဏ်အင်လျှိုင်း သော်လဲ၊ကိုယ့်တိုင်း ပြည်သူသာ၊ကြည်ဖြူကြ စတမ်း။ ။ပညာရှိ မှာတော့၊ ကဝိဂုဏ်ရည်မြောက်လို့၊ ရောက်လေရာ လူခပ်သိမ်း၊ တိမ်းညွတ်ပြည့်လျှမ်း။

[ဓမ္မနီတိချိုး-၇၀]

## ပညာရှိကြောင့်ရန်ကင်း၏

ခပ်သိမ်းသော သတ္တဝါတို့၌ ဘေး ဥပဒ္ဒဝေါ ကင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း တို့ကို ရခြင်းသည် ပဏ္ဍိတကြောင့်သာ ဖြစ်၏။ ဗာလကြောင့် မဖြစ်ကုန်။

[အင်္ဂုတ္တိုရ်]

## ပညာရှိနှင့်နေရခြင်းသည် အမြဲချမ်းသာရ၏

သာဟု ဒဿနမရိယာနံ၊
သန္နိဝါသော သဒါ သုခေါ၊
အဒဿနေန ဗာလာနံ၊
နိစ္စမေဝ သုခီ သိယာ။ ။

အရိယာနံ-ဘုရားအစရှိသော သူတော်ကောင်းတို့ကို၊ဒဿနံ-ဖူးမြင်ရခြင်းသည်၊ သာဟု-သာရ-ကောင်း၏၊ သန္နိဝါသော-ဘုရားအစရှိသော ပညာရှိတို့နှင့် အတူတကွ နေရခြင်းသည်၊

သဒါ—အခါခပ်သိမ်း၊ သုခေါ—ချမ်းသာ၏၊ ဗာလာနံ-လူမိုက်တို့ကို၊ အဒဿနေန-မမြင်ခြင်းသည်၊ နိစ္စမေဝ-အမြဲသာလျှင်၊သုခီ-ချမ်းသာခြင်းရှိသည်၊ သိယာ-ဖြစ်ရာ၏။

[ဓမ္မပဒပါဠိတော်၊သုခဝဂ်၊သက္ကဝတ္ထု]

## ပစ္စုပ္ပန်သံသရာ ကျိုးများစွာတည့်

လူလိမ္မာ လက္ခဏာသုံးပါးနှင့် ပြည့်စုံသော သူတော်ကောင်း ပဏ္ဍိတ ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာကြောင်းစင်စစ်ဧကန်တည်း။

[အသျှင်ပါလိတမဟာထေရ်]

## ပညာရှိနှင့်ပေါင်းရခြင်းသည် လဆန်းပက္ခနှင့်တူ၏

သုက္ကပက္ခေ ယထာ စန္ဒော၊
ဝဍ္ဎတေဝ သုဝေသုဝေ။
သုက္ကပက္ခူပမော ရာဇ၊
သတံ ဟောတိ သမာဂမော။ ။

ရထေသဘ-ရထားစီးခြင်း မင်းတကာတို့ထက် မြတ်တော်မူသော၊ရာဇ-မင်းမြတ်၊ သုက္ကပက္ခေ-လဆန်းပက္ခ၌၊ စန္ဒော-လမင်းသည်၊ သုဝေ သုဝေ-နေ့တိုင်း နေ့တိုင်း၊ ဝဍ္ဎတေဝ ယထာ—ပွားသည်သာလျှင် ဖြစ်သကဲ့သို့၊ ဧဝမေဝ—ဤအတူသာလျှင်၊ သတံ သပ္ပုရိသာနံ-သူတော်ကောင်းတို့နှင့်၊ သမာဂမော-ပေါင်းဘော်ရခြင်းသည်၊ သုက္ကပက္ခူပမော- လဆန်းပက္ခ၌ လပမာရှိသည်၊ ဟောတိ-ဖြစ်၏။

[သုတသောမဇာတ်]

## အကျိုးစီးပွားကိုဆောင်တတ်၏

ပညာရှိ ပုဂ္ဂိုလ်တို့၏ သဘောသည် အကျိုးစီးပွားကို ဆောင်တတ်၏၊ မိမိအကျိုးစီးပွား သူတပါးတို့၏ အကျိုး စီးပွား တို့ကို

ကောင်းမွန်အောင် အထူးသဖြင့် အားထုတ်တတ်၏။ မကောင်းမှု ဒုစရိုက် အကုသိုလ်တို့မှ အထူးရှောင်ကြဉ်၍ ဟိရိဩတ္တပ္ပ တရားတို့နှင့် ပြည့်စုံ၏။ ကောင်းမြတ်သော တရားသဘော အကျိုးအကြောင်းကို သိလွယ်၏၊

[နရဒက္ခဒီပနီကျမ်း-၄၇၆]

## ပညာရှိတို့၏ အနည်းငယ်မျှသောဥစ္စာသည် အများတကာတို့၏မှီခိုအားထားဘွယ်ရာဖြစ်၏

ဓနမပ္ပမ္ပိ သာဓူနံ၊
ကူပေ ဝါရိဝ နိဿယော။
ဗဟုမာပိ အသာဓူနံ၊
နစ ဝါရိဝ အဏ္ဏဝေ။ ။

သာဓူနံ-ဉာဏ်ပညာဗဟုသုတ ရှိကုန်သော သူတော်ကောင်းတို့၏၊ အပ္ပမ္ပိ-မပြောစဖွယ် အနည်းငယ်မျှသာဖြစ်သော၊ ဓနံ-ရွှေငွေဘဏ္ဍာ ဥစ္စာပစ္စည်းသည်၊ ကူပေ-ရေတွင်း၌၊ ဝါရိဝ-ချိုမြိန်ကောင်းမြတ်သောရေကဲ့သို့၊ နိဿယော-သူတကာတို့ အားထားမှီခိုရာဖြစ်၏၊ အသာဓူနံ-အသိအလိမ္မာ ဉာဏ်ပညာ မရှိကုန်သောသူတို့၏၊ ဗဟုမာပိ-ကုဋေကုဋာ များလှစွာလည်းဖြစ်သော၊ ဓနံ-ဥစ္စာပစ္စည်းသည်၊ အဏ္ဏဝေ-မဟာသမုဒ္ဒရာ၌၊ ဝါရိဝ-ဆားငန်ရေကဲ့သို့၊ နစနိဿယော-သူတကာတို့မှီခိုရာမဖြစ်ပေ။

[နီတိကျမ်း]

## စီးပွားခြင်းသို့ရောက်စေ၏

ပညာရှိတို့သည်ကား မိမိ၏ ကောင်းသော အယူဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ မိမိ၏စကားကို လိုက်နာကုန်သော သူတို့ကိုလည်းကောင်း မဖျက်ဆီးကုန်၊စီးပွားခြင်းသို့ ရောက်စေကုန်၏၊

[ဩဝါဒကန်မင်္ဂလတ္ထဒီပနီ]

## အတုခိုးပါလေ

ပညာရှိလက္ခဏာသုံးပါးနှင့် ညီညွတ်သောသူတို့၏ ပြောပုံ၊ ကျင့်ပုံ၊ ကြံပုံတို့ကို အတုခိုး၍ ထိုသူတို့နှင့် ပေါင်းသင်းခြင်း၊ ထိုသူတို့ထံသွား၍ နည်းနာခံယူကာ အတုခိုးပါလေ။

[မြန်မာ့အလင်း]

## ပညာရှိတို့ကိုဆည်းကပ်သင့်၏

ကုသလဟု၊ ကမ္မသရိက်၊ သုစရိုက်ကို၊ နှစ်ခြိုက်တတ်ရာ၊ လူလိမ္မာကို၊ ကောင်းစွာခစား၊ ပညာပွားဌါ၊ ဝပ်တွားကျိုးနွံ၊ ဆုံးမခံလျက်၊သူ့ထံဆည်းကပ်၊မှီဝဲအပ်ရှင့်၊ ပွင့်ချပ်ရွေလွှာ၊ ပန်းမာလာကို၊ သာယာရေ့ရည်း၊ ဖက်ဖြင့် စည်းမူ၊ ဖက်လည်း ရနံ့၊ သင်းထုံပျံ့သို့၊ ဆိုအံ့တဖြာ၊ အဇ္ဈာပြင်၊ နဘာခွင်ဝယ်၊ တိမ်စင်ငွေလ၊ စန္ဒရလည်း၊ နက္ခတ္တလမ်း၊ ရောင်ခြည်လွှမ်း၍၊ သွားမြဲဓမ်းယုတ်၊ ပမည်းထုတ်လျက်၊ လောကုတ်လောကီ၊ ကျိုးနှစ်လီဖြင့်၊ စုံညီပြိုးသား၊ တက်တိုးပွားလျက်၊ ရှစ်ပါး အံ့ဘွယ်၊ သုံးသွယ်သာနာ၊ ပွင့်လင်းသာ၍၊ ပညာသုတ၊ အလင်းရလျက်၊ အရဟတ္တမိုလ်၊တောက်တပိုဖြင့်၊ရောက်လိုဆင့်ဆင့်၊ ဝေးလွင့်ကိလေ၊ မှောင်ရောင်ခြွေလျက်၊ လေးထွေသစ္စာ၊ ပွင့်မည်သာတည့်၊ ငုံအာစွင့်စွင့်၊ မပွင့်မီကြား၊ ဝနိသုံးပါးဝယ်၊ ပြေးသွား ရဟာတ်၊ လည်တုံလတ်ရာ၊ ပါယ်လေးရွာနှင့်၊ သုံးဖြာသောကပ်၊ အရပ်ရှစ်ပါး၊ ကင်းလွတ်ငြား၍၊ နှစ်ပါးချမ်းသာ၊ ကျင်လည်ရာဖြင့်၊ ကောင်းစွာသုခ၊ စည်းစိမ်ရ၍၊ ဒုက္ခမလိမ်း၊ ဘေးဘျမ်းငြိမ်းလျက်၊ ခပ်သိမ်းချမ်းသာ၊မျိုးလေးဖြာတို့၊လိမ္မာတတ်ပွန်၊လူရည်ချွန်သည်။ ။ သူမွန်ပဏ္ဍိ ပေါင်းလတ်တည်း။

[မင်္ဂလာပျို့-၂၂]

## ပညာရှိကို ပေါင်းအပ် သင်းအပ်ကြောင်း

တဂ္ဂရဉ္စ ပလာသေန၊
ယော နရော ဥပနယှတိ။

ပဏ္ဏာပိ သုရဘိ ဝါယန္တိ၊
ဧဝံ မိစ္ဆုပသေဝနာ။ ။

ယောနရော-အကြင်သူသည်၊ တဂ္ဂရဉ္စ-တောင်ဇလပ် ပန်းကို လည်း၊ ပလာသေန-ပေါက်ဖက်ဖြင့်၊ ဉပနယှတိ-ထုပ်၏၊တသာ-ထိုသူ၏၊ ပဏ္ဏာပိ-ပေါက်ဖက် တို့သည်လည်း၊ သုရဘိ-ကောင်း သော အနံ့ရှိကုန်သည်ဖြစ်၍၊ ဝါယန္တိ-လှိုင်ပျံ့ကုန်၏၊ ဧဝံတထာ-ထို့အတူ၊ မိစ္ဆုပသေဝနာ-ပညာရှိအား ပေါင်းဘော်မှီဝဲခြင်းကို၊ ဒဋ္ဌဗ္ဗာ-မှတ်အပ်၏။

[လောကနီတိ]

## ပညာရှိနှင့်ပေါင်း

ကိုယ်နှုတ် နှလုံး၊ စောင့်သုံးမြဲစွာ၊ သတ္တဝါကို၊ မေတ္တာသက် ပေ၊ လှူဒါန်ဝေ၍၊ စိတ်စေကြည်သန်၊ သဘောမှန်သား၊ ပစ္စုပ္ပန် သံသရာ၊ ချမ်းသာစီးပွား၊ နှစ်ပါးမြင်တတ်၊ သူတော်မြတ်ကို၊ မ ပြတ်ချစ်ခင်၊ မိတ်ကျွမ်းဝင်၍၊ မြဲပင်စင်းလျှင်းပေါင်းယှဉ်မင်း။

[လောကသာရပျို]

မျက်မှောက်ကယ် တမလွန်။ ။အကျိုးနှစ်ရံကို၊ ဂုဏ်လောက် လုံ ကိုယ်ဝယ်စွဲ၊ မြဲတဲ့ သူမွန်။ ။ဉာဏဝန်၊ တံခွန်တခု။ ။ သည်သူကို သူတော်ကောင်း၊ပေါင်းဘက် ဘော်ပြု။

[ဓမ္မနီတိချိုး-၆၈]

## ပညာရှိကိုမှီဝဲလော့

မိရောစ သုခသံဝါသော၊
ဉာတီနံ့ဝ သမာဂမော။
တသ္မာ ဟိ ဓိရံ ပညဉ္စ၊
ဗဟုဿုတဉ္စ ဓောရယှံ။ ။
သီလဝ္ဂတဝတမရိယံ၊ တံ တာဒိသံ သပ္ပုရိသံ။
သုမေဓံ ဘဇေထ၊ နက္ခတ္တပထံဝ စန္ဒိမာ။ ။

ဉာတိနံ-ချစ်စွာသောအဆွေအမျိုးတို့၏၊ သမာဂမော-ပေါင်းဘော်ခြင်းသည်၊ သုခေါ်ဇာဝ-ချမ်းသာသကဲ့သို့၊ ဓိရောစ-ပညာရှိသည်လည်း၊သုခသံဝါသော-ချမ်းသာကိုဖြစ်စေတတ်သောပေါင်းဘော်ခြင်းသည်၊ ဟိ ယသ္မာ- အကြင့်ကြောင့်၊ ဟောတိ- ဖြစ်၏၊ တသ္မာ-ထို့ကြောင့်၊ စန္ဒိမာ-လမင်းသည်၊နက္ခတ္တပထံ- နက္ခတ်တို့လမ်းဖြစ်သောကောင်းကင်သို့၊ ဘဇတိဇာဝ- ဆည်းကပ်သကဲ့သို့၊ ဓိရဉ္စ- တည်ကြည်သည်လည်း ဖြစ်ထသော၊ ပညဉ္စ-လောကီလောကုတ္တရာ ပညာရှိသည်လည်း ဖြစ်ထသော၊ ဗဟုသုတဉ္စ—ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ ဟူသော အကြားအမြင်လည်း ရှိထသော၊ ဓောရယှံ သီလဝုတဝတံ- အရဟတ္တဖိုလ်သို့ရောက်ခြင်းဟူသောဝန်ကိုဆောင်ခြင်း သီလဝတ်ဟူသောအကျင့်ရှိထသော၊ အရိယံ- ဖြူစင်သော၊ သုမေဓံ-ကောင်းသော ပညာရှိထသော၊ တံတာဒိသံ သပ္ပုရိသံ—ထိုသို့သဘောရှိသော သူတော်ကောင်းကို၊ ဘဇေထ—မှီဝဲဆည်းကပ်ကုန်လော့။

[ဓမ္မပဒ၊သုခဝဂ်၊သက္ကဝတ္ထု]

## ပညာရှင်ကိုချစ်ခင်လေလော့

ပညာရဲရင့်၊ ပွဲလယ်တင့်၍၊ နှိုင်းချင့်ဆင်ခြင်၊ ကျိုးပြစ်အင်ကို၊ မြော်မြင်တတ်သိ၊ ပညာရှိအား၊ အမိ ညီဘွား၊ မယားကြင်ဘက်၊ ကိုယ့်သက်စွန့်ကာ၊ မြတ်နိုးစွာသား၊ ရာဇာဇော်၊ ရှင့်ငြိနိသို့၊ တူညီစင်စစ်၊ ကောင်းစွာချစ်လော့၊ ကျိုးပြစ်ဆင်ခြင်၊ ပညာရှင်ကို၊ ချစ်ခင်ရိုသေ၊ပေါင်းသင်းလေက၊မိတ်ဆွေကလျာဏ၊ကောင်းစွာရသည်။ ။မှတ်ကြကုန် စင်စစ်တည်း။

[နရဒက္ခဒီပနီကျမ်း-၄၇၈]

## အကိတ္တိရှင်ရသေ့၏ပညာရှိနှင့်ပေါင်းရပါလို၏ ဆုတောင်း

ဓိရံ ပဿေ သုဏေ ဓိရံ၊
ဓိရေန သဟ သံဝသေ။
ဓိရေနာလ္လာပသလ္လာပံ၊
တံ ကရေ တဉ္စ ရောစယေ။ ။

ဓိရံ–ပညာရှိကို၊ပဿေ-မြင်ရလို၏၊ဓိရံ-ပညာရှိကို၊သုဏေ-ဤမည်သောအရပ်၌နေ၏ဟု ကြားရလို၏၊ ဓိရေန- ပညာရှိနှင့်၊ သဟ-တကွ၊ သံဝသေ–ပေါင်းဘော်ရလို၏၊ ဓိရေန-ပညာရှိနှင့်၊ အလ္လာပသလ္လာပံ- ရှေးဦးစွာပြောဆိုခြင်း၊ အဘန်တလဲလဲပြောဆိုခြင်းဟူသော၊တံ–ထိုအမှုကို၊ ကရေ-ပြုရလို၏၊ တဉ္စ-ထိုပညာရှိနှင့်ပြောဆိုရခြင်းအမှုကိုလည်း၊ရောစယေ-နှစ်သက်ရလို၏။
[တေရသနိပါတ်၊အကိတ္တိဇာတ်]

## ပဏ္ဍိတသေဝနမင်္ဂလာသံပေါက်များ

က–(၁) မျက်မှောက်တမလွန်၊ကျိုးပြစ်ဝန်၊အလွန်သိစေရာ။
(၂) ပညာရှိအား၊ ပေါင်းဘက်ငြား၊ တပါးမင်္ဂလာ။
(၃) ဆန်းလပမာ၊ သာထက်သာ၊ လွန်စွာကျိုးများရှာ။
[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာကျမ်း-၁၁]

ခ–(၁) ပညာ ရှင်ပေါင်း၊ အကြောင်းကြောင်း၊ အကောင်းကျူးတတ်စွာ။
(၂) ပန်းပေါင်းထုပ်ရေး၊ဝတ်ထည်မွှေး၊ရှုတွေးတုယူရာ။
(၃) ပညာရှိထံ၊ ဆုံးမခံ၊ နိယံ ဆည်းကပ်ပါ။
(၄) ပညာရှင်ကြီး၊ အသီးသီး၊ မှီးလေ ဥပမာ။
(၅) ယခုတမလွန်၊ တန်ခိုးဟုန်၊ မိုးစွန် ထက်ဝဋ္ဋာ။
(၆) လူနတ်နိဗ္ဗာန်၊ မြတ်သုံးတန်၊ အမှန် ရမြဲသာ။
(၇) ထို့ကြောင့်သာလျှင်၊ပညာရှင်၊ ခင်မင် ဆည်းကပ်ပါ။
(၈) ပဏ္ဍိတာနဉ္စ၊ သေဝနာ၊ ဝေပြဓိပ္ပါယ်လာ။
(၉) မင်္ဂလာဖြစ်ရာ၊ သနစ်မှာ၊ နှစ်ဖြာရမြဲသာ။
[မင်္ဂလတ္ထဒီပက-၉]

## မင်္ဂလာပျို့

ဗာလပဏ္ဍိ၊ ဤသို့သိလော့၊ ဟိရိဩတ္တပ်၊ မြဲကိုယ် ကျပ်ကို၊ စောင့်ကြပ်မရှိ၊ သတိမထား၊ လူငွေးသွားလျှင်၊ ဆယ်ပါး သမိုက်၊

ဒုစရိုက်ရ၊ မကောင်းမှုကို၊ ပြုလိုသလောက်၊ မရှက်ကြောက်ဘဲ၊ ပြုစမြဲတည့်၊ ခပဲလူဗိုလ်၊ ထိုထိုပေါယာယ်၊ ကဲ့ရဲ့ဘွယ်နှင့်၊အပါယ် လားခွင့်၊ တံခါးဖွင့်ခဲ့၊ ခွေးနှင့်ဝက်လား၊ ကျွဲနွားသိုးဆိတ်၊ အဟိတ် တိရစ္ဆာန်၊ သဏ္ဍာန်တူမျှ၊ မိုက်မဲလှလျက်၊ ကာမလူ့ရွာ၊ ဖြစ်ဆန်း ကာမျှ၊ ဖြစ်လာကြသည်၊ ဘဝမမြတ်၊ လူနတ် စီးပွား၊ မကြီးပွား တည့်။ ။တရားစောင့်ကြပ်၊ ဟိရောတ္တပ်ကို၊ မြဲကပ်ရှိမူ၊ ထိုသ သူကား၊ သပ္ပုရိသ၊ ဟူထိုက်စွဟု၊ လောကလူများ၊ ချီးမြှောက် စားလိမ့်၊ တရားနှစ်ရပ်၊ ကိုယ်၌ကပ်မူ၊ ခြောက်ထပ်နတ်ရွာ၊ လူး လာပျော်ပါး၊ လူ့ရွာလားလည်း၊များပြားချမ်းသာ၊ရတနာရွှေငွေ၊ အထွေထွေနှင့်၊ ပဒေသရာ၊ ဇကရာဟု၊ စကြာမင်္ဂလာတ်၊ ဘုန်းရောင် လွှတ်၍၊ လူနတ်နှစ်ပါး၊ ချမ်းသာများကို၊ ခံစားကုန်လျက်၊ ထိုမှာ ဘက်ဟု၊ မိုလ်မဂ်လမ်းစ၊ တက်လှမ်းကြသည်။ ။ဒေဝဓမ္မ ကျင့်မြတ်တည်း။

[သံတော်ဆင့်မင်း–ဦးကျော်ဇေ]

**ဝတ္ထုများ–**

## လိမ္မာသောလှည်းကုန်သည်

လွန်လေ ပြီးသောအခါ၊ ကာသိတိုင်း၊ ဗာရာဏသီ ပြည် ဗြဟ္မဒတ်မင်းလက်ထက်၌ ဘုရားလောင်းသည် လှည်းကုန်သည် မျိုးဖြစ်၍ လှည်းငါးရာဖြင့် ကုန်သွယ်၏၊ အခြားမိုက်သော လှည်း ကုန်သည်မျိုးလည်းရှိ၏။

လှည်းမျိုးမိုက်သည် ငါတို့အလျင်သွားသော် လမ်းကောင်းဖြင့် သွားရလတ္တံ့၊ နွားတို့လည်း မြက်ဦး မြက်ကောင်း စားရလတ္တံ့၊ ရေကြည်ကိုလည်း သုံးဆောင်ရအံ့၊ကုန်စည်များကိုလည်း ကြိုက် သော အဘိုးထားဖြင့် ရောင်းရလတ္တံ့ဟု အောက်မေ့ကာ ရှေးဦး စွာသွား၏။

လမ်းခရီး၌ ဘီလူးဟိုကျက်စားသော ရေရှားသည့်သဲကန္တာရ ဘခုသို့ရောက်လတ်သော် ဘီလူးတို့က ရေပေါဟန်ပြု၍ ရှေ့၌

ရေကန်များရှိ၍၊ လှည်းအလေးခံကာ မယူကြနှင့်ဟု ပြောရာ၊ လှည်းမှူးရိုက်လည်း ယုံကြည်၍ ရေတို့ကိုသွန်ပစ်လေ၍။

လှည်းမှူးရိုက်မှာ မကြာမီ ရေမရှိသဖြင့် လှည်းသွားငါးရာနှင့် တကွ လူရော နွားပါ ဘီလူးစာဖြစ်ကြကုန်၍။

နောက်မှလာသော ဘုရားလောင်းလှည်းမှူးသည် ဤအခြင်းအရာတို့ကို ဆင်ခြင်ကာ ဘီလူးများလှည့်စားသည်ကို ဂရုမပြုသဖြင့် ပျက်စီးခြင်းဘေးမှ လှည်းသားငါးရာနှင့်တကွကင်းဝေးရလေ၍။

[ ဧကနိပါတ်၊ အပဏ္ဏကဝဂ် ]

ဤမင်္ဂလာနှင့် ပတ်သက်သော ပညာရှိတို့ကို ပေါင်းဘော်အပ်ကြောင်း ဝတ္ထုသက်သေသာဓကပေါင်း မြောက်မြားစွာ ရှိရာ၊ အလုံးစုံဖော်ပြရသော် ကျယ်ဝန်းမည်စိုး၍၊ အောက်ပါဝတ္ထု အနည်းငယ်ကိုသာ ဖော်ပြလိုက်ရပေသတည်း။

(၁) သံကိစ္စသာမဏေဝတ္ထု။

[ ဗာလပဏ္ဍိတသေဝနာသေဝနကထာ ]

(၂) မဟောသဓသုခမိန်ဝတ္ထု။

[ ဇာတ်ကြီးဆယ်ဘွဲ့ ]

(၃) ဘုရားလောင်းသုနေတ္တဝတ္ထု။

[ သတ္တနိပါတ်၊ အဂ္ဂိတ္တိုရ် ]

(၄) သမုဒ္ဒဝါဏိဇ္ဇဝတ္ထု။

[ ဒေဝတာသံယုတ်အဋ္ဌကထာ ]

(၅) မလ္လိကာဝတ္ထု။

[ ဓမ္မပဒ ]

# ၃-ပူဇာစ ပူဇနေယျာနံ

ပူဇာနိယာ၊ ပူဇာစ၊ ပြုကြအပ်သည့်သာ။
[ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်း]

## ပူဇနေယျ-ဝိဂြိုဟ်

ပူဇာဝိသေသံ အရဟာတီတိ ပူဇနေယျော။

ယောပုဂ္ဂလော- အကြင်ပုဂ္ဂိုလ်သည်၊ ပူဇာဝိသေသံ- ပူဇော်အထူးကို၊ အရဟာတိ-ခံထိုက်၏၊ ဣတိတသ္မာ-ထိုသို့ပူဇော်အထူးကိုခံထိုက်သော သတ္တိကြောင့်၊ သောပုဂ္ဂလော- ထိုပုဂ္ဂိုလ်သည်၊ ပူဇနေယျော-ပူဇနေယျမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၃၅]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(က) "ပူဇာ" ဟူသည်ကား အရိုအသေ အလေးအမြတ် ပြုခြင်း မြတ်နိုးခြင်း ရှိခိုးခြင်းတို့တည်း။

[ပရိတ်ကြီးဂဏ္ဌိ-၃၁]

( ခ ) ပူဇော်ဟူသည်ကား၊အရိုအသေပြုခြင်း၊အလေးပြုခြင်း၊မြတ်နိုးခြင်း၊ရှိခိုးခြင်း၊ပေးလှူခြင်းတို့ကိုဆိုသတည်း။

[မင်္ဂလာအလင်း-၂၀]

( ဂ ) ပူဇာတိ သက္ကာရ ဂရုကာရ မာနန ဝန္ဒနာ။

ပူဇာတိ - ပူဇာဟူသည်ကား၊ သက္ကာရ ဂရုကာရ မာနန ဝန္ဒနာ- အရိုအသေပြုခြင်း၊ အလေးအမြတ်ပြုခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်းတည်း။

[ပရိတ်ကြီးနိဿယ-၁၂၂]

(ဃ) ပူဇနေယျာနဉ္စ ဗုဒ္ဓါဒိနံ ပူဇာရဟာနံ။

ပူဇနေယျာနဉ္စ–ပူဇနေယျာနံ ဟူသည့်ကား၊ ဗုဒ္ဓါဒိနံ–ဘုရားအစရှိကုန်သော၊ ပူဇာရဟာနံ– ပူဇော်ခြင်းငှါ ထိုက်ကုန်သော သူတို့အား။

[ပရိတ်ကြီးဋီကာ-၂၀]

( င ) ပူဇော်ထိုက်သောသူကို ပူဇော်ခြင်း ဆိုသည်ကား ဘုရားအစရှိသောသူတို့အား၊လှူဒါန်းထိုက်သူကိုလှူလေ၊ ရှိခိုးထိုက်သူအား ရှိခိုးလေ၊ မြတ်နိုးချစ်ခင်ထိုက်သူအား မြတ်နိုးချစ်ခင်လေ၊ ရိုသေထိုက်သူကို ရိုသေလေဟူ၍ ဆိုလိုသတည်း။

[မင်္ဂလာအလင်း-၂၀]

( စ ) ပူဇနေယျာနံ-ပူဇော်ထိုက်ကုန်သော ဘုရားအစရှိကုန်သောရတနာ၊ အမိ အဘ အစရှိသော ကျေးဇူးရှင်တို့နှင့်တကွ၊ ဂုဏဝုဍ္ဎ၊ဝယဝုဍ္ဎပုဂ္ဂိုလ်တို့ကို၊ယာပူဇာစ-အကြင်အာမိသပူဇာ၊ ဓမ္မပူဇာ၊နှစ်ဖြာလုံးတို့ဖြင့် ထိုက်သည်အားလျော်စွာရိုသေမြတ်နိုး ရှိခိုးပူဇော်ရခြင်းသည်လည်းကောင်း။

[မင်္ဂလာဒီပနီသျှယ-၃၈]

(ဆ) ပူဇနေယျာနံ–ပူဇော်ထိုက်သောဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့မှစ၍ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရားခုနစ်ပါးနှင့် လျော်ညီစွာ ကျင့်ကုန်သောအရှင်မြတ်တို့ကို၊ ယာပူဇာစ- အကြင် လက်အုပ်ချီမိုး ရှိခိုးပူဇော် ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ–၆၃]

( ဇ ) ပူဇနေယျာနံ-ကောင်းသော အမှုကို ပြုကြကုန်သော ဘုရားစသော သူတော်ကောင်းတို့ကို၊ ပူဇာစ–ပူဇော်ရခြင်း သည်လည်းကောင်း။

[မင်္ဂလသုတ်နိဿယ-၁၄]

(ဈ) ပူဇနေယျာနံ့–ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိ၊ကျေးဇူးရှိရှင့်၊မိဘဆရာ၊ ရတနာသုံးပါး၊တရားကျင့်သူ၊ စင်ပြုံစရိုက်၊ ပူဇော်ထိုက်သော သူတို့ကို၊ ပူဇော်စ– ရှိသေသမှု အပြုအမူ ပြုဌါဆေးလေး၊ ကျေးမွေးပေးကမ်း လှူဒါန်း ပူဇော်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာစုံ–၇]

(ည) ပူဇနေယျာနံ့–တရံမပြတ်၊ ပူဇော်အပ်ငြား၊ လူသုံးပါးတို့၏အထွတ်၊ ပဏ္ဍာမြားမှန်ကူ၊ ဖြစ်တော်မူသော၊ ဘုရား တရား သံဃာ၊ ရတနာသုံးဖြာ၊ မာတာပိတာ၊ ပြသသွန်သင်၊ ပဲ့ပြင်ပေရာ၊ ဆရာသမား၊ သူတို့အားကို၊ ယာပူဇော်စ–နေ့ညဥ့်မပြတ်၊ ဆည်းကပ်တိုးဝင်၊ လက်စုံဆင်၍၊ မမေ့မလျော့၊ မပေါ့စေရ၊ တုပ်ကွကော်ရော်၊ ကျေးဇူးမြှော်၍၊ ရှိခိုးပူဇော်၊ ဖူးမျှော်ရခြင်းသည်လည်းကောင်း။

[မင်္ဂလာသာရဒီပနီသစ်–၇]

(ဋ) ပူဇနေယျာနံ့-ဗုဒ္ဓပစ္စေကာ၊ သာဝကသံဃာ၊ ဆရာမိဘာ၊ ကြီးထမျိုးဆွေ၊ တည်းဟူပေသော၊ ရိုသေမြတ်နိုး၊ ရှိခိုးဦးတိုက်၊ ပူဇော်ထိုက်သူတို့ကို၊ ပူဇော်စ– သီလဝတ်ပြု၊ ပစ္စည်းစုဖြင့်၊ အမှုလျော်ပေ၊ရိုသေမြတ်နိုး၊ရှိခိုးဖူးမျှော်၊ပူဇော်ခြင်းသည်ရင်း။

[မင်္ဂလာအလင်း–၆၉]

(ဌ) ပူဇနေယျာနံ့–ပူဇော်ဓမ္မ၊ အာမိသဖြင့်၊ နေ့ညမပြတ်၊ ပူဇော်အပ်သော၊ ရတနာသုံးပါး၊ ဆရာမိဘာ စသောသူတို့ကို၊ ယာပူဇော်စ–အကြင်နေ့ညမလပ်၊အနီးကပ်လျက်၊ တုပ်ပျပ်ရိုကျိုး၊ မြတ်နိုးပူဇော်ရခြင်းသည်လည်းကောင်း။

[ပူဇော်အပ်သောသူတို့ကိုပူဇော်ရမည်ဆိုရာ၌“ဇလိမ့်မည်လို့တရားနာ ပူဇော်စာနှင့်မငြားစေရ၊ ကြေးမရှား ကျောင်းဆောက်၊ သေငွေးကြေးပွဲ့သလို”မရှိစေရ၊မေးမြန်းစုံထောက်လျက် ပူဇော်ရမည်ဆိုလိုသည်။]

[ရွှေမင်းဝံ–ငှက်တွင်းဆရာတော်]

(၃) ပူဇနေယျာနံ–ပူဇော်ထိုက်သော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင် သူမြတ်တို့မှစ၍ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကိုရင်း ကောင်းစွာယုံကြည်၍၊ ကံကိုရင်း ကံ၏အကျိုးကိုရင်း ယုံကြည်ခြင်း သဒ္ဓါဟူသောတရားလည်းတပါး၊ ပဉ္စသီလ အဋ္ဌင်္ဂသီလ ဒသင်္ဂသီလတို့ကို အကျိုးမပေါက် မပြောက်မကျားရအောင် စောင့်စည်း ဆောက်တည်ခြင်းတည်း ဟူသော သီလတရားလည်း တပါး၊ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး၊ ဤဆယ်ပါးသော ဒုစရိုက်တို့ကို ပြုကျင့်ရအံ့သည်မှ ရှက်ခြင်း ဟိရီ မည်သော တရားလည်း တပါး၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်၊ အပါယ်လေးပါးတို့၌ ဖြစ်သောဘေး သံသရာ ဝဋ်ဆင်းရဲတို့မှ အလွန် ကြောက်လန့်ခြင်း ဩတ္တပ္ပတည်းဟူသော တရားလည်းတပါး၊ ကောင်းမှုကုသိုလ်တရားတို့ကို များစွာလုံ့လပြုခြင်း ဝိရိယတရားလည်း တပါး၊ ဘုရားဟောတော်မူသော တရားတို့ကို သင်ခြင်း အံခြင်း နာခြင်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ပညာဟူသော တရားလည်းတပါး၊ ဤ သဒ္ဓါ၊ သီလ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝိရိယ၊ ပညာဟူသော သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် လျော်ညီစွာ လိုက်နာ၍ ကျင့်သော အရှင်မြတ်တို့ကို၊ ယာပူဇာစ–အကြင်လက်အုပ်ချီမိုး ရှိခိုးပူဇော်ဖူးမျှော်ကန်တော့ရခြင်းသည်လည်းကောင်း။

[ဆင်ပေါင်ဝဲ မင်္ဂလဏ္ဍဒီပနီ–၁၁–၁၂]

## ပူဇာ ၂ မျိုး

(၁) ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းသည် အာမိသပူဇာ မည်၏။

(၂) အကျင့်ဝတ်ဖြင့် ပူဇော်ခြင်းသည် ဓမ္မပူဇာမည်၏။ [အကျင့်ဖြင့် ပူဇော်ခြင်း ဟူသည်ကား ဟောတော်မူတိုင်း

သီလ, သမာဓိ, ဝိပဿနာ, တရားတို့ကို အားထုတ်ကျင့်ကြံ၍နေခြင်းကို ဆိုလိုသည်။]

[ပရိတ်ကြီးဂဏ္ဍိ-၃၁]

## အဘယ်ကြောင့်ပူဇော်ထိုက်သနည်း

အဘယ်ကြောင့် ဘုရားအစရှိသော ပူဇနေယျ ပုဂ္ဂိုလ်တို့ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ရသနည်းဟူမူ၊ ဘုရားအစရှိသော ပူဇနေယျပုဂ္ဂိုလ်တို့ကို အကြီးအကျယ်မဆိုထားဘိ၊ အနည်းငယ်မျှလည်းဖြစ်သော ရိုသေမြတ်နိုး ရှိခိုးပူဇော်ရခြင်း၏ ရှည်မြင့်စွာသောညဉ့်နေ့ပတ်လုံးသုခ၏အကြောင်းဖြစ်သောစီးပွားကိုပြုခြင်း၊ ဟိတ၏အကျိုးဖြစ်သော ချမ်းသာကိုပြုခြင်း၌ ဖြစ်တတ်သည်၏ အဖြစ်ကြောင့် ဘုရားအစရှိကုန်သော ပူဇနေယျ ပုဂ္ဂိုလ်တို့ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်ရသည်ဟု ဆိုလိုသည်။

[မင်္ဂလာဒီပနီ ၁ ကျမ်း-၁၂၈]

## (က) အပူဇော်ခံထိုက်သောသူများ

ပူဇနေယျာနံ အရကား ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကစသော ပူဇာရဟပုဂ္ဂိုလ်တို့ကိုယူ။

[ပရိတ်ကြီးဂဏ္ဍိ-၃၁]

ငရဲအကြောင်း၊ ပြိတ္တာအကြောင်း၊ လူ့ပြည်အကြောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်အကြောင်း၊ မဂ်အကြောင်း၊ ဖိုလ်အကြောင်း၊ နိဗ္ဗာန်အကြောင်း၊ ကုသိုလ်အကြောင်း၊ အကုသိုလ်အကြောင်း၊ သံသရာအကြောင်းစသည်ဖြင့် ပိဋကတ်တော်မှလာသော ဘုရားစကားတော်တရားတော်ကို ဟောပြောတတ်သောသူကို မြင့်မြတ်ရာ၌ ထား၍ ပူဇော်ရှိခိုးလျက်နေရမည်။

[ငါးဌာနစမ္မ၊ဆကဏ္ဍုပုစ္ဆာ ဝိသဇ္ဇနာကျမ်း-၃၇]

## (ခ) ရှင်း ၇ ဦး

(၁) ဘုရား။ (၄) အမိအဘ။
(၂) ပစ္စေကဗုဒ္ဓါ။ (၅) ဆရာ။
(၃) ဘုရားတပည့်သံဃာ။ (၆) ဂုဏ်ကြီးသောသူ။
(၇) သက်ကြီးသောသူ။

[မြန်မာ့အလင်း]

## (ဂ) တနည်း ၁၁ ဦး

(၁) ဘုရား၊တရား။ (၃) ပစ္စေကဗုဒ္ဓါ။
(၂) သံဃာ။ (၄) ရဟန္တာအရိယာ။
(၅) သေက္ခပုဂ္ဂိုလ် ၇-ယောက်

[မင်္ဂလာဂဏ္ဌိ-၆၁]

## ပူဇော်ခြင်း၄ါထိုက်၏

(၁) အမိအဘကို သားသမီးတို့က ပူဇော်ခြင်း၄ါထိုက်၏။
(၂) ဆရာကို တပည့်တို့က ပူဇော်ခြင်း၄ါထိုက်၏။
(၃) အဆွေခင်ပွန်းကောင်းတို့ကို ပူဇော်ခြင်း၄ါထိုက်၏။
(၄) မိထွေးမိကြီးတို့ကိုလည်း ပူဇော်ခြင်း၄ါ ထိုက်၏။
(၅) ကျေးဇူးအထူးတင်ပေဘူးသော သူကိုလည်း ပူဇော်ခြင်း၄ါ ထိုက်၏။
(၆) ရေမြေအရှင်မင်းများကိုလည်း ပူဇော်ခြင်း၄ါထိုက်၏။
(၇) မြတ်သောအကျင့်ရှိသော ရသေ့ရဟန်း ပုဏ္ဏားတို့ကိုလည်း ပူဇော်ခြင်း၄ါထိုက်၏။
(၈) မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ကိုလည်း ပူဇော်ခြင်း၄ါ ထိုက်၏။

[မင်္ဂလာဂဏ္ဌိ-၆၂]

## ဆိုင်ရာဆိုင်ရာပူဇော်ထိုက်သောပုဂ္ဂိုလ်များနှင့် ပူဇော်ပုံကိုပြဆိုခြင်း

(၁)–ဆိုင်ရာဆိုင်ရာ၊ ပူဇော်ပါ၊ တဖြာထုတ်ပြန်ကြား။
(၂)–မိဘဉာတကာ၊ သားချင်းမှာ၊ သက်ဝါကြီးသူများ။
(၃)–လင်နှင့်ယောက်ျမ၊ ပူဇော်ရ၊ မိန်းမဝတ္တရား။
(၄)–ကျေးဇူးသခင်၊ ဆရာလျှင်၊ စာတွင်ပြလျက်သား။
(၅)–ဓမ္မာထုတ်ပြ၊ ပုဂ္ဂလ၊ မချထည့်သွင်းထား။
(၆)–ပူဇော်အပ်သူ၊ အမှတ်ယူ၊ ထပ်တူနည်းမခြား။
(၇)–ပေးကမ်းရိုသေ၊ အထွေထွေ၊ မသွေရှိညွတ်တွား။
(၈)–ပူဇနေယျာ၊မင်္ဂလာ၊မှတ်ရာဓိပ္ပါယ်များ။

[မင်္ဂလတ္ထဒီပနီကျမ်း–၁၀]

## သက်ကြီးဝါကြီးတို့အားရှိခိုးပူဇော်ခြင်း၏အကျိုး

အဘိဝါဒနသီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။ ။

အဘိဝါဒနသီလိဿ-အရိုအသေပြု၍ ရှိခိုးလေ့ရှိထသော၊ နိစ္စံ-အမြဲ၊ဝုဍ္ဎာပစာယိနော-အသက်သိက္ခာအားဖြင့်ကြီးသောသူတို့ကို အရိုအသေ ပြုလေ့ရှိထသော၊ ပုဂ္ဂလဿ-ပုဂ္ဂိုလ်အား၊ အာယု-အသက်ရှည်ခြင်းလည်းကောင်း၊ ဝဏ္ဏော-အဆင်းလှခြင်းလည်းကောင်း၊သုခံ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းလည်းကောင်း၊ဗလံ–အားခွန်ဗလ ကြီးကျယ်ရခြင်းလည်းကောင်း၊ ဣတိ-ဤသို့၊စတ္တာရော-လေးပါးကုန်သော၊ ဓမ္မာ-ကျေးဇူးတရားတို့သည်၊ ဝဍ္ဎန္တိ-တိုးပွားကုန်၏။

[ဓမ္မပဒပါဠိတော်]

## မပူဇော်၍အပြစ်

(၁) သီဟဠဒီပကျွန်း၌ ပါဒမြို့ကို အစိုးရသော အရိန္ဒမရာဇာမင်းကြီးသည် ပူဇော်မြဲ ဖြစ်သော မြို့စောင့်နတ်တို့ကို မပူဇော်ခြင်းကြောင့် မြို့စောင့်နတ်တို့ စိတ်ပျက်၍ ငသံသျှင်မင်းလောင်းကိုချီးမြှောက်ဘူးလေသည်။

(၂) ပေါက္ကံရာမပြည်ကို အစိုးရသော မင်းယဉ်နရသိင်္ခမင်းကို အမတ်ကြီးရာဇသင်္ကြံသည် ပူဇော်သက္ကာရ အရိုအသေမပြုသောကြောင့် မင်းပြစ်မင်းဒဏ်ခံရဘူးချေသည်။

## သူယုတ်မာကို မပူဇော်ထိုက်

(၁) တက္ကတွန်းတို့အား အနှစ်တရာတိုင်တိုင် တလချင် တထောင်အကုန်ခံ၍ ပူဇော်ခြင်းထက် ဝိပဿနာဖြင့် ပွားစေအပ်သောစိတ်ရှိသည့် ရဟန်းတို့အား တကြိမ်တခဏမျှ ပူဇော်ခြင်းသည် မြတ်သည်သာလျှင်တည်းဟု ဟောကြားလေသည်။

[ဓမ္မပဒပါဠိတော်၊ သဟဿဝဂ်]

(၂) ငါတို့ဘုရားအလောင်း ပဒုမမင်းသားသည် တခုသော ဂင်္ဂါမြစ်ကို အမှီပြု၍ နေရာ ခြေပြတ်လက်ပြတ် နိုးသူကြီးတယောက်မျောလာသည်ကို ဆယ်တင်၍ ဆေးဝါးတို့ဖြင့် ကုစား၏၊ သစ်သီးချိုချဉ်တို့ဖြင့် လုပ်ကျွေး၏၊ ရောဂါပျောက်လေလျှင်ပင် ကျေးဇူးရှင်ဖြစ်သော ပဒုမမင်းသား၏မယားနှင့် ထွက်ပြေးလေ၏။

[ပဒုမဇာတ်]

(၃) သာဒ ပုဏ္ဏားယုတ်မာကို ဘူရိဒတ် နဂါးမင်းသည် နဂါးပြည်သို့ ဆောင်၍ စိန်ကောင်း ကျောက်ကောင်း တို့ဖြင့် ပူဇော်၏၊ ကျေးဇူးကိုမသိသည်ဖြစ်၍ နဂါးမင်း ဥပုသ်စောင့် နေရာ၊ အလမ္ပါယ်ပုဏ္ဏားကို ညွှန်ပြလေရကား သားသောမဒတ်သည် "အဖသူယုတ်မာ" ဟု ရေရွတ်ပြီးလျှင် အရပ်တပါးသို့

ထွက်သွားလေ၏၊ ထိုကဲ့သို့သောသူယုတ်မာကို မပူဇော်ထိုက်ချေ။

[ဘူရိဒတ်ဇာတ်]

## ပူဇော်ထိုက်သောသူကိုပူဇော်၍အကျိုးများပုံတို့ကား

(၁) ဆင်းရဲသား ပုဏ္ဏားတယောက်သည် ဆန်ကွဲမှုံ့ဖြင့် ကြက်ဆူပင်စောင့်နတ်ကို ပူဇော်၍ ရွှေအိုးငွေအိုးတို့ကို ထုတ်၍ပေးဘူးချေလေပြီ။

(၂) ပုဂံရာဇဝင်တွင် ဇောင်ခြမ်းပင်စောင့်နတ်ကို ထမင်းစားတိုင်းအဦးအဖျား ပူဇော်ခြင်းပြုလေ့ပြုထရှိသော ကွမ်းဆော်ယောက်ျားကို ထိုနတ်သားကပင် မင်းဖြစ်ရန် စောင့်ရှောက်ကူညီဘူးလေသည်။

[မြန်မာရာဇဝင်]

(၃) ရှေးအခါက လုလင်တယောက်သည် သိဒ္ဓတ်ဘုရားရှင်၏ ခတ်တော်ကို ပူဇော်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ဘူးသည့်အတွက် ဂေါတမရှင်တော်ဘုရား လက်ထက်တွင် သုခါပိဏ္ဍိယ မထေရ်မည်သောရဟန္တာဖြစ်လာ၏။

[အပဒါန်၊ဒသဝဂ်]

(၄) မြတ်စွာဘုရားကိုအလွန်ကြည်ညိုသောစိတ်ဖြင့် ဘုရားအားပူဇော်ရန် သခွတ်ပွင့်လေးပွင့်ကို ယူဆောင်လာစဉ် လမ်းတွင် ကျွဲခတ်၍သေရာ နောင်ဘဝ၌ ကောသာရကီ နတ်သမီးဖြစ်လာ၏။

[ဝိတဝိမာနဝတ္ထု]

(၅) မြတ်စွာဘုရား ဒေသစာရီ လှည့်လည်ရာ၊ ဝေဠုဝါတောင်ထိပ် ရောက်သည့်အခါ၊ ခင်ပုပ်ငှက် တကောင်သည် သစ်ပင်ထက်မှဆင်းသက်၍၊အတောင်နှစ်ဘက်ယှက်ခါ၊ခြေတော်ရင်းတွင်ခဝပ်လေ၏။ ဘုရားရှင်က တိရစ္ဆာန်ပင်ဖြစ်သော်လည်း

ပူဇော်ထိုက်သူကို ပူဇော်ကန်တော့သဖြင့် ကမ္ဘာ့တသိန်းထက် တွင်ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်ဟု ဗျာဒိတ်မြွက်ကြားတော်မူပေ၏။

[မူလပဏ္ဏာသ၊ ဒုတိယဝဂ်၊ ရုဋ္ဌသီဟနာဒဇာတ်]

## သက်ကြီးဝါကြီး ပူဇော်ပွဲ

ပူဇော်ထိုက်သောသူတို့ကို ပူဇော်သောအားဖြင့်၊ ၁၃၁၁-ခု၊ သီတင်းကျွတ်လဆုတ် ၁ ရက်နေ့တွင်၊ ရန်ကုန်မြို့၊ မြို့တော်ခန်းမကြီး၌ သက်ကြီးဝါကြီး ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပကာ သက်ကြီးဝါကြီးပုဂ္ဂိုလ် ၁၀ ဦးတို့အား ငွေ ၁၀၀ဝိ တိတိစီ ကန်တော့ပူဇော်ကြ၏။

## ပူဇော်ခြင်းသည် မင်္ဂလာမည်၏

(၁) ပူဇော်ထိုက်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သီလဝန်ဖြစ်ကြသောရဟန်း၊ ပုဏ္ဏား၊ မိဘ၊ ဆရာ စသည်တို့အား ပူဇော်ခြင်းသည် အကျိုးကြီးမြတ်သောကြောင့် မင်္ဂလာမည်၏။

(၂) ပစ္စည်းတို့ဖြင့် လည်းကောင်း အကျင့် တရားတို့ဖြင့် လည်းကောင်း ပူဇော်ခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကြီးပွားကြောင်းတို့၏ အဖြစ်ကြောင့်မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၂၀]

(၃) ပူဇော်ထိုက်သောသူတို့အား ပူဇော်ခြင်းသည် ဤမျက်မှောက်၌ချီးမွမ်းခြင်း အစရှိသည်၏ပြည့်စုံခြင်း၊ ပွားစီးခြင်းတို့၏ အကြောင်းဖြစ်သောကြောင့်မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၇၀]

(၄) အမိအဘ အစရှိကုန်သောသူတို့အား ပူဇော်ခြင်းသည် အပြစ်မရှိသောတရားကို ဆောက်တည်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ အသက်အစရှိသောတရား၏ပွားခြင်း၏အကြောင်း ဖြစ်သောကြောင့်လည်းကောင်း မင်္ဂလာမည်၏။

[မင်္ဂလာသာရလက်စွဲကျမ်း-၇၉]

## ပူဇာ၀စ ပူဇနေယျ မင်္ဂလာသံပေါက်

က-(၁) ရတနာသုံးပါး၊ အထွတ်ထား၊ ညွှတ်တွားပူဇော်ရာ။

(၂) ပူဇာရဟာ၊ ပြုကုန်ကြ၊ ပြည့်ဝမင်္ဂလာ။

(၃) ပူဇော်သောသူ့နတ်ပြည်မူ၊ကြည်ဖြူရောက်မည်တာ။

[မင်္ဂလတ္ထပုဏ္ဏာ၀ိသဇ္ဇနာ-၁၂]

ခ-(၁) ပူဇနေယျာ၊ ပုဂ္ဂလာ၊ ထုတ်ခါ ဓိပ္ပါယ်ကြား။

(၂) ဘုရားပစ္စေကာ၊ အရိယာ၊ သိသာ လွှန်ထင်ရှား။

(၃) ရှိခိုးပူဇော်၊ အထူးနော်၊ပူဇော် ရှိညွှတ်တွား။

(၄) ပန်းမာလ်ဆီမီး၊ အသီးသီး၊ ကြီးငယ်ပူဇော်များ။

(၅) စွမ်းပါသမျှ၊ သဒ္ဓါကြွ၊ ဒါန လှူကပ်ထား။

(၆) အာမိသပူဇာ၊ ဖြူသဒ္ဓါ၊ မကွာ မြဲမှတ်သား။

(၇) သရဏဂုဏ်ပဥ္စသီ၊ အဋ္ဌင်္ဂီ၊ ယှဉ်မှီ မြဲတရား။

(၈) ဘုရားဟောရာ၊ ဓမ္မာမှာ၊ ဇောပါကျင့်သူများ။

(၉) ဓမ္မာနုဓမ္မပဋိပတ္တိ၊ ပူဇာမိ၊ မှတ်ဘိ နည်းတပါး။

(၁၀) အများတကာ၊ ပူဇော်ပါ၊ နှစ်ဖြာပြုထိုက်ငြား။

[မင်္ဂလတ္ထဒီပကကျမ်း-၉]

### မင်္ဂလာပျို့

(၁) ချနစ်ဆဲ့ငါး၊ နာမ်ရုပ်ထား၍၊ နှစ်ပါးဆယ်ဖြာ၊ မြှောက်ပွားကာဖြင့်၊ ကိလေသာညှောင့်၊ တထောင့်ငါးရာ၊ များစွာဥသိုံ၊ ရန်ဖုံဖုံကို၊ လုံးစုံမကျန်၊ လေးတန်မြိုက်မင်္ဂ၊ စိန်သန်လျက်ဖြင့်၊ ချိုးဖျက်ခုတ်ဖြတ်၊ ကင်းစင်ပြတ်သည့်၊ အမြတ်ကိုးတန်၊ ဂုဏ်ထူးချွန်၍၊တူတန်မရှိ၊ နတ်သုဒ္ဓိတည့်၊အာဒိမဏ္ဍိ၊ ပဏ္ဍကလျာ၊ ကောင်း

စွာဟောမှတ်၊အမြတ်ထွတ်ထား၊ဂုဏ်ခြောက်ပါးနှင့်၊ ကိုးပါးဓမ္မ၊ သုပ္ပဋိပန္န၊ စသည်အပြား၊ ကိုးပါးဂုဏ်လွန်၊ လှူခံပွန်ကား၊ ရှစ်ပါးရိယာ၊ ထေရ်သဃ်ာကို၊ ကောင်းစွာရိုညွှတ်၊ ရတနတ်ကို၊ မပြတ်နေ့ည၊ ပဏာမဖြင့်၊ ပြုကြလတ်သား၊ ကျေးဇူးအားဖြင့်၊ ကြီးမားမြင့်မြတ်၊ အိမ်ဦးနတ်နှင့်၊ ပြစ်လွတ်ပညာ၊ ငယ်စဉ်ခါဝယ်၊ ဝိဇ္ဇာသိပ္ပ၊ တတ်ကောင်းစွကို၊ သင်ပြဆရာ၊ရိုသေစွာတည့်၊ဂုဏာဝုဍ္ဍ၊ ဝယဝုဍ္ဍ၊ဂုဏ်ပညာဖြင့်၊ကောင်းစွာသိမှတ်၊ ပူဇော်လတ်သည်၊ အမြတ်သုံးဖြာ၊ မင်္ဂလာမူ၊ သပ္ပုရိသ၊ ဥပနိဿယည်း၊ တပုဒ်တည်းမှတ်၊ သမ္ဗုဒ္ဓစကာ၊ အချက်ကျကျ၊မှတ်ကုန်ကြသည်။ ။လောကသံသာကောင်းမြတ်တည်း။

( ၂ ) အသမ္ဘိန္န၊သမ္ဘိန္နဟု၊လောကဥက္ကာ၌၊ မြတ်ထက်မြတ်၍၊ လူနတ်ခပဲ၊ ကျေးဇူးကဲ၄ါ၊ အမြဲသမ္မ၊ ရှိဝတ်ပြုသည်၊ ဓာတုသရီ၊ ဥဒ္ဒိဿည်ညီလျက်၊စေတီပုထိုး၊စည်းခုံမျိုးကို၊အရုတ်ရိုးစိတ္တွေ၊အင်္ဂတော့ဖြင့်၊ပြေပြေပြစ်ပြစ်၊ပြုသည်ဖြစ်က၊စင်စစ်မချို၊ ဤသို့ဤမျှ၊ ခံစားရဟု၊ ဆိုးဆမနိုင်၊ မဟောနိုင်တည့်၊ နှိုင်းပြိုင်ဆွယ်မူ၊ အကြင်သူသည်၊ လေးဆူကျွန်းမြတ်၊ စိုးမိုးလတ်လျက်၊ နတ်နှစ်ဘုံဆောင်၊ နေနှုန်းပြောင်သို့၊ ဘုန်းရောင်ဖြာကွန့်၊ ပဒ္မုဖြန့်လျက်၊ ကျွန်းကျွန့်သနင်း၊ စကြာမင်းလျှင်၊ ကြောင်းရင်းရှေးရှု၊ ထိုကောင်းမှုသည်၊ ဆင်းတုစေတီ၊ မွေသရီတိုက်၊ သိုက်မြိုက်ဘန်ဝေ၊ အင်္ဂတေဖြင့်၊ အပြေအပြစ်၊ ပြုသည်ဖြစ်ကို၊ စင်စစ်တွက်ဆ၊ နှိုင်းချိန်ရမူ၊ နှစ်ရာ့ငါးဆယ်၊ စွန်းကယ်ခြောက်စိတ်၊ တစိတ်မျှပင်၊ မမှီချင်ရာ၊ ကမ္ဘာချင့်ရေး၊ ကိုးဆဲ့လေးလျှင်၊ ပါယ်ဘေးမလား၊ ချမ်းသာပွား၍၊ လေးပါးသမ္ဘိ၊ ရှစ်လိမောက္ခ၊ ဆ-အဘိညာဉ်၊ မျက်မှောက်ယှဉ်လျက်၊ အစဉ်လိုက်ငြား၊ ဆင့်ဆင့်ပွား၍၊ဘုရားဆုံးမ၊ ဩဝါဒကို၊ ရကြ ကုန်သား၊ အကျိုးများသည်။ ။ဘုရားပူဇော် ကောင်းမြတ်တည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဇေ]

## ဝတ္ထုသက်သေသာဓကများ

ဤမင်္ဂလာ အတွက် ပူဇော်ထိုက်သူကို ပူဇော်ကြသောဝတ္ထု သက်သေသာဓကများ မြောက်မြားစွာရှိရာ အောက်ပါဝတ္ထု အနည်းငယ်ကို ထပ်လောင်း၍ ဘော်ပြလိုက်ပါဦးအံ့။

(၁)–သုဓါပိဏ္ဍိယမထေရ်ဝတ္ထု။
[အပဒါန်၊ဒသဝဂ်]

(၂)–တိဿမထေရ်ဝတ္ထု။
[ဓမ္မပဒ၊သုခဝဂ်]

(၃)–အတ္တဒတ္ထမထေရ်ဝတ္ထု။
[ဓမ္မပဒ၊အတ္တဝဂ်]

(၄)–ရှင်သာရိပုတ္တရာ၏ဦးရည်းဝတ္ထု။
[ဓမ္မပဒ၊သဟဿဝဂ်]

(၅)–ဇဋိလဝတ္ထု။
[ဓမ္မပဒအဋ္ဌကထာ]

(၆)–သုမနမာလာကာရဝတ္ထု။
[ဓမ္မပဒ၊ဗာလဝဂ်]

(၇)–ပဒုမဝတီဝတ္ထု။
[အပဒါန် အဋ္ဌကထာ]

(၈)–ပဥ္စပါပီဝတ္ထု။
[ကုဏာလဇာတ်အဋ္ဌကထာ]

(၉)–စတုရိတ္ထိဝတ္ထု။
[ပေတဝတ္ထု]

(၁၀)–လာဇာနတ်သမီးဝတ္ထု။
[ဓမ္မပဒ၊ပါပဝဂ်]

(၁၁)–ကောသာတကီနတ်သမီးဝတ္ထု။
[ပီတဝိမာနအဋ္ဌကထာ]

# ၄-ပတိရူပဒေသဝါသောစ

တင့်အပ်လျောက်ပတ်၊ ဒေသရပ်၊ နေအပ်ကြသည်သာ။
[တင့်အပ်လျောက်ပတ်သောအရပ်၌နေရခြင်း]

ဒေသဝါသောစ၌၊ဒေသ-၌၊သ-မှာ အ-ရဿနှင့်ရွတ်၊ ဒေသာ-ဟု မရွတ်သင့်။

[ပရိတ်ကြီးဂဏ္ဌိ-၃၂]

## ပတိရူပဒေသ—ဝိဂြိုဟ်

ပတိရူပေါစ သော ဒေသောစာတိ ပတိရူပဒေသော။
ယော-အကြင် အရပ်သည်၊ ပတိရူပေါစ-သင့်တင့်လျောက်ပတ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဒေသောစ-အရပ်သည်လည်း၊ ဟောတိ-ဖြစ်၏၊ ဣတိတသ္မာ-ထိုနှစ်ပါးသောသတ္တိကြောင့်၊သော-ထိုအရပ်သည်၊ ပတိရူပဒေသော—ပတိရူပဒေသမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၃၆]

## အဓိပ္ပါယ်များကား

(က)—ပတိရူပေါတိ အနုစ္ဆဝိကော။
ဒေသောတိ ဂါမောပိ နိဂမောပိ နဂရံပိ ဇနပဒေါပိ နိဝါသော။

ပတိရူပေါတိ ပတိရူပဟူသည်ကား၊ အနုစ္ဆဝိကော-လျောက်ပတ်သော။

ဒေသောတိ—ဒေသဟူသည်ကား၊ ဂါမောပိ- ရွာလည်းဖြစ်သော၊နိဂမောပိ-နိဂုံးလည်းဖြစ်သော၊ နဂရံပိ-မြို့လည်းဖြစ်သော၊ ဇနပဒေါပိ-ဇနပုဒ်လည်းဖြစ်သော၊ နိဝါသော-နေရာတည်း။

[သုတ္တနိပါတ်အဋ္ဌကထာ]

(ခ)–ပတိရူပ ဒေသဝါသောစာတိ သီဟ, ဗျဂ္ဃ, ဟတ္ထိ, ဒီပိ,သပ္ပ,ဠုံသ,မကာသာဒိနံ ဝသနဋ္ဌာနံ အပလောကေတွာ ဗုဒ္ဓဝိဟာရ သဒိသောဝိယ ပတိရူပဒေသ ဝါသောစ။

ပတိရူပဒေသဝါသောစာတိ– ပတိရူပဒေသဝါသောစ ဟူသည်ကား၊သီဟ ဗျဂ္ဃ ဟတ္ထိ ဒီပိ သပ္ပ ဠုံသ မကာသာဒိနံ–ခြင်္သေ့၊ သားရဲ၊ ကျားရဲ၊ ဆင်ရဲ၊ သစ်ရဲ၊ မြွေရဲ၊ ခြင်ရဲ၊ မှက်ရဲအစရှိသော သတ္တဝါတို့၏၊ ဝသနဋ္ဌာနံ–နေရပ်ဌာနကို၊ အပလောကေတွာ– ကြည့်၍၊ ဗုဒ္ဓဝိဟာရသဒိသောဝိယ- မြတ်စွာဘုရားရှင်သည် အမြဲသီတင်းသုံးရာအရပ်ကဲ့သို့သော အရပ်သည်၊ ပတိရူပ ဒေသဝါသော-တင့်အပ်လျောက်ပတ်သော အရပ်မည်၏။

[မင်္ဂလာဂဏ္ဌိ-၆၄]

(ဂ)–ပတိရူပ ဒေသဝါသောတိ - ပတိရူပဒေသဝါသော ဟူသည်ကား၊ အနုစ္ဆဝိကေ-လျောက်ပတ်သော၊ ဂါမ နိဂမာဒိဋ္ဌာနေ- ရွာနိဂုံးစသောအရပ်၌၊ နိဝါသော- နေခြင်းတည်း။

[ပရိတ်ကြီးဋီကာ–၁၂၃]

(ဃ)–ပတိရူပဒေသဝါသောစ- အကြင်သင့်တင့် လျောက်ပတ်သော ရတနာသုံးပါးထင်ရှားရှိသောအရပ်၌ နေရခြင်းသည်ရင်း။

[ပရိတ်ကြီးနိဿယ-၃၂]

(င)–ပတိရူပဒေသဝါသောစ-အကြင် ကာလဝိပတ္တိအရပ်ကို ကြည့်၍ ကာလသမ္ပတ္တိနှင့် ပြည့်စုံသောအရပ်၌ နေရခြင်းသည်ရင်း။

[မင်္ဂလသုတ်ဋီကာ-၆၄]

(စ)–ပတိရူပ ဒေသဝါသောစ- အပြုအမူ ဖြောင့်မတ်ခြင်း၊ အပြောအဆိုဖြောင့်မတ်ခြင်း၊အကြံအစည်ဖြောင့်မတ်ခြင်း၊သူမြတ်တို့ရှိရာသင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်ရင်း။

[မင်္ဂလသုတ်နိဿယ-၁၅]

(ဆ)–ယော ပတိရူပဒေသဝါသောစ- သဘောဖြောင့်တန်း၊ ရဟန်း ကျေးမ၊ လူကျေးမနှင့်၊ လေးဝပရိသတ်၊ ထွန်းလတ်သာသနာ၊ ပညာကိရိယာ၊မြတ်ဓမ္မကို၊ပြုရအခွင့်၊ များစွာသင့်၍၊တင့်အပ်လျောက်ပတ်သောအရပ်၌၊ မှီကပ်မသွေ၊နေရခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၇၀]

(ဇ)–ယော ပတိရူပ ဒေသ ဝါသောစ- အကြွင်နာဘိဘူတ မဏ္ဍလဖြစ်သော ဇမ္ဗူ့ကြက်သရေ၊ မဇ္ဈိမေ၌၊ နေထိုင်တည်းခိုရခြင်းသည်ရင်း၊ဝါ-သုံးပါးရတနာ၊ တည်ထွန်းရာ၌၊ ကောင်းစွာနေထိုင်ရခြင်းသည်ရင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

(ဈ)–ပတိရူပ ဒေသဝါသောစ - သူတော်ကောင်း တရား၊ ထွန်းကားရာမှန်၊ လျော်ကန်လျောက်ပတ်သော အရပ်ဒေသတို့၌ နေရခြင်းသည်ရင်း။

[မိုးညှင်းမဟာမင်္ဂလာတရားတော်-၇]

(ည)–အကြွင်အရပ်၌ လေးပါးသောပရိသတ်တို့သည် ကျက်စား၏၊ဒါနအစရှိကုန်သော ပညာကိရိယာဝတ္ထုတို့သည်ဖြစ်ကုန်၏၊ ကိုးပါးသော အင်္ဂါရှိသော မြတ်စွာဘုရား သာသနာ တော်သည် ထွန်းကား၏၊ ထိုသို့သဘောရှိသော အရပ်၌နေရခြင်းကို သတ္တဝါတို့၏ ပညာကိရိယာ အကြောင်း ဖြစ်သောကြောင့် သင့်တင့် လျောက်ပတ်သော ပတိရူပဒေသမင်္ဂလာဟုဆိုအပ်၏။

[မင်္ဂလာသာရဒီပနီ-၃၄]

(ဋ)–ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာ အားဖြင့် လေးပါးကုန်သော ပရိသတ်တို့၏ ကျင်လည်ကျက်စား လှည့်လည်သွားလာ နေထိုင်ရာ အရပ်၊ ဒါန အစရှိကုန်သော ပညာကိရိယာ ဝတ္ထုတို့၏ ဖြစ်ထွန်းပွားများရာအရပ်၊သတ္တဂေယျစသော အင်္ဂါ

ကိုးပါး ရှိသော မြတ်စွာဘုရား၏ သာသနာတော် ထွန်းလင်းတောက်ပရာ အရပ်သည် ပတိရူပဒေသမည်၏။-

[မင်္ဂလာဒီပနီ ဋီကာ ယကျမ်း-၁၃၃]

(ဠ)-သင့်တင့်လျောက်ပတ်သောအရပ်ဟူသည်ကား၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမ၊ ဤပရိသတ်လေးပါးရှိရာ ဘုရားရှင်သာသနာတော်ထွန်းပသောမြို့ရွာတို့တည်း၊ ယခုအခါ ရန်ကုန်မန္တလေးအစရှိသော မြန်မာပြည်ရှိ မြို့ရွာတို့ကို ပတိရူပအရပ်ဟုဆိုအပ်၏။

[မင်္ဂလာအလင်း-၂၁]

(ဍ)-တင့်အပ်လျောက်ပတ်သောအရပ်၌ နေရခြင်းဟူသည်ကား၊ အနုတ္တရိယ ၆-ပါးရသော အရပ်ကိုဆိုသည်။ ၎င်း ၆-ပါးတို့ကား -

(၁) ဒဿနာနုတ္တရိယ-မြတ်သော ရတနာသုံးပါးကို ဖူးမြင်ရခြင်း။

(၂) သဝနာနုတ္တရိယ-မြတ်သော တရားစကားတော်ကို ကြားနာရခြင်း။

(၃) လာဘာနုတ္တရိယ-မြတ်သော အရိယာ သူတော်ကောင်းတို့၏ဥစ္စာနှစ်ကိုခံယူရခြင်း။

(၄) သိက္ခာနုတ္တရိယ-မြတ်သောအကျင့်ကို ဖြည့်ကျင့်ရခြင်း။

(၅) ပါရိစရိယာ နုတ္တရိယ-မြတ်သော အရှင်မြတ်တို့ကို လုပ်ကျွေးရခြင်း။

(၆) အနုဿတာနုတ္တရိယ - မြတ်စွာဘုရား ကျေးဇူး ဂုဏ်ကို အောက်မေ့ရခြင်း။

[ဆက္က-အင်္ဂုတ္တိုရ်]

## ယခုခေတ်သင့်တင့်လျောက်ပတ်သောအရပ်

(၁) သာသနာ ထွန်းကားရာအရပ်။
(၂) ပညာကို လွယ်ကူစွာ သင်ကြားခံယူနိုင်သောအရပ်။
(၃) ဆေးကောင်း ဝါးကောင်း သွားကောင်းရှိသောအရပ်။
(၄) ရောဂါဘေးဥပဒ်ကင်းစင်သောအရပ်။
(၅) ပစ္စည်းဥစ္စာ ရှာဖွေရယူ လွယ်ကူသောအရပ်။

## နီတိကျမ်းအရ-အပတိရူပ

(၁)—ဇမ္ဗူပြင် အကြွင်းရပ်မှာ၊ ဆေးတတ်ကယ် ဝိဇ္ဇာ။ ။ဗေဒင်ဆရာနှင့်၊ ဥစ္စာကြွယ် ပြည့်ဖြိုး၊ မိုးရ ရာဇာ။ ။ပတ်ဝဲရာ ချောင်းမြစ်လို့၊ ရေမြစ်ကယ်သီတာ၊ ဘယ်မှာမှရှိဘဲ။ ။တရက်ကယ် မျှသော်လဲ၊ ဌာနထိုမြေခန်းမှာ၊ ပျော်မြိန်းမနေရာဟု၊ ရွှေကျမ်းစာ မှာတော်ရှိ၊ ထားသတိစွဲ။

(၂)—အကြွင်ဂါမနှင့်၊ ဌာနငဲ့ တိုင်းခွင်။ ။မြတ်နိုးတနာနှင့်၊ ဆွေမိတ္တာ ပညာပေးသူတို့၊ ဝေးချေခဲ့လျှင်။ ။ထိုရပ်ခွင်၊ ကျင်လည်သင့်ဘူး။ ။လျော်ရာမှာ ပျော်ပါရအောင်၊သွားလေကြဦး။

(၃)—ညွတ်ကြည်ညိုရိုကျိုးနှင့်၊ မြတ်နိုးငယ်မထင်။ ။မတော် မလျော်နှင့်၊ သူတော်ကို မထိမဲ့၊ များခဲ့သည်ပင်။ ။သူယုတ်ကယ် ပြင်ပြင်ကို၊ ချစ်ကြင်တဲ့ဌာန။ ။ထိုမြေချက်မှာလ၊ တရက်ကယ် ခိုမအောင်းပါနှင့်၊ ပြောင်း၍ခွါကြ။

[ဓမ္မနီတိချိုး-၁၃၁]

## အပတိရူပများ

အကြွင်အရပ်သည် သူတော်ကောင်းတို့နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ထိုထိုအရပ်ကို အပတိရူပအရပ်ဟု မှတ်အပ်၏။

## အပတိရူပ ၁၆ ရပ်

(၁) ရတနာသုံးပါးကို ရိုသေခြင်းမရှိသောအရပ်။
(၂) မိစ္ဆာအယူရှိသော သူတို့၏ နေရာအရပ်။

(၃) သေသေး သေရက်စသော ယစ်မျိုးတို့ကိုသောက်စားလေ့ရှိသော သူတို့၏နေရာအရပ်။
(၄) ဆို နှံ ရေ ပေါများသောအရပ်။
(၅) လူတို့ကို ခြောက်လှန့် ဘမ်းစားတတ်သော များစွာသော ဘီလူး၊ သဘက်၊ သရဲ၊ တစ္ဆေ၊ မြေဘုတ်တို့၏ နေရာအရပ်။
(၆) လူတို့ စက်ဆုပ်ဘွယ်ရာ ဖြစ်သော များစွာသော တီ၊ ကျွတ်၊ မြွေတို့၏နေရာအရပ်။
(၇) ရေခွဲနေသော များစွာသော ငါးရဲတို့၏နေရာအရပ်။
(၈) မန္တပိုးမွှား သားငါးတို့ ပေါများသောနေရာအရပ်။
(၉) ကျွဲရဲ၊ နွားရဲ၊ တောကင်းရဲ၊ တောဆိတ်ရဲ၊ တောကြို့ရဲ တို့၏နေရာအရပ်။
(၁၀) များစွာသော မှက်ရဲတို့၏နေရာအရပ်။
(၁၁) များစွာသော ခြင်ရဲတို့၏နေရာအရပ်။
(၁၂) များစွာသော မြွေရဲတို့၏နေရာအရပ်။
(၁၃) များစွာသော သားရဲတို့၏နေရာအရပ်။
(၁၄) များစွာသော ကျားရဲတို့၏နေရာအရပ်။
(၁၅) များစွာသော ဆင်ရဲတို့၏နေရာအရပ်။
(၁၆) များစွာသော ခြင်္သေ့သားရဲတို့၏နေရာအရပ်။

[မင်္ဂလာဂဏ္ဌိ-၆၅]

## မင်္ဂလာမည်ပုံကား

(၁) ဘုရားရှင်နေတော်မူရာအရပ်၌ နေရခြင်းသည် လျောက်ပတ်သော နေရခြင်းမည်၏။ ထို လျောက်ပတ်သောအရပ်၌ နေရခြင်းသည် သတ္တဝါတို့၏ ခြောက်ပါးသော အနုတ္တရိယကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် ထိုသင့်တင့်သော ပတိရူပအရပ်သည် မင်္ဂလာမည်၏။

(၂) သင့်တင့်လျောက်ပတ်သောကောင်းမြတ်သော ပတိရူပ အရပ်၌ နေရခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ပါး ကြီးပွားခြင်း၏ အကြောင်းရင်းကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၃၅]

(၃) လျောက်ပတ်သော အရပ်တွင် နေရခြင်းမှာ သတ္တဝါ တို့၏ ပုညကိရိယာဖြစ်သောကြောင့် မင်္ဂလာမည်၏။

လျောက်ပတ်သော အရပ်၌ နေရခြင်းသည် သတ္တဝါတို့၏ ခြောက်ပါးသော အနုဿတိ တို့ကို ရခြင်း၏အကြောင်း ဖြစ် သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရလက်စွဲကျမ်း-၈၁-၈၃]

(၄) အကြင် အရပ်၌ လေးပါးကုန်သော ပရိသတ်တို့သည် ကျက်စားကုန်၏။ ဒါနအစရှိသော ပုညကိရိယာ ဝတ္ထုတို့သည် ဖြစ်ကုန်၏။ ကိုးပါးသော အင်္ဂါရှိသော မြတ်စွာဘုရား သာသနာ တော်သည် ထွန်းပ၏။ ထိုသို့သဘောရှိသောအရပ်၌ နေရခြင်း သည် လျောက်ပတ်သောအရပ်၌ နေရခြင်းမည်၏၊ ထိုလျောက် ပတ်သောအရပ်၌ နေရခြင်းကို ပုညကိရိယာ၏ အကြောင်း ဖြစ် သောကြောင့် မင်္ဂလာဟူ၍ဆိုအပ်၏။

[ညောင်ကန်ဆရာတော်]

(၅) ပတိရူပဒေသဝါသကို ဒါနအစရှိကုန်သောပုညကိရိယာ ဝတ္ထုတို့၏ ဖြစ်ထွန်း ပွားများခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်သတည်း။

[မင်္ဂလာဒီပနီ ဋီကာ ယကျမ်း-၁၃၃]

(၆) ဝက္ကလိမထေရ်သည် သဗ္ဗညုတဘုရားရှင်၏ သိတင်း သုံးနေတော်မူရာ အရပ်၌ နေရခြင်းကြောင့် အောက်ပါ အနုဿတိ ယ ၆-ပါး ခံစားရပေ၏။

(က) မြတ်စွာဘုရား၏ အဆင်းတော်ကို ဖူးမြှော်ရခြင်း။

(ခ) မြတ်စွာဘုရား၏ တရားတော်ကို နာရခြင်း။

(ဂ) မြတ်စွာဘုရား၌ သဒ္ဓါတရားကို ရခြင်း။
(ဃ) သိက္ခာသုံးပါးကို ဖြည့်ကျင့်ရခြင်း။
(င) မြတ်စွာဘုရားအား လုပ်ကျွေးရခြင်း။
(စ) မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးတော်ကိုအောက်မေ့ရခြင်း။
ဤခြောက်ပါးကုန်သော အနုတ္တရိယတို့ကိုရခြင်း၏အကြောင်းကြောင့် သဗ္ဗညုဘုရားရှင် ရှိတော်မူရာ အရပ်မှစ၍ သာသနာတည်ထွန်းပရာအရပ်သည် ပတိရူပဒေသ မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၃၇]

## နေအပ် မနေအပ်–ထိုနှစ်ရပ်

အကြင်အရပ်၌ နေခြင်းကြောင့် လောကီဥစ္စာ ရတနာတို့ကလည်း လွန်စွာ တိုးပွား၏။ ဒါနစသော ကုသိုလ်တရားကလည်း လွန်စွာဖြစ်ထွန်း၏။ ထိုအရပ်၌ တသက်ပတ်လုံး နေထိုင်အပ်၏။

အကြင်အရပ်၌ နေခြင်းကြောင့် လောကီပစ္စည်းဥစ္စာ ရတနာလည်း မတိုးပွား၊ ဒါနစသောကုသိုလ်တရားလည်း မဖြစ်၊ ထိုအရပ်၌ တရက်မျှမနေဘဲ အမြန်စွန့်ပဲ၍သွားရာ၏။

[အဋ္ဌကထာ]

## သင့်တင့်လျောက်ပတ်ဆုံးသောအရပ်

သာဝတ္ထိပြည်ကြီးသည် မြတ်စွာဘုရားသခင် ၂၅-ဝါ တိုင်တိုင် အမြဲသီတင်းသုံးရာ အရပ်ဖြစ်၍ သင့်တင့်လျောက်ပတ်ဆုံးသော အရပ်မည်၏။

[မင်္ဂလာအဖွင့်အကျယ်လက်စွဲ-၄၀]

## သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းအကျိုး

ပတိရူပေ ဝသေ ဒေသေ၊
အရိယမိတ္တကရော သိယာ။
သမ္မာပဏိဓိသမ္ပန္နော၊
ပုဗ္ဗေ ပုညကတော နရော။

ခေနချေဉ် ယသော ကိတ္တိ၊
သုခဉ္စတံမိဝတ္တတိ။ ။

ယော နရော–အကြင် သူသည်၊ ပတိရူပေ ဒေသေ–သင့်တင့် လျောက်ပတ် ကောင်းမြတ်သော အရပ်၌၊ ဝသေ–နေထိုင်သည် ဖြစ်ငြားအံ့၊ အရိယမိတ္တကရော–အရိယာသူတော်ကောင်း တို့နှင့် သာ အကျွမ်းတဝင် ချစ်ခင်ပေါင်းသင်းခြင်းကို ပြုသည်၊ သိယာ–ဖြစ်ငြားအံ့၊သမ္မာပဏိဓိသမ္ပန္နော–ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းနှင့် ပြည့်စုံသည်၊ သိယာ–ဖြစ်ငြားအံ့၊ ပုဗ္ဗေပုညကတော–ရှေးဘဝက ပြုခဲ့ဘူးသော ကောင်းမှုရှိသည်၊သိယာ–ဖြစ်ငြားအံ့၊ဧတံ–ထိုအင်္ဂါ လေးပါးနှင့် ပြည့်စုံသောသူကို၊ ခေနချေဉ်–ရွှေငွေ ဘဏ္ဍာ ဥစ္စာ စပါးသည်ရင်း၊ ကိတ္တိစ– ကျော်စော ထင်ရှားခြင်းသည်ရင်း၊ ယသောစ–အခြံအရံသည်ရင်း၊ သုခဉ္စ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ခြင်းသည်ရင်း၊ အဓိဝတ္တတိ–ဒိုရေတိုးသကဲ့သို့ လွှမ်းမိုး၍ ဖြစ်လာ တတ်၏။

[စတုက–အင်္ဂုတ္တိုရ်]

## ပတိရူပဒေသဝါသောစမင်္ဂလာသံပေါက်

က–(၁)–သင့်လျော်လျောက်ပတ်၊ ထိုအရပ်၊ မှတ်လေ့ အင် ခြောက်ဖြာ။

(၂)–မင်္ဂလာပြည့်ဝ၊ ရပ်ဌာန၊ ဖြစ်ကလွှန်ချမ်းသာ။

(၃)–ဆက္ကအင်္ဂိတ်၊ ကျမ်း၌ထုတ်၊ သရုပ်လွှန်သောချာ။

[မင်္ဂလတ္ထပုဋ္ဌာဝိသဇ္ဇနာ–၁၃]

ခ–(၁)–သာသနာရောင်ကြီး၊ ပြောင်ပြောင်ညီး၊ အံ့ချီးမကုန်ပေ။

(၂)–ဘုရားတရား၊ အပါးပါး၊ အများ သဃာ်နေ။

(၃)–တရားယူမြှော်၊ အမှုတော်၊ သူတော် များရာပေ။

(၄)–ပတိရူပ၊ စာမှာပြ၊ ဌာန ရွေးချယ်နေ။

[မင်္ဂလတ္ထဒီပက–၁၁]

## မင်္ဂလာပျို့

မှတ်သားကုန်ထ၊ ဒေဝပုတ္တ၊ စသည်ငါးတန်၊ ငါးပါးမာရ်ကို၊ ပယ်လှန်ကင်းပြတ်၊ အောင်မြင်လတ်၍၊ မြတ်သဗ္ဗညုလျှင်၊ ချက်ကုန်မြင်လျက်၊မြေတွင်သိရ်၊အောင်ဗောဓိသည်၊ ပတိရူပ၊ တင့်အပ်လှတည့်။ ။ထိုမှတဖြာ၊ ရှုဘွယ်ရာဖြင့်၊ သိင်္ဂါကိုယ်ရေ၊ ချိုနေ့ဝင့်ဝင့်၊နားစွင့်စွင့်နှင့်၊ သမင့်ပျော်ရာ၊မိဂဒါဝုန်၊မဟာဂနိုင်၊ အင်ကြင်းမြိုင်ဝယ်၊ လေးဆိုင်ပထ၊ ညီမျှတလျက်၊ ပဉ္စဝဂ္ဂီ ဆုထူးရှိသည်၊ သုဒ္ဓိပြုထွား၊ ထေရ်ငါးပါးကို၊ တရားဓမ္မစကြာ၊ ဟောမြွက်သက်၍၊ ဖိုလ်မင်္ဂဝေ၊ ထိုဒေသတည့်။ ။အတ္တကာယ၊ သဿတနှင့်၊ ဥစ္ဆေဒပဲ၊ အယူမှောက်မှား၊ တိတ္ထိများကို၊ တရားအမြတ်၊ နှောင်ကြိုးကျွတ်၍၊ ချေဍုတ်ပြီးမှ၊ တန်ခိုးပြသည်၊ ကဏ္ဍမ္ဗဟု၊ သရက်ဖြူရင်း၊ ပင်မင်းပေါက်ရာ၊ ရပ်ခန်းဝါတည့်။ ။တာဝတိံသာ၊ ဒေဝိန္ဒာ၏၊ ဓမ္မာသဘင်၊ ပဏ္ဍုအင်တွင်၊ မိခင်ဖြစ်ဘူး၊ သူ့ကျေးဖူးကို၊ အထူးဆပ်ဘိ၊ သင်္ကာသိယ၊ မည်ရှိနတ်သား၊ အမှူးထား၍၊ တရားဘိဓမ္မာ၊ ဟောပြီးခါမှ၊ သက်ရာမည်မှတ်၊ သက်သည့်နဂိုရ်။ ။ထိုထိုဌာန၊ တေမာသဟု၊ ဝါလအတွင်း၊ သီတင်းဆဲ့နှစ်ရပ်၊ စံကိန်းဝပ်သည့်၊အရပ်ထိုထို။ ။အဟိုနှောင်လာ၊သာသနာလျှင်၊ ရောင်ပါဝင်းဝင်း၊ ညစ်ကြေးကင်းလျက်၊ ပွင့်လင်းစည်ရာ၊ ပြည့်ပြည့်ရွာတည့်။ ။လေးဖြာ ပရိသတ်၊ သူတော်မြတ်တို့၊ ကျင့်ဝတ် ယူကြ၊ ငါးဌာနဖြင့်၊ ဒေသပိုင်းခြား၊ အလားလားလျှင်၊ တိုင်းကားသောဋ္ဌသ်၊ မင်းမင်းမြတ်တို့၊ စံလတ်တော်ရာ၊ မဇ္ဈိမတည့်။ ။ဒါနသီလ၊ ကုသလဟု၊ ပုညဝတ္ထု၊ ကောင်းမှုရမှ၊ ပွားမှုအရပ်၊သို့ပညတ်သည်။ ။တင့်အပ် နေရာအမွန်တည်း။

[သံတော်ဆင့်မင်း–ဦးကျော်ဧ]

## ဝတ္ထုသက်သေသာဓကများ

(၁) သာဝတ္ထိပြည်၌ အရိယာ မည်သော တံငါသည် တယောက်သည်ရှိ၏။ တနေ့သောအခါ မြတ်စွာဘုရားသည် ငါးမျှား

သည့်နေရာသို့ကြွလာပြီး "သင့်နာမည်ဘာလဲ?" မေးရာ"အရိယာ ပါဘုရား" ဟုလျှောက်ထားလေ၏။ ရှင်တော်ဘုရားက"ဥပါသကာ၊ သူ၏အသက်ကို သတ်တတ်သောသူအား အရိယာ မမည်ကုန်၊ အရိယာတို့သည်ကား သတ္တဝါတို့ကို မညှဉ်းဆဲသော အဖြစ်၌ တည်ကုန်၏" ဟု မိန့်တော်မူပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသည့်၏ အဆုံး၌ သောတာပန်ဖြစ်၏။

ဤကား ဘုရားရှင်ရှိရာ အရပ်တည်းဟူသော ပတိရူပဒေသ ဝါသော၈ မင်္ဂလာနှင့် ပြည့်စုံခြင်း၏ အကျိုးတည်း။

[ဓမ္မပဒပါဠိတော်၊ဓမ္မဋ္ဌဝဂ်]

(၂) သတ္တိဂုမ္ဗနှင့် ပုပ္ဖက ကျေးညီနောင် ဝတ္ထု၌ ပုပ္ဖက ကျေးက မင်းကြီးအား ပြောကြားသည်မှာ—

"ပြည်ကြီးသခင်— ထိပ်ခေါင်တင်၊ ဤလောကတွင်၊ အကြင် များစွာ၊ သတ္တဝါသည်၊ ကျင်လည်သမျှ၊ ရပ်ဒေသ၌၊ လိုက်၍ပင် သာ၊ ဝါသနာသည်၊ မှီကာမှီကာ၊ ဖြစ်ကြပါ၏၊ ပတိရူပ၊ဒေသထူး မြတ်၊ လျှောက်ပတ် ပါမူ၊ ထိုသူ တို့အား၊ တရား ဖြောင့်မတ်၊ လျှောက်ပတ်သည်သာ၊ ဖြစ်လေပါ၏၊ အပတိရူပ၊ ဒေသမမြတ်၊ မလျှောက်ပတ်မူ၊ ထိုသူတို့အား၊ အဂတိလေးပါး၊ ဟူလေငြားက၊ မလျှောက်ပတ်စွာ၊ ဖြစ်လေပါသည်။"

[ဝိသတိနိပါတ်၊သတ္တိဂုမ္ဗဇာတ်]

(၃) ဒေဝါနံ ပိယတိဿ မည်သောမင်း၏မြေး ကာကဝဏ္ဏ တိဿ မည်သောမင်း၏ သားဖြစ်သော ဒုဋ္ဌဂါမဏိအဘယမည် သောမင်းသည် ဧဠာရမင်းကို သတ်၍ သီဟိုဠ်ကျွန်း အနုရာဓ ပြည်၌ ဧကရာဇ်ဖြစ်၏၊ ဤသို့ ဒုဋ္ဌဂါမဏိအဘယမင်းသည် ဒေဝါနံ ပိယတိဿမင်း သေသောနှစ်မှနောက် ကိုးဆဲ့ခြောက်ခု ထက်၌ မင်းပြု၏၊ ထိုအခါ ဒေဝါနံပိယတိဿမင်းနတ်သားသည် မိမိနတ် အဖြစ်၌ မမြဲသော သင်္ခါရအဖြစ်ကိုရှု၍ စိတ်ညွှတ်သော ရဟော ခြင်းဖြင့် တာဝတိံသာနတ်ပြည်မှ စုတေ၍ သီဟိုဠ်ကျွန်းဝယ်

## မင်္ဂလာပျို့

မှတ်သားကုန်ထ၊ ဒေဝပုတ္တာ၊ စသည်ငါးတန်၊ ငါးပါးမာရ်ကို၊ ပယ်လှန်ကင်းပြတ်၊ အောင်မြင်လတ်၍၊ မြတ်သဗ္ဗညုလျှင်၊ ချက်ကုန်မြင်လျက်၊မြေတွင်သိရှိ၊အောင်ဗောဓိသည်၊ ပတိရူပ၊ တင့်အပ်လှတည့်။ ။ထိုမှတဖြာ၊ ရှုဘွယ်ရာဖြင့်၊ သိဂ်ီါကိုယ်ရေ၊ ချိုနေ့ဝင့်ဝင့်၊နားစွင့်စွင့်နှင့်၊ သမင့်ပျော်ရာ၊မိဂဒါဝုန်၊မဟာဂနိုင်၊ အင်ကြင်းမြိုင်ဝယ်၊ လေးဆိုင်ပထ၊ ညီမျှတဲလျက်၊ ပဉ္စဝဂ္ဂီ ဆုထူးရှိသည်၊ သုဒ္ဓိဖြူထွား၊ ထေရ်ငါးပါးကို၊ တရားဓမ္မစက်၊ ဟောမြွက်သက်၍၊ မိုလ်မင်္ဂလ၊ ထိုဒေသတည့်။ ။အတ္တကာယ၊ သသတနှင့်၊ ဥဠေ့ဝ္ဒပါ၊ အယူမှောက်မှား၊ တိတ္ထိများကို၊ တရားအမြတ်၊ နှောင်ကြိုးကျွတ်၍၊ ချေချွတ်ပြီးမှ၊ တန်ခိုးပြသည်၊ ကဏ္ဍမ္ဗဟူ၊ သရက်ဖြူရင်း၊ ပင်မင်းပေါက်ရာ၊ ရပ်ခန်းဝါတည့်။ ။တာဝတိံသာ၊ ဒေဝိန္ဒာ၏၊ ဓမ္မာသဘင်၊ ပဏ္ဍုအင်တွင်၊ မိခင်ဖြစ်ဘူး၊ သူ့ကျေးဇူးကို၊ အထူးဆပ်ဘိ၊ သင်္ကိုဿဟူ၊ မည်ရှိနတ်သား၊ အမှူးထား၍၊ တရားဘိဓမ္မာ၊ ဟောပြီးခါမှ၊ သက်ရာမည်မှတ်၊ သက်သ်နဂိုရ်။ ။ထိုထိုဌာန၊ တေမာသဟု၊ ဝါလအတွင်း၊ သီတင်းဆဲ့နှစ်ရပ်၊ စံကိန်းဝပ်သည့်၊အရပ်ထိုထို။ ။အဟိုနောင်လာ၊ သာသနာလျှင်၊ ရောင်ပါဝင်းဝင်း၊ ညစ်ကြေးကင်းလျက်၊ ပွင့်လင်းစည်ရာ၊ ပြည်ပြည်ရွာတည့်။ ။လေးဖြာ ပရိသတ်၊ သူတော်မြတ်တို့၊ ကျင့်ဝတ် ယူကြ၊ ငါးဌာနဖြင့်၊ ဒေသပိုင်းခြား၊ အလားလားလျှင်၊ တိုင်းကားသောဋ္ဌသ်၊ မင်းမင်းမြတ်တို့၊ စံလတ်တော်ရာ၊ မဇ္ဈိမာတည့်။ ။ဒါနသီလ၊ ကုသလဟု၊ ပုညဝတ္ထု၊ ကောင်းမှုစုမှ၊ ပွားမှုအရပ်၊သို့ပညတ်သည်။ ။တင့်အပ် နေရာအမွန်တည်း။

[သံတော်ဆင့်မင်း–ဦးကျော်ဧ]

## ဝတ္ထုသက်သေသာဓကများ

(၁) သာဝတ္ထိပြည်၌ အရိယာ မည်သော တံငါသည် တယောက်သည်ရှိ၏။ တနေ့သောအခါ မြတ်စွာဘုရားသည် ငါးမျှား

သည့်နေရာသို့ကြွလာပြီး ''သင့်နာမည်ဘာလဲ?'' မေးရာ''အရိယာ ပါဘုရား''ဟုလျှောက်ထားလေ၏။ရှင်တော်ဘုရားက''ဥပါသကာ၊ သူ၏အသက်ကို သတ်တတ်သောသူအား အရိယာ မမည်ကုန်၊ အရိယာတို့သည်ကား သတ္တဝါတို့ကို မညှဉ်းဆဲသော အဖြစ်၌ တည်ကုန်၏'' ဟု မိန့်တော်မူပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးသည့်၏ အဆုံး၌ သောတာပန်ဖြစ်၏။

ဤကား ဘုရားရှင်ရှိရာ အရပ်တည်းဟူသော ပတိရူပဒေသ ဝါသော၁ စ မင်္ဂလာနှင့် ပြည့်စုံခြင်း၏ အကျိုးတည်း။

[ဓမ္မပဒပါဠိတော်၊ဓမ္မဋ္ဌဝဂ်]

(၂) သတ္တိဂုမ္ဗနှင့် ပုပ္ဖက ကျေးညီနောင် ဝတ္ထု၌တွင် ပုပ္ဖက ကျေးက မင်းကြီးအား ပြောကြားသည်မှာ—

''ပြည့်ကြီးသခင်— ထိပ်ခေါင်တင်၊ ဤလောကတွင်၊ အကြင် များစွာ၊ သတ္တဝါသည်၊ ကျင်လည်သမျှ၊ ရပ်ဒေသ၌၊ လိုက်၍ပင် သာ၊ ဝါသနာသည်၊ မှီကာမှီကာ၊ ဖြစ်ကြပါ၏၊ ပတိရူပ၊ဒေသထူး မြတ်၊ လျှောက်ပတ် ပါမူ၊ ထိုသူ တို့အား၊ တရား ဖြောင့်မတ်၊ လျှောက်ပတ်သည်သာ၊ ဖြစ်လေပါ၏၊ အပတိရူပ၊ ဒေသမမြတ်၊ မလျှောက်ပတ်မူ၊ ထိုသူတို့အား၊ အဂတိလေးပါး၊ ဟူလေငြားက၊ မလျှောက်ပတ်စွာ၊ ဖြစ်လေပါသည်။''

[ဝီသတိနိပါတ်၊သတ္တိဂုမ္ဗဇာတ်]

(၃) ဒေဝါနံ ပိယတိဿ မည်သောမင်း၏မြေး ကာကဝဏ္ဏ တိဿ မည်သောမင်း၏ သားဖြစ်သော ဒုဋ္ဌဂါမဏိအဘယမည် သောမင်းသည် ဇွဲရမင်းကို သတ်၍ သီဟိုဠ်ကျွန်း အနုရာဓ ပြည်၌ ဧကရာဇ်ဖြစ်၏၊ဤသို့ ဒုဋ္ဌဂါမဏိအဘယမင်းသည် ဒေဝါနံ ပိယတိဿမင်း သေသောနှစ်မှနောက် ကိုးဆဲ့ခြောက်ရ ထက်၌ မင်းပြု၏၊ ထိုအခါ ဒေဝါနံပိယတိဿမင်းနတ်သားသည် မိမိနတ် အဖြစ်၌ မမြဲသော သင်္ခါရအဖြစ်ကိုရှု၍ စိတ်ညွတ်သော ရတေ ခြင်းဖြင့် တာဝတိံသာနတ်ပြည်မှ ရတေ၍ သီဟိုဠ်ကျွန်းဝယ်

သေဋ္ဌေးအမျိုးဦးဖြစ်၍၊ ခုနစ်နှစ်ရှိသောကာလမှ ရဟန်းပြုရာ ရဟန္တာ ဖြစ်လေ၏။ ထိုသီဟိုဠ်ကျွန်း၌သာ နေ၍ မင်္ဂလိဒ်သို့ ရောက်ကုန်သော တပါးသော ထေရ်မှုန်တို့ သည်လည်း ရေတွက်ခြင်း၏ လမ်းခရီးကို လွန်လေကုန်၏။

[မင်္ဂလာသာရဒီပနီ-၃၉]

# ၅–ပုဗ္ဗေစ ကတပုညတာ

ပုညကောင်းမှု၊ ရှေးကပြု၊ ရမှုမင်္ဂလာ။

[ရှေးဘဝကပြုခဲ့ဘူးသောကောင်းမှုရှိသောသူ၏အဖြစ်]

**အမှာ။** ။ပုဗ္ဗေစ-၌၊ ပုဗ္ဗေ-မှာ ဩဠ္ဌဇတတိယက္ခရာ ဗ္ဗ-သဒ္ဒိသနွေးဘော်နှင့်ရွတ်၊ ပုပ္ပေ-ဟု ဩဠ္ဌဇပဌမက္ခရာ ပ္ပ-သဒ္ဒိသနွေးဘော်နှင့် ရွတ်တတ်ကြ၏၊ မသင့်။

ကတပုညတာ-၌၊ ပုညတာ-ဟု၊ တာ-မှာ၊ ဝိသံယောဂနှင့်ရွတ်၊ ပုညတ္တာ-ဟု သသံယောဂနှင့်မရွတ်သင့်။

[ပရိတ်ကြီးဂဏ္ဌိ-၃၂]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(က)–ပုဗ္ဗေတိ ပုဗ္ဗေသု အတီတာသု ဇာတီသု ကတံ ပုညံ ယေနာတိ သော ကတပုညော။

ပုဗ္ဗေတိ-ပုဗ္ဗဟူသည်ကား၊ အတီတာသု-လွန်လေကုန်ပြီးသော၊ ပုဗ္ဗေသု-ရှေး၌ဖြစ်ကုန်သော၊ ဇာတီသု-အဖြစ်တို့၌၊ ယေန-အကြင်သူသည်၊ ကတံ-ပြုအပ်သော၊ ပုညံ-ကောင်းမှုသည်၊ အတ္ထိ-ရှိ၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ သော-ထိုသူသည်၊ ကတပုညော-ကတပုညမည်၏၊ တဿ-ထိုသို့ဆိုအပ်ပြီးသော ကောင်းမှုရှိသောသူ၏၊ ဘာဝေါ- အဖြစ်တည်း၊ ကတပုညတာ– ထိုဆိုအပ်ခဲ့ပြီးသော ကောင်းမှုရှိသောသူ၏အဖြစ်။

[ပရိတ်ကြီးနိဿယ-၁၂၃]

(ခ)–ယာ ပုဗ္ဗေစ ကတပုညတာ-အကြင် ရှေးဘဝ၌ ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏အဖြစ်သည်လည်းကောင်း။

[ပရိတ်ကြီးနိဿယ-၃၂]

(ဂ)–ပုဗ္ဗေ-လွန်လေသမျှ၊ ဘဝများစွာ၊ သံသရာဝေး၊ ယခင်ရှေး၌၊ ကတပုညတာစ-အကြင်အလှူဒါန၊ ပဉ္စင်္ဂသီလ၊ အာဇီဝဋ္ဌ

မကာသီလတည်းဟူသော ဝါရိတ္တ၊ အဋ္ဌင်္ဂဉပေါသထသီလ၊ ဒသင်္ဂသီလတည်းဟူသော စာရိတ္တတို့ကို လုံ့လကြီးပမ်း လှူဒါန်းကျင့်သုံးခဲ့ဘူးသော ကောင်းမှုရှိသဖြင့် မနုဿသုဂတိဘဝသို့ လားရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၆၄]

(ဃ)-ပုဗ္ဗေ-ရှေး၌၊ ကတပုညတာစ-ပြုခဲ့ဘူးသော ဥပပတ္တိဝေဒနီယကံ အပရာပရိယဝေဒနီယကံ ဟုဆိုအပ်သော ကောင်းမှုရှိသောသူ၏အဖြစ်သည်ရင်း။

[မင်္ဂလသုတ်နိဿယ-၁၅]

(င)-ပုဗ္ဗေ-ရှေးဘဝက၊ ကတပုညတာ-သဒ္ဓါပသန္န၊ လှူဒါန်ကြောင့်၊ များလှဉစ္စာ၊ ရတနာထွေထွေ၊ ပေါများပေသော သူ၏အဖြစ်သည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာ-ဂ]

(စ)-ပုဗ္ဗေစကတပုညတာ-ဖြစ်ရာရာပ၊ ရှေးဘဝ၌၊ ပြုရခဲ့ဘူး၊ ထူးမြတ်စွာဘိ၊ ကောင်းမှုရှိသောသူ၏ အဖြစ်သည်ရင်း။

[မင်္ဂလာအလင်္ကာ-၇၀]

(ဆ)-လွန်လေပြီးသော ဘဝ၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို အာရုံပြု၍ ဆည်းပူးအပ်သော ကုသိုလ်ရှိသော ပြုအပ်ပြီးသော အဓိကာရ ရှိသောသူသည် ပုဗ္ဗေစ ကတပုညမည်၏။

[မင်္ဂလာသာရလက်စွဲ-၉၉]

(ဇ)-ပုဗ္ဗေစကတပုညတာ၌ အဘယ်ကဲ့သို့ သိရသနည်းဟူမူကား၊ ခြေလက်အင်္ဂါတို့နှင့်ပြည့်စုံခြင်း၊ သားသမီး ကျေးကျွန်ကျွဲနွား လယ်ယာကိုင်းကျွန်းတို့နှင့် ပြည့်စုံခြင်း၊ ဤသို့သောသူ၌ ပုဗ္ဗေစကတပုညတာမင်္ဂလာနှင့် ပြည့်စုံ၏ဟု မှတ်ရာ၏။

[မင်္ဂလာသာရဒီပနီ-၁၅]

(ဈ)-ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်ဆိုသည်ကား လွန်ခဲ့သောဘဝတို့၌ ဘုရားအစရှိသော သူတော်ကောင်း

တို့အား အလှူပေးခြင်း သီလဆောက်တည်ခြင်း စသော အမှုတို့ကို ပြုခဲ့သဖြင့် ယခုဘဝ၌ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသောသူ၏ အဖြစ်ကို ဆိုသတည်း။

[မင်္ဂလာအလင်း–၂၀]

## ရှေးကပြုဘူး–ကုသိုလ်ထူး

မင်္ဂလာတရား သုံးဆဲ့ရှစ်ပါးတွင် ကတပုညတာ ဟူသော မင်္ဂလာပါရှိရာ၊ ၎င်းမှာ ယခုလောလောဆယ် ပြုလုပ်၍ရရှိသော မင်္ဂလာမဟုတ်၊ အနည်းဆုံး တဘဝက ကြိုတင်ပြုလုပ်မှသာ ရရှိနိုင်သော မင်္ဂလာဖြစ်လေသည်၊ သို့ဖြစ်၍ လာလတ္တံ့သော ဘဝများတွင် ကတပုညတာ မင်္ဂလာနှင့် ပြည့်စုံစေရန် ယခုဘဝ၌ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ကြိုးစားပြုလုပ်ရန် အထူးသင့်လျော် လှပေသည်။ ။လယ်တီဆရာတော် ဘုရားကြီးက ဤသို့ရေးသား ပေ၏။

"မကောင်းမှု ဒုစရိုက်ဆယ်ပါးမှ လွတ်ကင်းသော လှူဒါန်းမှု၊ ဥပုသ်သီလစောင့်သုံးမှု၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းမှု၊ ဘုရား တရားသံဃာရတနာသုံးပါးတို့အားရှိခိုးကိုးကွယ်မှုအရိုအသေပြုမှု အစရှိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုမျိုးသည် နောက် နောက် ဘဝအတွက် ယခုဘဝက တင်ကူး၍ပြုကြသော ကောင်းမှုကံမျိုး မည်၏။ နောက်နောက်ဘဝ၌ ကောင်းသောဘုံ ကောင်းသောဘဝသို့ ရောက်တို့ပြုကြသော ကံမျိုးပေတည်း။"

[မင်္ဂလဒီပနီ–၂၀]

## ဝမ်းမြောက်၏

ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊
ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။ ။

ကတပုညော-ပြုအပ်သော ကောင်းမှုရှိသောသူသည်၊ ဓမ္မ-ဤလောက၌၊ မောဒတိ-ကုသိုလ်ကိုသာ ငါပြုသည်ဟု ဝမ်းမြောက်၏၊ပေစ္စ-တမလွန်ဘဝ၌၊မောဒတိ-ချမ်းသာကိုသာ ခံစားသောအားဖြင့် ဝမ်းမြောက်၏၊ သော ပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ဥဘယတ္ထ-ပစ္စုပ္ပန်တမလွန်ဘဝတို့၌၊မောဒတိ-ဝမ်းမြောက်၏၊သော ပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ အတ္တနော-မိမိ၏၊ ဝိသုဒ္ဓိ-စင်ကြယ်သော၊ကမ္မံ-သုစရိုက် အမှုကို၊ဒိသွာ-ရှု၍၊ဝါ-မြင်တိုင်းမြင်တိုင်း၊ မောဒတိ-ဝမ်းမြောက်၏၊ ပမောဒတိ-အထူးထူး အပြားပြား ဝမ်းမြောက်၏။

[ဓမ္မပဒ၊ ယမကဝဂ်၊ ဓမ္မိကသီတင်းသည် ဝတ္ထု]

## ကောင်းမှု ရှိသောသူ

ကောင်းမှုရှိသောသူအား ရတနာ၏ တည်ရာ မဟုတ်သော်လည်း ရတနာအပေါင်းတို့သည် ရောက်လာကုန်၏၊ ကောင်းမှုမရှိသောသူ ဖြစ်မူကား ရတနာ၏ တည်ရာအရပ်၌ ရတနာသည်တည်လျက်ရှိသော်လည်း ထိုရတနာကို ရယူသုံးစွဲခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်း။

[မင်္ဂလာသာရဒီပနီ-၄၆]

## ကောင်းမှုမရှိသောသူ

ပြုခဲ့ဘူးသော ကောင်းမှု မရှိသောသူသည် သူတပါးတို့ကပေးပါသော်လည်း ကြက်သရေကို ယူခြင်းငှါ မတတ်နိုင်၊ ထိုကြက်သရေသည် ပြုဘူးသော ကောင်းမှုရှိသော သူသို့သာလျှင်ရောက်ရာ၏၊ထို့ကြောင့်လည်း ရှေးဘဝ၌ ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်ကို မင်္ဂလာဟု မှတ်အပ်၏။

[မင်္ဂလာသာရဒီပနီ-၄၁]

## မင်္ဂလာဟု သမုတ်အပ်ကြောင်း

ပုဗ္ဗေစ ကတပုညတာကိုလည်း ဘုရားပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို မျက်မှောက်ထင်ထင် ဖူးမြင်ကြရကုန်သဖြင့် သာသနာတွင်း ကြုံကြိုက်သောအခါ၊ မြတ်စွာဘုရား၊ သို့မဟုတ် မြတ်စွာဘုရား တပည့်သားတို့၏ မျက်မှောက်၌ ကြားနာ အပ်သောအယုတ်သဖြင့် လေးပါဒ ရှိသည့်လည်းဖြစ်သော ဂါထာ၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သည့်၏ အဖြစ်ကြောင့်ရင်း၊ လွန်လေပြီးသော ရှေးအတိတ်ဘဝ၌ ပြုအပ်ပြီးသော လွန်ကဲသော ကုသိုလ်ကောင်းမှုရှိသည် ဖြစ်၍ ပေါများသော ကုသိုလ်မူလရှိသော ပုဂ္ဂိုလ်၏ ထိုကုသိုလ်မူလဖြင့်ပင်လျှင် ဒေသနာကို ဖြစ်စေ၍ မဟာကပ္ပိန္နမင်း အနောဇာ အမည်ရှိသော အဂ္ဂမဟေသီတို့ကဲ့သို့ အာသဝက္ခယဉာဏ်သို့ ရောက်စေနိုင်သည့်၏ အဖြစ်ကြောင့်ရင်း၊ မင်္ဂလာမည်၏ ဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်သတည်း။

[မင်္ဂလာဒီပနီ ဋ္ဌ-ယ-၁၃၅]

## အနာထပိဏ်အား ဟောကြားတော်မူသော ပြုခဲ့ဘူးသောကောင်းမှု၏အကျိုးများ

(၁)–နတ်လူတို့၏ အလုံးစုံအလိုကို ပေးတတ်၏။
(၂)–မိမိတောင့်တသော အကျိုးကိုပြည့်စေတတ်၏။
(၃)–ကောင်းသော အရေအဆင်းနှင့် ပြည့်စုံ၏။
(၄)–ကောင်းသော အသံနှင့် ပြည့်စုံ၏။
(၅)–ကိုယ်လက်အင်္ဂါအဖြာဖြာတို့ ညီညာပြေပြစ်ခြင်းရှိ၏။
(၆)–မမြင့်လွန်း၊ မနိမ့်လွန်း၊ မကြိုလွန်း၊ မဆူလွန်း၊ မမည်းလွန်း၊ မဖြူလွန်း သောအားဖြင့် အပြစ်ခြောက်ပါးမှ ကင်းစင်စေတတ်၏။
(၇)–အကြီးအကဲဖြစ်စေတတ်၏။
(၈)–အခြံအရံ များပြောင်တတ်၏။

(၉)–လူမင်း နတ်မင်း စကြာဝတေးမင်း စသော စည်းစိမ်တို့ကို ရစေတတ်၏။
(၁၀)–နိဗ္ဗာန်ချမ်းသာကိုလည်း ရစေတတ်၏။
(၁၁)–သာဝက၊ ပစ္စေကဗုဒ္ဓါစသည်တို့ ဖြစ်နိုင်၏။
(၁၂)–ဘုရားစင်စစ်ပင် ဖြစ်နိုင်လေကုန်သတည်း။

[ခုဒ္ဒကပါဌ၊နိဓိကဏ္ဍသုတ်ပါဠိတော်]

## ပုဗ္ဗေစ ကတပုညတာမင်္ဂလာသံပေါက်များ

က-(၁) ရှေးဘဝက၊ ပြုခဲ့ကြ၊ ကတ ပုညတာ။
(၂) ပြုခဲ့သသူ၊ ထိုထိုလူ၊ ကြည်ဖြူ လွန်ချမ်းသာ။
(၃) အဓိကာရ၊ကုသလ၊ တုပ မနိုင်းရာ။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၁၄]

ခ–(၁) ရှေးဘုံဘဝ၊ အဟုန်ကြွ၊ ပုည များပစေ။
(၂) ရှေးကပြုကြ၊ ကုသလ၊ ဂုဏ ကျိုးဆက်ပေ။
(၃) ပုဗ္ဗေစကတပုညတာ၊ ပါဌ်အလာ၊ မှတ်ပါပြုသင့်ပေ။
(၄) ပြုပြီးပုည၊ တဏ္ဍုလ၊ ရမြဲယုံကြည်လေ။
(၅) ယခုခါက၊ ပြုပါမှ၊ ဘဝ နောင်အခြေ။
(၆) ပုဗ္ဗေစစက်၊ တလက်လက်၊ မပျက် ထွန်းလိမ့်ပေ။
(၇) ပုဗ္ဗေစက်မောက်၊ ပျက်မဖောက်၊ တက်ရောက် နိဗ္ဗာန်နေ။
(၈) ပုဗ္ဗေစက်ကြီး၊ ပျက်မခြီး၊ ညီးညီးပြောင်ထိန်ဝေ။

[မင်္ဂလတ္ထဒီပကကျမ်း-၁၂]

## မင်္ဂလာပျို

ပုဗ္ဗေကမ္မ၊ ရှေးဘဝက၊ ပြုကြကောင်းမှု၊ စေနာစုကား၊ ရှေးရှုစီးပွား၊ ဆောင်တတ်ငြား၏၊များပြားဥစ္စာ၊ရတနာလည်း၊ကောင်းစွာပြုစု၊ ရှေးကောင်းမှုဖြင့်၊ရကုန်လင့်၏၊ရသင့်ဥစ္စာ၊ရတနာလည်း၊ ကောင်းစွာသုံးစွဲ၊ စဉ်မလွဲလျှင်၊ အမြဲသုခ၊ ပုဗ္ဗေစတည့်၊ ရှေးက

အားကြီး၊ ကုသိုလ်မျိုးသည်၊ ရွှေအိုးမည်လတ်၊ ပမာမှတ်လော့၊ လူ နတ်လောက၊ ပဒေသနှင့်၊ ကောရာဇာ၊ ဘုန်းရောင်ဖြာသည်၊ စကြာ မန္ဓာတ်၊ သိကြားနတ်တို့၊ ကောင်းမြတ်ရိပ်ငြိမ်၊ ထိုစည်းစိမ်လျှင်၊ မွေ့သိမ်သုခ၊ဟူသမျှကား၊ ရှေးကပြုဘူး၊ကုသိုလ်ထူးမျိုး၊ထိုရွှေအိုး လျှင်၊ အကျိုးပင်တည့်၊ ထို့ပြင်သိမ့်၊ စတုသစ္စာဒါ၊ ခြောက်ဖြာ ဘိညာဉ်၊အမြဲယှဉ်လျက်၊အစဉ်မောက္ခ၊သာဝကနှင့်၊ပစ္စေကဗုဒ္ဓါ၊ သမ္မာသမ္ဗောဓိ၊အမည်ရှိသည်၊ ကြီးဘိအမျိုး၊ထိုရွှေအိုးဖြင့်၊ အကျိုး များစွာ၊ ခံစားရဟု၊ ကျမ်းလာစကား၊ ဟောဖွင့်ကြားသည်။ ။ တရားမင်္ဂလာကဲလွန်တည်း။

[သံတော်ဆင့်မင်း-ဦးကျော်]

## ဝတ္ထုသက်သေ သာဓကများ

(၁)–ရှေးက ပြုခဲ့ဘူးသော ကောင်းမှုကြောင့် ကုဏ္ဍလဝတီ ပြည့်ရှင် မဟာကပ္ပိန္နမင်းကြီးနှင့် အနောဇာမိဖုရားကြီးတို့မှာ ဂေါ တမမြတ်စွာဘုရားလက်ထက်တော်၌ ချမ်းသာရာ အရဟတ္တဖိုလ် သို့ရောက်ကုန်၏။

[ကေနီပါတ်-အင်္ဂုတ္တိုရ်]

(၂)–သာဝတ္ထိပြည် အနာထပိဏ် သေဋ္ဌေး၌ ရှေးကပြုဘူး သောကောင်းမှု၏အဟုန်ကြောင့် ထူးမြတ်သောကြက်သရေသည် ရှိ၏၊ကြက်သရေလက္ခဏာကို တတ်သောပုဏ္ဏားတယောက်သည် သေဋ္ဌေး၏ကြက်သရေမှာ ရွှေချိုင့်၌ ထားသောကြက်၏အမောက် တွင် တည်ကြောင်းသိ၍ ကြက်ကိုအလှူခံ၏၊ပေးလှူ၏၊ပေးလှူသည် နှင့်တပြိုင်နက် ကြက်သရေသည် ပတ္တမြားသို့ ရွှေ့ပြောင်းလေ၏၊ ထိုပတ္တမြားကို အလှူခံ၍ လှူပြန်သော် တောင်ဝှေးသို့ပြောင်းရွှေ့ သွား၏။ တောင်ဝှေးကို အလှူခံ၍ လှူပြန်ရာ သေဋ္ဌေးကတော် ပုည လက္ခဏာဒေဝီ၏ ဦးခေါင်းသို့ ပြောင်းရွှေ့သွားရကား ပုဏ္ဏားမှာ ရှေးကပြုခဲ့ဘူးသောကောင်းမှုမရှိ၍ သေဋ္ဌေးကြီးလက်ဝယ်မှ မရ ရှိပေ၊ သေဋ္ဌေးကြီးလက်ဝယ်၌သာ တည်ရှိလေတော့၏။

ဤဝတ္ထုနှင့်ပင် ကောင်းမှုဟူသော မြွေအိုးရှိသူများ အကျိုးခံစားရကြောင်း ဂုဏ်တော်ဘုရား ဟောကြားတော်မူလေသည်။

[တိကနိပါတ်၊သီရိဇာတ်]

ဤမင်္ဂလာနှင့် သက်ဆိုင်သော အခြားဝတ္ထုများကား-

(၃)–ကဏ္ဍဟာရကဝတ္ထု။

[ဓမ္မပဒအဋ္ဌကထာ]

(၄)–မဟာကပ္ပိန္နနှင့် အနောဇာ ဝတ္ထု။

[ဧကနိပါတ်-အင်္ဂုတ္တိုရ်အဋ္ဌကထာ]

(၅)–ဒုဋ္ဌဂါမဏိမင်းဝတ္ထု။

[မဟာဝင်အဋ္ဌဝိသတိမပိုင်း]

(၆)–ဒဓိဝါဟာဏဇာတ်။

[ဒုကနိပါတ်၊အသံဒိသဝဂ်]

# ၆–အတ္တသမ္မာပဏိဓိစ

ကိုယ်စိတ်နှစ်ပါး၊စောင့်ရှောက်ငြား၊တပါးမင်္ဂလာ။
[မိမိကိုယ်စိတ်နှစ်ပါးကို ကောင်းစွာစောင့်ရှောက်ရခြင်း]
သမ္မာ-ကို၊ ပဏိဓိ–နှင့်စပ်၍ရွတ်၊ အတ္တ-နှင့်စပ်၍မရွတ်သင့်။
[ပရိတ်ကြီးဂဏ္ဌိ-၃၃]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(က)–(၁) အတ္တအနက်၊ စိတ်ဟုထွက်၊ မပျက် မှတ်ကြလေ။
(၂) အတ္တအလို၊ မိမိကိုယ်၊ ပြဆို တနည်းပေ။
(၃) သမ္မာအချက်၊ မြန်မာရှက်၊ အနက် ကောင်းစွာပေ။
(၄) ပဏိဓိဖက်လာ၊ ကိုယ်စိတ်ပါ၊ ငြိမ်းစွာ ထားခြင်း ပေ။
(၅) အတ္တသမ္မာပဏိဓိ၊ အညီရှိ၊ သိရိ ကြက်သရေ။
[မင်္ဂလတ္ထဒီပက-၁၂]

(ခ)- အတ္တသမ္မာပဏိဓိစာတိ အတ္တနော ကာယံ သမာဒိ ယိတွာ ပဏိတံ ကရိယာတိတိ ဒဋ္ဌဗ္ဗံ။

အတ္တ သမ္မာ ပဏိဓိစာတိ-အတ္တသမ္မာပဏိဓိစ ဟူသည်ကား၊ အတ္တနော–မိမိ၏၊ ကာယံ-ကိုယ်ကို၊ သမာဒိယိတွာ-ကောင်းစွာ စောင့်ရှောက်၍၊ ပဏိတံ-မြတ်သည်ကို၊ ကရိယာတိ– ပြုအပ်၏၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏။
[မင်္ဂလာဂဏ္ဌိ-၆၇]

(ဂ)–အတ္တနော သမ္မာ သုဋ္ဌု ပဏိဓိ ပဏိဓာနံ တထာ နိယုဉ္ဇနံ ဌပနံတိ အတ္ထော။

အတ္တနော-မိမိစိတ်ကို၊ သမ္မာသုဋ္ဌု-ကောင်းစွာ၊ ပဏိဓိ ပဏိ ဓာနံ-ဆောက်တည် ခြင်းတည်း၊ တထာ-ထိုမှတပါး၊ နိယုဉ္ဇနံ- ယှဉ်ခြင်း၊ ဌပနံ- ထားခြင်း၊ ဣတိ အယံ- ဤကား၊ အတ္ထော- အနက်တည်း။
[ပရိတ်ကြီးဋီကာ-၁၂၃]

(ဃ)–ယော အတ္တသမ္မာပဏိဓိစ- ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက်သုံးပါးတို့ကို မဖြစ်စေမူ၍ အကြင်ကိုယ်ကို ကောင်းစွာဆောက်တည်၍ ကျင့်ရခြင်းသည်ဇင်း၊ တနည်းကား၊ ယော အတ္တသမ္မာပဏိဓိစ-အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောဒုစရိုက်သုံးပါးတို့ကို မဖြစ်စေမူ၍ အကြင် ကိုယ်ကို ဆောက်တည်၍ ကျင့်ရခြင်းသည်ဇင်း။

[ပရိတ်ကြီးနိဿယ-၃]

(င)–ကုသလကမ္မပထတရားဆယ်ပါး၌ မိမိတို့ကိုယ်စိတ်ကို ကောင်းစွာ ထားခြင်းသည် သာလျှင် အတ္တသမ္မာပဏိဓိ မင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၄၅]

(စ)–အတ္တ သမ္မာပဏိဓိစ-လောကီလောကုတ်၊ အယုတ်ပယ်ရှား၍၊ တိုးတက်သွားအောင်၊ စိတ်သန်သန်နှင့်၊ အမြဲဩန်ထားရခြင်းသည်ဇင်း။

[မိုးညှင်းမဟာမင်္ဂလာတရားတော်]

(ဆ)–မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်း၊ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသော ကုသိုလ်တရား၌ ကိုယ်စိတ်နှစ်ပါးကို မြဲမြဲစွာထားခြင်းတို့မှာ အတ္တသမ္မာပဏိဓိစ မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီသစ်-၁၅]

(ဇ)–လောကီအားဖြင့် မိမိကိုယ်ကို ကျန်းမာစွာ ရှိစေလျက် မကောင်းမှုကို မပြုမိရန်နှင့် ကောင်းသောအမှုတို့ကို ပြုမိစေရန် ကိုယ်စိတ်နှစ်ပါးကို သတိထား၍စောင့်ရှောက်ခြင်း။

လောကုတ္တရာအားဖြင့် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တည်းဟူသောဝဋ်သုံးပါးတို့မှ ကင်းရန် တဆဲ့တပါးသော မီးတို့မှ

ကင်းရန်၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ခန္တီပါရမီ၊ ဝီရိယပါရမီ၊ပညာပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ဥပေက္ခာပါရမီ၊ အဓိဋ္ဌာန် ပါရမီ၊ ဤဆယ်ပါးသော တရားတော် မြတ်ကို မမေ့မလျော့ဘဲ ကောင်းစွာ ဆောက်တည် ရခြင်းသည် အတ္တသမ္မာပဏိဓိစ မင်္ဂလာမည်၏။

[မင်္ဂလသုတ်ဋီကာ-၆၄]

(ဈ)–ဤလောက၌အချို့သောသူသည်သီလမရှိသော မိမိကိုယ်ကို သီလ၌တည်စေ၏။ မသဒ္ဓါသော မိမိကိုယ်ကို သဒ္ဓါတရားနှင့်ပြည့်စုံသည်၏အဖြစ်၌တည်စေ၏။ ဝန်တိုတတ်သော မိမိကိုယ်ကို ပေးကမ်းစွန့်ကြဲခြင်းနှင့်ပြည့်စုံသည်၏အဖြစ်၌ တည်စေ၏။ ဤသို့သဘောရှိသောသူကို အတ္တသမ္မာပဏိဓိ–မိမိကိုယ်ကိုကောင်းစွာထားသောသူဟူ၍ဆိုအပ်၏။

[မင်္ဂလာသာရဒီပနီ-၄၀]

(ည)–အတ္တသမ္မာ-မိမိကိုယ်ကို၊ ဝါ-အတ္တိ ဇာမသ္မိံ ကာယော၊ ကောသာ၊ လောမာ၊ နခါ၊ ဒန္တာ၊တစော၊စသော သုံးဆဲ့နှစ်ပါးသော မိမိကိုယ်ကို၊ယာပဏိဓိစ-အကြင်ဒုစရိုက်ဆယ်ပါး၊ လိုက်စားမရှိ၊ ပဏိဓိဟု၊ ဝိရတိဖြစ်အောင်၊ ဆောက်တည်ရခြင်းသည်ဇင်း၊ ဝါ-အနုလောမ၊ ပဋိလောမ၊ ဈာနာနုလောမ ကြေအောင် အသေအချာ ဆောက်တည်ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

(ဋ) အတ္တသမ္မာ- မိမိကိုယ်စိတ်ကောင်းအောင်၊ ပဏိဓိစ- စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ တို့ကို ငြိမ်ငြိမ်နေရအောင်ဆောက်တည်ရခြင်းသည်ဇင်း။

[မင်္ဂသုတ်နိဿယ-၁၅]

(ဌ) အတ္တသမ္မာပဏိဓိစ-မိမိစိတ်ကို၊ အလိုမလိုက်၊ ဒုစရိုက်သို့၊ လိုက်ချင်မပေး၊ ယဉ်ကျေးလိမ္မာ၊ ကောင်းမြတ်ရာ၌၊ ကောင်းစွာခိုင်ကြည်၊အမြဲတည်စေရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာ-ဂ]

(၃) အတ္တသမ္မာပဏိဓိစ- ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါက ဝဋ် တည်းဟူသော သုံးပါးသောဝဋ်ဟို့၏ ကင်းငြိမ်းရာ ရှောင် ကြဉ်အပ်သော ရာဂမီး၊ အမျက်ထွက်ခြင်းတည်းဟူသော ဒေါသ မီး၊ အလွန်မိုက်မဲတွေဝေခြင်းတည်းဟူသောမောဟမီး၊ ပဋိသန္ဓေ နေရခြင်းတည်းဟူသောဇာတိမီး၊ အိုရခြင်းတည်းဟူသော ဇရာမီး၊ နာဖျားရခြင်းတည်းဟူသော ဗျာဓိမီး၊ သေရခြင်း တည်းဟူသော မရဏမီး၊ စိုးရိမ်ရခြင်းတည်းဟူသော သောကမီး၊ ငိုကြွေးမြည် တမ်းရခြင်းတည်းဟူသောပရိဒေဝမီး၊ ဆင်းရဲခြင်းတည်းဟူသော ဒုက္ခမီး၊ နှလုံးမသာမယာခြင်းတည်းဟူသော ဒေါမနဿမီး၊ ပင် ပန်းခြင်းတည်းဟူသော ဥပါယာသမီး၊ ဤဆဲ့တပါးသော မီးတို့၏ ကင်းငြိမ်းရာ၊ အားထုတ်အပ်သောတရားသည်ကား၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတို့၏ အမြဲမရှိခြင်းကို အနိစ္စ၊ ဆင်းရဲခြင်းကို ဒုက္ခ၊ အစိုးမရ အလိုသို့မလိုက်ခြင်းကို အနတ္တ၊ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေး သုံးပါးကိုသိခြင်း၊ လိမ္မာသောပညာဖြင့် ရုပ်နာမ်ခန္ဓာသင်္ခါရ တရား တို့ကို ငြီးငွေ့စက်ဆုပ် ထိတ်လန့်တုန်လှုပ်သော စိတ်ဖြင့် လှူဒါန်း ပေးကမ်းစွန့်ကြဲခြင်းသည် ဒါနပါရမီမည်၏။ သံသရာ၌ ငြီးငွေ့၍ ကျင့်သုံး ဆောက်တည်သော သီလသည် သီလပါရမီ မည်၏။ သားမယားအိမ်ရာတို့ကိုစွန့်ပစ်၍ တောထွက်ခြင်းသည် နိက္ခမ ပါရမီမည်၏။ သူတပါးတို့ကို တရားတော်၌ သင်ကြားပြသဆုံးမ ခြင်းသည် ပညာပါရမီမည်၏။ ကုသိုလ်ဖြစ်သောတရားတို့၌ အား ထုတ်ခြင်းသည် ဝီရိယပါရမီ မည်၏။ သူတပါးတို့ ကဲ့ရဲ့ရှုတ်ချ ညှဉ်းပန်းနှိပ်စက်ခြင်းကို သည်းခံခြင်းသည် ခန္တီပါရမီ မည်၏။ မှန်သောစကားကို ပြောဆိုခြင်းသည် သစ္စာပါရမီမည်၏။ တရား တော်နှင့်အညီ၊တခုခုကို မြဲစွာဆောက်တည်ခြင်းသည် အဓိဋ္ဌာန် ပါရမီ မည်၏။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ကို အမျှချစ် ခြင်းသည် မေတ္တာပါရမီမည်၏။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ကဲ့ရဲ့ ခြင်း၊ ချီးမွမ်းခြင်းတို့ကို ဝမ်းမနည်းဝမ်းမသာအထွေထွေ အသူး ထူးမရှိ၊ ပကတိ လျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီ မည်၏။

ဤပါရမီဆယ်ပါး တရားတော်မြတ်တို့ကို မမေ့မလျော့ မိမိတို့ ကိုယ်ကို ကောင်းစွာကျင့်သုံး ဆောက်တည်ရခြင်း သည်လည်း ကောင်း။

[ဆင်ပေါင်ဝဲ မင်္ဂလတ္ထဒီပနီ-၁၅]

(ဃ) အတ္တသမ္မာပဏိဓိစ- သတ်မိသူ့သက်၊ ခိုးဝှက်မသား၊ အိမ်ရာမှားနှင့်၊ ချောစားနှုတ်ကြမ်း၊ ပြိန်းသွမ်းပြောဆို၊ သူပိုင်ကိုပင်၊ လိုချင်သမှု၊ သူ့ခန္ဓာသက်၊ ပျက်ပြားစေချင်၊ အမြင်အမှား၊ သည် ဆယ်ပါးသို့၊ လားကြဘယ်ခါ၊ မရှိပါအောင်၊ ကောင်းစွာ ညိတ် ညိတ်၊ မိမိစိတ်ကို၊ ယွင်းဖိတ်မဖည်၊ ဆောက်တည်ခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၇၀]

(င) ကိုယ် နှုတ် စိတ်တို့ကို ကောင်းစွာထားသောသူအား လောကီ လောကုတ္တရာ အကျိုးနှစ်ပါးတို့ကို ရစေတတ်သော ကြောင့် မင်္ဂလာဖြစ်သည်ဟု ဆိုလိုပါသည်။ ထိုမင်္ဂလာသည် အကျဉ်းအားဖြင့်—

မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင် အားထုတ် ခြင်း။

ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွားများအောင် အားထုတ် ခြင်း။

မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင် အားထုတ်ခြင်း။

ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ခြင်းငှါ အားထုတ်ခြင်းဟု ဆိုအပ်သော သမ္မပ္ပဓာန် တရားလေးပါး၊ တနည်းအားဖြင့် ရဟန်း ဖြစ်လျှင် စတုပါရိသုဒ္ဓိ သီလကို ဆောက်တည်ခြင်း၊ ထိုထက်အ လွန်စွမ်းအားချွန်က၊ ရူတင်တေရသ၊ သမထ၊ ဝိပဿနာ၊ ဈာန်၊ မဂ် တရားတို့ကို ဖြစ်စေခြင်း၊ လူတို့မှာ ဒုစရိုက်တရား ၁၀-ပါး ကို ပယ်ရှား၍ သုစရိုက် တရားတို့ကို ပွားများ ကျင့်ကြံခြင်း၊ ထို ထက်အလွန် ၈-ပါး၊ ၁၀-ပါး သီလများကို စောင့်ထိန်းအား ထုတ်ခြင်း၊ တနည်းကား (၁) အစားကြမ်း (၂) အအိပ်ကြမ်း

(၃) အသွားကြမ်း (၄) အထိုင်ကြမ်း (၅) အရယ်ကြမ်း (၆) စိတ်ကြမ်း (၇) ကိုယ်ကြမ်း (၈) နှုတ်ကြမ်း (၉) အဆုံးမကြမ်း တည်းဟူသော ကြမ်း ၉-ပါးကို ပယ်ရှား၍ အသွားအလာ အနေအထိုင် အပြုအမူ၊ ဝတ်ပုံ ဆီးပုံဟန်မရ၊ ရိုင်းစိုင်း ကြမ်းကြုတ်သော ကိုယ်အမူအရာ၊ ပုံတိုပတ်ကြမ်း၊ စကားသွမ်းများကို ပြောဆိုလေ့ရှိခြင်း၊ ငွေး ငေက် စသည်ခေါ်ပေါ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ သူတပါးအတင်းကို ပြောတတ်ခြင်း အစရှိသော ရိုင်းစိုင်း ကြမ်းကြုတ်သော နှုတ်အမူအရာ၊ စိတ်အလွန်တိုခြင်း၊ သူတပါးတို့အား မကောင်းကြံခြင်း အစရှိသော ရိုင်းစိုင်း ကြမ်းကြုတ်သော စိတ်အမူအရာတို့ကို ပယ်ရှား၍ အကုသိုလ် မဖြစ်ရအောင် ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ယဉ်ကျေးဘွယ်ရာ သိမ်မွေ့စွာထားခြင်းသည် "အတ္တသမ္မာပဏိဓိ" မင်္ဂလာမည်ပါသည်။

[မဏိကာရုံ မင်္ဂလာအလင်းပြ–၁၅]

(တ) သီလကင်းမဲ့သော မိမိစိတ် မိမိကိုယ်ကို သီလ၌တည်စေခြင်း၊ သီလ၌ထားခြင်း၊ သက်ဝင် ယုံကြည်ကြောင်း သဒ္ဓါကောင်း ကင်းမဲ့သော မိမိစိတ် မိမိကိုယ်ကို သက်ဝင်ယုံကြည်ကြောင်း သဒ္ဓါကောင်းနှင့် ပြည့်စုံခြင်း၌ တည်စေခြင်း၊ ထားခြင်း၊ လှူဒါန်းဝန်တိုမစွန့်ကြဲမလှူဒါန်းလိုသော မိမိစိတ် မိမိကိုယ်ကို စွန့်ကြဲ လှူဒါန်းပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း၌ တည်စေခြင်း ထားခြင်းသည် "အတ္တသမ္မာပဏိဓိ" မည်၏။

[မင်္ဂလာဒီပနီ ဋီကာ–၁၃၆]

### မီး ၁၁ ပါး

(၁) လောဘမီး-တပ်နှစ်သက်ရသဖြင့် ပူလောင်ခြင်း။
(၂) ဒေါသမီး-စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း။
(၃) မောဟမီး-အဟုတ်အမှန်ကို မသိရသဖြင့် ပူလောင်ခြင်း။
(၄) ဇာတိမီး-ဘဝသစ်၌ ဖြစ်ရသဖြင့် ပူလောင်ခြင်း။

(၅) ဇရာမီး-အိုမင်းရသဖြင့် ပူလောင်ခြင်း။
(၆) မရဏမီး-သေပျက်ရသဖြင့် ပူလောင်ခြင်း။
(၇) သောကမီး-စိုးရိမ်ကြောင့်ကြရသဖြင့် ပူလောင်ခြင်း။
(၈) ပရိဒေဝမီး-ငိုကြွေးရသဖြင့် ပူလောင်ခြင်း။
(၉) ဒုက္ခမီး-ကိုယ်ကိုမှီ၍ မသာယာသဖြင့် ပူလောင်ခြင်း။
(၁၀) ဒေါမနဿမီး-စိတ်ကိုမှီ၍ မသာယာသဖြင့် ပူလောင်ခြင်း။
(၁၁) ဥပါယာသမီး-ပြင်းစွာစိတ်ပင်ပန်း ဆင်းရဲသဖြင့် ပူလောင်ခြင်း။

[လောကုတ္တရာအခြေပြကျမ်း-၁၂၀]

## စိတ်ထားကောင်းလျှင် စည်းစိမ်ရ၏

ကောင်းစွာထားအပ်သော စိတ်သည် ခပ်သိမ်းသော စည်းစိမ်ကို ပေးခြင်းငှါ တတ်နိုင်၏။

[မင်္ဂလာသာရဒီပနီ-၅၀]

## စိတ်ထားမှားက ဆင်းရဲရ၏

မှားသောအားဖြင့် ထားအပ်သော စိတ်သည် ခပ်သိမ်းသော ဆင်းရဲကို ပေး၏။

[မင်္ဂလာသာရဒီပနီ-၅၁]

## စိတ်ထား မမှားပါစေနှင့်

တစုံတယောက်သော သူသည်လည်း စိတ်ကို မှားသောအားဖြင့် မထားအပ်။

[မင်္ဂလာသာရဒီပနီ-၅၂]

## မိမိကိုယ်ကို စိတ်ကချမ်းသာပေး၏

မိမိကိုယ်ကို မိမိ၏ ဒါန၊ သီလ၊ ဘာဝနာ၌ ကောင်းစွာထား အပ်သော စိတ်သည် ခပ်သိမ်းသော စည်းစိမ်ချမ်းသာကို ပေး ခြင်းငှါ စွမ်းနိုင်၏။

[ပရိတ်ကြီးဂဏ္ဌိ-၃၆]

## ပျက်စီးခြင်းကို စိတ်သည်သာလျှင်ပြု၏

အကြင် ပျက်စီးခြင်းကို ခိုးသူတို့သည်လည်း မပြုနိုင်ကုန်၊ ရန် သူတို့သည်လည်း မပြုနိုင်ကုန်၊ ထိုပျက်စီးခြင်းကို ဤသတ္တဝါတို့ ၏အတွင်း၌ မှားသောအားဖြင့် ထားအပ်သော စိတ်သည်သာ လျှင်ပြုနိုင်၏။

[ဓမ္မပဒ၊စိတ္တဝဂ်]

## စည်းစိမ်ကို စိတ်သာလျှင်ပေးစွမ်း၏

အကြင် အကြင် စည်းစိမ်ကို အမိအဘအစရှိကုန်သော သူတို့ သည် ပေးခြင်းငှါမတတ်နိုင်ကုန်၊ ထိုထိုစည်းစိမ်ကို ဤသတ္တဝါ တို့၏ အတွင်း၌ ဖြစ်သော ကောင်းစွာထားအပ်သော စိတ်သည် သာလျှင်ပေး၏။

[ဓမ္မပဒ၊စိတ္တဝဂ်]

## စိတ်သည်မိခင်ဘခင်ထက်ကောင်းကျိုးပေးနိုင်၏

နတံ မာတာ ပိတာ ကယိရာ၊ အညေဝါ ပန ဉာတကာ။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။ ။

ဘိက္ခဝေ-ရဟန်းတို့၊ တံကာရဏံ- ထိုပစ္စုပ္ပန် သံသရာ၌ ဘေးရန်ကင်းခြင်း၊ အထူးထူးသော စည်းစိမ်ချမ်းသာကို ရခြင်း ၏အကြောင်းကို၊ မာတာ-အမိသည်၊ နကယိရာ-မပြုနိုင်ရာ၊ ပိတာ- အဘသည်၊ နကယိရာ-မပြုနိုင်ရာ၊ အညေ-တပါးကုန်သော၊ ဉာ တကာ ဝါပန-အဆွေအမျိုးတို့သည်လည်း၊ နကရေယျုံ-မပြုနိုင်ရာ

ကုန်ရာ၊ သမ္မာပဏိဟိတံ- ဆယ်ပါးသော ကုသလ ကမ္မပထ၌ ကောင်းစွာထားအပ်သော၊ စိတ္တံ-စိတ်သည်၊နံ-ထိုသူကို၊တတော- ထိုခိုးသူ ရန်သူထက်လည်းကောင်း၊ ရန်သူထက်လည်းကောင်း၊ ကရေ-ပြုရာ၏။

[ဓမ္မပဒ၊စိတ္တဝဂ်]

## မင်္ဂလာမည်ပုံ

(၁) သောပိ မင်္ဂလံ ကသ္မာ ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဝေရပ္ပဟာန ဝိဝိဓာနိသံသာဓိဂမ ဟေတုတော။

သောပိ– ထိုမိမိကိုယ်ကို ကောင်းစွာ ထားခြင်းသည်လည်း၊ မင်္ဂလံ–မင်္ဂလာမည်၏၊ ကသ္မာ–အဘယ်ကြောင့်နည်း ဟူမူကား၊ ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဝေရပ္ပဟာန ဝိဝိဓာနိသံသာဓိဂမဟေ တုတော-ပစ္စုပ္ပန်သံသရာ၌ ရအပ်သောရန်ကိုပယ်ခြင်း၊ အထူးထူး သော အာနိသင်ကို ရခြင်း၏အကြောင်းဖြစ်ခြင်းကြောင့်တည်း။

[အဋ္ဌကထာ]

(၂) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းသည် မင်္ဂလာ မည်၏။

[မင်္ဂလာသာရဒီပနီသစ်-၁၅]

## အတ္တသမ္မာပဏိဓိ မင်္ဂလာ သံပေါက်များ

က–(၁) ကိုယ်စိတ် နှစ်ပါး၊ ကောင်းစွာထား၊ မှတ်သား ပဏိဓာ။

(၂) အတ္တ သမ္မာ၊ မင်္ဂလာ၊ ကိုယ်မှာ ပြည့်စုံရာ။

(၃) ကုသိုလ်တရား၊ ထိုဆယ်ပါး၊ လွင့်ပါး မရှိရာ။

[မင်္ဂလတ္ထပုဏ္ဏာဝိသဇ္ဇနာ-၁၄]

ခ–(၁) အတ္တသမ္မာပဏိဓိ၊ ဤပါဠိ၊ အရှိစွဲမှတ်လေ။

(၂) စိတ်ကိုကောင်းစွာ၊ ထားခြင်းပါ၊မဂ္ဂါမှတ်သင့်လေ။

(၃) ကိုယ်ကိုကောင်းစွာ၊ ထားခြင်းပါ၊ ပြလာ တနည်း ပေ။

(၄) မကောင်းစိတ်စွဲ၊ ပယ်ခွါရှဲ၊ အမြဲစိတ်ကောင်းစေ။

(၅) ကိုယ်စိတ်တွင်းပြင်၊ ငြိမ်သက်လျှင်၊ မင်္ဂလာ မှတ်ကြလေ။

(၆) ကုသိုလ်စိတ်သန်၊ အဓိဋ္ဌာန်၊ အမှန် ထားထိုက်ပေ၊

(၇) အတ္တသမ္မာပဏိဓိမင်္ဂလာ၊ စဉ်မကွာ၊ ထင်စွာ ပြီးပြက်ပေ၊

[မင်္ဂလတ္ထ ဒီပက-၁၂]

## မင်္ဂလာပျို့

(၁) အတ္တသမ္မာ၊ ဤအရာတွင်၊ စိတ်သာလုံးလုံး၊ မှတ်ယူကြိုးလေ့၊ ကျင့်သုံးသီလ၊ စောင့်ကုန်ကြလျက်၊ ဒါနမကင်း၊ ပေးကမ်းခြင်းသာ၊ တည်ရာမချို၊ ဤလူတို့ဝွင်၊ ဤသို့တည်ငြား၊ မျက်မှောက်အားဖြင့်၊ လာဘ်များရခြင်း၊ ရန်မျိုးကင်းလျက်၊ ပျက်ယွင်းတဘန်၊ တမလွန်၌၊ ကောင်းမွန်ချမ်းသာ၊ ပြည့်စုံရာ၏၊ နှစ်ဖြာမိဘာ၊ ချစ်ခင်ကြလည်း၊ များစွာ့ရတနာ၊ ဥစ္စာရင်းနှီး၊ သားသမီးအား၊ ချီးမြှောက်စားက၊ ဤဘဝသာ၊ ခံစားရာ၏၊ ရာဇာ စကြာဝတ်၊ မင်းမန္တာတ်နှင့်၊ အနတ်နတ်တို့၊ စည်းစိမ်မြို့ကို၊ ရဘို့ခွဲခြမ်း၊ ပေးကမ်းခြင်းငှါ၊ မစွမ်းရာတည့်၊ တဏှာဝိမုတ်၊ လောကုတ္တရာ၊ မိုလ်ချမ်းသာမှာ၊ ဆိုရာမရှိ၊ ဝေးကုန်ဘိတည့်၊ မိမိစိတ်များ၊ ကောင်းစွာထားမှ၊ နှစ်ပါးမယုတ်၊ လောကုတ်လောကီ၊ စုံနှစ်လီဖြင့်၊ အညီသောင်းပြောင်း၊ ပြည့်စုံကြောင်းတည်း၊ စိတ်ကောင်း မထား၊ ဆင်းရဲများအံ့၊ မှတ်သားစေငှါ၊ မင်္ဂလာသည်။ ။ချမ်းသာ ပွားကြောင်း အမွန်တည်း။

(၂) အကြင်ယောက်ျား၊သူ့မယားနှင့်၊ ကွဲ့ နွား ဥစ္စာ၊ ရတနာလျှင်၊ များစွာရွှေငွေ၊ အထွေထွေကို၊ တွေဝေစိတ်ထား၊ မကောင်းငြား၍၊ ပစ်မှားမိမူ၊ တယောက်သူက၊ ထို့တူတတန်၊ မကောင်းဘန်၍၊အပြန်ပြစ်မှား၊ခံရငြားလိမ့်၊တပါးဆိုရေး၊ရန်သူဘေးလည်း၊

ရှေးရှုပြုလျက်၊ ထိုထက်ယုတ်သား၊မိတ္တာအားဖြင့်၊ ယူမှားကုန်ကြ၊ ပစ္စက္ခတွင်၊ သောကသီးသီး၊ ဆင်းရဲကြီးသည်၊ ပျက်စီးမလွဲ၊ ဖြစ်စမြဲတည့်၊ဘောက်လွဲ-မတ၊ နောင်ကာလလည်း၊ ဘဝတသိန်း၊ တမှိန်းမှိန်းလျှင်၊ တွက်ကိန်းများဘွယ်၊ ဆင်းရဲကြွယ်၍၊ အပါယ်ငရဲ၊ ခံရမြဲတည့်၊ အလွဲအမှား၊ ရှေ့၌ထားလည်း၊ နောက်ပွားအသစ်၊ အမှန်ဖြစ်က၊ ဆုံးမပြီးသူ၊ ဆိုထိုက်မူ၏၊ထို့တူဆုံးမ၊ ယဉ်ကျေးကမူ၊ ထိုသသူကား၊အယူဖြောင့်စွာ၊ ချမ်းသာရာဖြင့်၊ တခါတခေါက်၊ ကိုယ်တိုင်မြောက်လျှင်၊ မရောက်ဘူးသား၊ အထူးအားဖြင့်၊ သုံးပါးဝိပဿနာ၊ ရင့်သန်စွာလျက်၊ သစ္စာလေးအင်၊ ဟုတ်တိုင်းမြင်၍၊ အသစ်တ၊ နိဗ္ဗာနသို့၊ မုချမချို၊ ရောက်တုံမြဲဟု၊ ဤသို့ဒေသနာ၊ ကျမ်းဂန် လာသည်။ ။စိတ်သာ လိုရင်း အမှန်တည်း။

[သံတော်ဆင့်မင်း–ဦးကျော်ဖေ]

## ဝတ္ထုသက်သေသာဓကများ

(၁) ဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရား ဆုံးမတော်မူ၍ သဒ္ဓါတရား၌ ယုံကြည်သည်အားလျော်စွာ ကောင်းမှုကုသိုလ်ပြုသဖြင့် အကျိုးထူးခံစားရပေ၏။

[မြဟ္မဏသံယုတ် အဋ္ဌကထာ]

(၂) ကောသိယသေဋ္ဌေးသည်လည်း ဘုရားလောင်းသိကြားမင်းဖြစ်စဉ်က ဆုံးမသဖြင့် ပေးကမ်းစွန့်ကြဲရကား ကောင်းကျိုးချမ်းသာကို ခံစားရလေ၏။

[ဥါဒသနိပါတ်–ကောသိယဇာတ်]

(၃) ကဿပဘုရား လက်ထက်တော်၌ ငါးရာသောခိုးသူတို့သည် ရဟန်းတပါး၏ ဆုံးမခြင်းတည်းဟူသော သပ္ပုရိသုပနိဿယကိုရ၍ သီလ၌ ဆောက်တည်ခြင်းကြောင့် များစွာသော စည်းစိမ် ဥစ္စာတို့နှင့် ပြည့်စုံလျက် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ကြလေကုန်၏။

[ကမ္ဘိလသုတ် အဋ္ဌကထာ]

(၄) ကဿပဘုရားရှင်လက်ထက်တော်က "ဂဝေသီ" အမည်ရှိသော ဥပါသကာကြီးသည် တပည့်သား ငါးရာနှင့်တကွ ငါးပါးသီလကိုအစပြု၍ ဖြဟ္မစရိယပဉ္စမက သီလ၊ ဧကဘတ္တိက ဆက္က သီလတို့ကို တစတစ ဆောက်တည် ပြီးလျှင် နောက်ဆုံး ကဿပရှင်တော်အထံ၌ ရဟန်းအဖြစ်ခံယူပြီးကာ ရဟန်းတရားကို မပြတ်အားထုတ်သဖြင့် မကြာမြင့်မီ အာသဝေါ ကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြလေ၏။

[ပဋ္ဌက–အင်္ဂုတ္တိုရ်]

(၅) သောတ္ထိသေနမင်းကြီး၏ မိဖုရားသမ္ဘူလသည် ဒါနေ ဘိလူး၏ ဖြားယောင်းရာသို့မလိုက်ဘဲ၊ မယားတို့ စောင့်ရှောက်အပ်သော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူ တယောက် ဖြစ်သည် အားလျော်စွာ သစ္စာ၏ အာနုဘော် ထက်သန်ရကား သိကြားမင်းလာ၍ ကယ်လာ၏၊ ကုဋ္ဌနူနာစွဲကပ်လျက် ရှိသော သောတ္ထိသေန မင်းကြီး၏ ရောဂါ သည်လည်း ပျောက်ကင်းလေ၏။

[တိံသနိပါတ်]

# ၇-ဗာဟုသစ္စဥ္စ

အကြားအမြင်၊ မြားမြောင်စင်၊ ကြည်လင်အားထုတ်ပါ။
[အကြားအမြင် များသောသူ ဖြစ်ရခြင်း]

## ဗာဟု—ဝိဂ္ဂြိဟ်

ဗဟာတိ ဝုဍ္ဍိံ ဂစ္ဆတီတိ ဗဟု။

ယော သဘာဝေါ-အကြင်သဘောတရားသည်၊ဝုဍ္ဍိံ-ကြီးပွား ခြင်းသို့၊ဗဟာတိဂစ္ဆတိ-ရောက်တတ်၏၊ဣတိတသ္မာ-ထိုသို့ရောက် တတ်သောသတ္တိကြောင့်၊ သော သဘာဝေါ- ထိုသဘောတရား သည်၊ ဗဟု-ဗဟုမည်၏။

## သစ္စ—ဝိဂ္ဂြိဟ်

သရတိ အာယတိံ ဒုက္ခံ ဟိံသတီတိ သစ္စံ။

ယံဓမ္မဇာတံ- အကြင်သဘောတရားသည်၊ အာယတိံ-နောင် အခါ၌၊ ဒုက္ခံ-ဆင်းရဲကို၊ သရတိ ဟိံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ တသ္မာ-ထိုသို့ ညှဉ်းဆဲတတ်သော သတ္တိကြောင့်၊ တံ ဓမ္မဇာတံ- ထိုသဘောတရားသည်၊ သစ္စံ-သစ္စမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ—၃၉]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) "အကြားအမြင်" ဟူရာ၌ "အကြား" ဟူသည်ကား၊ သူ တပါးပြော၍ ရေးခဲ့၍ သိရသောအကြောင်းအရာ၊ ပုံပြင်ရာဇဝင်၊ ဗေဒင်ကျမ်းဂန်ကိုဆိုသည်။ "အမြင်" ဟူသည်ကား၊ ကိုယ်တိုင် တွေ့ရမြင်ရသော အကြောင်းအရာ အခြင်းအရာ တရားသဘော ကိုဆိုသည်။

[မင်္ဂလာအလင်း-၂၂]

(၂) အကြားအမြင်များသော သူ၏အဖြစ်သည်“ဗာဟုသစ္စ” မည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၃၇]

(၃) အကြားအမြင် များသော သူ၏အဖြစ် ဟူသည်ကား၊ စီးပွားရေး တရားဓမ္မတို့၌ အတွေ့ အကြုံ အမှတ်အသား များသော သူ၏အဖြစ်တည်း။

[မင်္ဂလာအလင်း-၂၃]

(၄) ယံဗာဟုသစ္စဥ္စ-အကြင်သာသနာတော်ကျမ်း လောကီကျမ်းတို့၌ အမှတ်အသား အကြားအမြင်များသောသူ၏ အဖြစ်သည်ရင်း။

[ပရိတ်ကြီးနိဿယ-၃၂]

(၅) ဗာဟုသစ္စဥ္စ- ကင်းပအပြစ်၊ မှုညစ်မတင်၊ ကျမ်းပုံယင်၌၊ အသင်အကြား၊ အမြင်များသောသူ၏ အဖြစ်သည်ရင်း။

[မင်္ဂလာအလင်း—၇၂]

(၆) ဗာဟုသစ္စဥ္စ-တရားကျမ်းဂန်၊ သင်အံကြည့်မှတ်၊ လွှန်နှံ့စပ်သော၊ လောကီ လောကုတ္တရာ၊ အတတ်ကောင်း ပညာကောင်းနှင့် ပြည့်စုံခြင်းသည်ရင်း။

[မိုးညှင်းဆရာတော်]

(၇) ယံဗာဟုသစ္စဥ္စ-အကြင်အကြင် လောကီလောကုတ်၊ ဗျုပ္ပတ်အလို၊ ပုဂ္ဂိုလ်မိဋ္ဌာန်၊ ဓမ္မခန်တရား၊ ဤကိုးပါးကို၊ များစွာကြားသိရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ-၄ကျွန်းဆရာတော်]

(၈) ဗာဟုသစ္စဥ္စ-အဘတ်၊ အရွတ်၊ အစီ၊ အကုံး၊ အနှုန်း၊ အဖွဲ့ ဟူသော နှုတ်မှုပညာ၊ အတိုင်း အတွယ်၊ အသိမ်းအထား၊ အသေအချာ ဟူသော လက်မှုပညာ၊ သံသရာရေးပဋ္ဌပြုန်ရေး၊ တွေးဆစဉ်းစား၊ အကြားအမြင်များသော သူ၏အဖြစ်သည်ရင်း၊

[မင်္ဂလသုတ်နိဿယ-၁၅]

(၉) ဗာဟုသစ္စဥ္စ-တရားကျမ်းဂန်၊ သင်အံကြည့်မှတ်၊ လွန်နှံ့စပ်သောအတတ်ကောင်း ပညာကောင်းနှင့် ပြည့်စုံခြင်းသည်ရင်း၊ ဝါ-သာသနာ တွင်း ပြင်၊ လူတို့သင်၍၊ သိမြင်ကျမ်းဂန်၊ ဂန္ထန္တရ၊ ရဋ္ဌတိုင်းပြည်၊ ကမ္ဘာလည်၍၊ တည်တည်ရောက်ပေါက်၊မှတ်လောက်သင္ဂြိုဟ်၊ကြောင်းစုံစေ့ကို၊မမေ့မကျန်၊တီးပွန်းပွန်သည်၊ ဒေသန္တရ၊ လူ့ကိစ္စမှု၊ ဗဟုသုတနှင့် ပြည့်စုံသော သူ၏အဖြစ်သည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၉]

(၁၀) မြတ်စွာဘုရားစကားတော်ကိုလည်းကောင်း၊သာသနာတော်မှ အပဖြစ်ကုန်သော သူတို့၏အတတ်ကိုလည်း ကောင်းသင်၍ လည်းကောင်း နာ၍လည်းကောင်း ဖြစ်သည်။ ဆိုလတ္တံ့သော သိပ္ပသဒ္ဒါဖြင့် ယူအပ်သောလက်မှု ပညာကိုထား၍ ထိုထိုအမှု၌ လိမ္မာသောသူ၏ အဖြစ်သည် ဗာဟုသစ္စ—အကြားအမြင်များသောသူ၏ အဖြစ်မည်၏။

[ညောင်ကန်ဆရာတော်]

(၁၁) လောကီအကြားအမြင် များသောသူ၏ အဖြစ်ဟူသည်ကား၊ ပညာရေး၊ ကြီးပွားရေး၊ စီးပွားရေး၊ တရားဓမ္မရေးတို့၌အတွေ့အကြုံ အမှတ်အသား အကြားအမြင်များသောသူ၏ အဖြစ်တည်း။

လောကုတ္တရာ အကြားအမြင် များသောသူ၏ အဖြစ်သည်ကားနိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၏ အကြောင်းတို့ကို ကောင်းစွာသိသော သူ၏အဖြစ်တည်း။

[မင်္ဂလာသာရဒီပနီ-၅၃]

(၁၂) အကြားအမြင်များသောပုဂ္ဂိုလ်ဟူသည် ဗဟုသုတ, သုတဓရ, သုတသန္နိစ္စယ ဖြစ်သော ပညာရှိ ပုဂ္ဂိုလ်ကို ဆိုပါသည်။

[မင်္ဂလတ္ထပုဏ္ဏာဝိသဇ္ဇနာ-၁၆]

## ထိုပုဂ္ဂိုလ်သုံးဦးကား

(၁) ဗဟုဿုတ–များသော အကြားအမြင်ရှိသူ။
(၂) သုတဓရ–အကြားအမြင်ကို ရွက်ဆောင်သူ။
(၃) သုတသန္နိစ္စယ–အကြားအမြင်ကို စုဆောင်းပြီးရှိသူ။

[ဥရုဂေလသုတ်၊စတုက-အင်္ဂုတ္တိုရ်၊ပဌမပဏ္ဏာသ]

## ဗာဟုသစ္စ ၂ မျိုး

(၁) အနာဂါရိယ ဗာဟုသစ္စ-သာသနာတော်ကို ဆောင်ခြင်း အကျိုးငှါ ဘုရားရှင် ချီးမွမ်းတော်မူအပ်သော ဗာဟုသစ္စတည်း။
(၂) အာဂါရိယ ဗာဟုသစ္စ-သာသနာတော်မှ အပဖြစ်သော အတတ်ကို နာ၍သော်ငင်း သင်၍သော်ငင်း တတ်သောပညာ တည်း။

[ဥရုဂေလသုတ်]

## သုတ ၂ မျိုး

(၁) သုတဓရော-နာအပ်သော ပရိယတ္တိတရား၏ တည်ရာ ဖြစ်၍ဖြစ်သည်။
(၂) သုတသန္နိစ္စယော-နာအပ်သော ပရိယတ္တိတရား၏ သိုမှီး ရာဖြစ်၍ဖြစ်သည်။

[စတုက္က-အင်္ဂုတ္တိုရ်၊ပဌမပဏ္ဏာသ]

## ဗဟုသုတ ၃ မျိုး

(၁) ဒေသန္တရ–တိုင်းပြည်ဒေသ ရပ်ရွာဗဟုသုတ။
(၂) ဘာသန္တရ–ဘာသာအမျိုးမျိုး ပြောစွမ်းနိုင်ခြင်း ဗဟု သုတ။
(၃) ဂန္ထန္တရ-ကျမ်းဂန် အမျိုးမျိုး တတ်မြောက်ခြင်း ဗဟု သုတ။

[မင်္ဂလာပျို–၄၂]

## သုတဗုဒ္ဓ

သဗ္ဗညုဗုဒ္ဓ
ပစ္စေကဗုဒ္ဓ
စတုသစ္စဗုဒ္ဓ
သုတဗုဒ္ဓ။ ။ဟူ၍လေးပါးရှိ၏။

ဤလေးပါးသော ဗုဒ္ဓ တို့တွင် များသော အကြားအမြင် ရှိသော ဗဟုသုတ ပုဂ္ဂိုလ်သည် ဗုဒ္ဓတယောက်အဖြစ်ဖြင့် ပါဝင်လေ၏။

ဗဟုသုတပုဂ္ဂိုလ်သည် လူအများတို့၏ ယုံကြည် ကိုးစားအားထားရာ အစစ်အမှန် ပေတည်း။

ထို့ကြောင့် ဗဟုသုတ အကြားအမြင် ပညာအလိမ္မာကို အထူးသဖြင့် ဆည်းပူး အားထုတ်ကြကုန်လော့။

[နရဒက္ခဒီပနီ-၁၅၀]

## ဗဟုသုတများသူ၏ အဖြစ်

များသော အကြားအမြင်ရှိသော ဘုရားတပည့်သည် အကုသိုလ်ကိုပယ်၏။ ကုသိုလ်ကို ပွားစေ၏။ အပြစ်ရှိသော တရားကိုပယ်၏၊ အပြစ်မရှိသော တရားကို ပွားစေ၏။ ကိုယ်ကိုစင်ကြယ်စွာ စောင့်ရှောက်၏။

[သတ္တ–အင်္ဂုတ္တိုရ်၊ဒုတိယဝဂ်၊နဂရောပမသုတ်]

## အကြားအမြင်များက အလိမ္မာတိုး၏

သုတံ ပညာယ ဝဍ္ဎတိ

သုတံ-အကြားအမြင်သည်၊ ပညာယ-အသိအလိမ္မာပညာ၏၊ ဝဍ္ဎတိ–တိုးပွားပွင့်လင်းကြောင်းတည်း။

[လောကနီတိ-၂၁ပုဒ်]

## သုတပညာ ယုတ်မြတ်မရွေးရာ

(၁) သဗ္ဗံ သုတမဓိယေယျ၊
ဟီနဥက္ကဋ္ဌမဇ္ဈိမံ။ ။

ဟီနံ-သေးသိမ် ယုတ်နွံ့သောင်းသော အတတ်ပညာ မျိုးကိုရင်း၊ ဥက္ကဋ္ဌံ-ကြီးမြတ်သော ပညာမျိုးကိုရင်း၊ မဇ္ဈိမံ-အလယ်အလတ်ဖြစ်သော ပညာမျိုးကိုရင်း၊ သဗ္ဗံ-အလုံးစုံသော၊ သုတံ-အကြားအမြင်ကို၊ အဓိယေယျ-သင်ယူ မှတ်သားရာ၏။

[ဓမ္မနီတိ-၄၉]

(၂) ယုတ်လတ်ကယ် မြတ်ပညာ။ ။တတ်မျိုး စုံအောင်ပ၊ ဂုဏ်ရောင်ကို မတိမ်မြုပ်စေနှင့်၊ အားထုတ်လို့ရှာ။ ။တွံ့တည်ကြည်မှတ်ထိန်းလို့၊ ခပ်သိမ်းသိပညာ၊ လျော်ခါမှ ဉာဏ်သုံး။ ။ ကာလံဒေသံနှင့်၊ ဝေဖန်ခါ ဆင်မသင့်၊ မင်းပေါ်နှင့်အုံး။

[ဓမ္မနီတိချိုး-၅၃]

(၃) အကြားအမြင်များသော ပုဂ္ဂိုလ်၏ အကြားအမြင်သည် ချီးမွမ်းခြင်းအစရှိသည်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

(၄) အကုသိုလ်ကိုပယ်ခြင်း၊ ကုသိုလ်ကိုရခြင်း၏အကြောင်းဖြစ်သောကြောင့်လည်း မင်္ဂလာမည်၏။

(၅) အကြားအမြင် များသောအဖြစ်သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၏အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်ဆရာတော်]

## သေနက၏ဥဒါန်းဂါထာ

ပညာယ မေ ဝိဝိနက္ခော၊
ဖြာဟွဏ် မေဝစယိ ဒုက္ခာ၊
ပညာယ မေ သမော နတ္ထိ၊
သော မေ ပညာပါရမီ။ ။

အဟံ-သေနကဟု၊ နာမပညတ်၊ ငါအမတ်သည်၊ မေ-ငါ၏၊ ပညာယ-ပညာဖြင့်၊ ဝိစိနန္တော-ဆင်ခြင်လျက်၊ ဗြာဟ္မဏံ-ပုဏ္ဏား ကို၊ ဒုက္ခာ-ဆင်းရဲမှ၊ မောစယိံ-လွတ်စေပြီ၊ ပညာယ-ပညာ အားဖြင့်၊ မေ-ငါနှင့်၊ သမော-တူသောပညာရှိသည်၊ နတ္ထိ-မရှိ၊ ဧသော-ဤသည်ကား၊ မေ-ငါ၏၊ ပညာပါရမီ-ပညာပါရမီတည်း။

[ဓမ္မသင်္ဂဏီအဋ္ဌကထာ]

## ဗာဟုသစ္စဥ္စ မင်္ဂလာ သံပေါက်များ

က–(၁) အကြားအမြင်၊ များလေလျှင်၊ လူ့ခွင် ကျိုးများစွာ။
(၂) ဗာဟုသစ္စ၊ မင်္ဂလ၊ နေ့ည အားထုတ်ပါ။
(၃) ဗဟုသုတ၊ ဒုလ္လဘ၊ ထုတ်ပြ ကျန်းဂန်မှာ။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၁၆]

ခ–(၁) ဘုရားပါဠိ၊ တရားရှိ၊ သိအောင် သင်အကြား။
(၂) သုံးပုံပိဋကတ်၊ ပရိယတ်၊ သိမှတ် ထင်ရှားရှား။
(၃) အပြစ်မလွှမ်း၊ လောကီကျမ်း၊စုံစမ်း လွန်များများ။
(၄) ဆိုးကောင်းမြင်သိ၊ ထင်ထင်ညှိ၊ ထိမိ မှန်ကြိုးစား။
(၅) ဗာဟုသစ္စံ၊ မင်္ဂလံ၊ သင်အံ ရထိုက်ငြား။
(၆) ဗာဟုသစ္စဥ္စ၊ မင်္ဂလ၊ တင်ပြ အချက်ထား။

[မင်္ဂလတ္ထဒီပက-၁၃]

## မင်္ဂလာပျို

မှတ်လော့သချာ၊ စေ့စေ့နာလော၊ အနာဂါရ၊ အာဂါရဟု၊ သုတနှစ်ပါး၊ ပုဂ္ဂိုလ်များတွင်၊ ဘုရားမှခပါဠ်၊ ပိဋကတ်ကို၊ ရွတ် ဖတ်သင်အံ၊ သူ့နည်းခံ၍၊ နာကြီးစိစွေး၊ သိမှုရေးကို၊ မေးမေးမြန်း မြန်း၊အခန်းခန်းလျှင်၊ရဟန်းသုတ၊ မှတ်ကုန်ကြလော့၊ ထိုမှတဖြာ၊ သာသနာတွင်းပြင်၊ လူတို့သင်၍၊ သိမြင်ကျမ်းဂန်၊ ဂန္ထန္တရ၊ ။ သက္ကဋ မဂဓ၊ ရောမစသည်၊ တည်တည်ဝေါဟာ၊ တတ်ကောင်း ရာသည်၊ဘာသန္တရ၊ ။ရဋ္ဌတိုင်းပြည်၊ကမ္မာလသည်၍၊တည်တည်

ရောက်ပေါက်၊မှတ်လောက်သန္တွေ၊ကြောင်းရုံစေ့ကို၊မမေ့မကျန်၊ တီးပွန်းပွန်သည်၊ ဒေသန္တရ။ ။လူ့ကိစ္စမှု၊တတ်ကောင်းရကား၊ ဗဟုသစ္စာ၊ မင်္ဂလာတပါး၊ မြဲမှတ်သားသည်။ ။နှစ်ပါးချမ်းသာ ဖြစ်ကြောင်းတည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဧ]

## အကြားအမြင်နည်းသူ

### လေးဆစ်ချိုး

ကြားအမြင် ကုန်နဲ့လို့၊ရိုက်မဲ့ သူမှာ။ ။မာန်စောင်ကို ချီထောင် လွှား၊ များထင်တတ်ရှာ။ ။ပုံပမာ ရှာသော်ခပ်ရိုင်း။ ။သမုဒ် ကာယ်မမြင်လေလို့၊တွင်းရေကို အပုံကြီးဟု၊ တသီးကြီမြှောက်မှား၊ ဖားငယ်နှင့်ခိုင်း။

## ရင်းအနက်အဓိပ္ပါယ်

အကြားအမြင် နည်းသောသူသည် ထောင်လွှားသည်ဖြစ်၍ အနည်းငယ်သော သုတပညာကို အများထင်၏။ အဘယ်ကဲ့သို့ နည်း ဟူမူကား၊ အခေါင်းအပေါက် သမုဒ္ဒရာရေကို မမြင်ဘူး သော ဖားသူငယ်သည် တွင်းရေကို အများထင်သကဲ့သို့တည်း။

[ဓမ္မနီတိချိုး-၁၀၂]

## မှတ်သားစရာသာဓကများကား

(၁) "ရှင်အာနန္ဒာမထေရ်"သည် ပိဋကတ်သုံးပုံကို အာဂုံ ဆောင်နိုင်သည် ဖြစ်၍ ဗဟုသုတပုဂ္ဂိုလ်ဟု ကျော်စောထင်ရှား လေသည်။

(၂) ဤမှ ဆင်းသက် ခဲ့လျှင် မဇ္ဈိမဒေသ ဗောဓိပင်၏အနီး ဃောသဂ္ဂါတွင် ကေသိ မည်သော ပုဏ္ဏားမ၏မယား ကေသိ မည်သော ပုဏ္ဏေားမ၏သား၊ မဇ္ဈိမဒေသ အရပ်သား ဖြစ်သော "ရှင်ဗုဒ္ဓဃောသမထေရ်"လည်း ပါဠိတော်နှင့်တကွ အဋ္ဌကထာ

ကို လေ့လာနိုင်သည်ဖြစ်၍ ဗဟုသုတ ပုဂ္ဂိုလ်ဟု ကျော်စော ထင်ရှားလေသည်။

(၃) သာလွန်မင်းတရား လက်ထက်"တောင်ဘီလာ ပုဂ္ဂိုလ်ကျော်"လည်း ပါဠိတော်နှင့်တကွ အဋ္ဌကထာ ဋီကာကျမ်းတို့ကို လေ့လာနိုင်သည်ဖြစ်၍ ဗဟုသုတ ပုဂ္ဂိုလ်ဟု ကျော်စောထင်ရှားလေသည်။

(၄) "ဇမ္ဗူဓဇ"ဟူ၍ဆရာတို့မှည့်ခေါ်သောအမည်"စက္ကိန္ဒာဘိဝံဇ"ဟူ၍ မင်းလှူ တံဆိပ်တော် ခံယူရရှိသော"ဖုန်"သုံးဖုန်တွင် တဖုန်အပါအဝင်ဖြစ်သော၊ သာသနာ့နောက်ဆုတ် ဆရာတော်"ဖုန်"ဟူ၍လည်းတွင်သော၊ အင်းဝမြို့ "အုဋ္ဌကျောင်း ဆရာတော် ဘုရားကြီး"သည် လောကုတ္တရာ ဗဟုသုတ ပညာစုံလင်စွာ တတ်မြောက်သော ပုဂ္ဂိုလ်တပါးဟု ကျော်စော ထင်ရှားလေသည်။

(၅) အမရပူရမြို့တည် ဘိုးတော်ဘုရားလက်ထက် "မုံရွေးဇေတဝန်ဆရာတော်"သည်လည်း ပါဠိတော်နှင့်တကွ အဋ္ဌကထာ ဋီကာကျမ်းတို့ကို လေ့လာနိုင်သည်ဖြစ်၍ သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်း၊ ကမ္ဗောဇတိုင်း၊ ရာမညတိုင်း၊ ရက္ခပူရတိုင်း၊ ဤတိုင်းကြီး ပြည်ကြီးတို့၌ ကျော်စော ထင်ရှားလေသည်။

(၆) လူပုဂ္ဂိုလ်တို့မှာ ရာမညတိုင်း၊ ပဲခူးမြို့ တလိုင်းမင်း ရာဇာဓိရာဇ်လက်ထက် "သီဟပတေ့" အမတ်။

(၇) သုနာပရန္တတိုင်း၊ အင်းဝမြို့၊ ပဌမ မင်းခေါင်ကြီး လက်ထက် ဝန်ဇင်း"မင်းရာဇာ"။

(၈) ရက္ခပူရတိုင်း၊ ရခိုင်ပြည်၊ ပလောင်ကြီး လက်ထက် "မဟာပညာကျော်"။

## ဝတ္ထုသက်သေ သာဓကများ

(၁) သူရိယကုမ္မာ စန္ဒကုမ္မာနှင့် သုဝဏ္ဏကုမ္မာ ညီနောင်သုံးဦးတို့ဝတ္ထုတွင်၊တက္ကဘီလူးမေးသော **ဒေဝဓမ္မ** ၏အဓိပ္ပါယ်ကိုမသိသော ညီငယ်ညီလတ်နှစ်ဦးတို့မှာ ဘီလူး၏လက်သို့သက်ဆင်းရပြီး၊ အကိုကြီး သူရိယကုမ္မာ၏ ဗဟုသုတပညာတွင် ကျွမ်းကျင်တတ်သိသော ဂုဏ်ထူးကြောင့် ထိုဒေဝဓမ္မ တရားတို့ကို ဟောကြားနိုင်သောကြောင့် အားလုံးအသက်ဘေးမှချမ်းသာရ၏။

### ဒေဝဓမ္မတရား ၂ ပါးကား

(၁) မကောင်းမှုမှရှက်ခြင်း—ဟိရီ။
(၂) မကောင်းမှုမှကြောက်ခြင်း—ဩတ္တပ္ပ။

နတ်တို့အမြဲကျင့်သော တရားဖြစ်၍ **ဒေဝဓမ္မ** ဟုခေါ်သည်။

[ ဧကနိပါတ်-အပဏ္ဏကဝဂ် ]

## သေနကသုခမိန်ဝတ္ထု

(၂) ဘုရားလောင်းသေနကသုခမိန်၏ မိန်သွားပမာ ထက်လှစွာသော ပညာဗဟုသုတအစွမ်းကြောင့် မင်း၏ချီးမြှောက်ခြင်းကိုခံရ၏။

တနေ့သောအခါ ရွာတရွာတွင် ပုဏ္ဏားမငယ်တယောက်သည် လင်မြှောင်ထားလို၍၊ လင်ဖြစ်သောပုဏ္ဏားအိုအား ပစ္စည်းဥစ္စာ အရှာခိုင်းလိုက်လေ၏။

ပုဏ္ဏားအိုကြီးလည်း ပစ္စည်းဥစ္စာ ရှာကြံပြီး၍ ပြန်လာသော် လမ်း၌ တခုသော သစ်ပင်ခေါင်းအနီးတွင် မုံ့ဆုပ်အိတ်ကိုဖွင့်၍ စား၏။ စားပြီး၍ ရေသောက်သွားခိုက် မြွေဟောက်တကောင်သည် အိတ်တွင်းသို့ဝင်၍စား၏။

ရေသောက်ပြန်သော် ပုဏ္ဏားကြီးလည်း အိတ်ကိုအမှတ်တမဲ့ပိတ်၍ တောလမ်းမှပြန်လာ၏။ ထိုအခါ ရုက္ခစိုးတယောက်က

"ပုဏ္ဏား—သင်ယနေ့လမ်းခရီး၌အိပ်လျှင် သင်သေလတ္တံ့၊ အိမ်အရောက်ပြန်သော် သင့်မယားသေလတ္တံ့"ဟု ပြောလိုက်၏။ ပုဏ္ဏားသည် အကြံခက်၍ ပညာရှိ သေနက သုခမိန်ထံ ဝင်ရောက်ကာ အကြောင်းစုံကိုလျှောက်ထားရာ၊ သုခမိန်က "သင့်အိတ်၌မုံ့ဆုပ်ပါသလော?၊ ယနေ့နံနက် ဘယ်မှာ စားသနည်း?၊ ရေသောက်ရန်သွားသော် အိတ်ကိုစည်းခဲ့သလော?"ဟုမေး၏။ပုဏ္ဏားလည်းဟုတ်တိုင်းမှန်ရာကိုဖြေကြား၏။ ဘုရားလောင်းသုခမိန်လည်း ဒိဗ္ဗစက္ခုရသည့် အလား "မုံ့ဆုပ်နံ့ရ၍ မြွေ တကောင်သည် သင်ရေသောက်သွားခိုက်၊ သစ်ခေါင်းတွင်းမှထွက်၍ အိတ်တွင်းသို့ဝင်၍ စား၏။ သင်ပြန်လာသော်၊ အိတ်ကိုပိတ်ကာယူလာသဖြင့်၊ ယနေ့ သင်လမ်းတွင်အိပ်အံ့၊ ညစာမုံ့ကိုစားလို၍ အိတ်ကိုဖွင့်သော် သင်သည် မြွေကိုက်၍သေလတ္တံ့၊ ယနေ့အိမ်အရောက်သွားလျှင် သင့်မယားအိတ်ကိုနှိုက်၍ မြွေကိုက်ခါသေလတ္တံ့" ဟုပြောကာ အိတ်ကို ဖွင့်လတ်သော် မြွေဟောက်သည်ပါးပျဉ်းထောင်၍ ထွက်လာ၏။ ပရိသတ်အများ မြင်ကြသည့်အခါ ခပ်သိမ်းသော နတ် လူအပေါင်းသည် ဘုရားအလောင်း၏ ပညာဗဟုသုတကို ချီးမွမ်းထောမနာ ဩဘာပြုကြ၏။

ဘုရားအလောင်းလည်း ဤတွင်မက ဖြစ်ရမည့်ကြောင်းအရာကို သိရှိသည်အားလျော်စွာ၊ ပုဏ္ဏားအိုအား "သင့်ကို အဘယ်သူသည် ဥစ္စာရှာခိုင်းသနည်း?၊ ပုဏ္ဏေးမသည်အဘယ်အရွယ်ရှိသနည်း? ဟုမေးပြန်၏။ ပုဏ္ဏားလည်း အလုံးစုံဖြေကြား၏။ ထိုအခါ သုခမိန်က "သင့်ပုဏ္ဏေးမသည် မှားသော အကျင့်ကို ကျင့်လို၍ သင့်အား ဥစ္စာရှာခိုင်းသည်" ဟုအာတပ္ပနပြောကြားလေ၏။

ထိုအခြင်းအရာကို ထင်ရှားစိမ့်သောငှါ ပုဏ္ဏားအိုအား "သင်အိမ်မရောက်ခင် အသပြာများကိုရွာပြင်ထားခဲ့ပြီး၊ ညအချိန်ပုဏ္ဏေးမထံ သွားလေ" ဟုမှာကြားလိုက်၏။

ပုဏ္ဏားအိုသည် ညအချိန်လာသော် ပုဏ္ဏေးမလည်း အသံကြားသဖြင့် လင်ငယ်ကို ကွယ်ရာထား၍ ဝင်စေ၏။ တဖန် "ငွေ

ထုပ်ကော?'' ဟု မေးရာ၊ ရွာပြင်ဘက် မည်သည့်နေရာတွင် ထား ခဲ့ကြောင်း ပြောပြလေ၏။ ပုဏ္ဏားမလည်း လင်ယော်ကိုသွားရောက် ယူစေ၏။

နံနက်လင်း၍ ငွေထုပ်ကိုသွား၍ယူသော် မတွေ့သဖြင့် ပုဏ္ဏား အိုလည်း သုခမိန်ထံ သွားရောက် လျှောက်ထားရာ၊ ပုဏ္ဏားအိုအား သုခမိန်က ''ယနေ့မှစ၍၊ သင်နှစ်သက်သော ပုဏ္ဏား ၇-ယောက်၊ ပုဏ္ဏားမနှစ်သက်သော ပုဏ္ဏား ၇-ယောက်တို့ကို ၇-ရက်တိုင် တိုင် တနေ့တယောက်ကျလျှော့၍ထမင်းကျွေးလေ၊ နောက်ဆုံးနေ့ ၌ ကျွေးသောပုဏ္ဏားကိုငါ့အားပြော''ဟု တဖန်မှာကြားလိုက်၏။

ပုဏ္ဏားအိုလည်း အမှာစကားအတိုင်း ဆောင်ရွက်၍ နောက် ဆုံး ပုဏ္ဏားမှာ မည်သူ မည်ဝါ ဖြစ်ကြောင်း သုခမိန်အား ပြန် လည်လျှောက်ထား၏။

ဘုရားအလောင်း သုခမိန်လည်း ထိုပုဏ္ဏားအား ဆင့်ခေါ်စေ ၍ အလုံးစုံ စစ်ဆေးမေးမြန်းသော်၊ ထိုပုဏ္ဏားလည်း ဟုတ်တိုင်း မှန်ရာဝန်ခံရ လေ၏။ ၎င်းပြင် ခိုးယူသော အသပြာကိုလည်း ပြန် လည် ပေးစေ၏။

ထိုအခါ ဘုရားအလောင်းသေနက သုခမိန်၏ ပညာဗဟုသုတ ကို ပရိသတ်လေးပါးတို့က ချီးကျူးထောမနာသြဘာ ပေးကြကုန် သတည်း။

[သတ္တနိပါတ်-သတ္တုဘဿ ဇာတ်အဋ္ဌကထာ]

## မင်္ဂလာမည်ပုံ

(၁) အကြင် အပြစ်မရှိသော အနာဂါရိယ၊ အာဂါရိယ ဟုဆို အပ်သော အကြားအမြင် ပညာသည်ရှိ၏။ ထိုပညာသည် ပစ္စုပ္ပန် သံသရာ အကျိုးစီးပွား တို့ကို ပေးတတ် သောကြောင့် မင်္ဂလာ မည်၏။

[မင်္ဂလာသာရဒီပနီ-၅၉]

# ၈-သိပ္ပဉ္စ

အပြစ်မဲ့ငြား၊ အတတ်များ၊ သင်ကြားတတ်အောင်သာ။
[အပြစ်မရှိသော လက်မှုပညာ စက်မှုပညာကို တတ်ရခြင်း]

## သိပ္ပ-ဝိဂြိုဟ်

အတ္တနော ဟိတမိစ္ဆန္တေဟိ သေဝိယတေတိ သိပ္ပံ။

ယံ-အကြင် အတတ်ကို၊ အတ္တနော ဟိတမိစ္ဆန္တေဟိ-မိမိ၏ အကျိုးစီးပွားကို အလိုရှိကုန်သောသူတို့သည်၊သေဝိယတေ-မှီဝဲ အပ်၏၊ ဣတိတသ္မာ-ထိုသို့မှီဝဲအပ်သော သတ္တိကြောင့်၊ တံ-ထို အတတ်သည်၊ သိပ္ပံ-သိပ္ပမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၀]

## ရင်းသံပေါက်

(၁) သက်နိုးဆုံးဖြတ်၊ ချုပ်လုပ်တတ်၊ မှတ်ရန် သိပ္ပခေါ်။
(၂) အဋ္ဌာရသ၊ ဆဲ့ရှစ်ဝ၊ သိပ္ပ တနည်းခေါ်။
(၃) လက်မှုနှင့်စပ်၊ အရပ်ရပ်၊ သိအပ် သိပ္ပခေါ်။

[မင်္ဂလတ္ထဒီပကကျမ်း-၁၃]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) သိပ္ပဥ္စာတိ ပဗ္ဗဇိတဘာဝေ သံသာရဘာဝေစ အနဝဇ္ဇ
သိပ္ပံ သုန္ဒရံ ဥဂ္ဂဟေတွာ သုသိက္ခိတော ဟောတီတိ။

သိပ္ပဥ္စာတိ-သိပ္ပဥ္စဟူသည်ကား၊ ပဗ္ဗဇိတဘာဝေစ-ပဗ္ဗဇိတ်ဘဝ၌လည်းကောင်း၊သံသာရဘာဝေစ-တမလွန်ဘဝ၌လည်းကောင်း၊ သုန္ဒရံ—ကောင်းသော၊ အနဝဇ္ဇသိပ္ပံ-အပြစ်မရှိသော အတတ်ကို၊ ဥဂ္ဂဟေတွာ-သင်၍၊ သုသိက္ခိတော-ကောင်းစွာတတ်သည်၊ ဝါ-ကောင်းစွာလေ့လာသည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏၊ ဝါ-အပြစ်မရှိသော အတတ်ကို ကောင်းစွာသင်အပ်သည်အဖြစ်ကို မှတ်အပ်၏။

[မင်္ဂလာဂဏ္ဌိ-၇၀]

(၂) သိပ္ပဉ္စ-လူတို့တတ်ရာ၊ ဆဲ့ရှစ်ဖြာဟု၊ များစွာကျမ်းလာ၊ ထို့ပြင်မှာလည်း၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကား၊ များလှစေ့ငု၊ လက်မှုပညာ၊ နှုတ်မှုပညာ၊ တတ်ကောင်းရာတို့ကို၊ ငယ်ခါသော်က၊ သင်ပြီးသောသူ၏ ဘဝသို့လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာ-၉]

(၃) အပြစ်မရှိသောအတတ်ဟူသည်ကား လူတို့၌ ပန်းချီ၊ ပန်းပု၊ ဆေးဝါးစသောလက်မှုအတတ်၊ ရဟန်းတို့၌သင်္ကန်းစီရင်ခြင်း၊ ဆုံးခြင်းစသောအတတ်တို့ကို တတ်ခြင်းပေတည်း။

[မင်္ဂလာအလင်း-၂၃]

(၄) သိပ္ပဉ္စ-အပြစ်မရှိသော နှုတ်မှုပညာ လက်မှုပညာ၊သံသရာ ပစ္စုပ္ပန်ရေး၊ တွေးဆတိုင်းထွာ၊ တတ်လိမ္မာအောင် သင်ကြားရခြင်းသည်ရင်း။

[မင်္ဂလသုတ်နိဿယ-၁၅]

(၅) ယံသိပ္ပဉ္စ-အကြင်ဓမ္မခန္ဓာ၊အင်္ဂါကိုးမည်၊ ရင်နှီးရည်ကို၊ ချမ်းကြည် မှုလောက်၊ ဝဝကြီး သောက်ရှို ရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ-၄က်တွင်းဆရာတော်]

(၆) သိပ္ပဉ္စ-ကင်းပနှိပ်စက်၊လက်မှုအတတ်၊ ပန်းပွတ်တခန်း၊ ချုပ်သင်္ကန်းဟု၊ရဟန်းလူလျောက်၊တတ်မြောက်ရခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၇၂]

(၇) သိပ္ပဉ္စ ဟူသည်ကား ရဟန်းတို့၏အတတ် လူတို့၏ အတတ်အားဖြင့် နှစ်ပါးအပြားရှိသော လက်မှုအတတ်ကို ဆိုလိုသည်။

[မင်္ဂလာသာရဒီပနီ-၅၉]

## သိပ္ပ ၂ မျိုး

(၁) ဂိဟိသိပ္ပ-လူတို့အတတ်။

(၂) ပဗ္ဗဇိတသိပ္ပ-ရဟန်းတို့အတတ်။

[ပရိတ်ကြီးဂဏ္ဌိ-၃၇]

## တနည်း ၂ မျိုး

(၁) အဂါရိယသိပ္ပ-လူတို့အတတ်။
(၂) အနာဂါရိယသိပ္ပ-ရဟန်းတို့အတတ်။

[ပရိတ်ကြီးဋီကာ-၃၈]

## တနည်း ၂ မျိုး

(၁) လောကီအတတ်။
(၂) လောကုတ္တရာအတတ်။

[မင်္ဂလာဋီကာ-၇၁]

## တနည်း ၂ မျိုး

(၁) အကုသိုလ်နှင့်ဆက်ဆံသောအတတ်။
(၂) ကုသိုလ်နှင့်ဆက်ဆံသောအတတ်။

[မင်္ဂလာဋီကာ-၇၂]

## မကောင်းသောအတတ် ၄ မျိုး

(၁) မစ္ဆဝါဏိဇ္ဇာ-သေကိုချက်၍ရောင်းစားသောအတတ်။
(၂) သတ္ထဝါဏိဇ္ဇာ - ဓားလက်နက်ကို လုပ်၍ ရောင်းစားသောအတတ်။
(၃) သူကရဝါဏိဇ္ဇာ- ဝက်ကို သတ်၍ ရောင်းစားသောအတတ်။
(၄) မိဂဝါဏိဇ္ဇာ - သားမျိုးကို သတ်၍ ရောင်းစားသောအတတ်။

[မင်္ဂလာဋီကာ-၇၂]

## ဘုရားမတင်-နတ်မဝင်-လူတွင် ၁၀ ပွင့်ပန်း

## ဘဲ-ထိမ်-တဉ်း-တော့-မော့-ရန်-ပု-ပွတ်-ချီ-ယွန်း။

(၁) ပန်းဘဲ—သံလုပ်သမား။
(၂) ပန်းထိမ်—ရွှေငွေအလုပ်သမား။

(၃) ပန်းတဥ်း—ကြေးသွန်း၊ ကြေးခတ်သမား။
(၄) ပန်းတော့—အင်္ဂတေအလုပ်သမား။
(၅) ပန်းတမော့—ကျောက်ဆစ်သမား။
(၆) ပန်းရန်—အုပ်စီသမား။
(၇) ပန်းပု—အပြောက်ထုသမား။
(၈) ပန်းပွတ်—ပွတ်ခုံသမား။
(၉) ပန်းချီ—ဆေးရေးဆရာ။
(၁၀) ပန်းယွန်း—ယွန်းပြောက်ထိုးသမား။

မဏ္ဍတာမောင်မှိုင်း၏မှာတော်ပုံ-ဂ၆]

## အတတ် ၁၈ မျိုး

(၁) သုတိ—အကြား အမြင် အတတ်။
(၂) သမ္မုတိ—ဓမ္မသတ် အတတ်။
(၃) သင်္ချာ—ဂဏန်းအတတ်။
(၄) ယောဂ—တစည်း ရုံး ဆောက် စသောအတတ်။
(၅) နီတိ-အကျင့်တရားကိုပြသဆုံးမသော နီတိကျမ်းအတတ်။
(၆) ဝိသေသကာ-ယာယီ-ယတြာစသောဗျာကရိဏ်းအတတ်။
(၇) ဂန္ဓဗ္ဗာ—စောင်းငြှင်းစသော ကဗျာလင်္ကာအတတ်။
(၈) ဂဏိကာ-လက်ဆစ်ချိုးရေတွက်သောလက်ပြစ်အတတ်။
(၉) ဓနုဗေဒ—တူးလေး လင်းလေးအတတ်။
(၁၀) ပူရဏာ—စကားဟောင်းအတတ်။
(၁၁) တိကိစ္ဆာ—ဆေးအတတ်။
(၁၂) ဇ္ဇောတိဟာသ—ရယ်ရွှင်မှုအတတ်။
(၁၃) ဇောတိ—ဗေဒင်အတတ်။
(၁၄) မာယာ—လှည့်ပတ်တတ်သောအတတ်။
(၁၅) ဆန္ဒတိ—ဆန်းကျမ်းအတတ်။
(၁၆) ကေတု—သံတမန်အတတ်။

(၁၇) မဉ္ဇူသာ—မဉ္ဇူသာန်အတတ်။
(၁၈) သဒ္ဒါ—သဒ္ဒါကျမ်းအတတ်။

[လောကနီတိ]

## ဗဟုသိပ္ပ ရှာမှီးကြ

(၁) ကဝိတာဆူ၊ ဖြစ်လိုမူ၊ ဗဟူသိပ္ပ ရှာမှီးကြ။
(၂) ပညာရှိမူ၊ ထိုသသူ၊ နတ်လူဋ္ဌာန ကျော်လေစွ။
(၃) သိပ္ပပညာ၊ မတတ်ရှာ၊ မဟာဒုက္ခ ရကြီးရ။

## အတတ်နှင့် တူရာမရှိ

သိပ္ပါ သမံ ဓနံ နတ္ထိ၊
သိပ္ပံ စောရာ နဂဏှန္တိ။
ဣဓလောကေ သိပ္ပံ မိတ္တံ၊
ပရလောကေ သုခါဝဟံ။ ။

သိပ္ပါ-သိပ္ပေနှ-အတတ်နှင့်၊ သမံ-တူသော၊ ဓနံ-ဥစ္စာသည်၊ နတ္ထိ-မရှိ၊ သိပ္ပံ-အတတ်ကို၊ စောရာ-ခိုးသူတို့သည်၊ နဂဏှန္တိ-မယူနိုင်ကုန်၊ ဣဓလောကေ-ဤလောက၌၊ သိပ္ပံ-အတတ်သည်၊ မိတ္တံ-အဆွေခင်ပွန်းဖြစ်၏၊ ပရလောကေ-တမလွန်ဘဝ၌၊ သုခါဝဟံ-ချမ်းသာကိုဆောင်တတ်၏။

[လောကနီတိ-ပဏ္ဍိတကဏ္ဍ]

## အတတ်ပင်ငယ်သော်လည်း

(၁) သာရခေါ် သိပ္ပကံနာမ၊
အပိ ယာဒိသကီဒိသံ။
ပသဿ အဓပ္ပဟာရေန၊
လဒ္ဓါ ဂါမာ စတုဒ္ဒိသာ။ ။

မဟာရာဇာ-မြတ်သောမင်းကြီး၊ ယာဒိသကီဒိသံအပိ- ဟုတ်ဟုတ်ညားညား၊မပြောစားလောက်သောသဘောရှိသော အတတ်ပင် ဖြစ်သော်လည်း၊ သိပ္ပကံနာမ- အတတ်ပညာ မည်သည်၊

သာရခေါ—အဘိုးထိုက်ဘိ၊အကျိုးရှိလတ်၊ ကောင်းမြတ်ပေသည့် သာလျှင်တည်း၊ ပသာ—ရူပါလော့၊ ပိဋ္ဌသပ္ပိနာ— သူဆွံ့သည့်၊ အဇပ္ပဟာရေန- ဆိတ်ချေးပစ်အတတ်မှုဖြင့်၊ စတုဒ္ဒိသာ—အရပ် လေးမျက်နှာ၌ရှိကုန်သော၊ ဂါမာ- အခွန်တသိန်းထွက်ကုန်သော လေးရွာတို့ကို၊လဒ္ဓါ—ဆုလာဘ်ရအပ်ကုန်၏။

[ပရိတ်ကြီးဂဏ္ဌိ—၃၈]

(၂) တသင်းမှတ်ကြ၊ လူထိုမှုတို့၊ သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးယိုးပေါက် များသော်၊ အင်းနှားချောင်းကန်၊ ပြည့်သောဟန်တည့်၊ မှတ်ရန်တခု၊ နှုတ်မှု လက်မှု၊ အတတ်စုကို၊ ငယ်နုသောအခါ၊ မမေ့ငြားနှင့်၊ ရင်းဖျား ကုန်စင်၊ တတ်မြော်မြင်က၊ တခမ္မလျက်၊ အသက်မွေးကြောင်း၊ ဖြစ်တုံရှောင်း၏။

[လောကနီတိပျို]

## အဋ္ဌာရသ တတ်သင့်လှ

သူတော်တကာ၊ တတ်စရာသား၊ အဋ္ဌာရသ၊ သိပ္ပအပြား၊ အတတ်များကို၊မှတ်သားသတိ၊ပညာရှိတို့၊တတ်သိအပ်စွ၊ ထိုသိပ္ပကို၊နှံ့မှုလုံးခြုံ၊ မတတ်တုံလည်း၊ တစုံတခု၊ တတ်အောင်ပြု၍၊ လူမှုကုန်အောင်၊ စီးပွားဆောင်လော့၊ညဥ့်မှောင်မသိ၊ ကြက်မျက်စိသို့၊ မိမိကိုယ်တို့၊အတတ်ချို့မူ၊သူတို့ပြစ်တင်၊ ဆင်းရဲမြင်အံ့၊ ထင်ထင် မျက်မြော်၊မကော်ရော်သည်။ ။အို့သော် သူမရယ်စေနှင့်မင်း။

[လောကသာရပျို—၅၁]

## ငယ်ကသိပ္ပ သင်ချေမှတည်း

(၁) ငါ့သားမောင်ပု၊ ငယ်ရွယ်နုက၊ ဗဟုသိပ္ပ၊ ဟူသမျှကို၊ တတ်လှလျှင်အောင်၊ မောင်ငယ်ပျိုထွား၊ ကျောင်းသို့သွား၍၊ ရှင် အားရရ၊ စာပေကျမ်း၊ လှလှလက်ရေး၊ ငါ့ရင်သွေးသည်၊ သား သွေးရင်နှုး၊ သင်ချေဦး။

(၂) ငယ်သွေးငယ်ရွယ်၊ ငယ်နုနယ်က၊ မောင်ငယ်ပညာ၊ ရှိအောင်သာလျှင်၊ မောင်သာကြိုးစား၊ ကျောင်းကန်သွား၍၊ ရွှင်အားရရ၊ စာပေကျမ်း၊ လှလှကွေးကွေး၊ စာရေးတတ်မှု၊ လုံ့လပြုလော့၊ ဗဟုသုတ၊ များသိပ္ပကို၊ မောင်လှသင်ပါချေဦးလော့။

[ပုဏ္ဏောဝါဒဆုံးမစာ]

(၃) စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊ တတ်စွမ်းကမူ၊ ခနဥစ္စာ၊ ရတနာကို၊ ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊ မှတ်လွယ်စေ့စေ့၊ သို့ဖြစ်၍လျှင်၊ လောက်လေ့ပညာ၊ တတ်လိမ္မာအောင်၊ ဆရာကောင်းထံ၊ နည်းနာခံ၍၊ သင်အံလေ့လာ၊ကြိုးစားရာသည်၊ ရတနာမျက်ရှု၊ သားရွှေအုံ။

[မာတောဝါဒဆုံးမစာ]

(၄) သိပညာဖြစ်ပွားအောင်၊ချစ်သားတို့သင်ကြပါ။ ။မိဘဆရာတို့၊ ဖန်ခါခါ တပည့်သားကို၊ ထောင်နားဆန်မငြင်းအောင်၊ သွင်းကြပေရော။ ။လှေလှော်လှေခတ်နှင့်၊ အတတ်ကယ် မဲ့သူမှာ၊ ဝန်ထမ်းသာ ဖြစ်မြဲ။ ။ပညာရှင် ဖြစ်ပေက၊ လူ့ပြေမှာ ပူဇော်လို့၊ ဇမ္ဗူပေါ် ဂုဏ်ထင်ပလိမ့်မယ်၊ ရိုးလာထက်ကဲ။

[ဓမ္မနီတိချိုး-၄၀]

(၅) ဇာတိလူတွင်၊ ပညတ်စဉ်လာ၊ သင်အပ်စွာသား၊ အဋ္ဌာရသ၊ သေနင်္ဂနှင့်၊ ရာဇနီတိ၊ အစရှိသည့်၊ ကဝိလက္ခဏာ၊ အဖြာဖြာကို၊ ဆံလွှာခြမ်းမျှ၊ မကြွင်းရအောင်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမှ၊ ယောကျ်ားတကာ၊ မွေတာကို၊ ပညာမိမောက်၊ တစ်ခေါ် လောက်သား၊ ပြိုင်ထောက်မတူ၊ တံခွန်ထူသို့၊ ဇမ္ဗူမြေပေါ်၊ ပတ်လွှဲကျော်လိမ့်၊ ပြိုင်ပေါ်မရ၊ ပဏ္ဍိတတို့၊ ငယ်ကလေ့လာ၊ ဆည်းပူးရာသည်။ ။ပညာရှိသူ—လက်သုံးတည်း။

[နရဒက္ခဒီပနီ-၃၀]

(၆) ပဌမရွယ်၊ ငယ်သော် ကတည်း၊ သိပ္ပ ခေါင်အား၊ တတ်မြောက်မြားမူ၊ တောသားရန်အောင်၊ ခြသေ့်ယောင်သို့၊

မရှောင်မညှာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်၊ ဆိုသင့်ဆိုထိုက်၊ ဆိုလိုက်ဆိုလျော၊ ဆိုပြောဟောလည်း၊ သဘောထိထိ၊ ဆိုရိုးမိလျက်၊ တိတိမြေပြင်၊ သိန္ဓောနှင်သို့၊ ရလျှင်ပုံထုံး၊ နှလုံးနှင့်နှုတ်၊ တံသုတ်ငင်နည်း၊ တကြွတည်းလျှင်၊ လိပ်လည်းမဲ့လျှင်း၊ မြှော်တင်းနောက်ရှေ၊ စေ့မြွေသမ္မန်၊ ဟုတ်မှန်ကျိုးကြောင်း၊ ကောင်းသာ စိလျဉ်၊ စဉ်သားသဒ္ဒါ၊ သာသည်စကား၊ နာဘွယ်များ၏၊ ရည်သွားယုတ်စိမ့်၊ အားတိုင်းနှိမ့်လည်း၊ မနိမ့်ကိုယ်ပင်၊ ကျေးဇူးအင်ကြောင့်၊ ညွှန်တွင်စွန့်ပစ်၊ မဏိစစ်သို့၊ မညစ်မညှူး၊ ဂုဏ်ရောင်မြူးအံ့၊ အထူးပြင်လျှာ၊ မလှုပါလည်း၊ ရသာချိုမြ၊ ပနသသို့၊ တကွရောပြွမ်း၊ အချင်းစမ်းက၊ ချိုးမွမ်းမြှောက်စား၊ သူ့သနား၏၊ ရုပ်အားလျှောက်ပတ်၊ ဂုဏ်ညီညွတ်မူ၊ ဆင်းမြတ်နုံ့ကျော်၊ ပန်းနှင့်လျော်ဟု၊ ပေါင်းဘော်ကြချင်၊ကျွမ်းဝင်ကြလို၊ ကြည်ညိုကြလင့်၊ ဘုန်းတန်းပွင့်လျက်၊ ချီးမြှင့်လက်ဝါး၊ ဦးထိပ်ထား၏၊ ခစားမင်းထံ၊မှူခံစစ်မြေ၊ ကြည်း-ရေ—ကုန်သွယ်၊ ကြွေးဆယ်မြီးချ၊ လုပ်ထလယ်ယာ၊ ဥစ္စာပြုရ၊ သားပုမြေးကင်း၊ ဖြည့်တင်းသိမ်းမွေး၊အိမ်ထောင်ရေးလည်း၊စဉ်ရှေးဥပဒေ၊ အထွေထွေလျှင်၊ တြွက်သေနှင့်သာ၊ ရင်းစကာလျက်၊ မကြာတင်းလင်း၊ လေးလတွင်းဝယ်၊ နှစ်သိန်းကြွယ်သို့၊ နည်းသွယ်မိုက်ထား၊ ကြီးစိတ်ပြားသော်၊ စီးပွားချမ်းသာ၊ ကြီးကျယ်ရာသည်။ ။အိုခါ-မစိုးမရိမ်တည်း။

[ကိုးခဏ်းပျို]

## ငယ်ကပညာမတတ်ပါမူ

(၁) ပဌမံ ပရာဇယေ သိပ္ပံ၊
ဒုတိယံ ပရာဇယေ ဓနံ။
တတိယံ ပရာဇယေ ဓမ္မံ၊
စတုတ္ထံ ကိံ ကရိဿတိ။ ။

လောကေ-လောက၌၊ ပဌမံ-ပဌမအရွယ်၌၊ သိပ္ပံ-အတတ်ကို၊ ပရာဇယေ-မရ တုံအံ့၊ ဒုတိယံ-ဒုတိယအရွယ်၌ကား၊ ဓနံ-ဥစ္စာကို၊ ပရာဇယေ-မရတုံအံ့၊တတိယံ-တတိယအရွယ်၌ကား၊ဓမ္မံ-တရားကို၊ ပရာဇယေ-မရတုံအံ့၊ စတုတ္ထံ-စတုတ္ထအရွယ်တိုင်ရောက်မှကား၊ ကိံကရိဿတိ- အဘယ်မှာရအံ့နည်း၊ ဝါ-ဘာအသုံးကျတော့မည်နည်း။

[လောကနီတိ]

(၂) လူရေးလူရာ၊လူခြင်းရာကား၊အဋ္ဌာရသ၊ သိပ္ပအများ၊ဆဲ့ရှစ်ပါးတွင်၊ တအင်အင်ကို၊ အကြွင်သသူ၊ မတတ်မူကား၊ ထိုသူအားလျှင်၊စီးပွားမရောက်၊ ချမ်းသာပျောက်၍၊သူ့နောက်ကသာ၊ ရှိတို့ရာလိမ့်၊ ချမ်းသာရမည်ခဲ၏တည်း။

[ပုဏ္ဏောဝါဒဆုံးမစာ]

(၃) ငယ်ငယ်သော်က၊ များသိပ္ပကို၊ တစ မသင်၊ လေးဖင်၍သာ၊အိမ်မှာလည်းပျော်၊ နေချေသော်မူ၊လူမဟုရ၊လူအ လူကန်း၊ လူနှမ်းလူရှူး၊ သည့်ထက်ထူး၍၊ မှုံးမှုံးမော်မော်၊ သောက်ရစ်ပျော်လိမ့်၊ ကရော်ကမည်၊ ဖြစ်တတ် သည်ကား၊ ယွင်းမမှားတည့်၊ မျက်ဝါးထင်ထင်၊ သို့ပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဘွား စိတ်က၊မြင်ချင်စွတည့်၊တ-န-မသိ၊ ဖြစ်ချေဘိက၊ငါ့သားလှသည်၊ ဒုက္ခခပဲ၊ဇာကန်မြအံ့၊ဆင်းရဲနွမ်းရှာလိမ့်မည်တည်း။

[ပုဏ္ဏောဝါဒဆုံးမစာ]

(၄) သကျရှုပ်၊ကြိုကြိုသမျှ၊ တောင့်တရာရာ၊တတ်ကောင်းစွာလျက်၊ဝိဇ္ဇာသိပ္ပ၊လူ့ကိစ္စကို၊ငယ်ကမသင်၊ပျော်ပါးလွင်မူ၊အကြွင်သူအား၊ စကားချေတင်၊ သဘင်မပြု၊ ခံတွင်းမဲ့သို့၊ ချွတ်ပဲ့ပညာ၊ ညှိုးမျက်နှာနှင့်၊ ရွံရှာလန့်ထိတ်၊ အသံဆိတ်၍၊ တိတ်တိတ်မနေ၊ ဆိုပါချေလည်း၊ မပြေမပြစ်၊ အထစ်ထစ်လျှင်၊ကျစ်လစ်မရှိ၊အငြိငြိတည့်၊ဟုတ်လိမ့်နိုးနိုး၊ဆင်ကန်းတိုးသို့၊ အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်၊ သမွန်ပါငြွေလျောက်၊ ရှေ့နောက်မညီ၊ အစီအလျဉ်၊

အစဉ်မသင့်၊တဖျဉ့်တပါး၊ရယ်ဘွယ်များခဲ့၊ ဘိုးဘွားမိဘ၊ သူကြီးမ၍၊ မလှမညှိုး၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊ ချနစ်ဆင့်ဝယ်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ်၊နားသည့်ကျိုးမျှ၊ပမာကျလိမ့်၊ အင်္ဂပစ္စင်၊သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊နုံသာလျှိုင်ခြင်း၊ ဂုဏ်နုံကင်းမူ၊ အဆင်းလှဆန်း၊လူပေါက်ပန်းဟု၊သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့ပေအံ့၊လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး၊ မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ၊လိုခါမရ၊ ကြောင့်ကြစိုးရိမ်၊ဖန်ကြိမ်များစွာ၊အိုသောခါလည်း၊ မဟာဒုက္ခ၊ တွင်းဆုံးကျသည့်၊ နောင်တ နှလုံး မငြိမ်တည်း။

[စတုဓမ္မသာရပျို]

## သိပ္ပဥ္စ မင်္ဂလာ သံပေါက်

က-(၁)ရဟန်းသိပ္ပံ၊ လူသိပ္ပံ၊ နှစ်တန် တတ်ပညာ။

(၂)တတ်အပ်သမျှ၊ မြတ်ပေစွ၊ သိပ္ပ မင်္ဂလာ။

(၃)ဆိတ်ချေးပစ်မှု၊ မကျန်ရ၊ မာန ထားသင့်စွာ။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၁၆]

ခ-(၁)အပြစ်မဘက်၊ အချက်ချက်၊ လက်မှုတတ်ပါသော်။

(၂)အသက်မွေးကြောင်း၊ အရေးကောင်း၊ အပေါင်းတတ်စေနော်။

(၃)သမ္မာအာဇီဝ၊ အညီမှု၊ သီလ မြဲတို့နော်။

(၄)သိပ္ပဥ္စမင်္ဂလံ၊ ထင်ထင်ကြံ၊ နိုင်း ခံ ရှုလို့မျှော်။

[မင်္ဂလတ္ထဒီပက-၁၃]

## မင်္ဂလာပျို

ရဟန်းအတတ်၊လူအတတ်ဟု၊ဆုံးဖြတ်ပိုင်းခြား၊ထိုနှစ်ပါးတွင်၊ ဆိုးရွားမလန်း၊ ဝတ်ဆင်မြန်းသည့်၊ သင်္ကန်းချုပ်ရိုး၊ ဖန်ရည်ဆိုးလျှင်၊ တတ်မျိုးတဖြာ၊ ပရိက္ခရာ၊ ကျောင်းဥစ္စာကို၊ ကောင်းစွာသန့်ရှင်း၊ ရဟန်းချင်းချင်း၊ သိတင်းသုံးဘော်၊ ရေးခွင့်ပေါ်က၊

သင့်လျော်ကိစ္စ၊ သာရုပ္ပကို၊ ပြုရ တုံလတ်၊ ထိုအတတ်လည်း၊ သူမြတ်သဃ်ာ၊ တတ်ကောင်းရာတည့်၊ တဖြာသိမှတ်၊ လူအတတ်ကား၊ ဆဲ့ရှစ်ပါးဟု၊ များပြားကျမ်းလာ၊ ထို့ပြင်မှာလည်း၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကား၊များလှစေ့ငှ၊ စိတ်အမှုနှင့်၊နှုတ်မှုလက်မှု၊ တတ်ကောင်းစုကို၊ ငယ်နုခါတွင်၊ တတ်အောင်သင်လေ့၊ ကုန်စင်ရင်းဖျား၊ တတ်မြောက်ခြားမှု၊ စီးပွားအကျိုး၊ အစဉ်တိုးသည်၊ ရွှေအိုးသဘွယ်၊လွန်ကြီးကျယ်လျက်၊ ဆန်းကြွယ်လိုရာ၊ဗုဒ္ဓိပါသို့၊ ပညာအတတ်၊ အပတ်တကုတ်၊ကြိုးအားထုတ်မှု၊ အဟုတ်စီးပွား၊ ချစ်မိတ်များ၍၊ ခံစားသုခ၊ လှူဒါနဖြင့်၊ အမတပဟူ၊ သောင်ကျွန်းငှုလျှင်၊ နိဗ္ဗူတိုင်အောင်၊အကျိုးဆောင်သည်။ ။ခြားမြောင်ပညာတတ်ကောင်းတည်း။

[သံတော်ဆင့်မင်း–ဦးကျော်ဇ]

## ဝတ္ထုသက်သေသာဓကများ

(၁)ရဟန်းတို့၏ အပြစ်မရှိသော လက်မှုပညာအတတ်ကို ရှင်အာနန္ဒာသည် ကောင်းမွန်စွာ တတ်မြောက်ပေကြောင်း ဘုရားရှင် ချီးမွမ်းတော်မူလေသည်။

[အင်္ဂုတ္တိုရ်၊ဒုတိယဝဂ်၊သတ္တမသုတ်]

(၂) လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးမိုးစဉ် လုလင်တယောက်သည် ကြွက်သေတခုကို အရင်းပြု၍ ရောင်းမှုဝယ်မှု၌ ကျွမ်းကျင် တတ်မြောက်သည့် အားလျော်စွာ လေးလ တွင်းတွင် သေဌေး ဖြစ်ကြောင်း ထုံးဟောင်းရှိလေသည်။

[ကေနိပါတ်၊စုဠသမဝဂ်၊ပဗ္ဗုဇာတ်အဋ္ဌကထာ]

(၃)လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌၊ ခေါ့ဝှံမည်သော ယောကျ်ားတယောက်သည် ကျောက်စရစ်ပစ်အတတ်၌ လိမ္မာသည့်အတွက် ဗာရာဏသီပြည့်ရှင်က၊ မြို့လေးမျက်နှာတို့၌ အခွန်

တသိန်းထွက်သော လေးရွာတို့ကို ပေးသနားတော် မူဘူးလေသည်။

[ကေနိပါတ်၊ပရောသတဝဂ်၊သာလိတ္တကဇာတ်]

(၄) နိဘယ်ဆုကို နှစ်စဉ်ပေးရန် စီမံသွားသော ဆွိဒင်သားတဦးမှာ လောကီသိပ္ပံပညာရပ် တတ်မြောက်သည့် အတွက် တိုးတက်ကြီးပွားခဲ့လေသည်။

(၅) ကမ္ဘာကျော် လက်ဖွေ့ချန်ပီယံတို့မှာ ထိုပညာတခုတည်းအတွက် တပွဲနိုင်ခဲ့လျှင် ဒေါ်လာတသိန်းမျှ ဆုရလေသည်။

ဤမင်္ဂလာနှင့် သက်ဆိုင်သော အခြား ဝတ္ထုများ အနက် အောက်ပါဝတ္ထုအနည်းငယ်ကိုဆက်လက်ဘော်ပြလိုက်ပါဦးအံ့။

(၁) ကိလဉ္စဒါယကမထေရ်ဝတ္ထု

[အပဒါန်၊စတုဝီသတိမဝဂ်]

(၂) ဟာသိကိုသတ်သောရဟန်းဝတ္ထု။

[သာလိတ္တကဇာတ် အဋ္ဌကထာ]

(၃) ရွှဲသမားဝတ္ထု။

[ကေနိပါတ်၊စူဠသမဝဂ်၊ပဗ္ဗဇာတ် အဋ္ဌကထာ]

(၄) နှီးသည်ဝတ္ထု။

[ပကိဏ္ဏကနိပါတ်၊သုရုစိဇာတ်အဋ္ဌကထာ၊စက္ကဝတ္တိအဋ္ဌကထာ]

(၅) ကမ္ဗဝါဟနဝတ္ထု။

[ဓမ္မပဒ၊အတ္တဝဂ်]

(၆) ကဋ္ဌဝါဟနဝတ္ထုတနည်း။

[ပါရာယနဝဂ်အဋ္ဌကထာ]

(၇) သင်္ဂြိုဟ်ကူဠဉပြိတ္တာဝတ္ထု။

[ဓမ္မပဒ၊ဗာလဝဂ်]

# ၉-ဝိနယောစ သုသိက္ခိတော

ဝိနယောစ၊ သိက္ခိတ၊ သင်ကြမျိုးလေးဖြာ။
[ဝိနည်းတရားကို ကောင်းစွာသင်ကြားရခြင်း]

## ဝိနည်းမည်ပုံ

ဝိနေတိ ဧတ္ထ ဧတေနာတိဝါ ဝိနယော။

ဧတ္ထ–ဤတရားအစုဌ်၊ ဝါ–တနည်းသော်ကား၊ ဧတေန-ထို တရားအစုဖြင့်၊ ကာယဝါစာ- ကိုယ်နှုတ်နှစ်ပါးတို့ကို၊ ဝိနေတိ- ဆုံးမတတ်၏၊ ဣတိတသ္မာ-ထိုသို့ဆုံးမရာ ဆုံးမကြောင်းဖြစ်သော သတ္တိကြောင့်၊ ဝိနယော-ဝိနည်းမည်၏၊ ဤသို့သောဝစနတ္ထနှင့် အညီ ကိုယ်နှုတ်တို့ကို ဆုံးမရာ ဆုံးမကြောင်း ဖြစ်သော သတ္တိကြောင့် ဝိနည်းမည်ပါသည်။

[မဏိကာရံ-မင်္ဂလာအလင်းပြ-၁၉]

## သုသိက္ခိတော

သုသိက္ခိတောတိ သုဋ္ဌု သိက္ခိတော။

သုသိက္ခိတောတိ-သုသိက္ခိတောဟူသည်ကား၊ သုဋ္ဌု-ကောင်းစွာ၊ သိက္ခိတော–သင်အပ်သော၊ ယောဝိနယော–အကြင်အာဂါရိက ဝိနည်း၊ အနာဂါရိက ဝိနည်းသည်၊ အတ္ထိ–ရှိ၏။

[ပါဠိနိပါတ အဋ္ဌကထာ]

## ဤမင်္ဂလာ၏အဓိပ္ပါယ်

(၁) ဝိနယောစာတိ အာဂါရိယဝိနယော၊
အနာဂါရိယဝိနယောစာတိ အတ္ထော။

ဝိနယောစာတိ–ဝိနယောစဟူသည်ကား၊ အာဂါရိယဝိနယော စ–လူတို့ဝိနည်းသည်ဖင်း၊ အနာဂါရိယဝိနယောစ– ရဟန်းတို့

ဝိနည်းသည်ဖွင်း၊ ဇာတိအယံ-၍သည်လျှင်၊ အဋ္ဌော-ဝိနယော စဟူသောပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၇၂]

(၂) သုသိက္ခိတော-ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတို့ဖြင့် ကောင်းစွာကျင့်အပ်သော၊ ယော ဝိနယောစ- အကြင်ကိုယ်နှုတ် နှလုံး သုံးပါးကို ဆုံးမရခြင်းသည်လည်းကောင်း။

[ပရိတ်ကြီးနိဿယ-၃၂]

(၃) ဝိနယော-ကိုယ်နှုတ်နှလုံး၊ စောင့်သုံးခြင်းရာ၊ အဖြာဖြာ ကို၊ သေချာစွာပြဆိုအပ်သော ဂိဟိဝိနယ၊ ပဗ္ဗဇိတဝိနယကို၊ ယောသုသိက္ခိတော-အကြင် အဖတ်၊ အတတ်၊ အမှတ် သုံးပါး၊ စကားအဓိပ္ပါယ်၊ အသွယ်သွယ်ကို၊ သည်နှယ်ယူလျှင်၊ သည် နှယ်ထင်၏ဟု၊ ဆင်ခြင် စဉ်းစားလျက် ကောင်းစွာသင်ရခြင်း သည်ဖွင်း။

[ရွှေမင်းဝံ ၄က်တွင်းဆရာတော်]

(၄) သုသိက္ခိတော-ငယ်ရွယ်စဉ်က၊ သွန်သင်ဆုံးမ၊ အချိုး ကျပြီးသော၊ ဝိနယောစ-မိဝတ်ငါးပါး၊ ဘဝတ်များကို၊ မမှား လိုက်နာ၊ ပြုကျင့်ပါသော၊ အမျိုးကောင်းသား၊ အမျိုးကောင်း သမီး၊ ဝတ္တရားနှင့် ပြည့်စုံသောသူ၏အဖြစ်သည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၉]

(၅) သုသိက္ခိတော-ကောင်းစွာ သင်အပ်သော (၁) ပါရာ ဇိကဏ်၊ (၂) ပါစိတ်၊ (၃) စူဠဝါ၊ (၄)မဟာဝါ၊ (၅) ပရိဝါ တည်းဟူသောဝိနည်းငါးကျမ်း (က) သုတ်သီလက္ခန်၊ (ခ) သုတ် မဟာဝါ၊ (ဂ) သုတ်ပါထေယျ တည်းဟူသော သင်ရိုးသုတ်သုံး ကျမ်းနှင့်တကွ မူလပဏ္ဏာသ စသော သုတ္တန်ကျမ်း၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း တည်းဟူသော အဘိဓမ္မာ ခုနစ်ကျမ်းအားဖြင့် ပိဋကတ်သုံးပုံ တို့ကိုသင်၍၊ ယောဝိနယောစ- အကြင် ပါဏာတိပါတ၊ အဒိန္နာ ဒါန၊ ကာမေသု မိစ္ဆာစာရတည်းဟူသော ကာယဒုစရိုက်သုံးပါး

မုသာဝါဒ၊ ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပတည်းဟူသော ဝစီဒုစရိုက်လေးပါး၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော မနောဒုစရိုက်သုံးပါး၊ ဤသို့ကိုယ်နှုတ်နှလုံး၊ ကံသုံးပါးကို၊ ဆုံးမစောင့်စည်း၍၊ ငါးပါးသီလ၊ဆယ်ပါးသီလ၊ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ လူ ရဟန်းတို့၏ ဝိနည်းတရားကို ကျင့်ခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၄]

(၆) ယောဝိနယောစ-အကြောင် ၁၀-ပါးသော ဒုစရိုက်တို့ကို ကိုယ်နှုတ်နှလုံး သုံးပါးတို့ဖြင့် ဆုံးမစောင့်စည်း၍၊ ငါးပါးသော ဝါရိတ္တသီလ၊ ရှစ်ပါးသော စာရိတ္တသီလ၊ ဆယ်ပါးသောသီလ၊ သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,ဤသုံးပါးသည် အဓိသီလ သိက္ခာ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤသုံးပါး သည် အဓိစိတ္တသိက္ခာ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ဤနှစ်ပါးသည် အဓိပညာသိက္ခာမည်၏၊ လူတို့မှာလည်း ငါးပါးသီလ၊ ရှစ်ပါး သီလ၊ ဆယ်ပါးသီလ၊ ဧကာသနိက်၊ ပတ္တပိဏ်ု ဓုတင်နှစ်ပါး၊ ကမ္မဋ္ဌာန်း(၄၀) ဘာဝနာ(၄၀) ဤတရားတို့သည် လူတို့ဝိနည်း၊ သာမဏေတို့မှာ ပဗ္ဗဇေက္ခဏာ၊လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊စုဒ္ဒသခန္ဓကဝတ်(၁၄)ပါး၊(၇၅)ပါးသော သေခိယ၊ ဧကာသနိက်၊ ပတ္တပိဏ်၊ ဝိပဿနာ ကမ္မဋ္ဌာန်း ဤတရားတို့ကို အားထုတ်ခြင်း၊ ရဟန်းတို့မှာလည်း ဝိနည်းကိုသင်ခြင်း၊ သုတ်ကိုသင်ခြင်း၊ အဘိဓမ္မာကိုသင်ခြင်း၊ (၂၂၇)ပါးသော သိက္ခာပုဒ်၊ ဓုတင်(၁၃)ပါး၊ ကမ္မဋ္ဌာန်း(၄၀)၊ ဘာဝနာ(၄၀)၊ သညာ(၇)ပါး၊ ဤတရားတို့ကို မပြတ်မလပ် အောက်မေ့ခြင်း၊ လူတို့မှာလည်း လူတို့အလျောက်၊ သာမဏေတို့မှာလည်း သာမဏေတို့အလျောက်၊ ရဟန်းတို့ မှာလည်း ရဟန်းတို့အလျောက်၊ သူတော်ကောင်းတို့၏ အလေ့ကို မပယ် အသီးသီး အလျောက်လျောက် ကျင့်ရခြင်းသည်လည်းကောင်း။

[မင်္ဂလတ္ထဒီပနီ-၁၇]

(၇) သုသိက္ခ တော-ဖြောဖြော နူတ်တက်၊ အနက် သိမြင်၊ ကောင်းစွာ သင်အပ်သော၊ ဝိနယောစ-ဓမ္မညစ်ဆိုး၊ ဆယ်မျိုးနစရိုက်၊ မလိုက်မစား၊ ရှောင်ဖျားကြဉ်ရ၊ စသည်များထ၊ ရဟန်း လူတို့၊ ကျင့်မှုရသော၊ ဝိနည်းတရားသည်ရင်း။

[မင်္ဂလာအလင်း-၇၂]

(၈) ရဟန်းတို့၏ ကိုယ်နှုတ်နှလုံး၊ လူတို့၏ ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းသည် ဝိနယ သုသိက္ခိတမည်၏။

[မင်္ဂလတ္ထပုဏ္ဏာဝိသဇ္ဇနာ-၁၇]

(၉) ဝိနည်းတရား ဟူသည်ကား ဆုံးမခြင်း တရားတည်း၊ ဆုံးမခြင်း တရားဟူသည်ကား ကိုယ်နှုတ်နှလုံးတို့ကို မကောင်းမှုတို့မှကင်းလွတ်စေ၍ ကောင်းမှုတို့၌သာ တည်စေခြင်းတည်း။

[မင်္ဂလာအလင်း-၂၃]

## ဝိနယ ၂-မျိုး

(၁) အာဂါရိယ ဝိနည်း။ ။သုစရိုက်တရား ဆယ်ပါးနှင့်အညီ ပညတ်တရားကို သင်အံလေ့ကျက် ဆောင်ရွက် မှတ်သားခြင်းပင် လူတို့၏ ဝိနည်းတရားမည်၏။

(၂) အနာဂါရိယ ဝိနည်း။ ။ရဟန်းတို့ တတ်အပ် သော ပဗ္ဗဇိတသိပ္ပမှာ အာပတ်ခုနစ်ပုံကို လုံခြုံစွာ စောင့်ရှောက်ခြင်း သည် ရဟန်းတို့၏ ဝိနယသိပ္ပ ခေါ်သည်။

ဝိနည်းပါဠိတော် ငါးကျမ်းကို အနာဂါရိယ ဝိနည်းဟူ၍ မှတ် ယူရမည်။

သုတ် သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ မင်္ဂလသုတ်၊ မဟာ နိဒါနသုတ်၊ ရာဇညသုတ်၊ မဟာနာမ်သုတ်၊ ဝိသာခုပေါသထ သုတ်၊ မဟာ ကပ္ပိန္နသုတ်၊ ဘာရဒွါဇသုတ်၊ အဇာတ သတ္တု သုတ်၊ ဂေါတမီသုတ်၊ ပဉ္စကလျာဏီသုတ်၊ သိင်္ဂါလသုတ် နှင့် အခြားသုတ်ပေါင်းများစွာကို အာဂါရိယဝိနည်းဟု မှတ်ယူရမည်။

## သုစရိုက် ၁၀ ပါး

ပဏ္ဍိတာနုဥပုဒ်၌ ပါရှိခဲ့ပြီးပြီ။

## သတိပေးစကားများ

(၁) ယခုအခါတွင် သူ့အသက်ကိုသတ်ခြင်း၌ ဝန်လေးခြင်း မရှိတော့ဘဲ အလွန် တရော ရနိုင်ခဲ ဖြစ်နိုင်ခဲသော လူတဦးတယောက်ကိုပင် မဆင်မခြင် တွင်တွင်ကြီး သတ်လျက် ရှိကြ၏၊ သတိရဘို့ကောင်းကြလှပေ၏၊ အထူးဆင်ခြင်ကြပါကုန်။

(၂) ရှေးအခါက သူတပါးဥစ္စာကိုခိုးယူရန် ဝန်လေးသော်လည်း ယခုအခါ၌မူ လုယူတိုက်ခိုက်ရန်ပင်ဝန်မလေးတော့ပေ၊ အချို့သူများမှာ ဥစ္စာကိုယူရုံမက လူကိုပင် သတ်သည့်ထိအောင် တရားပျက်လျက်ရှိကြပေ၏။

(၃) သူတပါးသားမယားကို ပြစ်မှားခြင်း အတွက် ကိုယ်ချင်းစာတရားဘဲက်ပြီးအကွက်ကျ ရှောင်ကြရှားကြမှ နောင်လားမည့်ဘဝကျေးကောင်းမည်ကို သတိပြုမိကြပါစေကုန်။

(၄) မဟုတ်မမှန်ပြောရမှာ ကြောက်ပါ၊ ဆရာမိဘ များက ကလေးသူငယ်လူမမယ်များကို စံနစ်တကျ ဩဝါဒပေးကာ အာရုံ၌ စွဲမြဲသွားကြပါစေ၊ ငယ်ငယ်ကလိမ်တတ်လျှင် ကြီးသောအခါလိမ်ရန်ဝန်မလေးတော့ပေ။

(၅) သူနှစ်ဦးစပ်ကြား ကုန်းတိုက်ခြင်း အားဖြင့် တဘက်သားမှာ မည်မျှလောက် အကျိုး ယုတ်သွားသည်ကို ကောင်းကောင်းကြီး စဉ်းစားပြီး လူမကြိုက် နတ်မကြိုက် ဘုရားမကြိုက်သည့် အမှားစရိုက်မှ ရှောင်ကြဉ်ကြပါကုန်။

(၆) နှုတ်ချိုလျှိုတပါး ဆိုသည့်စကားအတိုင်း ချိုချိုသာသာ ချောချော မွှေ့မွှေ့ ပြေပြေ ပြစ်ပြစ် သိမ်သိမ် မွေ့မွေ့ ပြောဆိုခြင်းမှာ လူတကာကြိုက်နှစ်သက်ရကား သင်တို့ကြိုးစား၍ပြောပါလေ၊ မကြမ်းပါလေနှင့်။

(၇) ဝတ္ထုလုပ်ဇာတ် ယုံတန်းစကား အကျိုး မရှိသော စကားတို့ဖြင့် အချိန်ဖြုန်းမည့်အစား အကျိုးများသည့် တရားစာ၊ ဗဟုသုတဖြစ်စေမည့်စာ၊ ဥတ္တာ စီးပွား တိုးတက်ရေးနှင့် ပတ်သက်သည့် စာများကိုဘတ်ရှုခြင်းဖြင့် အချိန်ကုန်ပါစေ။

(၈) သူ့ဥက္ကာသည် ငါ့ဥက္ကာဖြစ်လျှင် ကောင်းလေစွ ဟူသော အဘိဇ္ဈာတရားသည်၊ "မစားမရ-အညော်ခံ ဆိုသည့်စကားကဲ့သို့" အကျိုးမဲ့ငရဲသို့ လားတတ်သည့်အတွက် ကြပ်ကြပ်ကြီး ဆင်ခြင်ပါလေ၊ မိန် မတွေမိ၍သတိထား။

(၉) သူတပါး၏ ဆုံးရှုံးနစ်နာမှုကို လိုလား တောင့်တခြင်းသည်လည်း အချည်းနှီးငရဲသို့ကျစေတတ်သော ဒုစရိုက်မှုမှုသာ ဖြစ်သည့်အတွက် အသက်တန်းတိုလှသော၌အခိုက်ကလေးတွင် အထူးဆင်ခြင်ကာ ရှောင်ရှားပါလေ။

(၁၀) နှစ်ပေါင်းတရာနီးပါး လူမျိုးခြားသာသနာပြုများ၏ ငွေနှင့်မျှားခြင်း ပညာနှင့်မျှားခြင်း အလုပ်နှင့်မျှားခြင်းစသော ဖြားယောင်းသွေးဆောင်မှုများကြောင့် အယူလွဲမှား ဘာသာခြားသို့ ပြောင်းသွားမိသူများ သတိတရားရကာ၊ဗုဒ္ဓဘာသာအယူကို ပြန်လည်ဆည်းပူးနိုင်ကြပါစေကုန်သတည်း။

[ပညာရှိတဦး]

## မင်္ဂလာမည်ပုံ

(၁) အကျင့်ပညာ ဝိနည်းတရားကို သင်အံလေ့ကျက်ဆောင်ရွက်မှတ်နာခြင်းသည် ပစ္စုပ္ပန်သံသရာ အကျိုးစီးပွား၏ ဖြည့်စုံကြောင်းဖြစ်၍ မင်္ဂလာမည်၏။

[ပရိတ်ကြီးဂဏ္ဌိ-၃၈]

(၂) ဝိနယောစသုသိက္ခိတောဟူသောမင်္ဂလာ ပုဒ်အရ လူရှင်ရဟန်းတို့သည် ဝိနည်းဒေသနာတော်ကို ကောင်းစွာ သင်အံလေ့ကျက် ဆောင်ရွက်အားထုတ်ခြင်းသည်မင်္ဂလာမည်၏။

(၃) ဝိနည်းဒေသနာ၌ လိမ္မာကျွမ်းကျင် သိမြင်အားထုတ်ရခြင်းသည် ပစ္စုပ္ပန်သံသရာ အကျိုးစီးပွား များရသည်၏ အဖြစ်ကြောင့် ဝိနယောစ သုသိက္ခိတော ဟူသော ဂါထာပါဒသည် မင်္ဂလာမည်၏။

(၄) ညစ်ညူးခြင်းသို့မရောက်စေသဖြင့်၎င်း၊အကျင့်ကျေးဇူးကို ဖြစ်စေသဖြင့်၎င်း၊ ကောင်းစွာကျင့်အပ်သော ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းသည် စီးပွားချမ်းသာကို ရွက်ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၇၀]

(၅) ဝိနယော ဟူသောပုဒ်၌ အကြင်ပညတ်ဝိနည်းဟူသော အနက်ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်နာခြင်းသည် ပစ္စုပ္ပန်သံသရာအကျိုးစီးပွား၏ ပြည့်စုံရာအကြောင်းဖြစ်၍ မင်္ဂလာမည်၏။

(၆) ကိုယ် နှုတ် နှလုံးကို ဆုံးမခြင်းသည်ကား ရဟန်းတို့၏ ကိုယ်နှုတ်နှလုံးကိုဆုံးမခြင်း၊ လူတို့၏ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်း အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် အာပတ်-ခုနစ်ပုံသို့ မရောက်ခြင်းသည် ရဟန်းတို့၏ ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်း မည်၏။

[ညောင်ကန်ဆရာတော်]

(၇) ဆယ်ပါးသော အကုသလ ကမ္မပထမှ ကြဉ်ခြင်းသည် လူတို့၏ ကိုယ်နှုတ်နှလုံးကို ဆုံးမခြင်းမည်၏၊ ညစ်ညူးခြင်းသို့ မရောက်စေသဖြင့် လည်းကောင်း၊ အကျင့်ဂုဏ်ကို ဖြစ်စေသဖြင့် လည်းကောင်း ကောင်းစွာ ကျင့်အပ်သော ထိုဆယ်ပါးသော အကုသလ ကမ္မပထမှ ကြဉ်ခြင်းဟူသော ကိုယ်နှုတ်နှလုံးကိုဆုံးမခြင်းသည် သံသရာပစ္စုပ္ပန် နှစ်တန်သောဘဝ၌ စီးပွါးချမ်းသာကို ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၁၇၃]

## ဝိနယသုသိက္ခိတ မင်္ဂလာသံပေါက်

(က) (၁) ရဟန်းဝိနည်း၊ လူ့ဝိနည်း၊ သိပ်သည်း သင်စရာ။
(၂) သုသိက္ခိတ၊ ဝိနယ၊ လင်းပြ မင်္ဂလာ။
(၃) ကိုယ်နှုတ်နှလုံး၊ သုံးပါးလုံး၊ ဆုံးမအပ်သည်သာ။

[မင်္ဂလတ္ထပုဏ္ဏဝိသဇ္ဇနာ-၁၇]

(ခ) (၁) အထူးနည်းဟူ၊ ဝိနည်းယူ၊ ရှင်လူကျင့်နည်းဟော။
(၂) အကုသလမှန်၊ ဆယ်ပါးရန်၊ ကြည်ပြန် မိပ္ပါယ်ပြော။
(၃) ဝိနယောစ၊ ဓမ္မောရ၊ ဟောပြ ဤသဘော။
(၄) ကျင့်နည်းထိုဟိတ်၊ ကိုယ်နှင့်စိတ်၊ သိက္ခာဂုဏ် ပြန့်ပြော။
(၅) မညစ်မနွမ်း၊ သစ်သစ်လျှမ်း၊ ကျင့်ခန်း သိက္ခိတော။
(၆) ကြောင်းရာမလင့်၊ ကောင်းစွာကျင့်၊ အသင့် မိပ္ပါယ်စော။
(၇) အရ ဟတ္တ ဖိုလ် ရောက်၊ မှတ် ဆိုလောက်၊ ကျင့် မြောက် သုသိက္ခိတော။

[မင်္ဂလတ္ထဒီပက-၁၄]

## မင်္ဂလာပျို

အာဏာဓမ္မစက်၊ ပညတ်ချက်ကို၊ ဆောင်ရွက်မှတ်သား၊ထိုတရားဖြင့်၊ ဘုရားရင်နှစ်၊ သားတော်စစ်လျှင်၊ ရှင်ချစ်ရိယာ၊ ထေရ်သဃာတို့၊ သွားရာလမ်းဟောင်း၊ တမျဉ်း ကြောင်းလျှင်၊ နည်းကောင်းယူကြ၊ သမဏတာ၊ နှစ်ရခွနှစ်ဆာယ်၊ ခုနစ်သွယ်လျှင်၊ပေါ ယယ်များစွာ၊ ကျင့်သိက္ခာကို၊ ဖြူစွာမညစ်၊ လက်ျာ ရစ်လျှင်၊ ပွတ်သစ်ဝင်းဝင်း၊ ခရုသင်းနှင့်၊ မယွင်းတူဘိ၊ ဤသို့ရှိသည်၊ ပါတိမောက္ခ၊ သံဝရတည့်။ ။ထိုမှစေ့ငု၊ မှတ်သားပြုလော့၊ စက္ခုသောတ၊ ခြောက်ဒွါရကို၊ စိုးထမိုင်မိုင်၊ ကြံ့ကြံ့ခိုင်အောင်၊ ပိတ်နိုင်ကုန်ထ၊ ဣန္ဒြိယ၊ သံဝရတည့်၊ ။ကာယဝစီ၊ နှစ်လီသရိက်၊ ဒုစရိုက်ရ၊ သက်မွေးမှုဖြင့်၊ မပြုကြည်မှ၊ အာဇီဝသုဒ္ဓိ၊ စင်ကြယ်ဘိ

၍၊ ကြေးညှိမသန်း၊ ဝတ်သကျိန်းနှင့်၊ ဆွမ်းပန်း ကျောင်းဆေး၊ ပစ္စည်းလေးကို၊ စစ်ဆေး ရှောင့်ရည်း၊ မသိမ်းဆည်းတည့်၊ ပစ္စည်းစင်စွာ၊ ပစ္စယာသန္တိ၊ သုဒ္ဓိဖြူထွား၊ ဝိနည်းများကို၊ သင်ကြားသဃာ၊ တတ်မြောက်ရာ၏။ ။တဖြာနိသျည်း၊ လူ့ဝိနည်းကား၊ အကျဉ်းအားဖြင့်၊ ဆယ်ပါးဒုစရိုက်၊ ရှောင်ကြဉ်ထိုက်၏၊ မှတ်ပိုက်သေချာ၊ ဆယ်ဖြာပုညာ၊ ကိရိယကို၊ နေ့ညမမေ့၊ အားထုတ်လေ့သည်၊ သိမ်မွေ့သေက္ခ၊ တရားစုလည်း၊ လူ့ဝိနည်းဟု၊ သို့တည်း ပညတ်၊မိန့်တော် မှတ်သည်။ ။ကျင့်မြတ် ဝိနည်း တတ်ကောင်းတည်း။

[သံတော်ဆင့်မင်း-ဦးကျော်]

## ဝတ္ထုများ

### ဂန္ဓာရဇာတ်

ဤဇာတ်တော်တွင် ဂန္ဓာရ ရသေ့က ဆိုဆုံးမသည့် သင်ခန်းစာတချပ်မှာ “ဝေဒေဟာရှင်ရသေ့-ဤသတ္တဝါတို့အား မိမိ ဥစ္စာဟူသော ပညာသည်ရင်း၊ ဆုံးမဘတ်သော ပညာရှိကို မှီ၍ သင်အပ်သော ကောင်းသောအကျင့်သည်ရင်း အကယ်၍ မရှိသည်ဖြစ်ငြားအံ့၊ များစွာသောလူအပေါင်းတို့သည် တောခွဲကန်းသောကျွဲကဲ့သို့ ဖောက်လွဲဖောက်ပြန် ကျင့်ရာ၏၊ အကြင့်ကြောင့်ကား ဤလောက၌ အချို့ကုန်သော သူတို့သည် ဆရာ့ထံ၌ အကျင့်ပညာဘ်ကို ကောင်းစွာသင်အပ်ကုန်၏၊ ထိုကြောင့်ဆုံးမအပ်ပြီးသော ဝိနည်းရှိကုန်သည် ဖြစ်သောကြောင့် ကောင်းစွာတည်ကြည်ကုန်သည်ဖြစ်၍ မတိမ်းမစောင်း ကျင့်နိုင်ကုန်၏။

ဝေဒေဟာ ရသေ့သည် ဂန္ဓာရ ရသေ့၏ အဆုံးအမ၌တည်၍ ဂန္ဓာရ ရသေ့ဟောသောနည်းဖြင့် ကသိုဏ်းပရိကံကိုပြု၍ ဈာန်အဘိညာဉ်ကို ရလေ၏။ ထိုနှစ်ယောက်ကုန်သော ရသေ့တို့သည် ဗြဟ္မာ့ပြည်သို့လားကုန်၏။

[သတ္တနိပါတ်၊ဂန္ဓာရဝဂ်]

## ဝိနည်းကို ရိုသေကြောင်းသစ္စာဆိုသည့် ရဟန်းပျိုတပါး—ဝတ္ထု

သီဟိုဠ်ကျွန်း၌ ဒါယိကာမတယောက်သည် သားတယောက် သမီးတယောက်ဖွားမြင်၍ လင်သေသော် သားကို သာသနာ၌ သွတ်သွင်း၍ ရဟန်းပြု စေ၏၊ သမီးနှင့်တကွ မိမိလည်း ဘိက္ခုနီမ လုပ်လေ၏။

သားလည်း ဝိနည်းသိက္ခာပုဒ်ကို အားထုတ်၍ သင်ကြားသဖြင့် ဆယ်ဝါရသောအခါ အမိသည် ပြင်းစွာသော ရောဂါရောက်၍ သမီးဘိက္ခုနီမငယ်ကို၊ "ချစ်သမီး– သင်သည် မောင့်ထံသွား၍ ဆေးဝါးတောင်းပါချေ" ဟုစေလိုက်၏။

သမီးလည်းအမိစေတိုင်း၊ မောင်ဖြစ်သူဦးပဉ္စင်းထံသွား၍ ရှိခိုးလျက်နေ၏၊ ဦးပဉ္စင်းက၊ "အဘယ်ကြောင့် လာသနည်း"ဟု မေး၏၊ "အမိသည် ရောဂါရောက်၍ ဆေးဝါး တောင်းပါချေစေ၍ လာပါသည်၊" ဟုလျှောက်၏၊ မောင်ဖြစ်သော ဦးပဉ္စင်းက၊ "ငါသည် သိက္ခာပုဒ်တော်ကို သင်ကြားမှတ်သား ရွက်ဆောင်သည်မှစ၍ သိက္ခာပုဒ်ကို လွန်ကျူးကာ တစုံတယောက်သော မာတုဂါမ၌ တပ်သောစိတ်ဖြင့် ကြည့်ဘူးသည်မရှိ၊ ဤသစ္စာအတိုင်း ငါ့မိခင်ကြောကို သုံးသပ်လေ" ဟုမှာလိုက်သည်နှင့် ဘိက္ခုနီမငယ်သည် အမိကြောကို သုံးသပ်လေသော်၊ ဘိက္ခုနီမကြီး၏ အနာရောဂါသည် ပိန်းဖက်ပေါ်မှ ရေသည် လျှောကျလေသကဲ့သို့ လျှောကျပျောက်ပြယ် စင်ကြယ်သန့်ရှင်းလျက် တဆဲ့ငါးနှစ်အရွယ်ကဲ့သို့ ခွန်အားဗလနှင့် ပြည့်စုံလေ၏။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

### တေဒဂ်

ရှင်တော်ဘုရားက ဝိနည်းအရေးတွင် ရှင်ဥပါလိအား ဧတဒဂ်ဘွဲ့ ပေးသနား တော် မူသေသည်။

[အင်္ဂုတ္တိုရ်ဧတဒဂ္ဂ–အစဝင်]

# ၁၀-သုဘာသိတာစ ယာဝါစာ

သုဘာသိတ၊ ယာဝါစ၊ ဆိုကြအပ်သည့်သာ။
[ကောင်းစွာဆိုအပ်သော စကားရှိသော သူ၏အဖြစ်]

## သုဘာသိတ-ဝိဂ္ဂဟ်

ဘာသိယတီတိ ဘာသိတာ။
သုဋ္ဌု ဘာသိတာ သုဘာသိတာ။

ယာဝါစာ–အကြင်စကားကို၊ ဘာသိယတိ–ပြောဆိုအပ်၏၊ ဣတိတသ္မာ–ထိုသို့ပြောဆိုအပ်သည့်၏ အဖြစ်ကြောင့်၊သာဝါစါ-ထိုစကားသည်၊ ဘာသိတာ–ဘာသိတာမည်၏။ သုဋ္ဌု–ကောင်းစွာ၊ ဘာသိတာ–ပြောဆိုအပ်သော စကားတည်း၊သုဘာသိတာ-ကောင်းစွာ ပြောဆိုအပ်သောစကား။

ဝစိယတီတိ ဝါစာ။

ယာဂိရာ–အကြင် အသံကို၊ ဝစိယတိ–မြွက်ဆိုအပ်၏။ ဣတိ တသ္မာ–ထို့ကြောင့်၊ သာဂိရာ–ထိုအသံသည်၊ ဝါစာ-ဝါစာ မည်၏။

[ပါဠိ နိပါတ အဋ္ဌကထာ]

## ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁) သုဘာသိတာတိ သုဘာသိတ ပိယဝါစာ သစ္စာ ဓမ္မာတိ အတ္ထော။

သုဘာသိတာတိ– သုဘာသိတ ဟူသည်ကား၊သုဘာသိတဉ္စ-ကောင်းစွာ ဆိုရခြင်းရင်း၊ ပိယဝါစဉ္စ–ချစ်ဘွယ် ဖြစ်စေရခြင်းရင်း၊ သစ္စဉ္စ–ဟုတ်မှန်ရခြင်းရင်း၊ ဓမ္မဉ္စ–တရားနှင့်ယှဉ်ရခြင်းရင်း၊ ဣတိအယံ–ဤသည်လျှင်၊ အတ္ထော–သုဘာသိတဟူသော ပုဒ်၏ အနက်တည်း၊ ဝါ၊စကားအရာ အင်္ဂါလေးတန်ဟု ဆိုအပ်သော

သုဘာသိတာတပါး၊ ပိယဝါစာတပါး၊ သစ္စာတပါး၊ ဓမ္မတပါး၊ ဤလေးပါးသော စကား၏အနက်တည်း။ ဝါ-စကားတခွန်း ပြောလျှင် ဤလေးပါးသော အင်္ဂါနှင့်ညီအောင် ပြောရမည်။

[မင်္ဂလာဂဏ္ဌိ-၇၆]

(၂) သုဘာသိတာ-ကောင်းစွာပြောဆိုအပ်သော၊ ယာဝါစာ-မှန်စွာ-ချစ်ဘွယ်၊ ဥပါယ်ကျိုးရှိ၊ညီဘိလေးပါး*အကြင်စကားသည်ရင်း၊ *စကားအရာ အင်္ဂါလေးတန်။

[ပရိတ်ကြီးနိဿယ-၃၂]

(၃) သုဘာသိတာ-ဒုဗ္ဘာသိတ်ကို ရိတ်ရိတ်ပယ်ဖြတ် ကောင်းမွန်စွာ ဆိုအပ်သော၊ ယာဝါစာ-သစ္စာ-ဓမ္မ ပိယ သုဘာသိ ဝါဒီ လက်ရာ၊ အင်္ဂါလေးစုံ-ထုံအပ်သော အကြင်စကားသည်၊ အတ္တိ-ရှိ၏၊ သာဝါစာ-အင်္ဂါလေးစုံ ထုံအပ်သော ထိုစကားသည်လည်း ကောင်း။

[မဟာပရိတ်ကြီးနိဿျသစ်-]

(၄) မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာတည်းဟူသော ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်၍ ပြောမှ သုဘာသိတ မင်္ဂလာဖြစ်၏။

[ညောင်ကန်ဆရာတော်]

(၅) သုဘာသိတာ-ကောင်းစွာ ဆိုအပ်သော၊ ယာဝါစာစ-အကြင်ဝစီဒုစရိုက် လေးပါးမှ ကြဉ်သောအင်္ဂါလေးပါးနှင့်ပြည့်စုံသော စကားကောင်းသည် လည်းကောင်း။

[ပရိတ်ကြီးနိဿယ-၃၂]

(၆) သုဘာသိတာ-သုဘာသိတ၊ ပိယဝါစာ၊ သစ္စာ၊ ဓမ္မ၊ အင်လေးဝဖြင့်၊ မျှတညီညာ၊ ကောင်းစွာ ပြောဆိုအပ်သော၊ ယာဝါစာစ-အကြင်သကာ သကြား၊ တင်လဲပျားသို့၊ သူ့နားဥ္ဓ ချိုသာအောင် ပြောဆိုရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ-ငှက်တွင်းဆရာတော်]

(၇) သုဘာသိတာ-ဝစီဒုစရိုက် အကုသိုလ်တရား လေးပါးတို့ကို ရှောင်ကြဉ်၍ တရားနှင့်လျော်စွာ ကြားတိုင်း မြင်တိုင်း သိတိုင်း မယုတ် ဟုတ်မှန်စွာ ပြောဆိုအပ်သော၊ ယာဝါစာဝ-အကြင်စကားကောင်းသည် လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၄]

(၈) အကြောင်းသုံးပါးနှင့် ညီညွတ်အောင် ပြောဆိုခြင်းသည် သုဘာသိတာမည်၏။

## အကြောင်း—၃—ပါး

(၁) နုဒ္ဓာသိတာ—မကောင်းသော စကားလည်း မဖြစ်စေရ။
(၂) အနဝဇ္ဇာဝ—ရာဂအစရှိသော အပြစ်မှလည်း ကင်းခြင်း။
(၃) အနိန္ဒဝဇ္ဇာဝ-ပညာရှိတို့ ကဲ့ရဲ့ခြင်းမှလည်း လွတ်ခြင်း။

[သုတ္တနိပါတ်၊ တတိယဝဂ်၊ သုဘာသိတသုတ်]

(၉) စကားအရာ အင်္ဂါလေးတန်နှင့် ပြောခြင်းသည် သုဘာသိတာမည်၏။

## စကားအရာ—အင်္ဂါလေးတန်

(၁) ကုန်းတိုက်ခြင်းမှ ကင်းသော စကားဖြစ်ရမည်။
(၂) အမြဲန်အဖျင်းမှ ကင်းသော စကားဖြစ်ရမည်။
(၃) ဖရုသဝါစာမှ ကင်းသော စကားဖြစ်ရမည်။
(၄) မုသာဝါဒနှင့် ဆန့်ကျင်သော စကားဖြစ်ရမည်။

[အဋ္ဌနိပါတ်၊ အင်္ဂုတ္တိုရ်၊ သမ္မဟုလသုတ်]

(၁၀) အင်္ဂါလေးပါးနှင့်အညီ ပြောဆိုသော စကားသည် သုဘာသိတာမည်၏။

## အင်္ဂါ-၄-ပါး

(၁) တရားနှင့်ပတ်သက်သော စကားတို့ကိုပြောခြင်း။
(၂) တရားမှကင်းသော စကားတို့ကိုမပြောခြင်း။

(၃) ချစ်ဘွယ်သော စကားတို့ကိုသာ ပြောဆိုခြင်း။
(၄) ဟုတ်မှန်သော စကားတို့ကိုသာ ပြောဆိုခြင်း။
[သုတ္တနိပါတ်၊တတိယဝဂ်၊သုဘာသိတသုတ်]

## စကားအရာအင်္ဂါ-၄-တန်

သုဘာ-ဓမ္မ၊ သုပိယ၊ သစ္စ-ဘာသိတာ။
စတုနိပါတ်၊ အင်လေးရပ်၊ ထုတ်လတ်ပါဠိမှာ။

(၁) သုဘာသိတ– ကံ ကတ္တား၊ ကိရိယာ၊ ကာရကနှင့်ပြည့်စုံခြင်း။
(၂) သုပိယ–ချစ်နှစ်သက်ဘွယ်ရှိခြင်း။
(၃) သစ္စာ–ဖြောင့်မှန်ခြင်း။
(၄) ဓမ္မ–တရားနှင့်ယှဉ်ခြင်း။

[မင်္ဂလာပျို-၄၈]

## တနည်းစကားအရာ အင်္ဂါ-၄-တန်

(၁) ဘာသာ စရိုက် အားလျော်စွာ ဟောပြော အပ်သော သုဘာသိတ၊ ပဌမ အင်္ဂါတပါး။

(၂) ဓမ္မနိယာမတ္တ နိဗ္ဗာန် ပရမတ္ထတရား လေးပါးကို ဟောပြောအပ်သော ဒုတိယအင်္ဂါတပါး။

(၃) သကတ်ခြိမ်လိင်၊သင်္ချာကာရက၊မုချအနက်ငါးပါး ထင်ရှားရှိသော နှစ်မြို့လောက်သော တရားစကားကို ပြောဆိုအပ်သော တတိယအင်္ဂါတပါး။

(၄) သစ္စာလေးပါး ၁၂-ပါး၊ ၁၆-ပါး၊ ၆၄-ပါး တိုင်တိုင် ဟောပြောအပ်သော စတုတ္ထအင်္ဂါတပါး။

## ၎င်းလင်္ကာ

ဘာဝဇ္ဇာဂ၊ သုံးလှူ့ထွန်းချာ၊ စောမြတ်စွာလည်း၊ "သုဘာသိတ၊" "ဓမ္မ"စသား၊"ပိယ" "သစ္စာ"၊ ကျိုးနပ်ရေဟု၊အင်္ဂါလေးတန်၊ ဟောမိန့်ညွှန်၏။

[မဟာသုတကာရီ]

## သုဘာသိတာ ဝါစာ-၅-ရပ်

ကာလ-သစ္စ၊ သုချမ၊ အတ္ထ-နဒုဋ္ဌာ။
ပဥ္စနိပါတ်၊ အင်္ဂါရပ်၊ ထုတ်လတ်ပါဠိမှာ။

(၁) ကာလ–သင့်တင့်သောကာလ၌ ပြောဆိုခြင်း။
(၂) သစ္စ–မှန်ကန်သောစကားကို ပြောဆိုခြင်း
(၃) သုချမ–သိမ်သိမ်မွေ့မွေ့ပြောဆိုခြင်း။
(၄) အတ္ထ–အကျိုးရှိသော စကားကို ပြောဆိုခြင်း။
(၅) နဒုဋ္ဌာ–မကောင်းသော စကားကို မပြောဆိုခြင်း။

[ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်၊ စတုတ္ထပဏ္ဏာသက၊သုဘာသိတသုတ်]

## စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်

(၁) ဟုတ်လည်းမဟုတ်၊ သူလည်းမနှလို၊ အကျိုးလည်း မရှိ။

(၂) ဟုတ်ကားဟုတ်၏၊ သူကားမနှလို၊ အကျိုးလည်းမရှိ။

(၃) ဟုတ်လည်းမဟုတ်၊ အကျိုးလည်းမရှိ၊ သူကားနှလို၏။

(၄) ဟုတ်လည်း ဟုတ်၏၊ သူလည်းနှလို၏၊ အကျိုးကား မရှိ။

(၅) ဟုတ်လည်း ဟုတ်၏၊ အကျိုးလည်းရှိ၏၊ သူကားမနှ လို။

(၆) ဟုတ်လည်း ဟုတ်၏၊ သူလည်းနှလို၏၊ အကျိုးလည်း ရှိ၏။

**မှတ်ရန်**–စကားပြောဆိုရာ၌ (၅)နှင့် (၆)သာပြောဆိုရာ၏၊ ကျန်လေးခွန်းကိုပယ်၏။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ]

## စကားကြီး-၁၀-ခွန်း

(၁) ရေကူးညာတင်–ကြွမ်းထိုးသင်။ ✱
(၂) ကောက်ပင်ရိပ်လှိုး–ဥဗျိုင်းနည်း၊ ✱
(၃) ရေစီးဗေါင်ဆန်–အမတ်ဤာဏ်၊ ✱
(၄) အိုးတန်ဆန်ခပ်–သုဝဏ္ဏသျှံဇာတ်၊ ✱
(၅) ဆိပ္ပတ်ကျည်ပွေ့–ပိန္နဲတွေ့၊ ✱
(၆)–ဆင်ဓွေ့ရန်ရှောင်–ရွှေကျောင်းဆောင်၊ ✱
(၇) တောင်သူရာချတ်–မဟော်ထုတ်၊ ✱
(၈) ကြက်ဆုပ်ခွပ်ပစ်– အမတ်နှစ်၊ ✱
(၉) ရေစစ်ကရား–ယုံတမ်းစကား၊ ✱
(၁၀) ခက်တင်မောင်းနင်း–ရဟန်းမင်း၊ ✱

✱နောက်ဆက်တွဲ စကားများမှာ စကားကြီး (၁၀) ခွန်းနှင့် သက်ဆိုင်သော ဝတ္ထုအညွှန်းတို့ပေတည်း။

## ကောင်းစွာဆိုအပ်သောစကား

(၁) တမေဝ ဝါစံ ဘာ သေယျ၊
ယာ သတ္တာနံ နတာပယေ။
ပရေစ န ဝိဟိံ သေယျ၊
သာ ဝေ ဝါစာ သုဘာသိတာ။

ယာ-အကြင် စကားသည်၊ သတ္တာနံ-သတ္တဝါ တို့ကို၊ နတာပယေ–မပူပန်စေ၊ ပရေစ–သူတပါးတို့ကိုလည်း၊ နဝိဟိံသေယျ–မညှဉ်းဆဲရာ၊ တမေဝဝါစံ-ထိုစကားကိုသာလျှင်၊ ဘာသေယျ-ဆိုရာ၏၊ သာဝါစာ–ထိုစကားသည်၊ ဝေ-စင်စစ်၊ သုဘာသိတာ-ကောင်းစွာဆိုအပ်သော စကားတည်း။

[မင်္ဂလဋ္ဌဒီပနီ-၂၂၈]

(၂)–ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာ
ဝါစာ သုဘာသိတာ ဟောတိ။

ဘိက္ခဝေ-ရဟန်းတို့၊ ပဉ္စဟိ-ငါးပါးကုန်သော၊ အင်္ဂေဟိ-အကြောင်းတို့မှ၊ သမန္နာဂတာ-ကောင်းစွာလာသော၊ ဝါစာ-စကားသည်၊ ဟောတိ-ဖြစ်၏။

(၁) ကာလေန-သင့်တင့်သော ကာလ၌၊ ဘာသိတာစ-ဆိုအပ်သည်လည်း၊ ဟောတိ-ဖြစ်၏။

(၂) ဘာသိတာ–ဆိုအပ်သော စကားသည်၊ သစ္စာစ–မှန်သည်လည်း၊ ဟောတိ-ဖြစ်၏။

(၃) ဘာသိတာ–ဆိုအပ်သောစကားသည်၊ သဏှာစ-သိမ်မွေ့သည်လည်း၊ ဟောတိ-ဖြစ်၏။

(၄) ဘာသိတာ-ဆိုအပ်သောစကားသည်၊အတ္ထသဉ္ဟိတာစ-အကျိုးနှင့်စပ်သည်လည်း၊ ဟောတိ–ဖြစ်၏။

(၅) ဒုဋ္ဌာသိတာ–မကောင်းသဖြင့် ဆိုအပ်သည်လည်း၊ န ဟောတိ-မဖြစ်။

[ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်၊ စတုတ္ထပဏ္ဏာသက၊ သုဘာသိတသုတ်]

(၃)–သုဘာသိတ ဘာသန သဒ်ါတာ
အပိသုဏာ ဝါစာ၊ ဓမ္မဘာသန
သဒ်ါတော အသမ္ဗပ္ပလာပေါ၊
ပိယဘာသန သဒ်ါတာ အဖရု
သဝါစာ၊ သစ္စ ဘာသန သဒ်ါတော
အမုသာဝါဒေါစ။

သုဘာသိတ ဘာသန သဒ်ါတာ-ကောင်းသော စကားကို ဆိုခြင်းဟုဆိုအပ်သော၊ အပိသုဏာဝါစာ-ကုန်းတိုက်ခြင်းမှ ကင်းသော စကားလည်းတပါး၊ ဓမ္မဘာသနသဒ်ါတော-တရားကိုဆိုခြင်းဟု ဆိုအပ်သော၊ အသမ္ဗပ္ပလာပေါ-အပြိန်အဖျင်းကို ဆိုခြင်း

မှုကင်းသော စကားလည်းတပါး၊ ပိယဘာသန သစ္စ ါတာ-ချစ်ဘွယ်ဆိုခြင်းဟု ဆိုအပ်သော၊ အဖရုသဝါစာ-ဖရုသဝါစာမှုကင်းသော စကားလည်းတပါး၊ သစ္စဘာသန သစ္စ ါတော- အမှန်ကိုဆိုခြင်းဟု ဆိုအပ်သော၊ အမုသာ ဝါဒေါစ-မုသာဝါဒ၏ ဆန့်ကျင်ဘက်စကားလည်းတပါး၊ ဉာတိ-ဤသို့၊စတုဟိ-လေးပါးကုန်သော၊ အင်္ဂေဟိ-အစိတ်ဘို့နှင့်၊သမန္နာဂတာ-ပြည့်စုံသော၊ဝါစာ-စကားသည်၊ သုဘာသိတာ-ကောင်းစွာ ဆိုအပ်သော စကားမည်၏။

[ဝစီကမ္မဒွါရကထာဋီကာ]

## ဝစီဒုစရိုက်တို့၏ အပြစ်များကား

(၁)–မုသာဝါဒ၏အပြစ်-၄-ပါး

(က) ငရဲသို့လားစေတတ်၏။
(ခ) တိရစ္ဆာန်အမျိုး၌ဖြစ်စေတတ်၏။
(ဂ) ပြိတ္တာဘုံသို့ရောက်စေတတ်၏။
(ဃ) လူဖြစ်ငြားက မဟုတ် မလျား အစွပ် အစွဲများ ခံရတတ်၏။

(၂)–ကုန်းတိုက်သော စကား၏ အပြစ်-၄-ပါး

(က) ငရဲသို့လားစေတတ်၏။
(ခ) တိရစ္ဆာန်အမျိုး၌ဖြစ်စေတတ်၏။
(ဂ) ပြိတ္တာဘုံသို့ ရောက်စေတတ်၏။
(ဃ) လူဖြစ်ငြားက မိတ်အများနှင့် ကွဲပြားစေတတ်၏။

(၃)–ဖရုသဝါစာ၏အပြစ်-၄-ပါး

(က) ငရဲသို့လားစေတတ်၏။
(ခ) တိရစ္ဆာန်အမျိုး၌ဖြစ်စေတတ်၏။
(ဂ) ပြိတ္တာဘုံသို့ရောက်စေတတ်၏။
(ဃ) လူဖြစ်ငြားက မနှစ်သက်ဘွယ်အသံဖြစ်စေတတ်၏။

(၄)—အပြိန်အဖျင်းကိုပြောခြင်း၏အပြစ်-၄-ပါး

(က) ငရဲသို့လားစေတတ်၏၊

(ခ) တိရစ္ဆာန်အမျိုး၌ဖြစ်စေတတ်၏။

(ဂ) ပြိတ္တာဘုံသို့ရောက်စေတတ်၏။

(ဃ) လူဖြစ်ငြားက မယုံအပ်သော စကားကို ဖြစ်စေ တတ်၏။

## မုသာဝါဒ

မုသားဆိုသောသူသည်ကား ရအပ်ပြီးသော ဥစ္စာမှလည်း ကောင်း၊ ရလတ္တံ့သောဥစ္စာမှလည်းကောင်းယုတ်၏၊ ဆင်းရဲသို့ လည်းရောက်၏၊

[တေရသနိပါတ်၊ အမ္ဗဇာတ်၊ အဋ္ဌကထာ]

## ပိသုဏာဝါဧာ

မကောင်းသဖြင့်ဆိုအပ်သော စကားဟူသော ကုန်းတိုက်သော စကားကိုပယ်၍ ကောင်းစွာဆိုအပ်သော စကားဟူသော ကုန်း တိုက်ခြင်းမှကင်းသောစကားကိုသာလျှင် ဆိုအပ်၏။

[ဓမ္မပဒ]

## ဖရုသဝါဧာ

မနုညမေဝ ဘာသေယျ၊
နာ မနုညံ ကုဒါစနံ။

မနုညမေဝ—နှစ်သက် ဘွယ်သော စကားကိုသာလျှင်၊ ဘာ သေယျ—ဆိုရာ၏၊ အမနုညံ-မနှစ်သက် ဘွယ်သော စကားကို၊ နဘာသေယျ-မဆိုရာ။

[ကနိပါတ်၊တတိယဝဂ်၊နန္ဒိဝိသာလဇာတ်]

## သမ္ဖပ္ပလာပ

တရား မဟုတ်သည်ကို ဆိုခြင်းဟူသော သမ္ဖပ္ပလာပကို ပယ်၍ တရားကိုဆိုခြင်းဟူသော သမ္ဖပ္ပလာပ မဟုတ်သော စကားကိုသာလျှင် ပြောဆိုအပ်၏။

[ကေနိပါတ်၊အင်္ဂုတ္တိုရ်]

## အကျိုးများသောစကား

လှပတင့်တယ် အဆင်းအနံ့ အသွယ်သွယ်နှင့် ပြည့်စုံသော ပန်းကဲ့သို့ ကိုယ်တိုင် လိုက်နာ ကျင့်ကြံလျက် ကောင်းစွာ ဟောပြောအပ်သော စကားသည် အကျိုးများ၏။

[ဓမ္မပဒ-ဂါထာ-၅၂]

## ချစ်ဘွယ်သောစကား

ချစ်ဘွယ်သော စကားကို ဆိုတတ်သောသူ မည်သည် သူတပါးတို့ထက် လွန်စွာလာဘ်ရတတ်၏။

[စတုကနိပါတ်-ဒုတိယဝဂ်-မံသလာဘီဇာတ်]

## သစ္စာစကား

သစ္စာကို ဆိုတတ်သောသူ မည်သည်ကား မိမိအကျိုးကို လည်းကောင်း၊ သူတပါးအကျိုးကိုလည်းကောင်း၊ ဆောင်တတ်၏။

[ဓမ္မပဒ-ကောဓဝဂ်]

## ယဉ်ကျေးသောစကား

ယဉ်ကျေး သိမ်မွေ့သော စကားကို လူတိုင်း ကြားလိုပေ၏၊ ရိုင်းစိုင်းသော စကားကိုမူ လူခပ်သိမ်းတို့ မနှစ်မျှ ကြကြောင်း ထင်ရှားတော့၏၊ ထို့ကြောင့် လူတိုင်းလူတိုင်းတို့သည် တဦးနှင့် တဦးဆက်ဆံကြသည့်အခါ ယဉ်ကျေးသိမ်မွေ့သော စကားဖြင့်

ပြောကြားကြသင့်ပေ၏၊ ယဉ်ကျေးသော စကားကို လူသားပင် မဆိုထားဘိ၊ တိရစ္ဆာန်များပင် ကြားချင်ပေ၏။

[ရှေးပညာရှိ]

## အေးမြသောစကား

ပူသောမီးသည် မြေစိုင်ခဲကို ကြေအောင်မချေနိုင်သော်လည်း အေးသော ရေသည် ချေနိုင်၏၊ထို့အတူပင် ကြမ်းကြုတ်ခက်ထန် သော သူကို ပညာရှိပုဂ္ဂိုလ်သည် ချမ်းကြည်အေးမြသာယာသော စကားဖြင့်သာ နူးညံ့သိမ်မွေ့ခြင်းကို ဖြစ်စေနိုင်၏။

[နီတိစကား]

## ၄င်းလေးဆစ်ချိုး

ရှိန်စော်ပင်ကြီးသော်လည်း၊ မီးတို့၏စွမ်းရည်။ ။မြေစိုင်ကို ကြေနိုင်တတ်ချေဘု၊ ရေမြတ်ကယ် အမွန်ရွှဲ့လျှင်၊ ကြေနပ်ကယ် ကုန်စေမြဲဟု၊ စွဲမှတ်လိုတည်။ ။လူပဏ္ဍိ၊ ကဝိတို့စကားရည်၊ လှဲ့ကြည်တဲ့ရေနဲ့။ ။ကြမ်းကြုတ်ခက်ချော်တဲ့၊ သူမတော်ဖြစ်ပင် ဖြစ်သော်လဲ၊ ချစ်နှစ်ကယ်လွန်သိမ်မွေ့၊ နူးလိမ့်စမြဲ။ ။

[ဓမ္မနီတိချိုး-၁၀၉]

## နူးညံ့သိမ်မွေ့ချမ်းမြေ့သောစကားသည် အမြတ်ဆုံး

သုဘာသိတံ ဥတ္တမ မာဟု သန္တော၊
ဓမ္မံ ဘဏေ နာ ဓမ္မံတံ ဒုတိယံ၊
ပိယံ ဘဏေ နာ ပိယံ တံ တတိယံ၊
သစ္စံ ဘဏေ နာလိကံ တံ စတုတ္ထံ။

သန္တော-ဘုရားစသည့် အလိလိ- သူတော်ကောင်း တို့သည်၊ သုဘာသိတံ-နူးညံ့သိမ်မွေ့ ချမ်းမြေ့ သာယာနာပျော်ဘွယ်သော စကားကို၊ဥတ္တမံ-အမြတ်ဆုံးဟူ၍၊ အာဟု-ကထေန္တိ-မိန့်ဆိုတော် မူကြကုန်၏၊ ဒုတိယံ- နှစ်ကြိမ်မြောက်၊ ယံဝစနံ-အကြင် စကား

သည်၊ ဓမ္မ-တရားနှင့်ညီညွတ်၏၊ တံ၀စနံ-ထိုတရားနှင့် ညီညွတ်သော စကားကိုသာ၊ ဘဏော-ပြောဆိုရာ၏၊ အဓမ္မ-တရားနှင့်မညီညွတ်သော အဓမ္မစကားကို၊ နဘဏေ-မပြောဆိုရာ၊ တတိယံ-သုံးကြိမ်မြောက်၊ ယံ၀စနံ-အကြင်စကားသည်၊ ပိယံ-ချစ်နှစ်သက်ဘွယ်ရှိ၏၊ တံ၀စနံ-ထိုချစ်ခင် နှစ်သက်ဘွယ်ရှိသော စကားကိုသာ၊ ဘဏေ-ပြောဆိုရာ၏၊အပိယံ-သူမုန်းဘွယ်သော စကားကို၊ နဘဏေ-မပြောဆိုရာ၊ စတုတ္ထံ-လေးကြိမ်မြောက်၊ ယံ၀စနံ-အကြင်စကားသည်၊ သစ္စံ-မှန်ကန်၏၊ တံ၀စနံ-ထိုမှန်ကန်သော စကားကိုသာ၊ ဘဏေ-ပြောဆိုရာ၏၊ အလိကံ-မမှန်ကောက်ကျစ်သော စကားကို၊ နဘဏေ-မပြောဆိုရာ။

[၀ဂ်္ဂီသသံယုတ်ပါဠိတော်]

## ပျော့ပျောင်းသောစကား

“ပျော့ပျော့ပျောင်းပျောင်း၊ ပြေပြေပြစ်ပြစ်” ဆိုသောစကားရပ်များမှာ၊ ‘သုဘာသိတာ’ မင်္ဂလာတွင် အကျုံး၀င်သောစကားရပ်များဖြစ်ပေ၏၊ တဦးနှင့်တဦး ပျော့ပျော့ပျောင်းပျောင်း၊ ပြေပြေပြစ်ပြစ်နှင့် ပြောခြင်းကို လူမျိုးမရွေး ဘာသာမရွေးကြိုက်နှစ်သက်ကြ၏။

“အကြမ်းမှုကို၊ အနူနှင့်သာအောင်မြင်ရာ” ဆိုသည့် စကားအတိုင်း တရံတခါတယောက်သောသူက ဒေါသစောင်းမာန်ခက်ထန်စွာနှင့် ပြောနေသည့်အခါ တဘက်သူက အမူအရာအပြောအဆို၊ ပျော့ပျော့ ပျောင်းပျောင်းနှင့် ပြေပြေ ပြစ်ပြစ်ပြောလိုက်လျှင် တဘက်သူမှာ ပျော့ပျောင်း၍လာတတ်ပေ၏။

ပျော့ပျောင်းသောစကားကိုပြောတတ်ပါစေ။

[ပညာရှိ]

## သုဘာသိတာ-မင်္ဂလာစကား

မင်္ဂလာနှင့်ညီအောင် ပြောတတ်ဆိုတတ်ဘို့အရေးမှာ မလွယ်ကူလှပေ၊လူထဲမှာပြောဝံ့ဆိုဝံ့ဘို့ရန်ပင် အတော် ၀န်လေးလှ၏။

ထို့ကြောင့်၊ ကျောင်းများ၌စကားရည်လုပွဲများ၊ ကျင်းပပေး ကြ၏၊ ဗမာပြည် လူငယ်များအစည်းအရုံး (ဗ-လ-စ)ကလည်း၊ ထိုစကားရည်လုပွဲများကျင်းပ၍ပေးကြလေသည်။

အနောက်နိုင်ငံ များတွင် တမင်တကာ ပညာ သဘောနှင့် စကားပြော သင်တန်းများ ဖွင့်ပေးခြင်း၊ တက်ရောက် ခြင်းများ ပြုလုပ်လျက်ရှိလေသည်၊စာအုပ်စာတမ်းများ အသီးသီး ထုတ်ဝေ ၍ ထားလေပြီ။

ခေါင်းဆောင်လုပ်လိုသော ပုဂ္ဂိုလ်တို့၏ အရည်အချင်းတရပ် မှာ စကားပြောကောင်းရမည့် အချက်တရပ်ပေတည်း၊ နောင် တခေတ်တွင် ခေါင်းဆောင်ဖြစ်မည့် ကျောင်းသား များသည် အထူးလေ့လာ ကြိုးစားသင့်ပေ၏။

ရာဇဝင်အစောင်စောင်တွင် ပညာရှင် အပေါင်းတို့မှာ စကား အရာ အင်္ဂါလေးတန် ငါးတန် ခြောက်တန် ဆယ်တန် စသ ဖြင့် သာယာခြင်းစွာ ပြောဆိုနိုင်ခြင်း၊ ပြေပြေပြစ်ပြစ် အထစ် အငေါ့မရှိ ပြောဆိုနိုင်ခြင်း၊ တဘက်သား နားဝင်ချိုအောင် နှစ် ချိုက်အောင် မိမိအလိုသို့ ညွတ်အောင် ပြောဆိုနိုင်ခြင်း၊ ဗဟုသု တပညာ မှတ်လောက်စရာ စကားမျိုးတို့ဖြင့် ပြောဆိုနိုင်ခြင်း၊ ပုံပြင်နိပါတ် တို့ဖြင့် သဒ္ဒါတ္ထကိုက်ညီအောင် ပြောဆိုနိုင်ခြင်း စသော သုဘာသိတာမင်္ဂလာနှင့် ပြည့်စုံကြသည့် အတွက် အထက်တန်းသို့ ဆိုက်ရောက် ကြသည်မှာ အထင်အရှားပင် ဖြစ်ပေ၏။

[ကျမ်းပြုပုဂ္ဂိုလ်]

## ဆုံးမစကားငါးရပ်

၁။ စကားပြောသည့်အခါ လျှာလည်တိုင်းမြူးကွန့်၍ စကား အဖူး အညွန့်တွေမထွက်စေနှင့်။

၂။ လက်တွင်းသို့ ရောက်ပြီးသော ရတနာကို ဘယ်အခါမှ မစွန့်ရ။

၃။ စိတ်ကဲကကြီးသည့် အမူအရာကိုလည်း မျက်နှာမှာမပေါ်စေရ။
၄။ မိမိ၏ကိုယ်ကို ဆူငြေ့ သံကွန်ခြာနှင့်ဖုံး၊ အပြီး မလွယ်စေနှင့်။
၅။ မိမိကိုမြင်လျှင် အထင်များချင် မှားကြပစေ၊ သို့သော်-
ခြင်္သေ့လိုလည်း–မဟောက်နှင့်၊
ယုန်လိုလည်း –မကြောက်နှင့်၊
မြစ်လိုလည်း –မကောက်နှင့်၊
တောင်လိုလည်း-မမောက်နှင့်၊
တွင်းလိုလည်း –မစောက်နှင့်၊

[ ]

## စကားရေးရာ လိမ္မာပါက

ပြစ်ပြစ်ကယ်ပြေပြေ။ ။စကားဆိုလိမ္မာက၊ မှုလိုရာရောက်နိုင်ခြင်း၊ ကြောင်းရင်းဖြစ်ပေ။ ။စကားငံမခြေ၊ ဉာဏ်ပေတဲ့သူမှာတော့။ ။လိုရင်းကြီးကိုင်၊ သို့ ပိုင်ပိုင်ကြံရွယ်လို့၊ ဘယ်ဘယ့်နှယ်ရောက်နိုင်ပမယ်၊ တွေးဆထောက်လော့။ ။

[ဓမ္မနီတိချိုး–၁၁၇]

## လမင်းနေစကြာသို့

ချမ်းမြေ့ပြေစကား၊ ဆိုငြားတဲ့သူမှာ။ ။ခပ်သိမ်းမှုပြေလို့၊ လူ့ပြေမှာမိတ်ခင်ပွန်း၊ ကျွမ်းဖွဲ့များစွာ။ ။ဝါစာဖရုသ်နှင့်၊ ကြမ်းကြုတ်ကယ်ပြုသူမှာ၊ ဆွေသဟာရှိဘူး။ ။သည်အရာ၊ လမင်းနေစကြာသို့၊ ပုံပမာဆောင်ယူပြ၊ များသိကြဦး။

[ဓမ္မနီတိချိုး–၁၁၂]

## တခွန်းပင်ဖြစ်သော်လဲ

ချိန်ခါသင့်မြတ်တွင်၊ မိန့်အပ်တဲ့စကားရည်။ ။တခွန်းပင်ဖြစ်သော်လဲ၊ ချစ်နှစ်ဖွယ်ပြန် မပြောင်း၊ ကောင်းရာဌတည်။

ဆာလောင်ပူအပ်တဲ့၊လူတော်တို့လျှာရည်မှာ၊မကြည်တဲ့ထမင်း၊
သိကြားနတ်စာသို့၊မြတ်ရသာမည်ပျုံဘိ၊ လောကီခေတ်တွင်း။

[ဓမ္မနီတိချိုး–၁၁၄]

## မနေမနား မပြောကြားနှင့်

ကျိုးစစ်ကယ်ထင်ရှားတဲ့၊ စကားပင်ဖြစ်စေကာ။ ။မနားမနေနှင့်၊ တတွေတွေ ရေယဉ်စီးတဲ့နှယ်၊ ပုံကြီးဆိုရာ တတ်ချေကာ၊ လေးမြတ်မဲ့ပါ။ ။ဥပမာ၊ ဆိုသည်သာ သဘော။ ။အကျိုးပင်ရှိသော်လည်း၊ တိုင်းသိဗိုလ်ခြေတို့၊ မြစ်ရေကို လျှစ်လျူကြည့်၊ မင်းမြင်၏လော။

[ဓမ္မနီတိချိုး ၁၁၅]

## ကိုယ်နှင့်မဆိုင် မပြောပိုင်

အတ္တနော အဝိသယမှိ
ပဝိသိတွာန နော ဝဒေ၊
ဝဒေ စေ သကာသဒ္ဒေန၊
ဂရဟိဿန္တိ တံ ဇနာ။

အတ္တနော–မိမိ၏၊ အဝိသယမှိ–အရာမဟုတ်သည်၌၊ ပဝိသိတွာန-ဝင်ရောက်စွက်ဖက်၍၊ နောဝဒေ–မဆိုရာ၊ စေ-အကယ်၍၊ ဝဒေ-ဝင်ရောက်စွက်ဖက်ကာ ပြောခဲ့ငြားအံ့၊ တံ-ထိုပြောသောသူကို၊ ဇနာ-လူအပေါင်းတို့သည်၊ သကာသဒ္ဒေန-မိမိ၏ပြောသောအသံဖြင့်၊ ဂရဟိဿန္တိ-ကဲ့ရဲ့ကြကုန်လတ္တံ့။ ။

[ ]

## ရင်းဆောင်ပုဒ်

ကိုယ်နှင့်မဆိုင်၊ မပိုင်လေရာ၊ ခွင့်ကြုံလာသော်၊ ဝါစာမမြွက်၊ နှုတ်ငြိမ်သက်၍၊ အချက်ကျစွာ၊ နေလိုက်ရာသည်။ ။နှုတ်လျှာပိတ်ဆို့–လုံစေဘို့၊ ။

[ ]

## အသာယာဆုံးသော အသံ

တေးသံ, ဂီတသံ, ကဗျာသံတို့သည် သာယာသော အသံများဖြစ်ကြ၏၊ ထိုအသံများထက် အသာယာဆုံး အသံကား ပညာရှိတို့၏ ကျေးဇူးပြုစေတတ်သော သာယာခြင်းသည့် မှန်သောစကား၏ အသံပေတည်း၊ ထို့ကြောင့် မိမိပြောသော စကားသည် ကျေးဇူးများပါစေ၊ သာယာ ပြေပြစ်ရှိပါစေ၊ မှန်သောစကားလည်း ဖြစ်ပါစေ။

[ ]

## ဆိုရေးရှိက ဆိုအပ်လှ

ဘုရားလူ့ဘ၊ မုနိန္ဒလျက်၊ မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊ မကြားစတောင်း၊ မဆိုကောင်းကို၊ အကြောင်းဆောင်သွေး၊ ဆိုတုံသေး၏၊ ဆိုရေးရှိက၊ ဆိုအပ်လှလျက်၊ ဆိုစများလျား၊ ထားပချေဘိ၊ ငါ့ဝန်ရှိခဲ့၊ ပြီးမိပြီးစေ၊ ဆိုလျှင်းပေအံ့။ ။

[ဘူရိဒတ်ဇာတ်ပေါင်းချုပ်]

## မုန်းဘွယ်စကား မဆိုငြားနှင့်

မနာပမေဝ ဘာသေယျ၊
နာမနာပံ ကုဒါစနံ။ ။

မနာပမေဝ-မုန်းဘွယ်ရှောင်ရှား၊ ချစ်ဘွယ်သော စကားကိုသာလျှင်၊ ဘာသေယျ-ပြောဆိုရာ၏၊ အမနာပံ-မုန်းဘွယ်စင်စစ်၊ မနှစ်သက်ဘွယ်သော စကားကို၊ ကုဒါစနံ-တရံတခါမျှ၊ နဘာသေယျ-မပြောမဆိုရာ။

[ပါဠိတ်ပါဠိတော်]

## အကျိုးမရှိသောစကားမပြောကြားနှင့်

အနတ္ထဝါကျံ ပရမံ တုဏှီ၊
အသန္တိမိတ္တရာ ဧကော၊

သုရူပဒါရေယ ကဏှာယ၊
ဒုရေကလာဘာယ သုက္ခာယ။ ။

အနုတ္တဝါကျံ-အကျိုးမရှိသော စကားကို ပြောဆို၍ နေခြင်းထက်၊ တုဏှိ-စကားမပြော တုဏှိဘော နေခြင်းသည်၊ ပရမံ-မြတ်လှသေး၏၊ အသန္တိမိတ္တရာ-သူတော်မဟုတ် ယုတ်မာသောသူတို့နှင့် ပေါင်းသင်း ဆက်ဆံရခြင်းထက်၊ ဧကော–အဖော်မရှိ တယောက်ထည်း နေရခြင်းသည်၊ ပရမံ-မြတ်သေး၏၊ သုရူပဒါရေယ-လှပတင့်တယ်စွာသော သူတပါး သားမယားကို ကြည့်ရှုခြင်းထက်၊ကဏှာယ-မမြင်လုံးလုံး မျက်လုံးနှစ်ဘက် ကန်း၍နေခြင်းသည်၊ ပရမံ-မြတ်လှသေး၏၊ ဒုရေကလာဘာယ–မကောင်းသဖြင့် ရှာကြံ၍ ရအပ်သော ဥစ္စာပစ္စည်းဖြင့် အသက်မွေးရခြင်းထက်၊ သုက္ခာယ-ငတ်မွတ်ခေါင်းပါး အစာရှား၍ သေရခြင်းသည်၊ ပရမံ-မြတ်လှတော့သည်သာတည်း။

[ ]

## မုသားစကားဆိုမိငြားမူ

မုသားစကား၊ ဆိုမိငြားမူ၊ စကားမပြီ၊ သွားမညီတည့်၊ ပုပ်ညှီပစပ်၊ ချောက်ကပ်ကိုယ်ရေ၊ ဇာနေနောက်၊ပုံယွင်းဖေါက်၏၊ မလျှောက်အာဏာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်။ ။ ရှောင်ကြည်အပြန်–အကျိုးတည်း။ ။

[ဝိသုဒ္ဓါရုံ ဆရာတော်]

## အင်္ဂါလေးပါးနှင့်ညီအောင်ပြောပါ

သုဘာသိတနှင့် ပိယငယ်ဝါစာ။ ။သစ္စံမွှံထည့်၊ ပြည့်၏လေးဖြာ။ ။သည်သန်ျာ အင်္ဂါဟုမှတ်အုံး။ ။စကားစမည်ဆိုက၊ သည်လေးကိုမလွှန်ရအောင်၊ပြောကြလက်သုံး။ ။

[ဓမ္မနီတိချိုး ၁၀၆]

## ဘုရားစသောသူတော်ကောင်းတို့၏စကားသည် အေးချမ်းလှပေ၏

စန္ဒနံ သီတလံ လောကေ၊
တတော စန္ဒိဝ သီတလံ၊
စန္ဒ စန္ဒန သီတမှာ၊
သာဓုဝါကျံ သုဘာသိတံ။ ။

လောကေ-လောက၌၊စန္ဒနံ-စန္ဒကူးသည်၊သီတလံ-ကိုယ်စိတ်နှစ်ဖြာ၊ချမ်းသာအေးမြပါပေ၏၊တတော-ထိုစန္ဒကူးထက်၊ စန္ဒိဝ-လသည်သာလျှင်၊ သီတလံ-အေးမြလှပါ၏၊ စန္ဒစန္ဒနသီတမှာ-စန္ဒကူးနှင့်လ၊အေးမြသည်ထက်၊သုဘာသိတံ- လုံးစုံရှေ့နောက်၊အစဉ်ချောက်၍ကောင်းစွာဆိုအပ်သော၊ သာဓုဝါကျံ- ဘုရားပစ္စေကာဗုဒ္ဓါ ရဟန္တာနှင့် များစွာထောင်သောင်း သူတော်ကောင်းတို့၏စကားသည်၊ သီတလံ- နိဗ္ဗာန်မင်္ဂမိုလ်ကို ရရန်ရောက်ရန်အကြောင်းဖြစ်၍အေးမြလှပါပေ၏။

[လောကနီတိ]

### စကားပုံများ

(၁) နှုတ်ချို-လျှိုတပါး၊
(၂) နှုတ်ချိုပြည်စိုး-လင်ပေါ်မိုး၊
(၃) အချောက်ကောင်းတော့-အထောင်းလွတ်၊
(၄) မုန်းစေလို-ခံတွင်းလက်လေးသစ်၊
ချစ်စေလိုလည်း-ခံတွင်းလက်လေးသစ်။
(၅) ဆိတ်ဆိတ်နေ--ထောင်တန်၊
(၆) စကားများ-အမှားပါ၊
(၇) အပြောနှင့်အဟော-ညီပါစေ၊
(၈) စကားခြောက်ခွန်း၊ လျှို့ထွန်း၊ လေးခွန်းကိုပယ်၊
နှစ်ခွန်းတယ်၊

(၉) စကားစကား ပြောပါများ–စကားထဲကဓာတ်ပြ။
တရားတရား ဟောပါများ–တရားထဲက ပါဠိရ။

(၁၀) စကားဆိုသော်–မကြွမ်းနှင့်။
တရားဆိုသော်–မဆန်းနှင့်။
စကားကြွမ်းလျှင်–မုန်းတတ်သည်။
တရားဆန်းလျှင်–ရှုံးတတ်သည်၊

(၁၁) စကားဆို–တောင်လိုမမောက်နှင့်။
တံတားအို–မြောင်ကိုမရှောက်နှင့်။
စကားဆိုတောင်လိုမောက်က လွန်ကတတ်သည်။
တံတားအိုမြောင်ကိုရှောက်က–ကျိုးတတ်သည်။

(၁) သုဘာသိတ ဝါစာကို ပဋ္ဌပ္ပြန် တမလွန်အားဖြင့် နှစ်ပါးသော လောကနှင့် စီးပွားချမ်းသာကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်–မင်္ဂလာဟူ၍ သိအပ်သတည်း။

[မင်္ဂလာဒီပနီနိဿယ-၁၅၆]

## မင်္ဂလာမည်ပုံ

(၂) ကောင်းသောစကားကို ဆိုခြင်းအစရှိကုန်သော လေးပါးကုန်သော အစိတ်အင်္ဂါတို့နှင့် ယှဉ်သောစကားသည် သုဘာသိတဝါစာမည်၏၊ ထိုကောင်းစွာ ဆိုအပ်သော စကားသည် လောကီ လောကုတ္တရာကို ဆောင်တတ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလတ္ထ ဒီပနီ-၂၄၀]

(၃) စကား အရာ အင်္ဂါလေးတန်နှင့် ပြည့်စုံညီညွတ်အောင် ပညာဖြင့် ဆင်ခြင် စဉ်းစား၍ သတိကို ကြီးမားစွာ ထားလျက် တရားဟောခြင်း စသော စကားကို ပြောဟောကြသည်ရှိသော် သတ္တဝါ ဝေနေယျ အများတို့၏ လောကီစီးပွားချမ်းသာ လော

ကုဋ္ဌာရာ မင်္ဂလိုလ်နိဗ္ဗာန်ချမ်းသာကို ရခြင်း၏ အကြောင်းဖြစ်သော ကြောင့် မင်္ဂလာဟူ၍ ဆိုအပ်၏။ ။

[ဗုဒ္ဓဝါဒ မင်္ဂလာ့ကျမ်း-၁၇၈]

## သုဘာသိတာ-မင်္ဂလာသံပေါက်များ

(က) ၁—ကောင်းသောစကား၊ ဆိုမိပြား၊ တရားထိုက်သက်ရော။
၂—မှန်ကန်ချစ်ဘွယ်၊ ဤလေးသွယ်၊ တကယ်ကျမ်းဂန်လာ။
၃—မင်္ဂလာရှိ၊ ဆိုတုံဘိ၊ ကဝိမြောက်ထိုက်စွာ။

[မင်္ဂလတ္ထ ပုဏ္ဏောဝိသဇ္ဇနာ-၁၈]

(ခ) ၁—သံ-ဗ-ပိ-မု၊ ဤလေးခု၊ ကြည့်ရှုလိုရင်းနေ၁်။
၂—ကောင်းစွာချီပြား၊ ထိုစကား၊ ဆိုပြားပြောလှစ်ပေါ်။
၃—သုဘာသိတာ၊ ယာဝါစာ၊ ထိုခါဖြစ်လိမ့်နေ၁်။
၄—နက်နဲသိမှု၊ ဟောပြောပြု၊ သုဘာသိတခေါ်။
၅—သုဘာသိတ၊ ဖြစ်သည်ပ၊ မချမှတ်ဘို့နေ၁်။

[မင်္ဂလတ္ထ ဒီပက-၁၄]

## မင်္ဂလာပျို့

ဝစီပိညတ်၊ နှုတ်မြွက်တတ်မှု၊ မပြတ်ပြုလော၊ မုဒုကာလ၊ဟိတသစ္စာ၊ သုဘာသိတ၊ ငါးဝစကား၊ အကြောင်းအားဖြင့်၊ အခွင့်သင့်စွာ၊ ပြောဆိုရာ၏၊ ကောင်းစွာဆိုမှ၊ အကောဓနှင့်၊ ရာဂကင်းဘို့၊ ဖြစ်တုံမြဲ့ရှင့် လူတို့ဓမ္မတာ၊ ဆိုမြဲမှာကား၊ သုဘာသိတာ၊ပိယဝါစာ၊ သစ္စာဓမ္မ၊ စကားအရာ၊ အင်္ဂါလေးတန်၊ ဆိုရေးမှန်မှ၊ တတ်ပွန်ဉာဏ်ရှိ၊ လူပညာဟု၊ ကဝိအများ၊ ချီးမြှောက်စားလိမ့်၊ လေးပါးအင်ညီ၊ ဝစီကမ္မ၊ ချောင်ကြဉ်မှလည်း၊ သုဘာသိတာ၊ တနည်းလာ၏၊ တဖြာဆိုရိုး၊ သူ့ကျိုးကိုယ်ကျိုး၊ နှစ်ပါးကျိုးရှု၊ တိုးပွားမှုလည်း၊ သုဘာသိတ၊ ထိုမှတပါး၊ စကားခြောက်ခွန်း၊ လျှင်ထွန်းသည်၊ လေးခွန်းကိုကြဉ်၊ နှစ်ခွန်းယှဉ်ဟု၊ အစဉ်ဥဒါန်း၊ ဆိုစတန်းသား၊နည်းအများနှင့်၊ စကားဆယ်မျိုး၊ အစဉ်ကိုးသည့်၊

ဆိုရိုးတဝ၊မှချဥပစာ၊ ဥပမာ ဥပမေ၊ နှစ်ထွေယင်းမှ၊သဒ္ဒအတ္ထာ၊ ဥပမာကား၊ ထိုနှစ်ပါးမူ၊ အတ္ထူပမာ၊ လေးဖြာမှတ်ယူ၊သဒ္ဒူပမာ၊ ဆဲ့တဖြာတည့်၊ ဥပမာဒေါသ၊ ယင်းမှအပြား၊ ခုနစ်ပါးတည်း၊ဤ နည်းပရိဟာ၊ ကျမ်းဂန်လာသည်။ ။သုဘာသိတာ- မှတ်ကြောင်းတည်း။ ။

[သံတော်ဆင့်မင်း-ဦးကျော်ဓ]

## ဝတ္ထုသက်သေသာဓကများ

၁-ဝိဓုရဇာတ်၌ ဝိဓုရအမတ်ကို ပုဏ္ဏကဘီလူးကမေးသော အခါ သစ္စာဟူသော အင်္ဂါပျက်မည် စိုးသောကြောင့် ပါရမီ ဆယ်ပါးကိုဓိဋ္ဌာန်၍ အမှန်ကိုဆိုလေသည်၊ ဘုရားအလောင်း သူတော်ကောင်းတို့ ဖြေဆိုလျှင် အင်္ဂါလေးပါးတို့နှင့် ညီကြလေ တော့သည်။

[ဝိဓုရဇာတ်]

၂-သုတသောမဇာတ်၌ သုတသောမ မင်းသားက ပေါရိသာဒ ဘီလူးကို"ငါ့ကိုသာလွှတ်ပါ၊ ငါတရားနာ၍ပြီးသည့်ကာလ သင့်အစားကို ငါလာ၍ ခံပါမည်" ဟုဆို၏။

ပေါရိသာဒက "သင်မလာပေဘူး" ဟုဆိုသော် သုတသောမ မင်းသားက သစ္စာကိုအားကိုး၍ဆို၏၊ အဘယ်ကဲ့သို့ဆိုသနည်း ဟူမူ "သမုဒ္ဒရာရေသည် ဖေါက်ပြန်၍ ဂင်္ဂါမြစ်သို့သော်လည်း ပြန်၍စီးရာ၏၊ ငါပြန်၍လာမည်ဆိုသော စကားသည် မလွဲမှန်၏" စသဖြင့် တမာ့ ခွေးတောက် ဘန္ဓုရ သရက်၊ နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီမြေကြီး အာကာသကောင်းကင် သမုဒ္ဒရာရေ၊ ဆင်ပြောင်ကြီး ဂဠုန်ငှက်မင်း ကေသရာဇာ ခြင်္သေ့မင်း နဂါးမင်း နေမင်း လမင်းစသည်တို့ကို အကြောင်းပြု၍ သစ္စာဆို၏၊ ထိုအခါမှ ခွင့်လွှတ်သဖြင့် မင်းသည်သွား၍ တရားနာပြီးမှ သစ္စာမပျက်ပြန်ခဲ့၏၊ ဤဇာတ်တော်ကို ထောက်၍ သူတော်ကောင်းတို့သည် သစ္စာ၌တည်ကြောင်း ထင်ရှား၏။

[အသီတိနိပါတ်]

၃–ဟိမဝန္တာတော၌ ပျော်ပါးနေသော ဝဲဗိုဒ်စရိုက် လေးပါးကို ကြောက်တတ်သည့် ကိန္နရာမိုမ တို့ကိုဘမ်းယူ၍ မဆိုးသည်ကတတ် သိတတ်ကြောင် နှင့် ဗာရာဏသီမင်းအား ပျော်ကောက်ထားဆက်သလေ၏။

မင်းကြီးက ထိုကိန္နရာမိုမအား ကခြင်း သီခြင်းကိုစေခိုင်း၏၊ ကိန္နရာ မိုမတို့သည် ဝဲဗိုဒ်စရိုက်မှ ကြည်အပ်သောအကြောင်းရှိ၍ ဆိတ်ဆိတ် နေလေ၏၊ ထိုအခါမင်းကြီးသည် အမျက်ထွက်၍ သတ်စေခိုင်းလေ၏၊ ယခုမှကာ သုဘာသိတ ယာဝါစာတို့ကိုဆိုထိုက်သော အခါတည်းဟုယူဆ၍ "မြတ်သောမင်းကြီး၊ မကောင်းသဖြင့်ဆိုအပ်ကုန်သော စကား တသိန်းသည် ကောင်းစွာဆိုအပ်သော စကားတခွန်း၏တဆဲ့ခြောက်စိပ်တွင်တစိပ်မျှလည်းမထိုက်၊ ကိန္နရာတို့သည် ရံခါမကောင်းသော စကားကိုဆိုရဘို့ ပင်ပန်းဝန်လေးသည့် အတွက် ဆိတ်ဆိတ်နေခြင်း ဖြစ်ပါသည်၊ မိုက်၍ မဟုတ်ပါဟု လျှောက်ထားမှ မင်းကြီးသဘောကျတော်မူပြီး ကိန္နရာမိုမတို့ကို ရွှေချိုင့်၌နေစေ၍၊ "ဟိမဝန္တာသို့ ဆောင်ပို့လေလော့" ဟုမှဆိုးအား စေလွှတ်လေသတည်း။

[တေရသနိပါတ်–ကက္ကရိယဇာတ်]

၄–ဒီဃာဝုမင်းသား၏ ခမည်းတော် ဒီဃိတိမင်းကြီးကို ဒီဃကောသလ မင်းသည် အဆူးရှိသော ကျိန်နှင့် နှိပ်စက် ညှဉ်းဆဲသော ကာလ မထင်မရှားသော သားဒီဃာဝု မင်းသားငယ်ကို ဆုံးမ၏၊ အဘယ်ကဲ့သို့ ဆုံးမသနည်း ဟူမူ၊ "ချစ်သား၊ ရန်ကိုရန်ချင်း၊ မတုံ့လျှင်းနှင့်၊ ကောင်းကျိုးရ၏၊ တုံ့လျှင်းသသူ၊ အမူယွင်းကွက်၊ အကျိုးပျက်၏၊" ဤကဲ့သို့သော စကားကိုဆို၍ ဆုံးမ၏၊ ဤသို့ဆုံးမသော စကားကို စကားအရာ အင်္ဂါလေးတန်တို့တွင် သုဘာသိတ စကားပင်ဟူ၍ မှတ်ရမည်။

[ပဉ္စနိပါတ် ငါးရာ့ငါးဆယ်ဇာတ်]

၅–ကုရုရဝတီပြည်ကို မဟာကပ္ပိန္နမင်းကြီးနှင့် အနောဇာ မိဖုရားကြီးတို့ စိုးမိုးအုပ်ချုပ် မင်းပြုလုပ်စဉ် သာဝတ္ထိပြည်သား ကုန်သည် ငါးရာတို့သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ၊ သုံးပါးတို့သည် ထူးမြတ်ကြောင်း၊ သုဘာသိတ ဝါစာ ကို လျှောက်ထားကြသည့် အတွက် မင်းကြီးက ရတနာသုံးပါး အတွက် သုံးသိန်း၊ မိဖုရားကြီးက ကိုးသိန်းဆုတော် လာဘ်တော် များ၊ ပေးသနားခြင်း ခံကြရလေ၏။

[ကေနိပါတ် အင်္ဂုတ္တိုရ် ဓမ္မပဒ အဋ္ဌကထာ၌လည်းလာ၏]

အခြားဝတ္ထုများကို ခေါင်းစဉ်နှင့် ကျမ်းကိုးများကိုသာဖော် ပြလိုက်ပါအံ့။

၆–ဝက်ပြိတ္တာဝတ္ထု။

[ဓမ္မပဒ မဂ္ဂဝဂ်]

၇–ကပိလငါးဝတ္ထု။

[ကပိလသုတ်]

၈–နန္ဒိဝိသာလဝတ္ထု။

[ကေနိပါတ် တတိယဝဂ်]

၉–သာရမ္ဘဝတ္ထု။

[ကေနိပါတ် နဝမဝဂ် သာရမ္ဘဇာတ်]

၁၀–သူဌေးသားလေးဦးဝတ္ထု။

[စတုက္ကနိပါတ် ဒုတိယဝဂ် မံသလာဘိဇာတ်]

၁၁–အကာလ ဖလမဏ္ဍရားတတ်သူ၏ဝတ္ထု။

[တေရသနိပါတ် အမ္ဗဇာတ် အဋ္ဌကထာ]

၁၂–ကိန္နရာဝတ္ထု။

[စတုက္ကနိပါတ်လာ တက္ကာရိယဇာတ် အဋ္ဌကထာ]

၁၃–သစ္စာနိသံသကို ပြသောနတ်သမီးဝတ္ထု။

[ဓမ္မပဒ ကောဓဝဂ်]

၁၄–သူဌေးသားသုံးဦးဝတ္ထု။

[တိကနိပါတ် ဒုတိယဝဂ် ပဒုမဇာတ် အဋ္ဌကထာ]

# ၁၁—မာတာပိတုဥပဋ္ဌာနံ

မာတာပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးပါ။
[အမိအဘတို့ကို လုပ်ကျွေး မွေးမြူရခြင်း။]

"ပိတု"ဟု ဉာဒိယာနှင့်မရွတ်သင့်။

[ပရိတ်ကြီးဂဏ္ဌိ-၄၁]

## မာတာပိတု

မာတုစ ပိတုစာတိမာတာပိတု၊
ဥပဋ္ဌာ န တ္တိဥပဋ္ဌာဟာနံ။ ။

မာတုစ-အမိ၏ရင်း၊ ပိတုစ-အဖ၏ရင်း၊ ဣတိ-ထို့ကြောင့်၊ မာတာပိတု-မိဘနှစ်ပါးမည်၏၊ ယံဥပဋ္ဌာနံ-အကြင်ခြေကို ဆေးကြောခြင်းအစရှိသည်တို့ဖြင့် အနီး၌တည်ခြင်းသည်၊ အတ္ထိ-ရှိ၏၊

**တနည်း**—မာတာပိတု- မိဘနှစ်ပါးအား၊ ဝါ-မိဘနှစ်ပါးကို၊ ယံ ဥပဋ္ဌာနံ-အကြင် ခြေဆေးခြင်း စသည်တို့ဖြင့် ကျေးဇူးပြု၍ လုပ်ကျွေးမွေးမြူခြင်းသည်၊ အတ္ထိ-ရှိ၏။(အဓိပ္ပါယတ္ထ ဝိဘာဝနာယောဇနာ)ဥပဋ္ဌာနံ-ခြေကိုဆေးခြင်း အစရှိသည်တို့ဖြင့် အနီး၌တည်ခြင်းသည်၊ ဝါ- ခြေဆေးခြင်းစသည်တို့ဖြင့် ကျေးဇူးပြု၍ လုပ်ကျွေးမွေးမြူခြင်းသည်၊ ဥပဋ္ဌာနတ္တိ ဥပဋ္ဌာနံနာမ- ဥပဋ္ဌာန မည်၏။

[မင်္ဂလာဒီ ဝိနိစ္ဆယ-၁၅၇]

## အနက်သဘောတရားများ

(၁)—မာတာတိ**ဥ**ရံပုတ္တံ မာနေတိတိအတ္ထော။

မာတာတိ-မာတာဟူသည်ကား၊ ဝါ-အမိဟူသည်ကား**ဥ**ရံ-ရင်၌ဖြစ်သော၊ ဝါ-ရင်မှဖြစ်သော၊ ပုတ္တံ-သားငယ်ကို၊ ဝါ-သပြေသွေးဆင် သွင်ပြင်ရုပ်ဝါ ကြင်နာသသဖွယ် သတို့သားငယ်ကို၊

မာနေတိ-မြတ်နိုးတတ်၏၊ ဝါ-ပွေ့ကာပိုက်ဖက် ရင်ခွင်ထက်မှာ အင်္ဂါသုံးသပ် မြတ်နိုးတတ်၏၊ ဣတိအယံ- ဤသည်လျှင်၊ အတ္ထော-မာတာဟူသောပုဒ်၏ အနက်တည်း၊ ဝါ-အမိဟူသော ပုဒ်၏အနက်တည်း။

(၂)–ပိတာတိ ပုတ္တံရက္ခတိ တိအတ္ထော။

ပိတာတိ- ပိတာဟူသည်ကား၊ ပုတ္တံ-သားငယ်ကို၊ ရက္ခတိ- စောင့်တတ်၏၊ ဣတိအယံ-ဤသည်လျှင်၊ အတ္ထော-ပိတာဟူသော ပုဒ်၏အနက်တည်း။

(၃)–ဤအရာ၌ အမိအဘကိုသာဟောခြင်းမှာ ဥပလက္ခဏာ နည်းဟု မှတ်ရမည်၊ အနုလောမ နည်းအားဖြင့်ကား အကို အကြီး အမအကြီး တို့ကိုလည်း အမိအဖအရာ၌တည်သည်ဖြစ်၍ အရှိအသေပင် လုပ်ကျွေး ရမည်၊ သည့်မှတပါး မိကြီးမိထွေး ဘကြီးဘထွေး တို့ကိုလည်း အရှိအသေလုပ်ကျွေးအပ်၏၊

အမိကဲ့သို့အောက်မေ့အပ်သောသူ၊ အကိုအကြီး အမအကြီးကဲ့သို့အောက်မေ့အပ်သောသူ၊ မိကြီးမိထွေး ဘကြီးဘထွေးတို့ကဲ့သို့ အောက်မေ့အပ်သောသူ၊ အရွယ်အားဖြင့်ကြီးသောသူ၊ဂုဏ်အား ဖြင့်ကြီးသောသူ၊ဤသူအပေါင်းတို့ကိုလည်း အရှိအသေလုပ်ကျွေး အပ်၏။

ဂုဏ်အားဖြင့် ကြီးသောသူကို ဆိုရာ၌ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ ရှင်ရသေ့ အတတ်ပညာကိုသင်ပေးတတ်သောဆရာ ဤသူတို့ကိုယူရမည်၊ သီတင်းသီလဆောက်တည်သော ဥပါ သကာ တို့ကိုလည်း ဂုဏ်ရှိသောသူပင်ဟူ၍မှတ်ရမည်။

ဥပဒ္ဒာနအရာ၊ ထုံးသက်သေကိုရှာလျှင်

(၁)–ငါတို့မြတ်စွာဘုရားရှင်ကို ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ၊ အနာထပိဏ်သူဌေးတို့၊ အမြဲပင်လုပ်ကျွေးကြလေသည်။

(၂)–ပစ္စေကငါးရာတို့ကို ရက်ကန်းသည်ငါးရာတို့ အမြဲပင် လုပ်ကျွေးကြလေသည်။

(၃)—ငါတို့မြတ်စွာဘုရား ရွှေလက်ထက် တော်၌ ရဟန္တာ ခြောက်ကျိပ်ကို မာတိကာ ဒါယိကာမကြီး အမြဲပင်လုပ်ကျွေးလေသည်။

(၄)—ကဏှမဏ္ဍလ၊ကဏှဒီပရှင်ရသေ့တို့ကို၊ မဏ္ဍပသူကြွယ်သည်အမြဲပင်လုပ်ကျွေးလေသည်။

(၅)—ဣန္ဒပတ္တနဂိုရ်ပြည်၊ သုတသောမမင်းကို အတတ်ပညာ သင်ဘူးသောဆရာဟုယူမှတ်၍၊အပြည်ပြည်ထောင်သောမင်းတို့ ကလုပ်ကျွေးကြလေသည်။

(၆)—တက္ကသိုလ်ပြည်၊ ဒိသာပါမောက္ခဆရာကြီးကို အတတ် ပညာသင်ပေးတတ်သောဆရာဟူ၍ ငါးရာသော တပည့်တို့အမြဲ ပင်လုပ်ကျွေးကြလေသည်။

(၇)—အတတ်ပညာကိုသင်၍ပေးတတ်သော ငါတို့သမ္ဗောဓိအလောင်းခိုမင်းကို တပည့်ငါးရာတို့အမြဲပင်လုပ်ကျွေးကြလေသည်။

[မင်္ဂလာဂဏ္ဌိ—၇၉—၈၀—၈၁—၈၂—၈၃—၈၄]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) မာတာပိတု-မိခင်ဘခင်တို့ကို၊ ယံဥပဋ္ဌာနဉ္စ-အကြင် နှစ်ဆဲ့ငါးပါးသော အဒိန္နာဒါန်၊ ငါးတန်သောကုန်သွယ်ခြင်း၊ ဤ သုံးဆယ်သော အပြစ်တို့ကိုကြဉ်၍ သူတော်စဉ်တို့၏ အလေ့ကို မပယ် ကုန်သွယ်ခြင်း လယ်လုပ်ခြင်းစသော အမှုကို ပြုသဖြင့် ကောင်းစွာလုပ်ကျွေးရခြင်းသည်ရင်း။

[မင်္ဂလသုတ်ဋီကာ—၆၆]

(၂) မာတာပိတု-အမိအဘကို၊ဥပဋ္ဌာနဉ္စ- မွေးဖွားပိုက်ကြူး၊ ရှေးပြုဘူးသည့်၊ ကျေးဇူးတို့ကို၊အဟိုကမ္ဘာ၊မဆုံးရာဟု၊ကုသိုလ် တရား၊ ပြောကြားတုပ်ကွ၊ ကျွေးမွေးရခြင်းသည်ရင်း။

[မင်္ဂလသုတ်နိဿယ-၁၆]

(၃) မာတာပိတု– ငယ်ရွယ်နုနွဲ့၊ ပြုစုသုတ်သင်၊ ကျေးဇူးရှင်တည့်၊ ပွဲပြင်ခဲ့ဘူး၊ လက်ဦးဆရာ၊ ဗြဟ္မာလည်းဟူ၊ ပူဇော်ထိုက်လှ၊ မိနှင့်ဘကို၊ ဥပဋ္ဌာနဋ္ဌ—ကာလ မရွေး၊ ကျွေးတုံ့ မှုလျက်၊ ဆောင်ရွက်ကိစ္စ၊ မွေးခံထိုက်ပေ၊ လှူမှုဝေ၍၊ တည်စေမျိုးနွယ်၊ ဝတ်ငါးသွယ်တည့်၊ သားဝယ်ရောက်လတ်၊ မပြတ်ဘုတ်ကုတ်၊ ခြေဆုပ်လက်နယ်၊ပိုက်လွယ်ချီပိုး၊ ရေချိုးခြေဆေး၊ပဲ့ည်းပေး၍၊ လုပ်ကျွေးမွေးမြူခြင်းသည်ဝှင်း။

[မင်္ဂလာအလင်း-၇၄]

(၄) မာတာပိတု—အနုဗ္ဗိုဟ်ငါး၊ အဝင်ထားသည့်၊ နှစ်ပါးရှိကြ၊ အမိအဘတို့ကို၊ ဥပဋ္ဌာနဋ္ဌ—ပင်စင်ငြိမ်းစား၊ ကောင်းစွာထား၍၊ ဆပွါးကြည်ညို၊ မေတ္တာပိုလျက်၊ကိုယ်တိုင်ကိုယ်ကြပ်၊ ဝတ်နိဗဒ္ဓဖြင့်၊ မလပ်ဆဲဟောင်း၊ ကျွေးမွေးရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၀]

(၅) မာတာပိတု—ကျေးဇူးကြီးလှ၊မိနှင့်ဘကို၊ ယံဥပဋ္ဌာနဋ္ဌ—နာနာဘဏ္ဍာပစ္စကငါးပါး၊ ဧက ဘဏ္ဍာပစ္စကငါးပါး၊ သာဟတ္ထိက ပစ္စကငါးပါး၊ ပုဗ္ဗပယောဂပစ္စကငါးပါး၊ ထေယျာဝဟာရပစ္စက ငါးပါး၊ ဤ(၂၅)ပါးသောခိုးယူခြင်း၌ အဒိန္နာဒါန်၊သတ္တဝါဏိဇ္ဇာ-လူကုန်၊ သတ္တ ဝါဏိဇ္ဇာ-လက်နက်ကုန်၊ မံသဝါဏိဇ္ဇာ - ဝက်၊ ကြက်၊ ဆိတ်၊ကျွဲ၊ နွားစသော ဟင်းမျိုးကုန်၊ဝိသဝါဏိဇ္ဇာ၊အဆိပ် ဆေးကုန်၊ မဇ္ဇဝါဏိဇ္ဇာ—သေရည်သေရက်ကုန်၊ ဤ (၁၀)သော အပြစ်တို့ကို ကြည့်၍၊ တရားသဖြင့် လယ်လုပ် ကုန်သွယ်၊ ရောင်း ဝယ်အစ၊ ကောင်းသောအမှုကိုပြု၍၊ ကျွေးမွေးရခြင်းသည်လည်း ကောင်း။

[မင်္ဂလဋ္ဌဒီပနီ-၁၈]

(၆) အမိအဘကို လုပ်ကျွေး မွေးမြူခြင်း ဟူရာ၌ သားသ္မီး တို့က မိခင်ဘခင်တို့ကို၊ လုပ်ကျွေးမွေးမြူရပုံကား။ ။ထမင်းဦး ဟင်းဦးဖြင့်လည်းကောင်း၊ရေပူရေချမ်းဖြင့်လည်းကောင်း၊ ပုဆိုး ထမိ၊ အင်္ကျီ၊ ခေါင်းပေါင်းစသော အဝတ်ဖြင့် လည်းကောင်း၊

အိပ်ရာ နေရာဖြင့်လည်းကောင်း၊ အမွေ အကြိုင် လိမ်းကျံခြင်းဖြင့်လည်းကောင်း၊ ရေပူရေချမ်း ချိုးပေးခြင်းဖြင့်လည်းကောင်း၊ ခြေဆေးပေးခြင်းဖြင့်လည်းကောင်း ရှိသေကောင်းမွန်စွာပြုစုရာ၏။ ။ ထိုသို့ပြုစုခြင်းသည် ကျေးမွေးတုံ့ပြုသည်မည်၏။

[မင်္ဂလာအလင်း-၂၅]

## မိဘ၏ကျေးဇူးများ

ဗဟူပကာရာ ဘိက္ခဝေ မာတာပိတရောပုတ္တာနံ။

ဘိက္ခဝေ-ရဟန်းတို့၊ မာတာပိတရော- အမိ အဘတို့သည်၊ ပုတ္တာနံ- သားသမီးတို့အား၊ ဗဟူပကာရာ- ဗဟုဥပကာရာ- များသောကျေးဇူးအထူးရှိကုန်၏။ ။ဟူ၍ သဗ္ဗညုတ ဘုရား ဟောတော်မူသည်။

[မိဘဂုဏ်ရည်-၁]

## သားလိုချင်သောအခါ ဆောင်ရွက်ပုံ

သတ္တနိပါတ် သောဏနန္ဒ ဇာတ်တော်တွင် သားသမီးအလိုရှိသောအမိသည် မည်ကဲ့သို့ အပင်အပန်းအနွမ်းအနယ်ခံ၍ ဆောင်ရွက်ခဲ့ပုံကို ဟောထားတော်မူပေသည်။

[ငါးရာ့ငါးဆယ်သတ္တတိနိပါတ်ဇာတ်ဝတ္ထု-၃၂၄]

## သန္ဓေရှိလာသောအခါ

စွဲလာသန္ဓေ၊ နေသည်ကာလ၊ သားလှချမ်းသာ၊ ရစိမ့်ဌာဟု၊ ပူစာစပ်ခါ၊ မစားတို့ရ၊ ထကြွဖြေးဖြေး၊ ကိုယ်ရေးကိုယ်ထက်၊ ဆယ်ဆတက်၍၊ သက်သက်ကြင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာမြင်ကြောင်း၊ လက်ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊ မျက်နှာမြင်လည်း၊ ရွှေစင်အသား၊ သားယောကျ်ားကို၊ ငါအား မြင်လို၊ ဆုတောင်းဆို၍၊ ညကိုရေချမ်း၊ နံနက်ဆွမ်းနှင့်၊ ဖြန့်မွမ်းတုလွတ်၊ သုံးလူ့နတ်ကို။ ။မိမြတ်ပူဇော်—ကုန်၏တည်း။

[ပုဏ္ဏောဝါဒ]

## ဖွားမြင်ပြီးသောအခါ

ဤသို့သန္ဓေ၊ စွဲလာနေ၍၊ ဆယ်လစေ့သော်၊ ကြွေ့ကြွေ့ဝမ်းသာ၊ မောင့်မျက်နှာကို၊ မာတာမိခင်၊ မြင်ရသောခါ၊ ဥပမာမျိုး၊ ရွှေအိုးပဒေသာ၊ ပေါက်ပေလာသည်၊ ပမာမမျှ၊ မောင့်သားလှကြောင့်၊ ဝသည့်ပီတိ၊ ရှိသည့်ရိုးတွင်း၊ ခြင်ဆီချဉ်းမှု၊ ချစ်မောလှလျက်၊ သန်းပြကြမ်းပိုး၊ မှက်ခြင်မျိုးက၊ ဟုသမျှလည်း၊ ကိုက်ရမဲ့ပါ၊ မောင့်ကိုသာလျှင်၊ ချမ်းသာစိမ့်ကြောင်း၊ သမားကောင်းနှင့်၊ ဆေးကောင်းစာစား၊ ရှောင်ရှားအစာ၊ အိသာကျမ်းတော၊ ရှိစေသောဟု၊ ဆုတောင်းပြုမှု၊ ညောင်ရေစသည်၊ နေ့ညလည်းသွန်း၊ မယ့်ကြမ်းစွန်းသည်။ ။ရွှန်းရွှန်းနေ့တိုင်း–စိုတော့သည်။

[ပုဇ္ဇောဝါဒ]

## ကြီးပြင်းလာသောအခါ

မိဘတံထွာ၊ သားတကာနှင့်၊ တရောနှစ်ကဲ၊ လည်ချင်းနွဲ့လည်း၊ ရောင့်ရဲမထင်၊ စုံမက်ကြင်လျက်၊ ဖြုတ်ခြင်ကိုက်နာ၊ မြူရှိမာမှု၊ ရုံခါတရစ်၊ မဖြစ်စေရက်၊ အသက်ရှည်ကြောင်း၊ ဆုတောင်း ဆုယူ၊ အလှူကောင်းမှု၊ ကိုယ်စားပြုလျက်၊ ဝတ်တုစံပ၊ ဆောင်ရွက်စသား၊ ကုန်ကဖြည့်တင်း၊ ဖြန့်ဖြူးခြင်းဖြင့်၊ မကင်းရေမိုး၊ ဥယျာဉ်ပျိုးသို့၊ မညှိုးမခေါင်၊ ကြီးပြင်းအောင်လျှင်၊ စောင်စောင်ပြတ်ပြတ်၊ ကွပ်ညှပ်ဆုံးမ၊ သင်ပြသသည်။ ။ယေကလက်ဦး–ဆရာတည်း။

[ကိုးခန်းပျို]

## မိဘများသားသမီးတို့ကိုချစ်ခင်ပုံ

သားသည်းခြာရင်အနှစ်ကိုလ၊ ကြင်ချစ်တဲ့မိမယ်၊ မြင်အပြစ်မရှိကွယ်သည်၊ သိစဖွယ်မှတ်သား။ ။မကောင်းလမ်းတားမြစ်ဆိုတယ်၊ သားချစ်ကို ကောင်းဘို့ညွှန်ကြား။ ။ပညာရေး အတတ်သင်တယ်၊ မပြတ်ပင်ကြိုအား၊ မြတ်အရှင် ထံပါး၌၊ အမှန်ထားကြည့်ရှုင်။ ။ ရှိဥစ္စာ အကုန်နှင်းပါလို့၊ ဂုဏ်သတင်း ပြန့်ဘို့မြော်မြင်။ ။ရွှယ်

ရောက်က စိမ်းကားမဝင်တယ်၊ ထိမ်းမြားအင်ပေးစေချစ်ပါလို့၊ မြေးတွေမြစ် ထိမ်းလို့ပျော်ပျော်၊ ငြိမ်းတို့မျှော်ခေါ်။ ။မိဘများ သားသွီးပေါ်မှာ၊ အားကြီးနော်ကြင်ချစ်လို့လေး။

[သူတော်ပြန်တာလန်]

## မိဘတို့စောင့်ရှောက်ကြပုံ

မိဘတို့သည် သူတပါးတို့၏အသက်ကိုသတ်၍လည်းကောင်း၊ မိမိတို့၏ အလုံးစုံသော ဥစ္စာကိုစွန့်၍လည်းကောင်း၊ မိမိသားကို စောင့်ရှောက်တတ်ကုန်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၂၅၀]

## မိဘ—ဂုဏ်ရည်

ထိုသို့ပေါ်ပြခဲ့သော ဂုဏ်ထူးဝိသေသများ ကြီးမားလှသောကြောင့် မိဘတို့မှာ သားသွီးတို့၏—

(၁) ဗြဟ္မာ။
(၂) ပိသုဒ္ဓိနတ်။
(၃) ဒက္ခိဏေယျ။
(၄) အာဟုနေယျက။
(၅) ပါဟုနေယျက။
(၆) ပုဗ္ဗာစရိယ—ဟူ၍

ဆိုပေ၏။

[မိဘဂုဏ်ရည်-၁၂]

## ရင်းလင်္ကာ

သမုတိနတ်၊ ဥပပတ်နှင့်၊ ဝိသုဒ္ဓိနတ်မှာ၊ ပဉ္စာနတ်ယူ၊ မိဘမှုကား၊ နည်းတူအမြတ်၊ အိမ်ဦးနတ်တည့်။ ။အတတ်ပညာ၊ တတ်ကောင်းရာကို၊ ဦးစွာလက်မွန်၊ သင်တန်သမျှ၊ ဩဝါဒဖြင့်၊ ဆုံးမခဲ့ဘူး၊ ထိုကျေးဇူးဖြင့်၊ လက်ဦးဆရာ၊ မည်ထိုက်စွာတည့် ။ ။ မာတာပိတာ၊ မိနှင့်ဘကား၊ သားများကော်ရော်၊ နှောင်ကျိုးမြော်၍၊ ပူဇော်အထူး၊ ခံထိုက်ဦးဘိ၊ ဒက္ခိဏေယျ၊ မည်ထိုက်လှရှင့်။ ။မိဘကျင့်မြတ်၊ ငါးပါးဝတ်ကို၊ မချွတ်စေရ၊ စောင့်ရှောက်ကြသည်။ ။ မိဘကျေးဇူးများပြားတည်း။

[မင်္ဂလာပျို-၅၃]

## ၎င်းသံပေါက်များ

(၁) မြင်းမိုရ်တောင်ဦး၊ အခေါင်ကြူး၊ ကျေးဇူးလွန်များစွာ။
(၂) ပြဟ္မာမင်းသို့၊ ယွင်းမချို၊ သွင်းလိုမှတ်ဘို့ရာ။
(၃) ရှေးဦးနတ်ကြီး၊ အမြတ်မှီး၊ သီးခြားမှတ်သိုက်ပါ။
(၄) သို့စားသို့နေ၊ အထွေထွေ၊ အခြေသင်ပြရာ။
(၅) စုံလင်ဘျန၊ ကုန်စင်ပြ၊ ပထမလက်ဦးဆရာ။
(၆) မြတ်သောအလှူ၊ ခံထိုက်သူ၊ တဆူသွင်းထိုက်စွာ။
(၇) အဂ္ဂိုဏ္ဍရ၊ ထုတ်ခါပြ၊ ပရမ ဒက္ခိဏေယျာ။
(၈) ဝေးရပ်ယူထ၊ လှူဒါန၊ မချခံထိုက်ပါ။
(၉) အာဟုနေယျ၊ ဂုဏ်ရှိထ၊ ပေါဟာပြမြတ်ဘဂဝါ။
(၁၀) သို့စင်ဂုဏ်ရှိ၊ အစုံသိ၊ မွေးမိ ဘပိတာ။

[မင်္ဂလတ္ထဒီပက-၁၆]

## မိဘတို့၏ဂုဏ်ကိုချီးကျူးထားပုံ

(၁) မြင်းမိုရ်တောင်ဦး၊မကာကျူးအောင်၊ကျေးဇူး ကြီးလှ၊မိနှင့်ဘ။
(၂) ကြီးလှဗဟို၊ တောင်မြင်းမိုရ်လည်း၊ ပုံဆိုမရ၊ မွေးမယ်လှ။
(၃) မိနှင့်ဘ၏၊ ကြီးလှကျေးဇူး၊ သင်ပေးဘူးကို၊ အထူးပြပိမ့်၊ နားနာစိမ့်လော့၊ နှစ်သိန့် လေးသောင်း၊ ပေါင်းသည့် ဧပြေ၊ ထုထု ထွေသည်း၊ စိမ်းရွှေထွားထွား၊ဝါးရှက်လားသို့၊ကျယ်များ စကြဝဠာ၊ ကြီးဧရာလည်း၊ အပမှာနဖါး၊ ထွင်း၍လားနှင့်၊ မပြား ပုံဆို၊ တောင်မြင်းမိုရ်လည်း၊ နွားချိုပေါက်စ၊ ပမာကျ၏၊ နက်လှ စွာရှောင်း၊ ရှစ်သောင်း လေထောင်၊ ရေဘောင် ဘောင်နှင့်၊ ထဲချောင်သမုဒ္ဒရာ၊ ရေများစွာသည်၊ ပမာမလောက်၊ မိုးသည်းရေ ပေါက်သို့၊ အံ့လောက်အရာ။—

[ပုဏ္ဏောဝါဒ]

## သားသမီးဝတ် ငါးပါး

မိဘတို့၏ကျေးဇူးကို တုံ့သိတတ်သောအားဖြင့် လုပ်ကျွေး ခြင်း၊ကိစ္စကြီးငယ်ကိုဆောင်ရွက်ခြင်း၊

မျိုးနွယ်စဉ်ဆက်၊ မပျက်တည်စေခြင်း။
အမွေခံထိုက်အောင် ကျင့်ခြင်း။
သေလွန်သော မိဘတို့အား အမှုဝေခြင်း။

## ရှင်းလင်္ကာ

မွေးတုံ့မွေးပြု၊ ဆောင်မှုကြီးငယ်၊ မျိုးနွယ်တည်စေ၊ မွေထိုက်ကျင့်ဟန်၊ သေလွန်ကောင်းမှု၊ ပြု၍ဝေပြား၊ ဤငါးပါးကား၊ သားတို့ ကျင့်ရိုး—ဝတ်ပေတည်း။ ။

[သိင်္ဂါလသုတ်]

## ရှင်းသံပေါက်

၁—ကျွေးမွေးမပျက်၊ အချက်ချက်၊ ဆောင်ရွက်စိမ့်ပါ။
၂—ကောင်းမြတ်မျိုးနွယ်၊ အသွယ်သွယ်၊ မပယ်စောင့်ရှောက်ရာ။
၃—မွေခံသုံးကျ၊ ဆုံးအမ၊ လုံးဝနာယူပါ။
၄—ကွယ်လွန်မိဘ၊ ရှိလေက၊ လှူမျှဝေလေပါ။
၅—ကျင့်ဝတ်ငါးဖြာ၊ လိုက်နာကာ၊ မာတာပိတု ဥပဋ္ဌာနာ။

[မင်္ဂလတ္ထဒီပက—၁၇]

## ရှင်းလင်္ကာသံပေါက်

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ့်၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

## ရှင်းမြန်မာဂါထာ

ကျွေးမွေးမပျက်—ဆောင်ရွက်စိမ့်၊
မျိုးနွယ်စဉ်ဆက်— မပျက်တည်ရန်၊
ပေးဝေအမှု —ဓနမွေခံ၊
ဝတ်ငါးသွယ် —ကျင့်ဘွယ်သားပုတ္တံ။ ။

[သိင်္ဂါလသုတ်]

## မိဘလုပ်ကျွေးနည်း

(၁) ယာဂုထမင်း ခဲဘွယ်စသည် ပေး၍ လုပ်ကျွေးရမည်၊
(၂) အဖျော်ယာမကာ ပေး၍ လုပ်ကျွေးရမည်။
(၃) ဝတ်ဆင်စရာ ထမိတာဘက်၊ ခေါင်းပေါင်းအင်္ကျီ၊ ပုဆိုး ပေး၍ လုပ်ကျွေးရမည်။
(၄) အိပ်စက်စရာ၊ ခုတင် ညောင်စောင်း၊ မွေ့ရာ အခင်း စသည်ပေး၍ လုပ်ကျွေးရမည်။
(၅) မကောင်းသောကိုယ်နံ့ ပျောက်ကင်းအောင် ကောင်း သောအနံ့ရှိသောနံ့သာစသည်တို့ဖြင့် လိမ်းကျံပေးရမည်။
(၆) ဥသောရာသီဥတု၌ရေနွေး၊ ပူသောရာသီဥတု၌ရေအေး ဖြင့် ရေချိုးပေးရမည်။
(၇) ကိုယ်လက်ညောင်းညာ ပျောက်စိမ့်သောငှါ နှိပ်နယ် ပေးရမည်။
(၈) သူတပါးတို့ ပြုအပ်သော ဘေးဥပဒ္ဒဝေါမှ ကာကွယ် စောင့်ရှောက်ရမည်။
(၉) ဖျားနာခေါင်းခဲခြင်းစသောမကျန်းမမာရှိသောအခါဆေး ဝါးမန္တရားဖြင့်ကုစားရမည်။
(၁၀) ရာသီဥတုအားလျော်စွာ ရေပူရေအေးဖြင့် ခြေဆေး ပေးရမည်။
(၁၁) အိပ်ရာဝင်လျှင် အနာကင်းစိမ့်သောငှါ ခြေဘဝါးကို ဆီလိမ်းပေးရမည်။
(၁၂) မိဘဘို့နောက်မှအိပ်ရမည်။
(၁၃) မိဘတို့အိပ်ရာမှမထသေးမီ၊ရှေးဦးစွာအိပ်ရာမှထရမည်၊
[အင်္ဂုတ္တိုရ်]

## မွေးကျေးဇူးဆပ်ပါ

(၁) ယော်ကရှေးဦး၊ ကျွေးမွေးဘူး၊ ကျေးဇူးဆပ်ထိုက်ပါ။
(၂) ကျေးဇူးသိအပ်၊ မရှိလပ်၊ ရိပ္ပသ်ဆင်းရဲရာ။

(၃) ကျေးဇူးဆပ်လေ့၊ မတတ်သေ့၊ ကိုယ်တွေ့ပူဇော်ပါ။
(၄) ဖွတ်ကြောပြာရ၊ ပမာပြု၊ ယခုမွဲလိမ့်မှာ။
(၅) အသရေပျက်၊ အနေခက်၊ အရှက်တွေ့တတ်စွာ။
(၆) ကျွဲနွားဆင်မြင်း၊ သေပျောက်ယွင်း၊ လွန်မင်းပျက်စီးရော။
(၇) ဥယျာဉ်အနှန်းထန်း၊ ညှိုးသုန်မြန်း၊ မလန်းလယ်နှင့်ယာ။
(၈) မကောင်း ကျိုးရောက်၊ ကောင်း ကျိုးပျောက်၊ မျက်မှောက်တွေ့တတ်ရော။
(၉) ကျေးဇူးသိမှ၊ ပြည့်ပြည့်ဝ၊ ရှိကြလွန်ချမ်းသာ။
(၁၀) မကောင်းကျိုးပျောက်၊ ကောင်းကျိုးရောက်၊ ဖြိုးမောက်ထွန်းထိန်ဝါ။
(၁၁) ကြက်သရေတန်ခိုး၊ တက်နေမျိုး၊ တိုးတက်စည်းစိမ်မှာ။
(၁၂) ရန်မူအရှင်း၊ မာန်သူကင်း၊ ဝင်းဝင်းညီးထိန်ဝါ။
(၁၃) ပွဲလမ်းသဘင်၊ ရဲခမ်းဆင်၊ ထင်ထင်ချီးမွမ်းမှာ။
(၁၄) ယခုမျက်မှောက်၊ အထက်ရောက်၊ သက်ပျောက်နတ်ပြည်ရွာ။

[မင်္ဂလတ္ထဒီပနီ—၁၇]

## နိဗ္ဗာန်ဆုတောင်း၍ ကျွေးမွေးပါ

မိဘတို့အား ကျွေးမွေးပေးကမ်း လှူဒါန်းပူဇော်ကြသောအခါ နိဗ္ဗာန် မဂ်ဖိုလ်ကို ဆုတောင်း၍ ကျွေးမွေးပါမှ ပါရမီကုသိုလ်ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်းလည်းဖြစ်သည်၊ ထိုကြောင့်“နှောင်းကားမဂ်ဖိုလ်၊ လိုသားဆုမြတ်၊ ပြည့်လေတတ်၏” ဟု အရှင်မဟာရဋ္ဌသာရစပ်တော်မူလေသည်။

[အနန္တဂုဏဒီပကကျမ်း-၉၃]

## တိရစ္ဆာန်ပင် မိဘကျေးဇူး သိတတ်သေး၏

ဘုရားလောင်းတို့၊ လှဲ့ပြောင်းဘောက်ပြန်၊ တိရစ္ဆာန်ဟု၊ သဏ္ဍာန်ရုပ်မှာ၊ ဖြစ်သောခါလည်း၊ ပညာဇာတိ၊ မွေးကျေးသိ၍၊ မွေးမိခွေးဘ၊ ပြုဘူးကြသည်၊ ။ရှေးကလမ်းဟောင်း–စဉ်လာတည်း။

[သုတမဉ္ဇူ]

## ကျေးဇူးကြီးလှသော မိဘနှစ်ပါးအား လုပ်ကျွေးကြကုန်

(၁) ဆရာမိဘကို မရှိမသေ, မလုပ်ကျွေးလျှင် နောင်အခါ၌ မိမိမှာလည်း တပည့်သားသမီးတို့၏ ရှိသေ,လုပ်ကျွေးခြင်းကို မခံရတတ်၊ ဆရာမိဘကို လုပ်ကျွေးလျှင် နောင်အခါ တပည့်ကောင်း သားသမီးကောင်းတို့၏ အရှိအသေ, အလုပ်အကျွေးကို ခံရမည် ဖြစ်သည်။

[ပညာရှိ]

(၂) မိခင်ဘခင်၊ ကျေးဇူးရှင်ကို၊ ချစ်ခင်မြတ်နိုး၊ ဂုဏ်ပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုဘုပ်ကွလျက်၊ ကြီးထသက်အိုး၊ မျိုးဆွေကိုလည်း၊ ကြည်ညိုညွတ် တိမ်း၊ ပိုက်ထုပ်သိမ်း၍၊ ။ချမ်းငြိမ်းသာယာ–လှစေမင်း။ ။

[လောကသာရပျို-၂၈]

(၃) တတောင်တတွာ၊ ပြန်တရာနှင့်၊ ယူဇနာပေါင်း၊ ရှစ်သောင်း လေးထောင်၊ မြင့်ခြင်းဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီးဘိ သည်၊ မွေးမိဘခင်၊ ကျေးဇူးရှင်က၊ ဆရာစသား၊ ဤသုံးပါးကို၊ ဘုရားတဆူ၊ ဂုဏ်တလုံးသွင်၊ စိတ်ကထင်၍၊ ကြည်လင်ညွတ်တွား၊ အစားအဝတ်၊ မပြတ်ရအောင်၊ မောင်တို့ပေးပေ။ ။ဖျားနာ မေး၍–လုပ်ကျွေးလေ။ ။မရှိမသေ၊ မထေလေးစား၊ မပြုဗြား နှင့်၊ အခါးအချို၊ သူတို့ဆိုလည်း–မျိုတတ်စေ။

[ရှင်မဟာသီလဝံသဆုံးမစာ]

## မိဘကျေးဇူးသည် ဆပ်၍မကုန်

(၁) လူ့ဘုံဌာန၊ ဤလောကဋ္ဌ၊ ဘကိုလက်ျာ၊ မိမှာလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး။

[မဃဒေဝ-၂၄၄]

(၂) အံ့လောက်အရာ၊ မိမာတာနှင့်၊ ပိတာအဖ၊ မြတ်ဂုဏအား၊ ဆပ်ငြားပါလို၊ မိကိုလက်ျာ၊ ဘမှာလက်ဝဲ၊ အမြဲထမ်းလျက်၊ ပခုံးထက်တွင်၊ သို့စဉ်နှစ်ရှ၊ လုပ်ကျွေးကြလည်း၊ ရှေးကပြုဘူး၊ မွေးကျေးဇူးကို၊ အထူးမြဲခိုင်၊ မဆပ်နိုင်တည့်။

[ပုဏ္ဏောဝါဒ]

## မိဘကျေးဇူး- ကျေအောင်ဆပ်နည်း

လောကီအာမိသ တည်းဟူသော ပစ္စည်းဖြင့်ပေး၍ ကျွေးမွေးသော်လည်း မိဘကျေးဇူး မိဘကြွေးမပြေ၊ ဓမ္မာမိသတည်းဟူသော ပစ္စည်းဖြင့် ချေမှပြေမည်။

အကြင်သားသမီးသည် သဒ္ဓါတရားမရှိသော အမိအဘတို့ကို သဒ္ဓါတရားရှိအောင် ပြောဟော၍ သဒ္ဓါတရား၌ တည်စေ၏၊ သီလအကျင့်မရှိသော မိဘတို့ကို သီလအကျင့်၌ တည်စေ၏၊ မလှူရက်ဝန်တိုနှမြောသော အမိအဘတို့ကို လှူဒါန်းစွန့်ကြဲစေ၏၊ အသိပညာမရှိသော မိဘတို့ကို အသိဉာဏ်နှင့် ပြည့်စုံစေ၏၊ ထိုသားသမီးသည် အစကျေးဇူး ပြုသည်လည်းမည်၏၊ မိဘများပြုခဲ့ဘူးသော ကျေးဇူးကိုလည်း တဘန်ပြန်၍ ဆပ်ပေးသည်လည်းမည်၏။

[အင်္ဂုတ္တိုရ်-၃၈]

## ရင်းသံပေါက်များ

(၁) သာရဏ္ဍသမုစ္စယ၊ ထုတ်ခါပြ၊ မုချမှတ်ဘို့ရာ။

(၂) မိဘတို့အား၊ ချိုမမှား၊ တရားဟောမြွက်ပါ၊

(၃) မတည့်သီလ၊ မိန္ဒွင်ဘာ၊ သီလပွါးဘို့ရာ။
(၄) သီလပွါးကြောင်း၊တရားပေါင်း၊ ကောင်းကောင်းဟော မြွက်ပါ။
(၅) မပေးလှူလို၊ မိဘကို၊ ဝန်တိုပျောက်စိမ့်ငှါ။
(၆) ဒါနအကျိုး၊ အမျိုးမျိုး၊ အားကြိုးဟောထိုက်ရှာ။
(၇) အကုမျိုးစစ်၊ ဆိုးအညစ်၊ တိုးလှစ်ဟောထိုက်ပါ။ ၂
(၈) မကောင်းပယ်လှန်၊ ကောင်းနွယ်သန်၊ အမှန်ဖြောင်းဖြပါ။
(၉) ဓမ္မောသဓ၊ ဟောပြောပြ၊ မိဘကိုပြုကာ။
(၁၀) ဓမ္မပဋ္ဌာန်ဆေး၊ သူ့ပြန်ကျွေး၊ ကျေးဇူးဆပ်မည်ပါ။
(၁၁) ဇရေးကကျေးဇူး၊ ကျွေးမွေးဦး၊ အထူးကျေလောက်စွာ။
(၁၂) ဤနည်းသုံးအင်၊ အလုံးပင်၊ တွင်တွင်ပြုအပ်စွာ။
(၁၃) ဥပဋ္ဌာန၊ ပြုပါက၊ မုချမင်္ဂလာ။
(၁၄) မိဘနှစ်တန်၊ ပြုစုဟန်၊ အမှန်မင်္ဂလာ။

[မင်္ဂလတ္ထဒီပက-၁၇]

## ၎င်းလင်္ကာ

နား၀ယ်စိမ့်ငှါ၊ ငါဆရာလျှင်၊ မာတာပိတာ၊ ဂုဏ်ကိုပြ၍၊ ပုတ္တ တို့အား၊ ဆပ်ငြားပိုင်ကြောင်း၊ ဘော်ပြရှောင်းက၊ မကောင်းမိဘ၊ ဓမ္မမတည်၊ မကြည်မညို၊ ဝန်တိုမိစ္ဆာ၊ ပါဏာတိပါတ်၊ ပုတ်ခတ်လုယူ၊ မပြုနှလုံး၊ မသုံးသီလ၊ ဒါနမပွား၊ မသွားကျောင်း ကန်၊ ဟုတ်မှန်လှသား၊ မိဘအားကို၊ တရားစောင့်ရှောက်၊ တော် ဖြောင့်လှစွာ၊ မိစ္ဆာမဘောက်၊ မသောက်သေစာ၊ ပါဏာသူ့ သက်၊ခိုးဖွက်ယူမှု၊ ဤငါးခုကို၊ မပြုနိုင်ဗျာ၊ လှူဒါမပြတ်၊ ပိဋကပါတ် လည်း၊ မလပ်နေ့တိုင်း၊ မရိုင်းကျောင်းကန်၊ အမှန်သွားသွား၊ တရား နာနာ၊ ရတနာသုံးဦး၊ မပြတ်ဖူး၍၊ ကြည်နူးလှစေ၊ ညောင်ရေ လည်း သွန်း၊ ဆီမီးထွန်းလျက်၊ ဆွမ်းကွမ်းလဘက်၊ ရေစက်ချချ၊

လှူဒါန်နှင့်၊ သီလ ဥ ပုသ်၊ ကိုယ်နှုတ်နှလုံး၊ စောင့်သုံးကြပါ၊ မိမာ တာတို့၊ ဤသို့ဆိုတဘ်၊ ထိုသားမြတ်ကို။ ။ဆပ်ဆပ်ကျေးဇူး- ရှိ၏တည်း။

[ပုဇွော၁၀၁]

## မိဘတို့ကို လုပ်ကျွေးခြင်း၏ အကျိုးကျေးဇူးများ

(၁) (၁) ကပ်သုံးပါးကျော်နင်းနိုင်၏။
(၂) ဘီလူးသားရဲမစားနိုင်။
(၃) လှေမှောက်သော်လည်း မသေနိုင်။
(၄) လူကောင်းနတ်ကောင်း ဖြစ်ရ၏။
(၅) ဆုတောင်းတိုင်း ပြည့်စုံ၏။
(၆) မဂ်ဖိုလ်နိဗ္ဗာန်နှင့်နီး၏။

[မိဘဂုဏ်ရည်-၅၉]

(၂) ဘစကားကို၊ ထောင်နားမခွ၊ နာတတ်လှ၍၊ ရာမ လောင်း တော်၊ ခြောက်သောင်း ကျော်အောင်၊ နန်းပေါ်စံစား၊ သက်ရှည် လျား၏။

(၃) မိဘတို့မှာ၊ ကျင့်ကောင်းရာကို၊ ကောင်းစွာမမှား၊ ကျင့် သောအားဖြင့်၊ ပုဏ္ဏားရာမ၊ ကုမ္ဘဝတီ၊ ဒဏ္ဍကီ၏၊ ပရိပြည်လုံး၊ လက်နက်ဖုံးလည်း၊ မဆုံးမပျက်၊ ခြားခဲ့ကွက်၏။

[မဃဒေ၀-၁၇၄]

(၄) ဘုရားရှိယာ၊ထေရ်သဃာမြတ်၊ သူဋ္ဌိနတ်သို့၊မိမြတ်ဘပွား၊ လုပ်ကျွေးငြားမူ၊ များပြားနိသင်၊ အကျိုးထင်၏။

[မင်္ဂလာပျို-၅၂]

(၅) မာတာစောည်၊ ကျေးဇူးကဲသည့်၊ ဘအဲမွေးဘ၊ အနန္တဟာ၊ မျှားစွဲချီကျူး၊ မဝိုင်မြူးဘဲ၊ ဒုံးထူးတုံ့ဆပ်၊ ကျွေးမွေးအပ်ရှင့်၊ ကြွေနပ်စိမ့်ငှါ၊ နှစ်ဖြာမိဘ၊ လုပ်ကျွေးကြမူ၊ ထိုသသူအား၊ သူ

တော်များတို့၊ မြှောက်စားချီးမွမ်း၊ ခံမြတ်တမ်းတည်၊ ကြိုးပမ်းလို့လ၊ ပြုရရသား၊ အကျိုးအာ မူ၊ နှစ်ပါးချမ်းသာ၊ တိုးပွားရာတည့်။

[မင်္ဂလာပျို-၅၅]

(၄) တာယနံ ပါရိစရိယာယ၊
မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊
ပေစ္စသဂ္ဂေ ပမောဒတိ။ ။

မာတာပိတူသု-ကျေးဇူးအရှင်မိခင်ဘခင်တို့၌၊ တာယပါရိစရိယာယ-ထိုဆိုခဲ့ပြီးတုံ၊ အလုံးစုံသော လုပ်ကျွေးနည်းတို့ဖြင့် လုပ်ကျွေးခြင်းကြောင့်၊ နံ-ထိုမိဘလုပ်ကျွေးသော သူကို၊ ဣဓေဝ-မျက်မှောက်ဓိဋ္ဌ ဤဘဝ၌ပင်လျှင်၊ပဏ္ဍိတာ-မာတာပိတုဥပဋ္ဌာန၊ ကျင့်ဝမ္မ၌၊ သိကြညာဏ်ရှိန်၊ သူခမိန်တို့သည်၊ ပသံသန္တိ-ချီးမွမ်းမြှောက်စားပြောကြားကြလေကုန်၏၊ ပေစ္စသဂ္ဂေ-သေပြီးနောင်ခါ ထက်နတ်ရွာ၌၊ပမောဒတိ-မွေ့လျော်ပျော်ပါး ခံစားရလေ၏။

[ဇာတိဝုတ်-အင်္ဂုတ္တိုရ်-သောဏနန္ဒဇာတ်]

(၅)-ယော မာတရံ ပိတရံဝါ၊
မစ္စော ဓမ္မေန ပေါသတိ။
ဒေဝါပိ နံ တိကိစ္ဆန္တိ၊
မာတာ ပေတ္တိဘရံ နရံ။ ။

ယော မာတရံ ပိတရံဝါ၊
မစ္စော ဓမ္မေန ပေါသတိ။
ဣဓေဝ နံ ပသံသန္တိ၊
ပေစ္စ သဂ္ဂေ ပမောဒတိ။ ။

ယောမစ္စော-အကြင်သူသည်၊ မာတရံဝါ-အမိကိုဖြစ်စေ၊ ပိတရံဝါ-အဘကိုဖြစ်စေ၊ ဓမ္မေန-တရားသဖြင့်၊ ပေါသတိ- လုပ်ကျွေးမွေးမြူ၏၊ မာတာပေတ္တိဘရံ-မိဘကိုလုပ်ကျွေးမွေးမြူလေ့ရှိသော၊

နံနရံ-ထိုသူကို၊ဒေဝါပိ-နတ်တို့သည်လည်း၊တိကိစ္ဆန္တိ-ဆေးဝါး စောင်မ ကုသကြလေကုန်၏။ ။ယောမစ္စော-အကြင်သူသည်၊ မာတရံဝါ- အမိကိုရင်း၊ ပိတရံဝါ- အဘကိုရင်း၊ ဓမ္မေန-တရား သဖြင့်၊ပေါသတိ-လုပ်ကျွေးမွေးမြူ၏၊ဣဓေဝ-ဤပစ္စုပ္ပန်ဘဝ၌ပင် လျှင်၊နံ-ထိုမိဘကိုလုပ်ကျွေးမွေးမြူသောသူကို၊ပဏ္ဍိတာ-ပညာရှိ တို့သည်၊ ပသံသန္တိ-ချီးမွမ်းကြလေကုန်၏၊ပေစ္စ-တမလွန်ဘဝ၌၊ သဂ္ဂေ-နတ်ပြည်ခြောက်ထပ်၊ မြင့်မြတ်သောအရပ်၌၊ ပမောဒတိ- ဝမ်းမြောက်ရွှင်ပျော်၊ မွေ့လျော်ရပါ၏။

[သုဝဏ္ဏ-ဇာတ်]

(ဂ)-(က)–မာတာ ပေတ္တိဘရံ ဇန္တုံ၊
ကုလေ ဇေဋ္ဌာပစာယိနံ။
သဏှ သခိလ သမ္ဘာသံ၊
ပေသုဏေ ယျပ္ပဟာယိနံ။ ။

(ခ)–မစ္ဆေရ ဝိနယေ ယုတ္တံ၊
သစ္စံ ကောဓာဘိဘုံ နရံ။
တံ ဝေ ဒေဝါ တာဝတိံသာ၊
အာဟု သပ္ပုရိသော ဣတိ။ ။

မာတာပေတ္တိဘရံ-မိဘတို့ကို လုပ်ကျွေးမွေးမြူ ထသော၊ ကု လေ-အမျိုး၌၊ ဇေဋ္ဌာပစာယိနံ-ကြီးသောသူတို့ကို အရိုအသေပြု လေ့ရှိထသော၊ သဏှသခိလသမ္ဘာသံ- နူးညံ့သိမ်မွေ့၊ ချောမြေ့ ကျစ်လစ်၊ ပြေပြစ်သောစကားလည်းရှိထသော၊ပေသုဏေယျပ္ပ ဟာယိနံ- ချောပစ်ကုန်းတိုက်သောစကားကို ပယ်ရှားထသော၊ မစ္ဆေရ ဝိနယေ-မပေးလိုမကမ်းလို ဝန်တိုခြင်းမစ္ဆေရတရား ကို ဟန့်တားဆုံးမ ပယ်ချဖျက်ဆီးခြင်း၌၊ ယုတ္တံ- ယှဉ်ထသော၊ သစ္စံ-မှန်သောစကားကိုဆိုထသော၊ကောဓာဘိဘုံ-အမျက်ထွက် ခြင်းကိုလည်း နှိမ်နင်းနိုင်ထသော၊ ဇန္တုံ- ဇန္တုဟုဆိုအပ်သော၊

တံနရံ-ထိုသူကို၊ ဝေ-စင်စစ်၊ ဒေဝါတာဝတိံ သာ- တာဝတိံ သာနတ်တို့သည်၊ သပ္ပုရိသောဇ္ဈတိ- သူတော်ကောင်း ဟူ၍၊ အာဟု-ဆိုကြကုန်ပြီ။

[ဓမ္မပဒ]

(၉)—လူ၏ဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘာ၊ ဘုရားစသား၊ထိုမျှမိတ်ချစ်၊ သူတော်စစ်ကို၊မပြစ်မမှား၊သူတို့အားကား-

(က) တပါးရပ်ရွာ၊ သွားစပါလည်း၊ အစာအစား၊ မရှားပါးဘဲ၊ရောက်သွားရာရာ၊ ပူဇော်လာ၏၊

(ခ) ရာဇာစောရ၊ ဒါးမြိုးသူ၊ကလူနိုင်ထက်၊ မနှိပ်စက်ရာ၊

(ဂ) မျက်နှာချစ်ဖွယ်၊ လသဖွယ်နှင့်၊

(ဃ) ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်၊

(င) ကျေးဇူးသတင်း၊ ကျော်ခြင်းရိုးပျံ၊

(စ) ခြိမ်ရံမကွဲ၊ အမြဲမကွေ၊

(ဆ) ကြက်သရေနတ်နှယ်၊ တင့်တယ်ပွင့်လင်း၊

(ဇ) ဆင်မြင်း ကျွန်သား၊ လယ်ယာ များ၍၊ စပါး စံနှံ၊ သီးခွံမပျက်၊

(ဈ) တောင်ထက် ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတုံပါလည်း၊ တည်ရာရငြား၊

(ည)သားနှင့်သမီး၊ဆွေခင်ပင်ကြီးသို့၊ခိုင်ဖြိုးခြေမြစ်၊မြဲမြဲဖြစ်ဟု၊ စင်စစ်မှန်လှ၊ ဟောဖော်ပြသား၊ ဒသမိတ္တ၊ ပူဇနဂါထာ၊ ဤဆယ်ဖြာကို၊ ကောင်းစွာ နားလည်၊ မှတ်သားတည်လော့။

[မဃဒေဝ လင်္ကာသစ်]

(၁၀)—အမိအဘကို လုပ်ကျွေးသော သူမည်သည်ကား တိုင်းနိုင်ငံကိုဖျက်ဆီးအပ်သော်လည်း အန္တရာယ်မှလျှင် လွတ်၏။

သာဓကကား သရဘင်္ဂရသေ့နှင့်ရာမဝတ္ထုကိုကြည့်ရှုပါလေ၊

[ညောင်ကန်မင်္ဂလဒီပနီ-၂၇၇]

(၁၁) ကျင့်ဝတ်တရား၊ ဤငါးပါးဖြင့်၊သားတို့ဘွယ်ရာ၊တတ်ကုန်စွာမူ၊ လူလည်းလူထွန်း၊ လူတော်မှတ်၏၊ နတ်လည်းနတ်လျှောက်၊နတ်ပြည်ခြောက်မျှ၊ချီးမွမ်းကြလိမ့်၊ တွေးဆမျက်မြော်၊ ဘီလူးသော်မှ၊ မချော်မချက်၊ စိတ်မွေ့ညက်၍၊ အသက်မသတ်၊ ဘေးမဲ့လွှတ်၏၊ မလပ်မကော၊ မြစ်လယ်ကြောဝယ်၊သဘော်လှေမှောက်၊ သေဘေးရောက်လည်း၊ချီးမြှောက်နတ်များ၊မ,သောအားဖြင့်၊ထိပါးဥပဒ်၊ဘေးမှလွတ်၏၊ကင်းပြတ်ဗိုညာဉ်၊ခန္ဓာစဉ်လည်း၊ ဖဲကြဉ်အပါယ်၊ လူဝယ်လူထင်၊နတ်တွင်နတ်ကောင်း၊ နှောင်းကားမဂ်ဖိုလ်၊လိုလားဆုမြတ်၊ပြည့်လေတတ်၏၊ အကျွတ်သန်ကြောင်း၊ ဘုရားလောင်းတို့၊ လဲ့ပြောင်းဖေါက်ပြန်၊ တိရစ္ဆာန်ဟု၊သဏ္ဍာန် ယုတ်စွာ၊ ဖြစ်သောခါလည်း၊ ပညာဇာတိ၊ မွေးကျိုးရှိ၍၊ မွေးမိမွေးဘ၊မွေးဘူးကြသည်။ ။ဈေးကာလမ်းဟောင်း-တွင်စွာတည်း။ ။

[စတုဓမ္မသာရကိုးခန်းပျို]

## အမိအဘကို-မလုပ်ကျွေးသူ

အကြင်သူသည် အရွယ်ယွင်းယို၍ အိုမင်းသော မိခင်ကိုရင်း ဘခင်ကိုရင်း ဆည်းကပ် လုပ်ကျွေးခြင်းငှာ စွမ်းနိုင်ပါလျက် မလုပ်မကျွေးဘဲနေအံ့၊သိုသို့မိအိုဘအိုတို့ကိုလုပ်ကျွေးနိုင်ပါလျက် မလုပ်မကျွေးဘဲနေခြင်းသည်ပျက်စီးခြင်း၏အကြောင်းပေတည်း။

[ပရာဘဝသုတ်]

## မိဘနှစ်ပါးမလုပ်ကျွေးကကြီးပွားခြင်းမရှိ

ကျေးဇူးလွန်ဘိ–ဘမိနှစ်ဖြာ။<br>
အိုမင်းလေပြီ –သက်ကြီးဇရာ။<br>
ရှိသေပေးလို့ –မကျွေးသူမှာ။<br>
ကြီးပွားရေး –ကင်းဝေးစင်လို့ကွာ။

[လယ်တီပဏ္ဍိတဦးမောင်ကြီး]

## ငှင်းလေးချိုး

ကျော့မှုဂုဏ် . ဂုဏ်နဲ့ကပ်ပေမို့၊ နိုင်ရန်ပ မလွယ်လို့။ ။ အချစ်စင်ကြွယ်လို့၊အသွယ်သွယ်ကိုယ့်ရင်သွေးကို၊မွေးကြသကို။ မိဘအို၊ပုဂ္ဂိုလ်များခေါင်ထိ။ ။တတ်နိုင်စွမ်းပါလျက်၊ မိုက်ကန်းစွာ မလုပ်ကျွေးခဲ့လျှင်၊ ဘေးတွေ့ပျက်စီး။ ။

[မင်္ဂလာသုံးဆောင်တွဲ-၃၃]

## မဆပ်ပေးက—ကျွေးတင်၏

ပါပတရ၊ ယုတ်မာလှသ၊ ဗာလအတိ၊ မိုက်ခေါင်ထိတို့၊ အမိဟူသည်၊ လူ့ဘ၀ပြည့်၀ယ်၊ နို့ရည်တိုက်ကျွေး၊ ငယ်ကမွေးလျက်၊ နို့ကျွေးတင်ရုံ၊ မဆပ်တုံတည့်။

[မဃဒေ၀လင်္ကာသစ် အပိုဒ်-၂၄၄-]

## မလုပ်ကျွေးက—ငရဲကျ၏

အမိအဘတို့သည် သားသမီးတို့၏ မီးမည်၏၊ ပကတိသော ရန်သူမီးသည် ကောင်းစွာစောင့်ရှောက်လျှင် စောင့်ရှောက်၊ မစောင့်ရှောက်လျှင် ထိုမီးသည်လောင်ကျွမ်းစေတတ်၏၊မိဘတို့ကိုလည်း ရှိသေလုပ်ကျွေး၊စောင့်ရှောက်လျှင် စောင့်ရှောက်၊ မရှိသေမလုပ်ကျွေး၊ မစောင့်ရှောက်လျှင် မိဘ တည်းဟူသော မီးလောင်၍ ငရဲရောက်တတ်၏။

[သဗ္ဗအင်္ဂုတ္တိုရ်]

## နောင်တပူပန်ရတတ်၏

(၁) မိဘနှစ်ပါး၊ ထင်ရှားလည်းရှိ၊ မိမိမှာလည်း၊ လျော်စွာခွင့်လမ်း၊ပြုနိုင်စွမ်းလျက်၊ ပေါ့သွမ်းယွင်းချွတ်၊ သတိလွတ်ကာ၊ ကျင့်၀တ်ပျက်ဘိ၊ မပြုမိက၊ နောင်ကာလ—နောင်တပူပန် ရတတ်သည်။

(၂) လက်ဦးဆရာ၊ ဖြစ်လေပါသား၊ ပိတာဘခင်၊ကျေးဇူးရှင်၏၊သွန်သင်ဆုံးမ၊ဩဝါဒကို၊ ကျနသေချာ၊မလိုက်နာဘဲ၊ ပယ်ခွါလက်လွတ်၊ အကျင့်ချွတ်က၊ နောင်ကာလ–နောင်တ ပူပန်ရတတ်သည်။

[နရဒက္ခဒီပနီ–၃၆၉]

## ခွေးသို့တနဲ

အရွယ်လွန် အိုကုန်ကြ၊ မိန္ဒင့်ဘန္ဒစ်ပါးကို။ ။တတ်နိုင်ပြောပါလျက်၊ဝတ်စားနေရာပေးလိုရယ်၊ကျွေးမှုပြင်ပြို။ ။ဂရုဖြင့် မစိုက်လိုတယ်၊စရိုက်အိုမိုက်မဲ။ ။မိဘကိုမလုပ်ကျွေးလျှင်ဖြင့်၊ အရေးဘယ်ပုံ သာပမယ်၊ မင်္ဂလာသူနဲ့ဝေးပြီမို့၊ခွေးသို့တနဲ။ ။

[ဦးအောင်မိုး၏ ဝသလချိုး–၁၀]

## မိဘကျေးဇူးမဆပ်လျှင် လူယုတ်မာ

အိုမင်းကုန်ကြ–မိဘပြို့ပြင်။
ကျွေးနိုင်သော်လဲ–ရှောင်လွှဲတမင်။
မလုပ်ကျွေးလို–မပေးနေလျှင်။
ဝသလ–မချသူယုတ်ပင်။

[လယ်တီပဏ္ဍိတဦးမောင်ကြီး]

## ကျေးဇူးမတုံ့–ချမ်းသာနံ့၏

တဖြာသိမှု၊ လျစ်လျူရှု၍၊ မပြုရပြား၊ ထိုသည့်သားမှု၊ နှစ်ပါးချမ်းသာ၊ ဆုတ်ယုတ်ရာမှ၊ သေခါငရဲ၊ ခံရမြဲတည့်။

[မင်္ဂလာပျို–၅၄]

## မိဘကို–မရိုသေက

လေးခြည်ဝါမြူး၊ မြင်းမိုရ်ဦးသို့၊ ကျေးဇူးဆဆ၊ ကြီးမြတ်လှသား၊ မိဘဘိုးဘွား၊ သက်ကြီးအားလျှင်၊ ပြစ်မှားကျူးထွေ၊ မရိုသေက၊ သရေမတက်၊ ကိုယ်ရည်ပျက်၏။

[ဩဝါဒထူးပျို]

## မိဘကိုနာကျင်စေသောကြောင့် ဒုက္ခရောက်၏

မိတ္တဝိန္ဒက၊ လူ့ဗာလပင်၊ မွေးမိခင်ကို၊ နာကျင်စေမှု၊ထောင်းထုခြေလက်၊ ရိုက်နှက်ကြောက်ကန်၊ နွတ်လှန်ဆိုဆဲ၊ ကံမိုက်မဲကြောင့်၊ ငရဲမီးလျှက်၊ သင်ရုန့်စက်ကို၊ ထိပ်ထက်ပန်ဆင်၊ ရွှေပန်းသွင်သို့၊ သို့စဉ်စိတ်မှာ၊ ထင်ရစွာ၏၊ ကြမ္မာလည်းမိုက်၊ ဉာဏ်လည်း မိုက်၍၊ လူမိုက်ယောက်ျား၊ ကံဉာဏ်မှားတို့၊ အလားဆို ညစ်၊ ဘဝနစ်သည်။ ။အောဟာစ်—ကျူကျူကျာကျာတည်း။

[မဃဒေဝ-၂၄၃]

## အမိအဘကိုပြစ်မှားသူ

(၁) အမိအဘတို့၌ ပြစ်မှားသောအကျင့်ကိုကျင့်သောသူသည် ဆင်းရဲခြင်းသို့ရောက်၏။

(၂) သားတို့၏ပူဇော်ခြင်းကို ခံထိုက်သောကြောင့် အာဟုနေယျမည်ကုန်သော မိဘတို့အား ပြစ်မှားကုန်သော သားတို့သည် ငရဲအစရှိသည်တို့၌ ဖြစ်ကုန်၏။

[ညောင်ကန်ဆရာတော်]

## အဘကိုသတ်ခြင်း၏အပြစ်

အဇာတသတ်မင်းသည် ဘခင်မိမ္ဗိသာရမင်းကြီးကိုသတ်သည့်အတွက် မျက်မှောက်သော ကိုယ်၏အဖြစ်၌ ရအပ်သော သောတာပတ္တိမဂ်၏ ဉပနိဿယကိုဖြတ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ရောက်၏။

[ဇိနတ္ထပကာသနီ]

## ပျက်စီးခြင်း၏အကြောင်းတည်း

ယော မာတရံဝါ ပိတရံဝါ၊
ဓိတ္တကံ ဂတယောဗ္ဗနံ။
ပဟူသန္တော နဘရတိ၊
တံ ပရာဘဝတော မုခံ။ ။

ယော–အကြင်သူသည်၊ ဂတယောဗ္ဗနံ–ခုနစ်ဆယ်ကျော်၊ အရွယ်လွန်၍၊ ဇိဏ္ဏကံ-ဇရာနှိပ်စက်၊ ကိုယ်လက်လျော့ပါး၊ ကြီးမားရင့်ရော်၊မှည့်ပျော်အိုမင်းသော၊ မာတရံဝါ-မွေးသမိခင်၊ ကျေးဇူးရှင်ကိုလည်းကောင်း၊ ပိတရံဝါ–မွေးသဖခင်ကို လည်းကောင်း၊ ပဟူသန္တော–မွေးမြူခြင်းငှါ၊စွမ်းနိုင်ပါလျက်၊ နဘရတိ–ကျေးဇူးချေပ၊ မေ့ဟာဖုံးလွှမ်း၊ မေတ္တာခန်းလျက်၊ ပေးကမ်းသမှု၊မပြုစု၊ တံ–ထိုကျေးမွေးသမှု၊ မပြုစုခြင်းသည်၊ ပရာဘဝတော-ပျက်စီးခြင်း၏၊ မုခံ–အကြောင်းတည်း။ ။

[ပရာဘဝသုတ်-၆]

## မာတာပိတု ဥပဋ္ဌာန မင်္ဂလာ သံပေါက်များ

မာတာပိတ၊ မိနှင့်ဘ၊ နိစ္စလုပ်ကျွေးရာ။
နိစ္စလုပ်ကျွေး၊ ရှိသေပေး၊ ပြည့်ရေးမင်္ဂလာ။
မိဘကျေးဇူး၊ ဂုဏ်အထူး၊ချီးကျူးမကုန်ပါ။

[မင်္ဂလတ္ထပုဏ္ဏောဝါဒသင်္ဂဟ-၂၀]

အမိအဘ၊ ဒွိနှစ်ဝ၊ ကြည့်ကြအဖြာဖြာ။
ကျေးဇူးအရှင်၊ ရှေးဦးတင်၊ ကြည်လင်မြတ်သဒ္ဓါ။
ရေပူရေချမ်း၊ ထွေထွေကမ်း၊ ဆောင်ထမ်းမှုများစွာ။
အဝတ်အစား၊ လွတ်မထား၊ ညွတ်တွားပူဇော်ပါ။
နေ့အိပ်ဆေးဝါး၊ ပေးလှူငြား၊ များများယုယပါ။
လိုလိုအရေး၊ ထိုထိုပေး၊ မွေးမြူစောင့်ရှောက်ရာ။
ဤသို့သိစွာ၊ ကြည့်ရှုကာ၊ မာတာပိတုဥပဋ္ဌာနာ။

[မင်္ဂလတ္ထဒီပက-၁၆]

## မင်္ဂလာထူး မင်္ဂလာမြတ်

မင်္ဂလာတရား သုံးဆဲ့ရှစ်ပါး တို့တွင် သုံးဆဲ့ ခုနစ်ပါးသော မင်္ဂလာများမှာ လူ့ခပ်သိမ်းနှင့် ဆက်ဆံ၍ မာတာပိတု ဥပဋ္ဌာန မင်္ဂလာသည် အမိအဘရှိသူများနှင့်သာ ဆက်ဆံလေသည်၊ အမိ

အဘရှိသူများသာ ဖြစ်နိုင်လေသည်၊ ယင်းသို့ဖြစ်၍ အမိအဘ ထင်ရှားရှိနိုက်မှာသာ ဖြစ်နိုင်သော မင်္ဂလာထူး မင်္ဂလာမြတ်ကို မိမိသန္တာန်ဝယ် ဘယ်ခါမပြတ် ဖြစ်စိမ့်သောငှါ မိဘတို့ကိုလုပ်ကျွေးကြရလေသည်၊မိဘမရှိသည့် နောက် မင်္ဂလာသုံးဆဲ့ ရှစ်ပါးလုံး ပြည့်စုံစွာ မရနိုင်တော့ပြီ၊သတိရှိကြစေ။ ။ရှေးအခါများကမူ၊ အမိအဘအိမ်ပေါ် ထား၍ အမိရှိသည်၊အဘရှိသည်၊ အမိအဘကို လုပ်ကျွေးရသည်ဟု ပြောဆိုရသည်ကိုပင် မင်္ဂလာရှိသည်ဟု မှတ်ထင်ကြလေသည်။ ။ယခုကာလ အမိအိုအဘအိုများအပေါ်၌ သားသမီးတို့က ငြိုငြင်တတ်ကြလေသည်၊မငြိုငြင်ရ၊မင်္ဂလာကြက်သရေရှိသည်ဟုမှတ်ထင်ကြရမည်။

[မိဘဂုဏ်ရည်–၅၉]

## ဆုံးမစကားများ

(၁) မိဘစိတ်မှာ၊ မကြည်သာ၊ ဘယ်ခါမပြောရ။
[မိဘစိတ်ဆင်းရဲအောင်မပြောဆိုနှင့်။]

(၂) မိဘစိတ်မှာ၊ မကြည်သာ၊ ဘယ်ခါမလုပ်ရ။
[မိဘသဘောမတူသည့်အရာကိုမလုပ်နှင့်။]

(၃) မိဘတိုင်ပင်၊ အလုပ်ခွင်၊ စီစဉ်ပြုလုပ်ရ။
[ကြီးပွားစီးပွားမှုပြုလျှင် မိဘတိုင်ပင်လုပ်။]

(၄) မိဘဥစ္စာ၊မပေးရာ၊ ဘယ်ခါမခိုးရ။
[မိဘမပေးသည်ကို ခိုး၍မယူနှင့်။]

(၅) မိဘမျက်မြင်၊ ရှေ့တွင်ပင်၊ လိုချင်တောင်းယူကြ။

(၆) မိဦးဘဦး၊ ဆရာဦး၊ ခူး၍မစားရ။

(၇) မိဘဆိုဌား၊ ယိုစကား၊ ထိပ်ဖျားတင်ထားကြ။

(၈) တခါဆိုလျှင်၊ အိုအောင်ပင်၊ အစဉ်မှတ်ကုန်ကြ။

(၉) မိဘစကား၊ နားထောင်ငြား၊ ဘေးများကျေပျောက်ရ။

(၁၀) မိဘစကား၊ နားထောင်ငြား၊ သံပြားကျောက်စောင်းကျိုးသော်ပျောင်း၏။

(၁၁) ဖေါက်လွဲတွေဝေ၊ မရှိလေ၍၊ မွေးမေအာဏာ၊ ဖိဆန်ပါမူ၊ သတ္တဝါအရှင်၊ မသေခင်က၊ ငရဲကျ၏၊

[မိဘဂုဏ်ရည်-၆၃]

## အမိအဘသဖွယ် ဆရာသွားတို့ကို လုပ်ကျွေးသော သာဓကများ

(၁) ပုဂံပြည်ကြီး၌ မြူစောထီးမင်းသည် ဆရာရှင်ရသေ့ကို အရိုအသေပြု၍ လုပ်ကျွေးဘူးချေသည်။

(၂) သရေခေတ္တရာပြည်ကြီး၌ ဧတပါးမင်းသည် ငယ်ဆရာဘုန်းတော်ကြီးကို အရိုအသေပြု၍ လုပ်ကျွေးဘူးချေသည်။

(၃) မုတ္တမမြို့ မဂဒူးမင်းသည်လည်း ငယ်ဆရာဘုန်းတော်ကြီးကို အရိုအသေပြု၍ လုပ်ကျွေးဘူးချေသည်။

(၄) တက္ကသိုလ်ပြည်သား ဇနက္က ပုဏ္ဏားသည် အမိကို အရိုအသေပြု၍ လုပ်ကျွေးဘူးချေသည်။

(၅)သုဝဏ္ဏသာမ မင်းသားသည် မျက်မမြင်အမိအဘကို အရိုအသေပြု၍ လုပ်ကျွေးဘူးလေသည်။

(၆) ငါတို့မြတ်စွာဘုရား ရွှေသက်ထက်တော်တွင် မောင်ရင်လူငယ်တယောက်သည်အမိစားတို့အလို၌ ဆွမ်းခံ၍ အမိ၏အညစ်အကြေးတို့ကိုလည်း ဆေးလျှော်သုတ်သင်၍ လုပ်ကျွေးဘူးချေသည်။

[မိဘဂုဏ်ရည်-၇၆]

## အခြားဝတ္ထုသက်သေသာဓကများ
## မိဘလုပ်ကျွေး၍ သေဘေးမှလွတ်သောဝတ္ထုများ

(၁) သုဝဏ္ဏသာမရသေ့ဝတ္ထု။

[ဇာတ်တော်ကြီးဆယ်ဘွဲ့]

(၂) အလိနသတ္တုမင်းဝတ္ထု။

[တိံသနိပါတ်]

(၃) ရာမပုဏ္ဏားဝတ္ထု။

[ပဏ္ဏာသ-အဋ္ဌကထာ]

(၄) မာတုပေါသကဆင်ဖြူတော်ဝတ္ထု၊

[ကောဒသနိပါတ်]

(၅) ရောဟဏမိဂသမင်ဝတ္ထု။

[ဝီသတိနိပါတ်]

(၆) သုတနုဇာတ်။

[သတ္တနိပါတ်-ကုဏ္ဍဝဂ်]

(၇) နန္ဒိယမိဂဇာတ်။

[သတ္တနိပါတ်-အဝါရိယဝဂ်]

(၈) ကေဒါရကျေးမင်းဝတ္ထု။

[ပကိဏ္ဏကနိပါတ်]

(၉) လင်းတ ဝတ္ထု။

[သတ္တနိပါတ်-ကုဏ္ဍဝဂ်]

(၁၀) တနည်း၊လင်းတဝတ္ထု။

[ဒုက-နိပါတ်]

## မိဘကိုလုပ်ကျွေးသောဝတ္ထုများ

(၁) အသာတမန္တဇာတ်။

[ဧကနိပါတ်]

(၂) ကစ္စာနိဇာတ်။

[အဋ္ဌနိပါတ်-ကစ္စာနိဝဂ်]

(၃) တက္ကလဇာတ်။

[ဒသနိပါတ်]

(၄) သောဏနန္ဒဇာတ်။

[သတ္တတိနိပါတ်]

(၅) ဂိဇ္ဈဇာတ်။

[သတ္တနိပါတ်-ကုဏ္ဍဝဂ်]

(၆) ကုန်သည်တယောက်ဝတ္ထု။

[မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ-ဥပါလိသုတ်အဖွင့်]

# ၁၂–ပုဏ္ဏဒါရသာ သဂ်ဟော

မယားသားအား၊ထောက်ပံ့ငြား၊ တပါးမင်္ဂလာ။
[သားမယားကိုသင်္ဂြိုဟ်ထောက်ပံ့ရခြင်း]

## ပုတ္တ ဝိဂြိုဟ်

(က) ပူရတိ တာယ တိတိ ပုတ္တော။

ယောပေါတကော-အကြင်သူငယ်သည်၊ မာတာပိတူနံ- အမိအဘတို့၏၊မနောရထံ-နှလုံးအလိုကို၊ပူရတိ-ပြည့်စေတတ်၏၊တာယတိ-နတ်ရွာ နိဗ္ဗာန်သို့ ရောက်စေတတ်၏၊ (ဝါ)အမှုကြီးငယ်ကို ရွက်ဆောင်တတ်၏၊ ဣတိ-ထို့ကြောင့်၊ သောပေါတကော- ထိုသူငယ်သည်၊ ပုတ္တော-ပုတ္တမည်၏။

(ခ) ပုနပ္ပုန္နံ တုသတိ ပသဝတိ တိ ပုတ္တော။

ယောပေါတကော-အကြင်သူငယ်သည်၊ မာတုသာ-အမိ၏၊ ပုနပ္ပုန္နံ- အဖန်တလဲလဲ၊ တုသတိပသဝတိ-နှလုံးကို ပွါးစေတတ်၏၊ဣတိ-ထို့ကြောင့်၊သောပေါတကော–ထိုသူငယ်သည်၊ပုတ္တော-ပုတ္တမည်၏။

[မင်္ဂလာဂဏ္ဌိ-ဂ၆]

(ဂ) ပေါသိ ယတိတိ ပုတ္တော။

ယောပုတ္တော- အကြင်သားကို၊ မာတာပိတူဟိ-အမိအဘတို့သည်၊ပေါသိယတိ-လုပ်ကျွေးအပ်၏၊ဣတိတသ္မာ-ထိုသို့လုပ်ကျွေးအပ်သော သတ္တိကြောင့်၊ ပုတ္တော–ပုတ္တမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၂]

## ပုတ္တ၏အနက်အဓိပ္ပါယ်

ပုတ္တန္တိ မာတာပိတူနံ မနောရထံ
ပူရတိ တာယ တိတိ အတ္ထော။

ပုတ္တန္တိ–ပုတ္တံဟူသည်ကား၊ယောပေါတကော-အကြင်သူငယ်သည်၊ မာတာပိတူနံ-အမိအဘတို့၏၊ မနောရထံ– နှလုံးအလိုကို၊ ပူရတိ–ပြည့်စေတတ်၏၊ ဝါ–နှစ်သက်စေတတ်၏၊ တာယတိ–အမှုကြီးငယ်ကိုရွက်ဆောင်တတ်၏၊ ဝါ–အပါယ်သို့လားအံ့သော အမိအဘတို့ကို နိဗ္ဗာန်မင်္ဂဖိုလ်သို့ကယ်တင်တတ်၏၊ ဇာတိအယံ-ဤသည်လျှင်၊ အတ္ထော–ပုတ္တဟူသော ပုဒ်၏အနက်တည်း၊ (ဝါ) ချစ်လှိုမဝ၊ ငယ်ကန္တနယ်၊ သတ္တိသားငယ်၏ အနက်တည်း၊(ဝါ)သူငယ်၏ အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၇၅]

## သင်္ဂဟ၏အဓိပ္ပါယ်

သင်္ဂဟောတိ–သင်္ဂဟဟူသည်ကား၊ ပုတ္တဒါရာနံ–သားမယားတို့ကို၊ သင်္ဂဟော–သင်္ဂြိုဟ်ထောက်ပံ့ခြင်းတည်း (ဝါ)ခြေရင်း၌ အလုပ်အကျွေးဖြစ်သော မလိမ်မာသော သားမယားတို့ကို ဝတ်ငါးပါးနှင့်ညီအောင် သွန်သင်ဆုံးမ ပြုသခြင်းတည်း၊ ဇာတိအယံ၊ ဤသည်လျှင်၊ အတ္ထော–သင်္ဂဟောစဟူသော ပုဒ်၏အနက်တည်း၊ (ဝါ)သားမယားတို့ကို ဝတ်ငါးပါးနှင့်ညီအောင် သွန်သင်ဆုံးမ–ပြုသရခြင်းတည်းဟူသောအနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၈၈]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ပုတ္တဒါရသ–ကိုယ်ကြောင့်ဖြစ်ပွါး၊သားမယားနှင့်၊ ကျွန်နွားတစု၊ ဤဝတ္ထုအားလည်း၊ ယောသင်္ဂဟောစ- အကြင်ပေးကမ်းချီးမြှောက်၊ စားသောက်ဝတ်ဆင်၊ သင်္ဂဟ တရားပြုရခြင်းသည်လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၂) ပုတ္တဒါရသ-သွီးနှင့်သား၊ ကြင်မယားကို၊ သင်္ဂဟောစ-သားသွီးဝတ်၊ မယားဝတ်ကို၊မချွတ်စေလို၊မေတ္တာပိုလျက်၊သင်္ဂြိုဟ်ထောက်ပံ့၊ ချီးမြှင့်မစ၊ ပေးကမ်းရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၀]

(၃) ပုတ္တဒါရဿ—သားမယားအား၊ သင်္ဂဟော စ-ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ မနှိပ်စက်ခြင်း၊ ကိုယ်တူပြုခြင်း၊ ကောင်းကျိုးဖြစ်အောင် သဗြိုဟ်ထောက်ပံ့ရခြင်း သည်လည်းကောင်း။

[မင်္ဂလသုတ်နိဿယ-၁၆]

(၄) ပုတ္တဒါရဿ-သင်္ဂဟော စ—ကိုယ်မှဖြစ်ပွါး၊ သွီးသားကို၊ ကျင့်မှားမြစ်ကာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေရင်းနှီး၊ ရွယ်ရောက်ပြီးကာ၊ ဇနီးထိမ်းမြား၊ ဝတ်ငါးပါးတည့်၊ မယားတမူ၊ အိမ်သူမိမယ်၊ လှမျက်ချယ်ကို၊ ချစ်ဖွယ်စကား၊ လေးစားမြွက်ဆို၊ အပိုမယား၊ ပျော်ပါးကင်းရှင်း၊ အိမ်စုံနှင်း၍၊ ဆင်ခြင်းတန်ဆာ၊ ဝတ်ငါးဖြာနှင့်၊ ပေးကာဩဝါဒ၊ ထောက်ပံ့ရခြင်းသည်လည်းကောင်း။

[မင်္ဂလာအလင်း-၇၅]

(၅) ပုတ္တဒါရဿ—သားသွီးမယားအား၊ ယောသင်္ဂဟော စ—အကြင်တတ်အားသမျှလှူဒါန်း ပေးကမ်းစွန့်ကြဲခြင်း၊ ဒါနကိုပြု။ ပဉ္စသီလကိုဆောက်တည်၊ အဋ္ဌင်္ဂသီလ၊ ဒသသီလကိုစောင့်ထိမ်းခြင်းသည် သီလ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သမထ ကမ္မဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းခြင်း၊ နှလုံးသွင်းခြင်းသည် ဘာဝနာ။ မိခင်ဘခင်၊ဆရာ၊ အသက်အရွယ်ကြီးမြတ်သော သူတို့ကို အရိုအသေအလေးအမြတ်ပြုခြင်းသည် အပစာယန။ရတနာသုံးပါး၊ မိခင်ဘခင်ဆရာသမားတို့၏ အမှုကြီးငယ်တို့ကို ရွက်ဆောင်ကူညီ၍ ဝိုင်းဝန်းခြင်းသည် ဝေယျာဝစ္စ။ မိမိပြုခဲ့သော ကုသိုလ်ကောင်းမှု၏ အဘို့ကို သူတပါးတို့အား အမျှဝေခြင်းသည် ပတ္တိဒါန။ သူတပါးတို့ပြုသော ကုသိုလ်ကောင်းမှုကို သာဓုခေါ်ခြင်းသည် ပတ္တာနုမောဒန။ သူတပါးတို့ပြောဟောသော တရားစကားတို့ကိုကောင်းစွာ မှတ်သားရခြင်းသည် ဓမ္မသဝန။ မိမိမှတ်သားမိသော တရားစကားတို့ကို သူတပါးတို့အား ပြောဟောပြသဆုံးမခြင်းသည် ဓမ္မဒေသနာ။ သတ္တဝါတို့ကို ကုသိုလ်အကုသိုလ်

နှစ်ပါးသာလျှင် အယုတ် အလတ် အမြတ် အားဖြင့် ခွဲခြမ်း စိမံဝေဖန်အပ်၏ဟူ၍ ဖြောင့်မတ်စွာယူခြင်းသည် ဒိဋ္ဌိဇုကမ္မ။ ဤသို့ပုညကိရိယာ ဆယ်ပါးကိုသဘြိုဟ်၊ လောကဋ္ဌ ဖြစ်ပွားသော ရွှေငွေဥစ္စာ လယ်ယာကျွဲနွား ဝတ်စားတန်ဆာတို့ဖြင့် ထောက်ပံ့ရခြင်းသည်ဂုဏ်။

[ဆင်ပေါင်ဝဲမင်္ဂလဏ္ဍဒီပနီ၂၀]

(၆) ပုဏ္ဏဒါရသ-ရင်သွေးရင်နှစ်၊ ချစ်၍မပြီး၊ သားသွီးနှင့်၊ ဇနီးသက်ထား၊ ချစ်မယားအား၊ သင်္ဂဟာစ-မိဘ၏ဝတ်၊ လင်၏ဝတ်ကို၊ မချွတ်စေရန်၊ကိုယ်တန် ထိုက်လျောက်၊ ပစ္စည်း ထောက်၍၊ချီးမြှောက်သဘြိုဟ်ရခြင်းသည်ဂုဏ်။

[မဟာပရိတ်တော်ကြီးနိသျသစ်၂၆]

## သားကောင်းသားမြတ်များ

အပါယဂမနေ မာတာပိတရော ပုတ္တော
ဓမ္မေန ဒမေတွာ သုဂတိံ ယာတိ။

အပါယဂမနေ- အပါယ်သို့လားအံ့သော၊ မာတာပိတရော-အမိအဘတို့ကို၊ ပုတ္တော–သားငယ်သည်၊ (ဝါ)အဝဇာတ၊အတိဇာတ၊ အနုဇာတဟုဆိုအပ်သော သုံးယောက်သောသားတို့တွင် အတိဇာတသားငယ်သည်၊ ဓမ္မေန-တရားသဖြင့်၊ (ဝါ)တရားနှင့်အညီ၊ဒမေတွာ-ဆုံးမ၍၊ သုဂတိံ-သုဂတိဘဝသို့၊ (ဝါ)နတ်ပြည်သို့၊ ယာတိ-ရောက်စေတတ်၏။

[မင်္ဂလာဂဏ္ဍီ-၈၅]

(၁) သုမနအမည် ရှိသော မထေရ်သည် ပြိတ္တာဖြစ်ကြသော အမိအဘတို့ကို ဆုံးမ၍ နတ်ပြည်သို့ရောက်စေသည်။

(၂) လက်ျာတော်ရံ ရှင်မဟာသာရိပုတ္တရာ မထေရ်သည် ပရိနိဗ္ဗာန်ပြုအံ့သောအခါကာလသို့ရောက်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်သော မယ်တော်ကို ဆုံးမ၍ အကျွတ်တရားရစေသည်။

(၃) ငါတို့၏ သမ္ဘောဓိ အလောင်းအလျာ သူငယ်သည် မိမိ အဘိုးအေကို အဘက သတ်မည်ပြုရာ မသတ်ရ လေအောင် ပရိယာယ် ဝေဝုစ်တို့ဖြင့် ဉာဏ်ဆင်ကာ အဘကို ပြောပြပြီးလျှင် တရား၌တည်ကြည်စေသည်ဖြစ်၍ နတ်ရွာသို့ရောက်လေသည်။

(၄) ငါတို့သမ္ဘောဓိအလောင်းသည် သမင်အမျိုး၌ ဖြစ်သော ကာလ မယ်တော် ခမည်းတော် ဆွေတော်မျိုးတော်ဖြစ်သောသမင် အပေါင်းကို တရားဓမ္မဟောပြ၍ ဥပေါသထသီလကို ဆောက် တည်ပြီး သီလနှင့်ပြည့်စုံသဖြင့် စုတေသည်၏အခြားမဲ့၌ နတ်ပြည် သို့ရောက်ကြကုန်၏။

(၅) တေမိမင်းသားသည် မယ်တော်ဖြစ်သော မင်းမိဖုရား တို့ကို တရားသဖြင့်ဟောပြော၍ ရသေ့ပြုစေ၏၊ထိုရသေ့တို့သည် ကသိုဏ်းပရိကံကိုအားထုတ်၍ လောကီဈာန်ကို ရကြလေသည်၊ ထိုရသေ့တို့သည် ဈာန်ကို မယုတ်စေမူ၍ စုတိ စိတ်အခြားမဲ့၌ ဗြဟ္မာပြည်သို့ ရောက်ကြလေကုန်၏၊ ထိုမင်းသားကို အတိ ဇာတ မင်းသားဟုမှတ်ရမည်။

(၆) ဂေါတမရှင်တော်သည် ဘုရားဖြစ်သည့် ကာလတွင် ကပိလဝတ်ပြည်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို တရားသ ဖြင့်ဆုံးမ၍ သောတာပတ္တိဖိုလ်၌တည်စေသည်။

အတိဇာတသားသည် အမိအဘတို့ထက်လွန်၍ ကျင့်သည် ဟုမှတ်ရမည်၊ ဟတ္ထိပါလဇာတ်ကိုထောက်၍ သိစရာရှိသည်။

အနုဇာတသားသည် အမိအဘတို့၏ အကျင့်ကို လိုက်၍ ကျင့်သည်ဟုမှတ်ရမည်။

အဝဇာတသားသည် အမိအဘတို့အောက်ယုတ်၍ ကျင့်သည် ဟုမှတ်ရမည်။

[မင်္ဂလာဂဏ္ဌိ၇၃]

## သားသမီးနှစ်မျိုး

သားကောင်းသမီးကောင်းသည် ပျားပိတုန်းနှင့်တူ၍ သားဆိုးသမီးဆိုးမှာ ပုဇွန်နှင့်တူလေသည်၊ ပျားပိတုန်းတို့သည် ကြာပင်ကို မဖျက်ဆီးဘဲ ကြာပန်းဝတ်ရည်တို့ကိုသာ ယူတတ်၏၊ပုဇွန်တို့မှာမူ ကြာပင်ကို အပင်ရင်းမှ ကိုက်ဖြတ်၍ပစ်တတ်ကြ၏၊ ထို့အတူပင် သားကောင်းသမီးကောင်းတို့သည် မိဘတို့၏ အမွေအနှစ်ဖြင့် မိဘဂုဏ်ကိုမပျက်စေဘဲ ဂုဏ်တက်သည်ထက်တက်အောင် ဆောင်ရွက်လေ့ရှိပြီး သားဆိုးသမီးဆိုးတို့မှာမူ မိဘ၏အမွေအနှစ်ဖြင့် မိဘဂုဏ်ကိုပြန်၍ ပျက်စီးခြင်းပြုတတ်လေသည်။

[ပရိတ်ကြီးဂဏ္ဍိ-၃၂]

## သားသမီးသုံးမျိုး

(၁) အနဇာတ၀ါသိက–တပည့်ဖြစ်သောသား။
(၂) ဒိန္နက–သူတပါးတို့ပေးသောသား။
(၃) အတြဇ–မိမိကိုစွဲ၍ဖြစ်သောသား။

[တိံသနိပါတ်ပဏ္ဏာရက်ဇာတ်]

## သားသမီးလေးမျိုး

(၁) အတြဇ–မိမိကိုစွဲ၍ဖြစ်သောသား။
(၂) ခေတြဇ–အိပ်ယာအပြင် ပလ္လင်ရင်ခွင် အစရှိသည်တို့၌ ဖြစ်သောသား။
(၃) အနဇာတ၀ါသိက-အတတ်သင်သောသား။
(၄) ဒိန္နက-မွေးစားစိမ့်သောငှါပေးသောသား။

[ဧကနိပါတ်-ကဏှာရိယဇာတ်]

## တနည်းလေးမျိုး

(၁) အနဇာတ၀ါသိက-တပည့်ဖြစ်သောသား။
(၂) ပရဒိန္န-သူတပါးတို့ ပေးသောသား။

(၃) ခေတ္တဇ-အိပ်ရာအပြင်၊ ပလ္လင်ရင်ခွင် အစရှိသည်၌ ဖြစ်သောသား။

(၄) ကိတ္တိမ-ကျော်ကြားစေ၍ မွေးစားသောသား။

## ရင်းတနည်း ပျိုလက်ာ

မိဘတို့ထက်၊ အသိနက်ကို၊ ခဲခက်တတ်ပွန်၊ လိမ္မာလွန်ဘိ၊ အ တိဇာတ၊ မိဘတို့နှင့်၊ အခွင့်တူမျှ၊ အနုဇာတ၊ မိဘတို့အောက်၊ တရားပေါက်၍၊ နောက်ကျယုတ်စွ၊ အဝဇာတ၊ ပြားထသည်းဖျား၊ ယင်းသုံးပါးတွင်၊ ထက်သားနှစ်ရပ်၊ ချီးမွမ်းအပ်ရှင့်၊ အောက်ထပ် သားကို၊ များလူမိုက်တို့၊ အလိုမရှိ၊ ဤသို့သိလျက်၊ အထက်သား ဦး၊ ထိုနှစ်ဦးလျှင်၊ မိုးကောင်းကင်ဝယ်၊ တိမ်စင်ငွေလ၊ စန္ဒရ သည်၊ ထွန်းပရောင်မြတ်၊ တင့်တယ်လတ်သို့၊ ပရိသတ်လယ်၊ မြတ်နိုးဘွယ်တည့်၊ ထိုဝယ်တထွေ၊ အင္ဂေဝါသိက၊ စသည့်လေး ပါး၊ သားအပြားပင်၊ မှတ်စေချင်သည့်၊ ဤတွင်သားလှ–သည်း ချာတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဧ]

## မိဘဝတ်ငါးပါး

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေး ဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင် "ဘခင်" မယ်"တို့ တာ။

## ရင်းမြန်မာဂါထာ

မကောင်းတားမြစ်-ညွှန်လစ်ကောင်းရာ။
အတတ်သင်ခြင်း-နှီးရင်းဥစ္စာ။
အရွယ်ရောက်ငြား-ထိမ်းမြားမင်္ဂလာ။
ဝတ်ငါးအင်-ဘခင်မယ်တို့တာ။

## ရင်းလက်ာ

မိဘတို့အား၊ သားတို့ဍ္ဍဝယ်၊ ပြုဘွယ်အကြောင်း၊ မကောင်းကိုကြဉ်၊ ကောင်းရာယှဉ်၍၊ သင်သည်အတတ်၊ လျောက်ပတ်သူအား၊ ထိမ်းမြားထိုက်ပေ၊ အမွေဥစ္စာ၊ လျော်စွာပေးငြား၊ ငါးပါးသည်။ ။နှစ်ပါးမိဘ-ကျင့်ဓမ္မ။

[ဂီဟိဝိနယဆုံးမစာ]

## ပုတ္တသင်္ဂဟသံပေါက်များ

(၁) ပုတ္တပါဠိ၊ စာအရှိ၊ သိလေသွိုးနှင့်သား။
(၂) ချီမြှင့်ခြင်းပ၊ သင်္ဂဟ၊ တင်ပြနည်းငါးပါး။
(၃) မိဘတို့က၊ မချိုရ၊ ပြုမည့်ဝတ္တရား။
(၄) မကောင်းတားလေ၊ ကောင်းပွားစေ၊ ထွေထွေတတ်သင်ကြား။
(၅) အချိန်ဆောင်လျက်၊ အိမ်ထောင်ဖက်၊ နွယ်ရှာပေးထိမ်းမြား။
(၆) ရင်းနှီးစေကြောင်း၊အခြေလောင်း၊ ကောင်းကောင်းပေးသနား။
(၇) ဤသို့ငါးချ၊ တရားစု ၊ပြုလေမိဘများ။
(၈) ပုတ္တသင်္ဂဟ၊ မင်္ဂလာ၊ တင်ပြဤတရား။

[မင်္ဂလတ္ထဒီပက-၁၉]

## သားသမီးမကောင်းမိဘခေါင်း

သားသမီးတို့၏ လိမ္မာကျွမ်းကျင်မှုသည် မိဘတို့လက်တွင်း၌ နှင့်၏၊ သားသမီး မကောင်းလျှင် မိဘတို့အပေါ် မှာသာ အပြစ်တင်လေ့ရှိကြပေသည်၊ ဥပမာ- ကျွန်းသားကိုအရုပ်ထုလုပ်ရာ၌ အရုပ်မကောင်းလျှင် ကျွန်းသားကိုအပြစ်မတင်ဘဲ ထုလုပ်သောပန်းပုသမားကိုသာ အပြစ်တင်သကဲ့သို့တည်း။

## သားသမီးဆုံးမနည်း

မွေးဖွားသည့်မှစ၍ ငါးနှစ်ထိ သားသမီးကို လူကလေး၊ လုံမကလေးစသဖြင့် ချော့မော့ဆုံးမရာ၏၊ ခြောက်နှစ်မှဆယ်နှစ်ရွယ်ရှိသားသမီးကို ချောက်တန်ချောက်၊ ရိုက်တန်ရိုက်ရာ၏၊ ဆဲ့တနှစ်မှဆဲ့ခြောက်နှစ်ရွယ်ရှိ သားသမီးကိုမူ မိတ်ဆွေကဲ့သို့ပြုမူ၍ လိမ္မာရာလိမ္မာကြောင်း နည်းလမ်းကောင်းတို့ကို ပြောပြသွန်သင်ကာ ဖြောင်းဖြောင်းဖြဖြ ဆုံးမရာ၏။

[စာဏကျနီတိ]

## ပန်ထွာမင်းသမီးအား ဆုံးမစကားများ

(၁) တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ပါစေနှင့်။
(၂) လူဟောင်းကိုပယ်ရှား၍ လူသစ်ကိုဂရုမစိုက်ပါနှင့်။
(၃) ယုံကြည်လွယ်သော သဘောကို လက်ခံမထားနှင့်။
(၄) ရှေးဟောင်းကိုပစ်၍ အသစ်ကိုမလိုက်စားနှင့်။
(၅) ကိုယ်ပိုင်ဉာဏ်မရှိလျှင် အထူးမကြံစည်နှင့်။
(၆) မဖြစ်နိုင်သော အနာဂတ်အရေးကို အတွေးကြီးမနေနှင့်။

## နေဦးယသူဌေးကြီးက သမီးဝိသာခါအားမှာကြားလိုက်သော အချက်ကြီး–၁၀–ချက်

(၁) အတွင်းမီးကို အပြင်မထုတ်နှင့်။
[ယောက္ခမများ၏ ကျေးဇူးမဲ့ကို သူတပါးအား မပြောနှင့်]
(၂) အပြင်မီးကိုသည်း အတွင်းသို့မသွင်းနှင့်။
[အခြားသူများ၏ ကျေးဇူးမဲ့ကိုလည်းမပြောနှင့်။]
(၃) ပေးဘူးသောသူအား ပေးလေ။
[မိမိဥစ္စာကိုငှါးရမ်း၍ ပေးဆပ်လာသော သူအား သာလျှင်ပေးရမည်]

(၄) မပေးလာသောသူအား မပေးနှင့်။
[မိမိဥစ္စာကို မပေးမဆပ်လာသော သူအားမပေး မဌားရ]

(၅) ပေးလာသောသူ မပေးလာသောသူအားပေးရမည်။
[ပေးလာသည်ဖြစ်စေ၊ မပေးလာသည် ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသော ဆွေမျိုးခင်ပွန်းတို့အား ပေးရမည်]

(၆) ချမ်းသာစွာနေရမည်။
[ယောက္ခမ၊ လင်စသည်တို့ကိုမြင်လျှင် ရိုသေစွာ နေထိုင်ရမည်]

(၇) ချမ်းသာစွာအိပ်ရမည်။
[ယောက္ခမ လင်စသည်တို့အရင် မအိပ်မူ၍ ထိုသူတို့အား ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်တို့ကို ပြုပြီးမှအိပ်ရမည်]

(၈) ချမ်းသာစွာစားရမည်။
[ယောက္ခမလင် စသည်တို့အား ရှေးဦးစွာကျွေးမွေးပြီးမှ မိမိစားရမည်]

(၉) မီးကိုရိုသေစွာ ရှိကြောက်ရမည်။
[ယောက္ခမ နှစ်ပါးနှင့် လင်သားတည်း ဟူသော ပုဂ္ဂိုလ်သုံးဦးတို့အား ကြောက်ရွံ့ရိုသေရမည်]

(၁၀) အိမ်တွင်းနတ်တို့ကိုလည်း ရိုသေစွာရှိခိုးရမည်။
[ဂင်းသုံးဦးသော ပုဂ္ဂိုလ်တို့အား အိမ်တွင်း နတ်ကဲ့သို့ရိုသေလေးမြတ်စွာ ရှိခိုးခြင်းအမှုပြုရမည်။]

## ရင်းသံပေါက်များ

(၁) အတွင်းမီးကို၊ သောင်စေလို၊ ပြင်ကိုမထုတ်အပ်။
(၂) ပြင်ကမီးပြင်း၊ သောင်စေခြင်း၊ အိမ်တွင်းမသွင်းအပ်။
(၃) ကြွေးမြီကိုကား၊ ဆပ်သူအား၊ ချေးဌါးပေဖန်အပ်။

(၄) မဆပ်သူအား၊ ရှောင်အပ်ငြား၊ချေးငှါးမပြုအပ်။
(၅) ဆင်းရဲမိတ်ဆွေ၊ ရောက်လာပေ၊ ပေးဝေချေးငှါးအပ်။
(၆) ထထိုင်သွားကာ၊ ဈာရိယာ၊ သင့်ရာနေအပ်စွ။
(၇) ယောက္ခမလင်၊ မစားခင်၊ အလျင်မစားအပ်။
(၈) ယောက္ခမလင်၊ မအိပ်ခင်၊ အလျင်မအိပ်အပ်။
(၉) မီးပုံမွေးလို၊ သုံးဦးကို၊ ကြည်ညိုရိုသေအပ်။
(၁၀) အိမ်စောင့်နတ်လို၊ သုံးဦးကို၊ ကြည်ညိုဆည်းကပ်အပ်၊
[ကြည့်လိုသူများ၊ညွှန်ပြောကြား၊ကျမ်းအားစမ္မပဒါ]

## ရင်းရှစ်လုံးဘွဲ့ကဗျာများ

(၁) လင်ယောက်ျားနှင့်–အိမ်သားဖြာဖြာ။
အိမ်တွင်းမီးဟု–အပြီးမှတ်ပါ။
အပြစ်အပေါင်း–မကောင်းမြင်ခါ။
အိမ်ပြင်ဘက်–မထွက်စေဘို့ရာ။
(၂) အပြင်မီးဟု–အပြီးမှတ်ပါ။
ရပ်ရွာသူများ–ခေါ်ငြားမကွာ။
သူတို့အပြစ်–တွေ့လှစ်သောခါ။
အိမ်အတွင်း–မသွင်းရှောင်ရှားရာ။
(၃) ကြွေးမြီကိုများ–ချေးငှါးလိုက်ရာ။
ချိန်းဆိုရက်တွင်း–ချက်ခြင်းပို့လာ။
ထိုသူအားကို–ထင်ရှားမှန်စွာ။
နောက်ထပ်ချေး–ဝန်လေးမရှိရာ။
(၄) အကျွေးထားလို့–ပေးငှါးလိုက်ရာ။
မတည်ပျက်ကွက်–ပေးဆက်မလာ။
ထိုသူများကို–ရှောင်ရှားမှန်စွာ။
နောက်ထပ်ချေး–မပေးနေဘို့ရာ။
(၅) ဆင်းရဲနွမ်းပါး–မိတ်များသဟာ။
အားကိုးအားထား–ချေးငှါးယူလာ။

ရ-မရဟု—မတွေးဆသာ။
နောက်ထပ်ပေး—ကျွေးမွေးသင့်တော့တာ။
(၆) လင်ယောကျ်ားနှင့်—နှစ်ပါးဖိတာ။
ရွှေမျက်မှောက်သို့–ကျရောက်လေရာ။
မထိလေးစား—ရှောင်ရှားဖယ်ခွါ။
ရှိသေမှု—လေးပြုဆောင်ရွက်ပါ။
(၇) စားစမ်းသောက်စမ်း-ထောက်လှမ်းဖွေရှာ။
မိန်းမဖြတ်တို့—သိမှတ်စရာ။
လင်ကိုရှုး၍—အဦးကျွေးပါ။
လင်နောက်မှ—စားရမြဲမကွာ။
(၈) ညခါအိပ်ရေး—နည်းပေးသင့်ရှာ။
လင်၌ပြုဝတ်—မချွတ်စေရာ။
နှင်းနှိပ်ပေးလို့—ဖြေးဖြေးသာသာ။
လင်နောက်မှ—အိပ်ရမြဲမကွာ။
(၉) ယောက္ခမများ—လင်သားတဖြာ။
မီးပုံကြီးသို့—အမြဲမှတ်ပါ။
မခန့်ညားက—သွားရပါယ်ရွှာ။
နာဂတ်ရေး—တွေးစိမ့်ကြောက်လန့်ပါ။
(၁၀) အိမ်တွင်းနတ်ဟု—သိမှတ်စရာ။
ယောက္ခမ လင်သား—ထင်ရှားမှန်စွာ။
နေ့စဉ်အားပ—လေးစားပြုကာ။
လက်စုံမိုး—ရှိခိုးရမည်သာ။

[သာကီ-ထိဝ်တင်]

## သားသွီးဆုံးမပုံ

(၁) ရှေးအခါက ဘုရားလောင်းရသေ့သည် မြို့သို့သွားအံ့သော သားငယ်ကို မကောင်းမှုမှ ကြဉ်စေခြင်း၊ အတတ်ပညာကို သင်ကြား တတ်မြောက်စေခြင်းများ ပြုပြီးလျှင် ဥပမာဥပမေ

ယျာနှင့်တကွ လူမိုက်များနှင့် မပေါင်းသင်းရန်၊ ပေါင်းသင်းက အကျိုးဆုတ်ယုတ်ပုံတို့ကို ဟောပြောဆုံးမလိုက်လေ၏။

[နဝနိပါတ်-ဟလိဒ္ဒိရာဂဇာတ်]

(၂) အခါတပါး၌ တယောက်သော အမိသည် မိမိသားငယ် ခိုးယူလာတတ်သည်ကို တားမြစ်ပိတ်ပင်ခြင်း မပြုသည့်အတွက် တစတစတက်ကာ ခိုးမှုကျူးလွန်၍ နောက်ဆုံး၌ ကားစင်အတင်ခံ ရလေ၏၊ ထိုအခါ သားကအမိနှင့် စကားပြောလိုပါသည်ဟု နားနားကပ်ပြီး၊ မိခင်-သင်သည်ကျွန်ုပ်ငယ်စဉ်က မဆုံးမ မတား မြစ်၍ ဤသို့ဖြစ်ရသည် ဟုပြောကာ အမိ၏နားရွက်ကို ကိုက်ဖြတ် လိုက်လေ၏။

(၃) ရာဇဂြိုဟ်ပြည်၌ သောတာပန်ဖြစ်သော သူဌေးသည် သိင်္ဂါလသားရတနာကို လိမ္မာရစ်စေသော ငါ့သေခါနီး၌ ဩဝါဒ စောင်းထက်မှ“ချစ်သား–နံနက်စောစော၊ အရပ်ခြောက်မျက်နှာ တို့ကို၊ ရှိခိုးပူဇော်လေလော့” ဟုဆုံးမ၍ထားခဲ့၏။

သိင်္ဂါလလုလင်သည် ဖခင်မှာထားချက်အရ ပကတိခြောက် မျက်နှာကို ရှိခိုး၍နေစဉ်၊ ရှင်တော်ဘုရားသိမြင်၍ အမှားမှအမှန် ကိုဟောပြောသည်မှာ “သူတပါးအသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာ ကိုခိုးယူခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်း၊ မုသားဆိုခြင်း တည်းဟူသော ညစ်ညူးခြင်းဖြစ်စေသည့် အကုသိုလ်ကံတို့မှ ရှောင်ကြဉ်၍ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂ တိဟူသော မတရားမှုတို့ကိုမလိုက်စားဘဲ သေရည်သောက်ခြင်း၊ အခါမဟုတ်ဘဲ ခရီးဆုံခရီးမသို့ သွားလာလှည့်လည်ခြင်း၊ ပျော် ပွဲသဘင်သို့ ပျော်ရွှင်သွားလာခြင်း၊ ကြွေအံအစရှိသော လောင်း ကစားမှုတို့၌ မွေ့လျော်ခြင်း၊ အဆွေခင်ပွန်းယုတ်တို့နှင့် ပေါင်း ဖေါ်ခြင်း၊ ပျင်းရိသောစိတ်နှင့် မပြုတ်ယှဉ်ခြင်းဟူသော အယုတ် တရား ခြောက်ပါးတို့ကို ပယ်ရှားကာ၊ အရှေ့အရပ်ဟု ဆိုအပ် သော မိခင်ဘခင်၊ တောင်အရပ်ဟုဆိုအပ်သော ဆရာသမား၊ အ

နောက်အရပ်ဟုဆိုအပ်သော သားမယား၊ မြောက်အရပ်ဟု ဆို အပ်သော အဆွေခင်ပွန်းကောင်း၊ အောက်အရပ်ဟု ဆိုအပ် သော ကျွန် အစေခံ အမှုလုပ်၊ အထက်အရပ်ဟု ဆိုအပ်သော ရဟန်းပုဏ္ဏား အစရှိသည့် ခြောက်မျက်နှာအပါ၊ ဆိုင်ရာပုဂ္ဂိုလ် တို့ကို ကျင့်ဝတ်တရားများ မပျက်ပြားအောင် ပြုကျင့်၍ သွား သောသူသည် ပစ္စုပ္ပန်သံသရာအကျိုးများ၍ လောကတွင် ရန် ငါးပါးအောင်မြင်ပြီး၊ တမလွန်ဘဝ၌ နတ်ရွာသုဂတိသို့ လားရ မည်'' စသည်တို့တည်း။

ထိုဖခင်၏ဆုံးမစကားတို့ကို လိုက်နာသွားသော သိင်္ဂါလသ တို့သားမှာ တနေ့တခြား ကြီးပွား၍ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားလေ၏။

## စကားပုံ

သားသွီးကို၊ ငယ်ကမဆုံးမ၊ မိဘတလည်း၊ ရန်သူမည်၏။

## ရန်သူမိဘ

ရွှေဟန်ဆင်းရောင်၊ဟသ်ာဘောင်တွင်၊အတောင်ပြုကာ၊ ဗျိုင်း ပမာသို့၊ပညာရှိလယ်၊မတင့်တယ်ခဲ့၊အငယ်တည့်က၊မဆုံးမသည်၊ မိဘဘလည်း၊ ရန်သူမည်၏။

## နိစ္စမြောက်စား မပြုငြားနှင့်

သည်းချာပုတ္တ၊သားလူ့လှကို၊နိစ္စမြောက်စား၊လိုလိုက်ငြားက၊ တရားကင်းကွာ၊ ပျက်စီးရှာလိမ့်။

[နရာဇကွဒီပနီ-၅၁၉]

## ဒါရဝိဂြိုဟ်

(က) ဒါသာ ဇတိဿာ အတ္တိတိ ဒါရိကာ။

ဇတိဿာ ဘရိယာယ—ထိုမယား၏၊ဒါသာ—ကျွန်မနှင့်အပြုအမူ တူသော သတ္တိသည်၊အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊သာဘရိယာ- ထိုမယားသည်၊ ဒါရိကာ-ဒါရိကာ မည်၏။

(ခ) ဒါသိဝိယ စရတိတိ ဒါရာ။

ယာဘရိယာ—အကြင်မယားသည်၊ ဒါသိဝိယ—ကျွန်မကဲ့သို့၊ စရတိ—ကျင့်တတ်၏၊ ဣတိ-ထို့ကြောင့်၊ သာဘရိယာ-ထိုမယားသည်၊ ဒါရာ-ဒါရာ မည်၏။

[မင်္ဂလာဂဏ္ဌိ-၈၈]

## ဒါရသာအဓိပ္ပါယ်

ဒါရဿာတိ ပတိပါဒေ ဒါရဘရိယာ
အာဒရေန ဥပဋ္ဌာပေ တဗ္ဗန္တိ အတ္ထော။ ။

ဒါရဿာတိ-ဒါရဿဟူသည်ကား၊ပတိပါဒေ-လင်၏ခြေရင်း၌၊ ဒါရဘရိယာ-မယားသည်၊အာဒရေန-ရိုသေသဖြင့်၊ဥပဋ္ဌာပေတဗ္ဗံ - လုပ်ကျွေးအပ်သည်တည်း၊ ဣတိအယံ - ဤသည်လျှင်၊ အတ္ထော—ဒါရဟူသော ပုဒ်၏အနက်တည်း။(ဝါ) မယားဟူသော အနက်တည်း၊ (ဝါ)လင်၏ခြေရင်း၌ အရိုအသေပြု၍ လုပ်ကျွေးအပ်သောမယားဟူသော အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၈၇]

## သင်္ဂဟောတိ

သင်္ဂဟောတိ- သင်္ဂဟောဟူသည်ကား၊ ပုတ္တဒါရာနံ- သားမယားတို့ကို၊ သင်္ဂဟော-သင်္ဂြိုဟ်ထောက်ပံ့ခြင်းတည်း (ဝါ) ခြေရင်း၌ အလုပ်အကျွေးဖြစ်သော မလိမ္မာသောသားမယားတို့ကို ဝတ်ငါးပါးနှင့်ညီအောင် သွန်သင်ဆုံးမ ပြုသခြင်းတည်း၊ ဣတိအယံ-ဤသည်လျှင်၊ အတ္ထော-သင်္ဂဟောဟူသောပုဒ်၏ အနက်တည်း၊ (ဝါ)သားမယားတို့ကို ဝတ်ငါးပါးနှင့်ညီအောင် သွန်သင်ဆုံးမ ပြုသရခြင်းတည်းဟူသော အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၈၈]

## မယား-၇-မျိုး

(၁) အမိနှင့် တူသောမယား။
(၂) နှမနှင့် တူသောမယား။
(၃) ကျွန်မနှင့် တူသောမယား။
(၄) အရှင်နှင့် တူသောမယား။
(၅) ခိုးသူနှင့် တူသောမယား။
(၆) သူသတ်နှင့် တူသောမယား။
(၇) မိတ်ဆွေနှင့် တူသောမယား။

## မယားအပြား-၇-ပါး

(၁) ဝဓ-သူသတ်နှင့် တူသောမယား။
(၂) စောရ-ခိုးသူနှင့် တူသောမယား။
(၃) အယျက-အရှင်သခင်နှင့် တူသောမယား။
(၄) ဘဂိနီ-နှမနှင့် တူသောမယား။
(၅) မာတု-အမိနှင့် တူသောမယား။
(၆) ဒါသီ-ကျွန်နှင့် တူသောမယား။
(၇) မိတ္တာ-အဆွေခင်ပွန်းနှင့် တူသောမယား။

[သတ္တအင်္ဂုတ္တိုရ်]

## ရှစ်လုံးဘွဲ့ကဗျာ

အမိနှမ-ဒါသမိတ်ဆွေ။
ခိုးသူအရှင်-သတ်လျှင်များတွေ။
ခုနစ်ယောက်တွင်-သုံးယောက်ပါယေ။
ကျန်သူများ-ရောက်ငြားထက်နတ်ပြေ။

## မယား-၁၀-မျိုး

(၁) ဓနက္ကိတ-အနည်းငယ်သောဥစ္စာ၊ များသောဥစ္စာဖြင့်ဝယ်သောမယား။

(၂) ဆန္ဒဝါသိနီ-ယောက်ျားမိန်းမ နှစ်ယောက်ချစ်ကြသဖြင့် နေသောမယား။

(၃) ဘောဂဝါသိနီ-စည်းစိမ် ပေးသောကြောင့် နေသော မယား (ဤဘောဂဝါသိနီဟူသည်ကား ဆုံကျည်ပွေ့အစရှိသော အိမ်၏ အဆောက်အဦကိုရ၍ မယား၏အဖြစ်သို့ ရောက်သော ဇနပုဒ်သူ မိန်းမ၏အမည်တည်း။)

(၄) ပဋဝါသိနီ-အဝတ်ပေး၍ နေသောမယားသည် ပဋဝါ သိနီမည်၏ (ဤပဋဝါသိနီမည်သော မယားသည်ကား အဝတ် အစား တန်ဆာကိုရကာမျှဖြင့် မယား၏အဖြစ်သို့ ရောက်ရှိလာ သော ဆင်းရဲသော မိန်းမ၏အမည်တည်း။)

(၅) ဩဒပတ္တကိနီ-ရေခွက်ကို သုံးသပ်၍နေသော မယား သည် ဩဒပတ္တကိနီမည်၏၊(ဤအမည်ကား ယောက်ျားမိန်းမတို့ ၏ လက်ကိုတခုသော ရေခွက်၌ချ၍ ရေကဲ့သို့ မကွဲမပြား နှီးနှော စေကုန်သတည်းဟုဆို၍ ထိမ်းမြားအပ်သော မိန်းမ၏အမည် တည်း။)

(၆) ဩဘဋစုမ္ဗဋ-ခေါင်းခုကို ချ၍နေသော မယားသည် ဩဘဋစုမ္ဗဋမည်၏၊ (ဤအမည်ကား ထင်းခွေမိန်းမအစရှိသည် တို့တွင် တယောက်ယောက်သော အကြင်မိန်းမကို ခေါင်းခုကို ချစေ၍ အိမ်၌နေစေ၏–ထိုမိန်းမ၏အမည်တည်း။)

(၇) ဒါသီစဘရိယာစ-ကျွန်မိန်းမလည်းဖြစ်၊ မယားလည်းဖြစ် သော မိန်းမသည် ဒါသီစဘရိယာစမည်၏။

(၈) ကမ္မကာရီစ ဘရိယာစ-အမှုလုပ် မိန်းမလည်းဖြစ်၊မ ယားလည်းဖြစ်သော မိန်းမသည် ကမ္မကာရီစဘရိယာစမည်၏။

(၉) ဓဇာဟဋာ-စိုက်သော တံခွန်ရှိသော စစ်သည်တို့ တိုင်း တပါးမှ ဆောင်၍ရသောမယားသည် ဓဇာဟဋာမည်၏။

(၁၀) မုဟုတ္တိကာ-တခဏနေသော မယားသည် မုဟုတ္တိ ကာမည်၏။

[သဋ္ဌရိတ္တပိဘင်း]

## ရင်းသံပေါက်

နေ-ဆန္ဒ၊ဘော-ပဋ္ဌ၊ဩဒ-ဩဘဋ္ဌာ။
ဇေဓာ-ကမ္ဘ၊ ဒါသီယ၊ မဟာဘရိယာ။

[သင်္ဂဟသံပေါက်]

**မှတ်ရန်**–ဒါရဟူသည် တကျိပ်သောမယားတို့ကိုယူလေ။

[ပရိတ်ကြီးဂဏ္ဌိ-၄၂]

## ဒါရဿသင်္ဂဟော

ငါးပါးသောဝတ္တရားဖြင့် အိမ်ရှင်လင်သည် မယားကိုထောက်ပံ့ရာ၏။

## လင့်ဝတ်ငါးပါး

(၁) မိမိမယားကို ချစ်ခင်မြတ်နိုးစွာ ခေါ်ဝေါ် ပြောဆိုခြင်း။
(၂) မိမိမယားကို မလေးမစား မပြောမဆိုခြင်း။
(၃) မယားမကြည်ဖြူက တပါးမိန်းမသို့ မသွားမလာခြင်း။
(၄) တရားသဖြင့်ရှာဖွေ၍ ရရှိသောစည်းစိမ်ဥစ္စာ အိမ်ရာ ခမ်းနားတို့ကို အစိုးတရ ပြုလုပ်ပိုင်ခွင့် ပေးခြင်း။
(၅) မိမိအခြေအနေနှင့် လိုက်လျောစွာ အိမ်သူမယားအား အဝတ်တန်ဆာ ဆင်ယင်ခြင်း။

[သိင်္ဂါလသုတ်]

## ရင်းသံပေါက်များ

(၁) ဒါရဖြစ်ငြား၊ ချစ်မယား၊ ငါးပါးချီးမြှောက်လေ။
(၂) မြတ်နိုးပိုစွာ၊ ချိုချိုသာ၊ ဆိုရာယဉ်ကျေးစေ။
(၃) ကျွန်လိုနှိမ်းတု၊ ရိုင်းစိုင်းမှု၊ မပြုလေးမြတ်လေ။
(၄) အပိုရှောင်ကွင်း၊ အခေါင်ကင်း၊ ချစ်ခြင်းမြဲပါစေ။
(၅) အဆင်းတန်ဆာ၊ အလင်္ကာ၊ ဆင်ပါအထွေထွေ။

(၆) အိမ်ထောင်နှင့်စပ်၊ အရပ်ရပ်၊ နှင်းအပ်ဥစ္စာပေး။
(၇) ဤသို့ဝတ်ငါး၊ လွတ်မမှား၊ မယားချီးမြှောက်လေ။

[မင်္ဂလတ္ထဒီပက]

## ရှင်းလက်သံပေါက်

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊မိတ္တာမများ၊ ဝတ်စားဆင်ယင်၊မြတ်နိုးကြင်၊ ငါးအင်လင့်ကျင့်ပတ်။

[သက်ဇာဆရာတော်]

## ရှင်းမြန်မာဂါထာ

မထိမဲ့ကင်း–အပ်နှင်းဥစ္စာ။
မိတ္တာမများ–ဝတ်စားဆင်ပါ။
ကြင်နာသနား–ငါးပါးအင်္ဂါ။
မျိုးလေးဝ–မှတ်ကြလင်ကျင့်ရာ။

## ရှင်းတေးထပ်

ကိုယ့်ကြင်ယာ ကြည်စဖွဲ့သာပ၊ မထိမဲ့ကင်းရာ၊ဝစီနှဲ့ တင်းမမာတယ်၊ ညှင်းသာယာဆိုမြွက်။ ။အိမ်ထောင်မှု စပ်ဆိုင်ရာကို၊ အပ်လျက်သာ နှင်းတော့မပျက်။ရိုးမြေကျရှည်ချုပ်ကာ၊ကြည်ဖြူစွာတသက်။သစ်အလွင်မြှောင်အဖက်ကိုဖြင့်၊ရှောင်တသက်ကင်းစင်။ ဝတ်စားရန် ‌ေလျှာ်သလောက်ဖြင့်၊ မြှော်ထောက်၍ ကြည့်ရှုဆင်ယင်။ ။တမိုးအောက် တယောက်မြင်တယ်၊ တယောက်ပင်ထင်မှတ်လို့၊ စဉ်မပြတ် အေးခတ်ရွှင်ကာ၊လေးမြတ်ကြင်နာ။ ။ဝတ်ငါးရပ်အစဉ်လာတယ်၊ လင်မွှေတာကျင့်သုံးကွဲလေး။

[မြင့်-ယုဝတီ]

## ရှင်းပျို

မိခင်နှမ၊ ခင်ပွန်းမှုလျှင်၊ ကျွန်မလည်းမည်၊ ရုပ်ရည်တင့်တယ်၊ ချစ်စဘွယ်ဖြင့်၊ လင်ဝယ်သည်းခံ၊ ကောင်းစံအင်္ဂါ၊ ခုနစ်ဖြာ

တည့်၊ ဥစ္စာရပုံ၊ အလုံးစုံကို၊ ဥဿုံလွဲရ၊ ယုံကြည်ကြလျက်' တူမျှစိတ်ထား၊ မကွဲပြားသည်၊ စီးပွါးဆက်နွယ်၊ လင်ဝယ်အား ထား၊ မဖေါက်ပြားတည့်၊ စီးပွါးကုသိုလ်၊ စိတ်လိုတူစွာ၊ သံသ ရာက၊ လှူဒါရေစက်၊ ဆုပန်နက်၍၊ ဖြစ်ပျက်တူသား၊ အိမ်သူ များကို၊ လေးပါးသင်္ဂဟ၊ ချီးမြှောက်ကြလော့။

[သံတော်ဆင့်မင်းဦးကျော်ဇေ]

## မယားကိုဆုံးမပုံ

ဝေဿန္တရာမင်းကြီးသည် မဒ္ဒီမိဖုရားအား''သီလရှိကုန်သော ပုဂ္ဂိုလ်မြတ်တို့အား အလှူကို အင်အားအထိုက်အလိုက် စွန့်ကြ လှူဒါန်းလော့၊'' ဟုသံသရာကြောင်းဖြင့် ကောင်းစွာ မှာထား ဆုံးမလေသည်။

[ဝေဿန္တရာဇာတ်တော်]

## ယောကျ်ားကောင်းတို့၏တာဝန်

အကြင်ပဥ္စပြုပ္ပန်၏အစီးအပွါး၊ သံသရာ၏ အစီးအပွါးကိုအလို ရှိသော အမြော်အမြင်၊ အဆင်အခြင်၊ ပညာနှင့် ပြည့်စုံသော ယောကျ်ားသည် သားမယားတို့ကိုသားဝတ်ငါးပါး၊ မယားဝတ် ငါးပါးနှင့်ညီအောင် သွန်သင်ဆုံးမ ပြသရမည်။

[မင်္ဂလာဂဏ္ဌိ-၁၉]

## မယားတာဝန်

''အသွားတတိုင်ရှိက၊ အပြန်တတိုင်ရှိရမည်'' ဆိုသည့်စကား အတိုင်း ခင်ပွန်းလင်ယောကျ်ားက ဇနီးသည်မယားအပေါ် ပြုကျင့်ရမည့် ဝတ္တရားငါးပါး ရှိသည့်အားလျော်စွာ မယားက လည်း လင့်အပေါ် ပြုအပ်သည့်ဝတ္တရားရှိသည်နှင့်အညီ ဤမည် သောမယားဝတ် ငါးပါးကို အကြောင်းအားလျော်စွာ ဖေါ်ပြ လိုက်ပါဦးအံ့။

မယားဖြစ်သူကို "အိမ်ရှင်မ" ဆိုသည့်အတိုင်း အိမ်မိုင်ရှင်ဖြစ်သူက ကျကျနနဝတ်ငါးဖြာနှင့် ပြည့်စုံစွာ ဆောင်ရွက်လုပ်ကိုင် သွားပါလျှင် လောကတွင်မင်္ဂလာနှင့် ပြည့်စုံကာ ဥစ္စာရွှေငွေဆန်ရေစပါး ပေါများလျှက် ပစ္စည်းတက်မည်မှာ မလွဲပေတည်း။

## မယားဝတ်၅-ပါး

(၁) အိမ်တွင်းမှု ဟူသမျှတို့ကို ကောင်းစွာ စီရင်ပြုလုပ်ခြင်း။
(၂) လင့်ဆွေမျိုးမှစ၍ အခြွေအရံတို့အား ပြုစုပေးကမ်းခြင်း။
(၃) မိမိလင်မှတပါးသော ယောကျ်ားတို့၌ စိတ်မျှမလွန်ကျူးခြင်း။
(၄) လင်ရှာဖွေ၍ ရသော ဥစ္စာပစ္စည်းတို့ကို ကောင်းစွာထိန်းသိမ်းခြင်း။
(၅) မိန်းမတို့ဆိုင်ရာအမှုတို့ကို လိမ္မာတတ်မြောက်၍ မပျင်းမရိဆောင်ရွက်ခြင်း။

[သိင်္ဂါလသုတ်]

## ရင်းသံပေါက်

(၁) မယားတို့လည်း၊လင်တို့နည်း၊သိပ်သည်းဝတ်ငါးထွေ။
(၂) မိုင်သူ့အပြင်၊ မိမမြင်၊ လိုအင်နည်းပါစေ။
(၃) အပျင်းမဘာက်၊ အချက်ချက်၊သွက်လက်လိမ္မာစေ။
(၄) လင့်ဘက်ကိုယ့်ဘက်၊ ချိုမပျက်၊ မှိုပက်တူပါစေ။
(၅) အိမ်ထောင်ထိန်းပြု၊ ကိန်းအစု၊ တိမ်းမှုလွတ်ကင်းစေ။
(၆) ဥစ္စာအစု၊ ကြည့်ကြည့်ရှု၊ စေ့ငုစောင့်ရှောက်လေ။
(၇) မယားတို့အား၊ ဝတ်ငါးပါး၊ ဘုရားဟောမြွက်ပေ။
(၈) တဦးတဦး၊ ချစ်ကြည်နူး၊ အထူးချီးမြှောက်လေ။
(၉) ဒါရသက်ဟာ၊ အစဉ်ပြ၊ မင်္ဂလာသုတ်အခြေ။
(၁၀) မောင်နှံဇနီး၊ အသီးသီး၊ အပြီးစောင့်ထိုက်ပေ။

[မင်္ဂလတ္ထဒီပက–၁၉]

## ၄င်းလင်္ကာသံပေါက်

အိမ်တွင်း မှုလုပ်၊ သိမ်းထုပ် သေချာ၊ မိစ္ဆာ ကြည်ရှောင်၊ လျော်အောင်ဖြန့်ချီ၊ ပျင်းရိမဟူ၊ ဝတ်ငါးမူ၊ အိမ်သူကျင့်အပ်စွ။

[သင်္ဂဇာဆရာတော်]

## ၄င်းမြန်မာဂါထာ

အိမ်တွင်းမှုလုပ်— သိမ်းထုပ်သေချာ။
မိစ္ဆာ မမှား —ဖြန့်ဖြူးလျော်စွာ။
ပျင်းရိပယ်ရှား —ငါးပါးဝတ်မှာ။
အိမ်ရှင်မ —ကျင့်ကြသွေမကွာ။

## ၄င်းတေးထပ်

အိမ် တွင်းမှာ စနစ် ကျပါလို့၊ မလစ် ရပေရှာ။ ။ဝစ္စနှင့် ဝေယျာကို၊ သေအချာဆောင်ရွက်။ ။ရှိပစ္စည်း အဖုံဖုံကို၊ ကုန်အရှိုသိမ်းတော့မပျက်။ ။တယောက်နှင့်အခွင့်လွယ်အောင်၊ လင့်အတွယ်ရှိဂုဏ်။ ။မတင့်တယ် ထိုရမက်ကိုဖြင့်၊ မြို့ဖျက်လို့ရှောင်သွေ။ ။တွင်းအပြင် မျှော်ခါ ထောက်ပါလို့၊ လျော်သလောက် နိုင်းထောက် ဖြန့်ဝေ။ ။ပျင်းရိတဲ့ စိတ်အလေကို၊ ကြိတ်ချေကာ လွှင့်မှုန်းလို့၊ လင့်နှလုံး သုခပေါ် စေ—ယုယဖျော်ဖြေ။ ။ငါးသွယ် ဝတ်ဘာရိယေမှာ၊ ပြည့်ကျေရန် ကျင့်ကြောင်းကွဲလေး။ ။

[မြင့်-ယုဝတီ]

## မယားအလိမ္မာ့ဘွဲ့တေးထပ်

အလိုက်ကိုအလိုသိသူမို့၊ နဂိုရ်ရှိပညာ၊ အပျို၏မင်္ဂလာပါ၊ ယှဉ်စရာရှိဘူး။ ။ချက်ပြုတ်ရေးမှ လိမ္မာတယ်၊ သူ့အိမ်ရာသွားလေ့ရှိဘူး။ ။လင့်အကြိုက် လုံးဝပါတယ်၊ ပြုံးဟာကာ ရယ်မြူး။ ။ဆုံးမတာနယ်မကျူးရှာဘူး၊ ရွယ်ဗူးတိုင်းလိမ္မာ။ ။နှုတ်ဖွင့်ကာလင်မပြောပေမဲ့၊ လျှင်တဆောပြုတတ်ပေရှာ။ ဝတ်ကြေတဲ့မှုရာကို၊ သူတကာ

ဆင့်မခိုးနိုင်ဘူး၊ လင့်အကျိုးပွားမဲ့အရာရာတွေ–များငဲ့ညှာသလေ။
မှူထမ်းခွင့်ပေါ့ မသွေတယ်၊အချော့မေဆို လောက်ပါရဲ့လေး။

[မန္တလေး မောင်ခင်မောင်]

## မိုး–၂–မိုး

(၁) လင်သည်မယား၏အိမ်ရှင်မိုးမည်၏။

[သံ ဂီတိသုတ်အဋ္ဌကထာပထမဂ္ဂသုတ်]

(၂) သားမယားသည် အိမ်ရှင် ယောက်ျား၏ ဂဟပတိမိုး မည်၏။

[ဒုတိယဂ္ဂသုတ်အဋ္ဌကထာ]

## သိကြားမင်းရှိခိုးခံရသောပုဂ္ဂိုလ်များ

ယေဂဟဋ္ဌာ ပုညကာရာ။
သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ။
တေ နမဿာမိ မာတလိ။

မာတလိ– မာတလိနတ်သား၊ ပုညကာရာ– ကောင်းမှုကိုပြု ကုန်သော၊ သီလဝန္တော–သီလရှိကုန်သော၊ ဥပါသကာ- ရတနာ သုံးပါးကို ဆည်းကပ်ကြကုန်သော၊ ယေဂဟဋ္ဌာ- အကြင်လူတို့ သည်၊ ဓမ္မေန၊ တရားသဖြင့်၊ဒါရံ- သားမယားကို၊ ပေါသေန္တိ– မွေးကျွေးဆုံးမကြကုန်၏၊ တေ-ထိုသူတို့ကို၊ အဟံ-နတ်တို့သနင်း ငါသိကြားမင်းသည်၊ နမဿာမိ- ကိုယ်စိတ်မြတ်နိုး ရှိခိုးပါ၏။

[သက္ကသံယုတ်ပါဠိတော်]

## သားနှင့်မယား အထူးတလည်မပြောက်စားနှင့်

န ဗာလံ ဘရိယံ ဗာဠံ၊
လာလယေ တာလယေနဟိ။

ဗာလံ- သားသူငယ်ကိုရင်း၊ဘရိယံ- မယားကိုရင်း၊ ဗာဠံ့- ကျူးကျူးလွန်လွန်၊နလာလယေ-ချော့မြှောက်ချီးကျူးမှုကိုမပြုရာ၊ နဟိတာလယေ-အတိုင်းထက်အလွန် နှိပ်စက်ပုတ်ခတ်မှုကိုလည်း မပြုရာ။

[သက္ကနီတိသင်္ဂဟကျမ်း]

## ရင်းမြန်မာဂါထာ

သားနှင့်မယား-မြှောက်စားကင်းပေ။
အလွန်အကျူး-အထူးရှောင်ပေ။
နှိပ်စက်ညှဉ်းပန်း-မကြမ်းသင့်ပေ။
နှင်းထောက်ဆ-ပြုကြသင့်လျော်စေ။

## မင်္ဂလာမည်ပုံ

(၁) သိကြားမင်း၏ရှိခိုးခြင်းကိုပင် ခံထိုက်လေသောကြောင့် ပုတ္တဒါရသင်္ဂဟတရားနှစ်ပါးသည် မင်္ဂလာမည်၏။

[ပရိတ်ကြီးနိဿယ-၃၄]

(၂) သားမယားအား သင်္ဂြိုဟ်ခြင်းမှာ နတ်တို့သည်ရှိခိုးအပ် သောအဖြစ်၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၃၂၄]

(၃) လင်နှင့်မယားနှစ်ပါးစေ့စပ်၊ ကြောင်းကျိုးဟပ်၏၊ ဟော ပြအပ်သောပစ္စုပ္ပန်နှင့် ချီးမြှင့်ခြင်းသည်လည်း ဒါရသင်္ဂဟ မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၉၀]

(၄) ဒါရသင်္ဂဟမင်္ဂလာအရာ၌ မယားတို့အား မကောင်း မှုမှမြစ်တားခြင်း၊ ပစ္စုပ္ပန်၌ ချီးမြှောက်ခြင်း၊ ပစ္စုပ္ပန်သံသရာ၌ ကြီးပွားစေခြင်း၌ ဆုံးမခြင်းသည်မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၉၁]

## ပုဏ္ဏဒါရဿမင်္ဂလာသံပေါက်

(က) (၁) သားနှင့်သမီး၊ အိမ်ဇနီး၊ မငြိုးလုပ်ကျွေးရာ။
(၂) လုပ်ကျွေးသေဘ်မူ၊ သူတော်ဟူ၊ လူတွင်ပဏ္ဍိတာ။
(၃) အမြက်အဖျား၊ နတ်သိကြား၊ ညွှတ်တွားဝန္ဒနာ။
[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ–၂၁]

(ခ) (၁) သားမယားအား၊ ချီးမြှား၊ တရားသင်္ဂဟာ။
(၂) ဥပုသ်နေ့ဝယ်၊ လှူစားဘွယ်၊ ဝယ်စေပေးရိက္ခာ။
(၃) နက္ခတ်သဘင်၊ ပွဲလမ်းတွင်၊ ကြည့်ရှုခွင့်ပြုပါ။
(၄) မင်္ဂလာလေ့မှု၊ နေ့အစု၊ စေ့ငုပြုရရာ။
(၅) ကျိုးကြောင်းနှစ်တန်၊ ဆိုးကောင်းပြန်၊ အမှန်ဆုံးမပါ။
(၆) အကုသိုလ်ဘေး၊ လွတ်မြောက်ရေး၊ ကျွေးမွေးသင့်ပိုဟ်ပါ။
(၇) ပုဏ္ဏဒါရ၊ သင်္ဂဟ၊ မင်္ဂလတနည်းပါ။
[မင်္ဂလတ္ထဒီပက–၂၀]

## ဝတ္ထုသက်သေသာဓကများ

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် အုပ်စိုးစဉ် မြို့၏အနောက်တရသော နိဂုံး၌ သုဒဿနပုဏ္ဏားသည် သုဇာတာ မည်သော ပုဏ္ဏေးမနှင့် သားသမီး သုံးယောက်တို့ကို တရားနှင့်လျော်ညီစွာ ပြုစုစောင့်ရှောက် ကျွေးမွေးသုတ်သင် ပွဲ့ပြင်သွန်သင်ဆုံးမခဲ့၏၊ တနေ့သောအခါ ဗာရာဏသီမင်းသည် သုဇာတာကို လိုချင်၍ သုဒဿနပုဏ္ဏားကို မကိုန်တော်ခိုးသည်ဟု မဟုတ်ဘဲလျက် စွပ်စွဲကာ သေဒဏ်ပေးစေဟု အမိန့်ချမှတ်လိုက်၏၊ ထိုအခါသုဇာတာက "ငါ၏ခင်ပွန်းသည် မယားနှင့်သားသမီးသုံးယောက်တို့အား မညှိုးမငယ်၊ မနွမ်းနယ်စေရ၊ ကောင်းစွာ လုပ်ကျွေးသော သူတည်း" စသဖြင့် ဆိုရာ သိကြားမင်းဆင်းသက်၍ ဗာရာဏသီမင်းနှင့် သုဒဿန ပုဏ္ဏားတို့ကို လဲလှယ်ပေးလိုက်ရာ ရှင်ဘုရင်ကြီးအသတ်ခံရ၍ သုဒဿနထွန်းစံရလေ၏။
[ဒုကနိပါတ်–မဏိစောရဇာတ်]

# ၁၃-အနာကုလာစကမ္မန္တာ

အနာကုလာ၊ ကမ္မန္တာ၊ ပြုကြမှုကိုလာ။
[အနှောင့်အရှက်မရှိသော အမှုကိုပြုရခြင်း။]

အဓိပ္ပာယ် (၁) ကု-မှာ၊ ဥရဿနှင့်ရွတ်၊ ကူ-ဟုဒီဃနှင့်မရွတ်သင့်။
(၂) ကမ္မန္တာ-၌၊ က-မှာ၊ မ—သတ်သံထင်အောင်ဖတ်။

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) အနာကုလာ သဒ္ဒါကား မနှောင့်မရှက်ကို ဟောသည်၊ ကမ္မန္တသဒ္ဒါကား အမှုကိုဟောသည်၊ ထိုသဒ္ဒါနှစ်ရပ်ကိုပေါင်းလျှင် ကိုယ်ကိုမနှောင့်မရှက်သောအမှုဟုမှတ်ရမည်။

[မင်္ဂလာဂဏ္ဌိဂဒ]

(၂) ကာလကိုလွန်ခြင်းမလျှောက်ပတ်သည်ကိုပြုလေ့ရှိသည်၏ အဖြစ်ဖြင့်ပြုခြင်း၊ လျှောက်ပတ်သည်ကို မပြုခြင်း၊ လျော့သဖြင့် ပြုခြင်းအစရှိသော နှောင့်ရှက်သောအဖြစ်မှ ကင်းခြင်းတို့သည် အနာကုလကမ္မန္တာနာမ၊ မနှောင့်မရှက်သောအမှုမည်ကုန်၏။

[အဋ္ဌကထာ]

(၃) အနာကုလာစကမ္မန္တာတိ ဒုဗ္ဗိဓိတာနံကမ္မာနံ
အကာတွာ အနဝဇ္ဇ အနာကုလာစာတိဝုစ္စတိ၊

အနာကုလာစကမ္မန္တာတိ-အနာကုလာစကမ္မန္တာဟူသည်ကား၊ ဒုဗ္ဗိဓိတာနံ-ဒုစရိုက်ဖြစ်ကုန်သော၊ ကမ္မာနံ—အမှုတို့ကို(ဝါ)ပါဏာတိပါတ အစရှိသောအမှုတို့ကို၊ အကာတွာ—မပြုမူ၍၊ အနဝဇ္ဇကမ္မံ-အပြစ်မရှိသော အမှုကို(ဝါ) သုစရိတနှင့်ယှဉ်သောအမှုကို၊အနာကုလာစာတိ- အနာကုလာစဟူ၍ (ဝါ) ကိုယ်၏ ခန္ဓာကိုယ်ကို အကုသိုလ်တရားဖြင့် မနှောင့်မရှက်သောအမှုဟူ၍၊ ဝုစ္စတိ—ဆိုအပ်၏။

-[ဒြူးနှိသျှသစ်-၂၆]

(၄) ကာလညူတာ၊ ပတိရူပကာရိတာ၊ အနလသတာ၊ ဥဠ္ဌာန ဝိရိယ သမ္ပဒါနတာ၊ စသောအင်္ဂါတို့နှင့်ပြည့်စုံသဖြင့် သားမယား ကျွေးကျွန်တို့ကို အမှု၌ယှဉ်စေခြင်း အနာကုလကမ္မန္တာ မင်္ဂလာ တပါး။

(က) ကာလညူတာ၊ အခါကာလကိုသိသောသူ၏အဖြစ်။

(ခ) ပတိရူပကာရိတာ– လျော်ကပ်စွာ ပြုသောသူ၏ အဖြစ်။

(ဂ) အနလသတာ–မပျင်းရိသောသူ၏အဖြစ်။

(ဃ) ဥဋ္ဌာနဝိရိယသမ္ပဒါနတာ-ထကြွလုံ့လဝိရိယနှင့် ပြည့်စုံ သောသူ၏အဖြစ်။

[ပဏ္ဍိတ္တကဝိသဇ္ဇနာ-၅၁၃]

(၅) အနှောင့်အရှက် မရှိသောအမှုဆိုသည်ကား

(က) ထကြွလုံ့လရှိခြင်း။

(ခ) သတိတရားနှင့် ပြည့်စုံခြင်း။

(ဂ) စင်ကြယ်သောကိုယ်မှု နှုတ်မှုတို့နှင့်ပြည့်စုံခြင်း။

(ဃ) ရှုးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း။

(င) ကိုယ်၊နှုတ်၊နှလုံး၊သုံးပါးလုံးကို စောင့်ရှောက်ခြင်း။

(စ) တရားသဖြင့်အသက်မွေးခြင်း။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၂၁]

(၆) အနှောင့်အရှက် မရှိသောအမှုတို့ကို ဟူရာ၌ တရား သဖြင့် အသက်မွေးမှုခြင်း တည်းဟူသော လယ်လုပ်ခြင်း ကုန် သွယ်ခြင်း စာရေးစာချီလုပ်ခြင်း စသည်တို့တည်း။

အနှောင့်အရှက် ဆိုသည်ကား ပြုသင့်သော အချိန်ကာလလွန် မှ အမှုကိုပြုခြင်း၊ လွန်စေခြင်း၊ အမှုကိုလွန်ရာ၌လည်း မသင့်မ လျော်အောင် ပြု၍ပြီးစီးစေခြင်း၊ အမှုကိုပေါ့ပေါ့ဆဆပြုလုပ်ခြင်း၊ လုံ့လကိုလျော့၍ ပြုလုပ်ခြင်းစသည်တို့တည်း။

[မင်္ဂလာအလင်း-၂၇]

(၇) အနာဂကုလာ- အခါလွန်ရင့်၊ မသင့်မလျော်၊ ပျက်ချော်ပေါ့ဆ၊ လျော့လို့လတည့်၊ ပျက်ကျယိုယွင်း ဆောင်ရွက်ခြင်းဟူသော အနှောင့်အရှက်မရှိသော၊ ကမ္ဘာစ-လူမှာလူလျောက်ဖေါက်ကား ရောင်းဝယ်၊ ကုန်သွယ်လယ်လုပ်၊ ဥစ္စာစီးပွါး၊ ကြီးမားတိုးတက်အောင် ဆောင်ရွက်ရခြင်းသည်ရင်း။

[မင်္ဂလာအလင်း-၇၅]

(၈) အနာဂကုလာ-အကုသိုလ် ဒုစရိုက် အနှောင့် အရှက်မရှိသော၊ ယာကမ္ဘာစ-အကြင်ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးအားဖြင့် ခုနစ်ပါးသော ဒုစရိုက်တို့ကိုကြဉ်၍ တရားနှင့်လျော်ညီစွာကောင်းမှုကိုပြု၍ အသက်မွေးရခြင်းသည်ရင်း။

[မင်္ဂလသုတ်ဋီကာ-၆၆]

(၉) အနာဂကုလာ–အသောက် အစားနှင့် အကြွား အဝါ၊ မလိမ္မာချက်၊ အခြားအတွက်နှင့်၊ ပျက်ကွက် နှောင့်ရှက်ခြင်းမရှိသော၊ ကမ္ဘာစ-စီးပွါးမှုတို့ကို ပြုရခြင်းသည်ရင်း။

[မဟာမင်္ဂလာတရားတော်-၈]

(၁၀) ကမ္ဘာ-ယိုသားမယားတို့၏ အမှုကြီးငယ်တို့ကို၊ယာအနာဂကုလာစ- အကြင်မနှောင့်မရှက်၊ သက်သက် သာသာရွက်ဆောင်ခြင်းသည်ရင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၁၁) အနာဂကုလာ-ခြောက်ပါး ပျင်းရိုး၊ ယိုရှစ်မျိုးတို့၊ မိုးတိမ်သို့အုပ်၊ စိတ်ညစ်ပုပ်ကို၊ မဟုသာဟ၊ လှုပ်ကြွလေကြီး၊ တိုက်လွှင့် ပြီးရကား ဖျက်ဆီး နှောင့်ရှက်ခြင်း မရှိကုန်သော၊ ကမ္ဘာစ-ရဟန်းဖြစ်သော် ရဟန်းတော်နှင့်၊ လျော်ရာသင့်ရာ၊ လူတို့မှာလည်း၊ ဓမ္မတာလျောက်၊ ဖေါက်ကားရောင်းဝယ်၊ ကုန်သွယ်လယ်လုပ်၊ လောကုတ်လောကီ၊ နှစ်လီစီးပွား၊ ကြီးမားဖြစ်ထွန်းရန် စိမ့်ရွက်ဆောင်သောအမှုတို့ သည်လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိသျသစ်-၂၆]

## အနှောက်အယှက်လေးပါးမှကင်းပါစေ

ကျောင်းသားများအတွက်] အနှောင့်အယှက်လေးပါးမှ ရှောင်ရှားသင့်ပေ၏။

(၁) အချိန်လွန်မှုပြုခြင်း ဟူသောကိစ္စ၌ "နေ့တိုင်းပေးစာသင်အံပါ" ဟူသော ဆုံးမစကားနှင့်အညီ ဆရာပေးစာများကို၊ နေ့စဉ်သင်အံလေ့ ကျက်ခြင်းများ ပြုရမည်၊ စာမေးပွဲနီးမှ၊ အချိန်နှောင်းမှမပြုသင့်ပေ။

(၂) မသင့်မလျော်အောင် ပြုခြင်းဟူသော ကိစ္စ၌ တပည့်ဝတ်ငါးပါးနှင့် လျော်ညီစွာသော ပြုအပ်၏၊ ကျောင်းသားတို့နှင့် မဆိုင်သောအခြား အမှုကိစ္စများကိုမပြုသင့်မပြုထိုက်ပေ။

## တပည့်ဝတ်ငါးပါးသံပေါက်

ညီညာထကြွ၊ ဆုံးမနာယူ၊လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊သင်တွေးအံရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

[သင်္ဂဇာဆရာတော်]

## ရှစ်လုံးဘွဲ့ကဗျာ

ညီညာထကြွ-ဆုံးမနာယူ။
လုပ်ကျွေးထံနီး-ကြိုဆီးလာမှု။
သင်တွေးအံရွတ်-မချွတ်အတူ။
မသွေဘိ-တပည့်ဝတ်ငါးဆူ။

(၃) ပေါ့ပေါ့ဆဆပြုခြင်းကိစ္စ၌ ထုံးတီးနည်းနာ၊ အဖြာဖြာ၌၊ ပညာရှာမှီး၊ မကြီးသက်ရွယ်၊ အငယ်သော်က၊ ကြိုးလုံ့လလျက်၊တုတ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊တချောင်းချောင်းလျှင်၊ ချိမ်းမောင်းသည်းခံ၊ ဆရာ့ထံ၌၊ သင်အံကျက်လေ့၊ တနေ့တပါး၊ မှတ်သား

လေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း—ကြွယ်စေမင်း။ ။ဆိုသည့်ဆုံးမစကားအတိုင်း ဆရာနှင့်ပညာကို လေးစားစွာသင်ကြား အပ်ပေသည်။

(၄) လုံ့လမရှိခြင်း ဟူသောကိစ္စ၌ ကျောင်းသားများအတွက် အထူး အရေးကြီးပေ၏၊ လွတ်လပ်သည့် လူမျိုးဖြစ်သည့်အားလျော်စွာ ဆောင်ရွက်စရာတာဝန်များပို၍ လာသည့်အလျောက် တဘက်ကမ်းပေါက်အောင် ဂရုတစိုက် ကြိုးစားသင့်ပေ၏။

## ဥာနနှင့် ထကြွခြင်းရှိသူအတွက်

ပြုအပ်သောကာလကို မယုတ်စေမူ၍ အမှုကိုပြုသောကြောင့် ဥစ္စာ ရကြောင်း ရှင်တော်ဘုရားက ဘိလူးအား ဟောကြားသည်မှာ။—

ပတိရူပကာရီ ဓုရဝါ၊
ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

ပတိရူပကာရီ-ဒေသကာလ အစရှိသည်တို့ကို မယုတ်စေမူ၍ လောကီလောကုတ္တရာ အားလျော်သော၊ ဥစ္စာရခြင်းအကြောင်းကို ပြုလေ့ရှိသော၊ ဓုရဝါ—စိတ်၌ယှဉ်သော လုံ့လ၏ အစွမ်းအားဖြင့်၊ ထကြွခြင်းနှင့်ပြည့်စုံသော၊ ဥဋ္ဌာတာ- ထကြွ နိုးကြား၊ ကြိုးစားအားထုတ်သော သူသည်၊ [ဧကမူသိကာယ- တခုသော ကြွက်သေဖြင့်၊ နစိရဿေဝ- မကြာမြင့်မီလျှင်၊ စတုသတသဟဿသဉ်္- လေးသိန်း အရေအတွက်ရှိသော ဥစ္စာကို၊ စူဠန္တေဝါသိ-စူဠသူဌေး၏ အထံနေ အလုပ်အကျွေးလုလင်သည်၊ ဝိန္ဒတေဝိယစ—ရသကဲ့သို့ရင်း] [မဟာလ္လကမဟာ တိဿတ္ထေရော၊ သက်တော်ကြီးသော မဟာတိဿ မထေရ်သည်၊ လောကုတ္တရာ ဓနံ-လောကုတ္တရာဥစ္စာကို၊ ဝိန္ဒတေဝိယစ-ရသကဲ့သို့ရင်း] ဓနံ-လောကီ လောကုတ္တရာဥစ္စာကို၊ ဝိန္ဒတေ-ရ၏။

[မင်္ဂလာသာရ ဒီပနီ ၉၄]

## လုံ့လထကြွရှိသူအဘို့

ထကြွလုံ့လရှိသူအတွက် စည်းစိမ်ဥစ္စာ ရတနာ ဟူသမျှ တနေ့တခြား များပြား တိုးတက်ကြောင်း ဘုရားရှင်ဟောကြားသည်မှာ—

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ။ ။

ဥဋ္ဌာနဝတော-ထကြွ လုံ့လလည်းရှိထသော၊ သတိမတော-သတိတရားနှင့် ပြည့်စုံထသော၊ သုစိကမ္မဿ-စင်ကြယ်သော ကိုယ်အမှု နှုတ်အမှု ရှိထသော၊ နိသမ္မကာရိနော-စုံစမ်း ဆင်ခြင်၍ ပြုလေ့ရှိထသော၊သညတဿ-ကိုယ်၊နှုတ်၊နှလုံး၊ သုံးပါးလုံးတို့ကို စောင့်ရှောက်လေ့ ရှိထသော၊ ဓမ္မဇီဝိနော- တရားသဖြင့်သာ အသက်မွေးလေ့ရှိထသော၊ အပ္ပမတ္တဿ-ထကြွလုံ့လစသော ဆိုအပ်ပြီးသော တရားတို့၌ မမေ့မလျော့သော သူအား၊ ယသော-စည်းစိမ်ဥစ္စာ ရတနာဟူသမျှသည်၊ အဘိဝဍ္ဎတိ-တနေ့တခြား ပွားများတိုးတက်၏။

[ကေနိပါတ် ပဌမဝဂ် ရှုဋ္ဌကဇာတ်အဋ္ဌကထာ]

## လုံ့လရှိက စည်းစိမ်ရ၏

ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။

ဥဋ္ဌာတာ-ထကြွနိုးကြား၊ ကြိုးစားအားထုတ်သော သူသည်။ ဓနံ-ဥစ္စာစည်းစိမ်ကို၊ ဝိန္ဒတေ-ရနိုင်၏။

## ဝီရိယအကျိုးငါးပါး

အချမ်း၊ အပူ၊ စသော၊ ဆင်းရဲဒုက္ခကိုသည်းခံနိုင်ခြင်း။
မိမိ၏ရန်သူကို ပူပန်စေခြင်း။
ပျင်းရိဆုတ်နစ်သော စိတ်မရှိခြင်း။

စိတ်နှလုံးကို ရွှင်ပြုံးကွန့်မြူး၍ အထူးငြိမ်းချမ်းခြင်း။
ရပြီးသော စည်းစိမ်ရွှေငွေ ဂုဏ်ကြက်သရေတို့ကို
ကောင်းစွာ စောင့်ရှောက်ခြင်း။

## ၎င်းလက်ာ

လူ့ဘောင်မျက်မြင်၊ ယခုပင်လည်း၊ ကြီးထင်အားထူ၊ လုံ့လ
ကျူမှု၊ သူမတန်အောင်၊ များမြောင်အကျိုး၊ ပြည့်စုံတိုး၏။

[ ဓမ္မရာသီမျို ]

## လုံ့လဝီရိယရှိသူအတွက်-အလုပ်သည်

အမြဲစောင့်မျှော် ငံ့လင့်နေ၏၊ လုံ့လရှင်ဘုရင်ထိုင်တော်မူရန်
အလုပ်တည်းဟူသော ပလ္လင်သည် အစဉ်သဖြင့် လွတ်လပ်၍နေ
လေသည်၊ ပျင်းရိသူများသည် အလုပ်မရှိဟု ညည်းညူတမ်းတ
ခြီးချငိုယိုနေကြ၏၊ အမှန်မှာ အလုပ်မရှိမဟုတ်၊ အလုပ်တွေအသင်္ချေ
အနန္တရှိ၏၊ သို့ရာတွင် ထိုအလုပ်များသည် ပျင်းရိသူများကို ရှုံ့ရှာ
စက်ဆုပ်ကာ မိစ္ဆာသူရဲကိုရှောင်သလို ရှောင်ကွင်း၍ သွားကြ
သဖြင့် ပျင်းများမှာ အလုပ်နှင့် လွဲရခြင်းဖြစ်လေသည်၊ အလုပ်
လိုချင်လျှင် အလုပ်ကိုသိုက်၍ မရှာဘဲ အလုပ်က ကိုယ်ကိုရှာ
အောင် ကြိုးစားရပေမည်၊ မရေမတွက်နိုင်သော အလုပ်များသည်
လုပ်သူကို မယားငယ်ယူသွားသည့်လင်ကို မယားကြီးက မျှော်
သလို မျှော်နေကြ၏၊ သို့သော် အလုပ်တည်းဟူသော မယားကြီး
ကမျှော်သော လင်တော်မောင်မှာ ပေါ့ပျက်ညံ့ဖျင်း ဝီရိယကင်း
သည့် လူပျင်းလူညံ့မျိုးမဟုတ်ဘဲ တကဲ့ဖွဲ့သတ္တိ တကဲ့ဝီရိယရှိရှိ
နှင့် အလုပ်တည်းဟူသော ဇနီးသည်ကို သားမှတ်မှတ် မယား
မှတ်မှတ် ပေါင်းမည့် လင်ကောင်း လင်အဘိုးတန်နှင့် တူသူကို
သာလျှင် အလုပ်ကရှာခြင်း ဖြစ်လေသည်၊ ထို့ကြောင့် အလုပ်လို
ချင်လျှင် အလုပ်ကိုလုပ်ရ၏၊ အလုပ်လုပ်လျှင် အလုပ်က လိုက်၍
ရှာ၏၊ အလုပ်မလုပ်ဘဲ အလုပ်ကိုသာ လိုက်၍ရှာနေပါက မြင်း

နောက်လိုက်သည့် ခွေးငယ်ပမာ ကြာလေဝေးလေဝေးမည်သာ တည်း။

[ဒဂုန်–ရန်အောင်]

## လို့လမမှု–နတ်မကူ

ယောက်ျားတကာ၊ အားထုတ်ရာတည့်၊ ကြိုးစွာလို့လ၊ ဝါယာမမှု၊ မချောကောင်းခြေ၊ မသေမချင်း၊ ပြုအပ်လျှင်း၏၊ မယွင်းမှန်လှ၊ ဤလောကဌ၊ လို့လမမှု၊ နတ်မကူဘူး၊ လူလည်းလို့လ၊ နတ်လည်းမ၏။

[မာန်လည်ဆရာတော်]

## လို့လ ဝီရိယ

ကိစ္စများထု၊ အမှုမှုကို၊ ပြုလုပ်ကြိုးစား၊ လို့လထားမှ၊ ကြိုးမားခန့်ခိုင်၊ ပြီးဆုံးတိုင်၏၊ ကြံနိုင်ကာမျှ၊ မပြီးကြတည့်၊ သိဟမည်ခေါ်၊ ခြင်္သေ့သော်လည်း၊ အိပ်ပျော်လျက်သာ၊ နေတုံပါမူ၊ ဘယ်မှာစားဘွယ်၊ ခံတွင်းလယ်သို့၊ သားငယ်သမင်၊ လာ၍ဝင်အံ့၊ ပုံပြင်နီတိ၊ ကျမ်းညွှန်ရှိသည်။ ။ကဝိပူရာဏ်–စကားတည်း။

[ကိုးခန်းပျို]

## ပျင်းရိခြင်း၏အပြစ်

ပျင်းရိခြင်းသည် အညွန့်တုံးခြင်း၏ လမ်းကြောင်း ပေတည်း။

ပျင်းရိတွန့်ရှုံး – ညွန့်တုံးရှာမယ်။
ခရေးနှောင်ရေး – ကျိုးပေးမကြွယ်။
မှန်မှန်သွားလို – ကြိုးစားရာဝယ်။
အညွှန့်ပြိုး – အကျိုးသန်၍နွယ်။

[လယ်တီပဏ္ဍိတဦးမောင်ကြီး]

### ပျင်းရိသူအား၊အိမ်ရာများ၊ တည်နားမရှိကုန်။

ဃရာ နာ နိဟာမာနဿ၊
ဃရာ နာ ဘဏာတောမုသာ။
ဃရာ နာ ဒိန္န ဒဏ္ဍဿ၊
ပရေသံ အနိကြုဗ္ဗတော။

အနိဟာမာနဿ-အလုပ်မလုပ် အားမထုတ်ဘဲ ပျင်းတွဲနေသော သူအား၊ ဃရာ-အိုးအိမ်တို့သည်၊ နတိဋ္ဌန္တိ-မတည်မနားနိုင်ကုန်၊ မုသာ-မမှန်သောစကားကို၊ အာဘဏာတော-မကြောက်မရွံ့ ပြောဆိုဝံ့သောသူအား၊ ဃရာ- အိုးအိမ်တို့သည်၊ နတိဋ္ဌန္တိ- မတည်နိုင်ကုန်၊ အဒိန္နဒဏ္ဍဿ-မင်းဒဏ် စိုးဒဏ် သူခိုးဒဏ်ကို မခံနိုင်သူအား၊ ဃရာ-အိုးအိမ်ရာတို့သည်၊နတိဋ္ဌန္တိ- မတည်တံ့နိုင်ကုန်၊ ပရေသံ- တပါးသူတို့ကို၊ အနိကြုဗ္ဗတော- ရက်စက် စိမ်းကား မတရားပြုဝံ့သော သူအား၊ ဃရာ—အိုးအိမ်တို့သည်၊ နတိဋ္ဌန္တိ—မတည်တံ့နိုင်ကုန်သည်သာတည်း။

[ဟိတောပဒေသ]

### အနှောင့်အရှက်မကင်းသောအမှု

အနှောင့်အရှက် မကင်းသောအမှုကိုပြု၍ အိမ်ထောင်မတည်နိုင်ပုံကို ဘုရားရှင် ဟောကြားခဲ့သည်မှာ—

နဒိဝါ သောပ္ပ သိလေန၊
ရတ္တိ ဥဋ္ဌာန ဒေဿိနာ။
နိစ္စံမဒေန သောဏ္ဍေန၊
သက္ကာ အာဝသိတုံဃရံ။

ဒိဝါသောပ္ပသိလေန-နေ့၌အိပ်လေ့ရှိသော၊ရတ္တိဥဋ္ဌာနဒေဿိနာ-ညဥ့်၌ထကြွခြင်းကို မုန်းတတ်သောအလေ့ရှိသော၊နိစ္စံမဒေန-အမြဲသုရာယစ်သော၊ သောဏ္ဍေန—မိန်းမ အစရှိသည်တို့၌ ကျူး

သောသူသည်၊ဃရံ-အိမ်၌၊ အာဝသိတုံ-နေအံ့သော၌၊ နသက္ကာ-မတတ်စွမ်းနိုင်။

[မင်္ဂလာသာရဒီပနီ-၉၅]

## ဆင်ခြေများသူအား စီပွားဥစ္စာတို့လွန်လေကုန်၏

အတိသီတံ အတိဥဏှံ၊
အတိသာယ မိဒံအဟု။
ဣတိ ဝိဿဋ္ဌ ကမ္မန္တေ၊
အတ္ထာ အစ္စေန္တိ မာနဝေ။

ဣဒံ—ဤအမှုသည်၊ အတိသီတံ—အလွန်ချမ်းသော ကာလ၌ရောက်သည်၊အတိဥဏှံ-အလွန်ပူသော အခါ၌ရောက်သည်၊အတိသာယံ- အလွန်မိုးချုပ်သောအခါ၌ ရောက်သည်၊ အဟု- ဖြစ်၏၊ ဣတိ-ဤသို့၊ ဝိဿဋ္ဌ ကမ္မန္တေ—အမှုကိုလွှတ်သော၊မာနဝေ—လူတို့ကို၊အတ္ထာ-ဥစ္စာတို့သည်၊ အစ္စေန္တိ-လွန်ကုန်၏။

[မင်္ဂလာသာရဒီပနီ-၉၇]

## စည်းစိမ်ကိုလိုလျှင်

အိမ်ထောင်ခမ်းနားရှာသောသူသည် အချမ်းအပူစသည်တို့ကို မရေတွက်မူ၍ စည်းစိမ်ကိုသာလျှင် ရေတွက်ဆည်းပူးအပ်၏၊ ဤသို့ဆည်းပူးခြင်းကို ပြုသောသူအား စည်းစိမ်တို့သည် များကုန်၏။

[မင်္ဂလာသာရဒီပနီ-၉၇]

## ချမ်းသာကိုလိုမူ

အကြင်သူသည်ကား အချမ်းအပူစသည်တို့ကို မရေမတွက်မူ၍ ဓိမိမပျင်းသည်၏ အဖြစ်ကြောင့် အမှုတို့၏ မနှောင့်ရှက်ခြင်းတို့ကိုပြု၏၊ ထိုသူသည် များစွာကုန်သော ဥစ္စာတို့ကို ဖြစ်စေ၍ ချမ်းသာကိုရ၏။

[အမှုမာသကမင်း]

## မင်္ဂလာမည်ပုံ

လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ နွားမွေးခြင်း၊ မြင်းမွေးခြင်း အစရှိသော လုပ်သမျှသောအမှုတို့သည် မပျက်မစီး မဆုံးမရှုံး အောင်မြင်လေသောကြောင့် စည်းစိမ်ဥစ္စာတိုးတက်သည်၊ စည်းစိမ်ဥစ္စာတိုးတက်သော သူသည် လူတို့၏ဘောင်၌၊ တင့်တယ်ထင်ရှားသည်တချက်၊ ကိုယ်၏ချမ်းသာခြင်း၊စိတ်၏ ချမ်းသာခြင်းကို ရသည်လည်းတချက်၊ ကိုယ်စိတ်၏ ချမ်းသာခြင်း ရှိသောသူသည် ဒါန သီလ ဘာဝနာအစရှိသော ကုသိုလ်ဆယ်ပါး၊ ပါရမီဆယ်ပါး၊ သုစရိုက်ဆယ်ပါးတို့ကို အားထုတ်၍ ကျင့်နိုင်သည်၊ ထိုသို့ကျင့်သောကုသိုလ်သည် ချမ်းသာခြင်းသုံးပါးကို ရခြင်း၏ အကြောင်းရင်းဖြစ်၏၊ ထို့ကြောင့် အနာကုလာဝစကမ္မန္တာမင်္ဂလာ မည်ပါလေသတည်း။

[ပရိတ်ကြီးနိဿယ–၃၄]

## အနာကုလာဝ မင်္ဂလာသံပေါက်များ

(က) (၁) နှောင့်ရှက်မရှိ၊ ပြုတုံဘိ၊ မှတ်သိကမ္မန္တာ၊
(၂) အပြစ်ကင်းလှ၊ မှုကိစ္စ၊ ပြုကြမင်္ဂလာ။
(၃) အင်္ဂါခြောက်တန်၊ အရင်းမှန်၊ ကျမ်းဂန်ဖွင့်ပြချာ။

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၂၁]

(ခ) (၁) ရာဇဝတ်ပြစ်၊ မလွတ်လစ်၊ မှုပြစ်ဝေးအောင်ပေါင်း။
(၂) အပါယ်ရောက်မှန်၊ အထောက်သန်၊နောက်ရန်သံသ ရာကြောင်း။
(၃) အပြစ်နှစ်ချ၊ မပြတ်ရှု၊ကြည့်ရှုလွန်ကောင်းကြောင်း။
(၄) အတိုးပေးမှု၊ လယ်ရာပြု၊ စုစုကုန်အရောင်း။
(၅) လက်မှုနုတ်မှု၊ ရှာဖွေရု၊ အကုလွတ်မှုကောင်း။
(၆) မပျင်းမရှိ၊ လုံ့လရှိ၊ ပိပိဆောင်ရွက်ကြောင်း။
(၇) ကျန်ကျန်သမျှ၊ ကံမချ၊ လုံ့လစိုက်သင့်ကြောင်း။

(၈) ဇ- ပူ- ချုပ်- စော၊ ဆာ-ဝသော၊ကျမ်းဟော ပျင်း ရှောင်ကောင်း။

(၉) ပူလ္ဘ-ဇလ္ဘ၊ တွေးမဆာ၊ ရခိုက်လုပ်ဆောင်ကောင်း။

(၁၀) မနေမနား၊ ခြန့်ငွပျား၊ ပုံထားပြုသင့်ကြောင်း။

(၁၁) အနာကုလ၊ ကမ္မန္တ၊ ဖေါ် ပြအကုန်ပေါင်း။

[မင်္ဂလဋ္ဌဒီပက-၂၁]

## မင်္ဂလာပျို

(၈) လယ်လုပ်ကုန်သွယ်၊ ခရောင်းဝယ်သွားလာ၊အဖြာဖြာနှင့်၊ ပညာသင်ကြား၊ မြဲတ်တရားလျှင်၊ မှတ်သားမချို၊ ကျင့်ကုန်မြို့အံ့၊ ဤသို့စသည်၊အမှုမည်၏၊တည်သည်သမယ၊ချိန်ကာလကို၊ကုန်ကြစေရန်၊ ပျင်းရိဘန်၍၊ ချိန်မှန်လွန်ခြင်း၊ အကျိုးကင်းလျက်၊ ချွတ်ယွင်းပျက်ကွက်၊အနှောင့်ရှက်တည့်၊နှစ်ချက်တရား၊ ထိုနှစ်ပါးတွင်၊ ချိန်များသမယ၊နေ့နှင့်ညဟု၊ကာလသိတတ်၊ အချိန်မှတ်၍၊ လျှောက်ပတ်ပြုခြင်း၊ မကျွကင်း၍၊ မပျင်းရိမှ၊ကြီးလုံ့လနှင့်၊ ပြုကြကုန်လျက်၊ ဥဋ္ဌာနက်ကို၊မပျက်စီးခြင်း၊ဤယင်းငါးပါး၊မြဲမှတ်သားလော့၊တရားမဓိန်၊အချိန်သမယ၊မကုန်ရမူ၊လုံ့လပြုကာ၊ ဈေးရှုဥဋ္ဌာ၊ရတနာနှင့်၊ ပညာတရား၊တိုးတက်ပွါး၏၊ တပါးထိုမှ၊ လောကဓမ္မတာ၊ ရတနာရွှေငွေ၊ ထွေထွေဉာဏ္ဍာ၊ ချမ်းသာသုခ၊ ရလိုကြမူ၊ လုံ့လပညာ၊ ကြောင်းရင်းသာဟု၊ ကျမ်းလာစကား၊ အမြွက်ကြားသည်။ ။ သုံးပါးမကောင်းတရားတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဇ]

## ဝဋ္ဌုသက်သေသာဓကများ

(၁) သက်တော်ကြီးသော မဟာတိဿ မထေရ်သည် သုံးပါးကုန်သော ဈာရိယာပုထ်တို့ဖြင့် နေအံ့ဟုဝတ်ပြု၍ အိပ်ခြင်း ငိုက်မျဉ်းခြင်းသည် လာသောအခါ၌ ကောက်ရိုးခွေ၊ခေါင်းခုကို

ရေဆွတ်၍ ခေါင်း၌ရွက်ပြီးလျှင် အိပ်ခြင်းငိုက်မြည်းခြင်းကိုဖျောက် လျက် တဆဲ့နှစ်နှစ်တို့ဖြင့် ရဟန္တာ၏ အဖြစ်သို့ရောက်သတတ်။

[မင်္ဂလာသာရဒီပနီ-၉၅]

## လေးလတွင်းဝယ် နှစ်သိန်းကြွယ်

(၂) လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းကြီးစိုးစံတော်မူစဉ် နိမိတ်စံနည်းစသည်တို့ကို ကျွမ်းကျင် လိမ္မာ၍ ပညာဗဟုသုတနှင့် ပြည့်စုံသော ရုက္ခသေဋ္ဌိသူဌေးတ ယောက်ရှိ၏၊ တနေ့သောအခါ မင်းအိမ်သို့သွားစဉ် လမ်းတွင် ကြွက်သေတခုတွေ့၍ "ဤကြွက်သေကိုယူ၍ သားမယားမွေး ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းဝယ်ခြင်း၌ါ တတ်နိုင်၏" ဟုပြော သွားသည်ကိုကြားရသော ဆင်းရဲသားတယောက်သည် ဘုန်းရှိ သောသူတို့သည် အကြောင်းမရှိဘဲ မဆိုရာဟု ယူဆပြီးလျှင် ကြွက်သေကို ကြောင်စာအလို့ငှါ ရောင်းသည်မှအစ သင်္ဘော တစင်းလုံး လက်ဝါးကြီးအုပ် ဝယ်ယူသည်အထိ ဝိရိယအားထုတ် ကာ လုပ်ကိုင်လာသဖြင့် လေးလတွင်းဝယ် နှစ်သိန်း ကြွယ်လေ သတည်း။

[ကေနိပါတ်-ပဌမဝဂ်-ရုဋ္ဌသေဋ္ဌိဇာတ်]

## သားသမီးငါးယောက်ရှိသောဘုရင်ကြီးဝဋ္ဋ

(၃) ရှေးသရောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၌ သမီးတော် ငါးယောက်ရှိလေ၏။ အခါတပါးဝယ် "ငါ၏သမီးတို့ သည် အဘယ်သူကြောင့် ဤစည်းစိမ်ကိုရကြသနည်း" ဟုသမီး ငါးယောက်အား မေးမြန်းသောအခါ အကြီး လေးယောက်တို့က "ခမည်းတော် မယ်တော်နှစ်ပါးတို့၏ ဘုန်းတော်ကြောင့် ရပါ သည်"ဟု လျှောက်ထားကြလေ၏၊ သမီး အငယ်ဆုံးကမူ "ကျွန်တော်မ ကံကြောင့် ရပါသည်"ဟု လျှောက်၏၊ထိုအခါ သမီး အငယ်ဆုံးအား နန်းတော်ကဆင်းသွားစေရန်အမိန့်ချမှတ်လိုက်၏။

သို့းငယ်သည် နန်းမှဆင်းသက်၍ ထင်းထမ်း ဆင်းရဲသား တယောက်နှင့် အတူ သွားရောက် နေထိုင်လေ၏၊ တလလောက် ရှိသောအခါ ထင်းခွေရာတွင် သစ်ပင်ဆွေးတခုအောက်မှ စိန် ကျောက်ရတနာ ပတ္တမြားတို့ကို တွေ့ရှိရာ မိမိမယား ကစား ရန်အတွက် လက်တဆုပ်မျှအိမ်သို့ယူခဲ့၏၊ ဤအကြောင်းအရာကို သိသော မင်းသို့းသည် ထိုနေ့အတွက် ထင်းရောင်း မသွားစေဘဲ လင်မယားနှစ်ယောက် တောသို့သွားပြီးလျှင် ရတနာတို့ကိုနိုင် သလောက် ယူဆောင်ခဲ့ကြ၏။

အချို့သော ကျောက်သံပတ္တမြားတို့ကို ထုခွဲရောင်းချပြီး အိမ် နားနီးချင်းနှင့်တကွ ရွာသားတို့ကို အသပြာပေးပြီးလျှင် အိမ်ယာ တို့ကိုဆောက်စေ၍ ရင်းနှီးရန် လိုသောသူတို့အား ဆယ်သပြာ စီပေးကာ၊ "ငါ၏ခမည်းတော် နတ်ရွာလားမှပေးဆပ်ကြရမည်၊" ဟု အမှာစကား ပြောကြားသဖြင့် လူတိုင်းကပင် ကြာမှဆပ်ရ အောင် "မင်းကြီးသက်တော် ရာကျော်ရှည်ပါစေ" စသည်ဖြင့် အမြဲတစေ ဆုတောင်းပဋ္ဌနာပြုကြလေ၏။

မိမိအကြောင်း အကောင်းဆိုမည် မဆိုမည်ကို မင်းကြီးသိလို ၍ မြို့တွင်းသို့ ရုပ်ဖျက်ကာ လှည့်လည်စုံစမ်းသောအခါ လူအများ တို့က"မင်းကြီးသက်တော်ရာကျော်ရှည်ပါစေ"ဟုဆုတောင်းကြ သည်ကို ကြားသိရ၍ အကြောင်းကိုမေးမြန်းသော်၊"သို့းတော်က ရင်းနှီးရန် ငွေများချေးငှါးပြီး ခမည်းတော် နတ်ရွာလားမှ ဆပ်ကြ ကုန်"ဟု ပြောကြားသောကြောင့် ဤကဲ့သို့ဆုတောင်းကြကြောင်း ပြန်ပြောင်း ပြောပြကြလေ၏၊ မင်းကြီးလည်း အလွန်ဝမ်းမြောက် သဖြင့် "ငါ့သို့းလိမ္မာပေစွ" ဟုချီးမွမ်းထောမနာပြုပြီးလျှင် သို့းနှင့် သမက်ကိုအိမ်ရှေ့အရာ ပေးသနားလေ၏။

[ ]

# ၁၄-ဒါနသုတ္တ

အလှူဒါန၊ ပေးကမ်းက၊ ရကြမင်္ဂလာ။
[အလှူပေးရခြင်း။]

## ဒါနဝိဂြိုဟ်

(က) ဒိယတေ ဧတာမိနာတိ ဒါနံ၊

ဧတာမိနာ-ဤစေတနာအလေဘောဖြင့်၊ ဒိယတေ-လှူအပ်၏၊ ဧတိ တသ္မာ-ထို့ကြောင့်၊ဒါနံ-ဒါနမည်၏။
[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၃၄၃]

(ခ) ဒိယတေ ဧတေနာတိ ဒါနံ။

ဧတေန၀မ္ဗ ဓာတေန-ထိုတရားသဘောဖြင့်၊ဒိယတေ-ပေးအပ်၏၊ ဧတိတသ္မာ-ထိုသို့ပေးအပ်ကြောင်း ဖြစ်သောသတ္တိကြောင့်၊ တံ၀မ္ဗဓာတံ-ထိုတရား သဘောသည်၊ဒါနံ-ဒါနမည်၏။
[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၃]

## ဒါနမမည်

ကြောက်ခြင်း၊ တပ်စွန်းခြင်း၊ တန်ဆိုးပေးလိုခြင်းအစရှိသည် တို့၏ အစွမ်းအားဖြင့် မိမိ၏ဝတ္ထုကို စွန့်ခြင်းသည် ဒါနမမည်။
[ညောင်ကန်ဆရာတော်]

## အဓိပ္ပါယ်များ

(၁) ဒါနဥ္စာတိ အတ္တနော ပစ္စယဓနဘဏ္ဍံ
ပရဿ ဒဒါ တိတိ အတ္ထော။ ။

ဒါနဥ္စာတိ-ဒါနဉ္စဟူသည်ကား၊အတ္တနော-မိမိ၏၊ပစ္စယဓနဘဏ္ဍံ-ပိုင်ထိုက်သောပစ္စည်းဥစ္စာ ဘဏ္ဍာအသုံးအဆောင်ကို၊ပရဿ-သူတပါးအား၊ ဒဒါတိ-ပေးတတ်သည်တည်း ၊ဣတိအယံ-ဤသည်

လျှင်၊ အဋ္ဌော-ဒါနဟူသော ပုဒ်၏အနက်တည်း၊ ဝါ-မိမိဗိုင်ထိုက်သော ပစ္စည်းဥစ္စာ ဘဏ္ဍာအသုံးအဆောင်ကို သူတပါးလက်သို့ ရောက်အောင် ပေးကြောင်းဖြစ်သော စေတနာတည်း။ ။

[မင်္ဂလာဂဏ္ဍီ-၉၀]

(၂) ယံဒါနဥ္စ-အကြင်လောဘ၊ဒေါသ၊ မောဟတို့ဖြင့် ခြံရံ၍ ပေးလှူခြင်းဟုဆိုအပ်သော ဩမက ဝဋ္ဋ နိဿိတ-နှစ်ဆဲ့ခြောက်ဝ သော ဘုံတို့၌၊ကျင်လည်တတ်သောဒါနကို မဖြစ်စေမူ၍ သံသရာ ဝဋ်ဆင်းရဲအပေါင်းတို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းသော ဉာဏသမ္ပယုတ် သောဘဏအသင်္ခါရိကစိတ်ဖြင့် ရုပ်နာမ်နှစ်ပါးတို့၏ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ဝိဝဋ္ဋနိဿိတ—တွန့်တိုခြင်းမရှိရ အနုဂ္ဂဟိတ—စိတ်အပေါင်းဖြင့် ကောင်းစွာ အလှူပေးရခြင်းသည် လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၆၆]

(၃) ဒါနဥ္စ-အာမိသနှင့်၊ ဓမ္မလှူဒါန်း၊ ဤနှစ်ခန်းတွင်၊ သင်္ကန်း ကျောင်းဆေး၊ ဆွမ်းကွမ်းကျွေးတည့်၊ လေးပါးတဖြာ၊ အခါဖျော်ရည်၊ ဝတ်ထည်ပန်းမျိုး၊ ထုံခိုးနံ့သာ၊ ဖုံဖျာညောင်စောင်း၊ နံ့သာ ပျောင်းတည့်၊ ဂူကျောင်းစရပ်၊ ပေးအပ်ရောင်လင်း၊ စီးနင်းစရာ၊ ဤဆယ်ဖြာနှင့်၊ ဓမ္မာတရား၊ သူသိပွားအောင်၊ ဟောကြားကြည်ဖြူ၊ ပေးလှူခြင်းသည် လည်းကောင်း။

[မင်္ဂလာအလင်း-၇၇]

(၄) ယံဒါနဥ္စ-အကြင်ဒါနပါရမီ သုံးပါးမြောက်အောင် ဆဲ့ လေးယောက်သော ပါရမီတိုင်ခံပုဂ္ဂိုလ်တို့အား စိတ်ထားကြည်ဖြူ ပေးလှူပူဇော်ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ ၄က်တွင်းဆရာတော်]

(၅) ဒါနဥ္စ-သံသရာရေး၊ သဒ္ဓါရှေး၍၊ ခြောက်လေးဆယ်ပါး၊ သုံးငါးအလှူ၊ ကြည်ဖြူစေတနာ၊ ကံသုံးဖြာဖြင့်၊ ညီစွာပေးလှူ၊ စွန့်ကြဲသောအမှုသည်လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်စုံ-၁၁]

(၆) ဒါနဥ္စ-အယုတ်၊ အလတ်၊ အမြတ်မဟူ၊ ပေးလှူစွန့်ကြဲရခြင်းလည်းကောင်း။

[မင်္ဂလသုတ်နိဿယ-၁၆]

(၇) ဒါနဥ္စ-ပစ္စည်းလေးပါး၊အကျယ်အားဖြင့်၊ဆယ်ပါးဝတ္ထု၊ လှူဘွယ်စရာကိုရင်း၊ ကုသိုလ် အကုသိုလ်၊ ထိုထိုဆိုးကောင်း၊ ကျိုးကြောင်းနှစ်ပါး ပေါ်လွင်ကြွားအပ်သော တရားနှစ်မြို့ လှူဘွယ်တို့ကိုရင်း၊ ယင်းသို့ပစ္စယမွေ၊ ဒါနဝတ္ထု၊ အစုစုကို၊ သူ့အား လွှတ်လွှတ်၊ စွန့်ကြဲပေးလှူရခြင်းရင်း။

[မဟာပရိတ်တော်ကြီးနိသျသစ်-၂၇]

## ဒါနနှစ်မျိုး

(၁) သပ္ပုရိသဒါန-သူတော်ကောင်းတို့ပြုသောဒါန။
(၂) အသပ္ပုရိသဒါန-သူတော်ကောင်း မဟုတ်သူတို့ပြုသော ဒါန။

## ဒါနနှစ်မျိုး

(၁) ဝဋ္ဋနိဿိတ ဒါန-ဝဋ်ဆင်းရဲကိုမှီ၍ဖြစ်သောဒါန။
(၂) ဝိဝဋ္ဋနိဿိတ ဒါန-ဝဋ်ဆင်းရဲကိုမမှီမူ၍ဖြစ်သောဒါန။

## ဒါနနှစ်မျိုး

(၁) ဓမ္မိကဒါန-တရားအားလျော်စွာ လှူဒါန်းသောဒါန။
(၂) အဓမ္မိကဒါန-တရားအားမလျော်ဘဲ လှူဒါန်းသောဒါန။

## ဒါန နှစ်မျိုး

(၁) အာမိသဒါန-ပစ္စည်းလေးပါးဟူသောအာမိသဖြင့်လှူခြင်း။
(၂) ဓမ္မဒါန-တရားတည်းဟူသောအလှူကိုလှူခြင်း။

## ဒါန နှစ်မျိုး

(၁) ကာလဒါန-အခါကာလ၌လှူဒါန်းသောအလှူဒါန။
(၂) အကာလဒါန-အခါကာလမဟုတ်ရာ၌. လှူဒါန်းသော အလှူဒါန။

## ဒါန နှစ်မျိုး

(၁) အဇ္ဈတ္တိကဒါန-ကိုယ်၏အတွင်း၌ဖြစ်သော မျက်စေ့၊နား စသည်ကို လှူသောဒါန။
(၂) ဗာဟိရဒါန-အပဖြစ်သော ပစ္စည်းဥစ္စာကို လှူသောဒါန။

## ဒါန နှစ်မျိုး

(၁) စေတနာဒါန-ဤပစ္စည်းကို ဤပုဂ္ဂိုလ်အား လှူမည်ဟူ၍ ရည်မှတ်သောအခါ စေတနာဒါနမည်၏။
(၂) ဝတ္ထုဒါန-ထိုသို့ရည်မှတ်ပြီး ထိုဝတ္ထုကိုကိုင်၍ ပုဂ္ဂိုလ်၏ လက်သို့လှူသောအခါ ဝတ္ထုဒါနမည်၏။

## ဒါန နှစ်မျိုး

(၁) ပါရမီဒါန-သမ္မာသမ္ဗုဒ္ဓဆု၊ အဂ္ဂသာဝက ဆုစသောဆုကြီးများကိုရည်ရွယ်ကာ ပန်ပတ္ထနာပြု၍ လှူဒါန်းသောဒါန။
(၂) ပုညကြိယာဒါန-ဆုကြီးများကို မရည်ရွယ်ဘဲ ကုသိုလ်ရမှုကိုသာ ရည်ရွယ်၍ လှူဒါန်းသောဒါန။

## ဒါန နှစ်မျိုး

(၁) သပရိဝါရဒါန-ကျောင်းကိုလှူသည်ဟုဆိုလျှင် ကျောင်းတမျိုးတည်း မဟုတ်ဘဲ စရပ်၊ ရေတွင်း၊ ရေကန်စသည့် အခြွေအရံတို့နှင့်တကွလှူခြင်း။

(၂) အပရိဝါရဒါန-စရပ်၊ ရေတွင်း၊ ရေကန်စသည့် အခြွေ အရံတို့မပါဘဲ ကျောင်းဆိုလျှင် ကျောင်းတမျိုးတည်း သာလှူခြင်း။
သပရိဝါရဒါနသည် အခြွေအရံနှင့်တကွ အကျိုးပေး တတ်၏။
အပရိဝါရဒါနမှာမူကား အခြွေအရံမပါဘဲ အကျိုးပေး တတ်၏။

## စေတနာသုံးမျိုး

(၁) ပုဗ္ဗစေတနာ- ဟူသည်ကား ‌ လှူမိ ရှေးအတို့၌ ဖြစ် သောစေတနာ။

(၂) မုဥ္စစေတနာ– ဟူသည်ကား လှူစဉ်ဆဲဆဲ၌ ဖြစ်သော စေတနာ။

(၃) အပရစေတနာ–ဟူသည်ကား လှူပြီးနောက်မှ ဖြစ်သော စေတနာ။

## စေတနာသုံးမျိုး

(၁) ဟီနစေတနာ - ပစ္စုပ္ပန်အကျော်အစော အချီးအမွမ်း ကို လို၍ ပြုသောစေတနာ။

(၂) မဇ္ဈိမစေတနာ- နောက်နောက်သော ဘဝ၌ ကြွယ်ဝ ခြင်းကိုအလိုရှိ၍ ပြုသောစေတနာ။

(၃) ပဏီတစေတနာ-ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် တို့ကိုခွဲခြမ်းစိတ်ဖြာ၊ လိမ္မာသည်နှင့်အညီ ရုပ်၊နာမ်၊ခန္ဓာ၊သင်္ခါရ၊ တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာ ရေးသုံးပါးတို့တွင် တပါးပါးကိုဆင်ခြင်လျက် ကြည်ညိုသောစိတ်ကိုဖြစ်စေ၍ လှူဒါန်း ခြင်းစေတနာ။

## လှူခြင်း သုံးမျိုး

(၁) သဟတ္ထိကဒါန- မိမိကိုယ်တိုင်ကိုင်၍လှူခြင်း။

(၂) အာဏတ္တိကဒါန- သူတပါးကိုစေလွှတ်၍လှူခြင်း။

(၃) နိဿဂ္ဂိယဒါန- သူတပါး ခရီးဝေး သွားရာ၌ ပေးအပ်၍ လှူခြင်း။

## လှူခြင်း သုံးမျိုး

(၁) ပဏီတဒါန-စေတနာထက်ထက် မြက်မြက်ပေးလှူအင် သောဒါန။

(၂) မဇ္ဈိမဒါန- စေတနာအလတ်ရှိသောဒါန။

(၃) ဟီနဒါန- စေတနာနုံ့သောဒါန။

## လှူခြင်း သုံးမျိုး

(၁) အလောဘရှိသောဒါန- အနိုင်အထက် မနှိပ်စက်မညှဉ်း ဆဲဘဲ ရသောဝတ္ထုကိုလှူခြင်း။

(၂) အဒေါသရှိသောဒါန-အလှူပေးဆဲ သားမယား စသည် တို့နှင့် အမျက်ဒေါသမထွက်ဘဲလှူခြင်း။

(၃) အမောဟ ရှိသောဒါန- သဒ္ဓါရသဘော တရားတို့ကို အောက်မေ့ဆင်ခြင်၍၊ မရိုက်မမဲ မတွေမဝေ မမေ့မလျော့ မမြူး မတူး မပျော်မရွှင် ပွဲသဘင် မပါဘဲလှူခြင်း။

## လှူခြင်း သုံးမျိုး

(၁) လောဘရှိသောဒါန–အနိုင်အထက် နှိပ်စက် ညှဉ်းဆဲ၍ ရသော ဝတ္ထုကိုလှူခြင်း။

(၂) ဒေါသရှိသောဒါန- အလှူပေးဆဲ သားမယား စသည် တို့နှင့် အမျက်ဒေါသထွက်၍လှူခြင်း။

(၃) မောဟရံသောဒါန-သဒ္ဓါရသဘောတရားကိုမအောက်မေ့ မဆင်ခြင်ဘဲလျက် မိုက်မဲတွေဝေ မေ့လျော့မြူးတူးပျော်ရွှင် သဘင်ပွဲနှင့်လှူခြင်း။

## လှူခြင်းသုံးမျိုး

(၁) ဒါနဒါသ–မိမိသုံးဆောင် စားသောက် သည့်အောက်၊ ယုတ်သောဝတ္ထုကို လှူခြင်းသည် အလှူဝတ္ထု၏ ကျွန်ဖြစ်၍ ဒါနဒါသမည်၏။

(၂) ဒါနသဟာယ-မိမိသုံးဆောင် စားသောက်သည်နှင့်အမျှ လှူခြင်းသည် အလှူဝတ္ထု၏ အဆွေခင်ပွန်းဖြစ်၍ ဒါနသဟာယ မည်၏။

(၃) ဒါနသာမိ-မိမိသုံးဆောင် စားသောက်ခြင်းထက် သာ၍ လှူခြင်းသည် အလှူဝတ္ထု၏ အရှင်ဖြစ်၍ ဒါနသာမိမည်၏။

## လှူခြင်းသုံးမျိုး

(၁) ဉာတပယောဇနဒါန-သားသမီး ငယ်တို့အား နောင်ကြီးပြင်းသောအခါ အတိုးအရင်းပါပြန်၍ ရနိုင်ရန် ရည်ရွယ်မှန်းထားလျက် ကျွေးမွေးပြုစု ပေးကမ်းရခြင်းဟူသော ကြွေးချေးခြင်းဒါန။

(၂) ဉာတ မောက္ခဒါန-မိမိ၏ မိဘများသည် မိမိငယ်ရွယ်စဉ်အခါက မိမိအားကြွေးမြီမှ လွတ်ရန်ဟူ၍ ရည်ရွယ်ပြီးသကာလ ကျေးဇူးရှင် မိခင်ဘခင်တို့အား ကျွေးမွေးပြုစုရခြင်းတည်းဟူသော ကြွေးဆပ်ခြင်းဒါန။

(၃) နိဓိနိဓာနဒါန-တမလွန် သံသရာကိုရည်မှန်းလျက် မိမိနှင့်အတူဖြစ်သော အပေါင်းအသင်းများအား ကျွေးမွေးပြုစုရခြင်းသည် ရွှေအိုးကြီးကို မြှုပ်နှံထားသည်နှင့်တူသော နိဓိနိဓာနခေါ် ရွှေအိုးမြှုပ်ခြင်းဒါန။

[ပကိဏ္ဏကနိပါတ်-ကေဒါရဇာတ်]

## ဒါနလေးပါး

(၁) ကျောင်းလှူခြင်းဒါန။
(၂) သင်္ကန်းလှူခြင်းဒါန။
(၃) ဆွမ်းလှူခြင်းဒါန။
(၄) ဆေးလှူခြင်းဒါန။

## ဒါနလေးပါး

(၁) စေတနာဒါန-စေတနာမျှဖြစ်သောဒါန။
(၂) အလောဘဒါန-လိုချင်တပ်မက်ခြင်း ကင်းသောဒါန။
(၃) ဝိရတီဒါန-မကောင်းမှုမှ ကြဉ်ရှောင်ခြင်းဒါန။
(၄) ဒေယျဓမ္မဒါန-လှူဘွယ်ဝတ္ထုကိုပေးလှူသောဒါန။

## စွန့်ခြင်းကြီးငါးပါး

(၁) ဓနပရိစ္စာဂ-ဥစ္စာပြည်ရွာစွန့်ခြင်း။
(၂) ပုတ္တပရိစ္စာဂ-သားသမီးတို့ကိုစွန့်ခြင်း။
(၃) ဘရိယပရိစ္စာဂ-မယားကိုစွန့်ခြင်း။
(၄) အင်္ဂပရိစ္စာဂ-ခြေလက်အင်္ဂါတို့ကိုစွန့်ခြင်း။
(၅) ဇီဝိတပရိစ္စာဂ-အသက်ကိုစွန့်ခြင်း။

[ဝေဿန္တရာဇာတ်တော်]

## အလှူငါးမျိုး

(၁) သဒ္ဓါဒါန-ကံ၊ ကံ၏အကျိုးကို ယုံကြည်၍လှူခြင်း။

(၂) သက္ကစ္စဒါန-လှူအပ်သော ဝတ္ထုကို သန့်ပြန့်စွာ အရိုအသေပြု၍လှူခြင်း၊ အလှူခံပုဂ္ဂိုလ်ကို အရိုအသေပြု၍လှူခြင်း။

(၃) ကာလဒါန-ဧည့်သည်၊ ခရီးသွား၊ သူနာတို့အားရင်း၊ ရှားပါးတော်မွတ်သော အခါကာလ၌ရင်း၊ ပန်းဦးပွင့်သော အခါ၌ရင်း၊ ကောက်ရိုးရိတ်သောအခါ၌ရင်း လှူဒါန်းခြင်း။

(၄) အနုဂ္ဂဟိတဒါန-မိမိစည်းစိမ်ကို မတပ်မစွန်း ရက်ရက် စက်စက် လှူခြင်း။

(၅) အနုပဟတ္တဒါန-မိမိကိုယ်ကို မချီးမြှင့်၊ သူတပါးကို မ ရှုတ်ချမူ၍ လှူခြင်း၊ ၎င်းဒါနငါးပါးကို သပ္ပုရိသဒါနခေါ်သည်၊ သူတော်ကောင်းတို့ပြုလုပ်သောအလှူဟု ဆိုလိုသည်။

[အင်္ဂုတ္တိုရ်-ပါဠိတော်]

## ကောင်းမှုဟုသမုတ်အပ်သော်လည်း မကောင်းမှုသာ ဖြစ်သောဒါနများ

ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ
လောကသ္မိံ၊ ကတမာနိပဉ္စ၊ မဇ္ဇဒါနံ သမဇ္ဇဒါနံ
ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနန္တိ။ ။

လောကသ္မိံ-လောက၌၊ ပုညသမ္မတာနိ-လူရိုက် တို့သည် ကောင်းမှုဟု သမုတ်အပ်ကုန်သော၊ အပုညာနိ-မကောင်းမှုအကု သိုလ်သာ ဖြစ်ကုန်သော၊ ဒါနာနိ-အလှူတို့သည်၊ ပဉ္စ-ငါးပါးတို့ တည်း၊ ကတမာနိပဉ္စ- အဘယ်ငါးပါးတို့နည်းဟူမူကား-

မဇ္ဇဒါနံ-သေအရက်အလှူလည်းကောင်း။
သမဇ္ဇဒါနံ-ပွဲသဘင်အလှူလည်းကောင်း။
ဣတ္ထိဒါနံ-မိန်းမအလှူလည်းကောင်း။
ဥသဘဒါနံ-နွားလားဥသဘ အလှူလည်းကောင်း။
စိတ္တကမ္မဒါနံ-ပန်းချီ ပန်းပု ရေးထုအပ်သော အလှူလည်း ကောင်း၊ ဣတိ ဣမေပဉ္စ-ဤငါးပါးတို့ပင်တည်း။

[ပရိဝါ-ပါဠိတော်]

ဤနေရာ၌ အဆုံးအဖြတ်အမှာစကား အနည်းငယ်ရေးပါဦးအံ့။

မလှူအပ်သောအလှူငါးပါးတို့တွင်။-(၃)-ချမြောက်ဣတ္ထိဒါန- မိန်းမအလှူဟူသည်မှာ မေထုန်မှီဝဲရန်အတွက် သက်သက်ရည် မှန်း၍ လှူဒါန်းခြင်းကိုဆိုလိုသည်။ (၄)-ချမြောက် ဥသဘဒါန-

နွားလားဥသဘအလှူဟူသည်မှာ ပဋိသန္ဓေရအောင် နွားမတို့၏ အလယ်၌ နွားလားဥသဘတို့ကို လွှတ်၍ လှူဒါန်းခြင်းကို ဆိုလိုသည်။ (၅)-ခုမြောက် စိတ္တကမ္မဒါန-ပန်းချီ ပန်းပု ရေးထုအပ်သော အလှူဟူသည်မှာ ထိုအရုပ်ကိုမြင်သဖြင့် ကိလေသာတရားပွားများရာ ပွါးများကြောင်း မကောင်းစေ့ရုံ မေထုန်မှိဝဲပုံ သွေးရည်းစား စကားပြောပုံ စသည်ကို ရေးသားထုလုပ်၍ လှူဒါန်းခြင်းကိုဆိုလိုသည်။

ထိုငါးပါးတို့တွင် မဇ္ဇဒါန-သေရည်သေရက်အလှူ၊ ဇာတ္တိဒါန-မိန်းမအလှူ၊ ဥသဘဒါန-နွားလားဥသဘအလှူ၊ သုံးပါး တို့သည် အခါခပ်သိမ်း အကုသိုလ်သာဖြစ်၏၊ စိတ္တကမ္မဒါန-ပန်းချီ ပန်းပု ရေးထုအပ်သော အလှူ၌ကား သတ္တဝါများတို့ ကုသိုလ်တရားပွါးများစေဖုန် ငရဲခန်း၊ဘုံခန်း၊ ရှုံးပန်းရှုံးနွယ်၊ အဆန်းတကြွယ်၊ ကြည်ညိုဘွယ်သော ဇာတ်ရုပ် အသဒိသ ဒါနရုပ်စသည်တို့ကို ရေးလုပ်လှူဒါန်းမှု၊ ကုသိုလ်တရား ပွါးများပါသတည်း။

သမဇ္ဇဒါန-ပွဲသဘင် အလှူ၌လည်း အပျက်အချော် လျှပ်ပေါ်လော်မာ ဒုစရိုက်မပါဘဲ ဗုဒ္ဓာရုံကျောင်းတော်ကြီး ရေစက်သွန်းချသည့်အခါ ဝိသာခါ သူဌေးကတော် ကဲ့သို့ရင်း၊ ပလလဲ တောမှ မြတ်စွာဘုရားအား ပျားရည်လှူသော မျောက်ကဲ့သို့ရင်း ဝမ်းမြောက်ကြည်ယုံ၊သဒ္ဓါဟုန်ဖြင့်၊ကခုန်ပူဇော်နိုင်ပါမူ ကုသိုလ်တရားဖြစ်ပွါးပါသတည်း။

## ဒါနနှစ်မျိုးနှင့်အပွါး-၆-မျိုး

(၁) သုသီလဒါန-သီလရှိသောဒါန။

(၂) ဒုသီလဒါန-သီလမရှိသောဒါန။

## သုသီလဒါနသုံးမျိုး

(၁) အလှူပေးအလှူခံသုသီလ။

(၂) အလှူပေးဒုသီလ၊ အလှူခံသုသီလ။

(၃) အလှူပေးသုသီလ၊ အလှူခံဒုသီလ။

## ဒုဿီလဒါနသုံးမျိုး

(၁) အလှူပေး၊ အလှူခံဒုဿီလ။
(၂) အလှူပေးသုဿီလ၊ အလှူခံဒုဿီလ။
(၃) အလှူပေးဒုဿီလ၊ အလှူခံသုဿီလ။

[မင်္ဂလာဂဏ္ဌိ-၉၂]

## အလှူခြောက်မျိုး

(၁) ရူပဒါန-အဆင်းအလှူ။
(၂) သဒ္ဒဒါန–အသံအလှူ။
(၃) ဂန္ဓဒါန-အနံ့အလှူ။
(၄) ရသဒါန-အရသာအလှူ။
(၅) ဖောဋ္ဌဗ္ဗဒါန-အတွေ့အထိ အဝတ်အရုံ အလှူ။
(၆) ဓမ္မဒါန-တရားဟူသောဓမ္မာရုံအလှူ။

## (၁) ရူပဒါန၌-သုံးပါးအပြားရှိ၏

(က) ဒါနမယ-အလှူဖြင့်ပြီးခြင်း။
(ခ) သီလမယ-သီလဖြင့်ပြီးခြင်း။
(ဂ) ဘာဝနာမယ-ဘာဝနာဖြင့်ပြီးခြင်း။

**မှတ်ရန်။** ကျန်ငါးပါး အတွက်လည်း ဤနည်းအတိုင်းပွါးရမည်၊

## (က) ဒါနမယ၌သုံးပါးပွါးပြန်၏

(၁) ကာယကံဒါန-ကိုယ်ဖြင့်ပေးလှူခြင်း။
(၂) ဝစီကံဒါန-နှုတ်ဖြင့်ပေးလှူခြင်း။
(၃) မနောကံဒါန-စိတ်ဖြင့်ပေးလှူခြင်း။

**မှတ်ရန်။** ဤနည်းတူစွာ၊ ကျန်ငါးဒါနမှ ကိုးပါးစီပွါးရကား ခြောက်ဒါနတွက် ပေါင်း၊ငါးဆဲ့လေးပါး ဒါန ပြား၏ဟူသည်။

[**အဘိဓမ္မာပိဋကတ်ဓမ္မသင်္ဂဏီပါဠိတော်**]

## သုတ္တန်နည်းအလှူဆယ်မျိုး

(၁) အန္န-ဆွမ်းအလှူ။
(၂) ပါန-အဖျော်အလှူ။
(၃) ဝတ္ထ-ကျောင်းအလှူ၊
(၄) ဝတ္ထ-သင်္ကန်းအလှူ။
(၅) ယာန-ယာဉ်အလှူ။
(၆) မာလာ-ပန်းအလှူ။
(၇) ဝိလေပန-အလိမ်းအကျံ နံ့သာပျောင်းအလှူ။
(၈) ဂန္ဓ-အမွှေးအကြိုင်နံ့သာအလှူ၊
(၉) သေယျ-ညောင်စောင်းအင်ပျဉ်၊ အိပ်ရာနေရာအလှူ။
(၁၀) ပဒီပေယျ-ဆီမီးတန်ဆောင်အလှူ။

[ဒသနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်]

## ခေတ်အလှူဆယ်မျိုး

(၁) ကျွေးယူပြီး အားနှင့်မမျှ အလှူပေးခြင်း။
(၂) မဆင်မခြင် ပွဲလမ်းသဘင်များ အလှူဒါနပြုရာတွင်ထည့်သွင်းခြင်း။
(၃) စေတနာမရှိလှဘဲ အလှအပဂုဏ်ပကာသနကို လိုလား၍လှူသောအလှူ။
(၄) ဂုဏ်တုဂုဏ်ပြိုင်အလှူ။
(၅) မိရိုးဖလာ ပြုလုပ်ခဲ့သည့်အတွက် အကဲ့ရဲ့လွတ်အောင်မလွှဲသာ၍လှူသောအလှူ။
(၆) အကူအညီအထောက်အပံ့ကိုမျှော်ကိုး၍ လှူသောအလှူ။
(၇) တိုက်တွန်း နှိုးဆော်လာသူတို့ကို အားနာ၍ ထည့်လိုက်ရသောအလှူ။
(၈) အိုးစည် ဗုံမောင်းနှင့် ငွေဖလား ထိုးခံ၍ စိတ်မပါဘဲ ထည့်လိုက်ရသောအလှူ။

(၉) အထက်လူကြီးအမိန့်အာဏာအရ ပေးလှူရသောအလှူ။
(၁၀) မမာသည့်အခါ သေမည်ကိုကြောက်၍ ဗေဒင်ဆရာ၏ ညွှန်ကြားချက်အရ ပေးလှူရသောအလှူ။

ဤအလှူ များမှာ ညောင်ပင်ကြီးလောက် လှူမှ ညောင်စေ့လောက်အကျိုးရတတ်သည့်အတွက် သတိပြု၍ လှူဒါန်းသင့်ပေပြီ။

## အလှူပေးသော ဒါနရှင်တို့၏ အင်္ဂါသုံးပါး

(၁) လှူခါနီး၌ ဈေးမသွားကပင်လျှင်"စည်းစိမ်တို့၏အကြောင်း ဖြစ်သည့် အစဉ်လိုက်သော ရွှေအိုးကိုမြှုပ်အံ့"ဟုဝမ်းမြောက်ဝမ်းသာရှိခြင်း။

(၂) လှူဘွယ်ဝတ္ထုကို အလှူခံ၏ လက်၌ထားစဉ် "အနှစ်မရှိသောဥစ္စာမှ အနှစ်ရှိသောဥစ္စာကိုငါပြု၏"ဟုကြည်လင်စေခြင်း။

(၃) လှူပြီးသော အခါ "ပညာရှိတို့သည် ပညတ်အပ်သော ကုသိုလ်ကို ငါဖြစ်စေအပ်ပြီတကား၊ အံ့ဘွယ်ရှိစွ၊ အလွန်ကောင်းစွ၊"ဟုဝမ်းမြောက်ဝမ်းသာရှိခြင်း။

[တိကအင်္ဂုတ္တိုရ်]

## အလှူခံပုဂ္ဂိုလ်တကျိပ်လေး

| | | |
|---|---|---|
| (၁) | ဘုရား | ၁။ |
| (၂) | ပစ္စေကဗုဒ္ဓါ | ၁။ |
| (၃) | အရိယာသာဝက–၈–ပါး | ၈။ |
| (၄) | သာသနာတော်မှအပဖြစ်သော ဈာန်ရရသော့ပရိဗိုဇ် | ၁။ |
| (၅) | ပုထုဇဉ်သီလဝန္တ | ၁။ |
| (၆) | ပုထုဇဉ်ဒုဿီလ | ၁။ |
| (၇) | တိရစ္ဆာန် | ၁။ |
| | | ၁၄။ |

[ဥပရိပဏ္ဏာသ ပါဠိတော်၊ မဟာဒက္ခိဏာဝိဘင်္ဂသုတ်]

## အရှုခံပုဂ္ဂိုလ်တို့၏ အဆင့်အတန်း

(၁) လောကီလူသား၊ (၅) ရဟန္တာ၊
(၂) သောတာပန်၊ (၆) ပစ္စေကဗုဒ္ဓါ၊
(၃) သကဒါဂါမိ၊ (၇) သဗ္ဗညုမြတ်စွာဘုရား၊
(၄) အနာဂါမိ၊ (၈) ဘုရားအမှူးရှိသောသံဃာ၊
(၉) စတုဒ္ဒိသသံဃာ၊

[ဝေလာမသုတ်]

## တနည်းအရှုခံ ပုဂ္ဂိုလ်တို့၏ အဆင့်အတန်း

(၁) ရတနာသုံးပါးကို ပွါးများတတ်သောသူ၊
(၂) ပဥ္စသီလတည်သောသူ၊
(၃) အဋ္ဌင်္ဂသီလတည်သောသူ၊
(၄) ဒသင်္ဂသီလတည်သောသူ၊
(၅) ရှင်သာမဏေ၊
(၆) ပဥ္စင်းမျှဖြစ်သောရဟန်း၊
(၇) ဝတ်နှင့်ပြည့်စုံသောရဟန်း၊
(၈) ဝိပဿနာကို အားထုတ်သော ရဟန်း။

[ညောင်ကန်မင်္ဂလဋ္ဌဒီပနီ-၃၅၄]

## အရှုခံ ပုဂ္ဂိုလ်မြတ်

(၁) အလှူဒါနပြုလုပ်သော ကိစ္စ၌ သီလဝန္တာအစစ် သီလရှိသောပုဂ္ဂိုလ် မြတ်ကိုအလိုရှိရာ၏။

[နရဒက္ခဒီပနီ-၄၈၃]

(၂) သီလဝတော ဒေါ မဟာရာဇ ဒိန္နံ
မဟပ္ဖလံ၊ နော တထာ ဒုဿီလေ။

မဟာရာဇ-မြတ်သောမင်းကြီး၊ သီလဝတော-သီလရှိသော ပုဂ္ဂိုလ်အား၊ ဒိန္နံ-ပေးလှူရခြင်းသည်၊ မဟပ္ဖလံ-ဖွံ့ဖွံ့ပြိုးပြိုးကြီး မားသောအကျိုးရှိ၏၊ ဒုဿီလေ-ဒုဿီလပုဂ္ဂိုလ်၌၊ ဒိန္နံ-ပေးလှူ

ရခြင်းသည်၊ တထာ—ထိုသီလရှိသော ပုဂ္ဂိုလ်အား ပေးလှူရသကဲ့သို့၊ နော—မဟပ္ဖလံ—ဖွံ့ဖွံ့ဖြိုးဖြိုးကြီးမားသော အကျိုးမရှိပေ။

[ကောသလသံယုတ်-ပါဠိတော်]

## အလှူခံပုဂ္ဂိုလ် စိစစ်ပါ

ဝိစေယျဒါနံ သုဂတပ္ပသတ္ထံ။

ဝိစေယျဒါနံ—ရွေးချယ်စိစစ်၍ လှူခြင်းကို၊ သုဂတပ္ပသတ္ထံ—ရှင်တော်ဘုရားချီးမွမ်းတော်မူအပ်၏။

[အင္ဂုတ္တိုရ်ပါဠိ-အာဒိတ္တဇာတ်]

## အလှူခံ ပုဂ္ဂိုလ်ကြိုက်ရာ စိစစ်၍လှူပါ

အလှူဒါနပြုရာ၌ အလှူခံပုဂ္ဂိုလ် နှစ်သက်သောဝတ္ထု ပစ္စည်းကိုစိစစ်၍ လှူရခြင်းသည် အမှတ်မရှိ လှူရသော ဒါနထက်ပို၍ အကျိုးရှိလေသည်၊ မိမိမနှစ်သက်သော အနိဋ္ဌာရုံတို့နှင့် မကြုံရဘဲ၊ နှစ်သက်စရာ ဣဋ္ဌာရုံတို့နှင့်သာ တွေ့ကြုံရခြင်းသည် အလှူဒါန၏ အကျိုးပင်ဖြစ်လေသည်။

## အလှူခံပုဂ္ဂိုလ်ကိုလိုက်၍အကျိုးပေးပုံ

(၁) ဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် အရိယာပုဂ္ဂိုလ်—၈-ပါး—သတ္တဂဏာအကျိုးအားဖြင့် မရေတွက်နိုင်။

(၂) သာသနာပဉ္စဖြစ်သောရဟန်း—အကျိုးကုဋေတသိန်း။

(၃) သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်—အကျိုးတသိန်း။

(၄) ပုထုဇဉ်ဒုဿီလပုဂ္ဂိုလ်—အကျိုးတထောင်။

(၅) တိရစ္ဆာန်၌အလှူ—အကျိုးတရာ။

[ဥပရိပဏ္ဏာသ စတုတ္ထဝဂ် ဒက္ခိဏာဝိဘင်သုတ်]

## လှူဘွယ်ဝတ္ထုနှင့်အကျိုးကျေးဇူးများ

အလှူပစ္စည်းတခုကိုလှူလျှင် အထိုက်အလျောက် အကျိုးပေး၏၊ ဥပမာ—ရေလှူခြင်းအကျိုး (၁၀) ပါးရ၏၊ ထို့အတူ အခြားပစ္စည်း အသီးသီးအတွက် အကျိုးအသက အသကရှိရာ ကျယ်

ဝန်းလှ၍ ချန်လှပ်ခဲ့ပါ၏၊ သိလိုပါလျှင် လုံးတော်ဆရာရေးသား တော်မူသော ပကိဏ္ဏကဝိသဇ္ဇနာ ဒုတိယတွဲ စာမျက်နှာ(၄၅၃) တွင်ကြည့်ရှုပါကုန်။

**အလှူ၏အကျိုး**

(၁)—သဒ္ဓါလှူမျိုး၊တကြိမ်ပျိုးက၊ ကောင်းကျိုးအသင်္ချေ၊ ပွါး တတ်စေသည်၊ လယ်မြေအခွန်၊ ခွန်ထွက်သန်သို့။

[ဟတ္ထိပါလ တောထွက်ခန်း]

(၂) အဒန္တဒမနံ ဒါနံ၊
ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊
ဥန္နမန္တိ နမန္တိစ။ ။

ဒါနံ—လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းသည်၊ အဒန္တဒမနံ—မယဉ် ကျေးသေးသော သူကို ယဉ်ကျေးစေတတ်၏၊ ဒါနံ-ဒါနသည်၊ သဗ္ဗတ္ထသာဓကံ-အလုံးစုံသော လောကီအကျိုး၊ လောကုတ္တရာ အကျိုးကိုပြီးစေတတ်၏၊ ဒါနေန—လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း ဖြင့်လည်းကောင်း၊ ပိယဝါစာယ—ချစ်ဘွယ်သော စကားကို ဆို ခြင်းဖြင့် လည်းကောင်း၊ဥန္နမန္တိ-မရှိဉ္စတ်သေးသော သူတို့သည် ရှိဉ္စတ်ကုန်၏၊ နမန္တိစ—ရှိဉ္စတ်ပြီးသောသူတို့သည်လည်း အဖန် တလဲလဲ ရှိဉ္စတ်ကုန်၏၊ တနည်းကား၊ ဥန္နမန္တိစ မချစ်မလေး မြတ်သော သူတို့သည်လည်း ချစ်လေးမြတ်ကုန်၏၊ နမန္တိစ၊ ချစ်လေးမြတ်သောသူတို့သည်လည်း အဖန်တလဲလဲ ချစ်လေး မြတ်ကုန်၏။

[သုတ္တန်ပါဠိတော်]

(၃) ဒါနံ သဂ္ဂဿ သောပါနံ၊
ဒါနံ ပါထေယျံ မုတ္တမံ။
ဒါနံ ဥဇု ဂတံ မဂ္ဂံ၊
ဒါနံ မောက္ခပဒံ ဝရံ။

ဒါနံ—စေတနာသုံးတန်၊ ထက်သန်ပြုဖွေး၊ အလှူပေးခြင်းသည်၊ သဂ္ဂသာ—ကုသိုလ်ရှင်အများ၊ ပျော်ပါးရာမည်၊ ထက်နတ်ပြည်၏၊ သောပါဏံ—လှယ်စွာ တက်ကြောင်း၊ စောင်းတန်း လှေကားကြီး ပေတည်း၊ ဒါနံ-စေတနာသုံးသွယ်၊စင်ကြယ်ပြုဖွေး၊အလှူပေးခြင်း သည်၊ ဥတ္တမံ-ပြိုင်ဘက်ကင်းလွတ်အလွန်မြတ်သော၊ ပါထေယျံ- သံသရာလမ်းစခမ်းမှာ၊ မပင်မပန်းချမ်းသာစေကြောင်း၊ ကောင်း စွာ သိုမြှုပ်ရိက္ခာထုပ်ကြီးပေတည်း၊ ဒါနံ-မဆုတ်မတွန့်၊ ပေးစွန့် ကြံချ၊ မြတ်ဒါနသည်၊ဥဇုဂတံမဂ္ဂံ-မြတ်နိဗ္ဗာန်သို့၊ ဘေးရန်မနှောင့်၊ ဖြောင့်ဖြောင့် ရောက်ကြောင်း၊ လမ်းကောင်းအကျော်၊ လမ်းမ တော်အစစ်ကြီးပေတည်း၊ ဒါနံ—ဝန့်နှင့်မနွယ်၊ စင်ကြယ်ပြုဖွေး၊ အလှူပေးခြင်းသည်၊ ဝရံ-ပြိုင်လာတိုင်းရှုံး၊ အထွတ်ဆုံး ဖြစ်သော၊ မောက္ခပဒံ- သံသရာဝဋ်၊ နယ်မှကျွတ်၍၊ လွတ်ကြောင်း ထွက် ကြော[illegible]း၊ အကျင့်ကောင်းအစစ်ကြီးပေတည်း။

[သုတ္တန်ပါဠိတော်]

## သက်န်းလှူရသောအကျိုး

(၁) သက်န်းအလှူ၊ အကျိုးမှုကား၊ ရွှေဘုအဆင်း၊ မြူချေး ကင်းလျက်၊ တောက်ခြင်းရောင်ဝါ၊ နူးညံ့စွာနှင့်၊ သုံးဖြာပုဆိုး၊ လေးမျိုးသောချည်၊ များသည်တသိန်း၊ ခပ်သိမ်းဌာန၊ ဤ၅စ်ဝကို၊ မုချမလွဲ-ရလေမြဲ။

[သုတ္တန်နည်း]

(၂) အဘိဓမ္မာ၊ကျမ်းအလာကား၊ကောင်းစွာအဆင်း၊ကောင်း ခြင်းအသံ၊ အတန်အနံ့၊ မွေးပျံ့ကြိုင်စွာ၊ ရသာဘောဂ၊ သုံးဆောင် ရလျက်၊ ဖဿကိုယ်မှာ၊ နူးညံ့စွာနှင့်၊ ပမာဂွမ်းလား၊ ကင်းငြား အနာ၊ ချမ်းသာသုခ၊ ဤခြောက်ဝကို၊ နိစ္စမလွဲ-ခံရမြဲ။ ။

[အဘိဓမ္မာနည်း]

## ပညာအလှူ

ပညာအလှူ၊ ပေးသော သူအား၊ နှိုင်းတုဘက်ရှဲ၊ သာလွန်ကဲ၍၊ စွန့်ကြဲဒါန၊ ပဓာနထက်၊ အဆများစွာ၊ မြင့်မြတ်ရာဟု၊ ကျမ်းလာထင်ရှား၊ ကိုယ်ဉာဏ်အားဖြင့်၊ တပါးသူပေါင်း၊ လိမ္မာကြောင်းကို၊ လမ်းကောင်းညွှန်ကာ၊ ပဒေသာဟု၊ ပညာသီးခိုင်၊ ဉာဏ်ခရိုင်နှင့်၊ မဏ္ဍိုင်ဖြိုးဖြိုး၊ ပင်စိုက်ပျိုးလော့။

## ဓမ္မအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗဒါနံ–ခပ်သိမ်းသောအလှူကို၊ ဓမ္မဒါနံ–တရား တည်းဟူသော အလှူသည်၊ ဇိနာတိ–အောင်နိုင်၏။

[ဓမ္မပဒ-တဏှာ၀ဂ်]

## ရှင်းအဓိပ္ပါယ်

(၁) ဓမ္မဒါနဟူသည်ကား ဤလောက၌ အချို့သောသူသည် နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော ကောင်းသောအကျင့်ကို ဟော၏၊ ဤအလှူသည် ဓမ္မဒါနမည်၏။

[ဒုကအင်္ဂုတ္တိုရ်-အဋ္ဌကထာ]

(၂) ဤလောက၌ အချို့သော သူသည် ဤတရားတို့သည် ကုသိုလ်ဖြစ်ကုန်၏၊ ဤတရားတို့သည် အကုသိုလ်ဖြစ်ကုန်၏၊ ဤတရားတို့သည် အပြစ်ရှိကုန်၏၊ ဤတရားတို့သည် အပြစ်မရှိကုန်၊ ဤတရားတို့ကို ပညာရှိတို့သည် ကဲ့ရဲ့အပ်ကုန်၏၊ ဤတရားတို့သည် စွဲလမ်းအပ်ကုန်သည်ရှိသော် အစီးအပွါးမရှိခြင်းငှါ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏၊ ဤတရားတို့သည် စွဲလမ်း ဆောက်တည်အပ်သည်ရှိသော် စီးပွါးခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ကုန်၏ဟူ၍ ကုသလကမ္မပထ အကုသလကမ္မပထတို့ကို ဝေဘန်လျက် ပစ္စုပ္ပန်လောက၊ တမလွန်လောက၌ ဖြစ်ကုန်သောကံ ကံ၏အကျိုး

တို့ကို များကမျှောက်အားဖြင့် ပြသကဲ့သို့ ထင်စွာပြလျက် အကုသိုလ်တရားတို့မှ နစ်စေလျက် ကုသိုလ်တရားတို့၌ တည်စေလျက် တရားဟော၏၊ ဤတရားဟောခြင်းသည် ဓမ္မဒါနမည်၏။

အကြင်သူသည်ကား ဤတရားတို့သည် ထုံးသောညာဏ်ဖြင့် သိအပ်ကုန်သော တရားတို့တည်း၊ ဤတရားတို့သည် ပိုင်းခြား၍ သိအပ်ကုန်သော တရားတို့တည်း၊ ဤတရားတို့သည် ပယ်အပ်ကုန်သော တရားတို့တည်း၊ ဤတရားတို့သည် ပွါးစေအပ်ကုန်သော တရားတို့တည်းဟု သစ္စာတို့ကိုပြလျက် အမြိုက်နိဗ္ဗာန်ကို ရစေခြင်း၌ ကောင်းမြတ်သော အကျင့်တရားတို့ကို ဟော၏၊ ဤတရားဟောခြင်းဟူသော အလှူသည်ကား အထွတ်သို့ရောက်သော ဓမ္မဒါနမည်၏။

[ဇာတိဝုတ်-အဋ္ဌကထာ]

## ဒါနနှင့်တူသော ဥပမာများ

ဒါနဟူသည်ကား–

(၁) မိရေဟူသော အနက်ကြောင့် ရတနာ ခုနစ်ပါးဖြင့်ပြီးသော ခြသေ့ခံသည့် "ပလ္လင်"နှင့်တူ၏။

(၂) တည်ရာဟူသော အနက်ကြောင့် "မြေကြီး"နှင့်လည်း တူ၏။

(၃) ဒုက္ခအပေါင်းတို့မှ ထွက်မြောက်ရာ ဖြစ်သောကြောင့် "သင်္ဘောကြီး"နှင့်လည်းတူ၏။

(၄) ကြောက်ရွံ့ ထိတ်လန့်ခြင်းမှ ကင်းစေ တတ်သောအနက်ကြောင့် သားများသနင်း "ခြသေ့မင်း"နှင့်လည်းတူ၏။

(၅) ကြီးကျယ်သော ခွန်အားဗလကို ရစေတတ်သော အနက်ကြောင့် "ဆင်ပေါက်ကြီး"နှင့်လည်းတူ၏။

(၆) ကောင်းမြတ်သော မင်္ဂလာဟု သမုတ်အပ်သော အနက်ကြောင့် "နွားလားဥသဘကြီး" နှင့်လည်းတူ၏။

(၇) ဘေးကင်းရာသို့ ပို့ဆောင် နိုင်သော အနက်ကြောင့် "ဝလာဟက နတ်မြင်းပျံ" နှင့်လည်းတူ၏။

(၈) နှမြောတွန့်တိုခြင်းစသော အညစ်အကြေးတို့လိမ်းကပ်ခြင်း၌ မစွမ်းနိုင်သောအနက်ကြောင့် အထပ်တရာရှိသော"ပဒုမာကြာငုံကြာဖူးကြီး" နှင့်လည်းတူ၏။

[မင်္ဂလာဖွင့်အကျယ်လက်စွဲ-၁၂၂]

## ဒါန၏သတ္တိ

ဒါနသည် (၁) သိကြားမင်း၊ ဗြဟ္မာမင်း၊ မာရ်နတ်မင်း၊ စကြဝတေးမင်းတို့၏ စည်းစိမ်ကိုလည်းကောင်း။
(၂) သာဝကဗောဓိဉာဏ်ကိုလည်းကောင်း။
(၃) ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။
(၄) သမ္မာ သမ္ဗောဓိ ဉာဏ်ကိုလည်းကောင်း–
ပေးခြင်း၌စွမ်း၏။

[သုတ်မဟာဝါအဋ္ဌကထာမဟာပဒါနသုတ်အဖွင့်]

## သဒ္ဒါမွဲက

ပစ္စည်းကုံလုံ၊ ပြည့်စုံစဉ်ခါ၊ မလှူပါဘဲ၊ သဒ္ဒါမွဲက၊ နောင်ကာလ- နောင်တ ပူပန်ရတတ်သည်။

[နရာကွဒီပနီ-၃၆၀]

## သတိထား၍ လှူပါ

အကျိုးမရှိသောဒါန၊အကျိုးရှိသောဒါနဟူ၍ အမျိုးမျိုးရှိလေရာ သမ္မာဉာဏ် ယှဉ်ပြီးသကာလ "ကျွဲးကားကျွဲး၏မဝ၊ပေးကားပေး၏မရ" မဖြစ်ကြရအောင် မိမိလှူသော အလှူအတွက် အရှုံးမထွက်စေဘဲ အမြတ်တက်စေရန် ညောင်စေ့လောက်လှူကာမျှဖြင့် ညောင်ပင်ကြီးလောက် အကျိုးများသော လှူနည်းဖြင့် များများကြီး ခံစားစံစားခွင့် ရနိုင်သော ဝိဝဋ္ဋနိဿိတ ဒါနမည်သောအလှူကို လှူဒါန်းကြစေရန် လေးနက်စွာသတိပေးပါ၏။

[ ]

## စစ်ရှုံးသော်လည်းဒါနကိုမမေ့

ဒုဋ္ဌဂါမဏိမင်းသည် ညီတော်တိဿနှင့်စစ်ဖြစ်၍ စစ်ရှုံးသဖြင့် မြင်းတစ်စီးအမတ်မှူးဖြင့် တိမ်းရှောင်နေရာ တောထဲမှာပင် လွန်စွာ ဆာလောင်နေစဉ်၊ အမတ်၏ပွဲတော် တယောက်စာကို မြင်း၊ အမတ်၊ မိမိတို့အပြင်၊ လှူဘို့ပါ၊ လေးဘို့ခွဲ၍ အလှူခံပုဂ္ဂိုလ်ကို ကြွေးကြော်ဈောက်ထား၏၊ အလှူခံပုဂ္ဂိုလ်လည်း၊ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့်ကြား၍ ကြွရောက်လာသဖြင့် မိမိတို့ဘို့ မှန်းထား သောအဘို့ကိုပါ အားလုံးပင် လှူလိုက်ကြ လေသည်။

[မဟာဝင်]

## မင်္ဂလာမည်ပုံ

ဒါနသည် များစွာသောလူတို့ ချစ်အပ်သည်၏အဖြစ် အစရှိ ကုန်သော မျက်မှောက် တမလွန်၌ ဖြစ်ကုန်သော အကျိုးထူး တို့ကိုရခြင်း၏အကြောင်းရင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလဒ္ဒီပနီ-၂၄]

## ဒါနဋ္ဌမင်္ဂလာသံပေါက်များ

က–(၁) စေတနာဖြူစွ၊ ပေးလှူကြ၊ ဒါနမင်္ဂလာ။
(၂) ဒါနအလှူ၊ ပေးပါမူ၊ ကြည်ဖြူထက်နတ်ရွာ။
(၃) မင်္ဂဖိုလ်နိဗ္ဗာန်၊ရောက်ကြရန်၊ဓိဋ္ဌာန်လှူဒါန်းရာ။

[မင်္ဂလဋ္ဌပုဏ္ဏာဝိသဇ္ဇနာ-၂၄]

ခ–(၁) ဝတ္ထုနှင့်သာ၊ စေတနာ၊ နှစ်ဖြာဒါနလာ။
(၂) ဓမ္မတဝ၊ အာမိသ၊ ဒါနမျိုးနှစ်ဖြာ။
(၃) ကျိုးကြောင်းနှစ်ဝ၊ ဆိုးကောင်းပြ၊ ဓမ္မဒါနပါ။
(၄) ပေးကမ်းလှူထ၊ ပြုစာဂ၊ ဒါနမင်္ဂလာ။
(၅) ဒေယျဓမ္မ၊ ဆယ်မျိုးပြ၊ ဒါနအာမိသာ။
(၆) ကိုယ်တဂူတဝ၊ မြတ်ယုတ်ပြ၊ ဒါနမျိုးသုံးဖြာ။

(၇) ဓမ္မဒါန၊ ပြုရှာထ၊ မှတ်ကြစဉ်မကွာ။
(၈) ဒါနဥပါဂ်၊ လိုက်နာတတ်၊ မှတ်လောမင်္ဂလာ။
[မင်္ဂလဒ္ဓဒီပက-၂၂]

## ဒါနဥမင်္ဂလာပျို့

(၁) မြဲမှတ်တခန်း၊ ဝတ်သက်နှန်းနှင့်၊ဆွမ်းပန်းကျောင်းဆေး၊ ပစ္စည်းလေးကို၊ လှူရေးတဝ၊ ရူပသဒ္ဒ၊ စသည်အပြား၊ ခြောက်ပါးအလှူ၊ တနည်းမူကား၊ မှတ်ယူကျမ်းလာ၊ ဩဇာပါန၊ နံ့သာစသား၊ ဒသဝတ္ထု၊ အလှူရနှင့်၊ သပ္ပုရိသ၊ လှူဒါနလည်း၊ ပစ္စသမုတ်၊ အယုတ်အလတ်၊ အမြတ်သုံးပါး၊ လှူနည်းများမှ၊ ဒါနပရမတ်၊ဆောင်တုံလတ်အောင်၊ လှူဒါန်းဆောင်လော၊ ထို့နောင်တဝ၊ လှူဒါနကား၊သုံးပါးစေတနာ၊သုံးဖြာကမ္မ၊ပြဋ္ဌာန်းကြလျက်၊ အန္နဒါန၊ စသည့်ဝတ္ထု၊ တောင့်တဆုဖြင့်၊ လှူမှုစိတ်ကြံ၊ ပြုစီမံ၍၊ လှူခံအပြား၊ ဆဲ့လေးပါးတည့်၊ မှတ်သားတဖြာ၊ လှူအင်္ဂါလည်း၊ စေတနာဝတ္ထု၊ကောင်းစွာပြုလျက်၊လှူမှုစေ့ဆော်၊ လှူသော်စေတနာ၊ဒါနသာတည်း၊တဖြာအမြွက်၊ ဆင့်၍တက်အံ့၊ အရက်ပွဲလမ်း၊ မိန်းမသွမ်းနှင့်၊နွားကြမ်းဥသဘ၊သုရာဂဟာ၊ကာမကိလိဋ္ဌ၊တဏှာစိတ်ကို၊ ဆို့ပိတ်မတည်း၊ ဝတ်မဆည်းသည်၊ ကိုယ်ချည်းရေးသား၊မိန်းမကားဟု၊ငါးပါးဒါန၊ မလှူရတည့်၊ထိုမှအပြား၊လှူဆယ်ပါးလည်း၊ နည်းများမဟူ၊ မပေးလှူအပ်၊ သိရှုပညတ်သည်။ ။စေ့စပ်ကျမ်းလာ–စကားတည်း။

(၂) ဒါနပြုလတ်၊ လှူမတတ်၍၊ လှူနတ်စည်းစိမ်၊ ချမ်းရိပ်ငြိမ်ကို၊ကြိမ်ကြိမ်ခံစား၊ ကျိုးမများမှု၊ တောင့်တရှုလျက်၊ ဝတ္ထုဥစ္စာ၊ လှူကုန်ပါလည်း၊ သံသာဝဋ်မှ၊ မလွတ်ကြ၍၊ ဒုက္ခတည်တည်၊ ဝဲနှယ်လည်လျက်၊ ကျင်လည်ကြဘိ၊ သုဂတိတည့်။ ။တတ်သိလိမ္မာ၊ သူတော်စွာတို့၊ သွားရာလမ်းကောင်း၊တမျဉ်းကြောင်းဖြင့်၊ ထုံးဟောင်းစီမံ၊သူ့နည်းခံ၍၊ကျင့်ကြံကြမှု၊ဒါနဝိဝဋ်၊သံသာဝဋ်မှ၊

အထွတ်နိဗ္ဗာန်၊ အလှူဖန်ဖြင့်၊ ဆုပန်တောင့်တ၊လှူအပ်လှရှင့်၊လက္ခဏာရသ၊ တကွသိမှု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဖြင့်၊ လေးတန်ပိုင်းခြား၊ ပစ္စည်းများကို၊ လှူသားခြင်းရာ၊လက္ခဏာတည့်၊ဆယ်ဖြာသရိက်၊ ပစ္စည်းခွဲဝယ်၊ ငြိတွယ်ကင်းပ၊ အလောဘသည်၊ ကိစ္စမည်၍၊ ဤသည်ပစ္စည်း၊ မသိမ်းဆည်းသည်၊ စစ်နည်းစင်ကြယ်၊ မငြိတွယ်ဖြင့်၊ဉာဏ်ခွဲကင်းမှု၊ခြင်းရာရသား၊ ပစ္စုပဋ္ဌာန်၊လှူရန်မချို၊ ပစ္စည်းတို့သာ၊ နီးစွာအကြောင်း၊ မှတ်တုံရှောင်းသည်။ ။မြတ်လောင်းသူတော်-စီးပွါးတည်း။

[သံတော်ဆင့်မင်း-ဦးကျော်ဇေ]

## ဝတ္ထုသက်သေသာဓကများ

ဤအလှူပေးခြင်းနှင့် ပတ်သက်သော ဒါနဥမင်္ဂလာအတွက် ဝတ္ထုသက်သေသာဓကပေါင်း မြောက်မြားစွာရှိပေ၏၊ အလုံးစုံ ဖေါ်ပြရသော် ကျယ်ဝန်းမည်ဖြစ်၍ အောက်ပါအနည်းငယ်တို့၏ အမည်နှင့် ကျမ်းညွှန်းများကိုသာ ဖေါ်ပြလိုက်ရ ပေသတည်း။

(၁) နန္ဒမင်းဝတ္ထု၊

[ပေတဝတ္ထုအဋ္ဌကထာ]

(၂) နန္ဒိယဝတ္ထု၊

[ဓမ္မပဒ ပိယဝဂ်-အဋ္ဌကထာ]

(၃) ဥမ္မာဒန္တီဝတ္ထု၊

[ပညာသ နိပါတ် ဥမ္မာဒန္တီ ဇာတ်-အဋ္ဌကထာ]

(၄) အသောကမင်းဝတ္ထု၊

[ကူဋဒန္တသုတ်-အဋ္ဌကထာ]

(၅) မလ္လိကာမင်းဝတ္ထု၊

[သတ္တကနိပါတ် ကုမ္မာသ ပိဏ္ဍိယဇာတ်-အဋ္ဌကထာ]

(၆) အပရာဇိတသူကြွယ်ဝတ္ထု၊

[ဓမ္မပဒ ဗြာဟ္မဏဝဂ်-အဋ္ဌကထာ]

(၇) ဂေါပါလမယ်တော်မိဖုရားဝတ္ထု၊

[ကေနိပါတ်-အင်္ဂုတ္တိုရ်-အဋ္ဌကထာ]

(၈) ရဟာန်းတော်နှစ်ပါးဝတ္ထု၊

[ပဉ္စအင်္ဂုတ္တိုရ်-ပါဠိတော်]

# ၁၅-ဓမ္မစရိယာစ

အကျင့်သီလ၊ ဖြတ်ဓမ္မ၊ ကျင့်ကြံအပ်သည့်သာ။
[တရားတော်နှင့် အညီကျင့်ရခြင်း]

## ဓမ္မဝိဂ္ဂြိုဟ်

စတုသု အပါယဒုက္ခေသု အပတမာနေ
ကတွာ ဓာရေတီတိ ဓမ္မော။ ။

ယောသဘာဝေါ– အကြင်တရားသဘောသည်၊ စတူသု– လေးပါးကုန်သော၊ အပါယဒုက္ခေသု– အပါယ်ဆင်းရဲတို့၌၊ အပတ မာနေ၊မကျစေသည်တို့ကို၊ ကတွာ-ပြု၍၊ ဓာရေတိ- ဆောင်တတ်၏၊ ဣတိတသ္မာ- ထိုသို့ဆောင်တတ်သော သတ္တိကြောင့်၊ သောသဘာဝေါ–ထိုတရားသဘောသည်၊ဓမ္မော–ဓမ္မမည်၏။

## စရိယဝိဂ္ဂြိုဟ်

စရိတဗ္ဗန္တိ စရိယံ။

ယံဓမ္မဇာတံ- အကြင်တရားသဘောကို၊စရိတဗ္ဗံ- ကျင့်အပ်၏၊ ဣတိတသ္မာ- ထိုသို့ကျင့်အပ်သော သတ္တိကြောင့်၊တံဓမ္မဇာတံ– ထိုတရားသဘောသည်၊ စရိယံ– စရိယမည်၏။

[မင်္ဂလသုတ္တဝိဂ္ဂဟဒီပနီ-၄၄]

## ဓမ္မ၏အဓိပ္ပါယ်

ကုသလကမ္မပထတရား(၁၀)ပါး မည်သည်ကား ကာယကံ– ၃-ပါး၊ဝစီကံ-၄-ပါး၊မနောကံ–၃-ပါးတည်း၊ ထိုဆယ်ပါးသော ကုသလကမ္မပထတို့သည် ဓမ္မမည်၏၊ အကျင့်သည် စရိယမည်၏၊ထို(၁၀)ပါးသော တရားကိုကျင့်ရခြင်းသည်ဓမ္မစရိယမည်၏။

[ခုဒ္ဒကပါဌ အဋ္ဌကထာ မင်္ဂလသုတ်အဖွင့်]

## ဓမ္မစရိယ၏အနက်ကား

ဓမ္မစရိယာ စာတိ လောကတ္တ ဓမ္မစရိယာ
ဉာတတ္တဓမ္မစရိယာ ဗုဒ္ဓတ္တ ဓမ္မစရိယာစာတိအတ္ထော။

ဓမ္မစရိယာစာတိ-ဓမ္မစရိယာစဟူသည်ကား၊ လောကတ္တဓမ္မစရိယာစ-လောကအကျိုး၌ ဓမ္မကိုကျင့်ရခြင်းသည်လည်းကောင်း၊ (ဝါ) သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟုဆိုအပ်သော လောကသုံးပါးတို့၏ အကျိုး၌ ဓမ္မကိုကျင့်ရခြင်းသည်လည်းကောင်း၊ (ဝါ)ဘုံသုံးဆဲ့တစ်၌ ဖြစ်သော သတ္တဝါဟုဆိုအပ်သော သတ္တလောက၊ စိတ်စေတသိက်ရုပ်ဟု ဆိုအပ်သော သင်္ခါရလောက၊ မြင်းမိုရ်တောင်၊ ယုဂန္ဓိုရ်တောင်၊ အဿကဏ်တောင်၊ စကြဝဠာတောင်၊ ဟိမဝန္တာတောင်၊ နေလနက္ခတ်၊ ဂြိုဟ် တာရာအစရှိသည်တို့နှင့် တကွဖြစ်သော လောကသုံးပါးတို့၏ အကျိုး၌ ဓမ္မကိုကျင့်ရခြင်းသည်လည်းကောင်း၊ ဉာတတ္တဓမ္မစရိယာစ-မိမျိုးစဉ်ဆက်၊ မပျက်စဉ်လာ၊ဉာတကာတဝ၊ အဘ ထို့တူ၊အမူမပြား၊တရား့ဖွံ့ဖြိုး၊ဆွေမျိုးတို့၏အကျိုး၌ ဓမ္မကိုကျင့်ရခြင်းသည်လည်းကောင်း၊ဗုဒ္ဓတ္တဓမ္မစရိယာစ-ဘုရားဖြစ်အံ့သော အကျိုး၌ ဓမ္မကိုကျင့်ရခြင်း သည်လည်းကောင်း၊ ဇာတိအယံ-ဤသည်လျှင်၊ အတ္ထော-ဓမ္မစရိယာဟူသော ပုဒ်၏အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၉၄]

## ဤမင်္ဂလာ၏ အဓိပ္ပါယ်များ

(၁) ဓမ္မစရိယာစ- အကုသလကမ္မ၊ ပထကျယ်ပွား၊ ဆယ်တရားကို၊ ပယ်ရှားဖြတ်မှု၊ ဆယ်ပါးရသော၊ ကုသိုလ်ကမ္မပထကို ကျင့်ခြင်းသည်လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိဿယသစ်-၂၇]

(၂) ယာဓမ္မစရိယာစ-အကြင် ဒါန၊သီလ၊ သုတ၊စာဂ၊ပညာ၊ ဟိရိ၊ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းတရား၊ ခုနစ်ပါးတို့နှင့် လျော်ညီစွာ ကျင့်ရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ်ဋီကာ-၆၇]

(၃) ဓမ္မစရိယာစ-လောကီလောကုတ္တရာဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသောတရားတော်မြတ်ကို ကျင့်ရခြင်းသည်လည်းကောင်း။
[မင်္ဂလသုတ်နိဿျ-၁၆]

(၄) ဓမ္မစရိယာစ-သုစရိုက် တရားတို့ကို၊ ပွါးများ ကျင့်ဆောင်မှုသည်လည်းကောင်း၊ (ဝါ) ပါဏာတိပါတ၊ အာဒိစသည်၊ ဝေရတရား၊ ရှောင်ကြဉ်ပြီးလျှက်၊ ဆယ်ပါးသချ်ာ၊ အင်္ဂါပယောဂ၊ ဒုကမ္မကို၊ ရှောင်ထမကြွိုက်၊ သုစရိုက်လျှင်၊ နှစ်ခြိုက်လှစွာ၊ စေတနာကို၊ ကောင်းစွာကျင့်ဆောင်မှုသည်လည်းကောင်း။
[မင်္ဂလသုတ်မိတ်လင်စုံ-၁၁]

(၅) ဓမ္မစရိယာစ- မသတ်သူ့သက်၊ ခိုးဝှက်မပြု၊ မုသား မပြော၊ ချောလည်းမစား၊ မမှားအိမ်ရာ၊ နူတ်လျှာမကြမ်း၊ ဖြိန်းသွမ်း မဆို၊ သူ့ပိုင်ကိုလည်း၊ လိုချင်မပြု၊ သူ့ခန္ဓာသက်၊ မပျက်စေချင်၊ အမြင်မမှား၊ ဤဆယ်ပါးကို၊ စိတ်ထားရင့်ရင့်၊ ကောင်းစွာကျင့် ခြင်းသည်လည်းကောင်း။
[မင်္ဂလာအလင်း-၇၇]

(၆) ယာဓမ္မစရိယာစ-အကြင်ငါးပါးဝတ်ဆင်၊ ဓမ္မဠရ၊ အဋ္ဌင်္ဂဟ၊ ရာဂပယ်ပစ်၊ အာဇီဝဋ္ဌမက၊ ဥပုသ်စစ်ကို၊ နှစ်၍ဆောက်တည် ရခြင်းသည်လည်းကောင်း။
[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၇) သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ၊ တည်းဟူသော သူတော်ကောင်းတရား ခုနစ်ပါးကို ကျင့်သောသူကိုပင် ဓမ္မစရိယဟူ၍ မှတ်ရမည်။
[မင်္ဂလာဂဏ္ဌိ-၉၅]

(၈) ကုသလကမ္မပထတရား (၁၀) ပါးကို မမေ့မလျော့ခြင်း သည် မြတ်သောအကျင့်ကို ကျင့်သည်မည်ပါသည်။
[မင်္ဂလတ္ထပုန္နာဝိသဇ္ဇနာ-၂၄]

**မှတ်ရန်။** ။ကုသလ ကမ္မပထတရား (၁၀) ပါးကို ပဏ္ဍိတာနဋ္ဌ မင်္ဂလာ၌ ပေါ်ပြခဲ့ပြီးပြီ။

## ဤတရားဆယ်ပါးကျင့်ခြင်းသည်သေခြင်းကင်းရာ နိဗ္ဗာန်ရောက်ခြင်းမည်၏

ဒါနသီလစသော ကုသလ ကမ္မပထတရား (၁၀) ပါးတို့၌ မမွေ့မလျော်သောသူသည် သေခြင်းကင်းသော နိဗ္ဗာန်သို့ ရောက်ခြင်း၏အကြောင်းတည်း၊ ဒါနသီလစသော ကုသလကမ္မပထတရား (၁၀) ပါးတို့၌ မွေ့လျော်သောသူသည် အဖန်တလဲလဲ သေရခြင်း၏ အကြောင်းတည်း၊ ဒါနသီလစသော ကုသလကမ္မပထတရားတို့၌ မမွေ့မလျော် သူတို့သည် သေသည်မမည်ကုန်၊ အကြင်သူတို့သည်ဒါန၊ သီလစသော ကုသလကမ္မပထ တရားတို့၌ မွေ့လျော်ကုန်၏၊ ထိုကုသလ ကမ္မပထတရားတို့၌ မွေ့လျော်သော သူတို့သည် အသက်ရှိကုန်လျက်လည်းသေသည်မည်ကုန်၏။

[အပ္ပမာဒဝဂ်-ဓမ္မပဒပါဠိတော်သာမာဝတီဝတ္ထု၊]

## မကျင့်က အသက်တရာနေသော်လည်းမဖြစ်

သီလမရှိသော သီလနှင့်မပြည့်စုံသော အကြင်သူသည်ကား အနှစ်တရာတိုင်တိုင် အသက်ရှည်ငြားအံ့၊ ထိုသူ၏ အသက်ရှည်ခြင်းသည်မဖြစ်၊ မကောင်းမှုကို ဖုတ်ကြည်းတတ်သော အကုသလကမ္မပထတရား ဆယ်ပါးတို့ကို ပယ်ရှားသန့်စင်လေ့ရှိသောသီလရှိသောသူအား (ဝါ) သီလနှင့် ပြည့်စုံသောသူအား တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

## အကျိုးအတွက်အဘိုးမဖြတ်နိုင်

မြတ်စွာဘုရား သာသနာတော်၌ အမျိုးကောင်းသားတို့၏ အကြင်သီလတည်းဟူသော ကုသလဓမ္မကိုကြည်၍ မှီခိုကိုးကွယ်ရာသည် မရှိချေပြီ၊ ထိုသီလတည်းဟူသော ကုသလကမ္မပထ တရား၏ အကျိုးအာနိသင် အပိုင်းအခြားကို အဘယ်သူသည် ဖြေဆိုနိုင်အံ့နည်း–ဟု၊ ဝိသုဒ္ဓိမဂ်၌ ဟောမြွက်တော်မူလေသည်။

[ဝိသုဒ္ဓိမဂ်]

## ကောင်းစွာကျင့်က အကျိုးရကြောင်း

သီလရှိသော သီလနှင့် ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်ကို မျက်မှောက်သောကိုယ်၏အဖြစ်၌ ဖြစ်ကုန်သော၊ ပဝေဗန္ဓနစသော သတ်ခြင်း၊နှောင်ဖွဲ့ခြင်းတည်းဟူသော အာသဝေါတရားတို့သည်၊ မနှိပ်စက်မညှဉ်းဆဲနိုင်ကုန်၊ တမလွန်၌ ရောက်အပ်သော ဒုက္ခ၊သံသရာဘဝ၌၊ကြုံအပ်သောဒုက္ခတို့၏ အပြစ်ကိုသီလရှိသော သီလဝန္တပုဂ္ဂိုလ်သည်(ဝါ) သီလနှင့် ပြည့်စုံသောသူသည် တူးဖြိုဖျက်ဆီးနိုင်၏။

[ဝိသုဒ္ဓိမဂ်]

## အသက်ကိုမငဲ့ဘဲကျင့်အပ်၏

အရိုးကြေကြေ၊အရေပြတ်ပြတ် ဟူသောဖွဲ့ဖြင့် မိမိ၏အသက်နှင့် ကိုယ်ကိုမငဲ့ဘဲ ကုသလ ကမ္မပထတရား (၁၀) ပါးတို့ကို အလွန်ရိုသေစွာ လုနတ်နိဗ္ဗာန်၊ သုံးတန်ရသာ၊ မြတ်ချမ်းသာကို၊ မှန်စွာဆတ်ဆတ်၊ပေးတတ်သော တရားဟု အလေးအမြတ်ပြုကာ စောင့်ရှောက်အပ်၏ ဟု ရှင်တော်ဘုရား ဟောကြားခဲ့လေသည်။

[ရှေးပညာရှိ]

## ကောင်းစွာကျင့်ကုန်ကြလော့

တိတိတွတ်ဌက်သည် မိမိဥကို အစဉ်စောင့်ရှောက် သကဲ့သို့လည်းကောင်း၊ စမရီအမည်ရှိသောသားသည် မိမိအမြီးကိုအစဉ်စောင့်ရှောက်သကဲ့သို့လည်းကောင်း၊တယောက်တည်းသောသား၏မိခင်သည် ချစ်လှစွာသောသားကို အစဉ်စောင့်ရှောက်သကဲ့သို့လည်းကောင်း၊မျက်စေ့တလုံးသာ ရှိသောသူသည် တလုံးတည်းသော မျက်စေ့ကို အစဉ်စောင့်ရှောက် သကဲ့သို့ လည်းကောင်း၊ ထို့အတူပင်လျှင် သီလဟူသော ကုသလကမ္မပထတရား (၁၀) ပါးကို အစဉ်စောင့်ရှောက်ကုန်သည်၊ ချစ်မြတ်နိုးကုန်သည်၊ အခါခပ်သိမ်း အရိုအသေအလေးအမြတ် ပြုကုန်သည်ဖြစ်ကြကုန်လော့။

[ဝိသုဒ္ဓိမဂ်]

## တရားစောင့်သောသူကို တရားသည်စောင့်ရှောက်၏

ဓမ္မော ဟဝေရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခ မာဝဟာတိ။
ဧသာ နိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။ ။

ဓမ္မစာရိံ-တရားကိုကျင့်သောသူကို၊ဓမ္မော-တရားသည်၊ဟဝေ-စင်စစ်၊ ရက္ခတိ-စောင့်ရှောက်တတ်၏၊ သုစိဏ္ဏော-ကောင်းစွာကျင့်အပ်သော၊ဓမ္မော-တရားသည်၊သုခံ-ချမ်းသာကို၊အာဝဟာတိ-ရွက်ဆောင်နိုင်၏၊ ဧသဧသော-ဤအကျိုးသည်ကား၊ သုစိဏ္ဏေ သုစိဏ္ဏသ- ကောင်းစွာကျင့်အပ်သော၊ ဓမ္မေဓမ္မသ- တရား၏၊ အာနိသံသော-အကျိုးတည်း၊ ဓမ္မစာရီ-တရားကို ကျင့်သောသူသည်၊ ဒုဂ္ဂတိံ-ဒုဂ္ဂတိဘဝသို့၊နဂစ္ဆတိ-မလားမရောက်ရပေ။

[ဒသနိပါတ်-ဓမ္မပါလဇာတ်]

## မင်္ဂလာမည်ပုံ

(၁) ဆယ်ပါးသော ကုသလ ကမ္မပထတရားတို့ကို ကျင့်ကြောင်း ဖြစ်သောစေတနာသည် ဓမ္မစရိယမည်၏၊ ထိုစေတနာသည် ချမ်းသာ သုံးပါးကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလဒ္ဒီပနီ-၃၇၅]

(၂) ထိုစောင့်ရှောက် အပ်သော ကုသလ ကမ္မပထတရားတို့ကို စောင့်ရှောက်တတ်သောသီလနှင့် ပြည့်စုံသောသူသည် မျက်မှောက်၌တွေ့အပ်သော ဒုက္ခ၊ တမလွန်၌တွေ့အံ့သော ဒုက္ခတို့၏ အရင်းအမြစ်တို့ကို တူးဖြိုချတ်ထွင် သုတ်သင် ရှင်းလင်းနိုင်သည်၏အဖြစ်ကြောင့် ပစ္စုပ္ပန်သံသရာ၊ နှစ်ဖြာသောချမ်းသာစီးပွါးကို ကောင်းစွာဆောင်စေတတ်၏၊ထို့ကြောင့်သီလ တည်း

ဟူသော ကုသလကမ္မပထတရားကို စောင့်ရှောက်ကြောင်း ကျင့်ကြောင်းဖြစ်သောစေတနာသည် ဓမ္မစရိယမင်္ဂလာမည်၏။
[မင်္ဂလာသာရဒီပနီ]

## ဓမ္မစရိယမင်္ဂလာသံပေါက်များ

က-(၁) ကုသိုလ်ဆယ်ပါး၊ မြတ်တရား၊ ကျင့်ငြားဓမ္မစရိယာ။
(၂) တရားကျင့်မှု၊ တရားက၊ ပြန်ထစောင့်ရှောက်ရာ။
(၃) ပြန်ကာစောင့်ရှောက်၊ ကျိုးမျက်မှောက်၊ မပေါက်ရမည့်တာ။
[မင်္ဂလတ္ထပုန္နာဝိသဇ္ဇနာ-၂၄]

ခ-(၁) ဒုစ္စရိတ၊ ဆယ်ဌာန၊ ပယ်ချဝေးရှောင်ကွင်း။
(၂) ဆယ်ပါးကုသလ၊ ဂရုက၊ ပြုကြဲလွန်တင်းတင်း။
(၃) ဓမ္မစရိယာစ၊ ရှိပါမှ၊ လေးဝအပါယ်ကင်း။
(၄) လူ့ပြည်နတ်ထံ၊ လားချန်ဆန်၊ နိဗ္ဗာန်ရောက်နိုင်လျှင်း၊
(၅) ဓမ္မစရိယာစ၊ မင်္ဂလ၊ တင်ပြသန့်ရှင်းရှင်း။
[မင်္ဂလတ္ထဒီပက-၂၂]

## မင်္ဂလာပျို

ဓမ္မစရိယာ၊ မှတ်သားရာကား၊ ပါဏာတိပါတ၊ အာဒိစသည်၊ ဝေရတရား၊ ရှောင်ကြဉ်ငြားလျက်၊ ဆယ်ပါးသချာ၊ အင်္ဂါ ပယောဂ၊-ဒုကမ္မကို၊ ရှောင်ထမကြိုက်၊ သုစရိုက်လျှင်၊ နှစ်ခြိုက် တတ်စွာ၊ စေတနာတည့်။ ။ဓမ္မစရိယ၊ တနည်းပြအံ့၊ ရှုပသဒ္ဒါ၊ အစလာသည်၊ ငါးဖြာအာရုံ၊ အဖုံဖုံကို၊ ခုံခုံမင်မင်၊ တဏှာဝင်၍၊ တွင်တွင်နှစ်သက်၊ ပေါ်ပျက်ယုတ်စွ၊ ကာမသုခလ်၊ နယောဂန်နှင့်၊ တတန်ခွဲဝေ၊ မီးနေရေဘူး၊ လက်မြှောက်ထူးသား၊ ငါးဦး တပ ကြပ်တည်းစွလျှင်၊ အတ္တကိလမထာ၊ နုယောဂါဟု၊ နှစ်ဖြာသမုတ်၊ အယုတ်တရား၊ နှစ်ပါးမအပ်၊ ကင်းဝေးလတ်လျက်၊ မစပ်ကုန်ထ၊ မဇ္ဈိမပဋိပတ်၊ ကောင်းမြတ်အကျင့်၊ အဆင့်ဆင့်လျှင်၊ ဟောခွင့်ဒေ

သနာ၊ လေးဖြာ သမိုက်၊ မဂ်စိတ်၌သာ၊ ယှဉ်ထိုက် ရာသည့်၊ ရှစ်ဖြာမဂ္ဂင်၊ ဤလျှင်ပွါးထ၊ မှတ်ကုန်ကြသည်၊ ဗြဟ္မစရိယ—တရားတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဧ]

## မိလက္ခမထေရ်ဝတ္ထု

မိလက္ခမထေရ်သည် ရဟန်းဘဝကို မရောက်မီက မုဆိုးအဖြစ်ဖြင့် အသက်မွေးလျက်ရှိ၏၊ တနေ့သ၌ မီးကျီး၌ကင်သော အသားကိုစား၍ တောသို့သွား၏၊ ရေငတ်သည်ရှိသော် တော၌ မထေရ်တပါး၏ သောက်ရေအိုးကို ဖွင့်ကြည့်ရာ ရေတစက်မျှ မမြင်မတွေ့ရသဖြင့် "ရဟန်းတို့သည် ဒါယကာတို့ လှူသော ဆွမ်းကွမ်းတို့ကိုသာ စားပြီးအိပ်ကုန်၏၊ သောက်ရေအိုး၌ ရေတစက်မျှ မရှိခြင်းမှာ သင့်လျော်ပါ၏လော" ဟု အပြစ်တင်စကားပြောကြားလေ၏။

မထေရ်လည်း သောက်ရေအိုးကို သွား၍ကြည့်ရာ ရေအပြည့်ရှိသည်ကိုတွေ့၍ ခရသင်းဖြင့် သုံးဆဲ့နှစ်ကြိမ်မျှ ခပ်၍ပေး၏၊ မုဆိုးသည် "ဤသို့ ပြည့်သောအိုးကို စဉ်လျက်၊ ငါ၏ကံကိုစွဲ၍ ပူသော အိုးကင်းကဲ့သို့ဖြစ်၏၊ နောင်အခါ၌ ငါ၏ကိုယ်သည် အသို့ဖြစ်လတ္တံ့နည်း" ဟု ကြံဆ၍ ထိတ်လန့်သော စိတ်ရှိသည်ဖြစ်ရကား "အရှင်ဘုရား—အကျွန်ုပ်အား ရဟန်းပြုပါလော့" ဟု ရှိခိုးတောင်းပန်၏။

မထေရ်လည်း မုဆိုးအား ရဟန်းပြုစေ၍ ရေသဖန်းအစရှိသော ဗိုသည့်သပ်ပင်တို့ကို ဖြတ်တောက်ပြီး ကြီးစွာသောထင်းပုံကိုပြု၍ မီးတိုက်နိုင်၏၊ မီးမလောင်သော် မထေရ်သည် မြေကိုနှိုက်ဖြာခွဲ၍ အဝီစိငရဲမှ ပို ရန်းကြူးမှုသောမီးကို ထုတ်ယူခဲ့ပြီးလျှင် ထင်းပုံထက်တွင် တင်ရာ သစ်ရွက်ချောက် ပမာ၊ တခဏခြင်း လောင်ကျွမ်းသွားလေ၏။

မထေရ်မြတ်လည်း ရဟန်းကိုခေါ်၍ အစိစိငရဲကိုပြပြီးလျှင် အကယ်၍ လူထွက်အံ့၊ ထိုအစိစိငရဲ၌ဖြစ်လတ္တံ့ ဟု ပြောဟောသည် မှစ၍ရဟန်းတရားကို ထပ်မံအားထုတ်ပြန်၏၊ လုံ့လပြု၍ ဝတ်ပဋိပတ်ကိုဖြည့်၏၊ အိပ်ခြင်းသည်နှိပ်စက်လတ်သော် စိုသောကောက် ရိုးကို ဦးခေါင်းထက်၌ ထား၍ ခြေနှစ်ဘက်ကို ထုံးအိုင်တွင်ချကာ ကြီးစွာသောဇွဲဖြင့်ကျင့်၏။

"ထကြွလုံ့လရှိသောသူမည်သည်ကား ငါကဲ့သို့ဖြစ်ရာ၏"
"သတိရှိသောသူမည်သည်ကား ငါကဲ့သို့ဖြစ်ရာ၏"
"မမေ့မလျော့သော သူသည်လည်း ငါကဲ့သို့ဖြစ်ရာ၏"ဟု ရွတ်ဆိုကာ လျှောက်သွားလေသော အခြားမဲ့၌ ငါးပါးကုန်သော ဩရမ္ဘာဂိယ သံယောဇဉ်တို့ကိုဖြတ်၍ သုံးပါးကုန်သော မဂ်ဖိုလ် တို့ကိုဖြစ်စေ၏။

[သံယုတ်အဋ္ဌကထာ]

# ၁၆-ဉာတကာနုဗ္ဗသင်္ဂဟော

ဉာတကာနုဗ္ဗ၊သင်္ဂဟာ၊ ပြကြွဝတ်ငါးဖြာ။
[အဆွေအမျိုးတို့အားသင်္ဂြိုဟ်ထောက်ပံ့ရခြင်း။]

## ဉာတကာနံ၏အဓိပ္ပါယ်

(၁) ဉာတကာနဉ္စာတိ အဓော ဘာဂေ သတ္တဝံသော
ဥဒ္ဓံဘာဂေ သတ္တဝံသောတိ ဝုစ္စတိ။ ။

ဉာတကာနဉ္စာတိ-ဉာတကာနဉ္စဟူသည်ကား၊အဓောဘာဂေ-အောက်အဘို့၌၊သတ္တဝံသော-ခုနစ်ဆက်သောအနွယ်ဟူ၍၊ဝုစ္စတိ-ဆိုအပ်၏၊ဝါ- သား၊မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ်ဟုဆိုအပ်သော အောက်ခုနစ်ဆက်သော အနွယ်ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏၊ ဥဒ္ဓံဘာဂေ- အထက်အဘို့၌၊ သတ္တဝံသောတိ- ခုနစ်ဆက်သော အနွယ်ဟူ၍၊ ဝါ၊အဘ၊အဘိုး၊အဘေး၊အဘီ၊အဘင်၊အဘေးကြီး၊ အဘီကြီးဟုဆိုအပ်သော အထက်ခုနစ်ဆက်သော အနွယ်ဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

[မင်္ဂလာဂဏ္ဌိ-၉၅]

(၂) အမိမှရင်း၊ အဘမှရင်း၊ ခုနစ်ဆက် မြောက်သောအဘိုးတိုင်အောင် စပ်ကုန်သောသူတို့သည် ဥာယန္တေ့အမှာကံဇ္ဇမေတိ ဉာတကာ၊ ဟူသော ဝစနတ္ထနှင့်အညီ၊ ဤသူတို့သည်ကား ငါတို့၏ အတွင်းသားတို့တည်းဟု သိအပ်ကုန်သောကြောင့် ဉာတိ မည်ကုန်၏။

[မင်္ဂလာသာရဒီပနီ—၁၀၉]

## ဆွေ-၇-ဆက်သံပေါက်

က-(၁) ဆွေခုနစ်ပါး၊ကိုယ်လယ်ထား၊မှတ်သားဘွယ်တမျိုး။
(၂) ဘေးဘိုး ဘထား၊ ကိုယ်လယ်ငြား၊ သားမြေးမြစ် ခုနစ်မျိုး။

## ဆွေ–၆–မျိုးသံပေါက်

ခ–(၁) ဘိုးနှစ်ဘွားနှစ်၊ ဘလည်းနှစ်၊ မိနှစ်ဦးနှစ်မျိုး။
(၂) အရီးနှစ်မှာ၊ မျိုးခြောက်ဖြာ၊ မြန်မာမှတ်သားရိုး။

## ဆွေ–၆–မျိုး

(၁) ဘိုးကြီးဘိုးထွေးတစုံ၊ ဘိုးရင်း၏အကိုနှင့်ညီ။
(၂) ဘွားကြီးဘွားထွေးတစုံ၊ ဘွားရင်း၏အမနှင့်ညီမ။
(၃) ဘကြီးဘထွေးတစုံ၊ အဘ၏အကိုနှင့်ညီ။
(၄) မိကြီးမိထွေးတစုံ၊ အမိ၏အမနှင့်ညီမ။
(၅) ဦးကြီးဦးထွေးတစုံ၊ အမိ၏မောင်ကြီးမောင်ငယ်။
(၆) အရီးကြီးအရီးထွေးတစုံ၊ အဘ၏အမနှင့်ညီမ။

## ဆွေ-၅-မျိုးသံပေါက်

ဂ–(၁) ညီအကိုနှစ်စား၊ မိဘသား၊ ငါးပါး သားချင်းမျိုး။
သားချင်းငါးပါး၊ဆွေမျိုး-၆-ပါး၊ ဆွေမျိုး-၇-ပါးတို့တွင် မျက်မြင်ရှိသေးသမျှ အစေ့အင စောင်မပြုရမှသာ ဉာတကာနုဂ္ဂ အပါအဝင် ကုန်စင်ပါမည်။

[ပုဂံဝန်ထောက်မင်း ဦးတင်]

## သင်္ဂဟောစအမိပ္ပါယ်

(၁) စည်းစိမ် ပျက်ခြင်းသည်လည်းကောင်း၊ ဗျာဓိဟူသော ပျက်စီးခြင်းသည် လည်းကောင်း၊ နှိပ်စက်ကုန်၍ မိမိအနီးသို့ လာကုန်သော ဉာတိတို့အား အစွမ်းအားလျော်စွာ အစားအဝတ် ဥစ္စာစပါးအစရှိသည်တို့ဖြင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်းသည် အဆွေ အမျိုးတို့အား ထောက်ပံ့ သင်္ဂြိုဟ်ခြင်းမည်၏။

[ညောင်ကန်မင်္ဂလဋ္ဌဒီပနီ-၄၀၀]

(၂) အဆွေအမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း ဟူသည်ကား မိမိထံသို့ရောက်လာသော အမိဘက်ဆွေမျိုး၊အဘဘက်ဆွေမျိုး၊မိမိအောက်ဆွေမျိုးတို့အား တတ်နိုင်သလောက် ဥစ္စာပစ္စည်း ပေးကမ်းခြင်းတို့ဖြင့် ချီးမြှောက် ထောက်ပံ့ခြင်းကို ဆိုလိုသည်။

[မင်္ဂလာအလင်း-၂၈]

## သင်္ဂဟတရားလေးပါး

(၁) ဒါန-ပေးကမ်းခြင်း။
(၂) ပေယျဝဇ္ဇ– ချစ်ဘွယ်သော စကားကို ပြောဆိုခြင်း။
(၃) အတ္ထစရိယ-အကျိုးစီးပွါးကို ရွက်ဆောင်ခြင်း။
(၄) သမာနတ္တတာ-ကိုယ်နှင့် အတူထားခြင်း။

[မင်္ဂလာဖွင့်အကျယ်လက်စွဲ-၁၃၉]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) ဉာတကာနံ–အဆွေအမျိုးတို့အား၊ ယောသင်္ဂဟော-အကြင်ပစ္စယဓမ္မ၊နှစ်ဌာနဖြင့်၊ကိစ္စလုံလောက်၊ ချီးမြှောက်သင်္ဂြိုဟ်ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ ၄က်တွင်းဆရာတော်]

(၂) ဉာတကာနံ–အဆွေအမျိုးတို့အား၊ ယောသင်္ဂဟော–အကြင်ဒါန၊သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မတည်းဟူသော ပုညကိရိယာဆယ်ပါး၊ တရားတော်နှင့် လျော်ညီစွာ သင်္ဂြိုဟ်ချီးမြှင့်ရခြင်းသည်လည်းကောင်း၊ ပစ္စည်းဘဏ္ဍာတို့ဖြင့် ပေးကမ်းထောက်ပံ့ခြင်းသည်လည်းကောင်း။

[ဆင်ပေါင်ဝဲ-မင်္ဂလတ္ထဒီပနီ-၂၁]

(၃) ဉာတကာနံ-ဆွေစဉ်မျိုးဆက်၊စဉ်မပျက်လျက်၊ အောက်ထက်သတ္တ၊ အဘတဝေး၊ ဘိုးဘေးဘီဘင်၊ ထိုပြင်တလီ၊ အဘိအဘော်၊ ရေသော်အထက်၊ ခုနစ်ဆက်တည့်၊ အောက်သက်ဆို

ရေး၊ သားမြေးမြစ်မှာ၊ တီတွတ်ကျွတ်ဆတ်၊ စဉ်လတ်မပျက်၊ အဓိဘက်လည်း၊ ဤနည်းဆက်ရ၊ တနည်းပြမူ၊ ကိုယ်မှရေတွက်၊ ခုနစ်ဆက်သား၊ မျိုးရင်းချာတည့်၊ ဖြာဖြာဆင့်ပွါး၊ ဉာတိများကို၊ သင်္ဂဟောစ-ဆွေဝတ်မျိုးဝတ်၊ မယွင်းချွတ်အောင်၊ ပြုဆွတ်သဒ္ဓါ၊ စေတနာဖြင့်၊ ကောင်းစွာ သင့်ကိုယ်ထောက်ပံ့ ပေးကမ်း ရခြင်း သည် လည်းကောင်း။

[မင်္ဂလသုတ်မိတ်လင်္ကာ-၁၂]

(၃) ဉာတကာနံ-မိဘက်ဘဘက်၊ ညွှန်မပျက်ဘဲ၊ ခုနစ်ဆက်သော အဆွေအမျိုးတို့အား၊ သင်္ဂဟောစ- သာခန်း နာခန်း၊ လမ်းအနည်းနည်း၊ ပစ္စည်းလိုမူ၊ ပစ္စည်းကူ၍၊ လူလိုလူလျှောက်၊ သွားလာရောက်၍၊ ချီးမြှောက်ထောက်ပံ့ရခြင်းသည်လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိဿယသစ်-၂၇]

## အရေးကြီးကဆွေးနီးရာ

ရှေးစကားပုံမှာ၊ ရေးကြီးခွင့်ကျယ်၊ အကြောင်းကိစ္စများပေါ် ပေါက်လာသောအခါ ဉာတကာဆွေမျိုးမှသာလျှင် အသက်ပေး၍ ကူညီရေး၊စောင့်ရှောက်ရေး၊ ကာကွယ်ရေးများကို ပြုတတ်ကြောင်း ထင်ရှားလေသည်၊ ထိုစကားနှင့်အညီလည်း ပြုသင့် ပြုထိုက်ပြုအပ်လှပေသည်။

အဆွေအမျိုးတို့အား အာဟာရဝတ္ထုကြဖြင့်ရင်း၊သာပါဝတ္ထုကြဖြင့်ရင်း သင့်ကိုယ်ချီးမြှောက်၊ ထောက်ပံ့ကူညီအားပေးသူတို့သည် ပစ္စုပ္ပန် သံသရာနှစ်ပါးတွင်အကျိုးများသောဟူ၏။

ယခုခေတ်အခါတွင် ဉာတကာနှင့် သင်္ဂဟမင်္ဂလာဝေးကွာပြီး ဆွေနီးမျိုးစပ်ချင်း၊ သတ်ကြပုတ်ကြ၊ ရိုက်ကြနှက်ကြ၊ တရားမမှု၊ ရာဇဝတ်မှုအမျိုးမျိုးဖြစ်ကြသည့်အတွက်ပျက်စီးခြင်းမက ပျက်စီး ကြရ၏။

## သစ်တပင်ကောင်းငှက်တသောင်းခို

ကျောင်းသားများသည် သစ်တပင်ကောင်း ငှက်တသောင်းခို၊ ဟူသောစကားအတိုင်း မိမိကိုအကြောင်းပြုပြီး သားချင်းအပေါင်း ချမ်းသာစေရမည် ဟူသောရည်ရွယ်ချက်ဖြင့် ပညာကိုတဘက် ကမ်းခပ် တတ်မြောက်အောင်ကြိုးစားသင့်ပေ၏၊ သာဓကတခုမှာ မုံရွာမြို့အနီး မုံရွေးကျေးရွာမှ ဦးဘကျားသည်ပညာများကြိုးစား သင်ကြားပြီး၊တက္ကသိုလ်တွင်အလုပ်လုပ်ကာ ညီငယ်များဖြစ်သော မောင်ယုန်၊ မောင်ကြို၊ မောင်ဆင်မှစ၍ မောင်တက်ထွတ်အထိ ထောက်ပံ့ကျွေးမွေး ပညာများသင်ပေးသည်မှာ အထင်အရှား နောင်လာ နောင်သားတို့ အားကျနည်းယူ ဘွယ်ရာကောင်းသော ဥာတကာနုဋ္ဌသင်္ဂဟော တရပ်ပေတည်း။

## မင်္ဂလာမည်ပုံ

အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည် ချီးမွမ်း ခြင်းအစရှိကုန်သော မျက်မှောက် အကျိုးတို့ကို လည်းကောင်း၊ သုဂတိဘဝသို့ လားရခြင်း အစရှိကုန်သော တမလွန်အကျိုးထူး တို့ကိုလည်းကောင်း ရခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

[မင်္ဂလာသာရဒီပနီ-၁၀၉]

## ဥာတကာနုဋ္ဌမင်္ဂလာသံပေါက်များ

က–(၁) ဆွေမျိုးတို့အား၊ ချီးမြှောက်စား၊ မှတ်သားမင်္ဂလာ။
(၂) ဥာတိသင်္ဂဟ၊ ပြည့်စုံမှ၊ လောကတင့်တယ်ရာ။
(၃) အတွင်းသူပင်၊ မှတ်ယူထင်၊ ဆင်ခြင်သိမ်းဆည်းရာ၊

[မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာ-၂၅]

ခ–(၁) ကိုယ်မှအထက်၊ ခုနစ်ဆက်၊ ဆက်လေအမျိုးမျိုး။
(၂) ဘိုး-ဘေး–ဘီ-ဘင်၊ အဘိလျှင်၊ ဤတွင်အဘော်တိုး။

(၃) အမိဆက်လည်း၊ အထက်နည်း၊ အပြီးတက်၍တိုး။
(၄) ကိုယ်မှအောက်သက်၊ ပျောက်မပျက်၊ နောက်ဆက်ချနစ်မျိုး။
(၅) သား-မြေး-မြစ်-တီ၊တွတ်–ကျွတ်မှီ၊တလီဆတ်ဟုတိုး။
(၆) ဆွေခုနစ်ဆက်၊ ညွှန်းကာမြွက်၊ ယှက်လေအမျိုးမျိုး။
(၇) ပျက်ပြားညှိုးစွာ၊ အမျိုးလာ၊ကိုးရာဖြစ်စေကြောင်း။
(၈) စွမ်းအားအလျောက်၊ ဝမ်းခါးထောက်၊ ချီးမြှောက်မရန်ကောင်း။
(၉) ဥစ္စာစပါး၊ ပေးသင့်ငြား၊ ရွှင်အားရစေကြောင်း။
(၁၀) ဉာတကာနုဂ္ဂ၊ သင်္ဂဟ၊ မင်္ဂလမှတ်ကြောင်း။

[မင်္ဂလတ္ထဒီပက-၂၃]

## မင်္ဂလာပျို့

ဆွေစဉ်မျိုးဆက်၊ စဉ်မပျက်လျှင်၊ အောက်ဆက် သတ္တ၊ အဘ တဝေး၊ ဘိုးဘေးဘီဘင်၊ ထို့ပြင်တလီ၊ အဘီအဘော်၊ ရေသော်အထက်၊ ခုနစ်ဆက်တည့်၊အောက်သက်ဆိုရေး၊ သား-မြေး–မြစ်–မှတ်၊ တီ– တွတ်– ကျွတ်ဆတ်၊ စဉ်လတ်မပျက်၊ အမိဘက်လည်း၊ ဤနည်းဆက်ရ၊ တနည်းပြမူ၊ ကိုယ်မှရေတွက်၊ ခုနစ်ဆက်သာ၊ မျိုးရင်းချာတည့်၊ ဖြာဖြာဆင့်ပွါး၊ ဉာတိများကို၊ လေးပါးသင်္ဂဟ၊ ချီးမြှင့်ကြလော၊ ထိုမှတ့ုံပြီ၊ ဗောဓိအမုံ၊ ပွင့်ဖူးငုံကို၊ ကျင့်တုံမှုနည်း၊ တမျဉ်းတည်းဖြင့်၊ ထူးတည်းတံခါး၊ မမှားကုန်စွ၊ ဉာတတ္ထဟု၊ စရိယတရား၊ မြတ်သုံးပါးကို၊ ကြံအားဆည်းဆည်း၊ ကျင့်သည်ချည်းတည့်၊ ပစ္စည်းဟူသား၊ရန်သူအားဖြင့်၊ငါးပါးနိယံ၊ ဆက်ဆံရကား၊ ကံကတ္တားဖြင့်၊ ပျက်ပြားပြုန်းတီး၊ အချည်းနှီးသာ၊ အပြီးဖြစ်လတ်၊ သို့တည်းမှတ်၍၊ ဉာတတ်သင်္ဂဟ၊ မစကျွေးမွေး၊ သင်္ဂြိုဟ်ရေးဖြင့်၊ ပေးကမ်းပြုရ၊ ဤကောင်းမှုမြတ်၊အကျင့်ဝတ်လည်း၊ လူနတ်နိဗ္ဗာန်၊ ရောက်ကြောင်းဘန်သည်။ ။သုံးတန်ချမ်းသာ–တိုးပွါးတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဧ]

## ဥာတတ္ထစရိယ

ရှင်တော်ဘုရားသည် စရိယ သုံးပါးကိုကျင့်တော်မူရာ ဒုတိယမြောက်ကျင့်စဉ်ကား "ဥာတတ္ထစရိယ" ဖြစ်လေတော့၏။

ဘုရားမဖြစ်မီ အလောင်းအလျာ ဘဝများကပင် ဥာတတ္ထစရိယ အမျိုးမျိုးကျင့်လျက် အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းကိုပြုပေ၏။

## အထောက်အထား ဝတ္ထုသာဓကများ
### ကာကဝတ္ထု

(၁) ဘုရားအလောင်း "ကျီးမင်း"သည် အဆွေအမျိုးဖြစ်သော ကျီးတို့ကို သေဘေးမှကယ်ခဲ့၏၊ ဘုရင်မင်းမြတ်က ကျီးမင်းအား ကျီးများတွင်အဘယ်ကြောင့် အဆီမရှိသနည်းဟု မေးရာ ကျီးမင်းကဖြေဆိုသည့် ဂါထာမှာ၊—

နိစ္စံဥဗ္ဗိဂ္ဂ ဟာဒယာ၊
သဗ္ဗလောက ဝိဟေသကာ။
တသ္မာ နေသံ ဝသာ နတ္ထိ၊
ကာကာန မှာက ဉာတိနံ။

မဟာရာဇ–မြတ်သောမင်းကြီး၊ ကာကာနာမ–ကျီးတို့ မည်သည်ကား၊နိစ္စံဥဗ္ဗိဂ္ဂဟာဒယာ-အမြဲထိတ်လန့်သော စိတ်နှလုံးရှိကုန်၏၊ သဗ္ဗလောကဝိဟေသကာ-ခပ်သိမ်းကုန်သောလူတို့သည် နှိပ်စက်အပ်ကုန်၏၊ တသ္မာ-ထို့ကြောင့်၊ အမှာကံ-ငါတို့၏၊ ဉာတိနံ-အဆွေအမျိုး ဖြစ်ကုန်သော၊ နေသံကာကာနံ- ထိုကျီးတို့အား၊ ဝသာ-အဆီသည်၊နတ္ထိ-မရှိ။

ဤဂါထာကိုဟောပြီး မင်းကြီးအား တရားရစေ၏၊ ဆွေမျိုးတို့ကို အသက်မှချမ်းသာရစေ၏။

[ကေနိပါတ်-စုဒ္ဒသမဝဂ်]

## ကုက္ကုရဇာတ်

(၂) အခါတပါး ဘုရင်မင်းမြတ်၏ လှည်းဦးပွတ်တို့ကို ခွေးစားသောကြောင့် ခွေးအားလုံးကိုသတ်စေရာ ဘုရားလောင်းခွေးမင်းက နန်းတွင်းခွေးများသာ စားကြောင်းနှင့် ထိုခွေးတို့ကို နေဇာမြက်ထောင်းနှင့်၊ ရက်တက်ရည် တိုက်ခြင်းအားဖြင့် အံသောအခါ သားရေများပါသည်ကို ထင်ရှားစေ၏၊ မင်းကြီးလည်းသဘောကျ၍ ခွေးအားလုံးကို အသက်မှ ချမ်းသာခွင့်ပေးလေ၏။

[ဧကနိပါတ်–ကုရုင်္ဂဝဂ်]

## မဟာကပိဇာတ်

(၃) ဂင်္ဂါမြစ်နား၌ပေါက်သော သရက်ပင်ထက်၌ မျောက်အပေါင်းကို မင်းပရိသတ်ဝိုင်းထားရာ ဘုရားအလောင်းမျောက်မင်းကကြိမ်နွယ်ဖြင့်တဖက်ကမ်းဆက်စဉ်၊မမှီသောနေရာအတွက်မိမိ ကိုယ်ကို ဆက်ပြီး၊ မျောက်အပေါင်းကို ကူးစေ၏၊ ဤနည်းဖြင့် ဆွေမျိုးအပေါင်းကို ကယ်ခဲ့၏။

[သတ္တနိပါတ်-ဂန္ဓာရဝဂ်]

## မယှကဇာတ်

(၄) အာဂန္တုက သူဌေးသည် နှစဉ်အခါက ဉာတကာဖြစ်သောတူအရင်းကို စောင့်ရှောက်ပါက သားနှင့်အတူ ပစ္စည်းခွဲယူမည်စိုးသောကြောင့် တူကလေးအား ရေနှစ်၍ သတ်ဘူးသဖြင့် ပစ္စည်းဥစ္စာ ပေါများပါလျက် သားသွီးမရသည်ကို ရှင်တော်ဘုရားက မယှကငှက်နှင့် ဥပမာပြု၍ ဟောတော်မူလေ၏။

[ဆက္ကနိပါတ်-ခရပုတ္တဝဂ်]

## ကာလဒေဝိလဝတ္ထု

(၅) ကာလဒေဝိလရသေ့သည် သိဒ္ဓတ္ထသတို့သား၊ ဘုရားစင်စစ်၊ ဧကန်ဖြစ်မည့်အကြောင်းကိုသိ၍ ဉာတကာနုဋ္ဌ မင်္ဂလာနှင့်အညီ တူဖြစ်သူ နာဠကသူငယ်ကိုခေါ်ပြီး သိဒ္ဓတ္ထသတို့သားဘုရားဖြစ်မည်၊ ၎င်းတရားကိုနာရ၍ ကာလမမြင့်မီ ကျင့်သော် နိဗ္ဗာန်သို့အမြန်ရောက်အံ့၊ ထို့ကြောင့်ယနေ့ပင်ရဟန်းပြု၍ တောထွက်လော့ ဟုပြောသည့်အတိုင်း မဆိုင်းမတွ ပြုကျင့်သည့်အားလျော်စွာ နာဠကရဟန်းသည် ရှင်တော်ဘုရား ဓမ္မစကြာတရားဟောကြားပြီး ၇–ရက်မြောက်သောနေ့တွင် မောနေယျအကျင့်ကို လျှောက်ထားပြီး ကျင့်တော်မူသော် ကိလေသာကုန်ခန်း ရဟန္တာဖြစ်တော်မူ၍ ၇-ရက်မြောက်သောနေ့၌ပင် ရွှေတောင်ကိုမှီ၍ ပရိနိဗ္ဗာန်ဝင်စံလေ၏။

[ဗုဒ္ဓဝင်ဇာတ်တော်ကြီး]

# ၁၇-အနဝဇ္ဇာနိကမ္မာနိ

အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြမှုကိုသာ၊
[အပြစ်မရှိသောအမှုကိုပြုခြင်း။]

**အမှာ**—ကမ္မာနိ-ဟုသသံယောဂနှင့် ဂရုထင်အောင်ရွတ်။ ။ ကမာနိ-ဟုဝိသံယောဂနှင့် ရွတ်တတ်ကြ၏၊မသင့်။ ။ကမ္မာနိ-ဟူ၍လည်း နိ-မှာဒီဃနှင့်မရွတ်သင့်။

[ပရိတ်ကြီးဂဏ္ဌိ-၄၄]

## ဤမင်္ဂလာ၏အဓိပ္ပါယ်များ

(၁) အနဝဇ္ဇာနီတိ အကုသလော ဓမ္မော
သာဝဇ္ဇော၊ ကုသလော ဓမ္မော
အနဝဇ္ဇောတိ အတ္ထော။ ။

အနဝဇ္ဇာနီတိ-အနဝဇ္ဇာနိဟူသည်ကား၊ အကုသလော-အကုသိုလ်ဖြစ်သော၊ ဓမ္မော-တရားသည်၊ သာဝဇ္ဇော-သာဝဇ္ဇမည်၏၊ ကုသလော-ကုသိုလ်ဖြစ်သော၊ ဓမ္မော-တရားသည်၊ အနဝဇ္ဇော-အနဝဇ္ဇမည်၏၊ ဣတိအယံ-ဤသည်လျှင်၊ အတ္ထော-အနဝဇ္ဇာနိဟူသောပုဒ်၏ အနက်တည်း။

[မင်္ဂလာဂဏ္ဌိ-၉၆]

(၂) ကုသိုလ်ရေးနှင့်စပ်သော ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း အစရှိသောအမှုကို ကမ္မာနိဟူ၍ မှတ်ရမည်။

[မင်္ဂလာဂဏ္ဌိ-၉၈]

(၃) အနဝဇ္ဇာနိ-ဒုစ္စရိုက်အပြစ်၊ မညစ်မတင်၊ သန့်ရှင်းစင်ကြယ်ကုန်သော၊ ကမ္မာနိစ-ကာယ၊ ဝစီ၊ မနသီဟု၊ သုံးလီသောကံအမှုတို့ကို ပြုရခြင်းသည်လည်းကောင်း။

[မင်္ဂလသုတ် မိတ်လင်စုံ-၁၂]

(၄) ဥပုသ်သုံးခြင်း၊ ဝေယျာဝစ္စ အမှုကို ပြုခြင်း၊ အာရာမ် ဥယျာဉ်ပျိုးခြင်း၊ တံတားဆောက်ခြင်း၊ လမ်းပြင်ခြင်း၊ ရေတွင်း ရေကန်တူးခြင်းစသောအမှုတို့သည် အပြစ်မရှိသော အမှုမည်ကုန်၏။

[မင်္ဂလာသာရဒီပနီ-၁၁၃]

(၅) အနဝဇ္ဇာနိ-ယခုနောင်ခါ၊ နှစ်ဖြာစစ်လျှင်၊ ပြစ်မမြင်သဖြင့်၊ သစ်လွင်ပြုဖွေး၊ မြူမေးညစ်ကျို၊ အပြစ်မရှိကုန်သော၊ ကမ္မာနိ စ-သုစရိတ၊ ပုညကြိယာ၊ ဆယ်ဖြာကောင်းမှု၊ အကြောင်းရကို၊ ပေါင်းရုပြုလုပ်ခြင်းသည်လည်းကောင်း၊

[မင်္ဂလတ္ထဒီပက-၂၃]

(၆) အပြစ်မရှိသော အမှုဟူသည်ကား လယ်ယာဥယျာဉ်ပျိုးခြင်း၊ တံတားခင်းခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ ဥပုသ်စောင့်ခြင်း၊ အဆွေခင်ပွန်းကြီးတို့၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ခြင်းတို့သည် ဒုစ္စရိုက်လွတ်ကင်းသော ပြုဘွယ်ကိစ္စတို့ ဖြစ်သတည်း။

[မင်္ဂလာအလင်း-၂၈]

(၇) ကမ္မာနိ-ထိုအဆွေအမျိုးတို့၏ အမှုကြီးငယ်တို့ကို၊ ယာနိ အနဝဇ္ဇာနိ-အကြင်မလျော့မဘင်း၊ စောင်းကြိုးသွင်းသကဲ့သို့၊ ဖြေးညှင်းအပြစ်မရှိ၊ ကောင်းမွန်စွာ ရွက်ဆောင်ရခြင်း တို့သည်လည်းကောင်း၊ တနည်းကား၊ ယာနိအနဝဇ္ဇာနိ-အကြင်လျော့လျှင် မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ၊ ချိန်ခွင်လျှာတွင်၊ အမှန်သိသကဲ့သို့၊ အပြစ်မရှိဘောင်ဝင်အောင်ဆောင်ရွက် ရခြင်းသည် လည်းကောင်း။

[ရွှေမင်းဝံ့ငှက်တွင်းဆရာတော်]

(၈) အနဝဇ္ဇာနိ-အပြစ်မရှိကုန်သော၊ ယာနိကမ္မာနိစ-အကြင် အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ရခြင်း၊ အမိအဘ၊ ဆရာ၊ ရတနာသုံးပါးတို့၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်သည်မိုးရခြင်းသည်ရင်း၊ (ဝါ)ယာနိကမ္မာနိစ-အကြင်ပြုအပ်၊ အောက်မေ့ဆောက်တည်အပ်သော-ဘဂဝါ-မြတ်စွာဘုရားသည်လည်း၊ မိတ္တော-အဆွေခင်ပွန်းကောင်းမည်၏၊ ပစ္စေကဗုဒ္ဓါ-အရှင်ပစ္စေက ဗုဒ္ဓါသည်လည်း၊

မိတ္တော-အဆွေခင်ပွန်းကောင်းမည်၏၊ သာဝကောစ-မြတ်စွာဘုရား၏တပည့်သား၊ အရိယာသံဃာတော် မြတ်များသည်လည်း၊ မိတ္တော-အဆွေခင်ပွန်း ကောင်းမည်၏၊ အင္ဂသာဝကာဒိစ-မြတ်စွာဘုရားတပည့်သား၊ လက်ျာရံအရှင်သာရိ ပုတ္တရာ၊ လက်ဝဲရံအရှင်မောဂ္ဂလာန်အစရှိသောအရှင်မြတ်တို့သည်လည်း၊မိတ္တော-အဆွေခင်ပွန်းကောင်းမည်၏၊ ဂရုစ-အလေးအမြတ် ပြုအပ်သော ဆရာသည်လည်း၊ မိတ္တော-အဆွေခင်ပွန်း ကောင်းမည်၏၊ သတ္ထာ-အတတ်ပညာ သင်ပေးသော ဆရာသည်လည်း၊ မိတ္တော-အဆွေခင်ပွန်းကောင်းမည်၏၊ ဒါယကောစ—ပေးကမ်း ထောက်ပံ့သောသူသည်လည်း၊မိတ္တော-အဆွေခင်ပွန်း ကောင်းမည်၏၊ ဓမ္မဒေသနာ-တရားတော်ကို ဟောပြော ပြသပေးသော ဆရာသည်လည်း၊ မိတ္တော-အဆွေခင်ပွန်းကောင်းမည်၏၊ဤခင်ပွန်းကြီးဆယ်ပါးတို့၏ အမှုကြီးငယ်တို့ကို ကောင်းစွာဆောင်ရွက်၍ ပြုရခြင်းတို့သည်လည်းကောင်း။

## ခင်ပွန်းကြီး-၁၀-ပါးဆောင်ပုဒ်

ကြီးငယ်ဘုရား-နှစ်ပါးအဂ္ဂါ။
သာဝကနှင့်-မိဘဆရာ။
ပေးကမ်းမစ-ဆုံးမသြဝါ။
မိတ်ဆယ်ပါး-ပြစ်မှားဒဏ်ထိမှာ။

[ဆင်ပေါင်ဲမင်္ဂလတ္ထဒီပနီ-၂၁]

(၉) အနုဝဏ္ဏာနိ–ရတနာသုံးပါး၊ မိခင်ဘခင်တို့ကို၊ ပြစ်မှားခြင်း၊ မှားသောမိစ္ဆာဒိဋ္ဌိအယူ၊ ဤအကုသိုလ်ဒုစ္စရိုက် အစရှိသောအပြစ်တို့ကိုကြဉ်၍၊အပြစ်မရှိကုန်သော၊ ယာနိကမ္မာနိစ-အကြင်ပြုအပ်သော ခင်ပွန်းကြီးဆယ်ပါးတို့၏ အမှုကြီးငယ်တို့ကို ကောင်းစွာရွက်ဆောင် ပြုလုပ်ရခြင်းသည် လည်းကောင်း။

## ခင်ပွန်းကြီး—၁၀—ပါး

(၁) ဘုရား၊
(၂) ပစ္စေကဗုဒ္ဓါ၊
(၃) မြတ်စွာဘုရား၏တပည့်သားသံဃာတော်အပေါင်း၊
(၄) လက်ျာရံရှင်သာရိပုတ္တရာ၊ လက်ဝဲရံရှင်မောဂ္ဂလာန်၊
(၅) အမိ၊
(၆) အဘ၊
(၇) အလေးအမြတ်ပြုအပ်သောဆရာ၊
(၈) အတတ်သင်ပေးသောဆရာ၊
(၉) ပေးကမ်းထောက်ပံ့သောသူ၊
(၁၀) တရားတော်ဟောကြားပြသသောသူ၊

[မင်္ဂလသုတ်ဋီကာ-၆၇]

၁၀—အနုဝဏ္ဏနာ—လောကဓမ္မ၊ နှစ်ဌာနပင်၊ စာဂသမ္ပဒါန်၊ စွမ်းသန်သတ္တိ၊ ပြစ်မရှိ ကုန်သော၊ ကမ္မာနိစ—ဥပုသ်သီတင်း၊ စောင့်သုံးခြင်းနှင့်၊ ရေတွင်းရေကန်၊ အာရာမ်ဥယျာဉ်၊ ပြင်ဆင်လမ်းသွား၊ တံတားလည်းဆောက်၊ စရပ်ဆောက်ခြင်းစသော လျောက်ပတ်သောအမှုတို့သည်လည်းကောင်း။

[မဟာပရိတ်တော်ကြီးနိသျသစ်-၂၇]

## ဥပုသ်လေးပါး

(၁) ပကတိဥပုသ်—တလလေးသီတင်း၊ ရှစ်သီတင်းစောင့်သောဥပုသ်၊
(၂) ပတိဇာဂရဥပုသ်—အကြိုအပိုစောင့်သောဥပုသ်၊
(၃) အဓိဋ္ဌာန်ဥပုသ်—နှစ် လ ပိုင်းခြား၍စောင့်သောဥပုသ်၊
(၄) ပါဋိဟာရိယဥပုသ်— ဥပုသ်အထွက်၊ နောက်တရက်၌စောင့်သောဥပုသ်၊

## အဌှက်သီလ

အဋ္ဌင်္ဂသီလကို အနုဝဏ္ဏာဒီ ကမ္မာဒိပုဒ်ဖြင့် သင်္ဂြိုဟ်အပ်၏။

[ပရိတ်ကြီးနိဿယ-၃၆]

## သီလတန်းခိုး မြားမြောင်အကျိုး

ခဏေန သီလံ ဝါရေယျ၊
အပ္ပမေယျံဖလံသိယာ။
အနန္တဂုဏ သံယုတ္တံ၊
သဗ္ဗဗုဒ္ဓေဟိ ဝဏ္ဏိတံ။

ဘိက္ခဝေ-ရဟန်းတို့၊ ခဏေန-တခဏမျှဖြင့်၊ သီလံ-သီလတော်မြတ်ကို၊ ဝါရေယျ- ဆောက်တည် ငြားအံ့၊ အပ္ပမေယျံ- အတိုင်းမသိသော၊ ဖလံ- အကျိုး အာနိသင်သည်၊ သိယာ- ဖြစ်ရာ၏၊ အနန္တ ဂုဏ သံယုတ္တံ-အနန္တ ဂုဏ သံယုတ္တေဟိ- အတိုင်းမသိသောကျေးဇူးတော်အစုံ၊ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူ ကုန်သော၊ သဗ္ဗဗုဒ္ဓေဟိ- တဆူမက များပြားလှစွာ ပွင့်ရှာတော် မူကုန်သော ဘုရားရှင်တို့သည်၊ ဝဏ္ဏိတံ- အလွန်အကျူး၊ အထူးသဖြင့်ချီးမွမ်းတော်မူအပ်၏။

[သီလဝါသုတ်- ပဏ္ဏိတကျမ်း-၂၈]

## သီလမှာ နတ်ပြည်သွားရာ စောင်းတန်းပမာ

သဂ္ဂါရောဟန သောပါဏံ၊
အညံသီလသမံ ကုတော။
ဒွါရံဝါပန နိဗ္ဗာန-၊
နဂရဿ ပဝေသနေ။ ။

သီလသမံ- သီလနှင့် တူသော၊ အညံ-တပါးသော၊ သဂ္ဂါရောဟနသောပါဏံ-နတ်ပြည်သို့ တက်ကြောင်း စောင်းတန်းလှေကားမည်သည်၊ ကုတောအတ္ထိ- အဘယ်မှာလျှင် ရှိချေတော့အံ့

နည်း၊ နိဗ္ဗာန နဂရသ–နိဗ္ဗာန်မြို့ကြီးသို့၊ ပဝေသနေ–ဝင်ခြင်း၌ သီလသမံ–သီလနှင့် တူသော၊ ဒွါရံဝါပန– တံခါး သည်လည်း၊ ကုတောအတ္ထိ-အဘယ်မှာရှိချေတော့အံ့နည်း။

[ဝိသုဒ္ဓိမဂ်]

## သီလစောင့်ထိန်းသူတို့မှာ နတ်ရွာသို့ရောက်ကြောင်းမှတ်

ပဥ္စသီလံ သဒါရက္ခော၊
ယထာဗလဉ္စ ဒါယကော။
ကာလေ ဥပေါသထဝါသော၊
သော နိစ္စံ သုဂတိံ ဝဇေ။ ။

ပဥ္စသီလံသဒါရက္ခော– ပဥ္စသီလငါးပါးကို အခါခပ်သိမ်း စောင့်ထိန်းသော၊ ယထာဗလဉ္စ–ပစ္စည်း ပစ္စယ တတ်အားသမျှ၊ ဒါယကော–လှူဒါန်းပေးကမ်းလေ့ရှိသော၊ကာလေ-ဝါပ ဝါတွင်း လေးသီတင်းအခါ၌၊ ဥပေါသထဝါသော- ဥပုသ်သုံးလေ့ရှိသော။ သော-ထိုသူသည်၊ နိစ္စံ–မချွတ်မလွဲ အမြဲကေန်လျှင်၊ သုဂတိံ- ကောင်းရာမြတ်ရာဖြစ်သော သုဂတိဘဝသို့၊ ဝဇေ–သွားရောက်ရာ၏။

## သီလဖြူမှ

(၁) ဘုန်းတန်းခိုးကြီးသူ၊ ဖြစ်စေမူ၊ သီလဖြူမှပေါင်းကုန်ကြ။
(၂) ပညာရှိသူ၊ဖြစ်စေမူ၊ သီလဖြူမှပေါင်းကုန်ကြ။
(၃) ဥစ္စာရှိသူ၊ဖြစ်စေမူ၊သီလဖြူမှပေါင်းကုန်ကြ၊
(၄) ရုပ်ဆင်းလှသူ၊ ဖြစ်စေမူ၊ သီလဖြူမှပေါင်းကုန်ကြ။

[ကျီးကန်းဆရာတော်]

## သီလကင်းငြား-ကျိုးမများ

မေဓာဝီ ဇာတိစ ဝဏ္ဏောစ၊
သီလမေဝ ကိရုတ္တမံ။
သီလေန အနုပေတဿ၊
သုတေန ဧတ္ထ နဝိဇ္ဇတိ။

ဘိက္ခဝေ-ရဟန်းတို့၊ ဓာတိစ-အမျိုးအနွယ်၊ တင့်တယ် လျောက်ပတ်၊ မြတ်ခြင်းမလှ မြတ်သော်လည်း၊ မောဃာ-အကျိုးမ ကြီး၊အချည်းနှီးသာတည်း၊ ဝဏ္ဏောစ-ကိုယ်၏အဆင်း လှပခြင်း သည်လည်း၊ မောဃော-အကျိုးမကြီး၊အချည်းနှီးသာတည်း၊သီလ မေဝ-ငါးပါး၊ရှစ်ပါး၊ဆယ်ပါးစသည် သည်သာလျှင်၊ဥတ္တမံကိရ-မုချဆတ်ဆတ်၊ အမှန်ပင်မြတ်၏၊ သီလေန-သီလဥက္ကာဋ္ဌတရားမြတ် နှင့်၊အနုပေတဿ- ကိုယ်၌မလုံ၊မပြည့်စုံသောသူအား၊ သုတေန-ပညာဗဟုသုတရှိကာမျှဖြင့်၊ အတ္ထော- ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာ သော အကျိုးသည်၊ နဝိဇ္ဇတိ-မရှိနိုင်။

## မင်္ဂလာမည်ပုံ

(၁) ဥပုသ်ဆောက်တည်ခြင်းသည် နတ်ပြည်၌ဖြစ်ခြင်း အစ ရှိသည်၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ဥပေါသထသုတ်ဋီကာ]

(၂) ဥပုသ်သုံးခြင်း၊ ဝေယျာဝစ္စသီလကုသိုလ်ကံ၊ ပန်း ဥယျာဉ်၊ တံတားခင်းထား၊ လှူဒါန်းခြင်းတို့သည် အနဝဇ္ဇကမ္မ မင်္ဂလာမည်၏။

[ပကိဏ္ဏကဝိသဇ္ဇနာ]

(၃) ဝေယျာဝစ္စသည်လည်း ယာဉ်ထူးဝိသေသကိုရခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

(၄) ယာစကာတို့အား ခရီးကိုကြားခြင်း သည်လည်း ဝေ ယျာဝစ္စမည်၏၊ထိုခရီးကြား ဝေယျာဝစ္စသည်လည်း ယာဉ်ဝိသေ သအစရှိသည်ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာ မည်၏။

(၅) အာရာမ်ဥယျာဉ်ပျိုးခြင်း၊တန်းဆာဆင်ခြင်း အစရှိသည် တို့သည် နတ်ပြည်၌ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် မင်္ဂလာမည်၏။

(၆) ဥယျာဉ်အင်္ဂါကို ဆောက်တည်ခြင်း အစရှိကုန်သော အပြစ်မရှိကုန်သောသူတို့သည် အထူးထူး အပြားပြား ရှိကုန်သော နတ်ပြည်၌ ဖြစ်ခြင်းအစရှိကုန်သော စီးပွါးချမ်းသာတို့ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် မင်္ဂလာမည်၏။

[ညောင်ကန်မင်္ဂလတ္ထဒီပနီ-၄၄၂

## အနဝဇ္ဇကမ္မမင်္ဂလာသံပေါက်များ

(၁) အပြစ်ကင်းထ၊ မှုကိစ္စ၊ ပြုကြမင်္ဂလာ။

(၂) သူတော်သူမြတ်၊ ကျဲ့ရဲ့တတ်၊ ရှောင်တတ်မှုကိစ္စာ။

(၃) သူတော်ကောင်းစစ်၊ ဥစ္စာနှစ်၊ ချစ်မြတ်နိုးမှုသာ။

[မင်္ဂလတ္ထပုဏ္ဏောဝိသဇ္ဇနာ–၂၆]

(၁) ဥပုသ်သုံးမှု၊ ကုသိုလ်မှု၊ ပြုမှုဝေယျာဝစ်။

(၂) တံတားဆောက်ပြု၊ ဥယျာဉ်ပြု၊ လုပ်ပြုအနဝဇ်။

(၃) ဝေယျာဝစ်မည်၊ မှုပြုသည်၊ နတ်ပြည်ရောက်ကြောင်းဖြစ်။

(၄) ရာဇဝတ်ပြစ်မှု၊ အပြစ်ရ၊ ယခုမျက်မှောက်ပြစ်။

(၅) အပါယ်ရောက်မှု၊ အထောက်ရ၊ နောက်ရှုသံသရာပြစ်။

(၆) အပြစ်နှစ်တန်၊ မဖြစ်ရန်၊ အမှန်ကောင်းစွာစစ်။

(၇) အပြစ်ကင်းပ၊ အလင်းပြ၊ ဓမ္မပြုသစ်သစ်။

(၈) သုံးပါးသုစရိ၊ ပြုပြုဘိ၊ မရှိဘယ်အပြစ်။

(၉) အကျိုးစုံလှ၊ အကုန်ပြ၊ပညာကြီးယာဖြစ်။

(၁၀) ပညာကြီးယာဝတ္ထု၊ဤဆယ်ခု၊ပြုလေဘာပဲမလစ်။

(၁၁) ပညာကြီးယာ၊ ရှိမကွာ၊သိပါကောင်းကျိုးဖြစ်။

(၁၂) အနဝဇ္ဇာ၊ မင်္ဂလာ၊ စင်စွာပြည့်စုံလစ်။

[မင်္ဂလတ္ထဒီပက-၂၄]

## မင်္ဂလာပျို့

ပါထာဘိပါတ၊ စသည့်အပြား၊ ရှစ်ပါးသီလ၊ မြတ်ဓမ္မလျှင်၊ တလအတွင်း၊ သီတင်းပညတ်၊ လေးရပ်ရှစ်ရပ်၊စောင့်ကြပ်ကုန်ဘိ၊ ၂ကုတိဟု၊ ဥပေါသထ၊ မှတ်ကုန်ကြလေ့၊ ထိုမှကြို့ပို၊ စောင့်လိုဘတ်ပြီ၊ ပတိဇာဂရ၊ ဆိုကုန်ကြ၏၊ နှစ်လပိုင်းပြီ၊ စောင့်သုံးဘိမူ၊ ပါဋိဟာရိယ၊ သုံးပါးပြရှင့်၊ ထိုမှမနွေ့၊ သူတော်လေ့ဖြင့်၊ တနေ့တရက်၊ တွ္ဆန်နက်လျှင်၊ အသက်အရွယ်၊ ဂုဏ်ကြီးကျယ်လျက်၊ ဆန်းကြယ်ပညာ၊ သူတော်စွာတို့၊ ဝေယျာဝစ္စ၊ ဟူသမျှကို၊ပြုရကျေးဇူး၊ အထူးကြီးမား၊ ခရီးသွားတို့၊ ချမ်းသာဘို့ငှါ၊ နှစ်လိုစွာလျှင်၊ ကောင်းရာမှတ်သား၊ အကျိုးများငှါ၊ တံတားလမ်းလျှင်၊ မြေအပြင်ကို၊ သုတ်သင်သန့်ရှင်း၊ မြေတလင်းလည်း၊ အခင်းသာယာ၊ ရံအကာနှင့်၊ နေရာရိပ်စဉ်၊ သာမျိုးယှဉ်လျက်၊ ဥယျာဉ်ရေကန်၊ တင့်နိုးဘန်သည်၊ တန်တန်များစွ၊ အနုဝဏ္ဏ၊ ပြစ်မရသည့်၊ ကမ္မခြင်းရာ၊ ကျမ်းလာဘွင့်ခဲ့၊ မိန့်ခွန်းချဲ့သည်။ ။ပြစ်မဲ့ကုသိုလ်–တရားတည်း။

[သံတော်ဆင့်မင်း ဦးကျော်ဧ]

## ဝတ္ထုသက်သေသာဓကများ

(၁) ဘုရားလောင်းသည် စမ္ပေယျ နဂါးမင်းဘဝတွင် သီလဆောက်တည်ခဲ့ကြောင်း ထင်ရှားခဲ့လေသည်။

(၂) ဥတိဏ္ဏမင်း ဝတ္ထု၌၊မာဂဏ္ဍီ၏ ကုန်းတိုက် ချက်ကြောင့် ဘုရင်ကြီးစိတ်ဆိုး၍ သာမာဝတီ မိဖုရားနှင့် မောင်းမငြွေရံ ငါးရာတို့ကို အစဉ်အတိုင်းနေစေ၍ ဆိတ်ချိုလေးနှင့် မြားတင် ပစ်လေလျှင် မိမိတို့၏ သီလသမာဓိဂုဏ်၊ ဘုရားရှင်၏ ဂုဏ်တော်တို့ကြောင့် ပစ်လိုက်သော မြားတို့သည် ဥတိဏ္ဏမင်း၏နန်းတော်သို့ပြန်၍ ပြေးဘူးလေသည်။

(၃) လွန်လေပြီးသောအခါ သာဝတ္ထိပြည်၌ တယောက်သောသီတင်းသည်သည် တော၌နေသောရဟန်းတို့၏ရွာသို့ ဆွမ်းခံလာရာခရီးအကြား၌ မညီညွတ်သည်ကို ညီညွတ်စွာပြုခြင်း၊ ဆူးငြောင့်တို့ကို သုတ်သင်ခြင်း၊ သစ်ပင်နွယ်ချုံတို့ကို ချတ်ဖြတ်ခြင်း၊ သစ်ပင်မရှိသောအရပ်၌ အရိပ်နှင့်ပြည့်စုံသော အာရာမ် ဥယျာဉ်ကိုစိုက်ခြင်း၊ ရေချမ်းတည်ခြင်း၊ စည်းစိမ် အားလျော်စွာ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသော အပြစ်မရှိသော အမှုကိုပြု၍၊ နောက်အတ္တိုင်၌ သေလွန်လေလျှင် တာဝတိံသာ နတ်ပြည်၌ တဆဲ့နှစ်ယူဇနာရှိသော ဗိမာန်၌နတ်သားဖြစ်၏။

[မဏိထူဏာဝိမာန–အဋ္ဌကထာ]

ဤမင်္ဂလာနှင့် ပတ်သက်သောအခြားဝတ္ထုများအနက်အောက်ပါဝတ္ထုအနည်းငယ်ကို ဖေါ်ပြလိုက်ပါဦးအံ့။

(၁) ပုရောဟိတ်ဝတ္ထု။
(၂) ဥဒယမင်းဝတ္ထု။
(၃) သာမိန်မင်းဝတ္ထု။
(၄) သူငါးယောက်ဝတ္ထု။
(၅) စတ္တာပဇ္ဇောတဝတ္ထု။
(၆) အပ်လျှိသမားဝတ္ထု။
(၇) နွားကျောင်းသားဝတ္ထု။

# မှာထားချက်

ဤ **"သုံးဆဲ့ရှစ်ဖြာ- မင်္ဂလာ ပေါင်းချုပ်"** စာအုပ်ကို ကျွန်ုပ်တို့ ရိုက်နှိပ် ထုတ်ဝေသောအခါ မင်္ဂလာသုံးဆဲ့ရှစ်ဖြာ ရှိသည့်အနက် (၁၇) ခုမြောက် အနဝဇ္ဇကမ္မမင်္ဂလာအရောက် တွင် စာအုပ်မှာ အနေတော်ရှိလာ၍- သုံးဆဲ့ရှစ်ဖြာမင်္ဂလာ ကုန်အောင် တအုပ်ထည်းဖြင့် ရိုက်နှိပ်ပါက- စာအုပ်မှာ အလွန်ကြီးမားပြီး ကိုင်ရ တွယ်ရ ခက်ခဲရုံသာမက တန်ဘိုး လည်း များပြားသွားမည်ဖြစ်ပါသည်၊သို့ဖြစ်၍ ကိုင်ရ တွယ်ရ လွယ်ကူပြီး တန်ဘိုးလည်းမများဘဲ လူတိုင်းဝယ်ယူ သုံးစွဲနိုင် စေရန်ဤတွင် ပဌမအုပ်အဖြစ်ဖြင့် တခန်းရပ်လျက်- အာရတီ မင်္ဂလာမှစ၍ ဒုတိယတွဲကို ဆက်လက် ထုတ်ဝေမည် ဖြစ်ရာ မင်္ဂလာကိုလိုလားကြသော သူတော်စင်များသည် **ဒုတိယတွဲ** ကို ဆက်လက် ဖတ်ရှုကြပါရန် တိုက်တွန်း တောင်းပန်အပ် ပါသည်။

**"ဟံသာဝတီ"**